မြန်မာရေးရာ
MYANMAR AFFAIRS

အမှတ် (၁၉) ဖေဖြော်၊ ၂၀၂၂



မြန်မာနှင့် အာဆီယံ ဆက်ဆံရေး ရှုခင်း

jrefma&;&m

t rwS19 {lyD 2022

jrefrmaa&;&m

trnSvf 19 {ly D 2022

jrefrmaa&;&m avhvmrmaa&; tzGJUwGif;

jrefrmaa&;&m

trnSvf- 22 24 (yxrxyf) yefqkdvefvrf;

aumufvwfwm;rdU, f&efukdrdU

zkdf 01- 8387568

Email: myanmaaffairs@gmail.com

jrerma&;&mavvma&;tzu xwa0on/	
wefzkd	5500 u;yf
tykf&	1500
vkEStzkHkf	jrefma&;&mavhrma&;tzU
xkwfa0ol	0pDtmifcbek(02506)
ykHfol	-----

rmwum

jrefrma&;&mavhrma&; tzGUedyefpum;

မြန်မာနှင့် အာဆီယံဆက်ဆံရေးရှေ့ခရီး 9

rsufESifhzkdqmifyg;rsm;

၁။ ယနေ့မြန်မာအာဆီယံ ဆက်ဆံရေးအပေါ် ပထဝီနိုင်ငံရေးသမိုင်းနောက်ခံ 17
ရှုမြင်ချက်နှင့် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံမှ ချဉ်းကပ်ခြင်း
atmifhtdkdomifjuefppfom;)

၂။ ပြောင်းလွယ်ပြင်လွယ်သော ထိတွေ့ဆက်ဆံမှုကို ဦးတည်လာသည့် 25
အာဆီယံ
KMA

၃။ အရှေ့တောင်အာရှ နိုင်ငံများအသင်းနှင့် မြန်မာ၏ဆက်ဆံရေး- 33
လုံခြုံရေးရှုထောင့်မှ သုံးသပ်ချက်
a'gufwmEkdifqGJ

၄။ ဘူးသီးဖို့ကအရင် အရီးတော်ဖို့ကနောက် 43
ausmfEkdifwifh

Ekdifa&;

၅။ သမိုင်းအတွေ့အကြုံများမှ သင်ခန်းစာ ယူတတ်ရမည် 49
zkdifZm

၆။ မျိုးချစ် ပြည်ချစ် စိတ်ဓာတ် သို့မဟုတ် ပြည်ထောင်စုစိတ်ဓာတ် 61
wuúkdifwfol

၇။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ PR နှင့် မြန်မာ့အနာဂတ် 69
ykdifwif

၈။ ငါနှင့် မဆိုင်ပါဘူး ဟုဆိုသော်လည်း 75
&efusmfjrefrmEkdifa&;avhrmokdyfol)

၉။ Principle (ခေါ်) စည်းမျဉ်းဥပဒေ လွှမ်းမိုးမှု၊ တာဝန်ယူမှု၊ 81
တာဝန်ခံမှုနှင့် မြန်မာနိုင်ငံ
a'gufwmatmifhtdk

၁၀။ မြန်မာ့သမိုင်းမှပြောသော မြန်မာ့နိုင်ငံရေး အတွေးအခေါ် 89
a'gufwmrifjhpkd

pmaumifjayreSf

၁၁။ တပ်မတော်ဖြုံခွဲရေးအစီအစဉ် 103
acwf&&;*sme,f

၁၂။ တာရေသွန်းမြူးလတန်ခူး 113
'*kefwf&Sf

၁၃။ မြန်မာပထမ စစ်သတင်းထောက် 123
aZ,s

pkyGJa&;

၁၄။ ကုမွတီများရဲ့ လူမှုရေးဆိုင်ရာ တာဝန်ရှိခြင်း 129
a'ufwmcif&rmifhd

၁၅။ ကိုဗစ်-၁၉ အလွန် ရင်းနှီးမြှုပ်နှံမှု မူဝါဒ အပြောင်းအလဲများ 135
atmifEkdifD

၁၆။ အိတ်စပို့ သို့မဟုတ် ဒိုင်း (Export or Die) 143
apmEkdifto;kH;ab;*aA')

vlrsm;&Sdaxmifxm;

၁၇။ ပညာလိုလား ကြိုးစားကြပါစို့ 149
cspfEkdifpwdkyfnm)

၁၈။ လွတ်လပ်သည့် အရည်အသွေးမြင့် ရန်ကုန်တက္ကသိုလ်ဆီသို့ 157
a'ufwmarmifbif

၁၉။ ကိုဗစ်ကောက်ကြောင်း (ကူးစက်မြန်ပြင်းထန်အဆုတ်ရောင်ရောဂါများ) 167
orm;tkd

၂၀။ သောက်သုံးရေ ဖူလုံရေးနှင့် မြန်မာ 177
aumfbD

၂၁။ Gen Y နှင့် Gen Z တို့၏ အမူအကျင့်များ 183
aumfaumfvdkif(SMART)

, 0ifaus;rl

၂၂။ မြန်မာ့ခေါင်းပေါင်းဓလေ့ 189
apmrkHif;

၂၃။ အနန္တသူရိယကျောက်စာက ပြောသော သမိုင်း 197
wkdvS

၂၄။ ကနောင်မင်းသားကြီး၊ ဆမားဒူးဝါဆင်ဝါးနောင်တို့နှင့် 213
စက်မှုနိုင်ငံတော်အိပ်မက်
[efvwf

၂၅။ လက်ဆင့်ကမ်း မျိုးဆက်တာဝန်ဖြင့် အသွင်တင့်စေမည့် အာဆီယံ 219
အမွေအနှစ်ဥယျာဉ် မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော
aumfEkdifDywdefusif;

enfynm

၂၆။ အုန်းအရက် 227
a'ufwmrSdeWif

0ya'

၂၇။ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေအကြောင်း တစေ့တစောင်း 235
0ifDefarmif;ppfawG

t x|u@

၂၈။ မြန်မာရေးရာ နေ့စဉ်မှတ်တမ်းများ 243

မြန်မာရေးရာလေ့လာရေးအဖွဲ့၏ နိဒါန်းစကား

မြန်မာနှင့် အာဆီယံ ဆက်ဆံရေး ရှေ့ခရီး

“အာဆီယံ၏အနာဂတ် မည်သို့ဖြစ်လာမည်လဲဆိုသည်က
စိတ်ဝင်စားစရာကောင်းသည်။ အာဆီယံ၏ပဋိညာဉ်သည်
အာဆီယံ၏ဝိညာဉ်အသက်ဖြစ်သည်။ အာဆီယံ၏
နှလုံးသားဖြစ်သည်။ ထိုပဋိညာဉ်နှင့် အာဆီယံ၏
အခြေခံမူများမှသွေဖည်လာခြင်းသည် အာဆီယံ၏
အနာဂတ်အတွက် စိတ်ပူစရာဖြစ်သည်။
အခြေခံမူများမှသွေဖည်ဖို့ ကြိုးစားကြခြင်းသည် မြန်မာနှင့်
တိုက်ရိုက်သက်ဆိုင်နေပါသလားဆိုသည်ကို
စဉ်းစားကြည့်သင့်သည်”

ပူးပေါင်းဆောင်ရွက်မှုချစ်ကြည်ရင်းနှီးမှုနှင့်ဝင်ရောက်မစွက်ဖက်မှုဟူသည့် အုတ်မြစ်ကြီး သုံးခုကိုမြုပ်နှံကာ တည်ဆောက်ခဲ့သော အာဆီယံသည် ၅၅ နှစ်အရွယ်သို့ချဉ်းကပ်ဝင်ရောက်ခဲ့ပြီ။

၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဘန်ကောက်ကြေညာစာတမ်းဟုခေါ်သည့် အာဆီယံ ကြေညာစာတမ်းကို ထုတ်ပြန်ပြီး ဖွဲ့စည်းခဲ့သော အာဆီယံသည် ထိုစဉ်က ၅ နိုင်ငံအုပ်စုကလေးမှသည် နှစ်ပေါင်း ၅၅ နှစ်ကြာသည့်အခါ နှစ်ဆတိုး၍ ၁၀ နိုင်ငံပါဝင်သော ဒေသဆိုင်ရာ အဖွဲ့အစည်းကြီးတစ်ခုဖြစ်လာခဲ့သည်။

အာဆီယံ၏အစ

ဖွဲ့စည်းစဉ်က ကွန်မြူနစ်အန္တရာယ်ကို စိုးရိမ်မှုဖြင့် စုစည်းခဲ့ရာမှ ပြောင်းလဲလာသော အခြေအနေများကြောင့် ယခုအခါ အာဆီယံတွင် ကွန်မြူနစ်နိုင်ငံ ၂ နိုင်ငံပင် အဖွဲ့ဝင်အဖြစ် ပါဝင်လာခဲ့ပြီ။

အာဆီယံကား ရွှေ့နေသည်။ နှစ်ပေါင်း ၅၀ကျော်တိုင်အောင် တည်မြဲနေသည်။

အဘယ်ကြောင့်နည်း။ ပူးပေါင်းဆောင်ရွက်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ဝင်ရောက်မစွက်ဖက်မှုဟူသည့် အုတ်မြစ်ကြီး ၃ ချပ် သို့မဟုတ် ဒေါက်တိုင်ကြီး ၃ ခုက နိုင်ငံရေးစနစ်များနှင့် ကင်းလွတ်ပေးထားသည်။ နိုင်ငံတစ်နိုင်ငံချင်းစီ၏ အချုပ်အခြာ အာဏာပိုင်မှုနှင့် လွတ်လပ်စွာရွေးချယ်မှုတို့ကို တန်းမည့်ကြေး၊ ခွဲခြားမှုမပြုကြေး အနက်အဓိပ္ပာယ်ဖော်သည်။

မြန်မာ၏နောက်ခံသမိုင်း

မြန်မာနိုင်ငံသည် ထီးခေတ်နန်းခေတ်မှသည် ထီးသုဉ်းနန်းသုဉ်းခေတ်၊ ကိုလိုနီခေတ်၊ လွတ်လပ်ရေးအကြိုခေတ်၊ လွတ်လပ်ခေတ် စသဖြင့် ခရီးရှည်ကြီးတွင် ဒဏ်ရာအနာတရများစွာရှိခဲ့သည်။ နိုင်ငံတကာဆက်ဆံရေးတွင် အတွေ့အကြုံ များစွာရခဲ့သည်။ အတွေ့အကြုံတော်တော်များများကို တန်ဖိုးကြီးကြီးပေးဆပ်ပြီး ရခဲ့သည်။

ထို့ကြောင့်ပင် တိုင်းပြည်တာဝန်ကို ခေတ်အဆက်ဆက်ယူခဲ့ကြသည့် နိုင်ငံခေါင်းဆောင်များက မြန်မာပြည်နှင့် အကိုက်ညီဆုံး ဖြစ်ပြီး နိုင်ငံတည်ငြိမ်ရေးကို အထောက်အကူပြုသည့် ဘက်မလိုက်သောမူဝါဒ၊ ကြားနေရေးမူဝါဒကို မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ၏ ကျောရိုးအဖြစ် နှစ်ရှည်လများ စောင့်ထိန်းကျင့်သုံးခဲ့ကြသည်။

အာဆီယံ၏ ပူးပေါင်းဆောင်ရွက်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ဝင်ရောက်မစွက်ဖက်မှု ဒေါက်တိုင်ကြီးသုံးခုသည် မြန်မာနိုင်ငံ၏ နိုင်ငံ ခြားရေးမူဝါဒ ပင်မကျောရိုးနှင့် လိုက်ဖက်နေသည်။ ကိုက်ညီနေသည်။ ထို့ကြောင့်ပင် မြန်မာနိုင်ငံသည် သင့်တော်ပြီဟု ယူဆရသည့် အချိန်တွင် အာဆီယံအဖွဲ့ကြီးသို့ ဝင်ရောက်ရန် ဆုံးဖြတ်ခဲ့သည်။

မြန်မာနိုင်ငံ အာဆီယံအဖွဲ့ဝင်ဖြစ်လာခြင်း

၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ကြီး၏ ၉ နိုင်ငံမြောက်အဖွဲ့ဝင် ဖြစ်လာသည်။ အင်္ဂလိပ် အက္ခရာစဉ်အရ မြန်မာက ၉ နိုင်ငံမြောက်၊ လာအိုက ၈ နိုင်ငံမြောက်ဟုဆိုနိုင်သော်လည်း နှစ်နိုင်ငံလုံး တစ်ရက်တည်း တစ်ပြိုင်တည်း အာဆီယံအဖွဲ့ဝင် ဖြစ်လာခဲ့ကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံအာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာသည့် ၁၉၉၇ ခုနှစ်ကာလတွင် မြန်မာနိုင်ငံ၌ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရတာဝန်ယူထားသည့်အချိန် ဖြစ်သည်။ ထိုစဉ်က နိုင်ငံတကာမီဒီယာများနှင့် အနောက်နိုင်ငံများက သုံးနှုန်းနေသည့် စစ်အစိုးရ ခေတ်ဖြစ်သည်။ မြန်မာနိုင်ငံ အာဆီယံအဖွဲ့ဝင်ဖြစ်ပြီးနောက် လအနည်းငယ်အကြာ ၁၉၉၇ ခုနှစ် နိုဝင်ဘာလတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟု အမည်ပြောင်းခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်ဖြစ်လာသည်မှာ ၂၅ နှစ်ရှိခဲ့ပြီ။ ထို ၂၅ နှစ်တာကာလတွင် ပြင်ပအခေါ်စစ်အစိုးရကာလ ၁၄ နှစ်၊ ဒီမိုကရေစီအစိုးရကာလ ၁၀ နှစ်နှင့် ယခုနစကအစိုးရကာလ ၁ နှစ်ဖြစ်သည်။

လမ်းကြောင်းမှန်အပေါ် အင်ဂျင်ပြုပြင်ခြင်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံ၍ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာကာ တပ်မတော်က နိုင်ငံတော်၏ အာဏာ ၃ ရပ်ကို ထိန်းသိမ်းခဲ့သည်။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ (နစက)အဖွဲ့ဖွဲ့စည်းပြီးနောက် မဲမသမာမှုများ စစ်ဆေးတွေ့ရှိသဖြင့် ၂၀၂၀ ရွေးကောက်ပွဲ ရလဒ်ကို ဖျက်သိမ်းခဲ့သည်။ ၂၀၀၈ ဖွဲ့စည်းပုံအရ ကန့်သတ်ထားသော ကာလအပိုင်းအခြားအတွင်း ရွေးကောက်ပွဲတစ်ခု ကျင်းပပေးရမည်ဖြစ်ပြီး ထိုရွေးကောက်ပွဲမှ ဒီမိုကရေစီအစိုးရတစ်ရပ် ပြန်လည်ပေါ်ပေါက်လာမည်ဖြစ်သည်။

တစ်နည်းဆိုသော် မြန်မာနိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ်မှ သွေဖည်သွားခြင်း၊ ဘေးသို့ဆင်းသွားခြင်းမဟုတ်ဘဲ ဒီမိုကရေစီ အရွေ့တစ်ခုကို ထိုလမ်းကြောင်းပေါ်မှာပင် ခေတ္တရပ်တန့်လိုက်ရခြင်း ဖြစ်သည်။ တစ်နည်းဆိုရသော် ခရီးလမ်းက ချော်ထွက်သွားခြင်းမဟုတ်ဘဲ ထိုလမ်းပေါ်တွင်ပင် လမ်းခုလတ်၌ အင်ဂျင်မကောင်းသဖြင့် ကားကို ခေတ္တရပ်ကာ ကားကြံ့ခိုင်ရေးနှင့် အင်ဂျင်ပြုပြင်ခြင်းတို့ ဆောင်ရွက်ခြင်းဖြစ်သည်။ ကားပြုပြင်၍ပြီးလျှင် ဒီလမ်းပေါ်မှာပဲ ကားက ဆက်မောင်းဦးမှာ ဖြစ်သည်။

ဒါက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေခွင့်ပြုချက်ဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်မှ ဒီမိုကရေစီကို ထိန်းကျောင်းခြင်း လုပ်ငန်းစဉ်တစ်ခုသာ ဖြစ်သည်။ ဤမျှရိုးရှင်းပြီး အခြေခံဥပဒေဖြင့် အာမခံထားသော လုပ်ငန်းစဉ်ကြီးကို တာဝန်ယူထားသော နစကအစိုးရ အပေါ်

အချို့သော အာဆီယံနိုင်ငံများက အာဆီယံမူဘောင်များနှင့် ကင်းလွတ်ပြီး ဆက်ဆံလာကြသည်။ နိုင်ငံတစ်နိုင်ငံချင်းစီ သီးခြားလွတ်လပ်သော ဆက်ဆံရေးများကို ပြောစရာ မရှိသော်လည်း ထိုနိုင်ငံများက အာဆီယံအဖွဲ့ကြီးကို အသုံးပြုလာသည်။

အာဆီယံနှင့် မြန်မာဆက်ဆံရေး

အာဆီယံ၏ အခြေခံမူများနှင့်ပဋိညာဉ်များကို လျစ်လျူရှုကာ ထိုအာဆီယံနိုင်ငံအချို့၏ အရိပ်မည်းများက အာဆီယံအဖွဲ့ကြီးအပေါ် အရိပ်ထိုးလာသည်။ မြန်မာနိုင်ငံအပေါ် မတော်ဖိအားများ ပေးလာကာ စည်းလွတ်ဘောင်လွတ် ဖြစ်ချင်လာသည်။ မြန်မာနှင့် အာဆီယံ ဆက်ဆံရေးသည် တစ်နှစ်အတွင်းမှာ ယိုယွင်းလာသည်။ ချို့ယွင်းလာသည်။ ဘာကြောင့် ဤသို့ ဖြစ်ရသနည်း။

မေးခွန်းတိုင်းတွင် အဖြေရှိပါသည်။ ယခုမေးခွန်းအတွက် အဖြေက ပိုတောင်လွယ်ရှင်းပါသည်။

အရပ်စကားနှင့်ပြောရလျှင် အာဆီယံသည် ပယောဂပူးကပ်ခံရသောကြောင့် ဖြစ်သည်။ အာရှ-ပစိဖိတ် မဟာဗျူဟာနှင့် အာဆီယံကို ချိတ်တွဲလာသော အနောက်ပယောဂသည် အာဆီယံနိုင်ငံကြီးအချို့ကို ဝင်ပူးကာ ထိုနိုင်ငံများမှတစ်ဆင့် အာဆီယံကို သိမ်းသွင်းဖို့ကြိုးစားလာသည်။ အေးချမ်းတည်ငြိမ်ခဲ့သောဒေသတွင် စစ်ပြိုင်ဆိုင်မှုအငွေ့အသက်များ လွှင့်တက်လာသည်။ ထိုသို့သော အချိန်ကာလနှင့် မြန်မာ့နိုင်ငံရေးပြောင်းလဲမှုကြီးက တည့်တိုးသွားခြင်း ဖြစ်သည်ဟု မြင်သည်။ နောက်တစ်ခုမှာ ထုံးစံအတိုင်း မြန်မာနိုင်ငံတွင် အာဏာထိန်းလိုက်မှုကြောင့် အနောက်ယိမ်းသော ဟန်ပြအစိုးရတစ်ရပ် ထားရှိလိုသော သူတို့၏ အကြံအစည်ပျက်ပြားသွားရခြင်းသည်လည်း အကြောင်းတစ်ခုဖြစ်နိုင်သည်။

အက်ရာထင်လာသော အာဆီယံ

အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံတွင် အနောက်အုပ်စုနှင့်နီးကပ်သည့် နိုင်ငံများနှင့် အိမ်နီးချင်းတရုတ်နိုင်ငံနှင့် နီးကပ်စွာဆက်ဆံနေသည့် နိုင်ငံများဟူ၍ အုပ်စုနှစ်စုရှိနေသည်။ အာဆီယံ၏ ကုန်းနိုင်ငံများနှင့် ပင်လယ်တွင်းကျွန်းနိုင်ငံများအကြားမှာ သဘောထားအမြင်တွေကလည်း ယေဘုယျအားဖြင့် မတူညီဖြစ်နေသည်။ အချို့က မြန်မာ့အရေးကိစ္စကြောင့် အာဆီယံ အက်ရာထင်လာနေပြီဟု မြန်မာကို လက်ညှိုးထိုးကြသည်။ အမှန်မှာ မြန်မာကိစ္စမပေါ်လည်း အနောက်အုပ်စု၏ ဗျူဟာသစ်ကြောင့် အာဆီယံက အက်ရာထင်မည်သာ ဖြစ်သည်။

အာဆီယံ၏အနာဂတ် မည်သို့ဖြစ်လာမည်လဲဆိုသည်က စိတ်ဝင်စားစရာကောင်းသည်။ အာဆီယံ၏ပဋိညာဉ်သည် အာဆီယံ၏ဝိညာ
ဉ် အသက်ဖြစ်သည်။ အာဆီယံ၏ နှလုံးသားဖြစ်သည်။ ထိုပဋိညာဉ်နှင့် အာဆီယံ၏

အခြေခံမူများမှ သွေဖည်လာခြင်းသည် အာဆီယံ၏ အနာဂတ်အတွက် စိတ်ပူစရာဖြစ်သည်။ အခြေခံမူများမှသွေဖည်ဖို့ ကြိုးစားကြ ခြင်းသည် မြန်မာနှင့် တိုက်ရိုက်သက်ဆိုင်နေပါသလားဆိုသည်ကို စဉ်းစားကြည့်သင့်သည်။ မြန်မာသည် အကြောင်းပြချက်တစ်ခုသာဖြစ်ပြီး အရင်းခံ အကြောင်းရင်းမဟုတ်သည်ကို နားလည်သင့်သည်။ တရုတ်ကို တန်ပြန်ရေးနှင့် အာရှပစိဖိတ်ဒေသစိုးမိုးရေးက နောက်ကွယ် မှ အကြောင်းရင်းဖြစ်သည်။ ယင်းအတွက် စီးပွားရေးအရသြဇာလွှမ်းထားပြီး ရခိုင်ပြည်နယ် က ဘင်္ဂလီကိစ္စနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံအပေါ်အမြင် မကြည်လင်ဖြစ်နေသည့် အာဆီယံ နိုင်ငံကြီးအချို့ကို သိမ်းသွင်းလိုက်ပြီး အာဆီယံကို လှုပ်ခါပစ်နေခြင်းဖြစ်သည်။ လက်ငင်း ဖြစ်ပေါ်နေသည့် ယူကရိန်းအရေးကိစ္စနှင့် ဆက်စပ်စဉ်းစားလျှင် ယခုအခြင်များမှန်ကန် ကြောင်း သက်သေထူနိုင်မည်။

ယုံကြည်မှုအတွက် အာဆီယံ

သည်နေရာတွင် အမေရိကန်ပြည်ထောင်စု Institute of Peace အဖွဲ့အစည်းက ၂၀၂၀ပြည့်နှစ်ဩဂုတ်လတွင် ထုတ်ပြန်ခဲ့သည့် အာဆီယံနှင့်ပတ်သက်သည့် အထူးအစီရင်ခံစာပါ သုံးသပ်ချက်အချို့ကို ကောက်နုတ်ဖော်ပြလိုပါသည်။

အထူးအစီရင်ခံစာက "Built for Trust, Not for Conflict: ASEAN Faces the Future ယုံကြည်မှုအတွက် တည်ဆောက်ပါ။ ပဋိပက္ခအတွက် မတည်ဆောက်ပါနှင့် အာဆီယံ အနာဂတ်ကိုရင်ဆိုင်ခြင်း" အမည်ဖြင့် အာဆီယံ၏လက်ရှိနှင့် အနာဂတ်လားရာကို သုံးသပ်ထားခြင်းဖြစ်သည်။ အစီရင်ခံစာတစ်နေရာတွင် "တရုတ်နှင့် အမေရိကန်ပြည်ထောင်စုတို့အကြား ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်မှု အရှိန်မြင့်လာသည့်အလျောက် အရှေ့တောင်အာရှသည် သူတို့၏ကြီမားသော သြဇာအရှိန်အာဏာ ပြိုင်ဆိုင်မှု၏ ဇာတ်ရုံတစ်ခုအဖြစ် ပြောင်းလဲလာစေမည့် အန္တရာယ်ရှိနေသည်" ဟုဖော်ပြထားသည်။

အမေရိကန်ပညာရှင်အဖွဲ့ကပင် ထိုသို့ သုံးသပ်ထားသည်ဖြစ်ရာ ယင်းအချက်ကြောင့် အာဆီယံ၏ လက်ရှိလှုပ်ခါမှုသည် မြန်မာနှင့် တိုက်ရိုက်ပတ်သက်မှုမရှိကြောင်း ထင်ရှားသည်။ ထိုအဖွဲ့ကပင် အာဆီယံ၏လက်ရှိအခြေခံမူနှင့် ပဋိညာဉ်များသည် ဒေသဆိုင်ရာစိန်ခေါ်မှုများနှင့် မကိုက်ညီတော့သဖြင့် ဥပဒေပိုင်းဆိုင်ရာနှင့် ဖွဲ့စည်းပုံတို့ကို ပြန်လည်သုံးသပ်ပြင်ဆင်သင့်ပြီဟု ထောက်ခံအကြံပြုထားသည်။

အဆိုပါအစီရင်ခံစာတွင် အနှစ်ချုပ်အဖြစ်ဖော်ပြထားသည်များမှာ-

- အာဆီယံသည် အဖွဲ့ဝင်နိုင်ငံအချင်းချင်း အငြင်းပွားမှုကို ဖျန်ဖြေသည့် ပလက်ဖောင်းတစ်ခုမဟုတ်ဘဲ ယုံကြည်မှု တည်ဆောက်သည့် ယန္တရားတစ်ခုအဖြစ် ပုံစံထုတ်ထားခြင်းဖြစ်သည်။

- သမိုင်းအရပင် အာဆီယံ၏ ဘုံသဘောတူညီမှု၊ မစွက်ဖက်မှုနှင့် အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းမှုတည်း ဟူသော အခြေခံမူများကို စွဲကိုင်ခဲ့သောကြောင့် နိုင်ငံအချင်းချင်းပဋိပက္ခများကို လျော့နည်းအောင် ဆောင်ရွက်နိုင်ခဲ့သည်။ အစည်းအဝေးအများအပြားနှင့် လူမှုဆိုင်ရာစုဝေးမှုများက အချင်းချင်း ယုံကြည်မှုကိုတည်ဆောက်နိုင်ပြီး တရားဝင်ဥပဒေယန္တရားမလိုအပ်ဘဲ အငြင်းပွားမှုတော်တော်များများကို ဖြေရှင်းနိုင်ခဲ့သည်။
- သို့သော်ငြား ယင်းကြောင့်ပင် နိုင်ငံအချင်းချင်းပဋိပက္ခများကို ပြည်တွင်းရေးပြဿနာဟု သတ်မှတ်သည့်အတွက် ဝင်ရောက်စွက်ဖက်ခြင်းမှ ဟန့်တားမှုဖြစ်စေသည်။ အစည်းအဝေးများနှင့်ဘေးတိုက်မဖြေရှင်းနိုင်သည့် နိုင်ငံအချင်းချင်းအကြား သဘောထားကွဲလွဲမှုများကို ကိုင်တွယ်ရန်လည်း အသင့်ရှိမနေသေးပါ။
- လုံခြုံရေးဆိုင်ရာ"ရွှေ့လျားအား" ပြောင်းလဲနေမှုနှင့် ဒေသတွင်းတွင် ပြင်ပမှလွှမ်းမိုးမှုများကြောင့် အာဆီယံသည် ယင်း၏ ဖွဲ့စည်းပုံနှင့်ယဉ်ကျေးမှုတို့ကို ပြုပြင်ပြောင်းလဲရေးလုပ်ရန် ဖိအားရှိနေသည်။
- အမေရိကန်နှင့်တရုတ်တို့ ယှဉ်ပြိုင်မှုတိုးမြင့်လာနေခြင်းကြောင့် ထွက်ပေါ်လာရသည့် စိန်ခေါ်မှုများကြောင့် အာဆီယံ၏ "အားလုံးသဘောတူညီချက်ဖြင့် ဆုံးဖြတ်ခြင်း" အခြေခံမူ၏ ဆီလျော်မှုနှင့် လက်တွေ့ဖြစ်နိုင်ခြေများအပေါ် စဉ်းစားသုံးသပ်ရန်ကိစ္စက ဖိအားအပေးခံရဆုံးကိစ္စများထဲတွင် တစ်ခု ဖြစ်လာနေသည်။

ဟူ၍ဖြစ်ပါသည်။

ထိုသုံးသပ်ချက်များက အာဆီယံ၏အနာဂတ်ကို ရေးရေးထင်ဟပ်နေသလိုရှိသည်။

အာဆီယံအထူးကိုယ်စားလှယ်နှင့် မြန်မာ

မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ် လာရောက်ရေးသည် တစ်နှစ်ခန့်ကြာ နှောင့်နှေးနေခဲ့ရာမှ ကမ္ဘောဒီးယားနိုင်ငံ အာဆီယံဥက္ကဋ္ဌဖြစ်လာသည့် ၂၀၂၂ ခုနှစ်တွင် လမ်းကြောင်းပေါ် ပြန်ရောက်လာသည်။ အာဆီယံဥက္ကဋ္ဌ ကမ္ဘောဒီးယား ဝန်ကြီးချုပ် ဟွန်ဆန်ကိုယ်တိုင် ၂၀၂၂ ခုနှစ် ဧန်နဝါရီလ ၇ ရက်တွင် မြန်မာနိုင်ငံသို့ရောက်ရှိကာ နစက ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တွေ့ဆုံဆွေးနွေးလမ်းစပြန်ဖော်ခဲ့သည်။

၂၀၂၂ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ အာဆီယံ အထူးကိုယ်စားလှယ်အသစ်ဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးမစ္စတာ ပရတ်ဆုတ်ခွန်းသည် အာဆီယံအတွင်းရေးမှူး

ချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ လိုက်ပါလျက် ပထမဆုံးခရီးစဉ်အဖြစ် လာရောက်ခဲ့သည်။ ပထမဆုံး တရားဝင်ခရီးဖြစ်သဖြင့် ယင်းခရီးသည် နစကနှင့် အာဆီယံကိုယ်စားလှယ်အကြား ယုံကြည်မှုတည်ဆောက်သော ခရီးလည်းဖြစ်သည်။ ခရီးတွေ့ ခပ်စိပ်စိပ်လာပါက နောက်ခရီးများတွင် တိုးတက်မှုတွေ့ မြင်တွေ့လာနိုင်စရာရှိသည်။

မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ပြီး ပြည်တွင်းစစ်နှင့် ကိုလိုနီခေတ်၏ သမိုင်းသင်ခန်းစာများ ပြည့်နေသောနိုင်ငံဖြစ်သည်။ မြန်မာ၏အနာဂတ်ကို မြန်မာတို့ကသာ ရွေးချယ်မည်ဖြစ်သည်။ အာဆီယံ၏အနာဂတ်ကိုလည်း အာဆီယံ အဖွဲ့ဝင်အားလုံးက ညီညွတ်စွာ ရွေးချယ်ခွင့်ရှိကြရမည်။ အဖွဲ့ဝင်နိုင်ငံကြီးအချို့က ကြိုးကိုင်ခြယ်လှယ်ပြီး ရွေးချယ်မသွားစေရေး သတိထားကြဖို့လိုသည်။

မြန်မာသည် နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက်ဆက်ဆံရေးကို တည်ထောင်သည်။ တန်ဖိုးထားသည်။ အထူးသဖြင့် အိမ်နီးချင်းများနှင့် အိမ်နီးချင်းအဖွဲ့အစည်းဖြစ်သည့် အာဆီယံကို လေးစားတန်ဖိုးထားသည်။ အထူးသဖြင့် အာဆီယံ၏ လက်ရှိအခြေခံမူများသည် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးအခြေခံမူများနှင့် သဟဇာတဖြစ်သည်။ သို့ရာတွင် ထိုအခြေခံမူများမှ အာဆီယံက သွေဖည်သွားသည့်အခါတွင်မူ မြန်မာအတွက် စဉ်းစားစရာဖြစ်ကောင်းဖြစ်လာနိုင်သည်။

ပထဝီနိုင်ငံရေးနှင့် အာဆီယံ

ထိုသို့သော ဒေသတွင်းနှင့် ပြည်တွင်းနိုင်ငံရေးအခြေအနေများ ရှိနေသော ကာလတွင် မြန်မာရေးရာလေ့လာရေးအဖွဲ့သည် "မြန်မာနှင့် အာဆီယံ ဆက်ဆံရေးအကျိုးအပြစ်" ဟူသော ခေါင်းစဉ်ဖြင့် သီးသန့်ဆွေးနွေးပွဲတစ်ခုကို မတ်လအတွင်း ကျင်းပခဲ့သည်။ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးနှင့်သမိုင်းအမြင်များရှိသည့် ပညာရှင်အချို့ကို ဖိတ်ကြား၍ သူတို့အမြင်များကို လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးစေခဲ့သည်။

ဆွေးနွေးပွဲတွင် ပညာရှင်များ၏ဆွေးနွေးချက်များက စိတ်ဝင်စားစရာကောင်းသည်။ ယူကရိန်းပဋိပက္ခ၏ အဖြေရလဒ်က အာဆီယံအပေါ်ရိုက်ခတ်နိုင်သည်ဟုလည်း ထင်ကြသည်။ အာဆီယံကနေ နောက်ထပ် အုပ်စုအသစ်တွေ ကွဲထွက်သွားနိုင်မည်လား တွေးမိသူလည်း ရှိသည်။ အာဆီယံသည် ပထဝီနိုင်ငံရေး၏ သားကောင်ဖြစ်သွားမည်လား၊ ပထဝီနိုင်ငံရေးကို ခုခံကစားသွားနိုင်မည်လား။ အဲဒီအတွက် အဖြေထုတ်ရန် စောသေးသည်။ အာဆီယံခေါင်းဆောင်များ၏ အမြော်အမြင်နှင့် တိမ်းညွတ်မှုများအပေါ်မူတည်၍ အဖြေက ဖြူသွားနိုင်သည်။ မည်းသွားနိုင်သည်။

ထို့ကြောင့်ပင် ပညာရှင်များ၏ဆွေးနွေးပွဲနှင့်ဆက်စပ်ပြီး ယခုထုတ်ဝေသည့် မြန်မာ့ရေးရာစာစောင်တွင် "မြန်မာနှင့်အာဆီယံ ဆက်ဆံရေးရှေ့ခရီး" ဟူသော ခေါင်းစဉ်ဖြင့် သုံးသပ်ချက် ဆောင်းပါးများကို အထူးဖော်ပြထားပါသည်။ ထိုဆောင်းပါးများတွင် ပညာရှင်

စာရေးဆရာအသီးသီးက သူတို့၏အမြင်များကို လွတ်လပ်ပွင့်လင်းစွာ ရေးသားထားကြသည်ကို ဖတ်ရှုနိုင်ကြမည် ဖြစ်ပါသည်။

အာဆီယံမယိမ်းယိုင်ရေး၊ မပြုကွဲရေးနှင့် စည်းလုံးညီညွတ်စွာ ထာဝရတည်ရှိရေးသည် မြန်မာက မြင်ချင်သော အာဆီယံ၏ အနာဂတ်ဖြစ်သည်။ ထိုအနာဂတ်အတွက် အာဆီယံအဖွဲ့ဝင် နိုင်ငံတိုင်းတွင် တာဝန်ရှိသည်။ အရေးအကြီးဆုံးမှာ မည်သည့်နိုင်ငံကြီးတစ်ခုခု၏ အသုံးချခံအဖွဲ့တစ်ဖွဲ့အဖြစ်ကိုမျှ ရောက်ရှိမသွားရေး ဖြစ်သည်။ လက်ရှိယူကရိန်းအရေးကိစ္စသည် အမြော်အမြင်ရှိသည်ဟု ထင်မြင်ရသည့် ဒေသတွင်းနိုင်ငံခေါင်းဆောင်များအတွက် ဆင်ခြင်စရာဖြစ်သည်။

ညောင်ဦးကမ်းပါးပြုတာနှင့် စမွာနဂိုရ်က နွားမပေါင်ကျိုးဆိုသော မြန်မာ့ဆိုရိုး ရှိသည်။ ဘာဆိုင်လို့လဲကွာဟု ပြောနိုင်ပါသည်။ ခေတ်ကြီးက ပြောင်းနေသည်။ ကမ္ဘာကြီးက ပြောင်းနေသည်။ ကမ္ဘာအနှံ့တွင် ညောင်ဦးကမ်းပါးပြုသည့်အတွက် စမွာနဂိုရ်က နွားမတွေ တကယ့်ကို ပေါင်ကျိုးနေကြပါပြီ။

မြန်မာရေးရာလေ့လာရေးအဖွဲ့

ယနေ့မြန်မာအာဆီယံဆက်ဆံရေးအပေါ်
ပထဝီနိုင်ငံရေးသမိုင်းနောက်ခံရှုမြင်ချက်နှင့်
ကမ္ဘာနိုင်ငံရေးဇာတ်ခုံမှ ချဉ်းကပ်ခြင်း

a t m if t w d o m if (u e f p p f o m ;)

“အာဆီယံအနေဖြင့် မြန်မာအား မခေါ်မပြောချင်လျှင်
နေ၍ရသည်။ သို့သော် မြန်မာနှင့် တရုတ်မှာ အပြန်အလှန်
အမှီသဟဲပြုမှုရှိသည်။ မြန်မာနှင့် တရုတ်မှာမူ
အမျိုးမတော်ချင်ဟု ပြောဆိုနိုင်သော်လည်း
မခေါ်မပြော၍ မရပေ”

တပ်မတော်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့၌ နိုင်ငံတော်အာဏာကို ထိန်းပြီးနောက် အာဆီယံနှင့် ဆက်ဆံရေးဆိုးရွားလာသည်ကို တွေ့ရသည်။ မြန်မာ့တပ်မတော် ထိပ်တန်းခေါင်းဆောင်များအား အာဆီယံအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားခြင်း လည်း ယခုအထိမပြုခဲ့ပေ။

အာဆီယံသည် ၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် နိုင်ငံ ၅ နိုင်ငံမှ လက်မှတ်ရေးထိုး ပြီး စတင်ပေါ်ပေါက်လာခဲ့သည်။ ထိုအချိန်က မြန်မာနိုင်ငံတွင် တော်လှန်ရေးကောင်စီမှ အာဏာရယူထားချိန်ဖြစ်ခဲ့သည်။ ထိုအချိန်က မြန်မာနိုင်ငံသည် ကြားနေဝါဒနှင့် ဘက်မလိုက် နိုင်ငံအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နေချိန်ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်သည် ရေပန်းစားနေပြီး အမြဲတေပါတီအဖြစ် ဖွဲ့စည်းနေချိန်ဖြစ်သည်။ ဗီယက်နမ် စစ်ပွဲကာလ၏ အရှိန်အမြင့်ဆုံးအချိန်လည်း ဖြစ်သည်။ အာဆီယံမဖွဲ့မီက အမေရိကန် ဦးဆောင်သော ဆီးတိုး(Seato)ခေါ် စစ်အုပ်စုကြီးကို ဖွဲ့စည်းထားခဲ့ပြီး အာဆီယံ အဖွဲ့ဝင် များထဲမှ အချို့မှာ ထိုအဖွဲ့၏အဖွဲ့ဝင် အဖြစ်သော်လည်းကောင်း၊ စစ်ဘက်ဆက်ဆံရေး သော်လည်းကောင်း ရှိခဲ့ကြသည်။ သို့ပါ၍ ထိုအဖွဲ့သို့ဝင်ရန် ကမ်းလှမ်းမှုများရှိခဲ့သော်လည်း မြန်မာသည် ပါဝင်ခြင်းမရှိခဲ့ပေ။

၁၉၉၀ ပြည့်နှစ်လွန်သော် မြန်မာနှင့် ကမ္ဘာ့နိုင်ငံရေးတွင် အပြောင်းအလဲများ ဖြစ်ပေါ် လာခဲ့သည်။ ၁၉၈၈ ခုနှစ် အရေးအခင်းပြီးနောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရ ပြုတ်ကျကာ တပ်မတော်အစိုးရ တက်လာခဲ့သည်။ ဆိုရှယ်လစ်စီးပွားရေးစနစ်မှ ဈေးကွက် စီးပွားရေးစနစ်သို့ အသွင်ပြောင်းခဲ့သည်။ ကမ္ဘာ့စီးပွားရေးနှင့်ချိတ်ဆက်ရသည်။ နိုင်ငံတကာ နှင့်ဆက်ဆံလာရသည်။ တစ်ဖက်တွင်လည်း ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူများ၏ ဆန့်ကျင်မှုကို လည်းကောင်း၊ ဒီမိုကရေစီနိုင်ငံများ၏ စီးပွားရေး ပိတ်ဆို့မှုများကိုလည်းကောင်း ရင်ဆိုင်လာရသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရဟုခေါ်သော နဝတ အစိုးရ အနေဖြင့် ထိုအချိန်တွင် နိုင်ငံရေးအထီးကျန်မှုကို ခံစားခဲ့ရသည်။ ထိုအချိန်က ဆိုဗီယက် ယူနီယံပြိုကွဲတော့မည့်၊ ပြိုကွဲနေဆဲအချိန်ဖြစ်သည်။ ၁၉၉၀ ဝန်းကျင်တွင် ဘာလင်တံတိုင်း ကြီး ဖြိုချခံခဲ့ရသည်။ အရှေ့ဥရောပသည် ကွန်မြူနစ် စနစ်မှရုန်းထွက်လာသည်။ ဆိုဗီယက် ပြိုကွဲကာ အမေရိကန်တစ်ဦးတည်းသာ ကြီးစိုးလာသည့်အချိန်ဖြစ်သည်။ အနောက်ဘက်မှ အိန္ဒိယကလည်း အင်ဒီရာဂန္ဓီမျိုးဆက်တို့ အုပ်ချုပ်သဖြင့် မြန်မာနိုင်ငံရှိ အတိုက်အခံ ဖြစ်သော ဒေါ်အောင်ဆန်းစုကြည်နှင့် အပေါင်းအပါများကိုသာ အားပေးနေချိန်ဖြစ်သည်။ ၁၉၈၇ ခုနှစ် စီစီဝမ် တာပန်တိုက်ပွဲသည် ဗကပတို့အနေဖြင့် ပြည်သူ့တရုတ်ပြည်၏အကူအညီကို မရယူ ဘဲ တိုက်ပွဲဝင်ရချိန်ဖြစ်သည်။ တရုတ်တိန်ရှောက်ပင်သည် ဗကပတို့အား စစ်ရေးအကူအညီ ကိုဖြတ်တောက်ပြီး ဆိုရှယ်လစ်ဈေးကွက် စီးပွားရေးစနစ်သို့ ပြောင်းလဲသည်။ အိမ်နီးချင်း များအား တော်လှန်ရေးမတင်ပို့ဘဲ ချစ်ကြည်စွာဆက်ဆံလာသည်။ ထို့အတွက် တရုတ်ပြည် သည် နဝတတပ်မတော်အစိုးရအတွက် ထွက်ပေါက်တစ်ခုဖြစ်လာခဲ့သည်။ တပ်မတော်ကို ခေတ်မီစေရန်အတွက် အနောက်တိုင်းကို အားမကိုးရသော မြန်မာသည် တရုတ်၏လေယာဉ် များ၊ လက်နက်များကို ဖြည့်တင်းလာရသည်။

တံခါးဖွင့်မူဝါဒကြောင့် စီးပွားဖွံ့ဖြိုးလာသော တရုတ်ပြည်သည် မြန်မာပြည်စီးပွားရေး ထွက်ပေါက်လည်း ဖြစ်လာခဲ့သည်။ မြန်မာ့စျေးကွက်သည် မှောင်ခိုစီးပွားရေးကာလက အားပြုရသော ထိုင်းနိုင်ငံ မဲဆောက်မှသည် မူဆယ်၊ ရွှေလီသို့ ရွှေ့လာခဲ့သည်။ မြန်မာ၏ တရုတ်နှင့် နီးစပ်လာမှုအား စောင့်ကြည့်နေသော ဒေသဆိုင်ရာအဖွဲ့အစည်းကြီးကား "အာဆီယံ" ပင် ဖြစ်တော့သည်။

ထိုကာလတွင် အာဆီယံသည်လည်း တစ်စတစ်စ ကြီးထွားလာခဲ့သည်။ ၁၉၆၈ ခုနှစ် နောက်ပိုင်းတွင် "ဘာကလေတက္ကသိုလ်မာဖီးယားများ"ဟုခေါ်သော စီးပွားရေးပါရဂူများ၏ စွမ်းဆောင်ရည်သည် အင်ဒိုနီးရှား၏ စီးပွားရေးကိုမြင့်တက်လာစေခဲ့သည်။ ဤ မြေသား ခေါ် ဘူမိပုတ္တရဝါဒဖြင့် မလေးအမျိုးသား အကျိုးစီးပွားနှင့် တရုတ်နွယ်ဖွားတို့၏ စီးပွားရေး လွတ်လပ်မှုကို ဟန်ချက်ညီစွာပူးပေါင်းနိုင်မှုအရ လည်းကောင်း၊ လီကွမ်းယူ၏စင်ကာပူအရ လည်းကောင်း အာဆီယံသည် ကမ္ဘာ့အလယ်တွင် နေရာရလာခဲ့သည်။

ထိုအချိန်က အာဆီယံ၏စိုးရိမ်ချက်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဖြစ်ခဲ့သည်။အင်ဒိုနီးရှားသည်၁၉၆၅ ဝန်းကျင်၌ တရုတ်ပြည်၏ ထောက်ခံမှုရှိသည်ဟုယူဆခဲ့သော ကွန်မြူနစ် ပုန်ကန်မှုကို နှိမ်နှင်းခဲ့ရာတွင်လည်းကောင်း၊ ထိုနှိမ်နင်းမှု၌ အပြစ်မဲ့သူ တရုတ် နွယ်ဖွားများ အများအပြားသေကျေရမှုကိုလည်းကောင်း စိုးရိမ်မှုအမြဲရှိကြသည်။ မလေးရှားကလည်း ကြီးမားသော လူနည်းစုဖြစ်သည့် ပညာတတ်၊ ချမ်းသာသော တရုတ်များကို စိုးရွံ့နေချိန်ဖြစ်သည်။ စင်ကာပူကား မြန်မာနိုင်ငံနှင့် စီးပွားရေး ဆက်ဆံမှု ကြီးမားလျက် ရှိသည်။

နဝတခေတ်တွင် မြန်မာတို့တရုတ်ဘက်သို့ နီးစပ်မည်ကို အာဆီယံအဖွဲ့ဝင်များက စိုးရွံ့သည်။ တရုတ်ပြည်က ဩဇာကြီးထွားလာမှာ စိုးသည်။ ထို့ပြင် ထိုအချိန်က မလေးရှားမှ ဒေါက်တာမဟာသီယာ၊ စင်ကာပူမှ လီကွမ်းယူတို့ကလည်း ၎င်းတို့၏ တိကျ

"တံခါးဖွင့် မူဝါဒကြောင့် စီးပွား ဖွံ့ဖြိုးလာသော တရုတ်ပြည်သည် မြန်မာပြည် စီးပွားရေး ထွက်ပေါက်လည်း ဖြစ်လာခဲ့သည်။ မြန်မာ့စျေးကွက်သည် မှောင်ခိုစီးပွားရေး ကာလက အားပြုရသော ထိုင်းနိုင်ငံ မဲဆောက်မှသည် မူဆယ်၊ ရွှေလီသို့ ရွှေ့လာခဲ့သည်"

ပြတ်သားသော အုပ်ချုပ်မှုပုံစံအပေါ် အနောက်တိုင်းက ဝေဖန်မှုကို လက်မခံ၊ အာရှတန်ဖိုးကို ထုတ်ဖော်သူများ ဖြစ်ကြသည်။

အမေရိကန်အနေဖြင့်လည်း ထိုအချိန်က တရုတ်သည် ခြိမ်းခြောက်နိုင်သည့်အဆင့်ကို မရောက် ရှိသေး၍ တရုတ်စွေးကွက်ကို စီးပွားရေး ရွှေလမ်း၊ ငွေလမ်း ခင်းရန်သာ စိတ်ကူးရှိသည်။ ထို့ကြောင့် အာဆီယံတွင် မြန်မာပါဝင်မှုကို ကန့်ကွက်သော်လည်း လီကွမ်းယူနှင့် ဒေါက်တာမဟာသီယာကို မလွန်ဆန်နိုင်ခဲ့ပေ။ အာဆီယံကိုလည်း ပီပီပြင်ပြင်ဖြစ်လိုကြသည်။ ထိုအချိန်တွင် မြန်မာကို ဝင်ခွင့်ပေးခဲ့ခြင်း ဖြစ်သည်။

ယနေ့ ၂၀၂၁/၂၀၂၂ တွင်မူ အခြေအနေသည် ပြောင်းလဲခဲ့ပြီးဖြစ်သည်။ တရုတ် ပြည်သူ့သမ္မတနိုင်ငံသည် ကဏ္ဍများစွာ၌ အမေရိကန်ကို ကျော်လုကျော်ခင် ဖြစ်နေသည်။

လက်ရှိနိုင်ငံရေးပထဝီ၌ အာဆီယံနိုင်ငံများ အနက် ဗီယက်နမ်၊ မလေးရှား၊ ဖိလစ်ပိုင် တို့သည် တောင်တရုတ်ပင်လယ်ကို စွဲ၍ တရုတ်ပြည်နှင့် အငြင်းပွားမှု ဖြစ်ပေါ်နေသည်။ ဗီယက်နမ်သည် ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာရပ်၌ အနောက်အုပ်စုသို့ မှီခိုရမှုကြီးလာသည်။ တရုတ်ပြည် နှင့် ကျူးကျော်ခံရဖူးသော ရန်စကလည်း ရှိနေသည်။

ထိုင်းနိုင်ငံကမူ သမိုင်းအစဉ်အလာအရ လေယူရာတိမ်းသည့်နိုင်ငံဖြစ်သည်။ မြန်မာအတွက် အစစ အနစ်နာခံလောက်ရန် သံယောဇဉ်မရှိပေ။

မလေးရှားအစိုးရအတွက်မူ ပြည်တွင်းရှိ အစ္စလာမ်ဘာသာဝင်များအတွင်း အစိုးရနှင့် အတိုက် အခံတို့၏ အကွဲအပြဲသည်လည်းကောင်း၊ အာဏာရပါတီ အတွင်း၌လည်းအုပ်စု ကွဲပြားမှု စသည်များ ဖြစ်ပေါ်လျက်ရှိသည်။ ဘင်္ဂလီ အစ္စလာမ်များအား ဖိနှိပ်သည်ဆိုကာ မြန်မာနိုင်ငံအား ဆန့်ကျင်ခြင်းဖြင့် လူထု ထောက်ခံမှုရရှိစေရန် ကြိုးပမ်းလျက်ရှိသည်။

အင်ဒိုနီးရှားအနေဖြင့်လည်း နိုင်ငံ၏လူဦးရေ၊ ကျယ်ဝန်းမှုတို့နှင့် သယံဇာတအရ ကုန်ထုတ်လုပ်မှု မြင့်မားကာ ယခုအခါ G20 သို့ ဝင်ရောက်နိုင်သည်အထိ

“အမေရိကန် အနေဖြင့်လည်း ထိုအချိန်က တရုတ်သည် ခြိမ်းခြောက်နိုင်သည့် အဆင့်ကို မရောက် ရှိသေး၍ တရုတ် စွေးကွက်ကို စီးပွားရေး ရွှေလမ်း၊ ငွေလမ်း ခင်းရန်သာ စိတ်ကူးရှိသည်။ ထို့ကြောင့် အာဆီယံတွင် မြန်မာပါဝင်မှုကို ကန့်ကွက်သော်လည်း လီကွမ်းယူနှင့် ဒေါက်တာ မဟာသီယာကို မလွန်ဆန်နိုင်ခဲ့ပေ”

အရေးပါလာခဲ့သည်။ တစ်ဖက်တွင်လည်း တပ်မတော်၏ ကဏ္ဍကို ဖယ်ရှားကာ အရှေ့တောင်အာရှ၏ ဒီမိုကရေစီချန်ပီယံအဖြစ် ခံယူလျက်ရှိသည်။ မြန်မာတို့ကိုလည်း ဘင်္ဂလီအရေးနှင့် ပတ်သက်ရာတွင် ကျေလည်မှု မရှိခဲ့ပါ။

ဖိလစ်ပိုင်ကမူ ၎င်း၏လုံခြုံရေးအတွက်လည်းကောင်း၊ ကမ္ဘာအနှံ့ တင်ပို့နေရသော လူအရင်းအမြစ်အရလည်းကောင်း အနောက်အုပ်စုကို မလွန်ဆန်နိုင်။

စင်ကာပူသည်ကား မည်သည့်သယံဇာတမျှမရှိဘဲ ဝန်ဆောင်မှုဖြင့်လည်းကောင်း၊ မလက္ကာရေလက်ကြား၏ အရေးပါမှုအရလည်းကောင်း ရပ်တည်လျက်ရှိရာဝန်ဆောင်မှု ကဏ္ဍ အဆင့်အမြင့်မားဆုံး အမေရိကန်နှင့်မျက်နှာမပျက်လိုပေ။

အမေရိကန်ကမူ သမ္မတဒေါ်နယ်ထရမ့်(ပ်) လက်ထက်မှစခဲ့သော တရုတ်အား ရင်ဆိုင်ရေးမူဝါဒအရ၊ တရုတ်ပြည်အား ၎င်း၏ Containment ခေါ် ထိန်းသိမ်းရေး မူဝါဒ အတွင်း သွတ်သွင်းရန်ကစားလျက်ရှိသည်။

တရုတ်ပြည်အား ၎င်း၏ဩဇာအာဏာဖြန့်ကြက်မှုအရှိဆုံး အာဖရိကတိုက်သို့လည်းကောင်း၊ ၎င်း၏စွမ်းအင်မဲ့ခိုရာ အရှေ့အလယ်ပိုင်းသို့လည်းကောင်း ဆက်သွယ်ခြင်းမှ ဖြတ်တောက်ရန် ကြားခံမှာ မြန်မာပြည်သာရှိသည်။ တရုတ်ပြည်၏ အိန္ဒိယသမုဒ္ဒရာအနီးဆုံး ထွက်ပေါက်မှာလည်း မြန်မာပြည်သာဖြစ်သည်။ သို့ပါ၍ မြန်မာပြည်အပေါ် အမေရိကန် စိတ်ဝင်စားမှုသည် အာဆီယံသို့ဝင်ရောက်ခဲ့ချိန်နှင့် မတူဘဲ မြင့်တက်လာခဲ့သည်။ တရုတ်ပြည် အင်အားကြီးထွားလာသည်နှင့်အမျှ ထိုင်ဝမ်နှင့်ပေါင်းစည်းရေးတွင် အင်အားသုံး၍ ဆောင်ရွက်လာနိုင်သည်။ တရုတ်ပြည်အနေဖြင့် ထိုင်ဝမ်သည်တရုတ်ပြည်တွင်း ဒီမိုကရေစီလှုပ်ရှားမှုများ၏ နောက်ခံပြယုဂ်ဖြစ်မည်ကို မလိုလားပေ။ သို့ပါ၍ အမေရိကန်နိုင်ငံသည် တရုတ်ပြည်ပေါ်တွင် စိုးရွံ့မှုများလေလေ၊ မြန်မာနိုင်ငံအား အမေရိကန်ဩဇာခံဖြစ်စေလိုလေလေ ဖြစ်လာခဲ့ပေသည်။

အမှန်တော့ မြန်မာသည် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံရေးပထဝီတွင် အရေးပါသည့် နိုင်ငံ မဟုတ်ခဲ့ပေ။

ဥရောပတိုက်သားများ အာရှသို့စတင် အခြေချစဉ်ကလည်း အရှေ့အိန္ဒိယကျွန်းစု ဖြစ်သော မလေး၊ အင်ဒိုနီးရှားနှင့် မလက္ကာရေလက်ကြားသည်သာ အဓိကကျပေသည်။

သို့သော် မြန်မာပြည်သည် တရုတ်ပြည်အတွက်လည်းကောင်း၊ တရုတ်ပြည်နှင့် ပတ်သက်သမျှအတွက်လည်းကောင်း ပထဝီအရအရေးပါသည်။ ဒုတိယကမ္ဘာစစ်တွင် တရုတ်ပြည်သည် ဂျပန်တို့အား ကမ်းခြေဒေသတွင် အရှုံးပေးခဲ့ရသည့်နောက် မြို့တော်ကို မြန်မာနှင့်နီးစပ်သည့် နန်ကင်း၊ ချုံးကင်းစသည်ဖြင့် ဟိမဝန္တာနှင့်တိဘက်ကို အတားအဆီး အဖြစ် နောက်ခံထားကာ အနောက်ဘက်သို့ရွှေ့ပြီး နယ်မြေထု၊ အချိန်ထုဖြင့် (Defense in Depth, Defense in Protracted Period) ခုခံစစ် ဆင်နွှဲခဲ့ရသည်။ သို့ပါ၍ တရုတ်ပြည် အနောက်ပိုင်းဒေသဖွံ့ဖြိုးရေးနှင့်အတူ ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုကို အနောက်ဘက်သို့ ရွှေ့ပြောင်းခဲ့သည်။ အနောက်ပိုင်းကို ဖွံ့ဖြိုးစေရန် မော်စီတုံးလက်ထက်မှစပြီး အကြီး အကျယ်လုပ်ဆောင်ခဲ့သည်။ သို့ပါ၍ အနောက်ဘက် အိမ်နီးချင်းမြန်မာသည် အရေးပါလာရသည်။

အာဆီယံအနေဖြင့် မြန်မာအား မခေါ်မပြောချင်လျှင် နေ၍ရသည်။ သို့သော် မြန်မာနှင့် တရုတ်မှာ အပြန်အလှန် အမှီသဟဲပြုမှုရှိသည်။ မြန်မာနှင့် တရုတ်မှာမူ အမျိုးမတော်ချင်ဟု ပြောဆိုနိုင်သော်လည်း မခေါ်မပြော၍ မရပေ။ ဗြောင်ရန်လိုသော အပြုအမူကို မည်သည့်အခါမျှ ပြုလုပ်မည်မဟုတ်။ မြန်မာပြည်တွင် အရင်းရှင်ပါတီစုံ ဒီမိုကရေစီစနစ်တစ်ခု အောင်မြင်သည်ကိုလည်း လိုလားမည်မဟုတ်ပါ။ တရုတ်ပုံစံဖြင့် ပါတီအတွင်း ဒီမိုကရေစီအဆင့်သာ ဒီမိုကရေစီပီပြင်ပြီး၊ စည်းကမ်းစနစ်ဖြင့် ထိန်းချုပ်သောပုံစံကိုသာ လိုလားမည်ဖြစ်ပါသည်။ ဤကား မြန်မာပြည်အပေါ် တရုတ်ပြည်ရှုမြင်လိုသည့် မြင်ကွင်းဖြစ်ပါသည်။

သို့ပါ၍ တရုတ်-မြန်မာဆက်ဆံရေးမှာ ရှင်သန်နေမည်သာ ဖြစ်ပါသည်။

အာဆီယံ၏ အနာဂတ်ရပ်တည်မှုကတော့ မည်သို့ရှိနိုင်ပါမည်နည်း? အာဆီယံသည် ခိုင်မာသော ဒေသန္တရအဖွဲ့အစည်းအဖြစ် ရပ်တည်လိုကြသည်။ သို့ပါ၍ ပြည်တွင်းရေးကို ဝင်မစွက်ရန်မူချမှတ်ခဲ့သည်။ ယခုဝင်ရောက်စွက်ဖက်ခြင်းမှာ NLD ပါတီ၊ ဒေါ်အောင်ဆန်းစုကြည်၏ ထင်ပေါ်မှုနှင့် လူထုထောက်ခံမှုကို မှန်ကန်စွာ အဓိပ္ပာယ်မကောက်နိုင်ခြင်း၊ သတင်းမှားများအပေါ် အခြေခံခြင်း၊ တရုတ်ပြည်၏တောင်တရုတ်ပင်လယ်အား တရုတ်ပိုင်အဖြစ် ဆောင်ရွက်မှုကို မကျေနပ်ခြင်း၊ အမေရိကန်ကို မျက်နှာလုပ်၍ တရုတ်အား တင်းတင်းမာမာရပ်တည်ပြလို၍ ဖြစ်သည်။

မြန်မာပြည်အနေဖြင့်ပြန်လည်၍ ဒီမိုကရေစီလမ်းကြောင်းအတိုင်း သွားသည်နှင့် ပြန်လည်ကြိုဆိုမည်သာဖြစ်သည်။

တပ်မတော်အနေဖြင့်လည်း အရေးပေါ်ကာလပြီးဆုံးပြီး ရွေးကောက်ပွဲပြန်လည် ကျင်းပပေးမည်ဟု ပြည်သူသို့ အသိပေးပြီးဖြစ်သည်။ မြန်မာနိုင်ငံအား ၎င်းတို့အနေဖြင့် ဆောင်ရွက်နိုင်သည့် အလွန်ဆုံးအဆင့်မှာ အဖွဲ့ဝင်အဖြစ်မှ ခေတ္တဆိုင်းငံ့ခြင်းထက် မပိုပေ။ နှစ်နှစ်တာကာလအား စောင့်ကြည့်ပြီး ဖြတ်ကျော်သွားမည်သာဖြစ်သည်။ သို့ပါ၍ ယနေ့ မြန်မာနိုင်ငံ၏တာဝန်ရှိသူ နစကအစိုးရအနေဖြင့် အခြေအနေကို အသာအယာအလိုက်သင့် ဖေ့သွားရုံသာဖြစ်သည်။ အာဆီယံမှထွက်ရန် မလိုအပ်သကဲ့သို့ အဖုအထစ်ဖြစ်စေမည့် မှတ်ချက်များကို မထုတ်ဖော်ရန်လိုသည်။

ခြံ၍ဆိုရသော် တပ်မတော်အနေဖြင့် အရေးပေါ်ကာလအဖြစ် ယာယီထိန်းသိမ်းခြင်းသာဖြစ်သည်။

အမေရိကန်တို့မှ တရုတ်အပေါ် ရန်ဘက်သဖွယ် ဆက်ဆံလာခြင်းအား သခင်အားရ စေရန်အတွက် အာဆီယံအနေဖြင့် တရုတ်အား ခပ်စိမ်းစိမ်းဆက်ဆံပြခြင်းနှင့်အတူ မြန်မာနိုင်ငံတွင် အနောက်အုပ်စုအလိုကျ အစိုးရတစ်ရပ်ပေါ်ပေါက်ရေး၊ အမေရိကန်၏ အရှေ့တောင်အာရှဆိုင်ရာ နိုင်ငံခြားရေးမူဝါဒကို ထောက်ခံကြောင်းပြသရန်၊ ထိုသို့ပြသမှု သရုပ်ပေါ်ရန် အတွက် လက်ရှိနစကအစိုးရအား ခပ်စိမ်းစိမ်းဖြင့် ခွာနေရန်ဖြစ်သည်။ သို့သော် ဒေသအတွင်း People to People ဆက်ဆံရေးမှာ ကြီးမားခိုင်မြဲလှသဖြင့် P to P ကို မထိခိုက်စေရန် အာဆီယံခေါင်းဆောင်များ သိနားလည်မည်ဖြစ်သည်။

မြန်မာနိုင်ငံအား ဗြောင်ကျကျစစ်ရေးကျူးကျော်မှုကိုမူ မည်သည့်အာဆီယံကမျှ ထောက်ခံမည်မဟုတ်။

P to P (ပြည်သူမှပြည်သူသို့) ဆက်ဆံရေးမှာ မြန်မာနှင့်အာဆီယံအတွင်းတွင် စီးပွားရေးအရအရေးပါမှုနှင့် အပြန်အလှန်မှီခိုမှုကြီးမားလှသည်။ ပြည်တွင်းရှိ စီးပွားရေးနှင့် လူမှုရေးလှုပ်ခတ်မှု ရှောင်ရှားရန်အတွက် မြန်မာအနေဖြင့် ပိုနေမြဲ၊ ကျားနေမြဲ Status Quo နိုင်ငံခြားရေးမူဝါဒကိုသာ ကျင့်သုံးသင့်သည်။

တင်ပြခဲ့ပြီးသမျှသော နိုင်ငံရေး၊ စီးပွားရေးစိန်ခေါ်မှုအခြေအနေများကို ကျော်လွှန်ရန်မှာ တစ်နည်းသာရှိသည်။ ထိုနည်းမှာ အမျိုးသားပြန်လည်သွေးစည်းရန်သာ ဖြစ်သည်။ တပ်မတော်နှင့်ပြည်သူများအား သွေးခွဲမှုများ ရှိခဲ့သည်။ ရှိနေသည်။ တကယ်လည်း တပ်မတော်နှင့် ထောက်ခံသူများက တစ်ဖက်၊ ဆန့်ကျင်သူများက တစ်ဖက်သွေးကွဲသွားရသည်။ ရင်ကြားစေ့ရန်နည်းလမ်းများအား စာတစ်စောင်ပေတစ်ဖွဲ့ ရေးသားရပေမည်။ အလွယ်ဆုံး သေချာသည်ကတော့ မြေသိမ်း၊ မြေယာသိမ်းကိစ္စများအား ပြေလည်အောင် ရှင်းလင်းကာဖြင့် လည်းကောင်း၊ တပ်မတော်မှ အခြားအဆင့် စစ်သည်များ၏ ဇာတိလူထုဖြင့်လည်းကောင်း နီးစပ်စေရန် ဆောင်ရွက်ရမည်ဖြစ်သည်။ ယခုကာလတွင် တပ်မတော်အပေါ် မဟုတ်တမ်းတရား ဝါဒဖြန့်မှုများ အား ယုံကြည်နေခြင်းမှာ အမှား/အမှန်မသိ၍ မဟုတ်ဘဲ၊ သွတ်သွင်းခံထားရသည့် တပ်မတော်ဆန့်ကျင်ရေး အမုန်းစိတ်ခံမှုနေပြီး သတင်းအမှန်များကို သိသိနှင့် လက်မခံလို၍သာ ဖြစ်သည်။

မြန်မာအနေဖြင့် အာဆီယံနှင့် အဆင်ပြေနေသည့်တိုင် တရုတ်ပြည်အပေါ် စွန့်လွှတ်ရန် မဖြစ်နိုင်ပါ။ ဗီယက်နမ်ကမူ နယ်နိမိတ်ချင်း ဆက်စပ်သော်လည်း ၎င်း၏တရုတ်နှင့်နယ်နိမိတ်မှာ ကျဉ်းကျဉ်းလေး ဖြစ်သည်။ မြန်မာ၊ တရုတ်နယ်နိမိတ်မှာ ကျယ်ပြန့်လွန်းလှသည်။ စီးပွားရေးအရ တရုတ်ပြည်နှင့်ဆက်ဆံရမှာ ဖြစ်ပါသည်။ သို့သော် အလွန်အကျွံမှီခိုမှု မဖြစ်စေရန်အတွက် အာဆီယံ၊ အိန္ဒိယ၊ ဂျပန်နှင့်လည်းကောင်း၊ အာဖရိကနှင့်လည်းကောင်း၊ စီးပွားရေးဆက်ဆံမှုကို ခိုင်မာစေရမည်ဖြစ်ပါသည်။

"P to P (ပြည်သူမှ ပြည်သူသို့) ဆက်ဆံရေးမှာ မြန်မာနှင့် အာဆီယံအတွင်းတွင် စီးပွားရေးအရ အရေးပါမှုနှင့် အပြန်အလှန် မှီခိုမှု ကြီးမားလှသည်။ ပြည်တွင်းရှိ စီးပွားရေးနှင့် လူမှုရေး လှုပ်ခတ်မှု ရှောင်ရှားရန်အတွက် မြန်မာအနေဖြင့် ပိုနေမြဲ၊ ကျားနေမြဲ Status Quo နိုင်ငံခြားရေး မူဝါဒကိုသာ ကျင့်သုံးသင့်သည်"

တစ်ဖက်တွင်လည်း စက်မှုနည်းပညာအတွက် အမေရိကန်ပြည်ထောင်စုနှင့် အနောက်ဥရောပသို့ မှန်းမျှော်ရပေဦးမည်။

ထိုသို့သော နိုင်ငံခြားရေးမူဝါဒချမှတ်နိုင်မှသာလျှင် နိုင်ငံရေး၊ စီးပွားရေးတိုးတက်မည် ဖြစ်သကဲ့သို့ ထိုသို့ဖြစ်ရန်မှာလည်း အထက်က တင်ပြခဲ့သည့်အတိုင်း ပြည်တွင်းသွေးစည်းမှု(Internal Cohesion)က လိုအပ်သည်။ နိုင်ငံရေးပထဝီအရ ရခိုင်၊ ချင်း၊ ကချင်၊ ရှမ်း၊ ဝ တို့က တိုင်းပြည်၏နယ်နိမိတ်အသီးသီးတွင် ရှိမှုကလည်း ဗဟိုအာဏာခွဲဝေရေး(De-Centralization)နှင့် Distribution of Power ကို ဖြစ်စေရမည်။ သို့ပါ၍ အခွန်ရှည်သော နိုင်ငံတကာ ဆက်ဆံရေးအားကောင်းသော မြန်မာနိုင်ငံတည်ထောင်ရန်မှာ အောက်ပါပုံစံကို လိုလာသည်။ ထိုပုံစံမှာ မြန်မာ၏ ပြည်တွင်း/ပြည်ပနိုင်ငံရေးပထဝီအရ ဖြစ်ရပါကြောင်း။

ကမ္ဘာနိုင်ငံများနှင့်
ဘက်စုံမျှခြေနိုင်ငံရေး/စီးပွားရေးဆက်ဆံမှု
Multi Polar Eco-Political International Relations



ဖက်ဒရယ်စစ်စစ်ပြည်ထောင်စု
(federated Union)

(တပ်မတော်ဆန့်ကျင်သူနှင့်
ထောက်ခံသူပြည်သူများအကြား)
အမျိုးသားရင်ကြားစေ့ရေး
(Re-cohesion Between Military
and Non-Military Factions)

အောင်ချိုသောင်း(ကျန်စစ်သား)

ပြောင်းလွယ်ပြင်လွယ်သော ထိတွေ့ဆက်ဆံမှုကို ဦးတည်လာသည့် အာဆီယံ

KMA

“အာဆီယံမှာက ‘စံ’ ချမှတ်ရေး မူဘောင်မှာ
အာဆီယံနည်းလမ်း၊ အာဆီယံမာန်၊ အာဆီယံစတိုင်ပဲ ဆိုတာ
ရှိပါတယ်။ ဒီလိုမျိုး အာဆီယံနည်းလမ်းအတိုင်း
လုပ်ဆောင်ကြရတာက အချက်နှစ်ချက် ရှိပါတယ်။
ပထမအချက်က အရှေ့တောင်အာရှနိုင်ငံတွေက
သမိုင်း အတွေ့အကြုံတွေအရ အချုပ်အခြာအာဏာ
တည်တံ့ခိုင်မြဲရေးကို အလေးပေးတဲ့အချက်ပါ”

၁၉၆၇ ခုနှစ်မတိုင်ခင်ကတည်းက ဒေသတွင်းမှာ အရှေ့တောင်အာရှနိုင်ငံတွေကို စုစည်းပြီး ဒေသအဆင့် အဖွဲ့အစည်းတစ်ရပ်ကို ဖွဲ့စည်းဖို့ အကြိမ်ကြိမ် ကြိုးပမ်းခဲ့ကြပါတယ်။ ၁၉၆၇ ခုနှစ်မှာတော့ ထိုင်း၊ အင်ဒိုနီရှား၊ စင်ကာပူ၊ မလေးရှားနဲ့ ဖိလစ်ပိုင် ငါးနိုင်ငံနဲ့ အာဆီယံကို စတင်ထူထောင်ဖြစ်ခဲ့တယ်။ ဒီအဖွဲ့မှာ စစ်ရေးမဟာမိတ်ဖွဲ့ဖို့က အဓိကမကျဘဲနဲ့ အဖွဲ့ဝင်နိုင်ငံတွေရဲ့ ပြည်တွင်းရေးမှာ ပြည်ပရဲ့ မလိုလားအပ်တဲ့ စွက်ဖက်မှုကို တားဆီးဖို့ တစ်နိုင်ငံရဲ့ ပြည်တွင်းရေးမှာ တခြားတစ်နိုင်ငံက ဝင်မစွက်ဖို့ဆိုတဲ့ အခြေခံမူကို အဓိကချမှတ်ခဲ့တာပါ။ အာဆီယံရဲ့ အခြေခံမူကြီး (၅) ရပ်မှာ ပြည်တွင်းရေးကို ဝင်မစွက်ဖို့ ဆိုတာက အဓိကအချက်ပါ။

ဘုံအကျိုးစီးပွားအတွက် အာရှမှာ ပထမဦးဆုံး ထူထောင်ခဲ့တဲ့ ဒီဒေသအဆင့် အဖွဲ့အစည်းကြီးဟာ အိမ်နီးချင်းတွေရဲ့ ပြည်တွင်းရေးမှာ ဝင်ရောက်မစွက်ဖက်ဖို့က ပထမဦးဆုံးနဲ့ ရှေ့တန်းအကျဆုံးပါပဲလို့ သုတေသီပညာရှင်တွေကြားမှာ ယုံကြည်မှု မြင့်မားခဲ့ပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား နိုင်ငံအချင်းချင်း ဆက်ဆံရေးက ဒေသတွင်း တည်ငြိမ်မှုကို များစွာအထောက်အကူပြုစေခဲ့ပါတယ်။ ဘာလို့လည်းဆိုတော့ အာဆီယံအဖွဲ့ဝင်တွေဟာ တစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို တခြားတစ်နိုင်ငံက ဝင်မစွက်ဖက်ကြလို့ အိမ်နီးချင်းနိုင်ငံတွေမှာ ဖြစ်နေကြတဲ့ နိုင်ငံရေးတော်လှန်မှုတွေကို ထောက်ခံအားပေးတာတွေ မလုပ်ကြဖို့ပါပဲ။

ဒါပေမဲ့ အာဆီယံရဲ့ တခြားနိုင်ငံတွေရဲ့ ပြည်တွင်းရေးကို ဝင်ပြီးမစွက်ဖက်ရဘူးဆိုတဲ့ အခြေခံမူကို တစ်နေ့တခြား ထိပါးလာနေတာကို တွေ့နေရပါတယ်။ အဖွဲ့ဝင် အရေအတွက်ကလည်း မူလ ၅ နိုင်ငံကနေ ယခုဆို ၁၀ နိုင်ငံထိ ဖြစ်လာပြီး လေ့လာသူအဆင့်ရနေတဲ့ နောက်ထပ်တစ်နိုင်ငံနဲ့ဆို ၁၁ နိုင်ငံအထိ ဖြစ်လာတော့ကာ ပြဿနာအသစ်တွေတိုးလာသလို၊ တစ်ဖက်မှာကလည်း ကမ္ဘာတစ်ဝန်း ဆက်စပ်ဆောင်ရွက်ရေးလုပ်ငန်းစဉ်ဆိုတဲ့ ဂလိုဘယ်လိုက်ဇေးရှင်းကြောင့် ဖြစ်လာတဲ့ စိန်ခေါ်မှုအခက်အခဲအသစ်တွေကလည်း ရှိလာပါတယ်။ တစ်ခါ ဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် တောင်းဆိုမှုတွေကလည်း တစ်နေ့တခြား တိုးပွားလာသလို နိုင်ငံတွေရဲ့ အချုပ်အခြာအာဏာထက် လူသားလုံခြုံရေးကို ဗဟိုပြုတဲ့ နိုင်ငံတကာစံနှုန်းတွေက ကျော်ကြားလာ၊ လူကြိုက်များလာတဲ့ ပြဿနာကြောင့် အဲဒီတခြားနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်မစွက်ရဆိုတဲ့ အခြေခံမူကို ထိခိုက်လာပါတယ်။ (ဂျက်စ်ကေနဲ့ရူးလန်း ၂၀၀၉)။ ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာလိုဖြစ်လာပြီး အပြန်အလှန် ဆက်သွယ်၊ ဆက်စပ်၊ ဆက်ဆံမှုတွေက တိုးပွားလာတဲ့ ဒီကနေ့ ကမ္ဘာကြီးမှာ တစ်ခါ အာဆီယံအဖွဲ့ကြီးကလည်း နိုင်ငံတကာဇာတ်ခုံမှာ တစ်နေ့တခြား ပိုပြီး အရေးပါလာတဲ့ ဒေသအဆင့်အဖွဲ့ကြီး ဖြစ်လာပြန်တော့ အာဆီယံရဲ့ အပြုအမူဟာ ဒေသရေးရာ၊ ကမ္ဘာ့ရေးရာတွေမှာ တစ်နေ့တခြား ဖိအားတစ်ခုဖြစ်လာခဲ့ပါတယ်။ (စတပ်ဘ် ၂၀၀၈၊ ဒို့ချ် ၂၀၁၂)။

အခုလိုအခြေအနေတွေ ဖြစ်လာတဲ့အတွက် ဒီပြည်တွင်းရေးကို မစွက်ဖက်ရေးဆိုတဲ့ အခြေခံမူအပေါ် ထားရှိတဲ့ အာဆီယံရဲ့ ကတိကဝတ်ဟာ ဘယ်လောက်အတိုင်းအတာအထိ ဒေသတွင်းဆက်ဆံရေးမှာ လမ်းညွှန်အလင်းရောင် ဖြစ်နေဦးမှာလဲလို့ နိုင်ငံတကာရေးရာ သုတေသီတွေက အမေးပုစ္ဆာထုတ်လာကြပါတော့တယ်။ ဒီတော့ကာ ဒီအခြေခံမူကို

အပေးအယူလုပ်ချင်လာကြတယ်။ အလျှော့အတင်း လုပ်ချင်လာကြတယ်။ အာဆီယံအဖွဲ့ ကြီးထဲမှာလည်း ဒီအခြေခံမူကိုပဲ ဆက်လက်စွဲကိုင်ရေး၊ မကိုင်ရေး သဘောထားမှာ မူလ အဖွဲ့ဝင် ၅ နိုင်ငံနဲ့ နောက်တိုး အဖွဲ့ဝင် ၅ နိုင်ငံကြား သဘောထားကွဲလွဲမှုတွေ ရှိ လာခဲ့တယ်။ နောက်ဆုံးတော့ မူလအဖွဲ့ဝင် ၅ နိုင်ငံ ဘက်က အနိုင်ရသွားပြီးတော့ 'ပြောင်းလွယ်ပြင်လွယ် တဲ့ ထိတွေ့ဆက်ဆံမှု' ဆိုတဲ့ မူဝါဒအသစ်တစ်ရပ်ကို အာဆီယံက ချမှတ်လိုက်ပါတယ်။ နောက်တစ်ခုကတော့ လူ့အခွင့်အရေးနဲ့ ပတ်သက်လာရင် ပိုမိုခိုင်မာတဲ့ ရပ်တည်ချက်၊ ပြတ်သားတဲ့ရပ်တည်ချက်ကိုလည်း ချမှတ်လာပါတယ်။ တခြားနိုင်ငံရဲ့ ပြည်တွင်းရေးကို လူထုရဲ့ဝေဖန်မှုဆိုတဲ့ အလေ့အထတစ်ရပ် ဖြစ်လာ တယ်။ လူသားချင်း စာနာထောက်ထားတဲ့ ကြားဝင် ဖျန်ဖြေရေးဝါဒဆီကိုလည်း တရွေ့ရွေ့ ဦးတည်ပြောင်းလဲလာတယ်။ ဒီတော့ကာ အာဆီယံအဖွဲ့ကြီးဟာ မစွက်ဖက်ရေးမူဝါဒကို မူလက အဓိပ္ပာယ်ဖွင့်ဆိုထားတဲ့ ဖွင့်ဆို မှုကို ကျော်လွန်လာပြီး လျော့ရိလျော့ရဲ့ဗားရှင်းကို ပြောင်းလာတယ်လို့ဆိုရမှာပါ။ ဒီဗားရှင်းအသစ် အရ ဒေသရေးရာတွေမှာ အာဆီယံရဲ့ အပြုအမူပေါ်မှာ ဒီမစွက်ဖက်ရေး မူဝါဒရဲ့ ဗားရှင်းအသစ် က အကန့်အသတ်တစ်ခု ဖြစ်လာခဲ့ပါတယ်။ ဒါကြောင့်လည်း ဒီကနေ့ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်လာခဲ့တဲ့ နိုင်ငံရေး အပြောင်းအလဲမှာ အာဆီယံရဲ့ ရပ်တည်ချက်ဟာ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာကို မလေးစားတော့ဘဲ ဝင်ရောက်စွက်ဖက်လာတာ ဖြစ်ပါတယ်။ မြန်မာ နိုင်ငံနဲ့ ပတ်သက်လို့ အချက် (၅) ချက်ပါတဲ့ လမ်းပြမြေပုံ တစ်ရပ်ကို တညီတညွတ်တည်း ချမှတ်ခဲ့ပါတယ်။ ဒါတောင်မှ ဒီ (၅) ချက်ထဲမပါတဲ့ ဆိုးရွားတဲ့ဆုံးဖြတ်ချက် တွေ ရှိပါသေးတယ်။ ဒါပေမဲ့ အဲဒီအချက်တွေကို အဖွဲ့ဝင် တွေထဲမှာ ကန့်ကွက်တဲ့နိုင်ငံတွေ ရှိနေလို့ အားလုံး သဘောတူညီမှု (ကွန်ဆက်တပ်စ်) မရနိုင်လို့ ဒီ (၅) ချက်ကိုပဲ လိုက်နာဖို့ တောင်းဆိုနေတာပါ။ အမေရိကန် ပြည်ထောင်စုကလည်း အာဆီယံအဖွဲ့ကို ဖိအားပေးပြီး မြန်မာ့အရေးကို စွက်ဖက် နေတယ်ဆိုတာက အားလုံး လည်း သိကြပါတယ်။

ခုနက ဗားရှင်းအသစ်ကိစ္စကို ပြန်ကောက်ရရင် ဒီလိုမျိုး ပြည်ပစွက်ဖက်မှုကနေ အကာအကွယ်ပေးချင်လို့ကို ဒီမစွက်ဖက်ရေးမူကို ချမှတ်ခဲ့တာပါ။ မူလရည်ရွယ်ချက်ကိုက အဖွဲ့ဝင်နိုင်ငံတွေရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို အာမခံချက်ပေးဖို့ပါပဲ။ (ကဲလ်လင်အေတာ ၂၀၁၁)။ အရှေ့နဲ့အနောက်အကြား အင်အားပြိုင်ဆိုင်မှုကြီးမှာ ဒေသ တွင်းရဲ့ ပါဝင်ပတ်သက်မှုကို တားဆီးဖို့ပါ (ဒို့ချ် ၂၀၁၂)။ အဂ္ဂါဝေါလ်နဲ့ ချောင် (၂၀၁၀) တို့က ရှင်းပြခဲ့သလိုပဲ အချုပ်အခြာအာဏာ 'စံ' ကို တိုင်ပင်ဆွေးနွေးမှုနဲ့ အားလုံးက တညီ တညွတ်တည်း သဘောတူညီမှုပေါ် အခြေခံပြီး ဆုံးဖြတ်ချက်ချမှတ်တဲ့ ချဉ်းကပ်မှုနည်းလမ်း ကို ကျင့်သုံးဖို့ကို ဗားရှင်းအသစ်က ရည်ရွယ်တာပါ။ နောက်တစ်ခုကတော့ နိုင်ငံတွေအကြား အငြင်းပွားမှုကို ငြိမ်းချမ်းစွာ ဖြေရှင်းရေးကို အဓိကထား အာရုံစိုက်ဖို့ပါ။ တကယ်တော့ အရှေ့တောင်အာရှရဲ့ ဒေသတွင်းဝါဒဆိုတာက ပြင်ပစွက်ဖက်မှုကို တားဆီးဖို့၊ အဖွဲ့ဝင်နိုင်ငံ တွေကို ကိုယ့်ပြည်တွင်းရေးကိုပဲ အဓိကထားပြီး အာရုံစိုက်စေကြဖို့ပါ။ အာဆီယံကို ဖွဲ့စည်း ထားတာက စူပါနိုင်ငံ အင်စတီကျူးရှင်းကြီးဖြစ်ဖို့ မဟုတ်ပါဘူး။ အဖွဲ့ဝင်နိုင်ငံတွေကြား အပြုသဘောဆောင်တဲ့ ဆွေးနွေးမှုအတွက် ဆွေးနွေးဖို့ ဖိုရမ်တစ်ခုအနေနဲ့ပဲ ရည်ရွယ်တာ ပါ (ဒို့ချ် ၂၀၁၂)။ မူလ ၅ နိုင်ငံကနေ ဘရူးနိုင်းက ဆင်္ဂမြောက်၊ နောက်တော့ ကမ္ဘောဒီးယား၊

လာအို၊ မြန်မာနဲ့ ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) လေးနိုင်ငံနဲ့ စုစုပေါင်း ၁၀ နိုင်ငံ၊ အခု အရှေ့တီမောက လေ့လာသူအဆင့်ဆိုတော့ ၁၁ နိုင်ငံ ဖြစ်လာတာပေါ့။

စစ်အေးတိုက်ပွဲ ပြီးဆုံးသွားတော့ အဖွဲ့ကြီးရဲ့ ဦးတည်ချက်က ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ နောက် ဒုတိယဦးတည်ချက်က လုံခြုံရေးနယ်ပယ်မှာ အပြုသဘော ဆွေးနွေးပွဲလုပ်ကြဖို့ပါ။ ဒီလိုနဲ့ပဲ အာဆီယံအဖွဲ့ကြီးဟာ ဒေသတွင်းရေးရာတွေမှာ အရေးပါလာမယ့် အလားအလာ ရှိလာပါတယ်။ (ဒို့ချ် ၂၀၁၂)။ အခုအခါမှာ အာဆီယံဟာ အရှေ့အာရှဒေသဆိုင်ရာဝါဒမှာ ဗဟိုချက်ဖြစ်တယ်လို့ လူအများစုက ထင်မြင်ယူဆလာကြပါတယ်။ (ဂျက်ဘေးနဲ့ရူးလန်း ၂၀၀၈)။ အာဆီယံဟာ ဒီလိုနဲ့ပဲ နိုင်ငံတကာဇာတ်ခုံမှာ အရေးပါတဲ့ဒေသတွင်း ဇာတ်ကောင်ဖြစ်လာခဲ့တယ်။ ဒေသဆိုင်ရာ အဓိကအင်စတီကျူးရှင်းတွေမှာ မောင်းနှင်အားဖြစ်လာတယ်။ ကမ္ဘာ့အင်အားကြီးနိုင်ငံတွေကြားမှာ ကြားခံနိုင်ငံစုံ အဖွဲ့အစည်း ဖြစ်လာတယ်။ (ဂိုး ၂၀၁၀)။ ဒါပေမဲ့လည်း ပြည်တွင်းဇာတ်ခုံမှာရော ပြည်ပရိုက်ကွင်းမှာပါ အာဆီယံရဲ့ ထိရောက်မှုနဲ့ တရားဝင်ဖြစ်မှုကို ဆက်လက်ထိန်းသိမ်းဖို့ ကြိုးပမ်းရာမှာတော့ အာဆီယံရဲ့ ဒေသရေးရာတွေမှာ သမားရိုးကျ ဆောင်ရွက်ပုံနည်းလမ်းဟာ တစ်နေ့တခြား အကြီးအကျယ် အကျောက်အကန် ဆွေးနွေးငြင်းခုံစရာတော့ ဖြစ်လာခဲ့ပါတယ်။ အာဆီယံရဲ့ မစွက်ဖက်ရေးမူဟာ ဒေသရဲ့ ပြည်တွင်းရေးပြဿနာတွေနဲ့ ပြည်ပစိန်ခေါ်မှုတွေအပေါ် အာဆီယံရဲ့ တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းအတွက် အဟန့်အတား ဖြစ်လာပါတယ်။ (တန် ၂၀၁၁)။ နာရင်း (၂၀၀၈) က ပြောခဲ့သလိုပါပဲ၊ အာဆီယံရဲ့ မစွက်ဖက်ရေး သန္နိဋ္ဌာန်နဲ့ ဒီအခြေခံမူကြောင့် ဖြစ်ပေါ်လာတဲ့ အရှုပ်အထွေးတွေက ဒီကနေ့အာဆီယံရဲ့ တိုးတက်ဖွံ့ဖြိုးရေးနဲ့ ပတ်သက်လို့ အငြင်းပွားဖွယ်ကိစ္စတွေရဲ့ ဗဟိုချက်ဖြစ်နေပါတယ်။ ၁၉၆၇ ခုနှစ်မှာ ထုတ်ပြန်ခဲ့တဲ့ ဘန်ကောက်ကြေညာချက်ထဲမှာပါတဲ့ ဒီမူကို ၁၉၉၇ ခုနှစ်မှာ ထုတ်ပြန်ခဲ့တဲ့ ကွာလာလမ်ပူရဲ့ ကြေညာချက်မှာ လည်း ထပ်လောင်းထည့်သွင်းထားတာပါ။ (ကီလင်အေတာ ၂၀၁၁)။

အမှန်ကတော့ မစွက်ဖက်ရေးမူဆိုတာက အာဆီယံမှာပဲ ရှိတာမဟုတ်ပါဘူး။ ကမ္ဘာတစ်ဝန်းမှာ အဖွဲ့အစည်း တော်တော်များများမှာ ဒီမူကရှိပြီးသားပါ။ ကုလသမဂ္ဂရဲ့ ပဋိညာဉ်စာတမ်းမှာလည်း ပါဝင်ပါတယ်။ ဒါပေမဲ့ ဒီမစွက်ဖက်ရေးမူက အာဆီယံမှာ သူများတွေနဲ့ မတူဘဲ တစ်မူထူးနေတာက ဒေသတွင်း ဆက်ဆံရေးမှာ အာဆီယံရဲ့ အပြုအမူဟာ မစွက်ဖက်ရေးကို အပြုအမူ 'စံ' သက်သက်ပဲ ချမှတ်ထားတာ မဟုတ်ဘဲ ဒီ'စံ' နဲ့ 'စံ' ရဲ့ နောက်ဆက်တွဲ အလေ့အထတွေကို အထူးတလည် နားလည်သဘောပေါက်စေတာပါပဲ။ (ကတ်ဆူ မာတာ ၂၀၀၃)။ ဘယ်လာမီနဲ့ ဒရမ်မွန် (၂၀၁၁) က 'မစွက်ဖက်ရေးဆိုတာကို အာဆီယံက အဓိပ္ပာယ်မဖွင့်ဆိုပေမယ်လို့ ၁၉၉၀ ပြည့်လွန် အလယ်ပိုင်းနှစ်တွေ မတိုင်မီမှာ ဒေသဆိုင်ရာ ကျင့်စဉ်အလေ့အထတွေက ပြနေတာကတော့ နိုင်ငံတွေရဲ့ ပြည်တွင်းရေးကိစ္စတွေမှာ စဉ်ဆက်မပြတ် ပါဝင်နေတာပါပဲ။ နိုင်ငံရေးမှာ ထင်မြင် ချက်၊ ဝေဖန်ချက်တွေ ပေးသလိုပဲ စစ်ရေးအရ ကြားဝင် တာတွေ ရှိနေတာပါပဲ။ ဒီလိုမျိုး ကျယ်ပြန့်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုမှုကြောင့် ဘယ်အဖွဲ့ဝင်နိုင်ငံမှာမဆို ကြီးစိုးနေတဲ့ နိုင်ငံရေးလူ့မလိုင်ရဲ့ အာဏာကို ထိပါးစေနိုင်တဲ့၊ ပြည်တွင်းရဲ့အစိုးရ အုပ်ချုပ်မှုစနစ်ကို ထိပါးစေနိုင်တဲ့ အဖွဲ့ဝင်နိုင်ငံတွေရဲ့ မည်သည့်ဆောင်ရွက်ချက်

မဆိုကို တားဆီးဖို့ အစီအစဉ်ချတာပါပဲ။ (ရူးလန် ၂၀၁၁)။ ဒါကြောင့်မို့ မစွက်ဖက်ရေးစံကို အကောင်းဆုံးလို့ပဲ မယူဆသင့်ဘဲ နိုင်ငံရေးလက်နက် လို့လည်း မှတ်ယူသင့်ကြပါတယ်။ (နီဆာဒူရယ် ၂၀၀၉)။

အာဆီယံမှာက 'စံ' ချမှတ်ရေး မူဘောင်မှာ အာဆီယံနည်းလမ်း၊ အာဆီယံမာန်၊ အာဆီယံစတိုင်ပဲ ဆိုတာ ရှိပါတယ်။ ဒီလိုမျိုး အာဆီယံနည်းလမ်းအတိုင်း လုပ်ဆောင်ကြရတာက အချက်နှစ်ချက် ရှိပါတယ်။ ပထမအချက်က အရှေ့တောင်အာရှနိုင်ငံတွေက သမိုင်းအတွေ့အကြုံတွေအရ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးကို အလေးပေးတဲ့အချက်ပါ။ ကိုလိုနီနယ်ချဲ့ရဲ့လက်အောက် ကျရောက်ခဲ့ရတာ၊ စစ်အေးကာလ အတွေ့အကြုံတွေ ရခဲ့တာ၊ နောက်ပြီးတော့ တရုတ်က ကွန်မြူနစ်ဝါဒကို ဒေသတွင်းမှာ သွတ်သင်းဖို့ မကြာ, ခဏ ကြိုးပမ်းနေတာတွေက ပြည်တွင်းပဋိပက္ခတွေကို ကြီးထွားစေခဲ့တယ်။ အရှေ့တောင်အာရှကို ဒေသတွင်းရော ပြည်တွင်းမှာပါ တည်ငြိမ်စေဖို့မှာ အချုပ်အခြာ အာဏာတည်တံ့ ခိုင်မြဲရေးက အဓိကဖြစ်တယ်ဆိုတာကို သဘောပေါက်နားလည်စေခဲ့တာပါပဲ။

နောက်တစ်ချက်ကတော့ ပြည်တွင်းတည်ငြိမ်ရေး ထိန်းသိမ်းဖို့ ဦးစားပေးတာပဲ။ ဘာလို့လဲဆိုတော့ ပြည်တွင်းလုံခြုံရေးကိစ္စရပ်တွေဟာ အရေးကြီးလို့ပါ။ ဒီလိုဖြစ်ရတာကလည်း နိုင်ငံတွေရဲ့ လူမှုရေးနဲ့ နိုင်ငံရေး ချည့်နဲ့နေလို့ပါ။ (ကတ်ဆူမာတာ ၂၀၀၃)။ ဒေသတွင်း အရေးအရာတွေကို အာဆီယံရဲ့ ဆောင်ရွက်မှုမှာ မစွက်ဖက်ရေးမူဝါဒရဲ့ ကာလရှည်ကြာတည်ရှိခဲ့တဲ့ အရေးပါမှုကို ပညာရှင်တွေ၊ သုတေသီတွေအကြားမှာ ကျယ်ကျယ်ပြန့်ပြန့် သဘောတူကြပေမယ့်၊ သဘောထားတိုက်ဆိုင်ကြပေမယ့် အခြေခံမူက ဘယ်တုန်းကမှတော့ အကြွင်းမဲ့ မဖြစ်ခဲ့ပါဘူး။ (ဂျုံးစ် ၂၀၁၀)။ ဂျုံးစ်ကတော့ အရှေ့တောင်အာရှ အရေးအရာတွေမှာ ဒီအခြေခံမူရဲ့ အချက်အချာကျမှုကို ပြတ်ပြတ်သားသား ငြင်းပယ်ထားပါတယ်။ သူ ပြောတာက ဒီမူကို လိုက်နာ ကျင့်သုံးမှုက တစ်သမတ်တည်း မဖြစ်ဘူးတဲ့။ နိုင်ငံတွေရဲ့ အပြုအမူကို တရားဝင်ဖြစ်စေဖို့ သုံးတဲ့ လက်နက်တစ်ခုပဲတဲ့။ ဒီမူကိုသုံးပြီး ကြီးထွားနေတဲ့ စီးပွားရေးနဲ့ လူမှုရေး လူမလိုင်တွေရဲ့ အကျိုးစီးပွား ကို လျစ်လျူရှုတာပဲတဲ့။ စစ်အေးကာလတုန်းက အာဆီယံနိုင်ငံတွေအတွင်းမှာ အရင်းရှင် လူမှုရေးစနစ်ကို အန္တရာယ်ပြုနေတယ်လို့ ယူဆရတဲ့ အစွန်းရောက် ကွန်မြူနစ်အုပ်စုကို ထိန်းချုပ်ဖို့ အာဆီယံပြင်ပက ကြားဝင်ဖျန်ဖြေမှုတွေ ရှိခဲ့တယ်လို့ ဂျုံးစ်က ထောက်ပြခဲ့တယ်။ စစ်အေးကာလပြီးဆုံးတော့ အရင်းရှင် လူမလိုင်အသစ်တစ်ဦးက တခြားနိုင်ငံတွေရဲ့ ပြည်တွင်းရေးမှာ စတင်ခြေရှုပ်လာခဲ့တယ်။ သူတို့ရဲ့ ဥစ္စာဓနကို အမြင့်မားဆုံးရစေဖို့ ဒေသတွင်းမှာ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေကို လူမလိုင်တွေဟာ အပြိုင်အဆိုင်ခေါင်းပုံဖြတ်ဖို့ ကြိုးစားလာကြတယ်။ ဒီလိုမျိုးအဖွဲ့ဝင် နိုင်ငံတွေက အကြီးအကျယ် စည်းဖောက်နေကြပေမယ့် မစွက်ဖက်ရေး အခြေခံမူက ဒေသအရေးအရာတွေမှာ အာဆီယံရဲ့ အပြုအမူအပေါ် အတော်လေးကို အကျိုးသက်ရောက်ခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ နိုင်ငံတွေရဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နဲ့ ပြည်တွင်းတည်ငြိမ်မှုကို ထိရောက်တဲ့ အစိုးရအုပ်ချုပ်မှုစနစ်ထက် ပိုပြီး ဦးစားပေးထားတဲ့အတွက်ကြောင့်ပါပဲ။ (ရူးလန် ၂၀၁၁)။ အာဆီယံရဲ့ နိုင်ငံရေးကျင့်စဉ်တွေဟာ အဖွဲ့ဝင်နိုင်ငံတွေရဲ့ ပြည်တွင်းရေးကို ဝင်စွက်ဖက်လိုစိတ် မရှိတာကို ထင်ဟပ်ဖော်ပြနေပါတယ်။ အစိုးရတွေရဲ့

အဆုံးအဖြတ် ချမှတ်ရေး ချဉ်းကပ်မှုနည်းလမ်းဟာလည်း ပြည်တွင်းရေးမှာ ပြည်ပက ဝင်မစွက်ဖက်ရေးဆိုတဲ့ မူက လွှမ်းမိုးထားတာကို တွေ့ရမှာပါ။ (ကတန်ယူး ၂၀၀၆)။

အခုလို သမိုင်းကြောင်းတွေ ရှိခဲ့ပေမယ့်လည်း အထက်မှာ ဆွေးနွေးတင်ပြခဲ့သလိုပဲ ဒီမိုကရေစီ၊ လူ့အခွင့်အရေး စတဲ့ တစ်နေ့တခြား ကြီးထွားလာတဲ့ အနောက်အုပ်စုရဲ့ ဖိအားတွေကြောင့် ကမ္ဘာတစ်ဝန်းမှာ 'မစွက်ဖက်ရေး'မူဟာ ဗားရှင်းအသစ်ပြောင်းလာရသလို အာဆီယံရဲ့ 'မစွက်ဖက်ရေး' အခြေခံမူကလည်း ဗားရှင်းအသစ်ပြောင်းလာရပါတယ်။ စွက်ဖက်တာမဟုတ်ပေမဲ့ ထိတွေ့ဆက်ဆံရမယ်၊ တစ်နည်းပြောရင် 'ဝင်ပါ' ရမယ်။ ဒီမစွက်ဖက်ရေးမူကို ပြောင်းလွယ်ပြင်လွယ်တဲ့ ထိတွေ့ဆက်ဆံရေးမူအဖြစ် ပြောင်းရမယ် ဆိုတဲ့ အယူအဆ က ကြီးထွားလာခဲ့ပါတယ်။ မူဝါဒလမ်းညွှန်ချက်အသစ်တွေက အမြင်တွေကို ပြောင်းလဲစေခဲ့ပြီး အာဆီယံရဲ့ အပြုအမူမှာ တဖြည်းဖြည်းနဲ့ စစ်မှန်တဲ့ အပြောင်းအလဲ ဖြစ်လာဖို့ လမ်းခင်းပေးခဲ့တယ်။ (နဲရ် ၂၀၁၁)။ မူဝါဒ လမ်းညွှန်ချက်အသစ်တွေအတွက် အဆိုပြုတင်ပြချက်တွေဟာ နိုင်ငံတကာ အသိုက်အဝန်းရဲ့ ဖိအားတွေမှာ အရင်းခံပါတယ်။ ကမ္ဘာတစ်ဝန်း ဆက်စပ်ပြောင်းလဲဆောင်ရွက်မှုလုပ်ငန်းစဉ်လို့ခေါ်တဲ့ ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ ဒီမိုကရေစီထွန်းကားရေးအတွက် တစ်နေ့တခြား ကြီးမားလာတဲ့ တောင်းဆိုမှုတွေပေါ် အရင်းခံပါတယ်။ (ဂျက်စ်နဲ့ ရွူးလန် ၂၀၀၉)။

ဒီကနေ့ ဂလိုဘယ်လိုက်ဇေးရှင်းကြောင့် အာဆီယံကလည်း ထီးတည်းနေလို့မရတော့ဘဲ ဥရောပနဲ့အမေရိကတို့နဲ့ ထိတွေ့ဆက်ဆံ ပေါင်းသင်းနေရတော့ကာ သူတို့ကို အနောက်အုပ်စုက နိုင်ငံတကာစံတွေကို လိုက်နာဖို့ ဖိအားပေးတော့တာပါပဲ။ အာဆီယံ အဖွဲ့ဝင်နိုင်ငံတွေထဲမှာလည်း ဥရောပ၊ အမေရိကန် ဆက်ဆံရေးကောင်းတဲ့သူတွေ၊ သူတို့နဲ့ စီးပွားရေးနဲ့ စစ်ရေးအရ ရင်းရင်းနှီးနှီး ဆက်ဆံနေရတာတွေကြောင့် အနောက်အုပ်စုရဲ့ ဖိအားကို မလှန်နိုင်တဲ့အတွက် အာဆီယံအဖွဲ့ကြီးအတွင်းမှာ စည်းလုံးညီညွတ်မှုကို ထိခိုက်လာခဲ့ပါတယ်။ လက်ရှိ မြန်မာ့အရေးကို ကြည့်မယ် ဆိုရင်လည်း မြန်မာဘက်ကို ထောက်ခံတဲ့နိုင်ငံနဲ့ ကန့်ကွက်တဲ့နိုင်ငံတွေဟာ နှစ်အုပ်စုကွဲနေတာက အထင်အရှားပါပဲ။ ဗီအိုအေသတင်းတစ်ပုဒ်မှာ သုံးထားတဲ့ အသုံးအနှုန်းအရဆိုရင်တော့ ကုန်းတွင်းပိုင်း အာဏာရှင်အစိုးရတွေနဲ့ ဒီမိုကရေစီကျင့်သုံးတဲ့ ရေကြောင်းအင်အားကြီးနိုင်ငံတွေကြား နှစ်ဖွဲ့ကွဲနေတယ်လို့ ဆို ပါတယ်။ မြန်မာ့အရေးနဲ့ ပတ်သက်လို့ လူ့အခွင့်အရေးဆိုင်ရာ အာဆီယံ ပါလီမန်အဖွဲ့က ချားလ်စ်စန် တီယာဂိုက "မြန်မာနဲ့ပတ်သက်လို့ သဘောထားကွဲလွဲမှုတွေက အမှန်တကယ် ရှိနေတာပါ။ စစ်ခေါင်းဆောင် တွေ ရှိနေတဲ့ ထိုင်းတို့၊ ကမ္ဘောဒီးယားတို့၊ လာအိုတို့က မြန်မာနဲ့တိုက်ရိုက်ရော၊ သွယ်ဝိုက်ပြီးတော့ရော လက်တွဲ လုပ်ဆောင်နေကြတာကို ခင်ဗျားတို့ တွေ့နိုင်ပါတယ်။ မလေးရှားတို့၊ စင်ကာပူတို့၊ အင်ဒိုနီးရှားတို့၊ ဖိလစ်ပိုင်တို့ကလည်း တစ်ဖက်အုပ်စုဖြစ်နေကြတာပဲလေ။ ဒီအုပ်စုကတော့ ခုနပြောတဲ့အုပ်စုကို ဖိအားပေးနေတယ်လို့ ထင်တာပဲ" လို့ ပြောကြားခဲ့တာကို ဖတ်လိုက် ရပါတယ်။

ဒီဘက်က မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားတို့က ဗုဒ္ဓဘာသာကြီးစိုးတဲ့ နိုင်ငံတွေ၊ မလေးရှား၊ အင်ဒိုနီးရှားနဲ့ ဖိလစ်ပိုင်တို့က အစ္စလာမ်တို့၊ ခရစ်ယာန်တို့ ကြီးစိုးတဲ့ ဒီမိုကရေစီနိုင်ငံတွေပါ။ အဲဒီတော့ မွတ်စလင်တွေကို ထောက်ခံတဲ့ အင်ဒိုနီးရှား၊ မလေးရှားနဲ့ ဘရူးနိုင်း

သုံးပွင့်ဆိုင်အုပ်စုက မြန်မာကို အာဆီယံထဲ ဆွဲမသွင်းရေး၊ အစိုးရကို အသိအမှတ်မပြုရေးမူနဲ့ ထိပ်သီးအစည်းအဝေးပွဲတွေကို နိုင်ငံတော် အကြီးအကဲနဲ့ နိုင်ငံခြားရေးဝန်ကြီးကို တက်ရောက်ခွင့်ကို ပိတ်တဲ့အထိ ပြုလုပ်လာကြတယ်။ သူတို့တွေအစား အမြဲတမ်း အတွင်းဝန်တို့၊ ညွှန်ကြားရေး မှူးချုပ်တို့ စတဲ့ နိုင်ငံရေးနဲ့ မသက်ဆိုင်တဲ့ ပြည်သူ့ဝန်ထမ်းတွေကိုပဲ တက်ရောက်ဖို့ ပြောပေမယ့် နိုင်ငံခြားရေး ဝန်ကြီး ဦးဝဏ္ဏမောင်လွင်ကတော့ နိုင်ငံတော် အကြီးအကဲ၊ နိုင်ငံခြားရေးဝန်ကြီးတို့ကို တက်ရောက်ခွင့် မပြုမခြင်း မြန်မာနိုင်ငံဟာ အာဆီယံထိပ်သီး အစည်းအဝေးတွေကို တက်ရောက်မှာ မဟုတ်ကြောင်း ပြတ်သားစွာပဲ တုံ့ပြန်ခဲ့တာ အခါခါရှိပြီ ဖြစ်ပါတယ်။

ဩစတြေးလျနိုင်ငံက နူးဆောက်ဝေးလ် တက္ကသိုလ်ရဲ့ ဂုဏ်ထူးဆောင်ပါမောက္ခ ကားလ်ထေရာက "အာဆီယံကတော့ အကွဲအပြဲရှိနေပါတယ်။ အာဏာသိမ်းလိုက်တဲ့ အချိန်ကစပြီး ဒီအကွဲအပြဲက ထင်ရှားလာပါတယ်" လို့ ပြောကြားခဲ့ပါတယ်။ ကမ္ဘောဒီးယားနဲ့ ထိုင်းက ရိုဟင်ဂျာကိစ္စရပ်ကို လျစ်လျူရှုချင်တယ်။ ပြီးတော့ ဒေါ်အောင်ဆန်းစုကြည်ကို ဖြုတ်ချခဲ့တဲ့ အာဏာသိမ်းမှုကိုလည်း အလေးမထားဘဲ မြန်မာကို အာဆီယံမှာ ပြန်လက်ခံချင်တယ်။ "ရိုဟင်ဂျာလား? ဒါက သူတစ်ပါးရဲ့ပြဿနာပဲ" လို့ ကားလ်က ပြောခဲ့ပါတယ်။

ဟွန်ဆန်ရဲ့ မြန်မာပြည်ခရီးစဉ်က အပြစ်မဲ့တဲ့ ပြည်သူတွေ သေဆုံးရမှုအတွက် တာဝန်ရှိတဲ့ အစိုးရကို တရားဝင်ဖြစ်စေဖို့ပဲလို့ ဟွန်ဆန်ကို ဝေဖန်သူတွေက ပြောနေကြပေမယ့် ဟွန်ဆန်ကို ထောက်ခံတဲ့သူတွေကတော့ ဒီခရီးစဉ်က အာဆီယံရဲ့ ဘုံသဘောတူညီချက် (၅) ရပ်ကို ရှေ့ခရီးဆက်နိုင်စေမယ့် နည်းလမ်းတစ်ရပ်ပဲဟု ရှုမြင်သုံးသပ်ကြပါတယ်။ ဘာလိုပဲဖြစ်ဖြစ် ဟွန်ဆန်ရဲ့ ခရီးစဉ်ကနေ ရလဒ်ကောင်းတွေ ထွက်ခဲ့တာတော့ အမှန်ပါပဲ။ အပစ်အခတ်ရပ်စဲရေးကာလကို တိုးမြှင့်နိုင်ခဲ့တယ်။ လူသားချင်းစာနာတဲ့ အထောက်အပံ့တွေ ပေးအပ်ရေးကို ခွင့်ပြုနိုင်ခဲ့တယ်။ ပြီးတော့ နိုင်ငံရေးပါတီ

"စစ်ခေါင်းဆောင်တွေ ရှိနေတဲ့ ထိုင်းတို့၊ ကမ္ဘောဒီးယားတို့၊ လာအိုတို့က မြန်မာနဲ့ တိုက်ရိုက်ရော၊ သွယ်ဝိုက်ပြီးတော့ရော လက်တွဲလုပ်ဆောင်နေကြတာကို ခင်ဗျားတို့ တွေ့နိုင်ပါတယ်။ မလေးရှားတို့၊ စင်ကာပူတို့၊ အင်ဒိုနီးရှားတို့၊ ဖိလစ်ပိုင်တို့ကလည်း တစ်ဖက်အုပ်စု ဖြစ်နေကြတာပဲလေ"

တွေနဲ့ စေ့စပ်ဆွေးနွေးရေးကို လမ်းဖွင့်ပေးခဲ့တယ်။

"အာဆီယံကတော့ ကြားညပ်နေတာပါပဲ။ သူလုပ်တာတွေအတွက်ရော၊ သူ မလုပ်တာအတွက်ပါ အပြစ်တင်ခံနေရတာပါပဲ။ ဒီအကွဲအပြဲတွေကြောင့် ကမ္ဘောဒီးယားက ပိုပြီး လုပ်ကိုင်ရခက်ပါတယ်" လို့ ပါမောက္ခ ကားလ်က ပြောကြားခဲ့ပါတယ်။

ဆန်တီယာဂိုကတော့ ဟွန်ဆန်ရဲ့ သံတမန်အခင်းအကျင်းကို 'နွားကျောင်းသား သံတမန်အခင်းအကျင်း' လို့ သရော်ခဲ့ပါတယ်။ ဟွန်ဆန်ကတော့ သူဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ စီးပွားရေးအကြံပေး ပါမောက္ခ ရှောင်တာနယ်လ်ကို လွတ်မြောက်အောင် လုပ်ပေးနိုင်ခဲ့တယ်လို့ ဆိုပါတယ်။

"အာဆီယံကွဲတာ ကျွန်တော်ကတော့ အံ့အားမသင့်ပါဘူး။ မွတ်ဆလင်အုပ်စုနဲ့၊ ဗုဒ္ဓဘာသာအုပ်စုပဲလေ။ နောက်ပြီးတော့ အာဆီယံဆိုတာက မြောက်အမေရိက လွတ်လပ်စွာ ကုန်သွယ်ရေးအဖွဲ့ ဒါမှမဟုတ် ဥရောပသမဂ္ဂတို့နဲ့မှ မတူတာ၊ ယုံကြည်ကိုးကွယ်မှု၊ တိုင်းရင်းသားအရေး၊ ပြီးတော့ ဥစ္စာဓနကြွယ်ဝမှု၊ ဒါတွေက အာဆီယံနိုင်ငံတွေက အီးယူတို့ နက်ဖ်တာတို့နဲ့မှ မတူတာပဲ" လို့ ဟောင်ကောင်အခြေစိုက် အေတူးဂလိုဘယ်လ်ရစ်က ဒါရိုက်တာ ဂက်ဗင်ဂရင်းန်ဝုဒ်က ပြောပါတယ်။

နိဂုံးချုပ်ရရင်တော့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ စတင်ထူထောင်စဉ်ကတည်းက အစဉ်တစိုက် ကျင့်သုံးလာတဲ့ မစွက်ဖက်ရေးအခြေခံမူကို ပစ်ပယ်မှာလား။ လူ့အခွင့်အရေးတွေ ဒီမိုကရေစီအရေးတွေအတွက် ဒါမှမဟုတ် ဥရောပနဲ့အမေရိကန် ဆက်ဆံရေးကို မပျက်ပြားချင်လို့ ဒီအခြေခံမူကို ဗားရှင်းအသစ်နဲ့ အခုပြောနေကြသလို ပြောင်းလွယ်ပြင်လွယ်တဲ့ ထိတွေ့ဆက်ဆံမှုဆိုပြီး သူတစ်ပါးနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ပြီး မိမိတို့အဖွဲ့ကြီးရဲ့ စည်းလုံးညီညွတ်မှုကို အပျက်ခံမှာလားဆိုတာကို အလေးအနက် စဉ်းစားချိန်တန်ပါပြီလို့ စေတနာဖြင့် သတိပေးထောက်ပြပြောဆိုရေးသားလိုက်ရပါကြောင်း ...

K.M.A

အရှေ့တောင်အာရှနိုင်ငံများအသင်းနှင့် မြန်မာ၏ဆက်ဆံရေး–
လုံခြုံရေးရှုထောင့်မှ သုံးသပ်ချက်

a'gufvmEkdifaq0ifD

“အာဆီယံအဖွဲ့သည် မြန်မာနိုင်ငံအား ၂၀၂၁ ခုနှစ်
ဖေဖော်ဝါရီ ၁ ရက်မှ နောက်ပိုင်းမှသာ ဝင်စွက်ဖက်ခြင်း
မဟုတ်ပါ။ ၂၀၁၇ ခုနှစ်အတွင်း ရခိုင်ပြည်နယ်
ဘင်္ဂလီအရေးတွင်လည်း ဝင်စွက်ဖို့ ကြိုးစားခဲ့သည်ကို
တွေ့ရမည်။ အထူးသဖြင့် ထိုကာလက
မလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက်၏
ပြင်းထန်သော စကားများကို ကြည့်က သိနိုင်သည်”

နိဒါန်း

အရှေ့တောင်အာရှ နိုင်ငံများအသင်း (The Association of South East Asian Nations) သို့မဟုတ် အာဆီယံအဖွဲ့ (ASEAN) ကြီးသည် ကမ္ဘာပေါ်တွင် ဒုတိယမြောက် အောင်မြင်မှုအရှိဆုံး နိုင်ငံပေါင်းစုံ ပါဝင်သည့် ဒေသဆိုင်ရာအဖွဲ့ကြီးအဖြစ် လေ့လာသူများက ရှုမြင်ကြပါသည်။ အောင်မြင်မှုအရှိဆုံး ဒေသဆိုင်ရာ အဖွဲ့အစည်းမှာ ဥရောပသမဂ္ဂဖြစ်ပါသည်။ ဒေသတွင်း လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုကို လေ့လာကြည့်လျှင် စစ်အေးတိုက်ပွဲကာလအတွင်း အရှေ့တောင်အာရှစစ်စာချုပ်အဖွဲ့ (Southeast Asia Treaty Organization – SEATO) ခေါ် စုပေါင်းလုံခြုံရေးအဖွဲ့အစည်းတစ်ခု (Collective Security Organization) ကို ၁၉၅၄ မှ ၁၉၇၇ ခုနှစ်များအတွင်း ဖွဲ့စည်းခဲ့ဖူးပါသည်။ သို့သော် အဖွဲ့ဝင် (၈) နိုင်ငံတွင် ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့မှ လွဲလျှင် ကျန်နိုင်ငံများမှာ ဒေသပြင်ပမှ နိုင်ငံများဖြစ်ပြီး ရည်ရွယ်ချက်မှာလည်း စစ်အေးတိုက်ပွဲကာလအတွင်း ကွန်မြူနစ်ဝါဒ ပြန့်ပွားလာခြင်းကို ကာကွယ်ရန် ဖြစ်ပါသည်။ SEATO သည် အောင်မြင်မှုမရရှိခဲ့ချေ။

အာဆီယံ

အာဆီယံအဖွဲ့သည် အဖွဲ့ဝင် ၁၀ နိုင်ငံပါဝင်သော နိုင်ငံရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အဖွဲ့ကြီး ဖြစ်သည်။ ၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်တွင် ဘန်ကောက် ကြေညာစာတမ်းဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ထိုစဉ်က အဖွဲ့ဝင် ၅ နိုင်ငံသာ ပါဝင်ခဲ့သည်။ ဖွဲ့စည်းပြီး ၄၁ နှစ်အကြာတွင်မှ ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင်မှ အာဆီယံပဋိညာဉ်အား အတည်ပြုနိုင်ခဲ့သည်။ မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် အဖွဲ့ဝင်ဖြစ်ခဲ့ရာ ယခုအခါ နှစ်ပေါင်း ၂၅ နှစ် ကြာညောင်းခဲ့ပြီဖြစ်သည်။

အာဆီယံသည် အဖွဲ့ဝင်နိုင်ငံ အချင်းအချင်းနှင့်လည်းကောင်း၊ အခြားသော အာရှနိုင်ငံများနှင့်လည်းကောင်း စီးပွားရေး၊ နိုင်ငံရေး၊ လုံခြုံရေး၊ စစ်ရေး၊ ပညာရေးနှင့် လူမှုယဉ်ကျေးမှုပေါင်းစည်းရေးကို မြှင့်တင်ရန် ဖွဲ့စည်းထားခြင်း ဖြစ်သည်။ အဓိကဦးတည်ချက်များမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူမှုဘဝမြှင့်တင်ရေးနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးမှုတို့ ဖြစ်သော်လည်း လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများလည်း ရှိနေပါသည်။

အာဆီယံနှင့် အီးယူ၏ တူညီချက်များနှင့် ကွဲပြားခြားနားချက်များ

အာဆီယံနှင့် အီးယူတို့အကြား အဓိကကျသည့် တူညီချက်မှာ သက်ဆိုင်ဒေသများအတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရန် ရည်ရွယ်ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။ အီးယူသည် ၂၀၁၂ ခုနှစ်တွင် ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကို ချီးမြှင့်ခံရပါသည်။ သို့သော်လည်း အီးယူတွင် နိုင်ငံအလိုက် ပြဿနာများစွာ ကြုံတွေ့နေရသည်ကို သတိမူရမည် ဖြစ်ပါသည်။ ဥပမာအားဖြင့် BREXIT ကဲ့သို့ကိစ္စများ၊ တရားမဝင် ဝင်ရောက်လာသူများ အရေးကိစ္စ စသည်တို့ ဖြစ်ပါသည်။

အခြားတူညီချက်တစ်ခုမှာ အဖွဲ့ဝင်နိုင်ငံများ စုပေါင်းကာ ဈေးကွက်တစ်ခုတည်း

(Single Market) အဖြစ် ဖော်ဆောင်နေခြင်း ဖြစ်ပါသည်။ ထိုသို့ လုပ်ဆောင်ခြင်းအားဖြင့် ပြည်သူများ၏ လူမှုဘဝဖူလုံမှု တိုးတက်လာရေးနှင့် အားကောင်းသော ညှိနှိုင်းမှုစွမ်းအားကို လုပ်ဆောင်နိုင်မည် ဖြစ်သည်။ အီးယူဈေးကွက်တွင် စားသုံးသူ သန်း ၄၅၀ ရှိပြီး အာဆီယံတွင် သန်း ၆၅၀ ရှိသည့် ဈေးကွက်ကြီး ရှိနေပါသည်။

အာဆီယံနှင့် အီးယူတို့အကြား မတူညီသည့် ကွဲပြားမှုများလည်း ရှိသေးသည်။ အာဆီယံသည် နိုင်ငံအစိုးရအချင်းချင်း ပူးပေါင်းဖွဲ့စည်းထားသည့် Inter-governmental အဖွဲ့အစည်းဖြစ်သော်လည်း အီးယူသည် အစိုးရတစ်ရပ်ပုံစံ Supranational အဖွဲ့အစည်း တစ်ခုအနေဖြင့် ဖွဲ့စည်းထားသည်။ အီးယူသည် ကုန်သွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင် အရေးကဲ့သို့သော ကဏ္ဍများတွင် အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာကို တစ်ပေါင်းတည်း ကျင့်သုံးသည်။ အီးယူတွင် ပါလီမန်၊ တရားရုံး၊ တစ်ခုတည်းသော ယူရိုငွေကြေးစနစ်နှင့် နိုင်ငံခြား ဆက်ဆံရေးများ ဖွဲ့စည်းထားရှိသော်လည်း အာဆီယံတွင် မရှိချေ။

ကာကွယ်ရေးကဏ္ဍကို ကြည့်မည်ဆိုလျှင် အာဆီယံတွင် တပ်မတော်သီးသန့် မရှိသော်လည်း အီးယူတွင် ဥရောပ တပ်မကြီး (European Corps – Eurocorps)၊ အလျင်အမြန် တုံ့ပြန်ရေးတပ် (EU Rapid Deployment Force) (၂၀၁၂ တွင် ဖျက်သိမ်းခဲ့)၊ ရေတပ် (EU Maritime Force – EUROMARFOR သို့မဟုတ် EMF)၊ ဥရောပ အလျင်အမြန်တုံ့ပြန်ရေး ရဲတပ်ဖွဲ့ (European Gendarmerie Force) စသည်တို့ ဖွဲ့စည်းထားပါသည်။

အာဆီယံအတွင်းရေးမှူးချုပ်ရုံးတွင် ဝန်ထမ်း ၄၀၀ ဦးခန့်သာရှိသော်လည်း ဥရောပ ကော်မရှင်တွင် ဝန်ထမ်း ၂၃၀၀၀ ကျော် ခန့်ထားပါသည်။ အာဆီယံ၏ နှစ်စဉ် ဘတ်ဂျက်မှာ အမေရိကန်ဒေါ်လာ သန်း ၂၀ ခန့်သာ ဖြစ်သော်လည်း ဥရောပကော်မရှင်၏ နှစ်စဉ် ဘတ်ဂျက်မှာ အမေရိကန်ဒေါ်လာ သန်း ၁၈၀ ခန့် ဖြစ်ပါသည်။ အာဆီယံအနေဖြင့် တစ်ချိန်တွင် အီးယူကဲ့သို့ ပေါင်းစည်းရန် ဖြစ်နိုင်၊ မဖြစ်နိုင်မှာလည်း ဆွေးနွေးဖွယ်ကောင်းသည့် ခေါင်းစဉ်တစ်ခု ဖြစ်လျက် ရှိပါသည်။

အာဆီယံ ကာကွယ်ရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု

အာဆီယံတွင် ရှိပြီး လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု လုပ်ထုံးလုပ်နည်း ယန္တရားများ ရှိနေပါသည်။ ၂၀၀၃ ခုနှစ်တွင် အာဆီယံ နိုင်ငံရေး – လုံခြုံရေးအသိုက်အဝန်းကို တည်ထောင်သည်။ အဓိကအားဖြင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများ၊ ရှုကလီးယားလက်နက် ကင်းစင်သည့် အာဆီယံဖြစ်ပေါ်ရေး၊ မတူကွဲပြားခြားနားမှုများနှင့် အငြင်းပွားမှုများအား ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းရေး၊ ပင်လယ်ရေကြောင်းနှင့် ဆက်စပ် ကိစ္စကဏ္ဍများ ဖြစ်သည့် အာဆီယံနှင့် အာဆီယံဒေသကျော်လွန်၍ ရေကြောင်းလုံခြုံရေးနှင့် ရေကြောင်းပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့အား ဦးတည်သည်။

(က) အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး (ADMM)

အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၀၆ ခုနှစ်တွင် စတင် ကျင်းပခဲ့ပြီး အာဆီယံကာကွယ်ရေး ဝန်ကြီးများ အပေါင်း အစည်းအဝေးကို ၂၀၁၀ ပြည့်နှစ်တွင်

စတင် ကျင်းပခဲ့ပါသည်။

(ခ) အာဆီယံဒေသတွင်း ဖိုရမ် (ASEAN Regional Forum)

အာဆီယံဒေသတွင်း ဖိုရမ် (ASEAN Regional Forum – ARF) သည် အင်ဒို – ပစိဖိတ် ဒေသတွင်း အရေးပါသော လုံခြုံရေး ဆွေးနွေးမှုဆိုင်ရာ ပလက်ဖောင်းတစ်ခု ဖြစ်သည်။ ဒေသတွင်း လုံခြုံရေးနှင့် ငြိမ်းချမ်းရေး တိုးမြှင့်နိုင်ရန် အဖွဲ့ဝင်နိုင်ငံအချင်းချင်း လက်ရှိ လုံခြုံရေးအခြေအနေများနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များကို ဆွေးနွေးနိုင်သည်။ ARF အဖွဲ့ဝင် နိုင်ငံများမှာ အာဆီယံ ၁၀ နိုင်ငံ၊ အာဆီယံ၏ ဆွေးနွေးဖက် ၁၀ နိုင်ငံဖြစ်သော ဩစတြေးလျ၊ ကနေဒါ၊ တရုတ်၊ ဥရောပ သမဂ္ဂ၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ တောင်ကိုရီးယား၊ ရုရှားနှင့် အမေရိကန်ပြည်ထောင်စုတို့ပါဝင်သည်။ ၎င်းအပြင် ဘင်္ဂလားဒေ့ရှ်၊ မြောက်ကိုရီးယား၊ မွန်ဂိုလီးယား၊ ပါကစ္စတန်၊ သီရိလင်္ကာနှင့် တီမောလက်စတေတို့လည်း ပါဝင်ပြီး လေ့လာသူအဖြစ် ပါပူအာနယူးဂီနီနိုင်ငံပါဝင်သည်။

(ဂ) အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး

အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး ASEAN Chiefs of Defence Forces Meeting (ACDFM) နှင့် သီးခြားစီပြုလုပ်သည့် အာဆီယံ ကြည်း၊ ရေ၊ လေ ဦးစီးချုပ်များ အစည်းအဝေးများသို့လည်း မြန်မာ့တပ်မတော်အနေဖြင့် ပုံမှန်တက်ရောက် ဆွေးနွေးလျက်ရှိကြောင်း တွေ့ရှိရသည်။ ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပသည့် (၁၉) ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ အစည်းအဝေး (ACDFM–19) သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ယခုနှစ် မတ်လတွင် တက်ရောက် ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။

(ဃ) အခြား ဆက်စပ်အစည်းအဝေးများ

အခြား ဆက်စပ်အစည်းအဝေးများအနေဖြင့် (၁၂) ကြိမ်မြောက် အာဆီယံ တပ်မတော် စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေးသို့ စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် အဖွဲ့ဝင်များကလည်းကောင်း၊ (၁၉) ကြိမ်မြောက် အာဆီယံ တပ်မတော် ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေးသို့ တပ်မတော် စစ်ဘက်ရေးရာ လုံခြုံရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် အဖွဲ့ဝင်များကလည်းကောင်း ယခုနှစ် မတ်လ အတွင်း တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း လေ့လာသိရှိရသည်။

(င) အာဆီယံတပ်မတော် (ကြည်း) များ သေနတ်ပစ် ပြိုင်ပွဲ

မြန်မာတပ်မတော် သေနတ်ပစ်အသင်းအနေဖြင့် နှစ်စဉ် ပြုလုပ်သည့် အာဆီယံ တပ်မတော် (ကြည်း) များ သေနတ်ပစ် ပြိုင်ပွဲ (ASEAN Armies Rifle Meet – AARM) သို့

ပုံမှန် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်းလည်း တွေ့ရသည်။

(စ) အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့က ဦးဆောင်၍ (၁၁) ကြိမ်မြောက် အာဆီယံအပေါင်းအကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့အစည်း (11th ADMM– Plus Experts' Working Group on Counter–Terrorism Meeting– EWG on CT Meeting) ကို ၂၀၂၁ ခုနှစ် ဇွန်လ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပကြောင်း လေ့လာသိရှိရသည်။ ထိုအစည်းအဝေးသို့ ADMM–Plus EWG–CT ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသော မြန်မာ့တပ်မတော်နှင့် ရုရှားတပ်မတော် တို့နှင့်အတူ အာဆီယံနိုင်ငံများ၊ အာဆီယံဆွေးနွေးဖက်နိုင်ငံများဖြစ်သော ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ အမေရိကန်နိုင်ငံတို့နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်အဖွဲ့များ ပါဝင်တက်ရောက်သည်။

(ဆ) အခြားပူးပေါင်းဆောင်ရွက်မှုများ

စင်ကာပူနိုင်ငံ ချန်ဂီရေတပ်စခန်းတွင် မလက္ကာရေလက်ကြားအား စောင့်ကြည့်ရန်နှင့် ရေကြောင်းလုံခြုံရေး ပူးပေါင်းဆောင်ရွက်ရန် အာဆီယံ နိုင်ငံအများစုပါဝင်သည့် Information Fusion Center ကို ၂၀၀၉ ခုနှစ်တွင် စတင်ဖွင့်လှစ်ထားပါသည်။ မြန်မာအပါအဝင် ၂၄ နိုင်ငံက ရေတပ်အရာရှိများသည် International Liaison Officer များအဖြစ် ယခုအချိန်ထိ ပုံမှန် သွားရောက် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

(ဇ) အာဆီယံ စစ်ရေးလေ့ကျင့်မှုများ

အာဆီယံ – အမေရိကန် ပူးတွဲ ရေတပ် လေ့ကျင့်ခန်း (ASEAN – US Maritime Exercise – AUMX) အား ၂၀၁၉ ခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် လေ့ကျင့်ခဲ့ပါသည်။ အာဆီယံ – တရုတ် ရေတပ်လေ့ကျင့်ခန်း (ASEAN – China Maritime Field Training Exercise) အားလည်း ၂၀၁၈ ခုနှစ်တွင် ပြုလုပ်ခဲ့ပါသည်။

ASEAN ကို ကျော်လွန်ကြည့်မည်ဆိုပါက အိန္ဒိယရေတပ်က ကမကထပြုလုပ်သည့် MILAN 2022 ရေတပ် လေ့ကျင့်ခန်းတွင်လည်း မြန်မာ့တပ်မတော် (ရေ) မှ စစ်ရေယာဉ်များ ပါဝင်ခဲ့ကြောင်းတွေ့ရသည်။ ထိုလေ့ကျင့်ခန်းမှာ နှစ်နှစ် တစ်ကြိမ်ပြုလုပ်ခြင်း ဖြစ်သည်။ ယခုနှစ် ဖေဖော်ဝါရီလအတွင်း ပြုလုပ်ခဲ့သည့် MILAN 2022 ရေတပ်လေ့ကျင့်ခန်းတွင် နိုင်ငံပေါင်း ၄၀ မှ စစ်ရေယာဉ်များ ပါဝင်လေ့ကျင့်ခဲ့ရာ အမေရိကန်ရေတပ်သည်လည်း ယခုနှစ်တွင် စတင်ပါဝင်လာခဲ့ပါသည်။ မြန်မာနှင့် အိန္ဒိယရေတပ်များသည် နှစ်စဉ် နှစ်နိုင်ငံ ပူးတွဲ ရေကြောင်းကင်းလှည့်ခြင်း (India – Myanmar Coordinated Patrol – CORPAT) ကိုလည်း ပြုလုပ်လျက်ရှိသည်။ ထို့အပြင် ဘင်းမ်စတက် (BIMSTEC – Bay of Bengal Initiative for Multi–Sectoral Technical and Economic Cooperation) အဖွဲ့၏ လေ့ကျင့်ခန်းများတွင်လည်း ပါဝင်လေ့ကျင့်ခဲ့ကြောင်းတွေ့ရသည်။ ရုရှားနိုင်ငံတွင် ပြုလုပ်

သည့် စစ်ရေးလေ့ကျင့်ခန်းများတွင်လည်း မြန်မာ့တပ်မတော်အနေဖြင့် ပါဝင်လေ့ကျင့်ခဲ့ ကြောင်းလည်း လေ့လာသိရှိရသည်။

ထိုသို့ပါဝင်လေ့ကျင့်ခြင်းအားဖြင့် အရာရှိ၊ စစ်သည်များအနေဖြင့် နိုင်ငံတကာ အတွေ့အကြုံသစ်များ ရရှိခြင်း၊ ပြောင်းလဲတိုးတက်လာသည့် မဟာဗျူဟာ၊ နည်းဗျူဟာနှင့် စစ်ဘက်နည်းပညာများနှင့် ထိတွေ့လေ့လာခွင့်ရရှိခြင်း အကျိုးကျေးဇူးများကို ရှိသောကြောင့် စဉ်ဆက်မပြတ် စေလွှတ်ပါဝင် လေ့ကျင့်နေရန် လိုအပ်ပါသည်။

ASEAN ၏ ဝင်စွက်ဖက်မှု

အာဆီယံအဖွဲ့သည် မြန်မာနိုင်ငံအား ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ နောက်ပိုင်းမှသာ ဝင်စွက်ဖက်ခြင်း မဟုတ်ပါ။ ၂၀၁၇ ခုနှစ်အတွင်း ရခိုင်ပြည်နယ် ဘင်္ဂလီအရေးတွင်လည်း ဝင်စွက်ဖို့ ကြိုးစားခဲ့သည်ကို တွေ့ရမည်။ အထူးသဖြင့် ထိုကာလက မလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက်၏ ပြင်းထန်သော စကားများကို ကြည့်က သိနိုင်သည်။ သို့သော် အာဆီယံလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ စင်တာ (AHA) မှ တစ်ဆင့် အကူအညီ လက်ခံခြင်းမှာ ကောင်းမွန်သော အချက်ဖြစ်သည်။

အာဆီယံပဋိညာဉ် (ASEAN Charter) ARTICLE 2, PRINCIPLES တွင် Rrespect for the independence, sovereignty, equality, territorial integrity and national identity of all ASEAN Member States; ဆိုသည့်အချက် ပါဝင်သည်။ နောက်တစ်ချက်မှာ Non-interference in the internal affairs of ASEAN Member States; အဖွဲ့ဝင် နိုင်ငံအချင်းချင်း ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရန်ဆိုသော အချက်မှာ ပါဝင်ပြီး ဖြစ်ပါသည်။

အာဆီယံအနေဖြင့် ထိုအချက်များကို ယခင်က လိုက်နာကောင်း လိုက်နာမည် ဖြစ်သော်လည်း ယခုအခါ ပြောင်ပြောင်တင်းတင်း ချိုးဖောက်သည်ဟု ဆိုနိုင်သည်။ သို့ပေမယ့် ထိုသို့သော ဝင်ရောက်စွက်ဖက်မှုများကြောင့်

“ဥရောပသမဂ္ဂနှင့် မတူညီသည်မှာ အာဆီယံ ၁၀ နိုင်ငံတွင် မတူညီသည့် အုပ်ချုပ်သူ အစိုးရပုံစံ၊ ကိုးကွယ်ရာ ဘာသာများ၊ များပြားသည့် လူမျိုးစု ကွဲပြားမှုများ ဖြစ်သည်။ ဤသည်တို့ကို အခွင့်အရေး တစ်ခုအဖြစ် မှတ်ယူပြီး မိမိနိုင်ငံနှင့် အဆင်ပြေသော ...”

အာဆီယံအဖွဲ့မှ ထွက်ရန်တော့ လိုအပ်မည် မဟုတ်ပါ။

ဥရောပသမဂ္ဂနှင့် မတူညီသည်မှာ အာဆီယံ ၁၀ နိုင်ငံတွင် မတူညီသည့် အုပ်ချုပ်သူ အစိုးရပုံစံ၊ ကိုးကွယ်ရာ ဘာသာများ၊ များပြားသည့် လူမျိုးစု ကွဲပြားမှုများ ဖြစ်သည်။ ဤသည်တို့ကို အခွင့်အရေးတစ်ခုအဖြစ် မှတ်ယူပြီး မိမိနိုင်ငံနှင့် အဆင်ပြေသော၊ အကူအညီပေးနိုင်သော နိုင်ငံများ၏ အားကို ရယူရမည် ဖြစ်သည်။ တစ်ချိန်က ထိုင်းသည် မြန်မာ၏ Potential Enemy ဖြစ်ခဲ့သော်လည်း ယခုအခါ ရင်းနှီးသည့် မိတ်ဆွေနိုင်ငံဖြစ်သည်ကို သတိပြုရမည် ဖြစ်သည်။

BRI နှင့် Indo – Pacific Strategy အားပြိုင်မှု

၂၀၁၄ ခုနှစ်က စတင်ခဲ့သော တရုတ်၏ Belt and Road Initiative (BRI) သည် စီးပွားရေးအရ ပါဝင်သည့်နိုင်ငံများ အကျိုးအတွက် လုပ်ဆောင်သည်ဟု ဆိုသော်လည်း စစ်ရေးအပါအဝင် မဟာဗျူဟာရည်မှန်း ချက်များ ပါဝင်လာနိုင်သည်ကို သတိပြုရမည် ဖြစ်သည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ရေတပ်) သည် ၂၀၃၀ ပြည့်နှစ်တွင် ရေပြာရေတပ် (Blue Water Navy) အဖြစ် မျှော်မှန်းတည်ဆောက်နေသည် ကို တွေ့နိုင်သည်။ ဥပမာအားဖြင့် လေယာဉ်တင်သင်္ဘော တည်ဆောက်မှုသည် (၃) စီးအထိရောက်လာပြီ၊ ကာလတိုအတွင်း တည်ဆောက်နိုင်မှုသည် အံ့သြစရာ ဖြစ်ပါသည်။ တရုတ်အနေဖြင့် အမေရိကန်တို့ကဲ့သို့ပင် လေယာဉ်တင်သင်္ဘောများဖြင့် လေယာဉ်တင်သင်္ဘောတိုက်ခိုက်ရေးအဖွဲ့ (Carrier Strike Group – CSG) များ ဖွဲ့စည်းကာ ကမ္ဘာတစ်လွှားကို ဖြန့်ကြက်စစ်ဆင်နိုင်ရန် လုပ်ဆောင်နေသည်မှာ သိသာထင်ရှားလာသည်။ တရုတ်သည် အိန္ဒိယသမုဒ္ဒရာအား ကျော်လွန်ပြီး အင်အားဖြန့်ကြက်မှု (Power Projection) ပြုလုပ်ရန် ကြိုးပမ်းလျက်ရှိရာ စစ်ရေယာဉ်များ ရိုရုံမရဘဲ ထောက်ပံ့ ပို့ဆောင်ရေး (Logistics) အတွက် ကြားစခန်းများ လိုအပ်လာသည်ကို တွေ့နိုင်သည်။ ဂျာဘူတီ ထောက်ပံ့ ပို့ဆောင်ရေးစခန်း တည်ထောင်ခဲ့ခြင်းမှာ သာဓကပင် ဖြစ်သည်။

အမေရိကန်တို့ကလည်း တရုတ်အား တန်ပြန်ရန်အတွက် လွတ်လပ်ပွင့်လင်းမှု (Free and Open)၊ ဆက်သွယ်ဆက်ဆံမှု (Connected)၊ ကြီးပွားချမ်းသာမှု (Prosperous)၊ လုံခြုံမှု (Secure) နှင့် ဒုပေနာပေခံနိုင်မှု (Resilient) တို့ကို အခြေခံသည့် အင်ဒို – ပစိဖိတ် မဟာဗျူဟာ (Indo – Pacific Strategy) ကို ဖော်ဆောင်လာကြောင်း တွေ့ရှိရသည်။ အမေရိကန်သည် ကမ္ဘာကြီးအား ပေါင်းစည်းကွပ်ကဲမှု ဌာနချုပ် (၇) ခု (တစ်နည်းအားဖြင့် စစ်တိုင်းကြီးများ) အဖြစ် ပိုင်းခြားထားရာ ယခင်က ပစိဖိတ် ကွပ်ကဲမှုဌာနချုပ် (USPACOM) အား အင်ဒို–ပစိဖိတ်ကွပ်ကဲမှုဌာနချုပ် (USINDOPACOM) အဖြစ် ၂၀၁၈ ခုနှစ်တွင် ပြောင်းလဲဖွဲ့စည်း ခဲ့ပါသည်။ ပြောင်းလဲလာသည့် မဟာဗျူဟာနှင့် ကိုက်ညီစေရန် အမည်ပြောင်းလဲ ဖွဲ့စည်းခဲ့ ခြင်း ဖြစ်ပါသည်။

တစ်ချိန်ကလည်း အမေရိကန်သည် အရှေ့တောင်အာရှဒေသတွင် တပ်အခြေစိုက်စခန်းများ (ဥပမာ – ဖိလစ်ပိုင်ရှိ ဆူးဗစ်ပင်လယ်အော်ရေတပ်စခန်း၊ စင်ကာပူမှာ အမြဲတမ်း စစ်ရေယာဉ် ဆိုက်ကပ်ထားခြင်း၊ စတာများရှိ) ထားရှိခဲ့ပါသည်။ ရုရှားအနေဖြင့်လည်း

ၵင်း၏အင်အားကြီးထွားမှုကို ပြသရန် အာရှ – ပစိဖိတ်ဒေသတွင် လာရောက် တပ်စွဲရန် ကြိုးပမ်းနေကြောင်းတွေ့ရသည်။ ဥပမာအားဖြင့် လာအိုတွင် အခြေစိုက်စခန်း ဖွင့်လှစ်ရန် လုပ်ဆောင်နေခြင်း ဖြစ်သည်။ အိန္ဒိယသမုဒ္ဒရာနှင့် တောင်တရုတ်ပင်လယ်ပြင်အတွင်း ဒေသတွင်း အင်အားကြီးနိုင်ငံများသာမက ဒေသအပြင်ဘက်က အင်အားကြီးနိုင်ငံများကပါ ဝင်ရောက် ပြိုင်ဆိုင်လျက်ရှိသည်။ Free and Open Navigation အား အကြောင်းပြ အကာအကွယ်ယူပြီး ဝင်ရောက်လှုပ်ရှားရန် အနောက်အင်အားကြီး နိုင်ငံများက လုပ်ဆောင် လျက်ရှိပါသည်။ ထို့ကြောင့် မိမိတို့နိုင်ငံ၏ ကာကွယ်ရေး ကိုယ်ခံအား ကောင်းမွန်ရန် မဖြစ် မနေလိုအပ်ပါသည်။

အကြံပေးပညာရှင်အဖွဲ့များ (Think Tanks)၊ Track 1.5 နှင့် Track 2 ဒီပလိုမေစီ

အကြံပေးပညာရှင်အဖွဲ့များ (Think Tanks) များသည် Track 1.5 နှင့် Track 2 ဒီပလိုမေစီအတွက် အရေးကြီးပါသည်။ သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့သည် အာဆီယံက အသိအမှတ်ပြုသည့် အကြံပေးပညာရှင်အဖွဲ့ (Think Tank) အနေဖြင့် ၂၀၁၈ ခုနှစ်က စတင် သတ်မှတ်ခံရပါသည်။ Track 1 ဒီပလိုမေစီအရ ဆက်ဆံရေး တင်းမာနေချိန်တွင် Track 1.5 နှင့် Track 2 ဒီပလိုမေစီများက အလုပ်ဖြစ်နေသည် ဆိုသည်ကို လေ့လာတွေ့ရှိ ထားပါသည်။ ထင်ရှားသောသာဓကမှာ ဘင်္ဂလားဒေ့ရှ်နှင့် ဆက်ဆံရေးတင်းမာနေချိန်တွင် အကြံပေးပညာရှင်အဖွဲ့များ (Think Tanks) အနေဖြင့် တွေ့ဆုံဆွေးနွေး အဖြေရှာခဲ့ကြပါ သည်။ လက်ရှိတွင်လည်း သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့အနေဖြင့် ဘင်္ဂလား ပင်လယ်အော် ရေကြောင်းလုံခြုံရေးဆိုင်ရာ အစည်းအဝေးနှင့် အာဆီယံရေကြောင်း လုံခြုံရေး လုပ်ထုံး လုပ်နည်းများဆိုင်ရာ အစည်းအဝေးများကို တက်ရောက်ဆွေးနွေးခွင့် ရနေခြင်း သည် ကောင်းမွန်သော အချက်ဖြစ်ပါသည်။

အာဆီယံ၏ အနာဂတ်

အာဆီယံအဖွဲ့ကြီးအား တစ်စုတစ်စည်းတည်း ဦးဆောင်နိုင်မည့်သူ လက်ရှိကာလ တွင် မရှိပါ။ အာဆီယံ၏ စုပေါင်းဆုံးဖြတ်ချက်များအား အောင်မြင်အောင် အကောင်အထည် ဖော်နိုင်မည့် ခိုင်မာတောင့်တင်းသော အင်စတီကျူးရှင်းများလည်း မရှိပါ။

တရုတ်နှင့် အမေရိကန်တို့၏ အင်ဒို – ပစိဖိတ် ဒေသတွင်း မဟာဗျူဟာ အားပြိုင်မှုမှာ အာဆီယံအတွက်လည်း စိန်ခေါ်မှုများစွာ ဖြစ်ပေါ်လာစေပါသည်။ တရုတ်နှင့် အမေရိကန်တို့၏ မဟာဗျူဟာ အားပြိုင်မှုနှင့်အတူ ပေါ်ပေါက်လာနိုင်သည့် စစ်အေးတိုက်ပွဲသစ်တွင် နိုင်ငံ များအနေဖြင့် ဘက်ရွေးချယ်ရတော့မည် ဖြစ်သည်။

အာဆီယံနိုင်ငံများအနေဖြင့် နိုင်ငံအလိုက် မတူညီသည့် အကျိုးစီးပွားနှင့် ဦးစားပေး အကြောင်းခြင်းရာများ ရှိပါသည်။ နိုင်ငံအလိုက် မိမိတို့ သက်ဆိုင်ရာ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ စိန်ခေါ်မှု များနှင့် ကြုံတွေ့နေရပါသည်။ ထို့ကြောင့် မိမိတို့၏ ပြည်တွင်းရေး ကိုသာ အာရုံစိုက် လုပ်ကိုင်ရမည့် အနေအထားဖြစ်ပါသည်။

အာဆီယံအနေဖြင့် မိမိဒေသတွင်းနှင့် ဒေသပြင်ပ လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကိုလည်း ကြုံတွေ့နေရပါသည်။ ဒေသတွင်းတွင် နယ်နိမိတ်အငြင်းပွားမှုများနှင့် ပဋိပက္ခများ၊ တရားမဝင် ခိုးဝင်မှုများ၊ လူမျိုးရေး ပဋိပက္ခများနှင့် မဲခေါင်မြစ်ဝှမ်း ဧဝပျက်စီးမှုများ စသည်တို့နှင့် ရင်ဆိုင်နေရပါသည်။ အခြားစိန်ခေါ်မှုများမှာ အကျင့်ပျက် ခြစားမှုများ၊ လူမှုပထဝီဝင်ဆိုင်ရာ ပြောင်းလဲမှုများ၊ လူမှုအသိုက်အဝန်း မညီမျှမှုများ၊ စီပွားရေး ဖွံ့ဖြိုးမှု မညီမျှမှုများ၊ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများနှင့် အခြားနိုင်ငံရေးဆိုင်ရာ ပြဿနာများမှာ လက်ရှိနှင့် အနာဂတ်အတွက် စိန်ခေါ်မှုများပင် ဖြစ်သည်။ ထို့အပြင် သမားရိုးကျမဟုတ်သည့် လုံခြုံရေး ခြိမ်းခြောက်မှုတစ်ခု ဖြစ်သော ကိုဗစ် – ၁၉ ကပ်ရောဂါတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုတွင်လည်း အာဆီယံအနေဖြင့် အားနည်းနေသည်ကိုလေ့လာတွေ့ရှိရသည်။

ရုရှား – ယူကရိန်း ပြဿနာ

လက်ရှိကမ္ဘာ့ မီဒီယာများ၏ ခေါင်းကြီးပိုင်းတွင် ခေတ်စားနေသည်မှာ ရုရှား – ယူကရိန်းအရေးပင်ဖြစ်သည်။ ထိုအရေးသည် အာဆီယံအားလည်း တစ်နည်းတစ်ဖုံ ရိုက်ခတ်လျက်ရှိသည်။ ရုရှား – ယူကရိန်း ပြဿနာဖြစ်ပွားနေစဉ်နှင့် အပြီးတွင် ကမ္ဘာ့ အခင်းအကျင်း (World Order) အသစ်တစ်ခု ပေါ်လာနိုင်ပါသည်။ ယခင် ၉/ ၁၁ ဖြစ်စဉ်အပြီးတွင်လည်း ကမ္ဘာ့နိုင်ငံများ၏ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် သံတမန်ရေးရာ အခင်းအကျင်းများ ပြောင်းလဲသွားသည်။ Non – State Actor များ အထူးသဖြင့် အကြမ်းဖက်သမားကြောင့် ပြောင်းလဲသွားခြင်းများလည်း ပါဝင်ပါသည်။ ယနေ့ ကမ္ဘာ့ အရေးအခင်းများ အား သုံးသပ်ကြည့်လျှင် တစ်နိုင်ငံတည်း ရပ်တည်၍မရနိုင်သည်မှာ ပိုမိုထင်ရှားလာပါသည်။ ကမ္ဘာ့ အင်အားကြီးနိုင်ငံများ၏ ပြိုင်ဆိုင်မှုသည် အာရှ – ပစိဖိတ်ဒေသမှာ ပိုမိုပြင်းထန်လာဖွယ်ရှိပါသည်။ Collective Security Organzation များလည်း ပိုမိုပေါ်ထွန်းလာနိုင်သည်။ မိမိတို့ နိုင်ငံသည်

“အာဆီယံနိုင်ငံများအနေဖြင့် နိုင်ငံအလိုက် မတူညီသည့် အကျိုးစီးပွားနှင့် ဦးစားပေးအကြောင်းခြင်းရာများ ရှိပါသည်။ နိုင်ငံအလိုက် မိမိတို့သက်ဆိုင်ရာ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရပါသည်။ ထို့ကြောင့် မိမိတို့၏ ပြည်တွင်းရေးကိုသာ အာရုံစိုက် လုပ်ကိုင်ရမည့် အနေအထား ဖြစ်ပါသည်”

ရုရှားနှင့် မဟာဗျူဟာ မိတ်ဖက်နိုင်ငံ ဖြစ်ပါသည်။ သို့သော် ယူကရိန်းနှင့်လည်း ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများ ရှိနေသည်ကို သတိပြုရမည် ဖြစ်သည်။ မိမိနိုင်ငံ၏ နိုင်ငံခြားရေး မူဝါဒအတိုင်း ဆက်လက်ကျင့်သုံးသွားရမည် ဖြစ်ပါသည်။

နိဂုံး

နိဂုံးချုပ်အနေဖြင့် အောက်ပါအချက်များကို အကြံပြုလိုပါသည် –

(၁) အာဆီယံ၏ Consensus အား အချက်အားလုံး လက်ခံလုပ်ဆောင်ရန်မလိုအပ်ပါ။ အချုပ်အခြာအာဏာပိုင်မှု၊ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားလုံခြုံရေးကို ကျော်လွန်သည့် တောင်းဆိုမှု၊ ဖိအားပေးမှုများကို လက်ခံရန် မလိုအပ်ပါ။

(၂) အာဆီယံမှ အမှန်တကယ် နုတ်ထွက်ရန် မလိုအပ်ပါ။ သို့သော် လိုအပ်လာလျှင် ပြင်းထန်သည့် သံတမန်ရေးရာ တုံ့ပြန်မှုမျိုး လုပ်ဆောင်သင့်သည်။

(၃) နိုင်ငံခြားရေးမူဝါဒသည် ဘက်မလိုက်မူဝါဒနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေး မူကြီး (၅) ချက်ကို လက်ခံကျင့်သုံးနေသည် ဖြစ်သော်လည်း မိမိအတွက် အမှန်တကယ် အကျိုးရှိစေမည့် နိုင်ငံများဘက်သို့ ပိုမို အလေးထားသင့်သည်။

(၄) Track 1.5 နဲ့ Track 2 ဒီပလိုမေစီ ကို အားကောင်းအောင် ပြုလုပ်သင့်ပါသည်။

(၅) အာဆီယံအတွင်း လက်ရှိ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအား ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါမည်။ ဥပမာ အကျွမ်းတဝင်ဖြစ်သော အာဆီယံကြည်းတပ် ဦးစီးချုပ်များ အစည်းအဝေးနှင့် အာဆီယံ ကြည်းတပ်များ သေနတ်ပစ်ပြိုင်ပွဲ ASEAN Armies Riles Meet (AARM) များကို အလှည့်ကျပါက အစဉ်အလာမပျက် လက်ခံ ကျင်းပဖို့ လိုပါသည်။

(၆) အာဆီယံကို ကျော်လွန် (Beyond ASEAN) စဉ်းစားသင့်ပါသည်။ အာဆီယံအနေဖြင့် Collective Security Organization တစ်ခုဖြစ်သည့် ရုရှ်ဟိုင်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ (Shanghai Cooperation Organization – SCO) တွင် ဧည့်ဖိတ်ကြားခံအဖြစ် ပါဝင်နေသော်လည်း မြန်မာအနေဖြင့် SCO တွင် အနည်းဆုံး လေ့လာသူအဖြစ် ပါဝင်သင့်ပါသည်။

(၇) နောက်ဆုံးနှင့် အရေးအကြီးဆုံးအချက်မှာ အမျိုးသား လုံခြုံရေး မဟာဗျူဟာတစ်ရပ် (National Security Strategy) ရေးဆွဲအကောင်အထည် ဖော်သင့်သည်။ ထိုမှသာ မိမိတို့နိုင်ငံတွင် အရေးပေါ်အခြေအနေတစ်ရပ်ရပ် ကြုံတွေ့လာတိုင်း စနစ်တကျ တုံ့ပြန် လုပ်ဆောင်သွားနိုင်မည် ဖြစ်ပါသည်။

ဒေါက်တာနိုင်ဆွေဦး

ဘူးသီးဖို့ကအရင် အရီးတော်ဖို့ကနောက်

auwmEkdvifh

“အာဆီယံအဖွဲ့အတွင်းမှာလည်း တရုတ်နိုင်ငံနှင့်နီးစပ်သည့်
အာဆီယံနိုင်ငံများနှင့် အမေရိကန်နိုင်ငံနှင့်နီးစပ်သည့်
အာဆီယံနိုင်ငံများဟူ၍ ကွဲပြားနေသကဲ့သို့ ဖြစ်နေသည်။
ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ
မြန်မာနိုင်ငံအနေဖြင့် ပြင်ပကမ္ဘာနှင့် ထိတွေ့ဆက်ဆံရာတွင်
အာဆီယံမှာ Focal ဖြစ်နေသည်”

အာဆီယံအသင်းကို ၁၉၆၇ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံက ၁၉၉၇ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံသည် တပ်မတော်အစိုးရက စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်နေသည့်ခေတ် ဖြစ်သည်။ ယခုဆိုလျှင် မြန်မာနိုင်ငံ အာဆီယံအသင်းဝင်ဖြစ်ခဲ့သည်မှာ ၂၅ နှစ်ထဲ ရောက်ရှိနေပြီ ဖြစ်သည်။ အာဆီယံအသင်းဝင် ဖြစ်ခဲ့သည့် ကာလတစ်လျှောက် လက်ရှိ မြန်မာနှင့် အာဆီယံဆက်ဆံရေးမှာ အနိမ့်ဆုံး အခြေအနေကို ရောက်ရှိနေသည်ဟု ဆိုနိုင်သည်။

၂၀၂၀ရွေးကောက်ပွဲမဲသမားမှုများအပေါ် ဖြေရှင်းပေးရန် တပ်မတော်နှင့် နိုင်ငံရေးပါတီအချို့၏ တောင်းဆိုချက်များကို ထိုစဉ်က ရွေးကောက်ပွဲကော်မရှင် အပါအဝင် အာဏာရအစိုးရက ငြင်းဆန်ခဲ့ကြပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်အာဏာကို ရယူထိန်းသိမ်းခဲ့သည်။ ထိုစဉ်ကစ၍ အာဆီယံနှင့် မြန်မာဆက်ဆံရေးသည် ယိုယွင်းလာခဲ့ခြင်း ဖြစ်သည်။

လက်ရှိတွင် အာဆီယံအသင်းသည် မြန်မာနိုင်ငံကို အာဆီယံထိပ်သီး အစည်းအဝေးနှင့် နိုင်ငံခြားရေးဝန်ကြီးများအဆင့် အစည်းအဝေးများ၌ နိုင်ငံရေးရာထူးအဆင့် မဟုတ်သည့် ကိုယ်စားလှယ်ကိုသာ တက်ခွင့်ပြုထားသည်။ အာဆီယံသမိုင်းတစ်လျှောက် မရှိခဲ့ဘူးသည့် အစဉ်အလာတစ်ခုလည်း ဖြစ်သည်။ အကြောင်းပြချက်မှာ မြန်မာသည် အာဆီယံ၏ ဘုံသဘော တူညီချက် (၅) ရပ်ကို အကောင်အထည်ဖော်ခြင်း မရှိ၍ဟူသည်။

သည်နေရာတွင် အာဆီယံ၏ဖြတ်သန်းခဲ့သော သမိုင်းကြောင်းကို ပြန်ငဲ့ကြည့်ကြဖို့ လိုသည်။

အာဆီယံအသင်း တည်ထောင်စဉ်က ကွန်မြူနစ်စနစ်ကို တိုက်ထုတ်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ သို့သော် နောက်ပိုင်းတွင် ကွန်မြူနစ်ဗီယက်နမ်နိုင်ငံပါ အသင်းဝင် ဖြစ်လာခဲ့သည်။

အိမ်နီးချင်း ထိုင်းနိုင်ငံတွင် အာဏာသိမ်းမှု အကြိမ်ကြိမ် ဖြစ်ခဲ့သည်။ သို့သော် အာဆီယံအနေနှင့် ဟန်ဆောင်ပန်ဆောင် ပြောခဲ့သည်မှလွဲ၍ လေသံပြင်းပြင်းပင် မဟခဲ့ပါ။ အခြားအာဆီယံနိုင်ငံများတွင်လည်း ပြည်တွင်းနိုင်ငံရေးပြဿနာပေါင်း သောင်းခြောက်ထောင် ရှိခဲ့သည်။ အာဆီယံက ဘာများကြီးကြီးကျယ်ကျယ်ပြောခဲ့သနည်း။

သည်နေရာတွင်ပြောလိုသည်မှာ အာဆီယံအသင်းဝင်ဆိုသည်မှာ နိုင်ငံကို လက်ခံခြင်း ဖြစ်သည်။ အစိုးရတစ်ရပ်၊ လူပုဂ္ဂိုလ်တစ်ဦးကိုမဟုတ်သည်ကို အာဆီယံခေါင်းဆောင်များ သိပြီးဖြစ်သည်။ ဘာကြောင့်များ အသိခက်ခက် အဝင်နက်ဖြစ်နေကြသနည်း။ ယနေ့ မြန်မာအပေါ် အာဆီယံပြုမူနေပုံမှာ အစိုးရတစ်ရပ်ကို ပြဿနာရှာနေခြင်းထက် နိုင်ငံတော်နှင့် ပြည်သူကို ထိခိုက်အောင် ပြုလုပ်နေသကဲ့သို့ ဖြစ်နေသည်။ နိုင်ငံပေါင်းစုံသည် စနစ်ပေါင်းများစွာကို ဖြတ်သန်းခဲ့ကြသည်။ ပိုမိုကောင်းမွန်သည်ဟု ယူဆသည့် စနစ်များကို ရှာဖွေနေကြသည်။ အာဆီယံပဋိညာဉ်ကို ဖတ်ကြည့်ပါက အာဆီယံအသင်းသည် သွားမပါသည့် ကျားကဲ့သို့ ဖြစ်နေသည်။ အာဆီယံက ကွဲပြားခြားနားမှု diversity များသည်။ ဒီမိုကရေစီနိုင်ငံ၊ ဘုရင့်နိုင်ငံ၊ ကွန်မြူနစ်နိုင်ငံ၊ ဒီမိုကရေစီအမည်ခံထားသော်လည်း တစ်ပါတီတည်းက

နှစ်ပေါင်းများစွာ အုပ်ချုပ်နေသည့်နိုင်ငံ စသည်ဖြင့် ရှိသည်။ ဘာကြောင့်များ အနူတောထဲက လူချောတွေ ဖြစ်ချင်နေကြသနည်း။

အမေရိကန်နှင့်တရုတ်တို့၏ ဆက်ဆံရေး တင်းမာမှုများ၊ အမေရိကန်နှင့် အနောက်အုပ်စု၏ ရန်လိုသော အာရှပစိဖိတ်မဟာဗျူဟာများအပါအဝင် အမေရိကန်၏နိုင်ငံခြားရေး မူဝါဒများကြောင့် အာဆီယံသည် မူလအခြေခံသဘောတရားများမှ သွေဖည်လာသည်။ သွေးခွဲခံလာရသည်။ ထိုအချိန်တွင် မြန်မာတပ်မတော်က အာဏာထိန်းမှုဖြစ်စဉ်နှင့် သွား၍ ကြုံသည်။ ဆက်စပ်တွေးကြည့်လျှင် စဉ်းစားစရာတွေ အများကြီးဖြစ်သည်။

တစ်ဖက်တွင်လည်း မြန်မာအနေဖြင့်လည်း မိမိကိုယ်ကို ပြန်လည်ဆန်းစစ်မှု ပြုလုပ်သင့်ပါသည်။ ကိုယ်ညံ့ရင် ကိုယ်ခံရမည် ဖြစ်သည်။ ကိုယ်ပြဿနာ ကိုယ်ရှင်းရမည် ဖြစ်သည်။ ချီးမွမ်း (၇) ရက် ကဲ့ရဲ့(၇) ရက်ထုံး နှလုံးမူရမည် ဖြစ်သည်။ ခိုင်ခိုင်မာမာ ရပ်တည်သင့်သည့် နေရာတွင် ခိုင်ခိုင်မာမာ ရပ်တည်ရမည်၊ ထိတွေ့ဆက်ဆံမှု ပြုလုပ်သင့်သည့်နေရာတွင် ထိတွေ့ဆက်ဆံမှု ပြုလုပ်ရမည် ဖြစ်သည်။

မြန်မာနိုင်ငံသည် မဟာဗျူဟာမြောက် အရေးပါသည့်နိုင်ငံ ဖြစ်သည် ဟု ပြောကြ၊ ဆိုကြသည်များက လည်း အငြင်းပွားစရာဖြစ်သည်။ ယခင်က ဥရောပသားများ လာခဲ့သည်မှာ မြန်မာနိုင်ငံမဟုတ်ပါ။ အိန္ဒိယကို လာခဲ့ကြခြင်းသာ ဖြစ်သည်။ သို့သော် တရုတ်နိုင်ငံအတွက်မူ မြန်မာနိုင်ငံသည် မဟာဗျူဟာမြောက် နေရာတွင် ရှိပါသည်။ ၁၉၉၇ ခုနှစ်တွင် မြန်မာနိုင်ငံကို အာဆီယံထဲ ဆွဲသွင်းခဲ့သည်မှာ တရုတ်နိုင်ငံကို စိုးရိမ်ကြောက်ရွံ့၍ ဖြစ်သည်။ မြန်မာနိုင်ငံသည်လည်း နိုင်ငံတကာဖိအားကြောင့် တရုတ်ဘက် ပိုယိမ်းသွားခဲ့သည်။ တရုတ်နိုင်ငံကို စိုးရိမ်ကြောက်ရွံ့ကြခြင်းမှာ လူဦးရေ၊ ယဉ်ကျေးမှုနှင့် စီးပွားရေး ဖွံ့ဖြိုးမှုကို စိုးရိမ်ကြောက်ရွံ့ခြင်း ဖြစ်သည်။

စီးပွားရေးအရကြည့်ပါက မြန်မာတွင် လုပ်အားသာရှိသည်။ ကုန်ထုတ်လုပ်မှု အားနည်းနေသည်။ ထိုင်း

“ချီးမွမ်း (၇) ရက် ကဲ့ရဲ့(၇)ရက်ထုံး နှလုံးမူရမည် ဖြစ်သည်။ ခိုင်ခိုင်မာမာ ရပ်တည်သင့်သည့် နေရာတွင် ခိုင်ခိုင်မာမာ ရပ်တည်ရမည်၊ ထိတွေ့ ဆက်ဆံမှု ပြုလုပ်သင့်သည့် နေရာတွင် ထိတွေ့ ဆက်ဆံမှု ပြုလုပ်ရမည် ဖြစ်သည်”

နှင့်မတူသည်မှာ ယင်းအချက်က အဓိကဖြစ်သည်။ ခေတ်စကား နှင့်ဆိုရလျှင် အာဆီယံအတွက် မြန်မာတွင် မက်လောက်စရာ ဘာမှမရှိသကဲ့သို့ ဖြစ်နေသည်။ သို့သော် တရုတ်ဘက် ပါသွားမှာကိုမူ စိုးရိမ်ကြသည်။ တရုတ်နိုင်ငံအတွက်မူ သူ့တွင် အာဖရိက ရှိသည်၊ မြန်မာ ရှိသည်။

အာဆီယံအဖွဲ့အတွင်းမှာလည်း တရုတ်နိုင်ငံနှင့် နီးစပ်သည့် အာဆီယံနိုင်ငံများနှင့် အမေရိကန်နိုင်ငံနှင့် နီးစပ်သည့် အာဆီယံနိုင်ငံများဟူ၍ ကွဲပြားနေသကဲ့သို့ ဖြစ်နေသည်။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ မြန်မာနိုင်ငံအနေဖြင့် ပြင်ပကမ္ဘာနှင့် ထိတွေ့ ဆက်ဆံရာတွင် အာဆီယံမှာ Focal ဖြစ်နေသည်။ လေ့လာကြည့်လျှင် အာဆီယံနှင့် ရရှိထားသည့် Five Points Consensus မှာ အလွန်တင်းကျပ်ခြင်းမျိုး မရှိပါ။ ဘောင်အတွင်းက လှုပ်ရှားကစား၍ ရနိုင်သည်။ ယူတတ်သော် ရ၏။ အဖွဲ့အစည်း အတော်များများက ယင်းအချက်ကို ထောက်ခံထားကြသည်။ တရုတ်နိုင်ငံဘက် လှည့်ကြည့် ပါကလည်း ယူကရိန်းကိစ္စတွင် Dialogue ကို အားပေးသည်ကိုတွေ့ရသည်။ အကြမ်းဖက်မှုကို အားမပေးဘဲ သူ့ကိုယ်သူ ကာကွယ်နေခြင်းမျိုး ဖြစ်သည်။ အရေးပေါ်လာလျှင် တရုတ်က ဘယ်လို ရပ်တည်မလဲ။

ပုံမှန်အခြေအနေကို ရောက်ရှိရန်အတွက် မီဒီယာကဏ္ဍကိုလည်း မေ့ထား၍မရပါ။ သို့သော် နိုင်ငံလေးများအနေဖြင့် နိုင်ငံကြီးများ၏ မီဒီယာကို မကျော်နိုင်ကြပါ။ နိုင်ငံရေး ပြဿနာကို ကိုင်တွယ်ဖြေရှင်းရာတွင် မီဒီယာကဏ္ဍကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ သို့ရာတွင် မီဒီယာတိုးတက်ရေးက ပြောသလောက်မလွယ်။

တစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားတစ်နိုင်ငံက ဝင်ရောက် မစွက်ဖက်ရေး ပြောကြ ဆိုကြသော်လည်း စွက်ဖက်လိုပါက R2P လိုမျိုး၊ Humanitarian Intervention လို ခေါင်းစဉ်အောက်က စွက်ဖက်လာတတ်ကြသည်။ Non-Interference ဆိုသည်မှာ စကားလုံးအား ဖြင့်သာ ရှိသည်။

"တစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားတစ်နိုင်ငံက ဝင်ရောက် မစွက်ဖက်ရေး ပြောကြ ဆိုကြသော်လည်း စွက်ဖက်လိုပါက R2P လိုမျိုး၊ Humanitarian Intervention လို ခေါင်းစဉ်အောက်က စွက်ဖက် လာတတ်ကြသည်။ Non-Interference ဆိုသည်မှာ စကားလုံးအား ဖြင့်သာ ရှိသည်"

တွင် စံနှုန်းနှစ်မျိုး ကျင့်သုံးနေကြသည်။ မိမိဘက်က လည်း Proactive ဖြစ်ရန် လိုအပ်သည်။ ဖြစ်လာမှ တို့ပြန်သည့် Reactive ချည်း လုပ်နေ၍မရပါ။ သူခုတ် တာ စောင့်မနေဘဲ ကိုယ်ကလည်း ထွက်ခုတ်ရန် လိုအပ်သည်။

အစိုးရဌာနအချင်းချင်းကြားမှာလည်း ညှိနှိုင်း ဆောင်ရွက်မှု အားကောင်းဖို့ လိုအပ်သည်။ လက်ရှိ အခြေအနေကို ကျော်လွှားရန် ဘက်စုံချဉ်းကပ်မှု မရှိ ဘဲ ဆန်စင်ရာ ကျည်ပွေ့ လိုက်နေ၍မဖြစ်ပါ။ ချိတ်ဆက် မှုအားကောင်းပြီး မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများကို ချုံ့ပစ်ရန် လိုအပ်ပါသည်။ ထိတွေ့ဆက်ဆံမှုကို ထိထိ ရောက်ရောက် လုပ်နိုင်ပါက မြန်မာနိုင်ငံ ပုံမှန် လမ်း ကြောင်းပေါ်သို့ ပြန်ရောက်နိုင်ပါသည်။

ယနေ့ အာဆီယံ၏ မြန်မာအပေါ်ပြုမူဆက်ဆံ ပုံမှာ လူမလေးခွေးမခန့်လုပ်သည့် ပုံစံမျိုးဖြစ်နေသည်။ ယင်းမှာ အာဆီယံပြဿနာချည်းမဟုတ်။ ဘူးမသီး၍ အရီးမတော်ခြင်းသာဖြစ်သည်။ ဘူးသီးအောင် လုပ် ကြရမည်။ ဘူးသီးလျှင် အရီးတော်ချင်သူတွေ များလာ ကြပါလိမ့်မည်။

ကြောင်ဆိုသည်မှာ ဖြူသည်၊ မည်းသည်က အဓိကမကျ။ ကြွက်ခုတ်ဖို့က အဓိက ဆိုသည့်အတိုင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် လုပ်ကြရန်လိုပါလိမ့် မည်။ စီးပွားရေး တိုးတက်လာပါက ကျွဲကူးရေပါဆို သကဲ့သို့ အခြားသောပြဿနာများလည်း အထိုက် အလျောက်ပြေလည်လာမည်သာဖြစ်သည်။ အိမ်နီးချင်း တရုတ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုကိုကြည့် ပါက အလွယ်မြင်နိုင်ပါသည်။ တိန့်ရှောင်ဖိန်သည် မော်စီတုံးနှင့် တစ်ပါတည်း ပါလာခဲ့သူဖြစ်သည်။ မော်စီတုံးနှင့် ကွန်မြူနစ်ပါတီအပေါ် သစ္စာရှိသူ ဖြစ် သည်။ လက်တွေ့ကျသော တရုတ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို လမ်းဖောက်ခဲ့သူဖြစ် သည်။ ယနေ့ တရုတ်နိုင်ငံ၏ အံ့မခန်းစီးပွားရေးတိုးတက်မှုကို မြင်တွေ့နေကြရသည်။

စီးပွားရေးကို စိတ်ဝင်စားသည့် နိုင်ငံ့ ခေါင်းဆောင်များ ပေါ်ထွန်းမှသာ နိုင်ငံ ဖွံ့ဖြိုး တိုးတက်

“အာဆီယံ ပြဿနာချည်း မဟုတ်။ ဘူးမသီး၍ အရီးမတော်ခြင်းသာ ဖြစ်သည်။ ဘူးသီးအောင်လုပ်ကြရမည်။ ဘူးသီးလျှင် အရီးတော်ချင်သူတွေ များလာကြပါလိမ့်မည်”

နိုင်မည်ဖြစ်သည်။ တက်လာသည့်အစိုးရတိုင်းသည် မဟာဗျူဟာကျသော ရောင်းကုန်များကို စဉ်းစားရန်လိုအပ်သည်။ ကိစ္စအားလုံးအတွက် စီးပွားရေးမှာ အဓိကကျသည်။ ကိုယ့်ပစ္စည်း မရောင်းရသော်လည်း သူများပစ္စည်းက ဝင်လာမစဲပင်ဖြစ်သည်။ စီးပွားရေးကို ခပ်သွက်သွက် ခပ်မြန်မြန် လက်တွေ့ကျကျလုပ်ပါက ဘူးသီးများ သီးလာနိုင်မည်ဖြစ်သည်။

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အာဆီယံနှင့်ဆက်ဆံရာတွင် အထူးကိုယ်စားလှယ် (Special Envoy) တစ်ဦးခန့်ထားပြီး သီးခြားရုံးအဖွဲ့ ထားရှိဆောင်ရွက်သင့်သည်။ လေ့ကြီးထိုး ရိုးရိုးမသွားသင့်တော့ ဟုမြင်သည်။ အလွန်အကျွံ ဖိအားပေးလာပါက တခြားနည်းလမ်းစဉ်းစားခြင်းမျိုးလည်း ရှိသင့်ပါသည်။ အများပြည်သူ၏ ထင်မြင်ယူဆချက် Public perception ကို ပြောင်းနိုင်သည့် မီဒီယာကဏ္ဍကိုလည်း အာရုံစိုက်ဆောင်ရွက်ရန် လိုအပ်သည်။ ယင်းတို့နှင့်ဆက်စပ်၍ အမျိုးသား လုံခြုံရေးဆိုင်ရာ မဟာဗျူဟာတစ်ရပ်ကိုလည်း ရေးဆွဲအကောင် အထည်ဖော်ရန် လိုအပ်ပါသည်။ အဓိကက ဘူးသီးဖို့ဖြစ်သည်။ ကြောင် ဖြူဖြူ၊ မည်းမည်း ကြွက်ခုတ်ဖို့ဖြစ်သည်။ အချိန်တန်လျှင် အရီးတော်သူတွေ ပေါ်လာကြပါလိမ့်မည်။

ကျော်နိုင်တင့်

သမိုင်းအတွေ့အကြုံများမှ သင်ခန်းစာ ယူတတ်ရမည်

zkdmZm

“ သမိုင်းပညာ၏ အန္တိမရည်မှန်းချက် သို့မဟုတ်
သမိုင်းပညာ၏ သဘော သဘာဝက ဘာဖြစ်သည်ကိုလည်း
ငြင်းခုံကြလေ့ရှိသလို မျက်မှောက်ရင်ဆိုင်နေရသည့်
ပြဿနာများကို မှန်ကန်စွာ ရှုမြင် သုံးသပ်ပြီး
အသုံးချနိုင်ခြင်းရှိမှုအပေါ်လည်း ငြင်းခုံကြရလေ့ရှိပါသည်။
မည်သို့ပင်ဆိုစေကာမူ ဖြစ်ရပ်များပေါ်ပေါက်ခဲ့သည့်အချိန်က
အချက်အလက်မှန်များကိုကား လုံးဝလျစ်လျူရှု၍ မရပါချေ။
အချက်အလက်မှန်များကို မျက်ကွယ်ပြုလျက်
မိမိ ခံစားချက်ဖြင့် ပြောဆို ရေးသားချက်များသည်
လူကြိုက်များစေဦးတော့ သမိုင်းတန်ဖိုး မရှိပေ ”

သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းက "မအ အောင် သမိုင်းသင်ရမယ်" ဟု ပြောဖူးသည်။ သမိုင်းဆိုသည်မှာ လူသားတို့၏ အတိတ်ကာလကို လေ့လာသော ဘာသာရပ်ဖြစ်သည်။ စာရေးသားခြင်းကို တီထွင်ပြီးသည့်နောက်တွင် စာပေအက္ခရာဖြင့် သမိုင်းမှတ်တမ်းတင်မှု ပေါ်ပေါက်လာသည်ဟုလည်း ဆိုနိုင်သည်။ သမိုင်းဘာသာရပ်တွင် အတိတ်က ဖြစ်ရပ်ဇာတ်ကြောင်းများကို ခိုင်မာသည့်အချက်အလက်များ ရှာဖွေကာ လေ့လာသုံးသပ်ခဲ့ခြင်းစိတ်ဖြာပြီး၊ မည်သည့်အကြောင်းကြောင့် မည်သို့အကျိုးသက်ရောက်ခဲ့ရသည်ကို ပညာရပ်ဆန်ဆန်ချဉ်းကပ်သည့် စည်းမျဉ်းလည်းပါရှိသည်။ သမိုင်းပညာရှင်များအနေဖြင့် မည်သည့်အဖြစ်အပျက်တစ်ခုကို မည်သည့်ဇာတ်ကြောင်းက အကောင်းဆုံးရှင်းပြနိုင်သည်ဆိုသည့်အပေါ် မကြာခဏ ငြင်းခုံကြလေ့ရှိသည်။ ထို့ပြင် ခြားနားကွဲပြားသော အကြောင်းနှင့်အကျိုးဆက်များ၏ အရေးပါအရာရောက်မှုကိုလည်း ငြင်းခုံကြလေ့ရှိသည်။ သမိုင်းပညာ၏ အန္တိမရည်မှန်းချက် သို့မဟုတ် သမိုင်းပညာ၏ သဘော၊ သဘာဝက ဘာဖြစ်သည်ကိုလည်း ငြင်းခုံကြလေ့ရှိသလို မျက်မှောက်ရင်ဆိုင်နေရသည့် ပြဿနာများကို မှန်ကန်စွာ ရှုမြင်သုံးသပ်ပြီး အသုံးချနိုင်ခြင်းရှိမှုအပေါ်လည်း ငြင်းခုံကြရလေ့ရှိပါသည်။ မည်သို့ပင်ဆိုစေကာမူ ဖြစ်ရပ်များပေါ်ပေါက်ခဲ့သည့်အချိန်က အချက်အလက်မှန်များကိုကား လုံးဝလျစ်လျူရှု၍ မရပါချေ။ အချက်အလက်မှန်များကို မျက်ကွယ်ပြုလျက် မိမိ ခံစားချက်ဖြင့် ပြောဆို ရေးသားချက်များသည် လူကြိုက်များစေဦးတော့ သမိုင်းတန်ဖိုး မရှိပေ။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ အရေးပေါ်အခြေအနေ ကြေညာပြီး တပ်ကအာဏာလွှဲယူလိုက်သည့်ဖြစ်စဉ်သည် ၁၉၅၈ ခုနှစ်က အလားတူဖြစ်ပွားခဲ့သည့် ဖြစ်စဉ်လိုချောချောမွေ့မွေ့မဖြစ်ခဲ့ပါ။ ထိုသို့ မဖြစ်ခဲ့သည့်အတွက်လည်း မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ပြင်းထန်သော သွေးထွက်သံယို ပဋိပက္ခများ နောက်ဆက်တွဲ ဖြစ်ပေါ်လာခဲ့ပါသည်။ နိုင်ငံသားအများအပြား သေကျေ ထိခိုက်အနာတရဖြစ်ကြရသည်မှာ မည်သည့်နည်းနှင့်မျှ ကောင်းသော ကိစ္စမဟုတ်ပါ။ နိုင်ငံ၏ စီးပွားရေး ဆုတ်ယုတ်ပျက်စီးသွားသကဲ့သို့၊ နိုင်ငံသူနိုင်ငံသားအားလုံး၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး အားလုံးဆုတ်ယုတ်ခဲ့ပါသည်။ သို့ဖြစ်ရာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့ဖြစ်ရပ်သည် ၁၉၅၈ ခုနှစ်ကကဲ့သို့ အဘယ်ကြောင့် ညင်ညင်သာသာ မဖြစ်ခဲ့ခြင်းကို နှိုင်းယှဉ်လေ့လာသုံးသပ် လိုပါသည်။ ပထမပိုင်းအနေဖြင့် ၁၉၅၈ ခုနှစ်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို အာဏာလွှဲပြောင်းပေးမှုနှင့် သက်ဆိုင်သော သမိုင်းပညာရှင်တို့ မှတ်တမ်းတင်ရေးသားထားချက်များမှ ကောက်နုတ်တင်ပြပါမည်။ ဒုတိယပိုင်းအနေဖြင့် ဖေဖော်ဝါရီလ ၁ ရက်နေ့ အရေးပေါ် ကြေညာချက်ထုတ်ပြန်ကာ တပ်မတော်က အာဏာလွှဲယူလိုက်သည့်ကိစ္စနှင့် နောက်ခံအကြောင်းခြင်းရာများကို တင်ပြသွားပါမည်။

နောက်ခံအခြေအနေ

ဖဆပလခေတ်တွင် အထွေထွေရွေးကောက်ပွဲနှစ်ကြိမ် (၁၉၅၁-၅၂ နှင့် ၁၉၅၆) ကျင်းပခဲ့ပြီး နှစ်ကြိမ်လုံး ဖဆပလ အဖွဲ့ချုပ်ကပင် အပြတ်အသတ်အနိုင်ရခဲ့သည်။

ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဖြစ်ပွားနေသဖြင့် ၁၉၅၁ ခုနှစ်ဇွန်လတွင် စတင်

ကျင်းပသောရွေးကောက်ပွဲသည် ၁၉၅၂ ခုနှစ် ဧပြီလအထိ ကြာမြင့်ခဲ့သည်။ ရွေးကောက်ပွဲတွင် လွှတ်တော်အမတ်နေရာ ၂၅၀ အနက် ၁၉၉ နေရာအထိ ဖဆပလအဖွဲ့ချုပ်က အနိုင်ရခဲ့ကာ၊ ဝန်ကြီးချုပ်အဖြစ် ဦးနုနှင့် သမ္မတအဖြစ် ဦးဘဦးကိုတင်မြောက်သည်။

၁၉၅၆ ခုနှစ်ကျင်းပသည့် အထွေထွေရွေးကောက်ပွဲတွင်လည်း ဖဆပလအဖွဲ့ချုပ်ကပင် လွှတ်တော်အမတ်နေရာ ၂၄၀ အနက် ၁၄၄ နေရာအထိအနိုင်ရခဲ့ပြီး၊ ပမညတ (NUF) ခေါ် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညီညွတ်ရေးတပ်ပေါင်းစုက အမတ်နေရာ ၄၇ နေရာ အနိုင်ရခဲ့သည်။

သမ္မတအဖြစ် ဦးဝင်းမောင်ရွေးချယ်ခံရပြီး၊ ဦးနုကပင် ဝန်ကြီးချုပ်အဖြစ် ဆက်လက် တာဝန်ထမ်းဆောင်သည်။ သို့ရာတွင် ရွေးကောက်ပွဲအနိုင်ရပြီးနောက် ၁၉၅၆ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် ဦးနုသည် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခဲ့ပြီး ဦးဗဆွေကို ဝန်ကြီးချုပ်အဖြစ် တာဝန်ပေးထားခဲ့သည်။ သူက ခွင့်ယူပြီး တရားထိုင်ခြင်း၊ စာရေးခြင်းများ ပြုလုပ်လျက်ရှိရာ အစိုးရအဖွဲ့၏ဆုံးဖြတ်ချက်များကို သူ့ထံပေးပို့အတည်ပြုချက်ယူရသည်။ တစ်ခါတစ်ရံ ဦးနုနှင့်ဆက်သွယ်ရန် ခက်ခဲနေသည့်အတွက် အစိုးရအဖွဲ့၏ဆုံးဖြတ်ချက်များ နှောင့်နှေးကြန့်ကြာခဲ့မှုများလည်း ရှိခဲ့သည်။

၁၉၅၇ ခုနှစ်နှစ်ဦးပိုင်းကာလ၊ တစ်နေ့တွင် ဝန်ကြီးချုပ်အိမ်၌ ဦးကျော်ငြိမ်း၊ ဦးဗဆွေနှင့် ဗိုလ်ချုပ်နေဝင်းတို့အတူရှိနေစဉ် ဗိုလ်ချုပ်နေဝင်း၏ မိတ်ဆွေ ဦးလှမောင်က အကြံတစ်ခုပေးသည်။ ဦးလှမောင်၏အကြံမှာ ဦးနုကို ဝန်ကြီးချုပ်မလုပ်စေတော့ဘဲ၊ တရုတ်ကွန်မြူနစ်ပါတီဥက္ကဋ္ဌကြီး မော်စီတုံးကဲ့သို့ ပါတီဥက္ကဋ္ဌရာထူးကိုသာရယူရန်ဖြစ်သည်။ ထိုအကြံကောင်းသည်ဟု အားလုံးက သဘောရကြသဖြင့်၊ ဦးနုနှင့် ရင်းနှီးသောသခင်တင်ကို ပြောပြကြသည်။ သခင်တင်က ဆေးရုံတက်နေသည့်အတွက် သခင်ကျော်ထွန်းအား ဦးနုထံလွှတ်၍ ထိုအကြံကို အပြောခိုင်းလိုက်သည်။ ဗိုလ်ချုပ်နေဝင်းနှင့် ဦးလှမောင်တို့ ဦးနုထံသွားတွေ့ပြီး ထိုစဉ်းစားထားချက်ကို ရှင်းပြသည့်အခါ သခင်ကျော်ထွန်းထံမှ သိထားပြီးဖြစ်သော ဦးနုက ထိုအကြံကိုလက်မခံခဲ့ချေ။ ဤသည်မှာ ဦးကျော်ငြိမ်းက စစ်တပ်နှင့်ပေါင်းပြီး သူ့ကို ဖယ်ရှားရန် အကြံဖြစ်သည်ဟု ယူဆလိုက်သည်။

အမှန်တကယ်အားဖြင့် ဦးနုက သူ့ ကိုယ်တွေ့မှတ်တမ်းရေးသားရာတွင် ၁၉၅၇ ခုနှစ် ဇန်နဝါရီလကတည်းက သူနိုင်ငံရေးမှ အနားယူပြီဖြစ်ကြောင်း ကြေညာထားပြီးဖြစ်လေရာ အဘယ်ကြောင့် သူ့ကို နိုင်ငံရေးမှ ဖယ်ရှားရန်ကြံစည်ကြသနည်း၊ စစ်တပ်ကို ဘာကြောင့် ဆွဲထည့်ရသနည်း၊ ဤသည်မှာ သူ့ကို စော်ကားခြင်းဖြစ်သည်ဟု ယူဆကာ ဒေါသပေါက်ကွဲတော့သည်။ သူ့ကို မော်စီတုံးနှင့်နှိုင်းပြီး ပါတီဥက္ကဋ္ဌကြီးလုပ်ရန် ပြောသည်ကိုလည်း စိတ်ဆိုးဒေါသထွက်သည်။ နောက်ဆုံး၌ အစိုးရအဖွဲ့ထဲ ပြန်ဝင်မည်ဟု ပြောလိုက်လေရာ၊ ထိုအခါ ဦးဗဆွေကလည်း ဝမ်းမြောက်ဝမ်းသာဖြင့် ဦးနုအား ဝန်ကြီးချုပ်ရာထူး ပြန်အပ်လိုက်သည်။

ဖဆပလအဖွဲ့ချုပ်အတွင်းရှိသော ထိုတင်းမာမှုသည် နိုင်ငံတော်လုံခြုံရေးကောင်စီသို့ စစ်တပ်ကတင်သွင်းသည့် အစီရင်ခံစာနှင့် ပတ်သက်ပြီး ပိုမိုဆိုးရွားသောအခြေအနေသို့ ဆိုက်ရောက်သွားတော့သည်။ ထိုအစီရင်ခံစာတွင် ပြစ်မှုကျူးလွန်သူများကို နိုင်ငံရေး

သမား ခေါင်းဆောင်များက အကာအကွယ်ပေးနေသည်ဟူသောအချက် ပါဝင်လာသည်။ ဦးကျော်ငြိမ်းက သခင်တင်နှင့် သခင်ကျော်ထွန်း၏ လူများကို နှိမ်နင်းရန် စစ်တပ်နှင့်ရဲကို ဖိအားပေးလိုက်သည်။ သခင်တင်နှင့် သခင်ကျော်ထွန်းတို့က ကန့်ကွက်ကြသည်။ ဦးနုသည် ဤသို့အငြင်းပွားမှုများရှိနေသမျှ ပါတီအကွဲအပြဲများရှိနေမည်သာဖြစ်သည်။ ဦးကျော်ငြိမ်းနှင့် ဦးဗဆွေတို့သည် သူ့အပေါ် သဘောထားမမှန်ဟု ယူဆပြီး တင်-ထွန်း အဖွဲ့သို့ ပူးပေါင်းကာ သန့်ရှင်းဖဆပလအဖွဲ့ကို ထူထောင်လိုက်ကြသည်။ ဦးဗဆွေနှင့် ဦးကျော်ငြိမ်းတို့က တည်မြဲဘက်တော်သားများအဖြစ် ကွဲကျန်ရစ်နေပြီး ဦးနု၏အစိုးရအဖွဲ့မှ အထုတ်ပယ် ခံလိုက်ကြရသည်။

ဖဆပလ နှစ်ခြမ်းကွဲပြီးနောက် ဆွေ-ငြိမ်း တည်မြဲအဖွဲ့နှင့် နု-တင် သန့်ရှင်း အဖွဲ့တို့သည် လွှတ်တော်တွင်းရှိ အမတ်များကို သူ့ဘက် ကိုယ့်ဘက်ပါအောင် စည်းရုံး ကြလေသည်။ ပါလီမန်ထဲတွင် နည်းပေါင်းစုံ သုံးလာကြသည်

နိုင်ငံရေးသမားအချင်းချင်း ကွဲပြမှုကြောင့် အာဏာသိမ်းရန် တပ်နှင့်ပူးပေါင်းကြံ

ထို့ကြောင့်ပင် ၁၉၅၈ ခု ဇွန်လတွင် တည်မြဲဖဆပလတို့က ဦးနုအစိုးရအပေါ် အယုံအကြည်မရှိ အဆိုကို လွှတ်တော်တွင် တင်သွင်းခဲ့သည်။ သို့သော်လည်း မဲခွဲဆုံးဖြတ်သည့်အခါ လူနည်းစုတိုင်းရင်းသားနိုင်ငံရေးပါတီများ၏ ထောက်ခံမှုကြောင့် ၁၂၇ မဲ-၁၁၅ မဲဖြင့် ဦးနု အစိုးရက အနိုင်ရခဲ့သည်။ ထိုဖြစ်ရပ်နောက်ပိုင်းတွင် ဝန်ကြီးချုပ် ဦးနုသည် လွှတ်တော်တွင် အတည်ပြုရမည့် ၁၉၅၈-၅၉ ဘတ်ဂျက်ငွေစာရင်းကို လွှတ်တော်တွင် အတည်ပြုချက် မရနိုင်သဖြင့် သမ္မတအမိန့်ပြန်တမ်းဖြင့် အတည်ပြုခဲ့သည့်အတွက် ပါလီမန်ဒီမိုကရေစီ ထုံးတမ်းစဉ်လာများကို တစ်နည်းတစ်ဖုံ ချိုးဖောက်ခြင်းဖြစ်သည်ဟု တပ်မတော်တပ်မှူးကြီး တချို့က ယူဆလာခဲ့ကြပြီး မကျေမနပ် ဖြစ်လာကြသည်။ ဗိုလ်မှူးချုပ်အောင်ရွှေ ခေါင်းဆောင်သော တပ်မှူးများနှင့်လက်ထောက်များသည် ဆိုရှယ်လစ်ပါတီ ခေါင်းဆောင်များနှင့် ရင်နှီးကြပြီး သူတို့အချင်းချင်းမကြာခဏ တွေ့ဆုံဆွေးနွေးကြသည်။ ထိုစဉ်က ဗိုလ်မှူးချုပ်အောင်ရွှေသည် မြောက်ပိုင်းတိုင်းတိုင်းမှူးဖြစ်ပြီး သူတို့ဆွေးနွေးကြခြင်းမှာလည်း တပ်က အာဏာသိမ်းရန်ဖြစ်လေသည်။ ထိုကိစ္စကို ဗိုလ်ချုပ်နေဝင်းသိရှိသော်လည်း အပြစ်တင်ခြင်း၊ မှားယွင်းကြောင်းပြောဆိုခြင်း၊ စစ်ဦးစီးအရာရှိချုပ်များကို မလေးစားရာ ရောက်

ကြောင်း ဆုံးမခြင်းတို့ကို မပြောကြားဘဲ စစ်ဦးစီးအရာရှိများ ဖြစ်ကြသော ဗိုလ်မှူးချုပ် မောင်မောင်နှင့် ဗိုလ်မှူးချုပ်အောင်ကြီးတို့က အမြဲတမ်း နား၊ မျက်စိဖွင့်ထားပြီး အန္တရာယ် ရှိသောအခြေအနေသို့ မရောက်အောင် ထိန်းသိမ်းကြရန်သာ ပြောကြားခဲ့သည်။

ဖဆပလနှစ်ခြမ်းကွဲပြီးနောက် ဆွေ-ငြိမ်းတည်မြဲအဖွဲ့နှင့် နု-တင် သန့်ရှင်းအဖွဲ့တို့ သည် လွတ်တော်တွင်းရှိအမတ်များကို သူ့ဘက် ကိုယ့်ဘက်ပါအောင် စည်းရုံးကြလေသည်။ ပါလီမန်ထဲတွင် နည်းပေါင်းစုံသုံးလာကြသည်။ ဝန်ကြီးရာထူးပေးမည်ဟု လည်းကောင်း၊ ငွေကြေးပေး၍လည်းကောင်း စည်းရုံးလာကြသလို၊ တိုင်းရင်းသားများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လုပ်ပေးမည်ဟု ကတိပေး စည်းရုံးကြသည်။ တပ်ထဲတွင် တိုင်းရင်းသား လက်နက်ကိုင်တပ် ထူထောင်ပေးမည်ဟု ကတိပေးစည်းရုံးလာကြသည်။ မှောင်ခို ကုန်သွယ်ရေး လမ်းကြောင်းပေါ်ရှိ လဝကနှင့် အကောက်ခွန်ဂိတ်များကို ဖယ်ရှားပေးမည်ဟု စည်းရုံးလာကြသည်။ အတိုချုပ်ပြောရလျှင် နိုင်ငံရေးပါတီများသည် သူတို့အနိုင်ရရေးအတွက် တိုင်းပြည်၏ အကျိုးစီးပွားကို ဈေးပေါပေါနှင့် အလဲအထပ် ပြုလုပ်နေကြခြင်းပင် ဖြစ်သည်ဟု တပ်မှူးကြီးများက ယူဆလာကြသည်။

လွတ်တော်တွင်း ခိုင်မာသောထောက်ခံမဲ ပိုမိုရရှိရေး

ဝန်ကြီးချုပ်ဦးနုက ပုံမှန်ကျင်းပရမည့် ကာလထက် တစ်နှစ်စောချ၍ နိုဝင်ဘာလထဲတွင် ရွေးကောက်ပွဲကို ကျင်းပရန်ပြောလေသည်။ အကြောင်းမှာ လွတ်တော်တွင်းတွင် အစိုးရကို ထောက်ခံသည့် အမတ်အင်အားမှာ စိတ်ချလက်ချ သာလွန်မနေသည့်အတွက် နှစ်စဉ် ဘတ်ဂျက်အတည်ပြုရာတွင် အခက်အခဲများကြုံရသည်။ ရွေးကောက်ပွဲသစ် ကျင်းပနိုင်လျှင် အခြေအနေပိုကောင်းလာနိုင်သည်။ ဗိုလ်ချုပ်နေဝင်းက တပ်မတော်အနေ ဖြင့် နိုင်ငံရေးတွင် မည်သည့်ပါတီကိုမျှ ဘက်မလိုက်ဘဲ ကြားနေရန် ဇွန်လ ၂၃ ရက်နေ့ မင်္ဂလာဒုံတွင်ကျင်းပသော တပ်မှူးများညီလာခံတွင် ပြော

]] သူသည် ဦးနုကို တစ်ကြိမ် တစ်ခါမျှ ဆန့်ကျင် ပြောကြားခဲ့ခြင်း မရှိသော်လည်း၊ ဦးနု ကမူ တပ်မတော်ကို ထိပါးသော စကားများကို သူ့မိန့်ခွန်းများ၌ ထည့်သွင်း ပြောကြားခဲ့သည်။ ဦးနု၏ စကားများသည် တပ်မှူးများအတွက် ဒေါသဖြစ်စရာ ဖြစ်သည် }}

ကြားခဲ့သည်။

ဖဆပလအတွင်းက အကွဲအပြဲသည် တပ်မတော်နှင့် ပြည်ထဲရေးဝန်ကြီးဗိုလ်မင်းခေါင်လက်အောက်ရှိ စစ်ရဲ (စစ်ပုလိပ်–Military Police) တို့အကြား ပဋိပက္ခ ဖြစ်ပေါ်စေသည်။ စစ်ရဲတပ်ရင်းများကို ရန်ကုန်မြို့ပြင်သို့ထွက်ပြီး ပျူစောထီးတပ်များကို ဖြိုခွင်းရန် တာဝန်ပေးခြင်း ခံရလေသည်။ ပျူစောထီးတပ်များမှာ ဆိုရှယ်လစ်များထူထောင်ထားသော အရန်ရဲတပ်ရင်းများ ဖြစ်ကြသည်။ ဇွန်လ ၃၀ ရက်နေ့တွင် ဝန်ကြီးချုပ်ဦးနုက ဗိုလ်ချုပ်နေဝင်း၊ ဗိုလ်မှူးချုပ်မောင်မောင်နှင့် ဗိုလ်မှူးချုပ်အောင်ကြီးတို့ကိုခေါ်ပြီး ပျူစောထီးတပ်များကို ဖျက်သိမ်းရန်ပြောကြားသည်။ နောက်ကိုးရက်အကြာတွင် ဗိုလ်ချုပ်နေဝင်းက ပြည်နယ်နှင့် တိုင်း ရဲမှူးကြီးများနှင့် တပ်မမှူးများကိုခေါ်ပြီး ဦးနု၏အမိန့်ကို ပြန်ရှင်းပြသည်။ တချို့ တပ်ရင်းမှူးများသည် နယ်မြေလုံခြုံရေးအတွက် ပျူစောထီးများကို အားကိုးနေကြရသဖြင့် မဖျက်ချင်ကြပေ။ သို့သော် ဦးနု၏ အမိန့်ကိုလိုက်နာကြရန် ဗိုလ်ချုပ်နေဝင်းက တိုက်တွန်းသည်။ သူသည် ဦးနုကို တစ်ကြိမ်တစ်ခါမျှ ဆန့်ကျင်ပြောကြားခဲ့ခြင်းမရှိသော်လည်း၊ ဦးနုကမူ တပ်မတော်ကို ထိပါးသောစကားများကို သူ့မိန့်ခွန်းများ၌ ထည့်သွင်း ပြောကြားခဲ့သည်။ ဦးနု၏ စကားများသည် တပ်မှူးများအတွက် ဒေါသဖြစ်စရာဖြစ်သည်။

နောက်တစ်လခန့်အကြာတွင် ကြေညာထားသော ရွေးကောက်ပွဲအတွက် ပြင်ဆင်ကြသည်။ နု–တင် အုပ်စုက တစ်နိုင်ငံလုံးနှင့်ဆိုင်သော ပါတီညီလာခံကို ဝန်ကြီးချုပ် အိမ်ခြံဝင်းထဲတွင် ကျင်းပသည်။ နယ်မှလာသော ဖဆပလအမတ်များက အချို့စစ်ဗိုလ်များသည် ဆွေငြိမ်းအုပ်စုအတွက် မဲဆွယ်နေကြောင်း စွပ်စွဲကြသည်။ ထိုစစ်ဗိုလ်ကို နယ်ပြောင်းပေးရန် တောင်းဆိုကြသည်။ ဟံသာဝတီနယ်မှ ကိုယ်စားလှယ်က "တပ်မတော်သည် နံပါတ်တစ်ပြည်သူ့ရန်သူ"ဟု ကြေညာသွားသည်။

အခြေအနေက တင်းမာလာသည့်အခါ တပ်ကအာဏာသိမ်းတော့မည် ဆိုသည့်သတင်းမှာ ချက်ချင်းပျံ့နှံ့သွားခဲ့သည်။ ဗိုလ်မှူးချုပ်မောင်မောင်က သူ့တပ်များကို စစ်ရဲတပ်ရင်းများအား ဝိုင်းရံထားစေသည်။ ပြည်ထဲရေးဝန်ကြီး ဗိုလ်မင်းခေါင်က ဦးနုအား တပ်က အာဏာသိမ်းတော့မည့်အကြောင်း သတင်းပို့သည်။ ဝန်ကြီးချုပ်ဦးနုက ဗိုလ်ချုပ်နေဝင်းကို ခေါ်ပြီး မေးမြန်းရာ" ကောလာဟල" များသာဖြစ်ကြောင်း ငြင်းဆိုသည်။ ဝန်ကြီးချုပ်နှင့် တွေ့ပြီးပြန်လာသော ဗိုလ်ချုပ်နေဝင်းက ဗိုလ်မှူးချုပ်မောင်မောင်နှင့် ဗိုလ်မှူးချုပ်အောင်ကြီးတို့ကိုခေါ်ပြီး ဤသို့ သတင်းထွက်အောင်လုပ်သည့်အတွက် ပြင်းပြင်းထန်ထန် ဆူလေသည်။

ဦးနုသည် အထက်မြန်မာနိုင်ငံသို့ ခရီးလှည့်လည်နေပြီး ရန်ကုန်သို့ ပြန်ရောက်ချိန်တွင် အစိုးရအဖွဲ့အစည်းအဝေးကို ခေါ်လိုက်သည်။ စက်တင်ဘာ ၂၂ ရက်နေ့တွင်ကျင်းပသော အစိုးရအဖွဲ့ အစည်းအဝေး၌ ဝန်ကြီးနှစ်ပါးက ဝန်ကြီးချုပ်အား တပ်မတော်က အာဏာသိမ်းရန် စီစဉ်နေကြောင်း တင်ပြသည်။ ဦးနုက ဗိုလ်ချုပ်နေဝင်းကို လှည့်တိုပြီး ခေါ်ခိုင်းလိုက်ရာ "ပါတီပွဲတစ်ခု" သို့ တက်ရောက်နေသဖြင့် မတွေ့ခဲ့ကြောင်း အဖြေပြန်ရသည်။ နောက်တစ်နေ့တွင် သူ့လူတစ်ယောက်ကိုစေလွှတ်ပြီး အခြေအနေများကို ရှင်းပြမည်ဟု ကတိပေးလိုက်သည်။ နောက်တစ်နေ့တွင် ဗိုလ်ချုပ်နေဝင်းက ဗိုလ်မှူးချုပ်မောင်မောင်ကို ဦးနုထံ

စေလွှတ်လိုက်သည်။

လွတ်လပ် တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေး အတွက်

လွှတ်တော်ထဲတွင် လက်ဝဲယိမ်းသောကွန်မြူနစ်နှင့် ဆိုရှယ်လစ်အုပ်စုများသည် လူများစုဖြစ်နေသည်။ ဦးနု၏ အစီအစဉ်ကို ပြန်ပြောင်းရန်အတွက် ဗိုလ်မှူးချုပ်မောင်မောင်နှင့် ဗိုလ်မှူးချုပ်အောင်ကြီးတို့က သူတို့၏ အစီအစဉ်ကို တင်ပြကြသည်။ တိုင်းပြည်မှာ အန္တရာယ်အလွန်များနေကြောင်း၊ ရွေးကောက်ပွဲကျင်းပရန်ပင် မဖြစ်နိုင်ကြောင်း၊ အချိန်ကလည်း နှစ် နှစ်မျှပင် စောနေသေးကြောင်း တင်ပြကြသည်။ ထို့နောက် ဦးနု၏ အတိုင်ပင်ခံဦးအုန်း မှတစ်ဆင့် စေ့စပ်ညှိနှိုင်းခဲ့ကြသည်။ ဗိုလ်ချုပ်နေဝင်းကို ခေတ္တအာဏာလွှဲပေးထားပြီး တိုင်းပြည်အခြေအနေငြိမ်သက်နေသည့်အခါတွင်မှ ရွေးကောက်ပွဲကို ကျင်းပပေးခိုင်းလျှင်ဖြစ်နိုင်ကြောင်း၊ ရွေးကောက်ပွဲတွင် အနိုင်ရသည့် အဖွဲ့ကို ဗိုလ်ချုပ်နေဝင်းက အာဏာပြန်အပ်မည်ဖြစ်ကြောင်း တင်ပြခဲ့ကြသည်။

နောက်တစ်နေ့တွင် ဗိုလ်မှူးချုပ်အောင်ကြီးနှင့် ဗိုလ်မှူးချုပ်မောင်မောင်တို့နှစ်ယောက် ဦးနုကို လာတွေ့ကြသည်။ ဦးနုက စစ်အုပ်ချုပ်ရေး ကြေညာပြီး စစ်တပ်က အာဏာ သိမ်းကြောင်း ကြေညာရန်ပြောဆိုရာ ဗိုလ်မှူးချုပ်မောင်မောင်နှင့် ဗိုလ်မှူးချုပ်အောင်ကြီးတို့က သူတို့အနေဖြင့် စစ်တပ်က အာဏာသိမ်းသည့်အဖြစ်ကို မလိုလားသဖြင့် ထိုသို့မလုပ်နိုင်ကြောင်း တင်ပြကြသည်။

သို့ဖြစ်၍ ဦးနုက စိတ်ကူးတစ်ခုကို ထပ်မံတင်ပြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း ဗိုလ်ချုပ်နေဝင်းကို အိမ်စောင့်အစိုးရ ဝန်ကြီးချုပ်အဖြစ် တာဝန်လွှဲအပ်ရန်ဖြစ်သည်။ ဤအစီအစဉ်ကို သူ့လူတွေရော လွှတ်တော်တွင်းက လက်ဝဲသမားများပါ လက်ခံနိုင်မည်။ စစ်တပ်ကလည်း လက်ခံနိုင်မည်ထင်ကြောင်း ပြောသည်။ ဗိုလ်မှူးချုပ်မောင်မောင်နှင့် ဗိုလ်မှူးချုပ်အောင်ကြီး တို့က ထိုအကြံကို သဘောတူကြသည်။ ဦးနုက ထပ်မံပြီး သုံးလအတွင်း ရွေးကောက်ပွဲကျင်းပပေးရန် တောင်းဆိုသည်။ ဗိုလ်မှူးချုပ်မောင်မောင်နှင့် ဗိုလ်မှူးချုပ်အောင်ကြီးတို့က လုံခြုံရေး အခြေအနေအရ သုံးလအတွင်း ရွေးကောက်ပွဲ ကျင်းပ ပေးရန်မှာမူ မဖြစ်နိုင်

]] နောက်တစ်နေ့ မနက်တွင် မြန်မာ့အသံမှ ဝန်ကြီးချုပ်ဦးနု မိန့်ခွန်းပြောသည်။ နိုဝင်ဘာလတွင် ကျင်းပရန်ရှိသော ရွေးကောက်ပွဲကို ဖျက်သိမ်းလိုက်ပြီး ဗိုလ်ချုပ်နေဝင်းအား တိုင်းပြည်ကို ထိန်းသိမ်း စောင့်ရှောက်ရန် ဖိတ်ခေါ်လိုက်ကြောင်း ပြောကြား သွားသည် }}

ကြောင်း ငြင်းဆိုကြသည်။

စက်တင်ဘာလ ၂၅ ရက်နေ့တွင် ဗိုလ်မှူးချုပ်မောင်မောင်၊ ဗိုလ်မှူးချုပ်အောင်ကြီးနှင့် ဗိုလ်မှူးချုပ်တင်ဖေ တို့သည် ဦးနုနှင့် သူ့အတိုင်ပင်ခံပုဂ္ဂိုလ် ဦးအုန်းတို့နှင့် သွားရောက်တွေ့ဆုံကြပြန်သည်။ ထိုသို့ တွေ့ဆုံသည့်သတင်းသည် ရန်ကုန်တစ်မြို့လုံးသို့ ပြန့်သွားသည်။

စစ်ရဲတပ်ရင်းများကို ရန်ကုန်မှထွက်ခွာစေပြီး နယ်ဘက်သို့ ပို့ပစ်လိုက်သည်။ ကြည်း၊ ရေ၊ လေတပ်များက ကုန်းလမ်း၊ ရေလမ်းနှင့် ရန်ကုန်လေဆိပ်တို့ကို ထိန်းသိမ်း ထားလိုက်သည်။ အချို့သောစစ်တပ်နှင့် ရဲတပ်ဖွဲ့ဝင်များကို အရပ်ဝတ်ဖြင့် မြို့တွင်း၌ လုံခြုံရေးယူခိုင်းထားသည်။ အင်းစိန်ကို တပ်မတော်ကြည်းတပ်က ဝိုင်းရံထားလိုက်သလို၊ ဝန်ကြီးများနေထိုင်ရာ ဝင်ဒါမီယာရပ်ကွက်သို့လည်း စစ်သည် အင်အား ၄၀၀ ခန့်ဖြင့် ဝိုင်းရံထားလိုက်သည်။ ဦးနုနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံး သူတို့၏လုံခြုံရေးများ နှင့်အတူ မိမိတို့ အိမ်၌သာ နေကြရသည်။

ဗိုလ်မှူးချုပ်မောင်မောင်နှင့် ဗိုလ်မှူးချုပ်အောင်ကြီးတို့၏တင်ပြချက်ကို ဦးနုက လက်ခံသောအခါ သူတို့က ဗိုလ်ချုပ်နေဝင်းထံ ပြန်ပြီး သတင်းပို့ကြသည်။ ဗိုလ်ချုပ်နေဝင်းထံ အစီရင်ခံသောအခါ ဗိုလ်မှူးချုပ်မောင်မောင်က "ကျွန်တော်တို့တပ်မတော်ဟာ တိုင်းပြည်ကို သစ္စာဖောက်သူများလို့ သမိုင်းမှာ အပြောမခံရတော့ဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း တိုင်းပြည်ကို ကယ်တင်သူများသာ ဖြစ်တယ်" ဟုပြန်ဖြေလိုက်သည်။ ထိုစကားလုံးများကို နှစ်လေးဆယ်ကြာသည့်တိုင် မှတ်မိနေဆဲဟု ဗိုလ်မှူးချုပ် မောင်မောင်က သူ့စာအုပ်တွင် ရေးသားခဲ့သည်။

ဆွေးနွေးညှိနှိုင်းမှု အဆင်ပြေကြပြီးနောက်

နောက်တစ်နေ့မနက်တွင် မြန်မာ့အသံ၌ ဝန်ကြီးချုပ်ဦးနု မိန့်ခွန်းပြောသည်။ နိဝင်ဘာလတွင် ကျင်းပရန်ရှိသော ရွေးကောက်ပွဲကို ဖျက်သိမ်းလိုက်ပြီး ဗိုလ်ချုပ်နေဝင်းအား တိုင်းပြည်ကို ထိန်းသိမ်းစောင့်ရှောက်ရန် ဖိတ်ခေါ်လိုက်ကြောင်း ပြောကြားသွားသည်။ ဥပဒေအရမူ အောက်တိုဘာလ ၂၈ ရက်နေ့ ပြည်သူ့လွှတ်တော်သက်တမ်း ကုန်ဆုံးသည်အထိ ဦးနု၏ ဝန်ကြီးချုပ်သက်တမ်း တည်ရှိသည်။

စက်တင်ဘာ ၂၆ ရက်တွင် ဦးနုနှင့် ဗိုလ်ချုပ်နေဝင်းတို့ အပြန်အလှန်တရားဝင် စာရေး ဆက်သွယ်ကြရာ၊ ဦးနုက ဗိုလ်ချုပ်နေဝင်းအား အစိုးရတာဝန်ယူပေးရန် ကမ်းလှမ်းသည်။ ဗိုလ်ချုပ်နေဝင်းက လက်ခံပါမည်ဟု အကြောင်းပြန်သည်။ ဗိုလ်ချုပ်နေဝင်းက ဦးနုထံ ရေးသားပေးပို့သော စာသည် ရိုကျိုးစွာ ရေးသားသုံးနှုန်းထားသည်ကို တွေ့ရသည်။ လက်နက်ကိုင်အဖွဲ့များ၏ မှားယွင်းပစ်ခတ်မှုများလည်း တောင်းပန်ထားသည်။ ထိုကဲ့သို့ ဥပဒေမဲ့ဖြစ်ရပ်များ မဖြစ်စေရပါဟု ကတိပေးထားသည်။ သူ့အနေဖြင့် မည်သည့်နိုင်ငံရေးပါတီနှင့်မျှ ပတ်သက်ခြင်းမရှိဘဲ ကြားနေအစိုးရအဖြစ် အုပ်ချုပ်သွားရန် ကတိပြုသည်။ ၁၉၅၉ ခုနှစ် ဧပြီလတွင် ရွေးကောက်ပွဲကျင်းပပေးရန် ကတိပြုခဲ့သော်လည်း လက်တွေ့ဆောင်

ရွက်သည့်အခါ အချိန်မလုံလောက်သည့်အတွက် ဆယ်လမျှ ကျော်လွန်သွားခဲ့သည်။

ဝန်ကြီးချုပ် ဦးနုနှင့် ဗိုလ်ချုပ်နေဝင်းတို့ အပြန်အလှန်ပေးပို့ကြသော စာများကို အောက်တွင် ဖော်ပြအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ကြီးချုပ်၊
နေ့စွဲ။ ။ ၁၉၅၈ ခု၊ စက်တင်ဘာလ ၂၆ ရက်၊
စာရေးလိုက်ပါသည် ဗိုလ်ချုပ်နေဝင်း

(၁) ဗိုလ်ချုပ်နေဝင်းကိုယ်တိုင် ဝန်ကြီးချုပ်အဖြစ်ဖြင့် အစိုးရအဖွဲ့သစ်တစ်ဖွဲ့ကို ဖွဲ့စည်းပြီးလျှင် ၁၉၅၉ ခု၊ ဧပြီလ မကုန်မီအတွင်း လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကြီးကို ကျင်းပနိုင်အောင် လိုအပ်သည့် အစီအစဉ်များကို ဆောင်ရွက်ပေးရန် ဖဆပလ (သန့်ရှင်း) ဗဟိုကော်မတီက အထူးလိုလားလျက် ရှိပါသည်။

(၂) ဤလိုလားချက်အတိုင်း ဗိုလ်ချုပ်နေဝင်းက ဝန်ကြီးချုပ်ရာထူးကို လက်ခံနိုင်မည် ဆိုပါလျှင် အောက်ပါအစီအစဉ်များကို စီစဉ်ပေးလိုသည်။

(က) ၁၉၅၈ ခု၊ အောက်တိုဘာလ ၂၈ ရက်၊ အင်္ဂါနေ့တွင် ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော်တို့ကို ဆင့်ခေါ်နိုင်ရန်နိုင်ငံတော်သမ္မတအား ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၅၇ အရ ကျွန်တော် အကြံပေးမည်။

(ခ) ပြည်သူ့လွှတ်တော် စတင်ကျင်းပမည့် နေ့တွင် ကျွန်တော် ဝန်ကြီးချုပ်ရာထူးက နုတ်ထွက်မည်။

(ဂ) ဤသို့နုတ်ထွက်ပြီးသည့်နောက် ဗိုလ်ချုပ်နေဝင်းကို ဝန်ကြီးချုပ်အဖြစ် ပြည်သူ့လွှတ်တော်က ရွေးကောက်တင်မြှောက်ရန် ကျွန်တော် အဆိုတင်သွင်းမည်။

]] ကောင်းစွာသိရှိပြီးဖြစ်သဖြင့် ဤကိစ္စနှင့် ပတ်သက်၍ အကျယ်ချဲ့ပြောနေစရာ မလို။ ထို့ကြောင့် ဗိုလ်ချုပ်နေဝင်း ခေါင်းဆောင်သော အစိုးရလက်ထက်တွင် ဤငြိမ်းချမ်းရေး အောင်ပန်းကို ရာခိုင်နှုန်းအပြည့် ဆွတ်ခူးပေးရန် ကျွန်တော် အထူး မေတ္တာရပ်လိုပါသည် }}

(၃) ဗိုလ်ချုပ်နေဝင်း၏ အစိုးရအဖွဲ့တွင် ဖဆပလ (သန့်ရှင်း) အဖွဲ့ဝင်များကို ထည့်ပေးရန် မလိုပါ။

(၄) ဗိုလ်ချုပ်နေဝင်းဦးစီး၍ ကျင်းပပေးရမည့် အထွေထွေရွေးကောက်ပွဲကြီးကို လွတ်လပ်၍ တရားမျှတသော အထွေထွေရွေးကောက်ပွဲ ကြီးဖြစ်စေရန်အတွက် အမှုထမ်း အရာထမ်းများအားလည်းကောင်း၊လက်နက်ကိုင်အဖွဲ့အစည်းများအားလည်းကောင်း၊ မိမိတို့၏တာဝန်ဝတ္တရားများကိုဆောင်ရွက်ခြင်းမှအပ နိုင်ငံရေးနယ်ပယ် အတွင်းသို့ ကျူးကျော်ဝင်ရောက်မှုများ အလျဉ်းမရှိရလေအောင် အထူးထိန်းသိမ်းစောင့်ရှောက် ပေးစေလိုသည်။

(၅) လက်နက်ကိုင်အဖွဲ့အစည်းများသည် များသောအားဖြင့် စည်းကမ်းသေဝပ်မှုရှိကြ သော အဖွဲ့အစည်းများဖြစ်ကြသည်ကို ကျွန်တော် ယုံကြည်ပါသည်။ မကြာသေးမီက ကျွန်တော်ခရီးထွက်စဉ် လက်နက်ကိုင် အဖွဲ့အစည်းအချို့၏ ဖိနှိပ်ချုပ်ချယ်မှုများ၊ ရက်စက်ကြမ်းကြုတ်မှုများခံရသူ ကာယကံရှင်များကိုယ်တိုင် ဒဏ်ရာများကိုပြ၍ တစ်ဖုံ၊ မျက်ရည်စက်လက်နှင့်တစ်မျိုး၊ ဝမ်းနည်းကြေကွဲဖွယ်ရာ တိုင်တန်းကြပါသည်။ ဤအဓမ္မမှုများကို ဗိုလ်ချုပ်နေဝင်း၏ အစိုးရအဖွဲ့က အထူးဦးစားပေး၍ နှိပ်ကွပ်ပေး စေလိုသည်။

(၆) မုဒိမ်းမှု၊ လုယက်မှု၊ ဓားပြမှု၊ ပြန်ပေးမှု၊ လူသတ်မှုများဖြစ်ကြသော ရာဇဝတ်မှု များကိုလည်း ဗိုလ်ချုပ်နေဝင်း၏ အစိုးရအဖွဲ့က အထူးဦးစားပေး၍ နှိပ်ကွပ်ပေးစေ လိုသည်။

(၇) ကမ္ဘာဦးသူ ကမ္ဘာဦးသားတို့က နေလနှစ်ပါးကို မျှော်လင့်တောင့်တဘိသကဲ့သို့ ပြည်ထောင်စုသူ ပြည်ထောင်စုသား အားလုံးတို့သည် ပြည်တွင်းငြိမ်းချမ်းရေးအား အထူးမျှော်လင့်တောင့်တလျက်ရှိသည်ကို ဗိုလ်ချုပ်နေဝင်းကိုယ်တိုင် ကောင်းစွာ သိရှိပြီးဖြစ်သဖြင့် ဤကိစ္စနှင့် ပတ်သက်၍ အကျယ်ချဲ့ပြောနေစရာမလို။ ထို့ကြောင့် ဗိုလ်ချုပ်နေဝင်းခေါင်းဆောင်သော အစိုးရလက်ထက်တွင် ဤငြိမ်းချမ်းရေးအောင်ပန်း ကို ရာခိုင်နှုန်းအပြည့် ဆွတ်ခူးပေးရန် ကျွန်တော် အထူးမေတ္တာရပ်လိုပါသည်။

(၈) နိုင်ငံခြားရေးတွင်လည်း ဗိုလ်ချုပ်နေဝင်းခေါင်းဆောင်သည့် အစိုးရအဖွဲ့သည် တည့်မတ်စွာ ကြားနေရေးဝါဒကို ဆက်လက်၍ ကျင့်သုံးနိုင်ရန်ကိုလည်း ကျွန်တော် အထူးတိုက်တွန်းလိုပါသည်။

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေ။

(ပုံ) ဦးနု
ဝန်ကြီးချုပ်

ကာကွယ်ရေးဝန်ကြီးဌာန
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

နေ့စွဲ ။ ။ ၁၉၅၈ ခု စက်တင်ဘာလ ၂၆ ရက်။

လေးစားစွာ အစီရင်ခံအပ်ပါသည်။

ဝန်ကြီးချုပ်ခင်ဗျား

(၁) ကျွန်တော်သည် ဤမျှကြီးလေးသော တာဝန်ကြီးကိုထမ်းဆောင်ရန် များစွာဦးလေးပါသည် ခင်ဗျား။ သို့သော် ဝန်ကြီးချုပ်၏ စေတနာကို လေးစားပါသောကြောင့် ဝန်ကြီးချုပ်က လိုအပ်၍ ဤတာဝန်ကို ထမ်းဆောင်မှ သင့်လျော်မည်ဆိုလျှင် ကျွန်တော် အစွမ်းကုန်ကြိုးစား၍ နိုင်ငံတော်ကို ထိန်းသိမ်းပါမည်။ သို့သော် ကျွန်တော်သည် တိုင်းပြည်အုပ်ချုပ်မှုတာဝန်ကြီးကို လုပ်ကိုင်ခဲ့ဖူးခြင်းလည်း မရှိ၊ လုပ်ကိုင်မည်ဟုလည်း မည်သည့်အခါကမျှ မရည်ရွယ်ခဲ့၊ လုပ်ရအံ့လည်း မည်သည့်အခါကမျှ မစဉ်းစားခဲ့ပါသဖြင့် ကျွန်တော်သည် ရိုးသားဖြူစင်စွာ ဤတာဝန်ကြီးကို ထမ်းဆောင်ရာတွင် ချွတ်ယွင်းချက်များ ရှိပါလျှင် ခွင့်လွှတ်နိုင်လိမ့်မည်ဟု ယူဆပါသည်။

(၂) ပြည်သူ့လွှတ်တော်က ကျွန်တော့်အား ဝန်ကြီးချုပ်အဖြစ်ရွေးကောက် တင်မြှောက်ပါလျှင် ၁၉၅၉ ခု ဧပြီလ မကုန်မီ လွတ်လပ်၍ တရားမျှတသော အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပနိုင်ရန်အတွက် လိုအပ်သော အစီအစဉ်များကို အစွမ်းကုန်ဆောင်ရွက်ပေးပါမည်ဟု ကျွန်တော် ကတိပြုပါသည်။

(၃) ကျွန်တော် အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းရလျှင် ၎င်းအဖွဲ့သစ်တွင် ပြည်နယ်များနှင့် ချင်းအထူးဝိသေသတိုင်းတို့မှ သင့်လျော်မည့်ကိုယ်စားလှယ်များမှတစ်ပါး ပြည်မတွင်ရှိသော နိုင်ငံရေးအဖွဲ့အစည်းများထဲက မည်သည့်ကိုယ်စားလှယ်ကိုမျှ ထည့်သွင်းမည်မဟုတ်ကြောင်း ကတိပြုပါသည်။

(၄) အမှုထမ်း၊ အရာထမ်းများနှင့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ နိုင်ငံရေးနယ်နိမိတ်အတွင်းသို့ ကျူးကျော်မှုများကို ကျွန်တော်ကိုယ်တိုင်လည်း အထူးမလိုလားကြောင်းကို ဝန်ကြီးချုပ်ကိုယ်တိုင် သိပြီး ဖြစ်ပါသည်။ ထို့ကြောင့် ဤကျူးကျော်မှုများ မဖြစ်ပွားရလေအောင် ကျွန်တော် အထူးထိန်းသိမ်းစောင့်ရှောက်ပါမည်ဟူ၍ ကတိပြုပါသည်။

(၅) လက်နက်ကိုင် အဖွဲ့အစည်းဝင်အချို့၏ အဓမ္မမှုများကို ကျွန်တော်ကိုယ်တိုင်လည်း မကြာခဏ ကြားသိရ၍ များစွာ စိတ်မချမ်းသာဖြစ်ရသည်။ ထို့ကြောင့် ဤအဓမ္မမှုများကို အထူးဦးစားပေး၍ နှိပ်ကွပ်ပစ်ရန် ကျွန်တော် ကတိပြုပါသည်။

(၆) ရာဇဝတ်မှုများကိုလည်း တတ်နိုင်သလောက်ပပျောက်သွားအောင် အထူးဦးစားပေး၍ ဆောင်ရွက်သွားရန် ကတိပြုပါသည်။

(၇) ပြည်ထောင်စုကြီး၏ တည်တံ့ခိုင်မာရေး၊ တိုးတက်ရေး၊ စည်ပင်သာယာဝပြောရေး တို့သည် ငြိမ်းချမ်းရေးအပေါ်တွင် များစွာတည်ရှိနေသည်ကို ကျွန်တော်သည် ဦးလည်မသုန် ယုံကြည်သူတစ်ဦးဖြစ်ပါသည်။ ထို့ကြောင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိအောင် အစွမ်းကုန်ကြိုးစားအားထုတ်ပါမည်ဟု ကျွန်တော် ကတိပြုပါသည်။

(၈) နိုင်ငံခြားရေးတွင် တည့်မတ်စွာကြားနေရေးဝါဒသည် ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့်တကွ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အကျိုးအရှိဆုံးဝါဒဖြစ်သဖြင့် ကျွန်တော် ခေါင်းဆောင်မည့် အစိုးရအဖွဲ့သည် ဤတည့်မတ်စွာ ကြားနေရေးဝါဒကို မည်သည့်နည်းနှင့်မျှ စွန့်လွှတ်မည်မဟုတ်ကြောင်းကို ကျွန်တော် ကတိပြုပါသည်။

(ပုံ)
ဗိုလ်ချုပ်နေဝင်း

ဖိုးရာဇော

ကိုးကား

... Wikipedia
... General Ne Win: A Political Biography by Robert H. Taylor
... Some Aspects of The Care–taker Government (An Experiment in Democratic Process) by Maung Maung
... B.B.C

မျိုးချစ်ပြည်ချစ်စိတ်ဓာတ်
သို့မဟုတ်
ပြည်ထောင်စုစိတ်ဓာတ်

wuúkwfjrwfbl

“ဤမြေပေါ်သို့ မြောက်အရပ်မှ
တိဗက်၊ မွန်ဂို၊ ချိုအင်း စသည့်
လူမျိုးများ၊ အရှေ့ဘက်မှ ခမာများ၊
အနောက်ဘက်မှ ဟင်ဒူ၊ တမီးလ်၊ ပန်ချာပီ လူမျိုးများ
လာရောက်အခြေချနေထိုင်ကာ သူ့လူမျိုးအစုနှင့်သူ
သီးခြားစီလို နေခဲ့ကြသည်”

ကမ္ဘာသူကမ္ဘာသားများသည် ဤကမ္ဘာပေါ်မှ နိုင်ငံတစ်ခုခု၏ မြေပေါ်တွင် မွေးဖွားကြသည်။ မိမိတို့ မွေးဖွားရှင်သန်နေထိုင်ခဲ့သော နိုင်ငံသည် မိမိ၏ဇာတိချက်ကြွေမွေးရပ်မြေ ဖြစ်ပေသည်။

လူတို့သည် မိမိတို့၏အသက်ခန္ဓာ၊ ဥစ္စာပစ္စည်း၊ မိမိနေထိုင်ရာတဲဖြစ်စေ၊ အိမ်ဖြစ်စေ၊ တိုက်ဖြစ်စေတို့ကို ဂရုစိုက်ကြရသည်။ မိမိကိုယ်တိုင်၊ မိမိ၏မိသားစုတို့၏အသက်ခန္ဓာ၊ ဥစ္စာပစ္စည်းများ ရန်သူမျိုးငါးပါးဘေးမှ ကင်းဝေးစေရန်၊ သားရဲတိရစ္ဆာန်များ အန္တရာယ်မှ ကင်းဝေးစေရန်၊ ဥတုရာသီဒဏ်ခံနိုင်စေရန် တဲ၊ အိမ်၊ တိုက်တို့ဖြင့် နေထိုင်ကြသည်။

လူတို့တွင် မိမိကိုယ်မိမိ တန်ဖိုးထားပြီး မိမိစိတ်ဆန္ဒရှိရာကိုလည်း ပြည့်ဝစေချင်ကြသည်။ အတ္တသဘာဝပင် ဖြစ်သည်။ ကောင်းကောင်းစားချင် သောက်ချင်သည်။ ကောင်းကောင်း ဝတ်ချင်သည်။ ကောင်းကောင်းနေချင်သည်။ ဤသည်မှာ မိမိကိုယ်မိမိ ချစ်မြတ်နိုးသည့် စိတ်ဓာတ်ပင်ဖြစ်သည်။ မိမိစိတ်ဆန္ဒသည် မိမိ၏အတ္တအကျိုးကို ရှေးရှုနေတတ်ခြင်းပင် ဖြစ်သည်။ သို့သော်လည်း လူတို့သည် တစ်ဦးတည်း အထီးတည်း မနေ။ မိဘဘိုးဘွား၊ ညီအစ်ကိုမောင်နှမ၊ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မြေးမြစ်တို့နှင့် တစ်အိုးတစ်အိမ်တည်း နေကြပေသည်။ မိမိစားသောက်လိုရာ အစားအစာများကို စိတ်ကြိုက်စားနေချင်သော အတ္တစိတ်သည် မိမိချစ်မြတ်နိုး တွယ်တာအပ်သော မိဘ၊ ညီအစ်ကိုမောင်နှမ၊ ဇနီး၊ ခင်ပွန်း၊ သားသမီးတို့ကိုလည်း အလားတူ စားကောင်းသောက်ဖွယ်၊ ဝတ်ကောင်းစားလှများ စားစေချင်၊ ဝတ်စေချင်သော စိတ်ဆန္ဒရှိတတ်လာပေသည်။ ဤတွင် အတ္တ (မိမိစိတ်ကြိုက်သက်သက်) မှ မိသားစုဝင်များအပေါ် မေတ္တာ၊ စေတနာ၊ သဒ္ဓါတရားပွားများလာပေတော့သည်။ ဤတွင် အတ္တဟိတ မိမိအကျိုးနှင့် ပရ(မိမိအပြင် အခြားသူ-မိသားစုဝင်) များ အကျိုးပူးတွဲဖြည့်ဆည်းလိုသည့် စိတ် ဖြစ်ပေါ်လာတော့သည်။

မိမိ၏အတ္တအကျိုးနှင့် မိသားစုအကျိုး ပရစေတနာတို့ ပူးတွဲမိလာသည်ဆိုသော်လည်း မိမိ၏မိသားစုအပေါ်တွင်သာ စေတနာထားခြင်း ဖြစ်၍ အကန့်အသတ်ရှိသော ပရအကျိုးဟုသာ ဆိုနိုင်သေးပေသည်။ မိမိက မိမိတို့အိမ်၊ ခြံဝင်းကို ကောင်းမွန်ထည်ဝါလုံခြုံစွာ ဆောက်ထားသည့်တိုင် တစ်လမ်းတည်း၊ တစ်ရပ်ကွက်တည်းနေ အခြားသူများ၏ အိမ်မီးလောင်လျှင် လေသင့်သလို မိမိအိမ်ကိုပါ ကူးစက်လောင်နိုင်သည်။ သူပုန်၊ တောပုန်း၊ သူခိုး၊ ဓားပြ၊ အကြမ်းဖက်သမားများက ရပ်ကွက်တွင်း ဝင်ရောက်အကြမ်းဖက်၊ ခိုး၊ ဆိုး၊ လုယက်၊ မီးရှို့၊ သတ်ဖြတ်လာပါက မိမိအိမ်၊ မိမိ၏မိသားစုလည်း ဒုက္ခရောက်နိုင်သည်။ ထို့ကြောင့် လမ်းတစ်လမ်းလုံးနှင့် ရပ်ကွက်တစ်ခုလုံးနှင့် ပူးပေါင်းကာ ကင်းစောင့်ခြင်း၊ ရန်အန္တရာယ်ကို စုပေါင်းကာကွယ်ခြင်းများ လုပ်လာရပေသည်။ ဤတွင် မိမိ၏အတ္တအပြင် ရပ်ကွက်တစ်ခုလုံးမှ မိသားစုများအကျိုးအတွက်ပါ မေတ္တာ၊ စေတနာထားတတ်လာသည်။ ပိုမိုကျယ်ပြန့်သော ပရ(ဝါ) အများကောင်းကျိုး ရှေးရှုလာရပေပြီ။

အလားတူပင် မိမိမြို့၊ မိမိနယ်အကျိုးကိုပါ တာဝန်ရှိမှန်း သိလာပြီး မြို့ရွာနယ်ပယ် လုံခြုံရေးအတွက် စုပေါင်းကာကွယ်တတ်လာသည်။ မိမိမြို့ရွာနယ်ပယ်ဒေသ တိုးတက်

ကြီးပွား၊ သာယာဝပြောရေးတို့ကိုပါ ဂရုစိုက်လာတတ်သည်။ မိမိနိုင်ငံကို တိုင်းတစ်ပါးမှ ကျူးကျော်ရန်မှ လာသည်။ တိုက်ခိုက်သိမ်းပိုက် ကျွန်ပြုကာ မိမိတို့ တစ်နိုင်ငံလုံးမှ နိုင်ငံသားများကို ဖိနှိပ်ညှဉ်းပန်းလာခြင်း၊ မိမိတို့လူမျိုးပိုင် နိုင်ငံတွင်းရှိ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား၊ ကောက်နှံစပါးမှအစ သယံဇာတ ဓနဥစ္စာတို့ကို တိုင်းတစ်ပါးသား နယ်ချဲ့တို့က ကုပ်သွေးစုပ်သလို စုပ်ယူသွားကြလျှင် ထိုနယ်ချဲ့များ မတော်တရား ချမ်းသာသွားပြီး မိမိနှင့် မိမိ၏ မိသားစု၊ မိမိဆွေမျိုး မိတ်သင်္ဂဟတို့သာမက တစ်နိုင်ငံလုံးမှ မိမိနှင့် တစ်မြေပေါ်အတူဖွား တိုင်းရင်းသားအားလုံးပါ ဆင်းရဲငတ်ပြတ်မွဲတေကျန်ရစ်တော့မည်။ ထိုအသိဖြင့် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး နယ်ချဲ့ကျွန်ဘဝမှ လွတ်မြောက်လိုသော စိတ်ဆန္ဒ ဖြစ်ပေါ်ခြင်းသည် မိမိကိုယ်ကို ချစ်မြတ်နိုးသော အတ္တမှ တစ်နိုင်ငံလုံးမှ နိုင်ငံသားပြည်သူများအပေါ် သံယောဇဉ်ဖြစ်ခြင်း၊ ချစ်တတ်လာခြင်း၊ မြတ်နိုးတတ်ခြင်း စိတ်ဓာတ်အထိ တိုးတက်လာပေသည်။ ဤသည်ကိုပင် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ဟု ဆိုရပေမည်။

နိုင်ငံသားတိုင်းတွင် မိမိတို့တတ်နိုင်သလို တဲ၊ အိမ်၊ တိုက်တာများ တည်ဆောက်နေထိုင်ကြသဖြင့် ထိုတဲ၊ အိမ်၊ တိုက်တို့သည် နိုင်ငံသားတစ်ဦး တစ်ယောက်ချင်းစီ၏ (ဝါ) မိသားစုတစ်ခုချင်းစီ၏ လုံခြုံအေးချမ်းစွာနေနိုင်သော အိမ်ဂေဟာဖြစ်သည်။ နိုင်ငံတော် (ပိုင်နက်နယ်မြေ) တစ်ခုလုံးသည်လည်း နိုင်ငံသားပြည်သူတစ်ရပ်လုံး၏ အိမ်ဂေဟာ ဖြစ်လာရပေသည်။ မိမိ၏ကိုယ်ပိုင်အိမ်၊ အိမ်၊ ခြံမြေတို့ လုံခြုံပြည့်စုံသကဲ့သို့ နိုင်ငံသားအားလုံး၏ အိမ်ဂေဟာကြီးဖြစ်သော နိုင်ငံမြေတစ်ခုလုံးသည်လည်း လုံခြုံ၊ လွတ်လပ်၊ အေးချမ်း၊ သာယာဝပြောနေရပေမည်။ နိုင်ငံမြေတစ်ခုလုံးသည် လမ်း၊ တံတား၊ ဆည်မြောင်း၊ တာတမံ၊ မြို့ပြ၊ ကျေးလက် ထည်ဝါသော အဆောက်အအုံများ ရှိနေရပေမည်။ ပြည်သူတို့ ကူးသန်း သွား

"နိုင်ငံမြေ၏ အရေး၊ နိုင်ငံသားတို့၏ အရေးအရာ ဟူသမျှ နိုင်ငံရေးပင်ဖြစ်ရာ နိုင်ငံမြေသည်လည်း နိုင်ငံသားအားလုံး ပိုင်ရေးပိုင်ရာ၊ ဆိုင်ရေးဆိုင်ရာများ ဖြစ်သဖြင့် နိုင်ငံရေး ဟူသည်"

"နိုင်ငံတိုင်း လိုလိုမှာပင် နိုင်ငံသား ပြည်သူများတွင် ထိုနိုင်ငံမြေပေါ် အတူမွေးဖွား ရှင်သန် နေထိုင်လာကြသည့် လူမျိုးနွယ်၊ လူမျိုးစု၊ တိုင်းရင်းသားလူမျိုး တစ်မျိုးမက လူမျိုးနွယ် အများအပြား မရှိအတူ၊ ရှိအတူ၊ အေးအတူ၊ ပူအမျှ၊ ဥမကွဲ သိုက်မပျက်ကြဘဲ"

လာရောင်းဝယ်ဖောက်ကားရေးအတွက် လမ်း၊ တံတား၊ ကြည်း၊ ရေ၊ လေသုံး သယ်ယူ ပို့ဆောင်ရေးစခန်း၊ လေဆိပ်၊ သင်္ဘောဆိပ်၊ ကားဂိတ်များ ပြည့်စုံနေရပေမည်။ ပြည်သူတို့၏ မီးဖိုချောင်သုံး၊ လူသုံး၊ အိမ်သုံး၊ ကျန်းမာရေးသုံးပစ္စည်းပစ္စယများ ဖူလုံစွာရှိနေရန် ထိုအသုံးချပစ္စည်းများ ထုတ်လုပ်ပေးသော စက်ရုံ၊ အလုပ်ရုံများ ရှိနေရပေမည်။ နိုင်ငံမြေနှင့် နိုင်ငံပိုင်ပစ္စည်းများ၊ နိုင်ငံသားတို့ အသက်အိုးအိမ် စည်းစိမ်နှင့်တကွ နိုင်ငံသားတို့၏ လွတ်လပ်ခွင့်ကို ကာကွယ်စောင့်ရှောက်ပေးမည့် ရဲတပ်ဖွဲ့၊ တပ်မတော်တို့ ခိုင်မာတောင့်တင်းစွာ ရှိနေရပေမည်။ ပြည်သူတို့ အသက်ရှင်သန်ရေးအတွက် စားသုံးရန် စားနပ်ရိက္ခာ၊ လယ်ယာထွက် ကောက်ပဲသီးနှံများ၊ စက်ရုံထွက် စားသောက်ကုန်များ လုံလောက်နေရပေမည်။ ထိုအရေးအားလုံးသည် နိုင်ငံသား (ပြည်သူ)တို့၏ လိုအပ်ချက်များ၊ နိုင်ငံသားအရေးအရာများ၊ နိုင်ငံမြေ ဟူသော နိုင်ငံသားတို့၏ စုပေါင်းအိမ်ဂေဟာကြီး၏ အရေးအရာများ ဖြစ်ပေသည်။ ထိုနိုင်ငံ မြေအရေးအရာ၊ နိုင်ငံသားတို့ အရေးအရာများကို စုစည်း၍ ခေါ်ဆိုအပ်သော ဝေါဟာရ (၀ါ) အသုံးအနှုန်းကား "နိုင်ငံရေး" ဟူ၍ ဖြစ်ပေသည်။

နိုင်ငံမြေ၏အရေး၊ နိုင်ငံသားတို့၏အရေးအရာ ဟူသမျှ နိုင်ငံရေးပင်ဖြစ်ရာ နိုင်ငံမြေသည်လည်း နိုင်ငံသားအားလုံးပိုင်ရေးပိုင်ရာ၊ ဆိုင်ရေးဆိုင်ရာများ ဖြစ်သဖြင့် နိုင်ငံရေး ဟူသည် နိုင်ငံသားများရှိရာ မြို့ပြကျေးလက်၊ လယ်တော၊ ယာတော၊ စက်ရုံအလုပ်ရုံ၊ ရုံးဌာန၊ စာသင်ကျောင်းမှအစ နိုင်ငံသားတို့ ရှိရာနေရာတိုင်းတွင် နိုင်ငံရေးရှိပေမည်။ ထို့ကြောင့် နိုင်ငံတစ်ခု၏ နိုင်ငံရေးဘဝကြီးတစ်ခုလုံး (၀ါ) နိုင်ငံရေးလုပ်ပိုင်ခွင့် ဟူသမျှ၏ မူလပိုင်ရှင်၊ ကာယကံရှင်မှာ နိုင်ငံသားပြည်သူတစ်ရပ်လုံးပင်ဖြစ်ပေသည်။ ဂရိတွေးခေါ်ရှင်ကြီး အရစ္စတိုတယ် ပြောခဲ့ရေးခဲ့သည့် "men are not only social creature but also political creature" "လူတို့သည် လူမှုရေးသတ္တဝါမျှသာမက နိုင်ငံရေးသတ္တဝါ

များလည်းဖြစ်ကြသည်”ဟူသောအပြော၊အရေးအားလုံး မှန်ကန်လှပေသည်။ ၁၉၄၆ ခုနှစ်တွင် ဗိုလ်ချုပ် အောင်ဆန်းကလည်း “နိုင်ငံသားတွေရှိရာနေရာမှာ နိုင်ငံရေးရှိတယ်။ ကျောင်း၊ ရုံး၊ စျေး၊ စက်ရုံ၊ အလုပ်ရုံ၊ လယ်တော၊ ယာတော မှန်သမျှ၊ လူနေအိမ်၊ ရပ်ကွက်၊ ကျေးရွာ၊မြို့ပြ မှန်သမျှမှာ နိုင်ငံရေး ရောက်လာနေမှာပဲ။ နိုင်ငံတော်၊ နိုင်ငံသားတို့၏ အရေးအရာများသည် နိုင်ငံရေးပင်ဖြစ်သည်။ နိုင်ငံရေး ဟူသည် နိုင်ငံတစ်ခုလုံး အရေးဖြစ်၍ သန့်ရှင်းသည်၊ မွန်မြတ် သည်။ နိုင်ငံရေး ဟူသည်ညစ်ထေးသည်မရှိ။အမြဲသန့်စင်မွန်မြတ်သည်။ နိုင်ငံရေးကို ညစ်ထေးအောင် ပြုလုပ်သူတို့ကသာ ညစ်ပတ် ယုတ်မာသည်ဟူ၍ မိန့်ကြားခဲ့သည်။

နိုင်ငံတိုင်းလိုလိုမှာပင် နိုင်ငံသား ပြည်သူများတွင် ထိုနိုင်ငံမြေပေါ်အတူ မွေးဖွားရှင်သန် နေထိုင်လာကြသည့် လူမျိုးနွယ်၊ လူမျိုးစု၊ တိုင်းရင်းသား လူမျိုးတစ်မျိုးမက လူမျိုးနွယ် အများအပြား မရှိအတူ၊ ရှိအတူ၊ အေးအတူ၊ ပူအမျှ၊ ဥမကွဲ သိုက်မပျက်ကြဘဲ ယှဉ်တွဲနေ ထိုင်လျက်ရှိကြပေသည်။ ပြည်ထောင်စုမြန်မာနိုင်ငံမှာပင် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး ယှဉ်တွဲနေထိုင်လျက် ရှိပေသည်။ အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် တိုင်းရင်းသား လူမျိုးနွယ် ၅၅ မျိုး နေထိုင်ကြပေသည်။နိုင်ငံတကာဥပဒေပညာရှင်၊သမိုင်းပညာရှင်များက နိုင်ငံတစ်ခုအတွင်း အတူယှဉ်တွဲနေထိုင်သော လူမျိုးနွယ်အားလုံး စုပေါင်းကာ နိုင်ငံလုံး ဆိုင်ရာ၊ တစ်မျိုးသားလုံးဆိုင်ရာ စုပေါင်းလူမျိုးနာမည်၊ ပါဠိဘာသာအားဖြင့် ဒဗ္ဗနာမ်၊ အင်္ဂလိပ်ဘာသာအားဖြင့် Collective name ကို ဤသို့ ပြဆိုထားကြပေသည်။

ဝတ်စားဆင်ယင်မှုပုံစံတူ၊ပြောဆိုသောဘာသာစကားတူ၊ နေထိုင်မှုစရိုက်တူ၊ ယုံကြည်ကိုးကွယ်မှုတူ၊ ရိုးရာဓလေ့၊ ထုံးတမ်းယဉ်ကျေးမှုတူသော လူများ၏ မိဘသားသမီး ဇနီး၊ ခင်ပွန်းများ တစ်စုတည်း နေထိုင်ခြင်းဖြင့် လူမျိုးတူ မိသားစု Family တစ်ခု ဖြစ်လာသည်။ ထိုမိသားစုနှင့် အရာရာတူညီသော တစ်မျိုး

“မြန်မာနိုင်ငံ အစိုးရက ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီးသို့ ၁၉၈၉ ခုနှစ်တွင် ကျွန်ုပ်တို့ နိုင်ငံကို Burma ဘားမား (ဗမာနိုင်ငံဟု) မသုံးနှုန်း၊ မခေါ်ကြဘဲ တစ်မျိုးသားလုံး နာမည် Myanmar လူမျိုး၊ မြန်မာနိုင်ငံ ဟု ခေါ်ပါရန် တင်ပြခဲ့သည်။ ယနေ့ ကုလသမဂ္ဂက လက်ခံပြီး Myanmar ဟုသာ ခေါ်ကြသည်”

တစ်စားတည်း မိသားစုများ စုပြီး ရွာတည်နေကြရင်း သူ့သားနှင့် ကိုယ့်သမီး အိမ်ထောင်ကျလာကြ၍ ဆွေမျိုးပတ်သက်သော ထိုရွာမှ လူမျိုးအနွယ်တူများကို ဆွေမျိုး စု Clan ဟု ခေါ်ကြသည်။ ထို Clan ဆွေမျိုးစု လူမျိုး နွယ်အရာရာတူညီသူများ ဟိုဘက်တစ်ရွာ၊ သည်ဘက်တစ်ရွာ စသည်ဖြင့် နေရာများစွာ၌ ရှိနေသောအခါ ထိုလူမျိုးအစုတို့အား လူမျိုးနွယ်စု Tribe ဟု ခေါ်ကြ သည်။ သည်ဘက်တောင်တွင် ထိုဆင်တူလူမျိုးနွယ်စု၊ ဟိုဘက်တောင်ပေါ်တွင်လည်း အလားတူရှိ၍ လူဦးရေ များလာသောအခါ ယခင်အခေါ် လူနည်းစု (လူမျိုးစု) Minority ဟုခေါ်သည်။ ယနေ့အခေါ်ကား တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးနှင့် တန်းတူရေး သဘောတရားအရ တိုင်းရင်းသား လူမျိုးများ Nationality ဟု ခေါ်ကြသည်။ ယနေ့ မြန်မာနိုင်ငံသည် ထိုတိုင်းရင်းသားလူမျိုး Nationality ၁၃၅ မျိုးကို စုပေါင်းလိုက်သောအခါ ဤမြေ၊ ဤနိုင်ငံတော်၏ နိုင်ငံသား ဒေသခံလူမျိုးကြီး Natioin တစ်ခု ဖြစ်လာပေသည်။

Nation ဟူသော အင်္ဂလိပ်ဘာသာစကားကို မြန်မာဘာသာဖြင့် နေရှင်းဟု အသံဖလှယ်၍လည်းကောင်း၊ နိုင်ငံလုံးဆိုင်ရာ တိုင်းရင်းသားအားလုံး၏ စုပေါင်းနာမည် (ဝါ) နိုင်ငံလုံးဆိုင်ရာ စုပေါင်းလူမျိုးကြီးတစ်မျိုး Nation အဖြစ် စုစည်းမိသည့် အဓိပ္ပာယ်ဆောင်လေသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် (ပြည်နယ်–တိုင်းဒေသ) တိုင်းရင်းသားလူမျိုးအုပ်စုကြီး ရှစ်ခုနှင့် အခြားတိုင်းရင်းသားလူမျိုး ၁၃၅ မျိုးတို့၏ စုပေါင်းနိုင်ငံ မြန်မာနိုင်ငံ (ဗမာနိုင်ငံ–Burma) မဟုတ်၊ (မြန်မာ–Myanmar) နိုင်ငံ ဖြစ်လာသည်။ အားလုံးကိုယ်စားပြု Nation လူမျိုးကြီး၏ အချုပ်မှာလည်း Myanmar မြန်မာလူမျိုးဟူ၍ ဖြစ်လာပေတော့သည်။ မြန်မာနိုင်ငံအစိုးရက ကမ္ဘာ့ ကုလသမဂ္ဂ အဖွဲ့ကြီးသို့ ၁၉၈၉ ခုနှစ်တွင် ကျွန်ုပ်တို့နိုင်ငံကို Burma ဘားမား (ဗမာနိုင်ငံဟု) မသုံးနှုန်း၊ မခေါ်ကြဘဲ တစ်မျိုးသားလုံးနာမည် Myanmar လူမျိုး၊ မြန်မာနိုင်ငံဟု ခေါ်ပါရန် တင်ပြခဲ့သည်။ ယနေ့ ကုလသမဂ္ဂက လက်ခံပြီး Myanmar ဟုသာ ခေါ်ကြသည်။ မလိုတမာ စိတ်ထားမူမမှန်သူ မြန်မာများ အပါအဝင် နိုင်ငံအချို့က သိက္ခာမဲ့စွာဖြင့် မြန်မာကို သွေးခွဲပေးလိုစိတ်ဖြင့် Burma ဘားမားဟုသာ ဆက်ခေါ်သုံးနှုန်းနေကြသည်။ မြန်မာနိုင်ငံသည် ယခင်က ယိုးဒယား SIAM (ဆိုင်းယမ်း) ဟုခေါ်ခဲ့ရာမှ သူတို့နိုင်ငံအစိုးရက နိုင်ငံအမည် Thailand ထိုင်းလင်းဟု ပြောင်းခဲ့ရာ မြန်မာတို့က ထိုင်းနိုင်ငံဟု ခေါ်ဝေါ်သုံးနှုန်းခဲ့သည်။ ယခင် ရုမေးနီးယား Rumania နိုင်ငံက သူတို့နိုင်ငံကို ရိုးမန်းနီးယားနိုင်ငံ Romanian ဟု ခေါ်ပါဟု အကြောင်းကြား၍ ရိုမေးနီးယား ဟု သုံးနှုန်းပေးခဲ့သည်။

မြန်မာနိုင်ငံသည် အင်္ဂလိပ်နယ်ချဲ့တို့လက်အောက်သို့ စုစုပေါင်း နှစ်ပေါင်း ၁၂၀၊ ဖက်ဆစ်ဂျပန်အောက် ၃ နှစ်ကျရောက်ခဲ့၍ မြန်မာ့လွတ်လပ်ရေးကို ၄–၁–၁၉၄၈ တွင် ပြန်ယူခဲ့သည်။ ဤမြန်မာနိုင်ငံသည် ရှေးပဝေသဏီကပင် ဤမြေ ဤရေ ဤနယ်နိမိတ်သည် သဘာဝအလျောက် ဖြစ်တည်ခဲ့သည်။ ဤမြေပေါ်သို့ မြောက်အရပ်မှ တိဗက်၊ မွန်ဂို၊ ချိုအင်း စသည့် လူမျိုးများ၊ အရှေ့ဘက်မှ ခမာများ၊ အနောက်ဘက်မှ ဟင်ဒူ၊ တမီးလ်၊ ပန်ချာဝီ လူမျိုးများ လာရောက်အခြေချနေထိုင်ကာ သူ့လူမျိုး အစုနှင့်သူ သီးခြားစီလို နေခဲ့ကြသည်။

ပုဂံအနော်ရထာက ယနေ့ မြန်မာနယ်နိမိတ်အားလုံး စုစည်းကာ ပထမ မြန်မာနိုင်ငံတော် ဟူ၍ တည်ထောင်ခဲ့သည်။ ဤမြေပေါ် အတူယှဉ်တွဲနေထိုင်သော လူမျိုးနွယ်များလည်း မြန်မာ့မြေ၊ မြန်မာ့ရေကို သောက်သုံးပြီး မြန်မာနိုင်ငံသားများ ဖြစ်လာကြသည်။ ဘုရင့်နောင် လက်ထက် ဒုတိယအကြိမ်၊ ရွှေဘိုအလောင်းဘုရား ဦးအောင်ဇေယျလက်ထက်တို့တွင် ဒုတိယမြန်မာနိုင်ငံ၊ တတိယ မြန်မာနိုင်ငံတော်အဖြစ် တရားဝင် စုစည်းတည်ထောင်ခဲ့သည်။ ပြည်ပမှဝင်လာသော လူမျိုးများလည်း မြန်မာ့မြေ၌ နေ၊ မြန်မာ့ရေသောက်၊ မြန်မာရာသီဥတု၊ မြန်မာ့မြေထွက် စားနပ်ရိက္ခာများ စားရင်းနှစ်ပေါင်း ထောင်ချီလာသောအခါ မူလဇာတ်ရုပ်၊ စိတ်၊ ဓလေ့စရိုက်ကအစ ပြောင်းပြီး ယနေ့ မြန်မာဆန်သော တိုင်းရင်းသားအနွယ်များ ဖြစ်လာသည်။ မြန်မာ့မြေတွင် ကျောက်ခေတ်ကပင် ဒေသခံ၊ ဒေသဖွား လူသားများ ပေါက်ဖွား နေထိုင်လျက်ရှိနေခဲ့သည်။ ပုံတောင်ပုံညာဒေသမှ တူးဖော်တွေ့ရှိရသော လူတူပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်း သက်သေခံများကို ခေတ်မီကာဘွန်ဓာတ်ခွဲနည်းဖြင့် အမေရိကန်၊ ဂျပန်၊ ပြင်သစ် ပညာရှင်တို့ ဓာတ်ခွဲကြည့်ရာ ပုံတောင်ဒေသမှ လူနှင့် တူသည့် ကျောက်ဖြစ်ရုပ်ကြွင်း၏ သက်တမ်းသည် နှစ်ပေါင်း သန်းလေးဆယ်ရှိပြီဟု သိလာရသည်။ ထို့ကြောင့် ကမ္ဘာ့လူသား အစ မြန်မာက၊ မြန်မာအစ ပုံတောင်ပုံညာဒေသကဟု လက်ခမောင်းခတ် ကြွေးကြော်လာနိုင်ခဲ့သည်။ မြန်မာနိုင်ငံသည် ပျူခေတ် မြို့ပြနိုင်ငံများ၊ ဟန်လင်း၊ ပိဿနိုး၊ သရေခေတ္တရာ စသည်နှင့် ထီးနန်းယဉ်ကျေးမှု၊ မြန်မာ့စာပေ၊ ဂီတ၊ သဘင်၊ ပန်းချီပန်းပု စသည့် ပန်း ဆယ်မျိုး အနုပညာ၊ ဗိသုကာပညာများ မြင့်မားစွာ ထွန်းကားခဲ့သည်။ ပုဂံခေတ်၊ ပင်းယ၊ အင်းဝ၊ စစ်ကိုင်း၊ မြင်စိုင်း၊ ညောင်ရမ်း၊ တောင်ငူ၊ ဟံသာဝတီ၊ ကုန်းဘောင်၊ ရတနာပုံခေတ်များ၏ မြန်မာ့ရိုးရာ ယဉ်ကျေးမှုတံခွန် ထူနိုင်ခဲ့သော နိုင်ငံလည်း ဖြစ်ခဲ့သည်။

“ပုဂံ အနော်ရထာက ယနေ့ မြန်မာ နယ်နိမိတ်အားလုံး စုစည်းကာ ပထမ မြန်မာနိုင်ငံတော်ဟူ၍ တည်ထောင်ခဲ့သည်။ ဤမြေပေါ် အတူယှဉ်တွဲ နေထိုင်သော လူမျိုးနွယ်များလည်း မြန်မာ့မြေ၊ မြန်မာ့ရေကို သောက်သုံးပြီး မြန်မာနိုင်ငံသားများ ဖြစ်လာကြသည်”

ဤမြန်မာနိုင်ငံပိုင်နက် (အလောင်းဘုရား၏ တတိယမြန်မာနိုင်ငံတော် နယ်နိမိတ်) အတိုင်း အင်္ဂလိပ်နယ်ချဲ့တို့က သိမ်းယူ သွေးစုပ်ပြီး မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရကာနီး ချိန်တွင် ဗမာလူမျိုးတို့၏ ဧရာဝတီမြစ်ဝှမ်းတစ်လျှောက် (ယနေ့အခေါ် တိုင်းဒေသကြီး ခုနစ်ခု) ကိုသာ မလွဲမရောင်သာ လွတ်လပ်ရေးပေးပြီး တောင်တန်းဒေသ (တိုင်းရင်းသား-ပြည်နယ်- ဒေသများကို ဆက်လက်ကျွန်ပြုထားရန် တကယ်လုပ်လာသဖြင့်) ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော တိုင်းရင်းသားစုံ မြန်မာမျိုးချစ်များက မြန်မာ့မူလ ပိုင်နက်နယ်မြေ တစ်ခုလုံး၏ လွတ်လပ်ရေးအတွက် အရေးဆို တိုက်ပွဲဝင်ခဲ့သည်။ အင်္ဂလိပ်နယ်ချဲ့တို့ သွေးခွဲနေသည့် ကြားမှပင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အမြော်အမြင်ကြီးများပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ထက်သန်သော တိုင်းရင်းသား ခေါင်းဆောင်များ၏ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ပင်လုံစာချုပ်ကြီးအရ ပင်လုံစိတ်ဓာတ် (ဝါ) တိုင်းရင်းသားစုံ မျိုးချစ်စိတ်ဓာတ် (ဝါ) ပြည်ထောင်စုစိတ်ဓာတ် ကိုယ်စီဖြင့် မြန်မာပြည်ထောင်စုကြီးတစ်ခုလုံး၏ လွတ်လပ်ရေးကို မြန်မာတို့ ပြန်လည်သိမ်းပိုက်ရယူနိုင်ခဲ့ပေသည်။

ဤနိုင်ငံမြေသည် ပုံတောင်ပုံညာသက်သေ၊ ကျောက်ခေတ်ပြဒါးလင်းဂူ သက်သေ တို့အရ ကမ္ဘာ့သက်ရှည်လူမျိုး နိုင်ငံအဖြစ် ရရှိခဲ့သည်။ ရေ၊ မြေဩဇာ ကောင်းသည်။ ရွှေ၊ ငွေ၊ ပတ္တမြားရတနာများ၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သဘာဝသယံဇာတ၊ သတ္တုမျိုးစုံ၊ ရေသယံဇာတမျိုးစုံ၊ သစ်တောနှင့် ရေနံမြေများ ကြွယ်ဝရာနိုင်ငံ ဖြစ်သည်။ အားလုံးညီညွတ်ပြီး စုပေါင်းကြိုးပမ်းလျှင် သူ့ဌေးနိုင်ငံ ဧကန်ဖြစ်မည်။ မူလကပင် ဤမြေတည်ထွန်းခဲ့သည်။ သူတစ်ပါးနိုင်ငံမြေများကို ကျူးကျော်တိုက်ခိုက် သိမ်းပိုက်ပြီး မိမိနိုင်ငံကို မတော်မတရား ချဲ့ထွင်ယူထားသော နိုင်ငံမျိုး မဟုတ်၍ နိုင်ငံမြေ၏ မည်သည့်အစိတ်အပိုင်းကို ကွဲအက်ခွဲထွက်မခံနိုင်။ ခွဲထုတ်ကျူးကျော်မခံနိုင်။ ပြည်ထောင်စုဖွား တိုင်းရင်းသား ၁၃၅ မျိုး၊ အရေအတွက်အားဖြင့် ၅၅ သန်းကျော်သည် ဤမှ မြတ်နိုးဖွယ်နိုင်ငံကို ရှေးမြန်မာ အစဉ်အလာချစ်ခင်မြတ်နိုး တန်ဖိုးထားကြခြင်းဖြင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် (ဝါ) မျိုးချစ်ပြည်ချစ်များ၏ ပြည်ထောင်စု စိတ်ဓာတ်ကိုယ်စီ ရှိနေကြရပါမည်ခင်ဗျား။

တက္ကသိုလ်မြတ်သူ

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ PR နှင့် မြန်မာ့အနာဂတ်

ykdvif

“ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ကို
ကျကျနနလေ့လာကြည့်မယ်ဆိုရင် ဒီမိုကရေစီ ဆိုင်ရာ
စံနှုန်းများ၊ နိုင်ငံသားတို့ရဲ့အခြေခံရပိုင်ခွင့်များ၊
နိုင်ငံတော်ရဲ့ မဏ္ဍိုင်သုံးရပ် ခိုင်မာတောင့်တင်းစေရေး
ပြဋ္ဌာန်းချက်များ၊ တိုင်းရင်းသားလူမျိုးစုများအတွက်
တန်းတူညီမျှမှုရှိ စေရေး အာမခံချက်များကို
ကျကျနနထည့်သွင်းရေးဆွဲထားတာဖြစ်တာကြောင့်
ရေရှည်မှာ သေချာပေါက် အလုပ်ဖြစ်လာတော့မှာ
ဖြစ်ပါတယ်”

ဒီမိုကရေစီ ရင့်သန်ပြီးသားနိုင်ငံကြီးတွေဟာ ဒီမိုကရေစီသက်တမ်းနှုန်းငံငယ်တွေနဲ့ တခြားနိုင်ငံရေးစနစ် ကျင့်သုံးတဲ့နိုင်ငံတွေမှာ အနောက်တိုင်းဒီမိုကရေစီစနစ်၊ အနောက်တိုင်း ဒီမိုကရေစီစံနှုန်းများ၊ အနောက်တိုင်းနိုင်ငံရေးယဉ်ကျေးမှုနဲ့ အနောက်တိုင်းပုံစံအုပ်ချုပ်ရေး၊ ဥပဒေပြုရေးစနစ်တွေကို ကျင့်သုံးကြဖို့ ဖိအားပေးတာတွေ လုပ်ကြတယ်။ တိုက်တွန်းတာတွေ လုပ်ကြတယ်။ ဝင်ရောက်စွက်ဖက်တာတွေ လုပ်ကြတယ်။

အီရတ်၊ အာဖဂန်နစ္စတန်နိုင်ငံတွေမှာ စစ်ရေးနည်းနဲ့တောင်မှ အဓမ္မလုပ်ကိုင်ဆောင်ရွက်ခဲ့ဖူးတယ်။ သူတို့ရဲ့ရည်ရွယ်ချက်က ၁။ အနောက်တိုင်း ဒီမိုကရေစီသည်သာ အကောင်းဆုံး နိုင်ငံရေးစနစ်ဖြစ်ကြောင်း သက်သေပြဖို့နဲ့ အနောက်တိုင်းနိုင်ငံရေးစနစ်ကို ကမ္ဘာ့နိုင်ငံ အများအပြားမှာ ဖြစ်ထွန်းလာအောင်ဖန်တီးဖို့နဲ့ ၂။ ဩဇာခံနိုင်ငံတွေအဖြစ် ပုံသွင်းပြီးတော့ အနောက်ကမ္ဘာ (အထူးသဖြင့် အမေရိကန်)ရဲ့ ဩဇာအာဏာကို ဆက်ထိန်းထားဖို့ဖြစ်ပါတယ်။

သို့သော် နိုင်ငံတစ်နိုင်ငံချင်းရဲ့ ယဉ်ကျေးမှု၊ ရေခံမြေခံ၊ ပထဝီအနေအထား စတဲ့အကြောင်းအချက်များဟာ သူ့ဝိသေသနဲ့သူ ထူးခြားမှုရှိနေကြတာကြောင့် နိုင်ငံတွေအားလုံးမှာ အနောက်တိုင်းလစ်ဘရယ်ပုံစံ နိုင်ငံရေးဝါဒ၊ နိုင်ငံရေးစနစ်ထွန်းကားဖို့ အလုပ်ဖြစ်ဖို့ဆိုတာ စိတ်ကူးယဉ်သက်သက်သာ ဖြစ်နေတာကြောင့် နှစ်ဆယ်ရာစုကုန်လို့ အခုနှစ်ဆယ့်တစ်ရာစုထဲ တော်တော်လေးဝင်လာပြီးတဲ့ကာလမှာတော့ အနောက်တိုင်း နိုင်ငံတွေရဲ့ နိုင်ငံရေးစနစ်များမှာလည်း ချို့ယွင်းချက်၊ အားနည်းချက်တွေ ပိုများလာပြီဖြစ်သလို၊ ကမ္ဘာ့စူပါပါဝါနေရာကို ယူထားတဲ့ အမေရိကန်ပြည်ထောင်စုကိုယ်တိုင်က ဩဇာကျဆင်းလာပြီဖြစ်ပြီးတော့ လစ်ဘရယ်ဝါဒ ကမ္ဘာလွှမ်းရေးပရိုဂရမ်ကြီးကလည်း အင်အားချည့်နဲ့ လာခဲ့ရပါတယ်။

အဲဒီလိုကာလမျိုးမှာ မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (၂၀၀၈) ဟာ နှစ်ဆယ့်တစ်ရာစု ဒီမိုကရေစီအသွင်ကူးပြောင်းစ နိုင်ငံငယ်များအတွက် အနည်းဆုံးလေ့လာစရာတွေ မြောက်မြားစွာရှိနေတဲ့ ဥပဒေတစ်ရပ်ဖြစ်လာနေပြီး မြန်မာနိုင်ငံရဲ့လက်ရှိနိုင်ငံရေးလမ်းကြောင်းဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံလို တစ်ပါတီ ကွန်မြူနစ်စနစ်နဲ့ တင်းကျပ်စွာ အုပ်ချုပ်တာမျိုး မဟုတ်သလို အနောက်တိုင်းပုံစံ အရမ်းကာရော လွတ်လပ်ခွင့်ကို ဦးစားပေးထားတာမျိုးလည်း မဟုတ်ဘဲ အသွင်ကူးပြောင်းစနိုင်ငံတစ်ခုအတွက် အလယ်အလတ်ကျကျလမ်းနဲ့ အလုပ်ဖြစ်လာနိုင်တာကို ၂၀၀၈ အခြေခံဥပဒေနဲ့ ဒီမိုကရေစီစနစ်ကို တည်တည်ငြိမ်ငြိမ် ဖော်ဆောင်ပြီး ကြွယ်ဝချမ်းသာ တိုးတက်ဖွံ့ဖြိုးလာတယ်ဆိုတဲ့ ရလဒ်ကို ကမ္ဘာအနှံ့က မျက်စိကျမှာကို အနောက်တိုင်းနိုင်ငံကြီးတွေအနေနဲ့ လိုလိုလားလား ရှိပုံမရပါဘူး။ အနောက်တိုင်းဒီမိုကရေစီစနစ် တွင်ကျယ်လာဖို့ကို ရှေးယခင်ကလောက် မျှော်လင့်လို့မရတော့တဲ့အချိန်မှာ အရှေ့တိုင်းနိုင်ငံတစ်ခုက ဒီမိုကရေစီစနစ်ကို မော်ဒယ်အသစ်တစ်ခု တီထွင်ပြီးတော့ အလုပ်ဖြစ်အောင်၊ ပိုပြီးအာမခံချက်ရှိတဲ့ အခြေအနေများ ရရှိအောင် ထူထောင်နိုင်မယ်ဆိုရင် အနောက်တိုင်း လစ်ဘရယ်ဝါဒ တွင်ကျယ်လာရေး ရည်မှန်းချက်ကို လက်လွှတ်ရမှာ မုချဖြစ်တာကြောင့် လက်ရှိ မြန်မာ့နိုင်ငံရေးစနစ်ကို ကောင်းစွာ တည်ဆောက်လို့မရနိုင်ဖို့အတွက် နည်းလမ်းပေါင်းစုံနဲ့ နှောင့်ယှက်ဖျက်ဆီးဖို့

ကြိုးစားနေကြတာပဲဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ကို ကျကျနန လေ့လာကြည့်မယ်ဆိုရင် ဒီမိုကရေစီဆိုင်ရာ စံနှုန်းများ၊ နိုင်ငံသားတို့ရဲ့ အခြေခံရပိုင်ခွင့်များ၊ နိုင်ငံတော်ရဲ့ မဏ္ဍိုင်သုံးရပ် ခိုင်မာတောင့်တင်းစေရေးပြဋ္ဌာန်းချက်များ၊ တိုင်းရင်းသားလူမျိုးစုများအတွက် တန်းတူညီမျှမှုရှိစေရေး အာမခံချက်များကို ကျကျနနထည့်သွင်းရေးဆွဲထားတာဖြစ်တာကြောင့် ရေရှည်မှာ သေချာပေါက် အလုပ်ဖြစ်လာတော့မှာဖြစ်ပါတယ်။ အနောက်တိုင်း လစ်ဘရယ်ဝါဒကို အခြေခံထားတာမျိုးမရှိခြင်းနဲ့ တပ်မတော်ရဲ့ နိုင်ငံရေးအခန်းကဏ္ဍဆိုတဲ့ အချက်နှစ်ချက်ကို အပြစ်အနာအဆာလို လက်ညှိုးထိုးပြီးတော့ တတ်နိုင်သလောက် ထိုးနှက်တိုက်ခိုက်နေခြင်းဟာ ဒီဥပဒေထဲက စောစောက ဖော်ပြတဲ့ဒီမိုကရေစီစံချိန်စံညွှန်းတွေနဲ့ညီညွတ်တဲ့ အခွင့်အရေးတွေကို ပေးထားတာကြောင့် တဖြည်းဖြည်းနဲ့ မြန်မာနိုင်ငံဟာ သေချာပေါက် ဖွံ့ဖြိုးတိုးတက်လာနိုင်ခြေကို သိနေကြလို့ ဒီဥပဒေအလုပ်ဖြစ်သွားမှာကို စိုးရိမ်ထိတ်လန့်နေကြတဲ့သဘောသာ ဖြစ်ပါတယ်။ တပ်မတော်ရဲ့ နိုင်ငံရေးအခန်းကဏ္ဍဆိုတာကလည်း အသွင်ကူးပြောင်းရေးကာလမှာ တည်ငြိမ်မှုရှိစေရေးနဲ့ နိုင်ငံရေးအရ သမိုင်းတစ်ကျော့ ပြန်မလည်ရေး၊ ဒီမိုကရေစီစနစ်ကို သေချာခိုင်မာအောင် တည်ဆောက်နိုင်ရေးအတွက်သာ ဖြစ်ပြီးတော့ ရေခဲမြေခဲများ ဖြစ်ထွန်းတိုးတက်လာတာနဲ့အမျှ၊ နိုင်ငံရေးပါတီများ စွမ်းရည်မြင့်မားလာတာနဲ့အမျှ၊ နိုင်ငံသားများရဲ့ ဒီမိုကရေစီအသိနဲ့ ဒီမိုကရေစီဓလေ့ ရင့်သန်လာတာနဲ့အမျှ၊ တည်ငြိမ်အေးချမ်းပြီး နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ဒီမိုကရေစီစံနှုန်းများ ပိုမိုပြည့်ဝပြီးတော့ နိုင်ငံရဲ့ရေခဲမြေခဲနဲ့လည်း ကိုက်ညီအပ်စပ်တဲ့ အသွင်သဏ္ဌာန်ဆီ တဖြည်းဖြည်းတိုးတက် ပြောင်းလဲလာမှာ မုချဖြစ်လေတော့ အနောက်တိုင်းဟန်ကို ပုံတူမကူးဘဲ ဒီမိုကရေစီကို တည်ဆောက်လို့ရနိုင်တယ်ဆိုတဲ့ ယူဆချက်အသစ်ဟာ ကမ္ဘာအနှံ့ကို အနည်းနဲ့အများ ရိုက်ခတ်မှာဖြစ်တာကို မလိုလားမနှစ်မြို့ လက်မခံနိုင်ကြလို့သာဖြစ်ပါတယ်။

“PR လို့ ပြောလိုက်တာနဲ့ လူတော်တော်များများက PR စနစ်ရဲ့ ကောင်းကျိုး ဆိုးပြစ်တွေကိုလည်း မသိနားမလည် PR ဘာမှန်းတောင် မသိဘဲနဲ့ သူများ ဆန့်ကျင်တာနဲ့ နောက်ကနေ လိုက်ဆန့်ကျင် နေကြတာ ...”

"PR စနစ်ကို ကျင့်သုံးရင် ဘယ်ပါတီ (ကြီးတွေ) ကမှ တစ်ပါတီတည်းက လွှတ်တော်တွေကို လွှမ်းမိုး ချုပ်ကိုင်ထားဖို့ မဖြစ်နိုင်တော့ပါဘူး။ အင်အား အတော်အသင့် ရှိတဲ့ နိုင်ငံရေးပါတီတွေ လွှတ်တော်ထဲကို ရောက်ခွင့် ရှိလာပါမယ်"

အချိုးကျကိုယ်စားပြုစနစ် (PR)ကို ရှေ့လာမယ့် ရွေးကောက်ပွဲများမှာ ကျင့်သုံးနိုင်ဖို့ကိုလည်း စဉ်းစား ဆောင်ရွက်နေကြပြီ ဖြစ်ပါတယ်။ PR လို့ ပြော လိုက်တာနဲ့ လူတော်တော်များများက PR စနစ်ရဲ့ ကောင်းကျိုးဆိုးပြစ်တွေကိုလည်း မသိနားမလည် PR ဘာမှန်းတောင် မသိဘဲနဲ့ သူများဆန့်ကျင်တာနဲ့ နောက်ကနေလိုက်ဆန့်ကျင်နေကြတာ အများကြီး မြင်တွေ့ နေရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ကို စာအုပ်ထဲမှာ ဘာတွေရေးထားတယ် ဆိုတာ လှန်တောင် မကြည့်ဖူးပေမယ့် သူများဆန့်ကျင်လို့ လိုက်ဆန့်ကျင်ကြသလိုပါပဲ။ ပြဿနာက ဒီလို ရမ်းမှန်း ဆန့်ကျင်နေကြတဲ့အထဲမှာ ဒီဥပဒေနဲ့ပဲ ရွေးကောက်ပွဲ တွေဝင်ပြိုင်၊ ဒီဥပဒေနဲ့ပဲ အစိုးရတွေ လွှတ်တော်ကိုယ် စားလှယ်တွေ လုပ်ကြတဲ့ နိုင်ငံရေးသမားတွေက ရှေ့ဆုံးက ပါနေတာမို့လည်း နိုင်ငံရေးလမ်းကြောင်းဟာ မလိုအပ်ဘဲနဲ့ အတိမ်းအစောင်းတွေ ဖြစ်ခဲ့ရတာ ဖြစ် ပါတယ်။

နိုင်ငံရေးနဲ့အလှမ်းဝေးကြတဲ့ သာမန်နိုင်ငံသား များ ဆိုတာက သူတို့ယုံကြည်မိတဲ့ ပါတီ၊ သူတို့ ယုံကြည်မိတဲ့ ခေါင်းဆောင်ကိုပဲ ကြည့်တတ်ကြတာ ဘာမှမဆန်းပါဘူး။ နိုင်ငံသားတွေ နိုင်ငံရေးကို နားမလည်လို့ နိုင်ငံရေးပါတီတွေရဲ့ ဦးဆောင်မှုအမှား နောက်ကနေလိုက် မိပြီး နိုင်ငံရေးအရ လမ်းမှားလိုက်မိ ကြတာဟာ သာမန်နိုင်ငံသားများရဲ့ အပြစ်လို့ မဆိုသာ ပါဘူး။ နိုင်ငံရေးအရ ဥပဒေများအပါအဝင် ကိစ္စရပ် အားလုံးကို ပိုင်နိုင်ကျွမ်းကျင်အောင် လုပ်ကြပြီးတော့ လက်တွေ့အလုပ်ဖြစ်မယ့်လမ်းကို ရွေးလုပ်ကြဖို့နဲ့ နိုင်ငံသားများကို လမ်းမှန်ပေါ်ကနေ ဦးစီးဦးဆောင် ပြုပြီးတော့ နိုင်ငံကိုတည်ဆောက်ကြဖို့က နိုင်ငံရေး ပါတီများ၊ နိုင်ငံရေး ခေါင်းဆောင်များနဲ့ နိုင်ငံရေး သမားများရဲ့တာဝန်သာ ဖြစ်ပါတယ်။

PR စနစ်ကို ကျင့်သုံးရင် (၁)ဘယ်ပါတီ(ကြီးတွေ) ကမှ တစ်ပါတီတည်းက လွှတ်တော်တွေကို လွှမ်းမိုး ချုပ်ကိုင်ထားဖို့ မဖြစ်နိုင်တော့ပါဘူး။ (၂) အင်အား အတော်အသင့်ရှိတဲ့ နိုင်ငံရေးပါတီတွေ လွှတ်တော်ထဲ

ကို ရောက်ခွင့်ရှိလာပါမယ်။ (၃) အထူးသဖြင့် တိုင်းရင်းသားတွေ အသီးသီးဟာ မိမိတို့ ပြည်နယ် အသီးသီးကို စီမံအုပ်ချုပ်ပိုင်ခွင့် ရလာရုံမကဘဲ ပြည်ထောင်စုလွှတ်တော်မှာ ကိုယ်စားပြုပါဝင်ခွင့်ကို ပိုမိုကျယ်ပြန့်စွာ ရရှိလာမှာ ဖြစ်ပါတယ်။ (၄) ဒီအခြေအနေတွေ ဖြစ်ထွန်းလာတာနဲ့အမျှ ဖက်ဒရယ်စနစ်တည်ဆောက်ရေးကို တိုက်ရိုက်ရော သွယ်ဝိုက်ပြီးတော့ပါ ကောင်းစွာ အထောက်အပံ့ဖြစ်လာမှာ ဖြစ်ပြီးတော့ ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းစဉ်ဟာလည်း သေချာပေါက်တိုးတက် ဖြစ်ထွန်းလာမှာ ဖြစ်ပါတယ်။ (၅) ဒီအကြောင်းအချက်တွေ အားလုံးဟာ နိုင်ငံသားများ လိုလားတောင့်တနေကြတဲ့ နိုင်ငံရေးစနစ်ကောင်းတစ်ရပ် ပေါ်ထွန်းရေး ရေရှည်တည်တံ့ ခိုင်မာရေးအတွက်ကိုလက်တွေ့ကျကျပံ့ပိုးပေးမှာဖြစ်ပါတယ်။ (၆) မြန်မာနိုင်ငံဟာ ငြိမ်းချမ်းသာယာဝပြောပြီးတော့ ရေရှည် ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ဖြစ်တည်လာဖို့ကောင်းစွာ အထောက်အပံ့ပြုမှာ လည်း ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံရေးစိတ်ဆန္ဒမှန်မှန်ကန်ကန်ရှိသူ၊ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေလိုသူ၊ နိုင်ငံသား အားလုံးရဲ့ လူမှုဘဝများ လူတန်းစေ့ ကြွယ်ဝချမ်းသာစေလိုသူ၊ အမြော်အမြင်ရှိသူ မည်သူမဆို PR စနစ်ကိုကောင်းစွာ လက်ခံနိုင်ကြမှာပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ဘယ်အဖွဲ့အစည်းကမှ၊ ဘယ်လူပုဂ္ဂိုလ်ကမှ တစ်စုတစ်ဖွဲ့တစ်ဦးတစ်ယောက်တည်းနဲ့ စီမံချင်လို့မရတဲ့ အင်မတန်မှ သိမ်မွေ့တဲ့ နိုင်ငံရေးရေခဲမြေခဲရှိနေတဲ့ နိုင်ငံဖြစ်ပါတယ်။ နယ်မြေ ဒေသများ၊ လူမျိုးစုများကို တတ်နိုင်သလောက် ကျယ်ကျယ်ပြန့်ပြန့်ကိုယ်စား ပြုခွင့်ပေးနိုင်ဖို့ အင်အားရှိသူတွေက သဘောထားကြီးနိုင်ကြမှသာ နိုင်ငံကို အမှန်တကယ် တိုးတက် ဖွံ့ဖြိုးအောင် တည်ဆောက်လို့ ရနိုင်မှာဖြစ်ပါတယ်။ နိုင်ငံသားများ အားလုံး ပိုမိုစည်းလုံး ညီညွတ်လာနိုင်ကြမှသာ နိုင်ငံကို ပိုမိုထိထိရောက်ရောက် တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ PR စနစ်ဟာ စည်းလုံးညီညွတ်ရေးကိုလည်း အထူးအထောက်အကူပြုမှာ မုချဖြစ်ပါတယ်။ ဒီစနစ်

“နိုင်ငံရေးစိတ်ဆန္ဒ မှန်မှန်ကန်ကန် ရှိသူ၊ နိုင်ငံကို ဖွံ့ဖြိုး တိုးတက်စေလိုသူ၊ နိုင်ငံသားအားလုံးရဲ့ လူမှုဘဝများ လူတန်းစေ့ ကြွယ်ဝ ချမ်းသာစေလိုသူ၊ အမြော်အမြင် ရှိသူ မည်သူမဆို PR စနစ်ကို ကောင်းစွာ လက်ခံနိုင်ကြမှာပဲ ဖြစ်ပါတယ်”

ကို လက်မခံနိုင်ကြောင်း ငြင်းဆိုကြခြင်းဟာ နိုင်ငံရေးကို ကောင်းစွာနားမလည်လို့ ရင်လည်းဖြစ်နိုင်ပါတယ်။ မြန်မာနိုင်ငံရဲ့ ရေခံမြေခံနဲ့ ဖွဲ့စည်း တည်ရှိပုံကို ကောင်းစွာနားမလည်လို့ရင်လည်း ဖြစ်နိုင်ပါတယ်။ နိုင်ငံရေး စိတ်ဆန္ဒ မမှန်ကန်လို့ရင်လည်း ဖြစ်နိုင်ပါတယ်။

မိမိပါတီ၊ မိမိအဖွဲ့အစည်းက အင်အားတောင့်တင်းနေတာမို့ PR စနစ်က တစ်ပါတီတစ်ဖွဲ့က နိုင်ငံရေးဗိုလ်ကျစိုးမိုးမှုကို ဟန့်တားထားတာကြောင့် ဇွတ်အတင်း ကန့်ကွက်လို ခြင်းရင်လည်း ဖြစ်နိုင်ပါတယ်။ သဘောထားသေးသိမ်လို့ရင်လည်း ဖြစ်နိုင်ပါတယ်။ လက်ရှိ ငြိမ်းချမ်းရေးကို အပြည့်အဝ မတည်ဆောက်နိုင်သေးတဲ့ အခြေအနေဟာ မိမိအတွက် မိမိအုပ်စု၊ မိမိအဖွဲ့အတွက် အကျိုးအမြတ် ကောင်းကောင်းရနေလို့ရင်လည်း ဖြစ်နိုင်ပါတယ်။

သို့သော် နိုင်ငံကို လက်တွေ့ကျကျ တည်ဆောက်ကြမယ်ဆိုရင် လက်တွေ့ထိရောက်တဲ့ နည်းလမ်း၊ မြန်မြန်ဆန်ဆန် တိုးတက်ဖြစ်ထွန်းမယ့်အဖြေကို ရှောင်လွှဲနေလို့ မရပါဘူး။ အားလုံးပါဝင်နိုင်တဲ့ နိုင်ငံသားများကို ကျယ်ကျယ်ပြန့်ပြန့်ကိုယ်စားပြုနိုင်တဲ့ စနစ်တစ်ရပ်ကို ကျင့်သုံးနိုင်ရေးဟာ နိုင်ငံရဲ့အနာဂတ်ကို ကောင်းမွန်စွာ တည်ဆောက်နိုင်ရေးအတွက် အဖြေကောင်းဖြစ်တယ်ဆိုတာ နားလည်လက်ခံနိုင်ကြဖို့ဖြစ်ပါတယ်။ အမြော်အမြင်ကြီးကြီးနဲ့ အတ္တကို ဖယ်ခွာပြီးတော့ သုံးသပ်ဆင်ခြင်နိုင်ကြဖို့ဖြစ်ပါတယ်။ မိမိတို့ရဲ့ ကိုယ်ကျိုးစီးပွားကို ဗဟိုပြုစဉ်းစားလို့ လုပ်ကိုင်လို့လည်း မရပါဘူး။

တစ်နိုင်ငံလုံး၊ နိုင်ငံသားများအားလုံး အတူတကွ ခံစားစံစားကြရမယ့် အနာဂတ် ကောင်းတစ်ခုကို စိတ်စေတနာမှန်မှန်၊ သဘောထားကြီးကြီးနဲ့ ကြိုးစားတည်ဆောက်ကြရမယ့် သမိုင်းပေးတာဝန်ကို မည်သူတစ်ဦးတစ်ယောက်ကမှ လျစ်လျူမရှုကြဘဲနဲ့ လမ်းမှန်ပေါ် လျှောက်လှမ်းကြဖို့ တိုက်တွန်းမေတ္တာရပ်ခံလိုပါတယ်။ နိုင်ငံတည်ဆောက်ရေးအတွက် မဖြစ်မနေဖြစ်ထွန်းဖို့ လိုအပ်တဲ့ ငြိမ်းချမ်းရေး၊ တန်းတူတူညီမျှရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်သင့်လုပ်ထိုက်တဲ့ နည်းလမ်းများနဲ့ အကျိုးသက်ဆိုင်သူအားလုံးက စိတ်တူကိုယ်တူ လက်တွဲလုပ်ကိုင်နိုင်ကြမယ်ဆိုရင် အနာဂတ်ဟာ အနီးလေးဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဝိုက်တင်

ငါနှင့်မဆိုင်ပါဘူး ဟုဆိုသော်လည်း

&efaumfjrefrmEkdifiHa&;avhvmolwdyfbl

“နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန်မှာ
ထိုနိုင်ငံတွင် နိုင်ငံရေးတည်ငြိမ်မှုရှိရမည် ဖြစ်ပါသည်။
ထိုသို့ နိုင်ငံရေးတည်ငြိမ်မှုရှိစေရန်
နိုင်ငံတော်သည် ငြိမ်းငြိမ်းချမ်းချမ်း ရှိရမည်ဖြစ်ပါသည်။
စစ်မက်များ၊ ပဋိပက္ခများ၊ အကြမ်းဖက်မှုများ ကင်းသော၊
အေးချမ်းသော၊ ငြိမ်းချမ်းသော အခြေအနေကို ပိုင်ဆိုင်မှ
ဖွံ့ဖြိုးတိုးတက်ငြိမ်းချမ်း သာယာပေမည်။
သူ့ကြောင့် နှင့်ကြောင့် စသည်ဖြင့် တစ်ဦးကိုတစ်ဦး
လက်ညှိုးထိုးကြမည့်အစား လားရာတူသို့
ပြိုင်တူတွန်းခြင်းဖြင့် အရွေ့တစ်ခုအား ဖန်တီးကြရပေမည်”

**"အဲသည်
ကြွက်ထောင်ချောက်ကို
နင်ပဲ သတိထား။
နင်က ဟိုစပ်စပ်၊
ဒီစပ်စပ်၊ အစား
တစ်လုတ်အတွက်
ဒုက္ခများဦးမယ်။
နာမည်ကိုက
'ကြွက်ထောင်ချောက်'
တဲ့လေ။ ငါတို့နဲ့မှ
မဆိုင်တာ၊ နင်သာ
အစစ သတိနဲ့နေ။
သတိနဲ့သွား။
သတိနဲ့စား"**

(၁)

အခါတစ်ပါး၌လယ်သမားလင်မယားနှစ်ယောက်သည် ရွာမှ နှစ်ပြလောက်ဝေးသည့် ဈေးတွင် ဝယ်စရာခြမ်းစရာများကို ဝယ်ယူပြီး လက်စွဲတော် စီးတော်ယာဉ်ဖြစ်သည့် 'ထော်လာကျီ'ဖြင့် ရွာသို့ ပြန်ရောက်လာကြပါသည်။ မန်ကျည်းပင်များအုပ်ဆိုင်းနေသော ခြံဝိုင်းအတွင်းရှိ အိမ်ပေါ်သို့အရောက်တွင် လယ်သမားမောင်နှံသည် ပလိုင်းတောင်းအတွင်းမှ ဝယ်ယူလာသောပစ္စည်းများကို အိမ်အပေါ်ထပ်တွင် တစ်ခုစီ ထုတ်လျက်ရှိနေကြသည်။ ထိုဖြစ်အင်ကို အိမ်အတွင်း ဟိုမှ၊ သည်မှ ပြေးရင်းလွှားရင်း အိမ်နေရာအနှံ့မှ စားကြွင်းစားကျန် စားစရာတို့ကို ရှာဖွေစားသောက်နေသော 'ကြွက်' တစ်ကောင်ကလည်း အိမ်ထရံကြားအပေါက်မှ ချောင်း၍ကြည့်နေလေတော့သည်။ ထိုသို့ပစ္စည်းများထုတ်ရာမှ လယ်သမားကြီး၏ဇနီး နောက်ဆုံး ထုတ်ယူလိုက်သောအရာကို မြင်မိသောကြွက်မှာ သူ့တစ်ကိုယ်လုံးရှိအမွေးများထောင်သွားပြီး မျက်လုံးအစုံမှာလည်း ပြူးကျယ်၍သွားပါတော့သည်။ ထိုအရာကား အခြားမဟုတ်ပေ။ စပရိန်ဖြင့် ရိုက်အားပြင်း ညှပ်ခလုတ်ဆင်ထားသော 'ကြွက်ထောင်ချောက်' တစ်ခုဖြစ်နေသောကြောင့်ပင်။

(၂)

ချက်ချင်းဆိုသလိုပင် ကြွက်ကလေးသည် အိမ်ပေါ်မှ အသေးနှင့်၍ ခြံထဲရှိ 'ကြက်ဖ' ကြီးရှိရာသို့ အပြေးသွားပေတော့သည်။ ကသောကမျောဖြင့် 'ကြက်ဖ'ရှေ့အရောက်တွင် ကြွက်ကလေးက ...

"ကိုကြက်ဖ ... ကိုကြက်ဖ"

"ဟေကွာ"

"လယ်သမားလင်မယားဈေးက ပြန်လာတာ ဘာတွေဝယ်လာလဲ သိလားဗျ"

"ဘယ်သိမလဲကွ ငကြွက်ရ"

"စုံနေတာပဲ။ ဒါပေမဲ့ အရေးကြီးတာတစ်ခု သူတို့ဝယ်လာကြတယ်။ အဲဒါ ကြွက်ထောင်ချောက်ဗျ" ထိုအခါ ကြက်ဖကြီးမှ "ဟား ... ဟား ... ဆန်းလားကွ။

အဲသည် ကြွက် ထောင်ချောက်က ငါနဲ့မှ မဆိုင်တာ။ မင်းသာ သတိထားပါကွာ ငကြွက်ရာ” ဟု အပြန်အလှန် ပြောဆိုနေကြပါသည်။ ကြွက်ကလေးက ကြွက်ဖကြီး၏အဖြေကို မကျေနပ်ချေ။ ရင်ထဲတွင် တနုံ့နုံ့ဖြင့် လယ်သမားလင်မယား၏ ဝင်းအတွင်းမှ လယ်သမားတို့ မွေးထားသော ‘ဝက်မကြီး’ ထံ အပြေးကလေးဆက်၍ ထွက်သွားခဲ့ပေသည်။ ‘ဝက်မကြီး’ ထံအရောက်တွင် ကြွက်ကလေးက “ဒေါ်ဝက်မ ... ဒေါ်ဝက်မ” “ဘာတုန်း ... ဟဲ့ ဖိုးကြွက်ရဲ့” “လယ်သမားလင်မယား စျေးက ပြန်လာတာ ကြွက်ထောင်ချောက်တစ်ခု ဝယ်လာတယ်ဗျ” “အမလေးဟယ် ... ဖိုးကြွက်ရယ် ဒါများ ဆန်းလားဟဲ့။ အဲသည် ကြွက်ထောင်ချောက်ကို နင်ပဲ သတိထား။ နင်က ဟိုစပ်စပ်၊ ဒီစပ်စပ်၊ အစားတစ်လုတ်အတွက် ဒုက္ခများဦးမယ်။ နာမည်ကိုက ‘ကြွက် ထောင်ချောက်’ တဲ့လေ။ ငါတို့နဲ့မှ မဆိုင်တာ၊ နင်သာ အစစသတိနဲ့နေ။ သတိနဲ့သွား။ သတိနဲ့ စား” ဟု ဖြေကြားသော ဒေါ်ဝက်မကြီးအဖြေတို့ကလည်း ကြွက်ကလေး အဖို့ မကျေနပ် စရာပင်။ ကျန်သေးတယ် ဦးနွား။ သူ့ထင်မြင်ယူဆချက်သိရအောင် သူ့ကို သွားပြောဦးမှ ဟု တွေးရင်း နွားတင်းကုပ်ရှိရာသို့ ကြွက်ကလေး အသေ့နှင်သွားလေသည်။ နွားကြီးထံ အရောက်တွင် ကြွက်ကလေးက အမောတကောနှင့် “ဦးနွားကြီး ... လယ်သမားလင်မယား မြို့ကစျေးဝယ်ပြန်လာတာ ကြွက်ထောင်ချောက်တစ်ခု ဝယ်လာတယ်ဗျ”

“အဲဒါ ဘာဖြစ်တုန်း မောင်ကြွက်ရ။ အဲသည့်ထောင်ချောက်က ငါ့ခေါင်း၊ ငါ့ချို၊ ငါ့ခန္ဓာကိုယ်၊ ငါ့လက်၊ ငါ့ခြေတွေကို အန္တရာယ်မပေးနိုင်ဘူးလေကွာ။ ဒုက္ခပေးခြင်းပေး၊ မင်းကိုပဲ ဒုက္ခပေးမှာ။ အစစ မင်း သတိထားပေါ့”

ကြွက်ကလေး ရင်ထဲ မတင်မကျနှင့်ပင် နွားတင်းကုပ်မှ ခွာခဲ့ပါတော့တယ်။ သည်လို နဲ့ တစ်နေ့ဝင်၍ မိုးစုံးစုံးချုပ်ခဲ့ရပြန်ပါတော့သည်။ တောင်ပံတဖျပ်ဖျပ်ခတ်သံနှင့်အတူ ကြက်ဖကြီး သက်ကြီးခေါင်းချ တွန်ကျူးသံက တိတ်ဆိတ်နေသော ညဉ့်လယ်ယံအား ဖောက်ထွင်းသွားပါတော့သည်။

(၃)

သက်ကြီးခေါင်းချသံ တွန်ကျူးအပြီး ပြန်လည်တိတ်ဆိတ်နေမှုအား “ဖြောင်း” ဟူသော ကြွက်ထောင်ချောက်မောင်းသံကြောင့် လယ်သမားဇနီး နိုးသွားသည်။ ဝက်မကြီး ခေါင်းထောင်လာပြီး “ညနေကပဲ ပြောသား။ အစာမငမ်းနဲ့လို့။ အခုတော့ ဖိုးကြွက်ရေ ... အမျှပေ့ ... အမျှလို့” ရေရွတ်ရင်း ခေါင်းပြန်ချသွားသည်။

မီးခွက်မီးအလင်းရောင်နဲ့အတူ လယ်သမားကြီး၏ဇနီး အိမ်အပေါ်ထပ်မှ နောက်ဖေးကပြင်နှင့် တွဲထားသော မီးဖိုဆီသို့ လှမ်းလာခဲ့သည်။ လှေကားလေး ငါးထစ်ခန့်ဆင်းမှ ကပြင်ပေါ်သို့ ရောက်သည်။ လှေကားသုံးထစ်ခန့်ဆင်းအပြီးတွင် မီးဖိုခြေရင်းဘက်သို့ မျက်စိရောက်သွားရာ မန်ကျည်းပင်မှ အကိုင်းများ အိမ်ထဲသို့ပင် ဝင်၍နေတာတွေ့ရသဖြင့် မနက်မှ အကိုင်းများခုတ်ရဦးမည်ဟု အာရုံရောက်ရင်း လှေကားအောက်ဆုံးထစ်သို့ ခြေထောက်အရောက်တွင် ခြေမျက်စိနားက ပူခနဲဖြစ်သွား၍ မီးခွက်ဖြင့် အသေအချာကြည့်ရာတွင် ကြွက်ထောင်ချောက်၌ မိနေသည်မှာ ကြွက်မဟုတ်ပါဘဲ မြွေဆိုးတစ်ကောင်ဖြစ်နေပါတော့သည်။

"ယောကျ်ားရေ ... ကျုပ် ပိုးထိပြီတော့" လို့ ယောကျ်ားလုပ်သူကို အော်နှိုးလိုက်သည်။ အိမ်တွင် လင်နှင့်မယားနှစ်ယောက်တည်း ဖြစ်တဲ့အတွက် သည်နှစ်ဦးသာ အပြန်အလှန် ရိုင်းပင်းရာ၊ သည်နှစ်ဦးသာ အပြန်အလှန်အမှီသဟဲပြုရာဖြစ်သဖြင့် လယ်သမားလည်း လက်ထဲတွင် ဓားရှည်ကိုင်ဆွဲပြီး မယားထိ ဓားကြည့်ဆိုသကဲ့သို့ မြွေအားခုတ်ပိုင်းဖြတ်လိုက်ပြီး အိမ်အနီးအပါးသူတို့ကိုလည်း ၎င်း၏ဇနီး ပိုးထိကြောင်း အော်ဟစ်အကူအညီတောင်းခံလိုက်ပါသည်။

အိမ်နီးချင်းများ၊ လူငယ်များနှင့်အတူ ဆေးဆရာလည်း ရောက်လို့လာခဲ့ပါသည်။ တတ်သမျှ မှတ်သမျှ ရှေးဦးသူနာပြုစုနည်းအပါအဝင် မြွေဆိပ်ပြေရန် ဝိုင်းဝန်းပြုစုကြသော်လည်း လူနာမှာ မိုန်းလျက်သာအနေများလေသည်။ "အစွမ်းကုန်တော့ ပြုစုကုသထားတာပဲဗျာ။ လူနာကိုက ကိုယ်ခံအားနည်းနေလေတော့ အားရှိတဲ့အစားအစာတွေ ကျွေးဗျာ" ဟု ဆေးဆရာက မှာကြားပြီး ပြန်သွားခဲ့ပါတယ်။ အရဏ်ကားမတက်သေး။ လယ်သမားကြီး စဉ်းစားနေရပြီ။ အားရှိတဲ့အစားအစာ၊ အားရှိတဲ့အစားအစာ ဘယ်လိုများ စီမံရပါလိမ့်။ နောက်ဆုံး အဖြေတစ်ခုထွက်လာ၍ ပြောလိုက်သည်ကတော့ ...

(၄)

"မှတ်ကြီးရေ ... ခေါင်းရင်းအိမ်က အရီးကျော့ကို မင်းကိုယ်တိုင် ကြက်ဖကြီး ကိုင်တွယ်ပေးပြီး မင်းအစ်မအားရှိအောင် 'စွပ်ပြုတ်' လုပ်ခိုင်းလိုက်တော့ကွာ" ဟူ၍ ဖြစ်ပါသည်။

"ကြွက်ထောင်ချောက်" ကိုယ်နဲ့မဆိုင်ပါဘူးလို့ ပြောခဲ့တဲ့ ကြက်ဖကြီး စွပ်ပြုတ်ဘဝသို့ ပြောင်းခဲ့ရပါပေသည်။

မည်သို့ပင်ဆိုစေ လယ်သမားကြီးဇနီးကား တောင်မကျော်နိုင်ခဲ့ပေ။

လူတစ်ယောက်ဆုံးပြီ။ အနိစ္စရောက်ပြီဆိုပါလျှင် ထုံးစံအတိုင်း ဓလေ့အတိုင်း ...

- သက်ပျောက်သပိတ်
- မြေဆင်းသပိတ်
- သရဏာဂုံတင်
- ရက်လည်ဆွမ်းသွတ် အမျှအတန်းဝေ မဖြစ်မနေလုပ်ရသည်။ ရွာဆိုတော့လည်း ဧည့်က မပြတ်။ အဝေးအနီးမှလာကြသည်။ သူ့ဘက် ကိုယ့်ဘက် အမျိုးတို့ကလည်း အိမ်မှာပင် အိပ်၊ အိမ်မှာပင် စားကြသည်။ သည်တော့ လယ်သမားခမျာ ငွေလိုလာမည်ဟု တွေးမိသည်။ ထိုသို့တွေးမိရင်းနှင့်အတူ အကောင်အထည်ဖော်လိုက်သည်ကား "မှတ်ကြီး ... မင်းအစ်မ ရက်လည်အထိ သုံးဖို့၊ ဝက်မကြီးကို မင်းကြည့်သာ စီစဉ်လိုက်ကွာ" ဟူ၍ ဖြစ်ပေတော့သည်။

"ကြွက်ထောင်ချောက်" က ကိုယ်နဲ့မဆိုင်၊ ညကပင် အိပ်ချင်မူးတူးနှင့် ဖိုးကြွက်ကို မှန်း၍ "အမျှ" နှစ်ကြိမ်သာ ဝေလိုက်ရသော ဒေါ်ဝက်မ၊ နောက်ဆုံးတစ်ကြိမ် "အမျှ" က သူ့အတွက်ပေလားဟု တွေးရမလိုပင်။

သည်လိုနှင့် ကွယ်လွန်သူ လပတ်လည်တော့မည်။ ဆွေမျိုး၊ ညာတိတို့လည်း မပြန် ကြသေး။ အချို့ပင် ထပ်ရောက်လာကြသည်။ လပတ်ဆွမ်းသွတ်ဖို့က ဆယ်ရက်ခန့်လိုသေး သည်။ လက်ထဲတွင် ငွေမရှိတော့သော လယ်သမားကြီးခမျာ မွေးထားသော နွားကြီးအား ရောင်းချလိုက်ရပြန်ပေသည်။ ဤသို့ဖြင့် မိမိတို့နှင့်မဆိုင်ဟုဆိုကြသော ကြက်ဖ၊ ဝက်မနှင့် နွားကြီးတို့ဘဝတစ်ပါးပြောင်းသွားသော လယ်သမားကြီးဇနီးကဲ့သို့ပင် ဤအိမ် ဤယာသို့ ထာဝရပြန်မလာနိုင်ကြတော့ပေ။ 'ကြွက်ထောင်ချောက်'နှင့် မိမိတိုက်ရိုက်ပတ်သက်ပါသည် ဆိုသော 'ကြွက်ကလေး' မှာကား လယ်သမားကြီးအိမ်တွင် ဟိုမှ သည်မှ ပြေးလွှားရှာဖွေစားသောက်ဆဲပင်။ အထူးသဖြင့် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန်မှာ ထိုနိုင်ငံတွင် နိုင်ငံရေးတည်ငြိမ်မှုရှိရမည် ဖြစ်ပါသည်။ ထိုသို့ နိုင်ငံရေးတည်ငြိမ်မှုရှိစေရန် နိုင်ငံတော်သည် ငြိမ်းငြိမ်းချမ်းချမ်း ရှိရမည်ဖြစ်ပါသည်။ စစ်မက်များ၊ ပဋိပက္ခများ၊ အကြမ်းဖက်မှုများ ကင်းသော၊ အေးချမ်းသော၊ ငြိမ်းချမ်းသော အခြေအနေကို ပိုင်ဆိုင်မှ ဖွံ့ဖြိုးတိုးတက်ငြိမ်းချမ်း သာယာပေမည်။ သူ့ကြောင့် နင့်ကြောင့် စသည်ဖြင့် တစ်ဦးကိုတစ်ဦး လက်ညှိုးထိုးကြမည့် အစားလားရာတူသို့ ပြုင်တူတွန်းခြင်းဖြင့် အရွေ့တစ်ခုအား ဖန်တီးကြရပေမည်။ ၁၁ နှစ်နှင့် ၁ လကြာသော ဗီယက်နမ်စစ်ပွဲသည်လည်း တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲ၏ ရလဒ်ဖြင့် အောင်မြင်ခဲ့သည့် သာဓကလည်း ရှိခဲ့ပါသည်။ ဒုက္ခလနှင့် ပါရီကတို့လည်း မျက်စိမြင်၊ သုဝဏ္ဏသာမလည်း အသက်ရှင်၊ ရွှေအိုးကြီးလည်း ရဆိုသကဲ့သို့ ဤတိုင်းနိုင်ငံ သာယာလှပငြိမ်းချမ်းမှုအတွက် ငါနဲ့မဆိုင်ဆိုသော စိတ်ဓာတ်များကို ဖယ်ရှား၍ နိုင်ငံသူ နိုင်ငံသားအားလုံး ပါဝင် ဆောင်ရွက်ရမည့်အချိန်ဟုလည်း ထပ်ဆင့်တင်ပြလိုက်ပါသည်။

"၁၁ နှစ်နှင့် ၁ လ ကြာသော ဗီယက်နမ် စစ်ပွဲသည်လည်း တွေ့ဆုံညှိနှိုင်း ဆွေးနွေးပွဲ၏ ရလဒ်ဖြင့် အောင်မြင်ခဲ့သည့် သာဓကလည်း ရှိခဲ့ပါသည်။ ဒုက္ခလနှင့် ပါရီကတို့လည်း မျက်စိမြင်၊ သုဝဏ္ဏသာမလည်း အသက်ရှင်၊ ရွှေအိုးကြီးလည်း ရဆိုသကဲ့သို့ ဤတိုင်းနိုင်ငံ သာယာလှပ ငြိမ်းချမ်းမှုအတွက်.."

(၅)

ယနေ့အချိန်အခါသမယတွင်လည်း တိုင်းရင်းသားတို့အရေး၊ ဖက်ဒရယ်အရေး၊ ငြိမ်းချမ်းရေးရရှိမှုအရေး၊ ဒီမိုကရေစီအရေး ဤနိုင်ငံအပါအဝင်

ကမ္ဘာ့နိုင်ငံအသီးသီးသို့ ခြိမ်းခြောက်နေသော ကိုဗစ်-၁၉ ကူးစက်ကပ်ရောဂါ တိုက်ဖျက်မှု ဆောင်ရွက်သောအရေး အထွေထွေ ပဋိပက္ခများ ချုပ်ငြိမ်းစေရန် မိမိနိုင်သည့်ဘက်မှ တာဝန်ယူဆောင်ရွက်ပေးရေး၊ လက်ရှိ ကမ္ဘာ့လူသားများ စိတ်ဝင်စားမှုအမြင့်ဆုံး ရုရှား-ယူကရိန်းအရေး၊ လူငယ်ထုအကြား တစ်နေ့တခြား ကျယ်ပြန့်လာသော အယူအဆကွဲပြားမှု လေဟာနယ် မရှိစေရေး စသည့် အရေးပေါင်းများကို 'ကြွက်ထောင်ချောက်' ပုံပြင်ကဲ့သို့ ငါနှင့်မဆိုင်၊ ငါနဲ့ မပတ်သက်ဆိုသည်မျိုးကို မလုပ်သင့်ပေ။ အမျိုးသားရေးအမြင်၊ အမျိုးသားရေးအတွေး၊ အမျိုးသားရေး စိတ်ဓာတ်တို့ကို အခြေခံပြီး တွဲလက်ညီညာစွာ လုပ်ကိုင်ဆောင်ရွက်သင့်ပေသည်။ ထို့အတူ ဤ'ကြွက်ထောင်ချောက်' ပုံပြင်ကလေးကိုလည်း အစဉ်သတိရရှိစေချင်ပါပေသတည်း။

ငြိမ်းချမ်းရေးဆိုင်ရာ ဟောပြောပွဲများတွင် ပြောကြားခဲ့သော 'ကြွက်ထောင်ချောက်' ပုံပြင်လေးအား မိမိနားလည်သလို ရေးသား၍ တင်ဆက်ပေးလိုက်ပါသည်။

စာကြွင်း။ ။ လူမှုကွန်ရက်စာမျက်နှာပေါ်တွင်လည်း တင်ပြပုံကွဲ၊ အကြောင်းအရာ တူမျိုးကိုလည်း ဖတ်ရှုဖူးပါသည်။ဆရာဖေမြင့်ရေးသားသော ကြွက်ထောင်ချောက်အား ကျေးဇူးထား၍ ရေးသားဖော်ပြအပ်ပါသည်။ (စာရေးသူ)

ရန်ကျော်(မြန်မာ့နိုင်ငံရေးလေ့လာသုံးသပ်သူ)

Principle (ခေါ်) စည်းမျဉ်းဥပဒေလွှမ်းမိုးမှု တာဝန်ယူမှု တာဝန်ခံမှုနှင့် မြန်မာနိုင်ငံ

a'¡ufwmatmifd

“အစိုးရ၏ အုပ်ချုပ်ရေးယန္တရားသည် အဆင့်အသီးသီးတွင်
တာဝန်ယူမှု၊ တာဝန်ခံ မှုရှိပြီး ပွင့်လင်းမြင်သာမှုရှိသည်၊
အုပ်ချုပ်ရေးဝန်ဆောင်မှုကို ချက်ချင်းပေးသည်ဟူသော
တန်ဖိုးများသည် ပြည်သူအား "ပစ်ရမှာအဆီနှင့်ဝင်းဝင်း”
ဟူသော တန်ဖိုးထားမှုကို ဖြစ်ပေါ်စေလိမ့်သည်။
ထိုအုပ်ချုပ်ရေးစနစ်ကို
ပြည်သူများ ဖက်တွယ်ထားလိမ့်မည်”

]]နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ တိုးတက်အောင်မြင်မှုကို စည်းမျဉ်းစည်းကမ်းအား လိုက်နာမှု ဘောင်တစ်ခုတည်း ဖြင့်တော့ ဖန်တီးနိုင်ခြင်း မရှိပါ။ အခြား အခြားသော ဖြည့်စွက်စရာ ကိစ္စများလည်း ရှိနေသေးသည်}}

စာဖတ်သူများသို့ လက်မွန်မဆွ အသိပေးတင်ပြလိုသည်မှာ ဤဆောင်းပါး၏ အခြေခံသည် နိုင်ငံရေးသိပ္ပံဘာသာရပ်၊ အုပ်ချုပ်ရေးဘာသာရပ်များဆိုင်ရာ သင်ရိုးညွှန်းတမ်းများနှင့် သက်ဆိုင်မှုမရှိကြောင်း တင်ပြလိုပါသည်။ ခေါင်းစဉ်ပါအချက်အလက်များကို ချဉ်းကပ်မှုသည် သမိုင်းကိုချဉ်းကပ်လေ့လာခြင်းနှင့် စာရေးသူ၏ စစ်မှုထမ်းတာဝန်၊ နိုင်ငံ့ဝန်ထမ်းဘဝတစ်လျှောက်အတွေ့အကြုံများအပေါ် အခြေခံပါကြောင်း ပဏာမ တင်ပြလိုပါသည်။

နိုင်ငံများ၏သမိုင်းတစ်လျှောက် ချဉ်းကပ်လေ့လာရာတွင် စည်းမျဉ်းဥပဒေ(Principle) လွှမ်းမိုးမှုရှိသောနိုင်ငံများ၊ စည်းမျဉ်းဥပဒေ အထက်လူပုဂ္ဂိုလ်ကို ချဉ်းကပ်သော(Personal) လွှမ်းမိုးသည့်နိုင်ငံများဟူ၍ နှစ်ပိုင်းတွေ့ရပါသည်။ စည်းမျဉ်းဥပဒေလွှမ်းမိုးမှုရှိပြီး လွှမ်းမိုးမှုအား လက်ခံခြင်းကို စည်းကမ်းကောင်းသည် ဟုလည်း ခေါ်ဆိုနိုင်ပါသည်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ တိုးတက်အောင်မြင်မှုကို စည်းမျဉ်းစည်းကမ်းအား လိုက်နာမှုဘောင်တစ်ခုတည်းဖြင့်တော့ ဖန်တီးနိုင်ခြင်းမရှိပါ။ အခြား အခြားသော ဖြည့်စွက် စရာကိစ္စများလည်း ရှိနေသေးသည်။ သို့သော် ထိုနိုင်ငံသည်လည်းကောင်း၊ ထိုစည်းမျဉ်းသည် လည်းကောင်း ခံနိုင်ရည်(Resilience) ရှိသည်ကိုတော့ တွေ့ကြရ မည် ဖြစ်ပါသည်။

ရှေးခေတ်သမိုင်းမှစကာ ထိုနိုင်ငံများအထဲတွင် အထင်ရှားဆုံးမှာ အနောက်တိုင်း တွင် အေသင်၊ ဂျာမဏီ၊ အင်္ဂလန်၊ အမေရိကန်ပြည်ထောင်စု စသည်တို့ဖြစ်ကြသည်။ အရှေ့တိုင်းတွင်မူ တက္ကသိလာ၊ ဝေသာလီ၊ ကုသိနာရုံ၊ ဂျပန်တို့ဖြစ်ပါသည်။ ဂျပန်နိုင်ငံအား တင်စားရခြင်းမှာ ဂျပန်နိုင်ငံ၏ “ဘုရင်” တစ်ဆူတည်းဟူသော သတ်မှတ်ချက်အား တစ်မျိုးသားလုံးမှ ချဉ်းကပ်မှုအရ ဖြစ်ပါသည်။

အင်္ဂလန်နိုင်ငံမှာမူ မက်ဂနာကာတာဟူသော ဘုရင်နှင့် တိုင်းသူပြည်သားများ သဘောတူစာချုပ်ခဲ့ကြသော ၁၂၁၅ နှစ်မှစတင်ကာ မူအပေါ်ချဉ်းကပ်မှု ပိုမိုခိုင်မြဲလာမှု အရဖြစ်ပါသည်။ ပထမမြောက် အယ်လစ်

ဇာတ်(သ်)ဘုရင်မကြီး ပေါ်ထွန်းလာသော ၁၆ ရာစုတွင် ခိုင်ခိုင်မာမာဖြစ်လာခဲ့ပါသည်။ ဘုရင်မဖြစ်လာမည့် ထိုမင်းသမီးသည် အစ်မတော် မေရီဘုရင်မလက်ထက်၌ နိုင်ငံတော် သစ္စာဖောက်မှုရှိ၊ မရှိ စွပ်စွဲခံရသူအဖြစ် လန်ဒန်မျှော်စင် (London Tower)တွင် ချုပ်နှောင် ခံထားရချိန်ဖြစ်သည်။ ထိုအချိန်တွင်ပင် မေရီဘုရင်မမှာ ရုတ်တရက် နေမကောင်းဖြစ်ကာ ကွယ်လွန်သွားခဲ့သည်။ ထိုအခါ မျူးကြီးမတ်ကြီးများအနေဖြင့် နန်းလျာဇယားအနီးဆုံးဖြစ်သော အယ်လစ်(ဇ)ဘက်အား နန်းတင်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင်မူ ထိုသို့မဟုတ်ခဲ့ပါ။ ပထမမြောက် အယ်လစ်(ဇ)ဘက် ဘုရင်မမှာ တောင်ငူ၊ ဟံသာဝတီနှင့် ခေတ်ပြိုင်ဖြစ်ပါသည်။ ထို့ထက်နောက်ကျသော ၁၈ ရာစုတွင် အလောင်းမင်းတရားဦးအောင်ဇေယျသည် သူ၏သားတော်များကို ကြီးစဉ်ငယ်လိုက် မင်းပြုရန် သစ္စာတော် ခံစေခဲ့သည်မှာ မှားယွင်းလေစွတကား။ သားများ၏အလွန်ခေတ်ကို မစဉ်းစားခဲ့ပေ။ ဦးအောင်ဇေယျကွယ်လွန်သော် သားတော်ကြီးနောင်တော်ကြီးမင်းနန်းတက်ရာ သုံးနှစ်သာခံသည်။ လုပ်ကြံခံရသည်ဟု ယူဆသည်။ ဆင်ဖြူရှင်တက်လာပြီး သူ၏သား စဉ့်ကူးမင်းကို အိမ်ရှေ့စံပေးလေသည်။ ဦးအောင်ဇေယျ၏သားလတ် ဘိုးတော်ဘုရားအပါအဝင် ကျန် ဦးလေးများကို နယ်နှင်ဒဏ်ပေးသည်။ သတ်ဖြတ်သည်။ ဘိုးတော်ဘုရားနန်းရသောအခါတွင်လည်း ညီတော်များကို သတ်ဖြတ်သည်။ သူ၏သားကိုသာ အိမ်ရှေ့စံပေးသည်။ ဤသည်ကား Principle ကို မလိုက်၊ ပုဂ္ဂိုလ်ရေး (Personal)ကို ကြိုက်သော မြန်မာ့လူဘောင်၏ အရိပ်ပေတည်း။

ထို့ကြောင့် သွေးထွက်သံယိုကား မြန်မာ့နိုင်ငံရေးသမိုင်းတစ်လျှောက်ဖြစ်တော့သည်။ အတိုချုပ်ရသော် လမ်းစဉ်ပါတီခေါ် မဆလ ခေတ်တွင်လည်း ဥက္ကဋ္ဌကြီး၏ သဘောကို လိုက်ရာမှ ပါတီတွင်း ဒီမိုကရေစီပျက်စီးကာ ၈၈ အရေးအခင်းသို့ ဆိုက်ရောက်စေခဲ့သည်အထိ နောက်ဆက်တွဲယိုယွင်းမှုများ ဖြစ်ပေါ်လာခဲ့သည်။ မြန်မာတို့ အင်္ဂလိပ်လက်အောက်သို့ ၁၈၈၅ ခုနှစ်တွင် နောက်ဆုံးကျရောက်ရသည့်အခါ၌ မန္တလေးမြို့ ဆီးဘန်နီဆရာတော်၏ "စည်းကမ်းဖောက်လို့ ထီးနန်းပျောက်ရသည်"ဆိုသည်မှာ လည်း တူညီသော အဓိပ္ပာယ်ပင်ဖြစ်သည်။

ထိုသို့ဆိုလျှင် Principle ခေါ် မူဝါဒလွှမ်းမိုးရေး၏အဓိပ္ပာယ်မှာ ရေးတေးတေးပေါ်လာပြီဖြစ်ပါသည်။ ၎င်းသည် Personality Cult ခေါ် ပုဂ္ဂိုလ်ရေးကိုးကွယ်မှု၏ ဆန့်ကျင်ဘက်ဖြစ်သည်။ လူတစ်ဦးတည်း၏ သဘောထားဖြင့် ဆုံးဖြတ်ချက်ချခြင်းမှာ မှားကောင်းမှားနိုင်သဖြင့် အဖွဲ့အစည်းအလိုက် ကောင်းကွက်၊ ဆိုးပြစ် ဝေဖန်ကြခြင်း ဖြင့် အကောင်းဆုံးနည်းလမ်းတစ်ခု ထွက်လာစေရန်ဖြစ်သည်။ စုဝေးတိုင်ပင်ကြခြင်းမှာလည်း ဗုဒ္ဓဘုရားရှင်မှ လစ္ဆဝီမင်းသားများ စုပေါင်းအုပ်ချုပ်သော ဝေသာလီ၏ အောင်မြင်ရခြင်းအကြောင်း တစ်ချက်ဖြစ်သော အပရဟာနိယဟူသော စုဝေးတိုင်ပင် ဆုံးဖြတ်ခြင်းဟူသည့် အဓိပ္ပာယ်ရရှိမှုကို ကောက်ချက်ချပေးခဲ့ပါသည်။ Personality Cult ခေါ် ပုဂ္ဂိုလ်ရေးကိုးကွယ်မှုကိုလည်း မြန်မာ့သမိုင်းတစ်လျှောက်တွင် အထင်အရှားတွေ့ခဲ့ရပါသည်။ ဘုရင့်နောင်၏ ဇရာမလက်နက်နိုင်ငံတော်ကြီးသည် ၎င်း၏သားတော် နန္ဒ ဘုရင်လက်ထက်တွင် ပြိုပျက်ခဲ့ရသည်။ ကြာရှည်မခံခဲ့ပါ။ ဦးအောင်ဇေယျ၏ သစ္စာတော်ကြီးကြောင့် ကုန်းဘောင်ခေတ်တစ်လျှောက်လုံး ငြိမ်းချမ်းစွာဖြင့် သွေးထွက်သံယို ကင်းသော အုပ်စိုးသူ ကင်းမဲ့ခဲ့သည်။

၂၀၁၆ ခုနှစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အာဏာရရှိလာသည့်အခါ ၎င်းတို့၏ မူဝါဒ (Principle)များကို ယုံကြည်သူများက မြေယာမတရားမှုများကို ဖြေရှင်းပေးမည် ဟု မျှော်လင့်ခဲ့သည်။ သို့သော် ထိုအစိုးရသည် ဖြေရှင်းခြင်းမပြုခဲ့ပေ။ အဆိုးဝါးဆုံးမှာ ဗျူရိုကရေစီ ရုံးလုပ်ထုံးလုပ်နည်းများကို ဂုဏ်သိက္ခာမဲ့စွာ လိမ်လည်ဖောက်ဖျက်ခဲ့မှုများ ဖြစ်ပေသည်။ ထိုစဉ်က NLD အစိုးရသည် မြေယာကိစ္စများကို ၁၉၈၈ ခုနှစ်ရှေ့ပိုင်းနှင့် နောက်ပိုင်းဟူ၍ နှစ်ပိုင်း ခွဲလိုက်ပြီး ၁၉၈၈ ခုနှစ်နောက်ပိုင်းကိုသာ ရှင်းလင်းပေးမည်ဟု မူဝါဒထုတ်ပြန်ခဲ့သည်။ သို့သော် ၁၉၉၄၊ ၂၀၁၁ ခုနှစ် စသည်တို့တွင် ဖြစ်ပွားခဲ့သော ကိစ္စများကို ၁၉၈၈ ရှေ့ပိုင်းဟု ဆိုကာ သိက္ခာမဲ့စွာ ပြည်သူကိုလိမ်လည်ခဲ့ခြင်းဖြစ်သည်။ ဗြိတိသျှတို့ စတင်အုပ်စိုးစဉ်မှစခဲ့သော ရုံးလုပ်ငန်းဆိုင်ရာ ကျောရိုးဖြစ်သော ရိုးသားမှု သိက္ခာ(Honesty)ကို ဖောက်ဖျက်ခဲ့ခြင်းဖြစ်သည်။ ထိုအမှုတွဲများကို အစစ်ဆေးခံခြင်း၊ မေးခွန်းအထုတ်ခံခြင်းတို့ မပြုနိုင်ဘဲ ထိုကိစ္စများဆိုင်ရာ အစည်းအဝေးမှတ်တမ်းများကိုလည်း ထုတ်ပြနိုင်ခြင်းမရှိခဲ့ပေ။ ထိုသို့ တာဝန်ယူမှုမရှိခြင်းကလည်း တာဝန်ယူမှု၊ တာဝန်ခံမှုဟူသော ပြည်သူနှင့်အစိုးရ အကြား တွင် ရှိရမည့်ယုံကြည်မှုကို ပျက်စီးစေတော့သည်။

Good Governance ခေါ် အုပ်ချုပ်ရေးကောင်းတစ်ခု၏ လက္ခဏာတွင် တာဝန်ယူမှု၊ တာဝန်ခံမှုသည် မရှိမဖြစ် လက္ခဏာတစ်ရပ် ဖြစ်ပါသည်။ တာဝန်ယူ၊ တာဝန်ခံမှု (Responsibility) သည် အစိုးရတစ်ရပ်၏ ဝန်ဆောင်မှုပင်ဖြစ်တော့သည်။ ဝန်ဆောင်မှု ကောင်း (good Service) ဟူသည်မှာ တစ်နေရာတည်းတွင် တစ်ထိုင်တည်း ဆောင်ရွက်ပေးခြင်းဖြစ်သည်ဟု ဆိုထားခဲ့ပါသည်။ ပြီးခဲ့သောအစိုးရကာလအတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် အရေးယူမှုများကို အများအပြားလုပ်ဆောင် လာခဲ့ပေသည်။ အဂတိတိုက်ဖျက်ရေးဟူသည်မှာ စကားအရ အလွန်လှပပါသည်။ သို့သော် Corruptophobia အဂတိဟု စွပ်စွဲခံရမည်ကို အလွန်အကျွံကြောက်သော ရောဂါ။ (မှတ်ချက်။ စာရေးသူ အမည်ပေးထားခြင်းဖြစ်ပါသည်။) ဖြစ်ပေါ်သည်နှင့်အမျှ ရုံးသို့လာရောက်သူ ပြည်သူနှင့် အမှုတွဲကို ကိုင်တွယ်ရသူများအကြားတွင် ထိပ်တိုက် ဖြေရှင်းရန် အခက်အခဲ ဖြစ်လာကြသည်။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရရုံး၏ ဝင်ပေါက်အနီး စာပေး စာယူ ဌာနထားရှိကာ ကာယကံရှင်ပြည်သူများအနေဖြင့် မိမိတို့၏အမှုတွဲကို ကိုင်ဆောင်သူ အရာရှိ၏စားပွဲ (Desk Officer)ထံသို့ ကျော်မသွားနိုင်တော့ပေ။ တရားရုံးများ၏ ရှည်ကြာသော လုပ်ထုံးလုပ်နည်းများ၊ အုပ်ချုပ်ရေးအစိုးရကို မေးမြန်းရန်နည်းလမ်းများ အလုပ်မဖြစ်သောအခါ လူထု၏စိတ်တွင် အစိုးရဟူသော အပေါ်ထပ်အဆောက်အအုံကို မယုံကြည်စိတ်များ ဖြစ်ပေါ်လာပေသည်။ ဤအရာသည် တရားဥပဒေစိုးမိုးမှု (Law and Order)ကို ပျက်ပြားစေသည်။ မကျေနပ်မှုများကို (ရာဇဝတ်ပြစ်မှုအသွင်) မိမိဘာသာဖြေရှင်းစေသည်။

ထိုဖြစ်ရပ်များမှရှောင်ရှားနိုင်ရန်အတွက် အစိုးရအဖွဲ့ဝင်များ၏စိတ်တွင် မိမိတို့သည် ပြည်သူကို အလုပ်အကျွေးပြုရန်ဟူသော အသိကို ရှိထားစေရမည်။ ကြောက်သော ဘယာစိတ်ကို ဖျောက်ရမည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပထမအကြိမ် လွှတ်တော်ကာလ အစိုးရ (၂၀၁၁-၂၀၁၆) ကာလတွင် မဲရုံးသွားခဲ့ပြီဖြစ်သော အစိုးရသည် အစိုးရရုံးတွင် ပြည်သူတို့၏ တင်ပြစာများကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ လလယ်လောက်တွင် လက်မခံတော့

ဟု သိရသည်။ ရောက်ရှိပြီးသောကိစ္စရပ်များကိုလည်း ရှင်းလင်းခြင်း မပြုခဲ့ပေ။ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် တာဝန် ယူမည့် NLD အစိုးရထံသို့ ထိုစာများကို လွှဲခဲ့သည်။ စာရေးသူ အနေဖြင့် "မှားလေစွ"ဟူ၍သာ မှတ်ချက်ချနိုင်သည်။ အမှန်တော့ ထို ၂၀၁၆ ခုနှစ် မတ်လ ၃၁ ရက်နေ့ ည ၂၄:၀၀ နာရီအထိ တာဝန်ရှိနေခဲ့သည်။

ထိုသို့ဖြစ်ခဲ့ရခြင်းမှာ ပြည်သူ့ရေးရာဝန်ဆောင်မှုကို အစိုးရအဖွဲ့ဝင်ဝန်ကြီးအဆင့်မှ တိတိကျကျ နားလည်သဘောပေါက်မှု မရှိခြင်းနှင့် တာဝန်ရှိသူ အရာရှိကြီး (ဗျူရိုကရက် အလွှာ)ကလည်း ဗဟုသုတ နည်းခြင်း၊ ဗဟုသုတအသိရှိပါကလည်း ပြည်သူအပေါ် မေတ္တာစိတ်နည်းခြင်းကြောင့်ဖြစ်သည်။ ပါမောက္ခချုပ် ဆရာတော်ကြီး ဒေါက်တာ နန္ဒမာလာဘိဝံသ၏ တရားတော်တစ်ပုဒ်တွင် မေတ္တာကြီးသောသူသည် ဘက်မလိုက် ဟု ဆိုထားသည်ကို နားထောင်လိုက်ရသည်။ တရားစီရင်ရေး (Justice)ဆိုသည်ကို လေ့လာသော် ပြစ်ဒဏ် စီရင်ခြင်း ဟူသောအပိုင်းသည် လူ့လောကကို ထိန်းသိမ်းရန်ဖြစ်သလို ကျူးလွန်ခံရသူဘက်မှ ကျေနပ်စေရန်လည်းဖြစ်သည်။ တရားစီရင်ခြင်းသည်လည်း တာဝန်ယူမှု၊ တာဝန်ခံမှုပင် ဖြစ်ပါသည်။ ပြစ်ကျူးလွန်သူ/စွပ်စွဲ ခံရသူတရားခံကို သက်သေအထောက်အထားများဖြင့် ကျူးလွန်သူ ဖြစ်ကြောင်း အတည်ပြုခြင်းသည် တာဝန်ယူမှုဖြစ်သည်။ ထိုသူကို ပြစ်ဒဏ်စီရင်ခြင်းမှာလည်း တာဝန်ခံစေမှုဖြစ်သည်။

အမေရိကန်နိုင်ငံတွင် အပြစ်ကျူးလွန်သူကို သေဒဏ်စီရင်သောအခါ ခံစားရသူ၊ အသတ်ခံရသူ (Victims)များ၏ မိဘဆွေမျိုး၊ မိတ်ဆွေများအား လာရောက်ကြည့်ရှုစေသည်။ စီရင်မှုပြီးသောအခါ ခံစားရသူများ၏ မိသားစုများတွင် ရန်ငြိုး၊ ဒေါသ၊ လက်စားချေရန် မရှိတော့ဘဲ ကျေနပ်မှုတစ်ခု ဖြစ်ပေါ်လာခဲ့သည်။

မြန်မာနိုင်ငံအစိုးရအဆက်ဆက်တွင် အစိုးရနှင့် ပြည်သူလူထုသည်လည်းကောင်း၊ ပြည်ထောင်စု

]]မြန်မာနိုင်ငံ အစိုးရ အဆက်ဆက်တွင် အစိုးရနှင့် ပြည်သူလူထုသည်လည်းကောင်း၊ ပြည်ထောင်စု အစိုးရနှင့် တိုင်းရင်းသားများအကြားတွင် လည်းကောင်း၊ ပွတ်တိုက်မှု (ဝိရောဓိ)သည် ရှိစမြဲပင်ဖြစ်သည်}}

အစိုးရနှင့် တိုင်းရင်းသားများအကြားတွင်လည်းကောင်း၊ ပွတ်တိုက်မှု (ဝိရောဓိ)သည် ရှိစမြဲပင်ဖြစ်သည်။ ထိုဝိရောဓိများကို တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ဖြေရှင်းပေးရ သည်။ မတရားမှု၊ နစ်နာမှုတို့ကို မည်သူအား တိုင်ကြားရမည် မသိသောအခါ၊ တိုင်ကြားသော်လည်း ဖြေရှင်းခြင်းမပြုသည့်အခါ ပြီးခဲ့သည့် NLD ခေတ် အရေးပါဆုံး တိုင်းဒေသကြီးအစိုးရ တစ်ခုကဲ့သို့ သိက္ခာမဲ့စွာဖြင့် ပွင့်လင်းစွာလိမ်ညာပြီး၊ ပြည်သူ၏ပြန်လှန် မေးခွန်းများကို လျှို့ဝှက်ဟုဆိုကာ မဖြေကြားသောအခါ၊ (အမှန်ဖြစ်ခဲ့ပြီး၊ မူဝါဒအရ အစုလိုက်အပြုံလိုက် ကျူးလွန်ခဲ့ခြင်းဖြစ်ပါသည်။) တာဝန်ကိုမယူဘဲ ဌာနဆိုင်ရာအချင်းချင်း ဘော်လီဘောပုတ် နေသောအခါ၊ ခံစားရသူတို့သည် အကြမ်းနည်းကို စိတ်ထွက်ပေါက်အဖြစ် အသုံးချလာကြပါသည်။ ထိုအခါတွင် အစိုးရတစ်ရပ်အနေဖြင့် ပစ္စုပ္ပန်ကာလတွင် ကောင်းမွန်ကြောင်း ပြသနေလျှင်သော်မှ ခံစားရသူများက မျက်စိကို စုံလုံးပိတ်ကာ ၎င်းတို့ လက်ခံထားခဲ့သည့် အတိုင်းကိုသာ မကောင်းဟု အတွေးပိတ်ထားကြသည်။

ယနေ့မြန်မာနိုင်ငံ၏အခြေအနေမှာလည်းတင်ပြခဲ့သည့်အခြေအနေများနှင့်ဆင်တူစွာပင် ဖြစ်ပေါ်လျက်ရှိသည်။ ဤတွင် စာရေးသူအား မေးခွန်းမေးစရာတစ်ခု ဖြစ်ပေါ်လာပေသည်။ ရုံးလုပ်ငန်းဆိုင်ရာ တာဝန်ယူမှု၊ တာဝန်ခံမှုဖြစ်ပေါ်လာသောအခါ ယခု ဆူပူအကြမ်းဖက်မှုများ ပြီးဆုံးသွားမည်လားဟု မေးစရာ ရှိပါသည်။ ဆူပူအကြမ်းဖက်များ၏ နောက်ကွယ်တွင်ဖြစ်ပေါ်စေခဲ့သောအခြေခံအကြောင်းအချက်ကြီးများသည် နှစ်ပေါင်းများစွာ သန္ဓေတည်လာခဲ့သည်။

နိုင်ငံရေးပထဝီနှင့် နိုင်ငံတကာဆက်ဆံရေးကလည်း ပါဝင်ပေလိမ့်မည်။ အကြောင်းအချက်များစွာပေါ်တွင် အခြေခံခဲ့ခြင်းဖြစ်သည်။ သို့သော် တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်းသည် အစိုးရနှင့်ပြည်သူအကြားတွင် ယုံကြည်မှုတည်ဆောက်ခြင်း ဖြစ်သည်။

တစ်နည်းဆိုသော် ဒါဇါတိုအစိုးရဟူသော ပြည်သူ၏ အသိအမှတ်ပြုမှုကို ရရှိလာပေလိမ့်မည်။ ထိုသို့ အသိအမှတ်ပြုခံရသည်နှင့်အမျှ အကြမ်းဖက်များ တစ်စတစ်စ လွင့်ပါးပေလိမ့်မည်။

စာရေးသူတင်ပြခဲ့သောဥပမာကို ဗြိတိသျှတို့သည် အိန္ဒိယ၊ အာဖဂန်နစ္စတန်နှင့် မြန်မာတို့တွင် အတွေ့အကြုံရခဲ့သည်။ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော အရပ်ဘက် အုပ်ချုပ်ရေး တည်ဆောက်ခြင်းသည် စစ်တပ်အချင်းချင်းတိုက်ခိုက်သည်ထက် မလျော့သောကိစ္စဖြစ်သည်ဟု ခံယူထားကြသည်ကို ၁၈၅၃ခုနှစ် ဗြိတိသျှ အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒါလဟိုဇီ၏ မှတ်ချက်များတွင် တွေ့ရှိရသည်။

မြန်မာပြည်လွတ်လပ်ရေးရပြီးနောက် ပေါ်ပေါက်လာသော တိုင်းရင်းသားလက်နက်ကိုင်ခေါ် သောင်းကျန်းသူများ၊ ဗကပ ခေါ် ဗမာပြည်ကွန်မြူနစ်ပါတီတို့သည် ၎င်းတို့လွှမ်းမိုးရာဒေသများတွင် အုပ်ချုပ်ရေးအဖွဲ့များ တည်ထောင်ကြသည်။ ၎င်းတို့လက်လှမ်းမမီရာဒေသရှိ သို့မဟုတ် ၎င်းတို့အနေဖြင့် စိမ့်ဝင်သော်လည်း မလွှမ်းမိုးနိုင်သည့် ဒေသများတွင် အစိုးရ၏မြို့ပြအုပ်ချုပ်ရေးယန္တရားများ (တရားရုံး၊ ရဲ၊ ကျောင်း၊ ဆေးရုံ၊ မြေစာရင်း) စသည်တို့ကို လူထုအပေါ် စည်းစနစ်ကျနစေမှုနှင့် သက်သောင့်သက်သာရှိမှုအတွက်

လက်ခံထားခဲ့ကြသည်။ ယခုအခါတွင်မူ အကြမ်းဖက်များက ထိုမြို့ပြ အုပ်ချုပ်ရေးယန္တရား များကို ဖျက်ဆီးလာကြသည်။ CDM လုပ်လာစေရန် ဖိအားပေးလာကြသည်။

အစိုးရ၏ အုပ်ချုပ်ရေးယန္တရားသည် အဆင့်အသီးသီးတွင် တာဝန်ယူမှု၊ တာဝန်ခံ မှုရှိပြီး ပွင့်လင်းမြင်သာမှုရှိသည်၊ အုပ်ချုပ်ရေးဝန်ဆောင်မှုကို ချက်ချင်းပေးသည်ဟူသော တန်ဖိုးများသည် ပြည်သူအား "ပစ်ရမှာအဆီနှင့်ဝင်းဝင်း" ဟူသော တန်ဖိုးထားမှုကို ဖြစ်ပေါ်စေလိမ့်သည်။ ထိုအုပ်ချုပ်ရေးစနစ်ကို ပြည်သူများ ဖက်တွယ်ထားလိမ့်မည်။

ဤသို့ဆိုလျှင် ယနေ့မြန်မာနိုင်ငံအစိုးရ၏အဆင့်အသီးသီးတွင် တာဝန်ယူမှု၊ တာဝန်ခံမှုကို ကောင်းမွန်အောင် လုပ်ဆောင်သင့်သည်ဆိုပါက မည်သို့လုပ်ဆောင်မည် နည်းဟု မေးခွန်းထုတ်နိုင်ပါသည်။ စာရေးသူသည် စစ်ဘက်၊ နယ်ဘက်ရုံးလုပ်ငန်းများကို တပ်ရေးဗိုလ်ကြီးနှင့် ဦးစီးအရာရှိမှသည် ညွှန်ကြားရေးမှူးချုပ်အထိ တာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။ ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ရသူ အစိုးရ ဝန်ထမ်းများကို ညွှန်ကြားချက်များ ပေးရုံနှင့်မပြီးပါ။ မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် ခေါင်းဆောင် ကြီးများသည် ယေဘုယျဆန်သော ညွှန်ကြားချက်များကိုပေးရာတွင် ထူးခွန်လှပေသည်။ "ရိုးရိုးသားသားလုပ်၊ တစ်ဆင့်ကျော်လုပ်၊ မနားမနေလုပ်" ဟူသော ညွှန်ကြားချက်များ သည်လည်းကောင်း၊ ဒီမိုကရေစီလုပ်ထုံးလုပ်နည်းများကို ပါးစပ်မှ တတွတ်တွတ် ရေရွတ်ပြီး လက်တွေ့တွင် လမ်းစဉ်သဘောနှင့်ကင်းလွတ်ကာ အပြောတခြား၊ အလုပ်တခြား၊ ကပြောင်း ကပြန် လုပ်တတ်သော၊ မိမိ၏မိန့်ခွန်းများကိုပင် စာအုပ်မထုတ်ရဲသော ခေါင်းဆောင် များနှင့်လည်း ကြုံခဲ့ကြပြီးဖြစ်ပါသည်။

အမှန်တကယ် လုပ်ဆောင်ရမည်မှာ –

၁။ အောက်အဆင့်မှ ရုံးဝင်စာများ၊ ပြည်သူ၏တင်ပြစာများကို မတုံ့ပြန်လျှင် နိုင်ငံ့ ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းဆိုင်ရာ အပြစ်ဒဏ်ပေးနိုင်သည်ဟု ဥပဒေတစ်ခု ဖြည့်စွက် ပြဋ္ဌာန်းရန်၊ အဆက်အသွယ်ကောင်းမရှိပါက အဆုံးအဖြတ်ပေးသူထံ မရောက်ဘဲ ချောင်ထိုးခြင်း၊ ဖိုင်တွဲထားခြင်းကို ရှောင်ကြဉ်စေရန်ဖြစ်ပါသည်။

၂။ နိုင်ငံ့ဝန်ထမ်းဥပဒေတွင် ပြစ်မှုကဏ္ဍ၌ မည်သည့်အမှုအရာသည် ပြစ်မှုဖြစ်သည်ဟု လွှတ်တော်က တိကျစွာပြဋ္ဌာန်းနိုင်ခြင်းမရှိဘဲ၊ နည်းဥပဒေ၌ အစိုးရက လိုသလို ပြဋ္ဌာန်းခဲ့ခြင်း။ ထိုပြဋ္ဌာန်းခဲ့ခြင်းကို လွှတ်တော်ကိုယ်စားလှယ်များကလည်း၊ ဘောင် ကျဉ်သွားသည်ကို နားလည်မှု ဥပဒေအသိ (Legal Sense) မရှိခြင်းတို့ကြောင့် နိုင်ငံ့ဝန်ထမ်းဥပဒေတွင် ဝန်ထမ်းပြစ်မှုကို တိကျစွာသတ်မှတ်ရန်။ အဓိပ္ပာယ် ဖော် ထုတ်ရန်။

၃။ ပြည်သူကို အကောင်းဆုံးဝန်ဆောင်မှုပေးလျှင် ဘာရလို့လဲဟု "ကိုယ်က မရိုး၍ အခြားသူအားယိုးစွပ်"ကာ၊ ကိုယ်နှင့်နှိုင်းကာ အထက်အကြီးအကဲများက မတွေး နိုင်စေရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို လူ့သဘာဝနှင့်အညီပြင်ဆင်ရေး။ ဝန်ဆောင်မှု(Service) အကူအညီ မြန်ဆန်လာမည်။

၄။ ပြည်ထောင်စုဝန်ကြီးဌာနရုံးများတွင် အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေး (EC)မှတ်တမ်းများကို ဝန်ကြီးဌာနညွှန်ကြားချက်များဟု မှတ်တမ်းတင်ကာ ထိုအချက်များကို ဌာနတွင်း ဥပဒေအဖြစ် ကိုးကားစေရန် (မှတ်ချက် – တပ်မတော်တွင် ဤအစည်အလာကောင်း ရှိပါသည်။)

၅။ အရပ်ဘက်ဝန်ကြီးဌာနများတွင် အမှုထမ်းအဆင့်၌ ရုံးအုပ်ချုပ်ကြီး (တပ်မတော်တွင် ရှိပါသည်) (Chief of Head Clerks)ရာထူးများခန့်ထားရန် (မူဝါဒကို ထိန်းထားရန် ဖြစ်ပါသည်)

၆။ စာရင်းစစ်အရာရှိများကို ကွန်ပျူတာစက်ရုပ်သဖွယ် (အချက်အလက်ပေါ်တွင်သာ ကြည့်နေသူများအစား) သက်ရှိဦးနှောက်ရှိသူ၊ စဉ်းစားဆင်ခြင်နိုင်စွမ်း (Reasoning Power) ရှိသူများအဖြစ် စဉ်းစားဆုံးဖြတ်ပိုင်ခွင့်အား တရားဝင်အပ်နှင်းရန် (ဥပဒေတွင်ပါ ပြင်ရန်)

၇။ လက်အောက်ဌာနများအား မပြီးဆုံးနိုင်သော စစ်ဆေးရေး သံသရာ (Check, re.Check, Countercheck, Counter Re. Check) အထဲတွင် လည်ပတ်နေသည့်ပုံစံမှ (Check & Balance) ခေါ် အပြန်အလှန်ထိန်းညှိပုံစံအား သွတ်သွင်းစေရန်။ (ဥပမာအားဖြင့် မြေယာဆိုင်ရာ ပုံစံ(၇) ထုတ်ပေးသည့်ဌာနနှင့် မှား/မှန်အဆုံးအဖြတ်ပေးမှု ဌာနတစ်ခုတည်းအစား ကျေလည်မှုမရှိက တရားရုံးမှသာ ဆုံးဖြတ်စေသည့် အချက်များ ပါဝင်ရန်ဟု ဥပဒေများ ပြင်ရန်။

၈။ လုပ်ပိုင်ခွင့်နှင့် အာဏာပေးသည့်ဌာနများ တစ်ခုတည်း မဖြစ်စေရန်။

အထက်ပါအချက်များမှာ စာရေးသူ၏ အတွေးအမြင်ထဲမှ ထွက်ပေါ်လာသည့် မပြီးပြည့်စုံသော ဖြေရှင်းချက် အချို့သာ ဖြစ်ပါသည်။

သေချာသည်မှာကတော့မြို့ပြအုပ်ချုပ်ရေးအနေနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိလေလေ၊ ပြည်သူများ၏ ထောက်ခံမှုရရှိလေလေ ဆိုသည်ကတော့ အသေအချာ ဖြစ်ပါသည်။ တင်ပြခဲ့သည်များမှာ အနှစ်ချုပ်သော် အချက်နှစ်ချက်သာရှိပါလိမ့်မည်။ ၎င်းတို့မှာ –

၁။ မေတ္တာတရားနှင့်

၂။ ကိုယ်ချင်းစာတရားကြီးမားမှုပင် ဖြစ်ပါသည်။

ဒေါက်တာအောင်မျိုး

မြန်မာ့သမိုင်းမှပြောသော မြန်မာ့နိုင်ငံရေးအတွေးအခေါ်

a'ufvmrif;nd

“နိုင်ငံ၏ အရေးကြီးဆုံးအပိုင်းဖြစ်သည့် စီးပွားရေးစနစ်၊
အခွန်ကောက်ခံခြင်း စနစ်များကို အကောင်အထည်ဖော်ရာ၌
မည်သည့်အတွေးအခေါ်များအပေါ် အခြေခံခြင်းကို
မလေ့လာလျှင် မဖြစ်ဟု ထင်ပါသည်”

နိဒါန်း

'နှစ်'နှင့် 'ရာသီ' တို့သည် နာရီလက်တံကဲ့သို့ ပြောင်းလဲလာသော်လည်း ၂၀ရာစု ခေတ်လယ်မှ၂၁ရာစုယခုထက်တိုင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက် တည်ဆောက်နိုင်ရေးအတွက် ပြီးဆုံးအောင် မပြုလုပ်နိုင်ကြသေး။ နိုင်ငံတကာတွင် အရှည်ဆုံး ပြည်တွင်းစစ်သည် မြန်မာနိုင်ငံ၌ ကျန်ရှိနေဆဲ။ နိုင်ငံရေးပြဿနာ၏ သံသရာဝဲဩဃထဲမှ ထွက်နိုင်ခြင်းလည်းမရှိသေး။ ဤသို့ဖြစ်နေသမျှ ကာလပါတ်လုံး မြန်မာနိုင်ငံ၏ထာဝရငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ် သာယာဝပြော၊ ဖွံ့ဖြိုးတိုးတက်ရေးသည် မြန်မာနိုင်ငံနှင့် ဝေးကွာနေဦးပေမည်။ လောကကြီးတွင် အနာရှိလျှင် ဆေးရှိရမည်ဖြစ်သကဲ့သို့ ပြဿနာရှိလျှင်လည်း ဖြေရှင်းနိုင်ရပေမည်။ အချိန်မီအဖြေမရှာနိုင်လျှင် မြန်မာနိုင်ငံ၏အနာဂတ် ပျောက်မည်ကို စိုးရိမ်ရသည်။ အမှန်တကယ်မှာ ခေတ်မီနိုင်ငံတော် တည်ဆောက်ရေး၏ ပြဿနာအား ဖြေရှင်းနိုင်ရန် သာမန်ရောဂါအတွက် ဆေးရှာသကဲ့သို့ လွယ်မည်မထင်ပေ။ သို့သော်လည်း မရှာ၍မဖြစ်။ မတွေ့၍မဖြစ်။ အဖြေရှာကြနိုင်မည့်သူများတွင် နိုင်ငံရေးသိပ္ပံပညာရှင်များသည် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်နေသည်။ အထူးသဖြင့် စာရေးသူသည် မြန်မာနိုင်ငံသား နိုင်ငံရေးသိပ္ပံသုတေသီတစ်ဦးဖြစ်နေသောကြောင့် အဖြေရှာရန် ပို၍တာဝန်ရှိသည်ဟု ခံစားရပေသည်။ အဖြေမှန်ရရန် မြန်မာသမိုင်းများမှ ရှေးရိုးအစဉ်အလာနိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် အတွေးအခေါ်များအား ပြန်လည်ဆန်းစစ်ကြည့်ရန်လိုသည်ဟု ထင်မြင်ယူဆလာမိသည်။ ထို့အပြင် ဗြိတိသျှနယ်ချဲ့များ မြန်မာနိုင်ငံသို့ ၁၈၂၄ ခုနှစ်မှစတင် နယ်ချဲ့ခံခဲ့ရပြီး တစ်နိုင်ငံလုံး နယ်ချဲ့ခြင်းခံရသည့် ၁၈၈၅ ခုနှစ်အထိရှိသော သမိုင်းမှတ်တမ်းများမှ မြန်မာ့နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် နိုင်ငံရေးအတွေးအခေါ်များအား အသေးစိတ် လေ့လာသုံးသပ်၍ အဖြေရှာကြည့်မည်ဖြစ်ပါသည်။

ဗြိတိသျှနယ်ချဲ့၏အတွေးအခေါ်၊ နိုင်ငံအုပ်ချုပ်ရေးနှင့် ပညာရေးတို့သည် ၁၈၂၄ မှစ၍ ၁၉၄၇ နှစ်အထိ မြန်မာနိုင်ငံတွင် ကျင့်သုံးနေခဲ့ပြီးဖြစ်သဖြင့် ၎င်းတို့၏ လွှမ်းမိုးမှုနှင့် သက်ရောက်မှုတို့မှာ မြန်မာနိုင်ငံရှိ ပညာတတ်များအပေါ် ကျရောက်နေမည်မှာမလွဲပေ။ ထို့ကြောင့်ပင်ထင်သည်၊ မြန်မာ့နိုင်ငံရေးပြဿနာအား သုံးသပ်ထားကြသည့် မြန်မာ့နိုင်ငံရေးသိပ္ပံပညာရှင်များ၏သုတေသန မှတ်တမ်းများအား လက်လှမ်းမီသမျှ လေ့လာသုံးသပ်ကြည့်ရာ အင်္ဂလိပ်ကိုလိုနီမဖြစ်ခင် တည်ရှိခဲ့ကြသော မြန်မာ့ရှေးရိုး ဘုရင်စနစ်ကို "မင်းဖြစ်သူ တစ်ဦးတစ်ယောက်တည်းက အုပ်ချုပ်သည့်စနစ်ဖြစ်သည်။ သွေးဆာသောမင်းဆိုးမင်းညစ် ဘုရင်စနစ်ဖြစ်သည်" ဟုသုံးသပ်ထားသည်ကို တွေ့ရပေသည်။ အနောက်နိုင်ငံများမှ ပညာရှင်များမှလည်း ထိုကဲ့သို့ ရေးသားမှုများ ရှိသည်ကို တွေ့ရပေသည်။ အထူးသဖြင့် အင်္ဂလိပ်ရာဇဝင်ဆရာ ဂျီအီးဟာဗေးက မြန်မာရာဇဝင်များ၏ အားနည်းချက်များကို အသားပေးရေးသားနိုင်ခဲ့ပြီး[1] မြန်မာနိုင်ငံရှိ တက္ကသိုလ်များတွင် ကျောင်းသုံးစာအုပ်အဖြစ် ပြဋ္ဌာန်းခဲ့သဖြင့် မြန်မာပညာတတ်များအပေါ် သြဇာလွှမ်းမိုးခဲ့သည်ကို တွေ့ရပေသည်။ ထို့ကြောင့်၊

[1] Harvey, G. E. History of Burma from the EarliestTimese to 10 March 1824 (London, Reprint, 1967).

မန္တလေးတက္ကသိုလ် ရာဇဝင်နှင့်နိုင်ငံရေးသိပ္ပံ ပါမောက္ခဟောင်း ဆရာကြီး ဒေါက်တာမောင်မောင်ကြီးက မြန်မာ့နိုင်ငံရေးယဉ်ကျေးမှုသည် သွေးဆာသည့် အာဏာရှင်စနစ်အပေါ် အခြေခံခဲ့ခြင်းကြောင့် အာဏာရှင်စနစ် ထွန်းကားနိုင်ခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်ခဲ့သည်။ အာဏာရှင်စနစ်အားလည်း မွေးထုတ်ပေးခဲ့သည်ဟု ဆိုသည်။[2] ရန်ကုန်တက္ကသိုလ် သမိုင်းပါမောက္ခ ဖြစ်ခဲ့သည့် ဒေါက်တာကျော်သက်မှလည်း မြန်မာဘုရင်စနစ်အား 'သက်ဦးဆံပိုင်စနစ်'[3] စကားလုံးကို အသုံးပြုရေးသားထားသည်ကို တွေ့ရပေသည်။ ထို့အပြင် လက်ရှိနိုင်ငံခြားတွင် ရှိနေကြသော အချို့ မြန်မာနိုင်ငံရေးသိပ္ပံ ပညာရှင်များမှလည်း ရှေးရိုးမြန်မာဘုရင်စနစ်အောက်တွင် နိုင်ငံတော်အား စနစ်တကျ တည်ဆောက်နိုင်ခဲ့ခြင်းပင်မရှိခဲ့ဟု ပြောဆိုကြသည်ကို ကြားနေရသည်။ အပြင်းထန်ဆုံးဝေဖန်မှုက ရှေးရိုးဘုရင် အုပ်ချုပ်ရေးစနစ်ကတည်းက တည်ရှိခဲ့သော မြန်မာလူမျိုးကြီးဝါဒအား ကျင့်သုံးနေသမျှ ဖက်ဒရယ် ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ခြင်းသည် မဖြစ်နိုင် ဟု ဝေဖန်သုံးသပ်ထားသည်ကိုလည်း တွေ့မြင်နေရ သည်။ အချို့အနောက်နိုင်ငံရှိ ပညာရှင်များမှလည်း အာရှတိုက်ရှိ နိုင်ငံများအား "အရှေ့တိုင်း မင်းဆိုး မင်းညစ်စနစ်"[4] အဖြစ် ရေးသားထားသည်လည်း ရှိပေသည်။

ထိုအကြောင်းများကြောင့် မြန်မာနိုင်ငံ၏ ပြဿနာအရင်းအမြစ်ကို ရှာဖွေတွေ့ရှိရန် မြန်မာနိုင်ငံ၏ ရှေးရိုးအစဉ်အလာ အတွေးအခေါ်များကို မလေ့လာ၍ မဖြစ်။ ရှေးဦးစွာ ကမ္ဘာကြီးနှင့် လူသားများ စတင်ပေါ်ပေါက်လာပုံကို အသေးစိတ်သိရှိရန် မြန်မာ့သမိုင်းများမှ ရှာဖွေလေ့လာသုံးသပ်ချင်ပါသည်။ ထို့နောက် မည်ကဲ့သို့သော အုပ်ချုပ်သူမင်းက အဘယ်ကြောင့် ပေါ်ပေါက်လာရခြင်းနှင့် အဘယ်ကဲ့သို့ တရားဝင်မှု သတ်မှတ်ခြင်းတို့နှင့် ပတ်သက်၍ ရှာဖွေရန်လိုပါသည်။ နိုင်ငံတော်တည်ဆောက်ပုံသည် ပထဝီအပေါ် အခြေခံခြင်းလော၊ လူမျိုးအပေါ်အခြေခံခြင်းလော စသည်များကိုလည်း ရှာဖွေရန်လိုသည်ကို တွေ့ရပေသည်။ လူမျိုးတို့၏အစနှင့် မြန်မာနိုင်ငံအတွင်းရှိ လူမျိုးများ၏အကြောင်းကို လေ့လာပြီး လူမျိုးရေးတင်းမာမှုများ ရှိမရှိကိုလည်း သိရန်လိုပါသည်။ အုပ်ချုပ်ရေးနှင့် အမှုထမ်းများခန့်အပ်ရေး၊ မင်းနှင့်မှူးမတ်များ၏ ဆက်ဆံရေး၊ ဘာသာရေးနှင့် ပြည်သူအပေါ် အုပ်ချုပ်သူရှင်ဘုရင်များ၏သဘောထား၊ မင်းအဖြစ်အသိအမှတ်ပြုခြင်း၏ တရားဝင်မှု (Legitimacy)၊ မင်းနှင့်ပြည်သူတို့၏ လူမှုရေးဆိုင်ရာ စာချုပ် (Social Contract) တို့၏ အတွေးအခေါ်နှင့် ပတ်သက်၍လည်း နားလည်သဘောပေါက်ရန် လိုပါသည်။ ၎င်းအပြင် အနောက်နိုင်ငံများ၏ အတွေးအခေါ်များနှင့်တူညီခြင်း၊ ကွာခြားခြင်းများရှိမရှိကိုလည်း စုံစမ်းသုံးသပ်ရန် လိုပါသည်။ ကိုးကွယ်မှုနှင့် ပတ်သက်၍ လွတ်လပ်မှုရှိမရှိကိုလည်း ရှာဖွေစုံစမ်းရပါမည်။ ထို့အပြင် နိုင်ငံ၏အရေးကြီးဆုံးအပိုင်းဖြစ်သည့် စီးပွားရေးစနစ်၊ အခွန်ကောက်ခံခြင်းစနစ်များကို

---

[2] Maung Maung Gyi, Burmese Political Value: The Socio-political Roots of Authoritarian (Prager, New York, 1983). Cited after as Maung Maung Gyi. နောက်ပိုင်းတွင် ဒေါက်တာမောင်မောင်ကြီးဟု ဖော်ပြပါမည်။

[3] ဒေါက်တာကျော်သက်၊ ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်း (၂၀၁၅)၊ စာ၂၀၁။

[4] Karl.A. Wittkogel, Oriental Despotism (၂၀၁၈) အရှေ့တိုင်းမင်းဆိုးမင်းညစ်စနစ်၊ ဝင်းမောင်သန်း (စာပေသစ်စာပေအလုပ်သမား) ဘာသာပြန်

“ဦးကုလား၏ မဟာရာဇဝင်ကြီးသည် ဦးကုလား တစ်ဦးတည်းဖြင့် ရေးသားခဲ့ပြီး သမိုင်း အထောက်အထား များတွင် အဓိကျသည့် ကျောက်စာများအပေါ် အခြေခံကိုးကားခြင်း မရှိသဖြင့် သိပ်မဆန်သော ရာဇဝင်ကျမ်းအဖြစ် ပညာရှင်များအကြား အသိအမှတ် ပြုလိုသူ နည်းပါးသည်”

အကောင်အထည်ဖော်ရာ၌ မည်သည့်အတွေးအခေါ်များအပေါ် အခြေခံခြင်းကို မလေ့လာလျှင် မဖြစ်ဟု ထင်ပါသည်။ အခြားနိုင်ငံများအပေါ်ထားသည့် ရိုးရာနိုင်ငံခြားရေးရာ နိုင်ငံရေး အတွေးအခေါ်များအား နားလည်သဘောပေါက်နိုင်ရန် ရသမျှ မြန်မာ့သမိုင်းမှ အထောက်အထားများအား လေ့လာသုံးသပ်သွားပါဦးမည်။

ယေဘုယျအားဖြင့် မြန်မာ့သမိုင်းအား ရှေးဟောင်းမြို့တော်ဖြစ်သည့် တကောင်း ခေတ်မှ ၁၈ ရာစုအလယ်ပိုင်းဖြစ်သော ဘုရင့်နောင်၏ နောက်ဆုံးမင်းဆက်ဖြစ်သည့် မဟာဓမ္မရာဇာဓိပတိ (၁၇၃၃-၁၇၅၂)အထိနှင့် ကုန်းဘောင်ခေတ် (၁၇၅၃-၁၈၈၅) အထိ ရှိသော မှတ်တမ်းများအား အသုံးပြုပြီး နှစ်ပိုင်းခွဲခြားပြီး သုံးသပ်သွားချင်ပါသည်။ ထို့အပြင် ၁၈၂၄ ခုနှစ်မှစ၍ အင်္ဂလိပ်နယ်ချဲ့စနစ် မြန်မာနိုင်ငံသို့ ဝင်ရောက်လာပြီ ဖြစ်သောကြောင့် အနောက်နိုင်ငံများ၏ နိုင်ငံရေးအတွေးအခေါ်များနှင့် အုပ်ချုပ်ရေးတို့၏ လွှမ်းမိုးရောင်ပြန်ဟပ်မှုများကို နားလည်သဘောပေါက်နိုင်ရန် အနောက်နိုင်ငံများ၏ နိုင်ငံရေးအတွေးအခေါ်များနှင့် ရှေးရိုးနိုင်ငံရေး အတွေးအခေါ်များအား အလျဉ်းသင့်သည့် အခန်းများတွင် နှိုင်းယှဉ်သုံးသပ်သွားပါမည်။ ယခုဆောင်းပါးတွင် သမိုင်းကျမ်းများမှ ရေးသားဖော်ပြထားသော ပထမပိုင်း၌ ပါဝင်သည့် ရှေးဟောင်းမြန်မာ့နိုင်ငံရေးအတွေးအခေါ်များကို ဖော်ထုတ် ဆွေးနွေးတင်ပြချင်ပါသည်။

ပြဿနာများ၏အဖြေမှန်ကို ရှာဖွေတွေ့ရှိနိုင်အောင် အထူးသဖြင့် ဒုတိယအပိုင်းတွင် အထောက်အထားများအတိအကျ ရရှိနိုင်သော မင်းတုန်းမင်း (၁၈၅၃-၁၈၇၈)နှင့် သီပေါမင်း (၁၈၇၈-၁၈၈၅)တို့၏ ခေတ်များအား အဓိကထားပြီး လေ့လာသုံးသပ်သွား၍ ဝေဖန်ခွဲခြားသုံးသပ်သွားပါမည်။

၁။ သမိုင်းမှပြောသောမြန်မာ့နိုင်ငံရေးအတွေးအခေါ်

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ယဉ်ကျေးမှုရှေးကျသည့်နိုင်ငံများဖြစ်ကြသည့် အိန္ဒိယနှင့် တရုတ်

နိုင်ငံများအကြားတွင် တည်ရှိနေသောကြောင့် မြန်မာနိုင်ငံရှိ နိုင်ငံရေး အတွေးအခေါ်နှင့် အုပ်ချုပ်ရေးတို့တွင် ထိုနှစ်နိုင်ငံတို့၏ အရိပ်ဩဇာလွှမ်းမိုးမှုများ ရှိသည်ကို တွေ့ရပေသည်။ မြန်မာရာဇဝင်များအား လေ့လာကြည့်ရှုရာတွင် ဘိုးတော်ဘုရားလက်ထက် (၁၇၈၂-၁၈၁၉) ပညာရှင် (၁၃) ဦးနှင့်ဖွဲ့၍ ရေးသားထားသော မှန်နန်းရာဇဝင် (၁၈၃၁) မှ ထုတ်နုတ်အသုံးပြု၍ သုံးသပ်သွားပါမည်။ ဘုရင့်နောင်၏ ဒုတိယနောက်ဆုံး ညောင်ရမ်းမင်းဆက် ဖြစ်သော တနင်္ဂနွေမင်း (၁၇၁၄-၁၇၃၃) လက်ထက် ပထမဆုံးရေးသား ထုတ်ဝေခဲ့သော ဦးကုလား၏ မဟာရာဇဝင်ကြီးသည် ဦးကုလားတစ်ဦးတည်းဖြင့် ရေးသား ခဲ့ပြီး သမိုင်းအထောက်အထားများတွင် အဓိကျသည့် ကျောက်စာများအပေါ် အခြေခံ ကိုးကားခြင်း မရှိသဖြင့် သိပ်မဆန်သော ရာဇဝင်ကျမ်းအဖြစ် ပညာရှင်များအကြား အသိအမှတ်ပြုလိုသူ နည်းပါးသည်။ "မြန်မာမင်း အုပ်ချုပ်ပုံစာတမ်းနှင့် ဘိုးတော်ဘုရားကြီး၏ ရာဇသတ်ခေါ်သော အဓိန့်တော်တမ်းကြီး" ကို ပြုစုခဲ့သော ဦးတင်မှလည်း ပယ်ထားပြီးသား ကျမ်းဟု ဆိုထားပါသည်။[5] တစ်ဖက်တွင် မှန်နန်းရာဇဝင်သည် ပညာရှင် ၁၃ ဦးဖြင့် ဖွဲ့စည်းရေးသားပြီး ကျောက်စာများနှင့် ညှိနှိုင်းရေးသားထားသဖြင့် သမိုင်းသုတေသနပညာရှင်များအတွက် တန်ဖိုးရှိပါသည်။ ရှေးရိုးအစဉ်အလာဖြစ်သော နိုင်ငံတော် တည်ဆောက်ရေးနှင့် အုပ်ချုပ်ရေးစနစ်များ၏ အတွေးအခေါ်များကို ရှာဖွေလိုသောကြောင့် မှန်နန်းရာဇဝင်သည်ပင် ဦးကုလား၏ မဟာရာဇဝင်အပေါ် အခြေခံ၍ ပြုပြင်ရေးသားထားခြင်းဖြစ်သဖြင့် သုတေသနပြုလုပ်ရန် လိုအပ်လာပါလျှင် ဦးကုလား၏ မဟာရာဇဝင်ကြီးကို ဒုတိယ အထောက်အထားအဖြစ် ကိုးကားသွားရန် ရည်ရွယ်ထားပါသည်။

ကမ္ဘာပေါ်လာခြင်းအကြောင်း[6]

မြန်မာနိုင်ငံသမိုင်းကို လေ့လာကြည့်သည့်အခါ မြန်မာနိုင်ငံကို အုပ်ချုပ်ကြသော မင်းများသည် ကမ္ဘာကြီးဖြစ်တည်လာခြင်း၊ နေ၊ လ၊ ကြယ်များ ပေါက်ဖွားလာခြင်းနှင့် လူသားများ စတင်ပေါ်လာသည် အတွေးနှင့်ပတ်သက်၍ အနောက်နိုင်ငံသားအများစုမှ ယုံကြည်သော အတွေးအခေါ်ဖြစ်သည့် ဘုရားသခင်မှ ဖန်ဆင်းခြင်းမဟုတ်ဘဲ သဘာဝ အလျောက် ဖြစ်ပေါ်လာကြသည့် အတွေးအခေါ်အား လက်ခံယုံကြည်ခဲ့ကြသည်ကို တွေ့ရပေသည်။

အသေးစိတ် ကမ္ဘာတည်ခြင်းနှင့် ပတ်သက်၍အတွေးအခေါ်မှာ သုံးပါးသော လောကကြီးတွင်ရှိ - သြကာသလောကဌကုဋ္ဌေ တစ်သိန်း ပမာဏအပိုင်းအခြား ရှိကုန်သော စကြဝဠာများရှိ၍ ၎င်းတို့သည် မီး၊ ရေ၊ လေတို့၏ဒဏ်ကြောင့် ဖြစ်ပြန် ပျက်ပြန်ပြီး ပြန်လည် တည်ရှိကြသည်။ ထိုဖြစ်၊ပျက်တည်ရှိခြင်းအား ကပ်ဟုခေါ်၍ ကပ် သုံးပါးရှိသည်။ ၎င်းတို့မှာ "အန္တရကပ်၊ အသင်္ချေယျကပ်၊ မဟာကပ်"ဟူ၍ သုံးပါးရှိသည်။ လူတို့ပေါ်ပေါက်လာပြီးသည့်

[5] ဦးတင် (ပုဂံဝန်ထောက်)၊ စာ ၁၁, ဒုတိယတွဲ၊ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့်ဘိုးတော်ဘုရားကြီး၏ ရာဇသတ်ခေါ်သော အဓိန့်တော်တမ်းကြီး (၁၉၃၂ခုနှစ်)"

[6] မှန်နန်းမဟာရာဇဝင်တော်ကြီး၊ စာ၇။

နောက် သက်တမ်းရှည်မြင့်စွာ နေထိုင်လာကြပြီးသည့်နောက် လူတို့၏သက်တမ်း သည် အသက် ၁၀ နှစ်အထိ လျော့ကျလာပြီး တစ်ဖန် ပြန်တိုးလာရာ အသချေ်ယျကပ်သို့ရောက် လျှင် ပြန်ဆုတ်ပြန်သည်။ ထိုအခါ သတ္ထန္တရကပ်၊ ရောဂန္တရကပ်၊ ဒုဇ္ဈိကန္တရကပ် ဟူသော ကပ် သုံးပါးတွင် တစ်ပါးပါးရောက်၍ သတ္တဝါတို့ ပျက်ပြန်ခြင်းသည် အန္တရကပ်ဖြစ်သည်။ ဤပထမဆုံးဖြစ်ပေါ်လာသည့် အန္တရကပ်မှာ အတက် မရှိ၊ အဆုတ်သာ ရှိသည်။ ဤအန္တရကပ် သည်သံဝဋ္ဋကပ် (သံဝတ္တကပ်) မရောက်မီ ပျက်သည်။ အန္တရကပ်ဖြင့် ကပ်သည် တစ်ခုသော အသချေ်ယျကပ်ဖြစ်သည်။ ရေတွက်ခြင်း မတတ်နိုင်ကြောင့် အသချေ်ယျဟု ခေါ်ခြင်း ဖြစ်သည်။

ကမ္ဘာပျက်ခြင်းနှင့်ကမ္ဘာဖြစ်ပေါ်လာခြင်း[7]

ကမ္ဘာပျက်ပုံနှင့် ဖြစ်ပုံနှင့်ပတ်သက်၍ မြန်မာနိုင်ငံရှိ အုပ်ချုပ်သူမင်းများမှ ယုံကြည် ကြသည့် အတွေးအခေါ်မှာ တစ်ခုတည်းသော မဟာကပ်တွင် အသချေ်ယျ လေးကပ်ရှိ၍ ၎င်းတို့တွင် ကာလ လေးပါး အပိုင်းအခြားပမာဏရှိသည်။

၁။ သံဝဋ္ဋကပ် (သံဝတ္တကပ်) ကာလ၌ စရွာသောမိုးသည် စကြကုဋ္ဌေ(၁)သိန်း ပျံ့နှံ့ အောင် ရွာသွန်းစေသည်။ လူတို့သည်ပျော်ရွှင်စွာဖြင့် စိုက်ပျိုး ကြသည်။ သို့သော်လည်း ရွာသော မိုးသည် နွားစာဖြစ်သော ကောက်ပင်တို့အတွက်သာ လုံလောက်သည်။ စိုက်ပျိုး၍မရပေ။ ထို့နောက် မိုးခြိမ်းသံသည်လည်း မြည်းကဲ့သို့သာမည်၍ မိုးပေါက် ကျမလာပေ။ မကြာမီ အစဉ်အတိုင်း နေခုနစ်စင်းထွက်လာ၍ ပထမစျာန် သုံးဘုံတိုင် အောင် မီးလောင်ပြီး၍ မီးစဲလေသည်။ မုံညင်းလုံးမျှ အကြွင်းမရှိအောင် လောင်၍ စဲသည်။ အကြိမ်ပေါင်း ခုနစ်ကြိမ်တိုင်အောင် ဖျက်ဆီးခြင်းခံရသည်။

၂။ သံဝဋ္ဋဌာယီကပ် (သံဝတ္တထာရီကပ်)ကာလတွင် မီးလျှံစဲသွားသော်လည်း အောက် ကောင်းကင်နှင့် အထက်ကောင်းကင်သည် တစ်စပ်တည်း ကြီးစွာသော အမိုက်တိုက် ဖြင့် အသချေ်ယျကပ်လုံး တည်သောကာလဖြစ်သည်။

၃။ ဝိဝဋ္ဋကပ် (ဝိဝတ္တကပ်)ကာလတွင် ကမ္ဘာပြုမိုးစရွာသည်။ ပထမ၌နှင်းကဲ့သို့ နူးနူးညံ့ညံ့ ရွာသည်။ ဆက်တိုက်ရွာသောမိုးသည် တဖြည်းဖြည်း မိုးပေါက်၏ အရွယ်အစားသည် ကြီး၍လာသည်။ ကြာရိုးအရွယ်မှ တောင်ဝှေးအရွယ်၊ နောက်ကျည်ပွေ့အရွယ်အစားမှ ထန်းလုံးအရွယ်ရှိလာပြီး ကုဋ္ဌေတစ်သိန်းမှာရှိ စကြဝဠာတို့ကို ပြည့်စေ၍ မိုးစဲလေ သည်။ မကြာမီ ရေကျလာ၍ 'ဘုံဗိမာန်မြေ' တို့ ဖြစ်ပေါ်လာသည့်နောက် နေ၊ လ ပေါ်လာသည့်တိုင်အောင်ရှိသည့် အချိန်ကာလကိုခေါ်ခြင်း ဖြစ်လေသည်။

၄။ ဝိဝဋ္ဋဌာယီကပ် (ဝိဝတ္တထာရီကပ်)တွင်နေလပေါ်လာသည်မှ–တစ်ဖန်ကမ္ဘာပျက်အောင် မိုးရွာသည့်ကာလဖြစ်သည်။

ဤအသချေ်ယ ကပ်လေးကပ်တို့သည် တစ်ခုတည်းသော "မဟာကပ်"ဟုခေါ်သည်။

---

[7] မှန်နန်းမဟာရာဇဝင်တော်ကြီး၊ စာ၇–စာ၈။

ကမ္ဘာမြေကြီးပေါ်လာခြင်း[8]

သတ္တဝါအပေါင်းတို့၏နေရာဌာနသြကာသလောကရှိရေကြီးနေသည်မှတဖြည်းဖြည်းရေကျလာ၍ နစ်မြုပ်နေသောဗြဟ္မာဘုံနှင့် အထက်နတ်ပြည် လေးဘုံ စတင်ပေါ်ပေါက်လာခဲ့သည်။ ပံသပထဝီတည်ရာအရပ်တွင် ရေကို လေဖြင့်ချုပ်၍ ကရိဏ်၏အဝ (ဓမ္မကရိဏ်ခေါ် ရေစစ်၏အဝ) ကို ပိတ်သောကာလဖြစ်သည်။ ရေပေါ်၌ ကောင်းသောအနံ့အရသာနှင့် ပြည့်စုံသော နတ်သြဇာကဲ့သို့ အရသာနှင့်ပြီးစုံသည်။ ထို့အပြင် ရေမရောသောဃနာ၏ အပေါ်အပြင်ကဲ့သို့ မြေဆီသြဇာသည် ကြာရွက်သဏ္ဌာန် တည်ရှိနေသည်။

ဗြဟ္မာများ[9]

ဤမြေပေါ်လာသောအခါ ဘုရားသခင်ပွင့်တော်မူရာဖြစ်သော မဟာဗောဓိပလ္လင်တည်ရာအရပ်သည် ရှေးဦးစွာဖြစ်ပေါ်လာသည်။ ကမ္ဘာပျက်သည့်အခါမှာလည်း နောက်ဆုံးမှပျက်လေသည်။ ဗြဟ္မာများသည် ထိုမြေပေါ်၌ ပဒုမ္မာပင်ပေါက်သည့် အရေအတွက်ကိုကြည့်၍ မြတ်စွာဘုရားဘယ်နှဆူပွင့်မည်ကို သိနိုင်ကြသည်။ ပွင့်သည့်အရေအတွက်အတိုင်း ဘုရားများ ပွင့်ကြသည်။

လူသားများ၏အစ[10]

ဗြဟ္မာပြည်မှ ဗြဟ္မာများ သေဆုံးကြလျှင် လူ့ပြည်မှာ လူလာဖြစ်ကြသည်။ သို့သော်လည်း အစားအသောက်အဖြစ် “ပိတိသာလျှင် အာဟာရ”အဖြစ် သုံးဆောင်ကြသည်။ ကမ္ဘာတွင် အလင်းရောင်မရှိ မှောင်အတိဖြစ်နေသည်။ သို့သော်လည်း ၎င်းတို့သည် ကိုယ်ရောင်တောက်ပပြီး ၄က်ကဲ့သို့ ပျံနိုင်ကြသည်။ ကျား/မ ဟူ၍လည်း ခွဲခြားမှု မရှိသေး။ သတ္တဝါဟုသာ ခေါ်သေးသည်။ ၎င်းတို့သည် “မြေဆီမြေသြဇာ”ဖြစ်သော “ရသပထဝီ”ကို တပ်မက်ခြင်းလောဘပေါ်လာကြ၍ စားကြသည်။ ထိုအခါ တောက်ပနေသော အလင်းရောင်လည်းပျောက်ကွယ်ကုန်သည်။ လောကကြီးသည် မှောင်အတိ ဖြစ်နေသဖြင့် ကြောက်ရွံ့ခြင်းစတင် ဖြစ်ပေါ်လာကြသည်။

နေ၊ လပေါ်လာခြင်း[11]

“ထိုသူတို့၏ **ဘုန်းကြောင့် လည်းကောင်း၊ ဖြစ်မြဲမမွေတာအားဖြင့် လည်းကောင်း**၊ အတွင်းကရွှေ့ အပြင်ကား မှန်အတိပြီးသော အချင်းယူဇနာ ၅၀၊ အဝန်းယူဇနာ ၁၅၀ရှိသော၊ ‘ဘာဏုရာဇ’ ခေါ် နေမင်းသည် ရောင်ခြည် တစ်ထောင်ဆောင်ကာ တပေါင်းလပြည့်နေ့၌ မိန်ရာသီ၌ ၂၆လုံး ဥတ္တရာဘဒြပိုဒ်နက္ခတ်ကို စီးကာ ပြုဗ္ဗဝိဒေဟာကျွန်း၏အလယ်တွင်

[8] မှန်နန်းမဟာရာဇဝင်တော်ကြီး၊ စာ၈။
[9] မှန်နန်းမဟာရာဇဝင်တော်ကြီး၊ စာ၈-၉။
[10] မှန်နန်းမဟာရာဇဝင်တော်ကြီး၊ စာ၉။
[11] မှန်နန်းမဟာရာဇဝင်တော်ကြီး၊ စာ၉။

ရှိသော ဥဒည်းတောင်ထိပ်မှ ထွက်လာသည်။ ကမ္ဘာဦးလူတို့သည် ကြောက်ခြင်းမှ ကင်းကုန်၍ ရဲရင့်ခြင်း ဖြစ်ကုန်သောကြောင့် "သူရိယ"ဟု ခေါ်ကြကုန်သည်။

သို့သော်လည်း နေမင်းက နာရီ ၃၀လှည့်၍ ယဂန္ဓိရ်တောင်၌ ကွယ်သွားသဖြင့် မှောင်မိုက်အတိ ဖြစ်ကုန်သည်။ ထိုအခါ လူတို့သည် "တစ်ခုတည်းသောအလင်းကို ရစေသတည်း" ဟု တောင်းဆိုကုန်ကြသည်။ ထိုအခါ အတွင်းကပတ္တမြား၊ အပြင်ကား ငွေအတိပြီး သော အချင်း ၄၉ ယူဇနာ၊ အဝန်းယူဇနာ ၁၄၇ ယူဇနာရှိ ချမ်းအေးသော အရောင်ကို ဆောင် သော လမင်းသည် ကန်ရာသီ၌ ၁၂လုံး ဥတ္တရာဖလဂုနီနက္ခတ်ကို စီးခါ နက္ခတာရာကြယ် ပေါင်းခြံရံပြီး အရှေ့မျက်နှာမှထွက်လာသည်။ အလိုဆန္ဒအတိုင်း ရပေသည်ဟူ၍ "ဆန္ဒ" ဟူသောအမည်ဖြင့် ခေါ်ဝေါ်ကြကုန်သည်။

မြင်းမိုရ်၊ သတ္တရဘန်၊ သီဒါတို့ဖြစ်ပေါ်ပုံ[12]

တစ်နေ့တည်း တပေါင်းလပြည့်နေ့၌ တစ်ပြိုင်နက်ဖြစ်ကုန် မြင်းမိုရ်တောင်၊ သတ္တရဘန်၊ သီဒါ၊ သမုဒ္ဒရာ ၄ စင်း၊ ကျွန်းကြီး ၄ ကျွန်း၊ ကျွန်းငယ် နှစ်ထောင်၊ ဟိမဝန္တာတော၊ မြစ်ကြီး၊ အိုင်ကြီး၊ စကြဝဠာတောင်တို့ ဖြစ်ပေါ်လာကြသည်ဟု ယုံကြည်ကြလေသည်။ ထိုနေ့မှစ၍ နေ့၊ လ၊ နှစ် နှင့် ဥတုတို့သည် ထင်ရှားလာသည်။

လောဘရမ္မက်ထူပြောသဖြင့် လူအဖြစ်ပြောင်းလဲခြင်းအစ[13]

ကမ္ဘာဦးတွင် နေထိုင်သူတို့သည် ရသပထဝီစားလာကြသောကြောင့် အဆင်းလှသူက လှ၍၊ အဆင်းမလှသူက မလှဖြစ်ကုန်သည်။ ထိုအခါ လှသူကမလှသူကို မထီမဲ့မြင်ပြုခြင်း၊ ကဲ့ရဲ့ခြင်းတို့ဖြစ်ကုန်သည်။ ရသပထဝီမြေဩဇာလည်း ကွယ်ပျောက်ကုန်သည်။ ထိုအခါ မြေလွှာကို စား ဆက်လက်စားကြကုန်သည်။ လောဘရမ္မက်များသည် ကြာရှည်စွာ တည်ရှိလာပြီး ပိုမိုကြီးထွားလာကြသဖြင့် စားသုံး၍ရသော မြေလွှာလည် ပျောက်ကွယ်ကုန်သည်။ စားစရာရှာကြရာ ပဒလတာ၊ အနံ့ရှိပြီး အရသာ ပြည့်စုံသောနွယ်အား ဆက်လက်စားကြပြန်သော်လည်း အထက်ပါနည်းအတိုင်း ကွယ်ပျောက်ကုန်သည်။

သလေးထမင်းကိုသာစားသဖြင့် ယောကျ်ား၊ မိန်းမ ကွဲပြားလာခြင်း[14]

ထို့နောက် အဆင်း၊ အနံ့၊ အရသာနှင့်ပြည့်စုံပြီး ဖွဲမကပ်သော သလေးဆန်ပင်မှ ဆွတ်ယူစားကြပြန်သည်။ သလေးဆန်အား ကျောက်ခွက်တွင်ထည့်ပါက အလိုလို အလျှံထွက်၍ ကျက်၏။ ညစာအတွက် ညမှာယူစားပြီး၊ နံနက်စာအတွက် နံနက်မှာစားကြသော်လည်း တပ်မက်မှုကြောင့် လောဘတကြီး သလေးဆန်ကို အစားကြူးကြသည်။ ရှေးအခါက စားသုံးကြသော အစားအစာများသည် နတ်ဩဇာကဲ့သို့ မွတ်သိပ်ခြင်းကို ဖျောက်၍ အာဟာရ

---

[12] မှန်နန်းမဟာရာဇဝင်တော်ကြီး၊ စာ၉။
[13] မှန်နန်းမဟာရာဇဝင်တော်ကြီး၊ စာ၉။
[14] မှန်နန်းမဟာရာဇဝင်တော်ကြီး၊ စာ၁၀။

ကို ဖြစ်စေခဲ့သည်။ ဝတ္ထုသိမ်မွေ့သဖြင့် ကျင်ကြီး၊ ကျင်ငယ်မဖြစ်ကြပေ။ သို့သော်လည်း သလေးထမင်းကို စားသုံးကြသည့်အခါ သလေးထမင်း၏ ဝတ္ထုသည် ကြမ်းတမ်းရုန့်ရင်းသဖြင့် ခန္ဓာကိုယ်တွင် အညစ်အကြေးများဖြစ်သော ကျင်ကြီး၊ ကျင်ငယ်တို့ ဖြစ်လာကြကုန်သည်။ ယောက်ျား၊ မိန်းမအသွင် ထင်ရှားကုန်သည်။ တပ်မက်မှုများပေါ်လာပြီး မေထုန်မှီဝဲခြင်းတို့ စတင်ပေါ်လာသည်။

အိမ်ရာဆောက်၍နေခြင်းအကြောင်း[15]

လူတို့သည် မကောင်းသောအကျင့်ကို အကာအကွယ်မရှိသော နေရာများတွင် ကျင့်သုံးကြသဖြင့် ပညာအမြင်နှင့်ပြည့်စုံသော သူတို့သည် ကဲ့ရဲ့ချဉ်းဆဲကြကုန်သဖြင့် မကောင်းသောအကျင့်အား ဖုံးကွယ်ရန် အကာအရံဖြစ်သော အိမ်ရာဆောက်၍ နေကြရကုန်သည်။

ဘုံဝိုင်ဆိုင်မှုပယ်ဖျောက်၍ ပုဂ္ဂလိကဝိုင်ဆိုင်မှုပေါ်လာခြင်း[16]

ပျင်းရိသောသူတို့သည် လောဘသို့လိုက်၍အစာသိုလှောင်ခြင်းကို ပြုကုန်သည်။ သိုလှောင်သူ များလာသဖြင့် သလေးဆန်တို့သည် ဖွဲနု၊ ဖွဲကြမ်းတို့ ကပ်ပါလာကုန်သည်။ ရိတ်ရာ ယူရာအရပ်တို့တွင်လည်း တစ်ဖန် မပေါက်ရောက်ဖြစ်ကုန်သည်။ နောက်ဆုံးကျန်နေသော သလေးဆန်တို့ကို ညစာ၊ နံနက်စာအတွက် အားလုံးမှ သိမ်းသိုခြင်းကြောင့် ရိတ်ရာ၊ ရရာအရပ်တို့တွင်လည်း အသစ်ပြန်လည်မထွက်တော့ပေ။ အနည်းငယ်သာ ကျန်တော့၍ အားလုံးကုန်သွားမည်ကို စိုးရိမ်ပူပန်လာကြသည်။ ထိုကြောင့် ကမ္ဘာဦးသူတို့သည် သလေးစပါးပင်တို့ကို ခွဲဝေပိုင်းခြား၍ အားလုံးအား အညီအမျှဝေငှပေးရန် တိုင်ပင်ဆွေးနွေး၊ ဆုံးဖြတ်ကြသည်။ ထိုကဲ့သို့ လူတို့တပ်မက်ခြင်းလောဘကြောင့်

“လူတို့သည် မကောင်းသော အကျင့်ကို အကာအကွယ် မရှိသော နေရာများတွင် ကျင့်သုံးကြသဖြင့် ပညာအမြင်နှင့် ပြည့်စုံသော သူတို့သည် ကဲ့ရဲ့ချဉ်းဆဲကြကုန် သဖြင့် မကောင်းသော အကျင့်အား ဖုံးကွယ်ရန် အကာအရံ ဖြစ်သော အိမ်ယာဆောက်၍ နေကြရကုန်သည်”

[15] မှန်နန်းမဟာရာဇဝင်တော်ကြီး၊ စာ၁၀။
[16] မှန်နန်းမဟာရာဇဝင်တော်ကြီး၊ စာ၁၀။

ဘုံပိုင်ဆိုင်မှု ပပျောက်၍ ပုဂ္ဂလိက ပိုင်ဆိုင်မှုစတင် ပေါ်ပေါက်လာသည်။ သို့သော်လည်း ပိုမိုလောဘကြီးသူများက မိမိတို့ဝေစု ကုန်မည်စိုးသဖြင့် သူတစ်ပါး၏ ဝေစုအားခိုးယူကြပြန်သည်။ ဖမ်းမိသောအခါ တစ်ကြိမ်၊ နှစ်ကြိမ်ခွင့်လွှတ်သော်လည်း ထမ်ံခိုးယူပြန်သဖြင့် ရိုက်နှက်ခြင်း ခံရပါသည်။ ထိုအချိန်မှစ၍ ရာဇဝတ်မှုဖြစ်သော ခိုးခြင်း၊ မုသားဆိုခြင်း၊ ဒဏ်ပေးခြင်းတို့ စတင်ဖြစ်ပေါ် လာသည်။ ထို့ကြောင့် ဆိုးသွမ်းသူများ၏ ဒုစရိုက်ရန်မှ ကာကွယ်ရန် ကမ္ဘာဦးသူအပေါင်းတို့သည် စုစည်းစည်းဝေး၍ တည်ငြိမ်အေးချမ်းသာယာရေးတို့ ရရှိရေးအတွက် တိုင်ပင်ဆွေးနွေးပြီး ဆုံးဖြတ်ကြသည်။

ကမ္ဘာဦးသူတို့ချင်းချင်း ညီညွတ်၍
ရှေးဦးစွာ မဟာသမ္မတ မင်းတင်မြှောက်ခြင်းအကြောင်း[17]

ထိုကဲ့သို့ ရာဇဝတ်မှုများလာ၍ အများအတွက်လုံခြုံရေးကင်းမဲ့လာကြသဖြင့် "သီလ၊ သမာဓိ၊ ပညာနှင့်ပြည့်စုံသူ တစ်ယောက်ကို အစိုးရခြင်း၏မင်းအဖြစ်ဖြင့် သမုတ်၍ ကဲ့ရဲ့ရွှတ်ချအပ်သောသူကို ကဲ့ရဲ့ရွှတ်ချစေအံ့။ နှင်ထုတ်အပ်သောသူကို နှင်ထုတ်စေအံ့။ ငါတို့အဖို့ ဖြစ်သော သလေးစပါးကို ၁၀ ဖို့ ၁ ဖို့ ပေးကုန်၏" ဟူ၍တိုင်ပင်ကြပြီးလျှင် "အဆင်းအင်္ဂါလက္ခဏာနှင့်ပြည့်စုံသော၊ ကြီးမြတ်သော၊ ဘုန်းတန်ခိုးအာဏာရှိသော၊ နိပ်နှင်းချီးမြှောက်ခြင်းငှာ တတ်နိုင်သော၊ အားရှိသော ဂေါတမဘုရားအလောင်းတော်ထံသို့ ကပ်၍ တောင်းပန်ကုန်ပြီးလျှင် သုံးပါးသော ဘိသိက်သွန်းခြင်းဖြင့် မင်းမြှောက်ကုန်သည်။ ဤသို့ကမ္ဘာဦးသူတို့ သမုတ်သောကြောင့် သုံးပါးသောအမည်ထင်ရှားကုန်သည်။"

၎င်းတို့မှာ (၁) မဟာသမ္မတ (၂) ခတ္တိယ နှင့်(၃) ရာဇာ တို့ဖြစ်သည်။

(၁) မဟာသမ္မတ ဆိုသည်မှာ လူအများတို့ညီညွတ်တိုင်ပင်၍ မင်းဟုသမုတ်သောကြောင့် မဟာသမ္မတမည်၏။

(၂) ခတ္တိယမှာ လယ်မြေတို့ကိုအစိုးရသောကြောင့် ခတ္တိယမည်၏။

(၃) ရာဇာ၏အဓိပ္ပာယ်မှာ တရားနှင့်အညီ လူတို့ကို နှစ်သက်စေတတ်သောကြောင့် ရာဇမည်၏။

ဤမဟာသမ္မတမင်း၏ အဓိပ္ပာယ်၏ ဖွင့်ဆိုချက်ကို မှန်နန်းရာဇဝင်တွင် အောက်ပါအတိုင်း ဖွင့်ဆိုထားသည်။

"နေမင်း၏ အနွယ်ဖြစ်တော်မူထသော၊ စင်ကြယ်သောကျေးဇူး၊ မြတ်သော အာနုဘော်ရှိသော မဟာသမတ္တမင်းတို့သည် လူတို့၏ မျက်စိသဖွယ်ဖြစ်၍ နှစ်ခုမြောက်သော နေမင်းကဲ့သို့ အမိုက်ကိုဖျောက်လျက် 'ဂုဏ်' တည်းဟူသော အရောင်ဖြင့် ထွန်းပ၏။ အကြင်မဟာသမ္မတမင်းသည် လောကဌ အပိုင်းအခြားကို လူတို့သည် မလွန်ကျူးကုန်။ များသောအခြံအရံ၊ ဘုန်းတန်ခိုးအာနုဘော်ရှိသော၊ လောကအပိုင်းအခြားကို စောင့်ရှောက်တတ်သော၊ မင်းတကာတို့၏ အဦးအစ ဖြစ်သော၊ ကြီးသောလုံလ ရှိသော အကြင်မဟာသမ္မတမင်းကို 'မနု' ဟူ၍ သိကုန်၏။"[18]

---

[17] မှန်နန်းမဟာရာဇဝင်တော်ကြီး၊ စာ၁၀။

[18] မှန်နန်းမဟာရာဇဝင်တော်ကြီး၊ စာ ၁၁။

ထိုမင်းသည် ဓမ္မသတ်ကျမ်းဂန်တို့ကို ပြုစု၍ ရသေ့ မုနိ အစရှိသော သူတော်ကောင်း ပညာရှိတို့နှင့် တိုင်ပင်ပြီး မင်းကျင့်တရား (၁၀)ပါး၊ သ*[illegible]ခြင်း လေးပါးနှင့်အညီ သတ်မှတ်ထားသော ဥပဒေများနှင့်အညီ အုပ်ချုပ်သည်။ အဂတိ ၄ ပါးကို မလိုက်၊ ဥပဒေအတိုင်း စီရင် ဆုံးဖြတ်သဖြင့် ဇမ္ဗူဒီပါ ကျွန်းသူအပေါင်းတို့သည် မဟာသမ္မတမင်းအား အမှီပြု၍ အသက်မွေးကြသည်။ ပြည်သူများမှလည်း ကျေနပ်အားရ ဝမ်းသာစွာဖြင့် မိမိတို့ရရှိခဲ့သော ဥစ္စာဓန ပစ္စည်းများမှ ဆယ်ဘို့တစ်ဘို့၊ ဆယ်ခိုင်တစ်ခိုင်၊ ဆယ်လုံးတစ်လုံး၊ ဆယ်ပွင့်တစ်ပွင့် ဆက်သကုန်ကြသည်။ မင်း၏ ချမ်းသာစည်းစိမ်ခံစားပြီး သားစဉ်မြေးဆက် မင်းဆက် စုစုပေါင်းသည် "ဘုရားအလောင်းသိဒ္ဓတ္ထတိုင်အောင် ၃၃၄၅၆၉ ယောက်"[19]အထိ ပြန့်ပွားသည်ဟုဆိုသည်။ ဗုဒ္ဓဝင်အဆိုအရ ဗုဒ္ဓမြတ်စွာဘုရားတို့သည် တစ်ဆူတည်းသာ ပွင့်သည် မဟုတ်ပေ။ လူ့ကမ္ဘာများ တည်ရှိနေစဉ် လူနှင့်သတ္တဝါများ ဒုက္ခခံစားနေရသောကပ်တွင် ဗုဒ္ဓမြတ်စွာဘုရား ပွင့်ကြသည်။ သောရကပ်တွင် တစ်ဆူပွင့်၊ မဏ္ဍကပ်တွင် နှစ်ဆူပွင့်၊ ဝရကပ်တွင် သုံးဆူပွင့်၊ သာရမဏ္ဍကပ် လေးဆူပွင့်ပြီး၊ ယခုလက်ရှိ ဘဒ္ဒကပ်တွင် ငါးဆူပွင့်မည်ဖြစ်သည်။ လေးဆူပွင့်ပြီး ဖြစ်၍ နောက်ထပ် တစ်ဆူပွင့်ရန် ကျန်နေသေးသည်ဟု ရှေးဟောင်းမင်းများသာမက ယခုထက်တိုင် မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်တိုင်းက ယုံကြည်ကြသည်။ ပထမဆုံးဗုဒ္ဓမြတ်စွာဘုရားပွင့်ခြင်းနှင့် မဟာသမ္မတမင်း စတင် ပေါ်လာသည့်ကာလသည် 'တက်ကပ်'၌ မဟုတ်ပေ (ပုံ-၁)။ ကုသန်မြတ်စွာဘုရားပွင့်စဉ်ကာလသည် 'ဆုပ်ကပ်' (ပုံ-၂) ဖြစ်၍ နှစ် ၄၀၀၀၀ သက်တမ်းဖြစ်၍သည်။ ပထမဆုံး မဟာသမ္မတမင်း စတင်ပေါ်လာပြီး ၎င်း၏ သားစဉ်မြေးဆက်များက နှစ် ၃၀၀၀၀ သက်တမ်းကာလတွင် ပွင့်သောကောဏာဂုံမြတ်စွာဘုရားလက်ထက်၌ လည်း အုပ်ချုပ်သောမင်းများသည် ပထမဆုံးမဟာ သမ္မတ၏ မျိုးဆက်များပင်ဖြစ်သည်။

"ပထမဆုံး မဟာသမ္မတမင်း စတင်ပေါ်လာပြီး ၎င်း၏ သားစဉ် မြေးဆက်များက နှစ် ၃၀၀၀၀ သက်တမ်း ကာလတွင် ပွင့်သော ကောဏာဂုံ မြတ်စွာဘုရား လက်ထက်၌လည်း အုပ်ချုပ်သော မင်းများသည် ပထမဆုံး မဟာသမ္မတ၏ မျိုးဆက်များပင် ဖြစ်သည်"

[19] မှန်နန်းမဟာရာဇဝင်တော်ကြီး၊ စာ ၂၁။

ကဿပ မြတ်စွာ ဘုရား ပွင့်တော်မူသော နှစ် ၂၀၀၀ သက်တမ်းနှင့် ဂေါတမ မြတ်စွာဘုရား ပွင့်တော်မူသော နှစ် ၁၀၀ သက်တမ်းတွင်လည်း ပထမဆုံးမဟာသမ္မတ၏ မျိုးဆက်များ ဖြစ်ကြသည်။

ထို့ကြောင့် ပထမဆုံးအုပ်ချုပ်သူ မဟာသမ္မတ မင်းဖြစ်သူအား ပြည်သူများမှ ရွေးချယ် တင်မြှောက်ကြသဖြင့် နိုင်ငံသားများသည် နိုင်ငံတော် တည် ဆောက်ရေးတွင် အရေးကြီးသော တာဝန်ဝတ္တရားအား ထမ်းဆောင်ခွင့်ရှိသည်ကို တွေ့ရပေသည်။ ထို့အပြင် ရွေးချယ်တင်မြှောက်ခံရသော မဟာသမ္မတသည်လည်း ဂေါတမမြတ်စွာဘုရားအလောင်း ဖြစ်သဖြင့် အနာဂတ် မြန်မာနိုင်ငံတော်ကို အုပ်ချုပ်သူမင်းတို့၏ တရားဝင်မှု သည် ဗုဒ္ဓဘာသာအား ကာကွယ်ခြင်း၊ မဟာသမ္မတမင်း၏အုပ်ချုပ်မှု အတွေးအခေါ်ဖြစ်သည့် နိုင်ငံတော်ကို နူးညံ့သိမ်မွေ့စွာဖြင့် အုပ်ချုပ်၍ အေးချမ်းသာယာသော နိုင်ငံတော်ကို တည် ဆောက်နိုင်ခြင်းနှင့် နိုင်ငံသားများကို သားသမီးသဖွယ် မဆက်ဆံ၍ မရသည့်သဘောပင် ဖြစ်သည်။ ဤနိုင်ငံရေးအတွေးအခေါ်ကို မသိနားမလည်သည့်သူများသာ မြန်မာမင်းတို့၏ ရှေးရိုးအစဉ်အလာ အုပ်ချုပ်ရေးသည် သွေးဆာသည့်အုပ်ချုပ်ရေး ဖြစ်သည်ဟု ပြောနိုင်ကြမည်ဖြစ်သည်။ သို့သော်လည်း လောဘ၊ ဒေါသ၊ မောဟအခြေခံဖြင့် အာဏာနှင့် စည်းစိမ်မက်သူများအနေဖြင့် သွေးဆာကြသည်မှာ အမှန်ပင်ဖြစ်သည်။ ထိုမင်းတို့အား အစဉ်အလာ နိုင်ငံရေး အတွေးအခေါ်မှ ဘောင်အတွင်းမှ ကင်းလွတ်သွားသဖြင့် “မင်းဆိုး၊ မင်းညစ်” ဟု သမိုင်းအကျဉ်းတင်ခြင်းခံရသည်သာ ဖြစ်သည်။ အသေးစိတ်ကို နောက်ဆောင်းပါးများတွင် ခွဲခြားစိတ်ဖြာ၍ ဝေဖန်ရှင်းလင်း တင်ပြဆွေးနွေးသွားပါဦးမည်။

ကမ္ဘာဦးသူတို့မှ အမျိုးလေးပါးပွားများခြင်းအကြောင်း[20]

ဂေါတမမြတ်စွာဘုရားအလောင်းသည် မဟာသမ္မတမင်း စတင်ဖြစ်လာပြီးသည့်နောက် မင်းမျိုး ဖြစ်ပေါ်လာသည်။ အချို့က သူ့ကိစ္စကို ခိုးခြင်း၊ မုသားဝါဒဆိုခြင်း၊ ကဲ့ရဲ့ခြင်း၊ ဒဏ်ပေးခြင်း၊ ယုတ်မာသောတရားများ ထင်ရှားလာကြသဖြင့် သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသောသူတို့သည် အကုသိုလ်တရားကို ဖျောက်ခြင်းအလို့ငှာ တောခွ သစ်ခက်၊ သစ်ရွက်နှင့် နေကြကုန်သည်။ ဆွမ်းခံ၍အသက်မွေးကြကုန်သဖြင့် ပုဏ္ဏားမျိုးဖြစ်လာကြသည်။ လယ်ယာလုပ်ခြင်း၊ ကုန်သွယ်ခြင်း ပြုလုပ်ကြသူများကြောင့် အမြတ်ကြေးငွေ ရရှိလာကြပြီး သူဌေး၊ သူကြွယ်များဖြစ်လာကြသည်။ ဘုန်းနည်းသူတို့သည် သူတစ်ပါးတို့၏ ညှဉ်းဆဲခြင်းကိုခံရ၍ ဆင်းရဲသောအမူအရာရှိ၍ သူဆင်းရဲမျိုးပေါ်လာသည်။ ဤကဲ့သို့ ဇာတ်အမျိုး (၄) မျိုး ကွဲပြားလာသည်။ ဆက်လက်၍ မြန်မာနိုင်ငံတွင် ပထမဆုံးနိုင်ငံတော်တည်ဆောက်ခြင်းနှင့်ပတ်သက်၍ နောက်ဆောင်းပါးတွင် ဆက်လက်ဆွေးနွေးသွားပါမည်။

ပုံ-၁

မှန်နန်းမဟာရာဇဝင်ကြီး၏မဟာသမ္မတနှင့်မြတ်စွာဘုရားများပွင့်သည့်ပုံစံ



ကိုးကား - မှန်နန်းမဟာရာဇဝင်တော်ကြီး

[20] မှန်နန်းမဟာရာဇဝင်တော်ကြီး၊ စာ၁၁-၁၂။

ပုံ-၂

မြတ်စွာဘုရားများပွင့်တော်မူခြင်းနှင့်မဟာသမ္မတများအုပ်ချုပ်ခြင်းပုံစံ



ကိုးကား - မှန်နန်းမဟာရာဇဝင်တော်ကြီး

ဒေါက်တာမင်းညို

တပ်မတော် ဖြုိခွဲရေး အစီအစဉ်

acwf&&;*sme , f

“ကွန်မြူနစ်တို့၏ အကြံအစည်သည် အောင်နိုင်ရိုးလား၊
ကွန်မြူနစ်တို့ ဤသို့ လုပ်ကြံဖန်တီးနှောင့်ယှက်ရုံမျှဖြင့်
တပ်မတော်ကြီး ပြိုကွဲရအံ့လော၊ ငါတို့ တပ်မတော်အား
ကွန်မြူနစ်တို့ မျက်စောင်းထိုးလာကြသည်မှာ ယခုမှမဟုတ်။
ငါတို့တပ်မတော်ကြီး တည်စ မူလ ပကတူး
အစကတည်းပင် ဖြစ်၏”

စစ်ဝတ်စုံ ဝတ်မထားသော တပ်မတော်အရာရှိသည် သောက်လက်စ လက်ဖက်ရည်ကို ဆက်၍ မသောက်နိုင်တော့ဘဲ ပန်းကန်ကို စားပွဲပေါ်သို့ ပြန်ချလိုက်မိသည်။ သူ့ဘေးက စားပွဲ၌ ဝင်၍ထိုင်လိုက်သော လူ နှစ်ယောက်၏ အချီအချ ဆွေးနွေးသံများကို သူနားစွင့်၍ မထောင်ဘဲ မနေနိုင်တော့ချေ။

နေရာကား ရန်ကုန်မြို့ ဗန္ဓုလလမ်းရှိ မုန့်တိုက်ကြီးတစ်ခုအတွင်း၊ နေ့ကား ၁၉၅၀ ခု ဇူလိုင်လ ၂ ရက်နေ့၊ အချိန်ကား နံနက် ၈ နာရီ သာသာခန့်။

လူ နှစ်ယောက် ပြောဆိုနေကြသော အကြောင်းအရာများကား ဤသို့တည်း။

ပထမလူ။ တပ်မတော် စိတ်ဓာတ်စစ်ဆင်ရေးဌာနကို ဖျက်ပစ်ရမယ်၊ ဖျက်ပစ်ဖို့ ကျုပ်တို့ ဦးxxx ကို အကျပ်ကိုင်ရမှာပဲ။

ဒုတိယလူ။ အေးဗျာ….. ဒီဌာနက ကျုပ်တို့နဲ့ ကျုပ်တို့ရဲ့ ကွန်မြူနစ်တွေကို အတိုက်ဆုံးဖြစ်နေတယ်။ ခက်တာက ဒီကောင်တွေဟာရဲဘော်တွေကို ပြည်တွင်းစစ်တစ်လျှောက်လုံး ကျုပ်တို့ကို တိုက်အောင် ဘယ်နည်းနဲ့ ထိန်းထားသလဲ မပြောတတ်ဘူး။ ဝါဒလည်း ဟုတ္တိပတ္တိမရှိ၊ ပုဂ္ဂိုလ်အရ ထိန်းထားတယ်ဆိုရင်လည်း ဒါတော့ မခံနိုင်ဘူးဗျ။

မျက်နှာများကို သေသေချာချာကြည့်မိသောအခါ ထိုသူ နှစ်ယောက်မှာ အခြားမဟုတ်၊ ဥပဒေ၏ အရိပ်ကို ခိုလှုံလျက် ဥပဒေလွတ်သော အမည်ဖြင့် ဖွဲ့စည်းထားသော နိုင်ငံရေးပါတီတစ်ခု၏ ကွန်မြူနစ်ခေါင်းဆောင်ကြီး နှစ်ယောက်ဖြစ်သည်ကို သတိပြုမိတော့သည်။ တစ်ဦးသည် ပါလီမန်အမတ်လည်းဖြစ်၏။ သူတို့၏ ဆွေးနွေးချက်များကား တပ်မတော်အရာရှိဖြစ်သူကို ပိုမို စိတ်ဝင်စားစေ၏။

ပထမလူ။ စစ်တပ်မှာ အများစုကကြေးစားတွေပါဗျာ။ ဒါပေမဲ့ အစဉ်းစားရခက်နေတာက ကျုပ်တို့လည်း တိုးတက်လူငယ်တွေကို “ အိုတီအက်စ်” မှာ တစ်ယောက်ချင်း သွင်းခဲ့တာပဲ။ ဒါပေမဲ့ အထဲရောက်ရင် ငြိမ်သွားတာပဲဗျ။

ဒုတိယလူ။ ဒီလိုဆိုရင်လူထုအပေါ်စစ်တပ်ရဲ့သြဇာကျသွားအောင် လုပ်တဲ့နေရာမှာ စစ်တပ်ကငြိမ်းချမ်းရေးကိုဖျက်ဆီးနေတယ်ဆိုပြီးသတင်းစာထဲကနေဆော်ရင် ဘယ့်နယ်လဲ။ သတင်းစာဥပဒေနဲ့ လွတ်ပါ့မလား။

ပထမလူ။ ဒီလိုတိုက်ရုံနဲ့ စစ်တပ်ကို တိုက်လို့ရမှာ မဟုတ်ဘူး။ ထိရောက်အောင် လူထုလှုပ်ရှားမှုနဲ့စစ်တပ်မကောင်းကြောင်း ဖော်ထုတ်ရမယ်။ တပ်ထဲကိုလည်း ကျုပ်တို့ တပ်သားတွေကို စနစ်တကျ သွင်းပေးရမယ်။ စစ်တပ်ခေါင်းဆောင်ပိုင်းနဲ့ အောက်ခြေကို ခွဲပစ်ရမယ်။ သူတို့အချင်းချင်းကိုလည်း ခွဲပစ်ရမယ်။ စိတ်ဓာတ် စစ်ဆင်ရေးဌာနနှင့် စစ်တပ်ကိုလည်း ခွဲပစ်ရမယ်။ ကျုပ်လည်း ပါလီမန် အတွင်း၊ အပြင် ကြိုးစားမယ်။

ဒုတိယလူ။ အင်း … ဒါနဲ့ သန်းထွန်းတို့ဘက်ကတော့လာမှာ မဟုတ်ဘူးတဲ့။ ကျုပ်တို့ချည်း အစိုးရ ဖွဲ့နိုင်ရင်တော့ ခေါ်ယူရန် လွယ်ပါတယ်။

ပထမလူ။ သန်းထွန်းကလည်း သူတို့ပါတီမှာ စတာလင်ပဲဗျ။ သူတို့ စတာလင် ဝါဒကို မတိုက်ဖျက်နိုင်ပါဘူး။ သူတို့လာရင်လည်းကျုပ်တို့ အမျိုခံရမှာပဲ။ ကောင်းတာ

ကအခုကတည်းက မြေပေါ်မှာ ကွန်မြူနစ်ပါတီ နာမည်နဲ့ဖြောင် ပေါ်သင့်တယ်။ အောက်ခြေက ရွေးတာမျိုး ဖြစ်သင့်တယ်။ ဒီကနေ့ တိုက်ပွဲကိုလည်း ကွန်မြူနစ် ဝါဒ အသက်ရှင်ရေး တိုက်ပွဲလို့ ပြတ်ပြတ်သားသား မြင်ဖို့လိုတယ်။

တပ်မတော် အရာရှိသည် များများထပ်၍ ကြားနေရလျှင် ဒေါသကို ချုပ်တည်းရန် ခက်တော့မည် ဟု ယူဆ၍ ဘို့ငိုကိုခေါ်ကာ ပိုက်ဆံရှင်းပေးပြီး ထွက်ခဲ့လေသည်။

လျှို့ဝှက် အစည်းအဝေးတစ်ခု

အထက်ပါ အခြင်းအရာ ဖြစ်ပွားပြီးသည့် နောက်ရက်အနည်းငယ်အကြာ ရန်ကုန်မြို့ ရပ်ကွက်တစ်နေရာတွင် ကျင်းပသော လျှို့ဝှက်အစည်းအဝေးတစ်ခု၌ ဗမာ့တပ်မတော်အား ဖြိုခွဲဖျက်ဆီးရန်အစီအစဉ်များ ချမှတ်ပြဋ္ဌာန်းနေကြသော မြေပေါ်သောင်းကျန်းသူဘက်တော်သားတစ်စုကို တွေ့ရှိကြရပြန်၏။ ထိုအစည်းအဝေးနှင့်ပတ်သက်၍ ရရှိသောသတင်းများကား...

လက်နက်ချ ကွန်မြူနစ်တစ်ယောက်အနေဖြင့် ထိုအစည်းအဝေးသို့ ကျွန်တော်တက် ရောက်ခဲ့သည်။ အစည်းအဝေး မစမီ သိဟောင်းကျွမ်းဟောင်း ရဲဘော်ရဲဘက် လက်နက်ချ အချို့နှင့် ပြန်လည်ဆုံစည်းရသဖြင့် စကားလက်ဆုံကျနေမိစဉ် အဖွဲ့အစည်းများအား အစိတ်စိတ် ကွဲသွားအောင် ဆောင်ရွက်ရာ၌ "နိုင်ငံရေးဇာတဂဂ်" ရထားသည့် ကွန်မြူနစ် ခေါင်းဆောင်ကြီး ကြွရောက်လာသဖြင့် စကားပြတ်၍ သွားကြသည်။

အစည်းအဝေးကို စတင် ဖွင့်လှစ်ပါပြီ။ ရဲဘော် ဗိုလ် xxx ကို သဘာပတိအဖြစ် တင်မြှောက်ပြီး ဆွေးနွေးပွဲ စကြသည်။ အခန်းကလေးမှာ ကျဉ်းမြောင်းလှ၏။ ဆေးလိပ်မီးခိုးနံ့များ မွန်၍နေသည်။

သန့်ရှင်းနှင့်တည်မြဲကိစ္စ အငြင်းပွားကြသည်။ တချို့က လက်နက်ချများအနေဖြင့် ဘယ်အုပ်စုဘက်မျှ မပါဘဲ သီးသန့်နေချင်သည်။ သန့်ရှင်းကို ထောက်ခံရမည်ဟု အဆိုသွင်း သူက သွင်းကြသည်။ တည်မြဲကို

]]ဒီကနေ့ ဗမာပြည်မှာ ဖြစ်နေတဲ့ တိုက်ပွဲဟာ ကွန်မြူနစ် အင်အားစုတွေက တစ်ဖက်၊ ကွန်မြူနစ် ဆန့်ကျင်ရေး အင်အားစုတွေက တစ်ဖက် အပြင်းအထန် တိုက်နေတဲ့ တိုက်ပွဲကြီး ဖြစ်ပါတယ်}}

ထောက်ခံနေသော လက်နက်ချများကို ရှုတ်ချကန့်ကွက်သည် ဟူသော အဆိုတစ်ခု ပေါ်လာပြန်သည်။ ထို့နောက် သင်းခွဲဝိဇ္ဇာတေဒဂ်ရ ကွန်မြူနစ် ခေါင်းဆောင်ကြီးက စကားစတင်ပြောဆိုလေသည်။ မီးကို ရေနှင့် ဖျန်းလိုက်သကဲ့သို့ အားလုံး ငြိမ်သွား၏။

"ဒီကနေ့ ဗမာပြည်မှာဖြစ်နေတဲ့ တိုက်ပွဲဟာ ကွန်မြူနစ်အင်အားစုတွေကတစ်ဖက်၊ ကွန်မြူနစ်ဆန့်ကျင်ရေးအင်အားစုတွေက တစ်ဖက် အပြင်းအထန် တိုက်နေတဲ့ တိုက်ပွဲကြီး ဖြစ်ပါတယ်။ တစ်နည်းဆိုရရင် ကွန်မြူနစ်ဝါဒ သေမသွားဘဲ တည်မြဲနေနိုင်အောင် တိုက်ရမယ့် သေရေးရှင်ရေး တိုက်ပွဲဖြစ်ပါတယ်..."

မည်သူမျှ မလှုပ်၊ မည်သူမျှ အသံမထွက်၊ အားလုံး ငြိမ်၍ နားစွင့်ထောင်နေကြသည်။ သင်းခွဲဝိဇ္ဇာကြီးသည် သူ၏ဝါဒစကားကို မဆက်မီ ပရိသတ်ကို အကဲခတ်သလို မျက်မှန် တဝင်းဝင်းနှင့် တစ်ချက်ဝဲ၍ ကြည့်လိုက်သည်။ ထို့နောက် သူ၏ ဩဝါဒကို ဆက်၍ မြွက်ကြား သည်။

"ဒီတိုက်ပွဲမှာ ကျုပ်တို့ရဲ့ တာဝန်ဟာ ဘာလဲ၊ ရန်သူရဲ့ အတွင်းပဋိပက္ခတွေကို အမြတ် ထုတ်တတ်ရမယ်၊ ထုတ်ယူရလိမ့်မယ်။ ဒီလို ထုတ်ယူဖို့အတွက် ဦးနှကိုထောက်ခံရမယ်။ တည်မြဲအုပ်စုကို ရန်သူအဖြစ် တိုက်ရမယ်...."

တစ်ယောက်က ဆေးလိပ်တိုကို မီးညှိဖွာပြီး မီးခိုးများကို အထက်သို့ ဖွဲ့ခနဲ မှုတ်ထုတ် လိုက်သည်။ ခေါင်းဆောင်ကြီး၏ အေးဆေးသော လေသံသည် စောစောကထက် သွက်လက် မြန်ဆန်လာသည်။

"ဒီတိုက်ပွဲမှာ တည်မြဲတွေထက် ပိုဆိုးတဲ့ရန်သူလည်း ရှိသေးတယ်။ ဒီရန်သူဟာ ဗမာ့တပ်မတော်ပဲ။ ငါတို့ ကွန်မြူနစ်တွေရဲ့ အဆိုးဆုံးရန်သူကြီးဟာ တပ်မတော်ပဲ။ ဒါကြောင့် တပ်မတော်ကို ပြိုကွဲအောင် ဖျက်ဆီးဖို့ဟာ ငါတို့ကွန်မြူနစ်တွေရဲ့ အဓိက တာဝန်ကြီးပဲ..."

ပရိသတ်ထဲမှာ ဆီမန်း မန်းသလို တိုးတိုးတိုးတိုးနှင့် ကျိတ်ကျိတ်၊ ကျိတ်ကျိတ် အသံများ ထွက်လာ၏။ ထို့နောက် ပြန်၍ငြိမ်သွားသည်။ ခေါင်းဆောင်ကြီး လီနင်ကို ကိုးကား၍ ပြောဆိုနေသည်။

]] ဒီတိုက်ပွဲမှာ တည်မြဲတွေထက် ပိုဆိုးတဲ့ရန်သူလည်း ရှိသေးတယ်။ ဒီရန်သူဟာ ဗမာ့တပ်မတော်ပဲ။ ငါတို့ ကွန်မြူနစ်တွေရဲ့ အဆိုးဆုံး ရန်သူကြီးဟာ တပ်မတော်ပဲ။ ဒါကြောင့် တပ်မတော်ကို ပြိုကွဲအောင် ဖျက်ဆီးဖို့ဟာ ငါတို့ ကွန်မြူနစ် တွေရဲ့ အဓိက တာဝန်ကြီးပဲ}}

"ဟုတ်တယ်... ငါတို့ဟာ တပ်မတော်ကို ဖောက်ထွင်းဝင်ရောက်ပြီး ဖြိုခွဲပစ်ရမယ်။ ငါတို့ရဲ့ ကွန်မြူနစ်ဝါဒ အောင်ပွဲခံတာကို တွေ့ချင်၊ မြင်ချင်ရင် တပ်မတော်ကို ပြိုကွဲအောင် ဖျက်ဆီးရလိမ့်မယ်။ ဘာဖြစ်လို့လဲ၊ ငါတို့ခေါင်းဆောင်ကြီး လီနင်က ပြောခဲ့တယ်။ စစ်တပ်ရဲ့ စည်းလုံးမှုကိုပြိုကွဲအောင် မလုပ်ဘဲ၊ စစ်တပ်ကို အစည်းပြေအောင် မလုပ်ဘဲ ဘယ်တော်လှန်ရေးမှ မအောင်မြင်ကြောင်းကို ပစ္စည်းမဲ့တော်လှန်ရေးနဲ့ ကောက်စကီဆိုတဲ့ စာတမ်းမှာ သည်အတိုင်းလမ်း ညွှန်ထားခဲ့တဲ့ လီနင်ရဲ့ သြဝါဒကို ငါတို့ မြဲမြံစွာခံယူထားရမယ်။ ဒါမှ ငါတို့ ကွန်မြူနစ်တွေရဲ့ အာဏာ သိမ်းပိုက်ရေးနဲ့ ပစ္စည်းမဲ့ အာဏာရှင်စနစ် ထူထောင်ရေး အတွက် စိတ်ချရမယ်..."

ဘယ်လိုဖြိုခွဲမည်နည်း

ထို့နောက် ခေါင်းဆောင်ကြီးက တပ်မတော်အား ဖြိုခွဲပုံ၊ ဖြိုခွဲနည်းများကို ဆက်လက် အကြံပေးသည်။ အောက်ပါ ဖြိုခွဲပုံ၊ ဖြိုခွဲနည်းများကို ဆွေးနွေး ဆုံးဖြတ်ကြသည်-

(က) အစိုးရနှင့် တပ်မတော်ကို ရန်တိုက်ပေးပြီး ခွဲရမည်။
(ခ) လူထုကို တပ်မတော်နဲ့ ရန်တိုက်ပေးပြီး ခွဲရမည်။
(ဂ) သတင်းစာလောကကို တပ်မတော်နဲ့ ရန်တိုက်ပြီး ခွဲပေးရမည်။
(ဃ) တပ်မတော် ခေါင်းပိုင်းနဲ့ အမြီးပိုင်းကို ရန်တိုက်ပေးပြီး ခွဲရမည်။
(င) တပ်မတော် အရာရှိအချင်းချင်း ပုဂ္ဂိုလ်ရေး၊ အယူအဆရေးများဖြင့် ရန်တိုက် ပေးပြီး ခွဲရမည်။
(စ) စစ်တပ်မတော်သို့ ဖောက်ထွင်းနိုင်သမျှ ဖောက်ထွင်းဝင်ရောက်ပြီး ခွဲရမည်။

စတင်ထိုးနှက်ခြင်း

ထို့နောက် စတင်ထိုးနှက်ကြလေသည်။ ဇူလိုင်လ ၇ ရက်နေ့ထုတ် သတင်းစာများ၌ ၎င်းတို့၏ လက်သံကို စတင်တွေ့ရှိကြရ၏။ တပ်မတော်အား (၁) အစိုးရနှင့်၊ (၂) လူထုနှင့်၊ (၃) သတင်းစာလောကနှင့် တစ်ချက်ခုတ် သုံးချက်ပြတ် စတင်ရန်တိုက် ဖြိုခွင်းသောနည်းပင် ဖြစ်၏။

"တော်လှန်ရေးပါတီများ ဥပဒေတွင်း ဝင်ရောက်ရေးနှင့် ပတ်သက်၍ ငြိမ်းချမ်းရေး ကိစ္စသည် တစ်မျိုးသားလုံး၏ သေရေးရှင်ရေး ပြဿနာဖြစ်သဖြင့် တပ်မတော်နှင့်သာ လွဲမထားဘဲ အစိုးရကိုယ်တိုင် ဦးစီးတွဲဖက်၍ ကိုင်တွယ်ဆောင်ရွက်ရန် (တော်လှန်နေသည့် ပါတီပေါင်းစုံ လက်နက်ချများက) ဦးနှုအစိုးရအား မေတ္တာရပ်ခံကြောင်း...."

(လမ်းစဉ် ဇူလိုင်-၇)

ဤသတင်းကို ဘွင်းဘွင်းသတင်းစာက "တပ်မတော်ကို လွှဲအပ်မထားပါနဲ့၊ ငြိမ်းချမ်းရေးကို အစိုးရကိုယ်တိုင် ဦးစီးတွဲဖက်လုပ်" ဟု ခေါင်းစဉ်တပ်၍လည်းကောင်း၊ "ပြည်တွင်းစစ် အဆုံးသတ် စစ်တပ်နဲ့သာ ဆိုင်၏ မဟုတ်" ဟု ကြေးမုံက ခေါင်းစဉ်တပ်၍လည်းကောင်း ဖော်ပြထားသည်။ အခြားသတင်းစာများ၌လည်း ထိုသတင်းများ ပါလာလေသည်။ နိုင်ငံရေး အကွဲအပြဲ မိုးရွဲရွဲထဲ၌ ကွန်မြူနစ် "ဖား"တို့၏ အုန်းအင် ဆူညံ မြူးထူးသံကို ကြားကြရချေပြီ။

ဒီမိုကရေစီအစဉ်အလာ

ဒီမိုကရေစီနိုင်ငံများ၌ ဒီမိုကရေစီအစဉ်အလာအရ စစ်တပ်သည် အစိုးရ၏ ဝါဒ လမ်းညွှန်ချက် ကို ဆန့်ကျင်၍ မကျင့်နိုင်။ စစ်တပ်၌ ဝါဒ တစ်ခု၊ အစိုးရ၌ ဝါဒတစ်ခု ဤသို့ စသည်အားဖြင့် သူတလူ ငါတမင်း ကျင့်ရိုးကျင့်စဉ် မရှိကြောင်းကို ကွန်မြူနစ်များ မသိမဟုတ်၊ နားလည်ပြီးသားပင် ဖြစ်သည်။သို့သော် ပြည်တွင်း ငြိမ်းချမ်းရေး တည်ဆောက်မှုကိစ္စ၌ အစိုးရဝါဒက တစ်မျိုးထား၍၊ စစ်တပ်က သူထင်သလို သူ့သဘောအတိုင်း တစ်လမ်းသွား နေသောကြောင့် ငြိမ်းချမ်းရေး တာရှည်နေရခြင်း ဖြစ်ပါသည်...ဟု ထပ်တလဲလဲ လုပ်ကြံ ဝါဒ ပေးနေနိုင်လျှင် စစ်တပ်အပေါ် လူထုကြည်ညိုမှု ကျဆုံးမည်မလွဲဟု ကွန်မြူနစ်တို့ ကျိန်းသေတွက်၍ ကြံစည်အားထုတ်နေကြခြင်းပင်ဖြစ်၏။ဤအကြံအတိုင်းပင်လည်း လက်တွေ့ ဆောင်ရွက်နေကြခြင်းကို တွေ့မြင်နိုင်သည်။

သတင်းစာလောကထဲသို့ ဖောက်ထွင်း၍ ဝင်သွားနိုင်ခဲ့သော ကွန်မြူနစ်လက်နက်ချ တစ်ယောက် ဝန်ကြီးချုပ်၏ သတင်းစာကွန်ဖရင့်တစ်ခု၌ “ ငြိမ်းချမ်းရေးကို စစ်တပ်က ဖျက်ဆီးနောင့်ယှက်နေတာ သတိပြုပါရဲ့လား...၊ စစ်တပ်က အသံလွှင့်နေတာတွေဟာ ဝန်ကြီးချုပ်ရဲ့ ငြိမ်းချမ်းရေးသဘောထားနဲ့ ဖီလာဆန့်ကျင်ဖြစ်မနေဘူးလား...” ဟု ဝါဒဖြန့် မေးခွန်းမေးဖူးခြင်းမှာလည်း ဤသဘောပင်ဖြစ်ပေသည်။စစ်တပ်အားအစိုးရနှင့်လည်းကောင်း၊ လူထုနှင့်လည်းကောင်း၊ သတင်းစာလောကနှင့်လည်းကောင်း ဤသို့ သုံးဘက်၊ သုံးတန် လှည့်၍ ရန်တိုက်ပေးနေသော ကွန်မြူနစ်တို့သည် ဤပရိယာယ်မျိုး အခါအခွင့်သင့်တိုင်း လက်မလွတ်တမ်း ကျင့်သုံး အားထုတ်သွားဖို့ လက်မနှေးကြောင်း ထင်ရှားသည့် သာဓက တစ်ခုပင် ဖြစ်ပေသည်။

မြေအောက်မှအသံ

အာဏာရ နိုင်ငံရေး အဖွဲ့အစည်းကြီးအတွင်း မညီမညွတ်ဖြစ်ခြင်းနှင့် အုပ်စုအကွဲ ပေါ်ခဲ့ခြင်းအကြောင်းပြု၍ အသက်ဝင်စပြုနေသော ကွန်မြူနစ်များ ငေါက်တောက် ထထိုင် ကာ၊ လက်ပမ်းပေါက်ခက် ယောက်ယက်ခတ် ဖြစ်လာကြောင်း “ ခေတ်ရေး” ဖော်ပြခဲ့ပေပြီ။

(ခေတ်ရေး အမှတ်-၁)

မြေအောက် ကွန်မြူနစ်သောင်းကျန်းသူတို့ထဲမှ အစိုးရထံသို့ မှန်မှန်ကြီး ရောက်လာ နေကျ သခင်သန်းထွန်းစသည်တို့၏ ဝန်ကြီးချုပ်အား ပေးစာများ၊ တစ်နည်းအားဖြင့် ဝါဒဖြန့် ငြိမ်းချမ်းရေး “ရွှေပေလွှာ” များမှ လေသံမှာ “ဖဆပလ ကွဲပဟ့...” ဆိုသည်နှင့်တစ်ပြိုင်နက် ချက်ချင်းခက်တရော် တင်းမာပြောင်းလဲ၍ သွားလေသည်။ စောစောပိုင်းက လေပျော့ဖြင့် မိမိတို့လိုရာသို့ ဆွဲဆောင်ရေးသားလေ့ရှိသော လေသံသည် ချက်ချင်းအထက်စီးသို့ ရောက် သွားလျက် မောက်မာသော တောင်းဆိုချက် စည်းကမ်းများဖြင့် တန်ဆာဆင် ဖိနှိပ်ပုတ်ခတ် လာလေသည်။

စစ်ဗျူဟာ

နှစ်ဦးနှစ်ဖြင်၊ စစ်သဘင်ဝယ်၊ အတင်အယှက်၊ ချီကြွထွက်၍၊ တဖက်စွန်းသွယ်၊ တို့တနယ်ကို၊ ခန့်ရွယ်ဆီဆ၊ ဖြိုင်ဆိုင်ကြသော်၊ တောင်ပြ မြောက်ငင်၊ လမ်းတပြင်နှိုက်၊ စိုင်းနှင်ကြော့ကြော့၊ ရထားဆော့မူ၊ သိန္နေ့ခွာသံ၊ တချက်ညံက၊ မခံညွတ်ယိမ်း၊ ရထားတိမ်းလိမ့်၊ ချောက်ခြိမ်းလှယ်ဖယ်၊ အသွယ်သွယ်နှင့်၊ ပုံလယ်ကိုယ်တွင်း၊ သူကချင်းမူ၊ မင်း၏နံပါး၊ တူရူသွားလျက်၊ ရထားနှစ်သွယ်၊ မြင်းချက်ရွယ်သော်၊ ညာပယ်တိမ်းယိမ်း၊ တပ်ကိုသိမ်းလိမ့်၊ မကြိမ်းမဝါး၊ ဉာဏ်ကျက်စား၍၊ ရထားတက်သက်၊ စစ်ချင်းယှက်က၊ မြင်းချက်ဆင်ချက်၊ ရထားကွက်နှင့်၊ နယ်တက် နယ်ပြေး၊ မန္တလေးတို့၊ စစ်ရေးငင်ဖွယ်၊ အသွယ်သွယ်နှင့်၊ မင်းဝယ်ကပ်မှီ၊ သုတပ်ဆီသို့၊ သီရီစောင်းလှည့်၊ စိတ်ပုန်းကြည့်မှ၊ အတည့်အထင်၊ အပြင်အပြု၊ အမှုမဆောင်၊ လေသော့ယောင်လျှင်၊ စွဲးနှောင်သတိ၊ စားဝါးမိ၍ မျက်စိမှောက်မှား၊ တဖက်သားကို၊ လှည့်စား ဘိမူ၊ နိုင်ပွဲယူသည်၊ နိုင်သူစိတ်ထား မြင့်မြင့်တည်း။ ။

(ဗျူဟာစက္ကိပျို့ မှ)

နိုင်ငံရေးအကွဲအပြဲကိုသူတို့ချက်ကောင်းယူလိုက်ခြင်းကား ထင်ရှားလှ၏။ နိုင်ငံရေး အကွဲအပြဲကိုသူတို့အနေဖြင့် ဗုံဆော်၍ လှိုက်လှိုက်လဲ့လဲ့ ခရီးဦးကြို ပြုခြင်းမှာလည်း ပေါ်လွင်လှသည်။ သို့သော် သူတို့ကား "ဤအကွဲမျှလောက်ကလေး" ဖြင့် ကျေနပ်ပုံမရကြသေးပေ၊ ပို၍ ကွဲသထက်ကွဲ၊ ပြဲသထက်ပြဲသွားအောင် ထပ်၍ဖြဲပေးကြရဦးမည်ဟူ၍ပင် ညွှန်ကြားချက်များထုတ်ပြန်လျက်ရှိကြသည်။

(ယခု ဖဆပလ ကွဲအက်မှုသည် စတင်ကွဲခါစ ဖြစ်၍လည်းကောင်း၊ လူထုလှုပ်ရှားမှု အရ တွန်းကန်မှုလိုနေသေးမှုကြောင့်လည်းကောင်း၊ တိကျပြတ်သားစွာ မကွဲသေးပေ၊ သို့ကွဲစေရန်အတွက် လူထုလှုပ်ရှားမှုဖြင့် တွန်းပေးရပေမည်။)

}} နိုင်ငံရေး အကွဲအပြဲကို သူတို့ ချက်ကောင်း ယူလိုက်ခြင်းကား ထင်ရှားလှ၏။ နိုင်ငံရေး အကွဲအပြဲကို သူတို့အနေဖြင့် ဗုံဆော်၍ လှိုက်လှိုက်လဲ့လဲ့ ခရီးဦးကြို ပြုခြင်းမှာလည်း ပေါ်လွင်လှသည်။ သို့သော် သူတို့ကား ဤအကွဲမျှလောက်ကလေးဖြင့် ... }}

[တပ်မတော်မှ တိုက်ပွဲတွင် ဖမ်းဆီးရမိလာသော ဗမာပြည် ကွန်မြူနစ်ပါတီ (တောင်ဥရှိုင်) ဒုတိယ အကြိမ်မြောက် အစည်းအဝေး (ဇွန်လ) အစည်းအဝေး မှတ်တမ်းမှ]

ကစားမယ် – ကစားမယ်

အာဏာရ အဖွဲ့အစည်းတစ်ခု၏ အကွဲအပြဲကို ပို၍ ကွဲပြဲသွားအောင် "ဖန်တီးကစား" ပေးခြင်း အလုပ်သည် ကားလ်မာ့ခ် (စ်) ၏ ညွှန်ကြားချက်နှင့် ကိုက်သည်ဟု ကွန်မြူနစ်တို့က အကိုးအကားပြုကြသည်။ မာ့ခ်(စ်)၏ ဩဝါဒအတိုင်း "ငါတို့သည် ငါတို့၏ သွယ်ဝိုက် အရန်အင်အားစုများဖြစ်သော ရန်သူအတွင်း ပဋိပက္ခများကို ကစားပေးရမည် ..." ဟု နစ်ဖြူအောက် ဗမာပြည်တိုင်းနိုင်ငံရေးဌာနမှ ထုတ်ဝေသည့် ထိပ်တန်းလျှို့ဝှက် ညွှန်ကြားချက်တစ်ခုတွင် ညွှန်ကြားထားလေသည်။

]] အာဏာရ အဖွဲ့အစည်းတစ်ခု၏ အကွဲအပြဲကို ပို၍ ကွဲပြဲသွားအောင် "ဖန်တီးကစား" ပေးခြင်းအလုပ်သည် ကားလ်မာ့ခ် (စ်) ၏ ညွှန်ကြားချက်နှင့် ကိုက်သည် ဟု ကွန်မြူနစ်တို့က အကိုးအကား ပြုကြသည်}}

တပ်မတော်

ငါတို့တပ်မတော်နှင့် တိုက်ရိုက်ပတ်သက်နေသောညွှန်ကြားချက်တစ်ခုကိုလည်း ထိုစာတမ်းတွင် ဖတ်ရှုရ၏။ " ဖဆပလ အကွဲကို ဆက်ယူ၍ တပ်မတော်သားများအား ချဉ်းကပ်စည်းရုံးပါ။ တွေ့ဆုံဆွေးနွေးခြင်း၊ စာပေးခြင်း၊ ကြေညာချက်များ ပေးပို့ခြင်း၊ ပိုစတာကပ်ခြင်းတို့ကို ပြုလုပ်ပါ ..... " ဟု ၎င်းတို့၏ ပါတီဝင်များကို ညွှန်ကြားထားလေသည်။

ငါတို့၏အမြင်

ဤဆောင်းပါးကို အကျဉ်းချုပ်လျှင် ကွန်မြူနစ်တို့ ၏ ခြေလှမ်းကို အောက်ပါအတိုင်း ငါတို့ နားလည်နိုင်ပေသည်။

(၁) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရိုက်ချိုးဖျက်ဆီးလျက်ရှိသော ကွန်မြူနစ်တို့ သည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို စောင့်ကြပ်

ကာကွယ်လျက်ရှိသော ငါတို့ တပ်မတော်ကြီး သူတို့ရှေ့မှ ကာဆီးလျက်ရှိသည်ကို မလိုလား၊ မရှုစိမ့်၊ မနှစ်မြို့နိုင်။ သို့ဖြစ်၍ ငါတို့တပ်မတော် ကြီး ပြိုကွဲရာ ပြိုကွဲကြောင်းကို လှုံ့ဆော် ဖန်တီး စီမံအားထုတ်လျက်ရှိသည်။

(၂) နိုင်ငံရေးအရှုပ်အထွေးကို ချက်ကောင်းယူ၍ သူတို့ကွန်မြူနစ်တို့ နောက်ဆုံး အာဏာသိမ်းပိုက်ရေးအထိ အမျိုးမျိုးခြေထိုးမည်၊ အခြေသာသည်နှင့် တစ်ပြိုင်နက် ကွန်မြူနစ်ဝါဒ အောင်ပွဲခံယူမည်။

အောင်နိုင်ရိုးလား

ကွန်မြူနစ်တို့၏ အကြံအစည်သည် အောင်နိုင်ရိုးလား၊ ကွန်မြူနစ်တို့ ဤသို့ လုပ်ကြံဖန်တီးနှောင့်ယှက်ရုံမျှဖြင့် တပ်မတော်ကြီး ပြိုကွဲရဲခဲ့လော၊ ငါတို့ တပ်မတော်အား ကွန်မြူနစ်တို့ မျက်စောင်းထိုးလာကြသည်မှာ ယခုမှမဟုတ်။ ငါတို့တပ်မတော်ကြီး တည်စ မူလ ပကတူး အစကတည်းပင် ဖြစ်၏။ ထိုစဉ်ကတည်းက ငါတို့ တပ်မတော်ကြီး ပြိုကွဲကြောင်းကို ကွန်မြူနစ်တို့ အားထုတ်ခဲ့၏။ အတွင်းလောက်ကောင်များဖြင့် ထိုးဖောက် ကိုက်ဖဲ့ခဲ့၏၊ သွေးဆောင်ခဲ့၏။ ရွှေပေလွှာများဖြင့် သိမ်းသွင်းစည်းရုံးခဲ့၏။ ပျက်ကရောတဲ့လား...။

ငါတို့ တပ်မတော်ကြီးကား ယနေ့အထိ မပျက်၊ တစ်နေ့တခြား အင်အားတောင့်တင်းသည်ထက် တောင့်တင်းလာခဲ့၏။ ကွန်မြူနစ်တို့သည်သာလျှင် တိုင်းပြည်၏ ကျိန်စာသင့်လျက် တစ်နေ့တခြား ကြုံလှိုပါးလျား၊ နံရိုးအပြိုင်းသား ပေါ်၍လာခဲ့၏။

ဘာကြောင့် ဤသို့ ဖြစ်လာရသည်ကို ကွန်မြူနစ်များ ကိုယ်တိုင် ယနေ့အထိ မသိနားမလည်နိုင်ကြပေ။ သိနားလည်နိုင်စရာလည်း အကြောင်းမရှိပေ။

ငါတို့ကား နားလည်၏၊ အဖြေကို သိ၏။

ငါတို့ ယနေ့အထိ မပြိုကွဲ မပျက်စီးခြင်းကား ငါတို့က ဒီမိုကရေစီကို ယုံကြည်၍၊ ကွန်မြူနစ်တို့က ဒီမိုကရေစီကို မယုံကြည်သော ရပ်တည်ခြင်း အကြောင်းတရားပင် ဖြစ်၏။

ငါတို့ကလူကိုသတ်၍ အာဏာကိုယူသော ကွန်မြူနစ်နည်းကို လက်မခံ။ ကွန်မြူနစ်တို့က လူကိုသတ်၍ အာဏာကို ယူလိုသူများ ဖြစ်၏။

ငါတို့က တရားဥပဒေနည်းဖြစ်သော အေးချမ်းသည့် ပါလီမန် ဒီမိုကရေစီနည်းကို ယုံကြည်၏။ ကွန်မြူနစ်တို့ကား ပါလီမန်ဒီမိုကရေစီကို မယုံ၊ လက်နက်ဖြင့် အဆုံးသတ် အာဏာသိမ်းရေး လမ်းစဉ်ကိုသာ ယုံ၏။

ငါတို့ တရားဥပဒေဖြင့် အုပ်ချုပ်ပုံစနစ်ကို ယုံကြည်၏။ ကွန်မြူနစ်တို့ကား သက်ဦးဆံပိုင် အာဏာရှင် စနစ်ကိုသာ လိုလား၏။

ဤဆန့်ကျင်ဘက် နှစ်ရပ်တွင် ငါတို့က အမှန်တရားဘက်တွင် ရှိနေသူများ ဖြစ်သဖြင့် ငါတို့ မပြိုကွဲခြင်း ဖြစ်၏။ အမှန်တရား၏ ဆန့်ကျင်ဘက်တွင် ရှိနေသူများသာ တတိတိနှင့် တအိအိ ပြိုကွဲပျက်စီးလာနေခြင်းဖြစ်၏။

ဤအမှန်တရားဘက်တွင် ငါတို့ ရပ်တည်နေသမျှကာလပတ်လုံးလည်း ငါတို့ကို ဖြိုခွဲနိုင်မည့် ရန်သူပေါ်ထွန်းနိုင်ဦးမည်မဟုတ်။

သူတို့၌ လူထု၏ ထောက်ခံမှုကို မရကြပေ။ အာဏာရှင် အဓမ္မဝါဒသမားတို့အား ဘယ်လူထုသည်ထောက်ခံမည်နည်း။ဘယ်သူထောက်ခံဝံ့မည်နည်း။သူတို့၏ငယ်သားများကပင် မထောက်ခံ၊ တကယ်ကြီးမလိုလားကြချေ။ တစ်သွေးတစ်သံတစ်မိန့်ဆရာကြီးများခေါင်းဆောင်နေခြင်းကို ဘယ်ငယ်သားများက လက်ခံနိုင်မည်နည်း။ ထို့ကြောင့်ပင်လျှင် တဖြည်းဖြည်း အသီးသီး အလျှိုလျှိုပြန်သူကပြန်၊ နယ်ပြောင်းသူကပြောင်း၊ အနားယူသူကယူ၊ ရှောင်ရှားသူက ရှောင်ရှား၊ လက်နက်စွန့် အလင်းဝင်သူတွေကလည်း မရှားသဖြင့် ငယ်သားများ ခွဲထွက်နေကြခြင်းဖြစ်၏။

သို့ဖြစ်၍ ငါတို့တပ်မတော်ကြီးကား ပြိုကွဲအောင်ဖျက်ဆီးပြီး ကွန်မြူနစ်ဝါဒအောင်ပွဲခံမည်ဆိုသူအပေါင်းအား ငါတို့က လက်ပိုက်၍ အပြုံးမပျက်ပင် စိန်ခေါ်လိုက်ကြပါစို့...။

၁၉၅၈ ခုနှစ်၊ အောက်တိုဘာလထုတ် မြဝတီမဂ္ဂဇင်းပါ ခေတ်ရေးဂျာနယ်ဆောင်းပါးကို ပြန်လည်ကူးယူဖော်ပြပါသည်။

တာရေသွန်းမြူး လတန်ခူး

'*kdefw&Sif

“တန်ခူးလရာသီကား တောင်သူလယ်သမားကြီးတို့အဖို့
ကောက်သစ်များ ပေါ်သဖြင့် ပျော်ပျော်ရွှင်ရွှင်
အတာသဘင်ကို ဆင်နွှဲနိုင်ကြသည်။
စွယ်တော်ပန်း၊ ရင်ခတ်ပန်း၊ ကံ့ကော်ပန်းတို့ဖြင့် ကြိုင်လျက်
ကြူသင်းသော ရွာဦးကျောင်းဝိုင်းကြီးအတွင်းမှ
ဒိုးပတ်သီချင်းနှင့် သံချပ်ထိုးသံများမှာ ကြားရသူတိုင်း
အူရွှင်ဖွယ်ရာ ကောင်းလှပါသည်”

]] နှစ်ကူးသင်္ကြန် ပွဲတော်ကား မြန်မာတစ်နိုင်ငံလုံး တစ်ချိန်တည်း ကျင်းပကြသဖြင့် ထိုကဲ့သို့ ပျော်ရွှင်သော စိတ်များသည်လည်း တစ်နိုင်ငံလုံး၌ပင် ပျံ့နှံ့ခဲ့သည်]]

ပြည်ထောင်စုမြန်မာနိုင်ငံတွင် ရိုးရာဓလေ့အတိုင်း ကျင်းပကြသော ၁၂ ရာသီပွဲတော်များအနက် တန်ခူးလတွင်ကျင်းပသော သင်္ကြန်ပွဲတော်သည် လွန်စွာထူးခြားကြီးကျယ်သော ပွဲတော်ဟု အသိအမှတ်ပြုခဲ့ကြသည်။ ထိုပွဲတော်သည် မြန်မာ့ပြက္ခဒိန်အရ နှစ်ဟောင်းပြီခဲ့၍ နှစ်သစ်ကိုကြိုဆိုသော ပွဲတော်ဖြစ်သည်။ လူတို့ဓမ္မတာ နှစ်ဟောင်းက ဖြစ်ပျက်ခဲ့ပုံများကို မလိုလားသဖြင့် နှစ်သစ်တွင် ကောင်းကျိုးမင်္ဂလာအဖြာဖြာတို့နှင့် ကြုံတွေ့ရမည်ဟု အလိုလို နှစ်သိမ့်လျက် ပျော်ရွှင်တတ်ကြ၏။

နှစ်သစ်ကူးရသောအချိန်မှာ မြန်မာသက္ကရာဇ်အလိုတနင်္္ကြာဟ်မိသရာသီရောက်ချိန်မှာဖြစ်သည်။ ထိုအချိန်ကား နေပူရှိန်လွန်စွာပြင်းလှသဖြင့် နှစ်ကူးပွဲတော်ကို ကျင်းပရမည်မှာ ရေမပါလျှင် မဖြစ်နိုင်အောင် ရှိခဲ့သည်။ ထို့ကြောင့် ရေကြည်ရေအေးဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်နူးစွာပက်ဖျန်းလျက် ပျော်ပျော်ပါးပါးကျင်းပသော ပွဲတော်ဖြစ်ပေ သည်။ အခြားနိုင်ငံများရှိလူ အမျိုးမျိုးတို့တွင်လည်း မိမိတို့ပြက္ခဒိန်အရ နှစ်သစ်ကူးပွဲများ ကျင်းပကြမြဲဖြစ်သည်။ သို့သော် မြန်မာပြည်၏ တန်ခူးလကဲ့သို့ ပူပြင်းသောလနှင့် မကြုံတွေ့ရပေ။ များသောအားဖြင့် ၎င်းတို့နိုင်ငံတွင် အေးချမ်းသော လရာသီများ၌ နှစ်သစ်ကူးချိန်နှင့် ဆုံကြကြုံကြသည်။

ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး ရေအေးပက်ဖျန်းလျက် ပျော် မြူးရသော နှစ်သစ်ကူးပွဲတော်သည် ပျော်ရွှင်ဖွယ် အကောင်းဆုံးဟု နိုင်ငံခြားနှင့်တကွ တိုင်းရင်းသားများကပါ ယူဆကြသည်။ ထို့ထက် ထူးခြားသောအချက်မှာရေပက်သူများပျော်ရွှင်ကြသကဲ့သို့ ရေပက်ခံများကလည်း ကျေနပ်ကြည်နူးကြသည်။ တစ်ခါတစ်ရံ အချို့စိတ်က မကျေနပ်ချင်သော်လည်း ရိုးရာဓလေ့ကို လေးစားသောအားဖြင့် သည်းခံတတ်ကြသည်။ နှစ်ကူးသင်္ကြန်ပွဲတော်ကား မြန်မာတစ်နိုင်ငံလုံး တစ်ချိန်တည်း ကျင်းပကြသဖြင့် ထိုကဲ့သို့ ပျော်ရွှင်သောစိတ်များသည်လည်း တစ်နိုင်ငံလုံး၌ပင် ပျံ့နှံ့ခဲ့သည်။

အထူးခြားဆုံးဟုဆိုလောက်သော အချက်တစ်ရပ်မှာ သင်္ကြန်အခါတွင်း၌ တိုင်းရင်းသား အားလုံးနီးနီးပင် ဗုဒ္ဓဝါဒီများဖြစ်ကြ၍ ထိုအချိန် ထိုရာသီတွင် စိတ်ကြည်လင်ခြင်း၊ သဒ္ဓါတရားလွန်ကဲခြင်း၊ တစ်ဦးကိုတစ်ဦး သစ္စာစောင့်ထိန်းခြင်း၊ မေတ္တာစစ်မေတ္တာမွန်များကို နှလုံးပိုက်ခြင်း၊ လျူဒါန်းပေးကမ်းခြင်း စသော အပြစ်မဲ့တရားများကို သုံးသပ်ကြသည်။ ထိုအချိန်အတွင်း၌ တိုင်းရင်းသားများကို တွေ့မြင်သွားကြသော မျက်နှာစိမ်းတို့၏စိတ်တွင် ဤနိုင်ငံကား ဆိုရှယ်လစ်စိတ်ဓာတ်ကို အသည်းမှာကပ်ပြီး မွေးဖွားကြသူတွေဖြစ်လိမ့်မည် ဟု ဆိုကြပေမည်။ တိုင်းရင်းသားတို့၏ သည်းခံတတ်သော စိတ်ဓာတ်ကိုလည်း ချီးကျူးကြသည်။

ဤနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုဓလေ့ကို မသိနားမလည်သူတို့အမြင်မှာ ဝတ်စုံဝတ်ဆင်ထားသော သူအား ရေပက်ဖျန်းလောင်းခြင်းဖြင့် အသွားအလာ အနေအထိုင်ရ ကျပ်ပြီးလျှင် ချက်ချင်းပင် ရုပ်ပျက်ဆင်းပျက် ဖြစ်သွားနိုင်သောကြောင့် လွန်စွာစိတ်ဆိုးဖွယ်အဖြစ်ကြီး ဟု မြင်သည်။ ပြုံးရွှင်သောမျက်နှာဖြင့် ရေပက်ခံသူအား နှစ်သက်စွာ သည်းခံနေသည်ကို မြင်ပြန်သောအခါ အလွန်အံ့သြငေးမော၍ သွားကြပြန်သည်။ ဤကား မျက်နှာစိမ်းတို့၏ ထူးခြားချက်အမြင်တစ်ရပ် ဖြစ်ပါသည်။

ဤသို့ထူးခြားသော မြန်မာတိုင်းရင်းသားတို့၏ ရိုးရာဓလေ့သည် ပုဂံခေတ် နရသီဟပတိမင်းလက်ထက်ကပင် စတင်ပေါ်ပေါက်ခဲ့သည်ဟု ဆိုရိုးရှိသည်။ ထိုရိုးရာဓလေ့ပေါ်ခါစ အချိန်က သင်္ကြန်ပွဲ၏ ကြေကွဲဝမ်းနည်းဖွယ်ဖြစ်ရပ်ကလေးတစ်ခုအနေဖြင့် ယခုတိုင် သတိပြုလျက်ရှိကြသည်။ ထိုအဖြစ်ကား မြန်မာလူမျိုးတိုင်း သိရှိခဲ့ကြသော နရပတိနှင့် မိဖုရားစောလုံတို့၏ ဖြစ်ပျက်မှုတစ်ခုပင် ဖြစ်သည်။ ထိုအမည်းကွက်ကလေးကိုလည်း ဆွေစဉ်မျိုးဆက် သက်ကြီးက သက်ငယ်များသို့ သင်္ကြန်ပွဲရောက်ချိန်တိုင်းတွင် သတိပေးတင်ပြခဲ့ကြသည်။

}} သင်္ကြန်ဆိုသော မြန်မာစကားသည် သင်္ဃကရိက် ဘာသာအားဖြင့် 'သင်္ကြန္တ' ဟု ခေါ်၍ အဓိပ္ပာယ်မှာ ပြောင်းလဲခြင်း၊ လှည့်လည်ခြင်း ဖြစ်ပါသည် {{

ပြက္ခဒိန်မပျက်သမျှ ဤရိုးရာဓလေ့လည်း ပျောက်ကွယ်နိုင်မည် မထင်ပါ။ ဤပွဲတော်ကား အပျော်ဆုံးပွဲတော်ဆိုသည်မှာ မှန်ပေသည်။ သို့သော် ရှေးအထက်ကျော်ကာရီက ရှေးလူတို့ ပျော်မြူးကြသည်မှာ တစ်ဖက်က ဗုဒ္ဓတရားရိပ်များဖြင့် အုပ်ဆိုင်းထားသောကြောင့် ပျော်မြူးရုံမျှသာဖြစ်သည်။ နောင်တွင်မူ အပျော်ကြူးလာကြသဖြင့် အမူးအရူးဖြစ်ရာမှ သင်္ကြန် အမည်းကွက်သည် ကျယ်ပြန့်၍လာခဲ့သည်။ ဤအချက်ကို အထူးသတိပြုအပ်လှပေသည်။ နှစ်သစ်ကြိုပွဲကြီးတွင် လူငယ်တို့အမြင်အားဖြင့် နှစ်သစ်အတွင်းသို့ရောက်လျှင် အကြံသစ်၊ ဉာဏ်သစ်၊ လုပ်ငန်းသစ်တို့နှင့် အကျိုးဖြစ်ဖွယ်မင်္ဂလာကို တွေ့ကြုံရမည်ဟု မျှော်ကိုးရင်း ပျော်ရွှင်ကြသည်။ သက်ကြီးသူတို့၏အမြင်မှာမူ နှစ်သစ်သည် မရဏာခရီးဘက်သို့ တစ်နှစ်ပို၍နီးလာပြီဟု မြင်ကြသဖြင့် သံဝေဂတရားကို နှလုံးထားလျက် ဝိပဿနာဘာဝနာတရားများကို ပွားများကြသည်။ လူတစ်မျိုးတည်းမှာပင် ရှေ့တိုးနောက်ငင် အမြင်နှစ်မျိုး၊ အလုပ်နှစ်မျိုး ရှိလာကြသည်မှာ နှစ်ကူးသင်္ကြန်၏ ထူးခြားချက်တစ်ရပ်ဟုပင် ဆိုရပေမည်။ သင်္ကြန် ၏ ထူးခြားချက်ကား ဤမျှသာဖြစ်သည်။

သင်္ကြန်၏အနက်သဘောနှင့် သင်္ကြန်ဖြစ်ပေါ်လာပုံကို ထုတ်ဖော်တင်ပြခဲ့ကြသည်မှာ စာပေလောကတွင် ထပ်တလဲလဲရှိခဲ့လေပြီ။ သင်္ကြန်ဆိုသော မြန်မာစကားသည် သင်္သကရိုက်ဘာသာအားဖြင့် 'သင်္ကြန္တ' ဟု ခေါ်၍ အဓိပ္ပာယ်မှာ ပြောင်းလဲခြင်း၊ လှည့်လည်ခြင်း ဖြစ်ပါသည်။ တနင်္္ဂနွေဂြိုဟ် မိဿသို့ကူးသဖြင့် မြန်မာစာပေတွင် 'တာကူး' လဟု သုံးစွဲခဲ့ကြသည်။ နောက်ပိုင်း စာပေခေတ်တွင် 'တန်းခူး' လဟု ရေးသားကြ၍ ယခုအခါ 'တန်ခူး' လဟု ရေးထုံးပြုကြသည်။ မြန်မာ့ပြက္ခဒိန်တွင် ပထမရာသီဖြစ်သော မိဿရာသီကား သင်္သကရိုက်ဘာသာ 'မေသ' ဟု ဖြစ်ပေါ်လာသည်။ ပါဠိဘာသာ မေသ-ဆိတ်ဟောသဒ္ဒါဖြစ်သည်။ မိဿ ဟူသော စကားမှာ နှုတ်ပြောသံကို ရေးမှတ်ထားကြဟန်တူပေသည်။ ရှေးကျမ်းရင်းများ၏ ရေးထုံးမှာ မိဿ ဟူ၍မရှိခဲ့။ မေသ-သဒ္ဒါမြန်မာပြန်တွင် ဆိတ် ဟု ဆိုသော်လည်း သင်္သကရိုက်အဓိပ္ပာယ်မှာ သိုးဟု သိရသည်။ ရာသီအဘိဓာန်ကျမ်း၊ ရာဇမတ္တဏ်ကျမ်းများတွင် 'မေသံ' အနက် ၃ ချက်ပြရာ၌ 'အဇော-မေသာ-ကြိယာဟူ၍ မိဿရာသီကို ဖွင့်ဆိုထားသည်။ အဓိပ္ပာယ်မှာ ဆိတ်အဆင်းနှင့်တူသောရာသီဟု ဆိုလိုသည်။

မြန်မာ ၁၂ လရာသီအခေါ်များမှာ သင်္သကရိုက်ဘာသာအခေါ်များသာ ဖြစ်သည်။ ထိုအခေါ်အဝေါ်များ ပေါ်ပေါက်လာခဲ့သောအချိန်ကို ဆန်းစစ်ကြည့်မည်ဆိုပါလျှင် ရှေးပုဂံခေတ် ၁၂၇ ခုနှစ်လောက်က ကျောက်စာများ၌ အခေါ်အဝေါ်တစ်မျိုးဖြင့် ရေးထိုးခဲ့ကြသည်။ ထိုမှနောက် တန်ခူး၊ ကဆုန်၊ နယုန် ဟူ၍ ပြင်ဆင်ရေးသားလာခဲ့သည်ကို တွေ့ရပေသည်။ ထို့ထက်ရှေးကျသော ကျောက်စာများ၌လည်း အမျိုးမျိုး အမည်တပ်၍ ရေးထိုးခဲ့ကြသည်။ တန်ခူးလ၏အဓိပ္ပာယ်ကို အကျယ်အားဖြင့် 'ဝေါဟာရ ဝိပွလာသလက္ခဏာဒီပကကျမ်း'၌ ဖော်ပြထားသည်။ စိတ္တံကရောတိတိစိတ္တကော' ဟူသော ဝိဂြိုဟ်အရ အလွန်ဆန်းကြယ်သော လဟု အဓိပ္ပာယ်ရသည်။ လှေသင်းမင်း၏ 'ဝေါဟာရလိနတ္ထ'တွင် အကျယ်တဝင့် ဖော်ပြထားသည့်ပြင် ကျော်အောင်စံထားဆရာတော်၏ 'ဝေါဟာရတ္ထပကာသနီ'မှာလည်း စုံလင်လှပေသည်။ ဤနေရာတွင် ကျယ်ခဲ့စိုး၍ သုတေသီတို့အဖို့ အထက်ပါစာအုပ်များတွင် ဖတ်ရှုနိုင်ကြပါသည်။

သကြန်ကာလကို ကူးပြောင်းခြင်းဆိုရာ၌ သင်္ကရာဇ်ကူးခြင်းကို ဆိုလိုသည်။ 'သကရာဇ်' ကိုပင် အချို့စာ၌ 'သင်္ကရာဇ်' ဟု ရေးကြသည်။ ထို့ပြင် သကရာဇ်အရေးအသားများမှာ အမျိုးမျိုး ရှိကြသည်။ 'သင်္ကရာဇ်' ဟု ရေးသားခြင်းမှာ ကဝါလမိုင်းဝတ္ထုအရ သိကြားမင်း (သင်္က) ကို အစွဲပြု၍ 'သင်္ကရာဇ်' ဟု ရေးသားကြောင်း အချို့ကျမ်းငယ်များ၌ ဖော်ပြကြသည်။ သကရာဇ်အရေးအသားအမျိုးမျိုးရှိသည်မှာ 'ပါမောက္ခ ဦးဖေမောင်တင်နှင့် ဂျီအိပ်ချ်လုစ်'တို့ ပြုစုသော ပုဂံကျောက်စာဗဟုသုတ (၁) သကရဇ်၊ (၂) သကရဇ်၊ (၃) သင်္ကရဇ်၊ (၄) သကရာဇ်၊ (၅) သ္ကရာဇ်၊ (၆) သကရာဇာ၊ (၇) သကရေစ် ဟူ၍ ရေးနည်း ၇ မျိုးဖော်ပြထားပေသည်။

သင်္ကြန်နှင့်ပတ်သက်လျှင် သကရဇ်အကြောင်းအတော်အတန်သိရှိဖို့ လိုပေလိမ့်မည်။ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းရာတွင် လူတို့၏စိတ်နေစိတ်ထားနှင့် ပြုမူလှုပ်ရှားပုံတို့မှာ ကဏ္ဍတစ်ခုဖြစ်သည်။ ထိုမှတစ်ပါး နှစ်ဟောင်းနှစ်သစ်တို့၏ ကူးပြောင်းပုံ ရက်၊ လ၊ ပတ်၊ ဗီဇနှာ၊ ပြန်ခရာ စသည်တို့နှင့်တကွ နက္ခတ္တဗေဒဆိုင်ရာ ဂြိုဟ်တာရာအကူးအပြောင်းတို့ကို စုပေါင်း၍ ပြက္ခဒိန်မှတ်တမ်း ပြုလုပ်ကြရသော အပိုင်းသည် တစ်ကဏ္ဍဖြစ်သည်။ ထို့ကြောင့် ဤကဏ္ဍတွင် ပြက္ခဒိန်အကြောင်းမတင်ပြမီ သင်္ကရာဇ်ဖြစ်ပေါ်လာပုံကို ဆင်ခြင် ကြံဆနိုင်ရန် တင်ပြလိုပေသည်။

သင်္ကရာဇ်စတင်ပေါ်လာပုံကိုဆန်းစစ်၍ကြည့်ရာ မြန်မာနိုင်ငံ သရေခေတ္တရာပြည် သုမုန္နြမင်းလက်ထက် ဒေါဒေါရသကိန်းဖြိုသောနှစ်သည် အိန္ဒိယပြည် 'သကမင်း' နန်းတက် သောနှစ်ဖြစ်၍ ထို'သကမင်း'ကို အစွဲပြုပြီး 'သကရဇ်'ဟု ရေးထုံးဖြစ်ခဲ့ဖူးကြောင်း 'သံဒိဋ္ဌဋီကာ' တွင် ဖော်ပြထားပေသည်။ 'သကမင်း'၏ အကြောင်းမှာ ခရစ်နှစ် ၇၈ ခုခန့်က ရှေးအခေါ် 'ဘာရတ္ထ' ယခုအိန္ဒိယမြောက်ပိုင်း 'သိလိယန်လူမျိုး' တို့၏နယ် 'ပဿျဝါ' မြို့၌ 'ကုဿနိ' လူမျိုး 'သကမင်း'များ အုပ်စိုးခဲ့သည်။ အချို့စာ၌ 'ဝဿကာရ'မင်းများဟု တွေ့ရသည်။ထိုဝဿကာရမင်းဖဲဆက်မြောက်ဖြစ်သော 'သကမင်း' လက်ထက်တွင် မဟာယာနဂိုဏ်း

]] သင်္ကြန်နှင့် ပတ်သက်လျှင် သကရဇ်အကြောင်း အတော်အတန်သိရှိဖို့ လိုပေလိမ့်မည်။ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းရာတွင် လူတို့၏ စိတ်နေစိတ်ထားနှင့် ပြုမူလှုပ်ရှားပုံတို့မှာ ကဏ္ဍတစ်ခု ဖြစ်သည်။ ထိုမှတစ်ပါး ...}}

မြောက်ပိုင်း ဗုဒ္ဓဘာသာကို ယုံကြည်သဖြင့် စတုတ္ထသံဂါယနာကို ခွဲခြားလျက် တင်ခဲ့သည်။ ‘သကမင်း’အကြောင်းကို ‘အလီဇင်ဒါ ကန် နင်ဂမ်’ ရေးသော ‘အိန္ဒိယခုနှစ်များ’ စာအုပ်တွင် (Ear of Saka King) သကရာဇခုနှစ်အကြောင်းတွင် သကဘုရင်၏ အမည်ကို ‘သာလိပါဟန်’ ဟု ဖော်ပြ၍ ထိုမင်း၏ သကရင်ကို ‘သကသာလိဝါဟန’ ဟု ခေါ်ထားပါသည်။

ထို့ကြောင့် ‘သက’မင်းသည် မြန်မာပြည် သရေခေတ္တရာဘုရင် သုမုန္နီမင်းနှင့် ထီးပြိုင်နန်းပြိုင် အုပ်စိုးချိန်ဖြစ်၍ ထိုမင်းလက်ထက်တွင် သကမင်း၏ခုနှစ်ကို ယူ၍ သကရာဇ်ဟု ခေါ်ဝေါ်ခဲ့ကြောင်း ပညာရှိအချို့ ယူဆခဲ့ကြသည်။ အချို့ကလည်း ဟိန္နူကျမ်းအချို့တွင် ပါဝင်သော ‘ကဝါလမိုင်း’အကြောင်းတွင် ကမ္ဘာတည်ဆောက်ပုံ၊ ဗြဟ္မာမှပျက်၍ လူဖြစ်လာပုံ၊ နေနှင့်လပေါ်လာပုံ စသည်တို့တွင် နေနှင့်လ၊ နေ့နှင့်ညဖြစ်ချိန်တွင် သိကြားမင်း လူ့ပြည်သို့ ဆင်းသက်လာ၍ ခု-နှစ်-လများကို စီမံပေးခဲ့သည်ဟုဆိုသည်။ ထို့ကြောင့် သိကြားမင်း စီမံကိန်းတစ်ရပ်ဖြစ်၍ ‘သက္ကရာဇ်’ သက်ကရာဇနှစ်ဟု ကမ္ဘာဦးကပင် သုံးစွဲလာခဲ့ကြောင်းကို ဆိုကြပါသည်။

ကဝါလမိုင်းဟုခေါ်ကြသော ‘မဟာဗိန္ဓေ’ အကြောင်းတွင် လူ့ပြည်က နေ-လ ကို အကြောင်းပြု၍ ရက်-လ-နှစ်များ တွက်ဆမှတ်သားကြသည်ကို နတ်ပြည်က သိကြားမင်း ဆင်းလာ၍ စီမံပြုစုပေးသည်ဟု ယူဆချက်မှာ ယုတ္တိကင်းသည်ဟု ထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် နေ့-ရက်-လ-နှစ်တို့သည် လူ့ပြည်၌ဖြစ်သော အချိန်ကာလများသာ ဖြစ်ပါသည်။ နတ်ပြည်၌ ဤကဲ့သို့ နေ့-ရက်-လ-နှစ်များ မရှိဟု သိရပေသည်။ ထိုအကြောင်းနှင့်ပတ်သက်၍ မြန်မာသကရဇ် ၁၀၆၁ ခုနှစ်တွင် ‘မင်းရဲသိင်္ဂီသူ’က အုတ်ကျောင်းဆရာတော်အား နတ်ပြည်မှာ နေ့-ရက်-လ-နှစ်များ ရှိပါသလားဟု မေးမြန်းသဖြင့် ဆရာတော် ဖြေကြားချက်၌ စတုမဟာရာဇ်မှ အထက်နတ်ပြည် ခြောက်ရွာနှင့် ဗြဟ္မာဘုံအားလုံး၌လည်းကောင်း၊ ငရဲပြည်၌လည်းကောင်း နေ့-ရက်-လ-နှစ် ဟူ၍မရှိ။ လူတို့ခေါ်ဝေါ်သမုတ်သော ရက်-လ-နှစ်တို့ကိုယူ၍ မှတ်သားကြကုန်သည်ဟု ‘လောက သင်္ဂီကျမ်း’၌ ဖော်ပြထားပေသည်။

အုတ်ကျောင်းဆရာတော်၏ ဖြေကြားချက်အတိုင်းဆိုပါမူ သိကြားမင်းက လူတို့တွက်ကိန်းကိုသာ ယူငင်မှတ်သားရပါမည်။ လူတို့တွက်ကိန်းကို သိကြားမင်းက ဆင်းလာပြီး စီမံတွက်ချက်ပေးသည်ဆိုခြင်းမှာ မဖြစ်နိုင်ပါ။ နတ်ဗြဟ္မာတို့၏ ဘုံများနှင့် ငရဲပြည်တို့မှာ နေ၊ လ၊ နေ့ည ဟူ၍ မရှိကြပါ။ ထိုပုဂ္ဂိုလ် သတ္တဝါတို့မှာ ကမ္မပရိစ္ဆေဒသဘောဖြစ်၍ ခုနှစ်ပရိစ္ဆေဒနှင့် တွက်ကိန်းချ၍ မဖြစ်နိုင်ပါ။ ဟိန္နူကျမ်းအချို့တို့၏ အာဘော်ဖြစ်သည်ဟုလည်း ယူဆမိပါသည်။ နှစ်သစ်ကူးခြင်းကို ဖော်ပြလျှင် လူတို့စီမံသော ပြက္ခဒိန်အကြောင်းနှင့်ပတ်သက်၍လည်း အနည်းငယ်သိသင့်ပေ၏။

မြန်မာပြက္ခဒိန်နှင့်ပတ်သက်၍ ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံ ပြက္ခဒိန်တော်အဖွဲ့ရှိပြီးဖြစ်၍ အကျယ်တင်ပြရန် မလိုလှပါ။ အဖွဲ့ကြီးတည်ရှိပြီးသော်လည်း ပညာရှိအချို့တို့က မိမိတို့၏ယူဆချက်များနှင့် မကိုက်ညီသောကြောင့် မိမိတို့ ကြိုက်နှစ်သက်သလို ယူဆမှတ်သားလျက်ရှိကြသည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ ရဟန်းလောကမှာပင် ဝါဆိုဝါကပ်

ဝါထပ်ကိစ္စများနှင့်ပတ်သက်၍ မြန်မာဘုရင်များလက်ထက်မှစပြီး ယနေ့တိုင် တစ်မျိုးစီ တစ်ဖုံစီ ယူဆနေကြဆဲပင် ဖြစ်သည်။

ပြက္ခဒိန်ပြဿနာမှာ ကမ္ဘာ့နိုင်ငံအသီးသီး၌ပင် ဤနည်းနှင်နှင် ပြုပြင်လိုသူ၊ ဖြည့်စွက်လိုသူ၊ တည်မြဲလိုသူ ဟူ၍ အကွဲကွဲအပြားပြား ရှိနေကြပါသေးသည်။ ကမ္ဘာ့နိုင်ငံအများကပင် သုံးစွဲလာခဲ့ကြသော ခရစ်သက္ကရာဇ် ၁၅၈၂ ခုနှစ်ကစ၍ ရဟန်းမင်းကြီး 'ဂရီဂိုရီ' စတင်စီမံခဲ့သော ရောမပြက္ခဒိန်ကို နှစ်ပေါင်း ကြာရှည်စွာ အသုံးပြုလာခဲ့ကြရာ ထိုပြက္ခဒိန်မှာ ရက်နှင့်လ မညီညွတ်သဖြင့် ၂၈-၃၉-၃၀-၃၁ စသည်တို့ ရှုပ်ထွေးနေခြင်းကြောင့် လခငွေနှင့် ငွေတိုးတွက်ယူရသော ငွေ၊ အသက်ကို သတ်မှတ်ရသောနေ့ စသည်တို့၌ အခက်အခဲကြုံတွေ့ရသည့်ပြင် လဆန်း၊ နှစ်ဆန်းများ မညီညွတ်ခြင်း၊ အခြားအဆင်မပြေမှုများကိုလည်း တွေ့ကြုံနေရခြင်းကြောင့် ကမ္ဘာ့နက္ခတ်ပညာရှိများက ပြင်ဆင်လိုကြသဖြင့် ပြက္ခဒိန်ပြင်ဆင်ရေးကို ကြိုးပမ်းခဲ့ကြပါသည်။

ပြက္ခဒိန်မူသစ်ကို အနောက်တိုင်းနက္ခတ်ဗေဒင်ပညာရှင်များ စုပေါင်း၍ တစ်ဖွဲ့တစ်ခုကို ၁၉၂၀ ပြည့်နှစ်က စတင်ဖွဲ့စည်းခဲ့ကြသည်။ ထိုအဖွဲ့ကြီးက မူသစ်များ တင်ပြဆွေးနွေးနိုင်ရန် ကမ္ဘာ့နိုင်ငံပေါင်းချုပ် အဖွဲ့ကြီးသို့ ၁၉၂၃ ခုနှစ်တွင် တင်ပြခဲ့ရာ ဆွစ်ဇာလန်နိုင်ငံက ဦးဆောင်ခဲ့သည်။ ကမ္ဘာ့နိုင်ငံပေါင်းချုပ် အဖွဲ့ကြီးက လက်အောက်ခံ သက်ဆိုင်ရာ ကော်မတီသို့ လွှဲအပ်၍ ခရစ်ယာန်ဂိုဏ်းချုပ်ထံ အကြံဉာဏ်တောင်းယူကြပြီးလျှင် နောက်ဆုံးတွင် ဟော်လန်ပြည် 'လေဒင်တက္ကသိုလ်'မှ ပါမောက္ခ ဗန်အီတင်ဂါ ခေါင်းဆောင်သော ပြက္ခဒိန်စီမံရေးအဖွဲ့တစ်ခုကို ဖွဲ့စည်းခဲ့သည်။

အမေရိကန်ပြည်မှာလည်း ပြက္ခဒိန်ပြုအဖွဲ့ကြီး ဖွဲ့စည်းရန် ကမ္ဘာ့ညီလာခံကြီးကို 'ဂျီနီဗာမြို့'၌ ၁၉၃၁ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့က ကျင်းပခဲ့ရာ မူသစ် ၁၁၇ ခု တင်ပြကြသည်။ အချို့က တစ်နှစ်လျှင် ၁၃လ ထားဖို့ပင် တင်ပြခဲ့ကြောင်း သိရှိရသည်။ ပြက္ခဒိန်ကိစ္စမှာ ထိုစဉ်အခါကလည်း ကောင်းစွာ အထမမြောက်ခဲ့ကြပေ။ ထိုမှနောက် ၁၉၄၉ ခုနှစ်တွင် 'ပနာမပြည်' ကစ၍ ကုလသမဂ္ဂအထွေထွေလွှတ်တော် စတုတ္ထပတ်ညီလာခံတွင် ထိုပြဿနာကို တင်ပြသဖြင့် ကုလသမဂ္ဂအဖွဲ့ကြီးမှ ထိုကိစ္စကိုကူညီလျက် ကော်မတီဖွဲ့စည်းပေးခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် ထပ်မံစည်းဝေးကြပြန်ရာ အိန္ဒိယနှင့်အချို့နိုင်ငံများ သဘောကွဲလွဲခဲ့ကြသဖြင့် ထိုကိစ္စအထမမြောက်ခဲ့ချေ။ ထို့ကြောင့် ပြက္ခဒိန်ကိစ္စမှာ ဘယ်နိုင်ငံတွင်မှ အဆင်မပြေခဲ့ဟု သိရှိရသည်။

ထိုကဲ့သို့ အဆင်မပြေမှု၏အကြောင်းရင်းကို ဆင်ခြင်ရာဝယ် ပညာရှိကြီးတို့၌ စွဲကပ်တတ်သောမာနထက် လွန်ကဲသော 'မဒစိတ်'မွန်နေကြခြင်းကြောင့် ဆိုလိုပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံအဖို့မှာ ပြက္ခဒိန်ကိစ္စကို စိတ်ဝင်စားသူနည်းပါးကြသဖြင့် ထိုပြဿနာအတွက် အခက်တွေ့ကြုံဖို့ မမြင်လှပါ။ မြန်မာပြည်ထောင်စုသားတို့အဖို့မှာ အစဉ်အလာရိုးရာကပင် ပြက္ခဒိန်ကိစ္စထက် ၁၂ လရာသီကိုသာလျှင် စိတ်ပါဝင်စားကြသောကြောင့် ရှေးပညာရှိကြီးများသည် ၁၂ ရာသီကိုသာ အမျိုးမျိုး တန်ဆာဆင်လျက် မှတ်တမ်းတင်ကြပါသည်။

တန်ခူးလရာသီကို စာပန်းချီခြယ်မှုန်းလျက် ပြက္ခဒိန်မှတ်ထုံးများ ပါဝင်အောင် တင်ပြခဲ့သည်မှာ ၁၂ လရာသီဖွဲ့တွင် တန်ခူးလအကြောင်း ဖော်ပြရာ၌ 'နွေဂိမ္ဗာန၊ တန်ခူးလဟု၊ စိတြခေါ်မှီ၊ နေရီညဉ့်နေ့၊ မျှ၍တူညီ၊ သုံးဆယ်စီတည့်' ဟု ဆိုပါ သည်။ ထိုလတွင် နေ့နာရီ ၃၀၊ ညနာရီ ၃၀ ရှိကြောင်းနှင့်တကကွ နက္ခတ်အမည် စိတ္တရက္ခိုလည်း ပါဝင်အောင် တင်ပြခဲ့ပါသည်။ အချို့ပညာရှင်ကြီးများကလည်း တန်ခူးလ၏ပရိယာယ်ကို လွယ်လွယ်နှင့်မှတ်သားနိုင်ကြစေရန် နက္ခတ်ကြိုက်ပန်းများနှင့်တကွ စန်းယှဉ်နက္ခတ် အမည်များကို အကျဉ်းဆုံးနှုန်းဖွဲ့ စပ်ဆိုခဲ့သည်မှာ 'တန်ခူး မိဿ စိတ္တရလနှင့်ယှဉ်ပြိုင်ထွန်း၊ ရင်ခတ် ကံ့ကော် ထုံသင်းပျော်၊ ပွဲတော်အတာ ညွှန်း' ဟူ၍ လအမည် ရာသီအခေါ်နှင့်တကွ စုံလင်စွာ ဖော်ပြကြသည်။

မြန်မာပြည်တွင် ရှေးအထက်ကျော် ကာရီကပင် ဘုရင်မှအစ ဆင်းရဲသားအဆုံး ထွန်တုံးကို အားကိုးပြုလျက် လူမှုရေးကိစ္စအဝဝကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့တိုင် လူများစုမှာ တောင်သူလယ်သမားကြီးများဖြစ်ကြ၍ ယနေ့တိုင် ကောက်ပဲသီးနှံကို အားကိုးတစ်ခုပြုလျက် ရှိကြပါသည်။ တန်ခူးလရာသီကား တောင်သူလယ်သမားကြီးတို့အဖို့ ကောက်သစ်များပေါ်သဖြင့် ပျော်ပျော်ရွှင်ရွှင် အတာသဘင်ကို ဆင်နွှဲနိုင်ကြသည်။ စွယ်တော် ပန်း၊ ရင်ခတ်ပန်း၊ ကံ့ကော်ပန်း တို့ဖြင့်ကြိုင်လျက်ကြူသင်းသောရွာဦးကျောင်းဝိုင်းကြီး အတွင်းမှ ဒိုးပတ်သီချင်းနှင့် သံချပ်ထိုးသံများမှာ ကြားရသူတိုင်း အူရွှဖွယ်ရာ ကောင်းလှပါသည်။

ရွာဦးဇရပ်မှာလည်း ပရိသတ်စည်ကားစွာဖြင့် ကွမ်းတောင်ကိုင်များ အပါအဝင် ရွာစဉ်ရွာရိုးက အဘိုးအို၊အမယ်အို၊မကျန်ရာသီကြိုက်ဓာတ်စာဖြစ်သော မုန့်လုံးရေပေါ်များကို စုရုံးကျွေးမွေးလျက် သွေးသားရင်းချာပမာ စေတနာစင်စစ်ဖြင့် ခေါင်စားသောက်ကြသည်မှာလည်း ပျော်စရာကြီးတစ်ခုပင် ဖြစ်သည်။ ရွာဦးနတ်စင်အနီး ညောင်ပင်ကြီးအရိပ် အောက်တွင်

]] မိဿရာသီ တန်ခူးလကား လွန်စွာ ဆန်းကြယ်သော လ၊ စိတ်နှလုံးကို ရွှင်ပြုံးစေသော လဟု မှတ်ကြရမည်။ စိတ်နှလုံးကို မည်သို့ ရွှင်ပြုံးစေသင့်သနည်း ဆိုလျှင် တစ်ဦးနှင့်တစ်ဦး ကြည်နူးသော မေတ္တာဖြင့် ...}}

သူဝင်ငါထွက် ညာလက်က ပေါက်ပေါက် ဆုပ်၊ ဘယ်လက်ခုပ်တွင် မုန့်ဆီကြော် တပျော်တပါး လွေးရင်း စားရင်း အချင်းချင်း ကျီစယ် ကစားကြသည်မှာ အားရ ဖွယ်ကောင်းလှပေသည်။

ကျောင်းတွင်းက ဇရပ်ကြီးမှာလည်း ဘုန်းကြီး၏ အပါးတွင် တရားဟောချိန်အပြီး ဘုန်းတော်ကြီးက ဆက်လက်၍ အတာရေပက်ဖျန်းခြင်း ဖြစ်ပေါ်လာပုံကို ဟောပြရာ၌ ကပိလဝတ်ပြည်တွင်နေကြသော သာကီဝင်မင်းမျိုးတို့သည် ဤတန်ခူးလ မိဿရာသီတွင် စိတ်နှလုံး ချမ်းမြေ့သာယာ ဖွယ်ကောင်းလှသော ရေအိုင်ကြီးအနီး မင်းတဲများ ဆောက်လုပ်စေ၍ သီတာရေချမ်းဖြင့် ပက်ဖျန်းကစားကြပြီးနောက် သီတာရေမှ မေတ္တာရေသို့ ကူးလူးဆက်ဆံကြပြီးလျှင် လောကီမင်္ဂလာသဘင်ကြီးကို ဆင်နွှဲကြသည်။ ထိုအချိန် ထိုရာသီက စ၍ 'ဒေဝဒဟပြည်' ဟု ပေါ်ပေါက်လာခဲ့၍ 'ဒေဝဒဟ–ကပိလ နှမနှင့်မောင် ပြည်တည်ထောင်' ဟူသော ဆိုရိုးစကား ဖြစ်ပေါ်ခဲ့သည်။ မိဿရာသီ တန်ခူးလကား လွန်စွာဆန်းကြယ်သော လ၊ စိတ်နှလုံးကို ရွှင်ပြုံးစေသောလဟု မှတ်ကြရမည်။ စိတ်နှလုံးကို မည်သို့ရွှင်ပြုံးစေသင့် သနည်းဆိုလျှင် တစ်ဦးနှင့်တစ်ဦး ကြည်နူးသော မေတ္တာဖြင့် လောကီသုခချမ်းသာ၊ လောကုတ္တရာ သုခချမ်းသာများကို ရကြစေရန် နှလုံးပိုက်ကြရမည်ဟု ဟောတော်မူသည်မှာ ရွာသူရွာသား တို့အဖို့ တာကူးသင်္ကြန်အတွက် အမြတ်ထွက်ခြင်းတစ်ရပ်ဟု မှတ်ယူအပ်လှပေသည်။

ထိုမှတစ်ပါး ဘုန်းဘုရားက လယ်သမားတို့ သိမှတ်ဖွယ်ရာ မိုးရွာခြင်းအကြောင်းကို ဟောတော်မူရာ၌လည်း တစ်ဆယ့်နှစ်ရာသီရှိရာတွင် ရာသီတိုင်းမှာ မိုးနှင့်သာချည်းဟု မိန့်တော်မူပြီးနောက် ၁၂ ရာသီမိုးကို ရှင်းပြရာ၌ (၁) တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး သင်္ကြန်မိုး။ (၂) ကဆုန်အတွင်း မြေသင်းပျံ့ပျံ့ မိုးနုံ့နုံ့။ (၃) နယုန်မိုးသေး မြက်သားမွေး။ (၄) ဝါဆိုလပြောင်း မိကျောင်းဖွေးဖွေး မိုးအေးအေး။ (၅) ဝါခေါင်တစ်ကြောင်း၊ ထနောင်းကျောင်ရစ်၊ ဆူးရစ်ပွင့်ကာ မိုးမရွာ၊ ရွာပါသော်လည်း မိုးမသည်း။ (၆) တော်သလင်းတိမ်ညို စဖိုသည် ဆင်းရဲ မိုးမစဲ။ (၇) သီတင်းကျွတ်တွင် ပလွင်ဆေးမိုး ရွာသွန်းဖြိုး။ (၈) တန်ဆောင်မုန်းတွင်း ဆီးနှင်းတပြိုက် မိုးတလိုက်။ (၉) နတ်တော်ရောက်ငြား မိုးသားမငြိမ် ဆင်ရာတိမ်။ (၁၀) ပြာသိုချမ်းပြင်း ဆီးနှင်းရောယှက် နှုန်းပုံပျက်။ (၁၁) တပို့တွဲ နွဲ့၍ရွာခြင်း သံမိုးကြွင်း။ (၁၂) တပေါင်းလည်းကူး မိုးသားကြူး ဟူ၍ ၁၂ ရာသီ မိုးအကြောင်းကို ရှင်းလင်းဟောပြတော်မူလေသည်။

တောင်သူလယ်သမားကြီးများ၏ မိုးလေဝသဌာနချုပ်ကား ပညာရှိဆရာတော်ကြီးများနှင့်လူပညာရှိ နက္ခတ်ဗိဒ္ဓာဆရာကြီးများ စုရုံးဆွေးနွေးရာ ကျောင်းအနီးက သိမ်ကြီးပင် ဖြစ်သည်။ ထိုဌာနတွင် တောင်သူလယ်သမားကြီးတို့၏ လုပ်ငန်းရပ်ပြဿနာအားလုံးတို့ကို ရှေးထုံးနှင့်မှီလျက် သုတေသီမှတ်တမ်းများကို တင်ပြဆွေးနွေးလေ့ရှိကြသဖြင့် အခက်အခဲ ပြဿနာမှန်သမျှ ယင်းဌာနတွင် တင်ပြဆွေးနွေးလေ့ရှိကြသည်။ တစ်ခါတစ်ရံ သိပ္ပံဆန်ဆန် ကြံဆကြ၍ မိုးဦးမိုးနှောင်း ကောင်းမကောင်းကို စုံစမ်းရာ၌ "ရှားပင်ကို သင်္ကြန်ကျသည့်နေ့တွင် ဓားမနှင့် သုံးချက်ထစ်၍ကြည့်ရမည်။ ပထမဓားထစ်ရာတွင် အစေးများများ

ထွက်လျှင် မိုးဦးကောင်းမည်။ ဒုတိယခေါင်းထစ်ရာကိုလည်း ထို့အတူကြည့်ရာဝယ် အစေးအရည်နည်းသည်ကို တွေ့ရလျှင် မိုးလယ်ညံ့မည်။ အစေးအရည်မရှိလျှင် မိုးမကောင်း။ နောက်ဆုံးခေါင်းချက်တွင်လည်း ထိုအတိုင်းပင် ကြည့်၍ ဆုံးဖြတ်ရမည်" ဟု ဆိုသည်။

သို့သော် တောင်သူလယ်သမားကြီးတို့၏ ဆန္ဒမှာ မိုးရွာချိန်နီးလျှင် သိနိုင်သောကိုယ်တွေ့၊ လက်တွေ့ နိမိတ်လက္ခဏာများကို မျက်မြင်ဒိဋ္ဌ မှတ်သားထားကြပြီးဖြစ်၍ သူတို့အယူအဆနှင့် သူတို့အထိမ်းအမှတ်ကိုသာ အသိအမှတ်ပြုလေ့ရှိကြပါသည်။ လယ်သမားကြီးများ၏ မိုးရွာခါနီး အမှတ်အသား လက်ဝမှာ "စောင်းဆရာနှင့်၊ ယားနာပွေးကွက်၊ ပါဒရက်က၊ ပရွက်ပိလူ၊ အနူပြဒါး၊ ပေါင်းရုစ်ပါး" ဟု ဆိုပါသည်။ တန်ခူးလ၏ ဆန်းကြယ်ပုံကို စုံလင်အောင် တင်ပြလျှင် လွန်စွာကျယ်ဝန်းလှသဖြင့် ဤမျှပင် ထုတ်ဖော်လိုက်ပါသတည်း။

ဒဂုန်နတ်ရှင်

၁၉၆၇ ခုနှစ် ဧပြီလထုတ် မြဝတီမဂ္ဂဇင်းမှ ထုတ်နုတ်ဖော်ပြအပ်ပါသည်။

မြန်မာပထမစစ်သတင်းထောက်

aZ , ;

“အုတ်လှသည် မင်းကြီးရှေ့တော်သို့ ရောက်လျှင်
ခေါင်းဦးပေါင်းထားသော ဦးဗောင်းကို ဖွင့်လေသည်။
ဆံများလည်း ဆွေးမြည့်လှသည်နှင့် သျှောင်ထုံးနှင့်တကွ
အထွေးထွေး ကျလေသည်။ ဤသို့သောအဖြစ်ကိုမြင်စေပြီးမှ
“အရှင့်အမှုတော်ကို ဦးဆွေးဆံမြည့်ထမ်း ရွက်ပါသည်ကို
အရှင်မြင်တော်မမူ၊ လွယ်လင့်တကူ
မလျှောက်သာသောကြောင့်
ကျွန်တော် မလျှောက်လိုက်ပေသည်” ဟု ဆိုပြီးမှ
စစ်မြေပြင်မှပါလာသော သတင်းကောင်းတို့ကို စုံစေ့စွာ
လျှောက်ကြားလေသည်”

‘ဦးဆွေးဆံမြည့်’ ဟူသောစကားမှာ ပုဂံခေတ်မှ ယခုအထိ ပြည်ထောင်စုသားသူရဲကောင်းအာဇာနည်တို့၏ လက်သုံးစကားဖြစ်ပေသည်။ ဤလေးလုံးမျှသောစကားဖြင့်ပင် သူရဲကောင်းတို့၏ ကျင့်စဉ်ကြီးတစ်ရပ်လုံးကို သိမ်းကျုံးဖော်ပြထားပေသည်။ ဤစကားကို မြန်မာရာဇဝင်၌ သက္ကရာဇ် ၆၁၈ ခုနှစ် နန်းတက်သော တရုတ်ပြေးမင်းခေါ် နရသီဟပတေ့မင်းလက်ထက် အမတ်ကြီး ရာဇသင်္ကြိ၏သား ညောင်ဦးအုတ်လှ ပထမဆုံးပြောကြားသည်ကို တွေ့ရလေသည်။ ဤသို့ ညောင်ဦးအုတ်လှ ပထမဆုံးပြောကြားကြောင်း ရာဇဝင်၌ တွေ့ရသောကြောင့် ဤစကားကို ညောင်ဦးအုတ်လှက ပထမ စတင်တီထွင်ခဲ့သည် ဟူ၍ကား မဆိုသာချေ။ ထိုခေတ်က မြန်မာသူရဲကောင်း အာဇာနည်တို့၏ လက်သုံးစကားကို သူရဲကောင်း အာဇာနည်ဖြစ်သော ညောင်ဦးအုတ်လှက သုံးစွဲမြဲတိုင်းသုံးသည်ဟု ယူဆရန် ရှိချေ၏။ ထိုစကားကို ညောင်ဦးအုတ်လှသည် သူရဲကောင်းတစ်ယောက်အဖြစ်နှင့်သာ သုံးသွားသည်မဟုတ်ဘဲ မြန်မာရာဇဝင်အမှတ်အသား၌ ရှေးအကျဆုံးဖြစ်သော စစ်သတင်းထောက်ကြီးအနေဖြင့်လည်း သုံးစွဲသွားခြင်းဖြစ်သောကြောင့် တစ်ဆင့်တိုး၍ ထူးကဲမှတ်သားရန် ကောင်းသော စကားဖြစ်လာလေသည်။

ပုဂံမင်း ၅၅ ဆက်တို့အနက် နောက်ဆုံးဖြစ်သော တရုတ်ပြေးမင်းဟု ရာဇဝင်တွင်သော နရသီဟပတေ့မင်းသည် အမတ်ကြီး ရာဇသင်္ကြိ ၏ အကူအညီဖြင့် သက္ကရာဇ် ၆၁၈ ခုနှစ် နန်းတက်သည်။ (ဤမင်းနန်းတက် သက္ကရာဇ်ကို ရာဇဝင်တို့၌ အဆိုမညီကြချေ။ မှန်နန်းရာဇဝင်တော်ကြီးကို စီရင်ရေးသားရာ၌ ပါဝင်သော မုံရွေးဇေတဝန်ဆရာတော်ကြီး စီရင်သည့် ရာဇဝင်ချုပ်တွင် ‘သွတ်နှမ်းခေါ်၊ ငမြွာဘ’ သက္ကရာဇ် ၆၀၂ ခုနှစ် နန်းတက်ကြောင်း ဆိုသည်။ မှန်နန်းရာဇဝင်တော်ကြီး၌မူကား ၆၁၇ ခု နန်းတက်သည်ဟု ပြသည်။ အမှာတော်ရေး ဦးရှင်ကလေးစီရင်သော ရာဇဝင်ချုပ်၌လည်း မှန်နန်းရာဇဝင်တော်ကြီးကိုလိုက်၍ ၆၁၇ ခုဟူ၍ပင် ပြသည်။ ဇာတာပုံ ရာဇဝင် စသော အခြားရာဇဝင်များနှင့် ညှိနှိုင်းရန်လိုသေး၏။ ဤနေရာတွင်မူကား နန်းတက်သက္ကရာဇ်သည် ပဓာနမဟုတ်၍ စစ်ဆေးညှိနှိုင်းမပြလိုက်ပေ။) တရုတ်ပြေးမင်းသည် ဆင်ခြင်တုံတရား နည်းပါးလျက် စိတ်လိုက်မာန်ပါ ထင်ရာကို ပြုတတ်သော မင်းတစ်ပါးဖြစ်ပေသည်။ ရာဇသင်္ကြိ အမတ်ကြီးသည် မင်းအဆက်ဆက် နှလုံးရည်၊ လက်ရုံးရည် အရည် နှစ်ပါးဖြင့် ထင်ရှားထမ်းရွက်လျက် ပုဂံပြည်ကြီး၏အကျိုးကို စောင့်ရှောက်ခဲ့သော အမတ်သူရဲကောင်းကြီး ဖြစ်သည်။ ခမည်းတော် ဥဇာနာမင်းကြီး နတ်ရွာစံပြီးနောက် အိမ်ရှေ့နန်းလျာဖြစ်သော သားတော် သီဟသူ နန်းတက်မည်ရှိရာ သီဟသူမှာ မင်းသားကလေးဘဝနှင့်ပင် မှူးကြီးမတ်ရာ သေနာပတိတို့အား မလေးမခန့် ပြုလုပ်တတ်သူဖြစ်၍ ဤမင်းသားနန်းတက်သည်ရှိသော် တိုင်းပြည်စနောင့်စနင်း ဖြစ်ပလေတော့မည်ဟု မြော်ခေါ်သဖြင့် သီဟသူအား ပယ်၍ တရုတ်ပြေးမင်းအား နန်းတင်ခဲ့သူလည်းဖြစ်သည်။ သို့ဖြစ်လင့်ကစား တရုတ်ပြေးမင်းသည် အဆင်ခြင်တရားကင်းမဲ့သူ ဖြစ်သည့်အတိုင်း အမတ်ကြီးအား မတိုင်မပင်လျစ်လျူရှု၍ ထားရာမှ အမတ်ကြီးက သတိပေးစကားပြောကြားရာတွင် အမျက်တော်ရှိ၍ ရာထူးအဆောင်အယောင် အားလုံးကို နုတ်သိမ်းပြီးလျှင် ဒလသို့ ပို့ထားလေသည်။

ပုဂံပြည်၌ ရာဇသင်္ကြိ အမတ်ကြီးမရှိလျှင် နိုင်ငံအစွန်အဖျားတို့က ရိုသေခန့်ညားမှု

နည်းပါးလာ၍ မစ္ဆာဂီရိနှင့်မုတ္တမတို့က ထောင်ထား ခြားနားကြရန် ကြံကြလေသည်။ (မုတ္တမမှာ ယခု ထင်ရှားတည်ရှိသည်၊ မစ္ဆာဂီရိမှာမူကား မထင်ရှား တော့ချေ။ မည်သည့်အရပ်ဖြစ်သည်ဟု ဧကန်ညွှန်ပြ ရန်ပင် ခဲယဉ်းလေသည်။ ဦးကုလား၏ မဟာရာဇဝင် တော်ကြီးကို တည်းဖြတ်သော ဆရာကြီး ဦးပွားက မစ္ဆာဂီရိမှာ ရခိုင်ပြည်၏ အနောက်မြောက်ယွန်း၊ ဂစ္ဆ ပနဒီမြစ်ညာ သက်လူမျိုးတို့၏ နေရာမြို့တော်ဟု ပြဆိုသည်။ ဟာဗေး၏ ရာဇဝင်တော် နောက်ဆက်တွဲ မှတ်ချက်တွင်မူကား မှန်နန်းရာဇဝင်တော်ကြီးနှင့် သက္ကရာဇ် ၄၅၀ ခု ထိုးစည်သူမင်းကြီး၏ လယ်ကိုင်း ကျောင်းတော်ရာ ကျောက်စာ ဘိုးတော်ဆင့်ထိုးတို့တွင် ပါရှိသော စကားများကို အထောက်အထားပြု၍ သရက် မြို့၏ အနောက်ဘက် ရိုးမတောင်ခြေလောက် ဖြစ်တန် ရာ၏ဟု ဆိုလေသည်။) တရုတ်ပြေးမင်းသည် မိမိယုံကြည်အားထားသူတို့ကို စေလွှတ်နှိမ်နင်းစေ သော်လည်း အကြိမ်ကြိမ် အဖန်ဖန် စစ်ရှုံး၍သာ ပြန်လာခဲ့ကြရ၍ မကြံတတ် မဖန်တတ်ဖြစ်၍ လက်မှိုင် ချရသောဘဝသို့ရောက်လေသည်။ ထိုအခါမှ မိဖုရားကြီး ဘွားစော၏သတိပေးချက်အရ အမတ်ကြီးရာဇသင်္ကြံကို ပြန်လည်သတိရ၍ လှေလျှင်လွှတ် ၍ အမတ်ကြီးအား ပင့်ခေါ်ရလေသည်။ အမတ်ကြီးလည်း ငါ့အား မလေး မခန့်ပြု၍ အပြစ် ဒဏ်ပေးသူဖြစ်သည်ကားဟု အမှတ်မထားဘဲ ပုဂံပြည်ကြီး၏အရေးကိုသာ နှလုံး သွင်းလျက် အဆောတလျင်ပင် လိုက်လာလေသည်။

အမတ်ကြီး ရောက်ရှိလာလျှင် တရုတ်ပြေးမင်း လည်း “အဘိုး ... ငါ မျက်တော်မူမိသည်။ နှလုံး မသာမရှိနှင့်” ဟု ပြောဆိုတောင်းပန်ဝန်ချ၍ မူလရှိရင်း ရာထူး အဆောင်အယောင် စသည်တို့ကို ပြန်လည် ပေးအပ်ပြီးလျှင် စစ်တပ်ကြီး နှစ်တပ် စီစဉ်လျက် အတွင်းသင်းမှူး သရေပစ္စပတေ့ကို မစ္ဆာဂီရိသို့ ချီတက် လုပ်ကြံစေသည်။ အမတ်ကြီးရာဇသင်္ကြံ မူကား မုတ္တမ သို့ ချီတက်လေသည်။ ဤသို့ မြောက်ဘက်တစ်ကြောင်း၊ တောင်ဘက်တစ်ကြောင်း၊ စစ် နှစ်ကြောင်း ချီစေရာ မြောက်ဘက်ကြောင်း ချီတက်သော သရေပစ္စပတေ့၏

]] အမတ်ကြီးလည်း ငါ့အား မလေးမခန့်ပြု၍ အပြစ်ဒဏ်ပေးသူ ဖြစ်သည်ကားဟု အမှတ်မထားဘဲ ပုဂံပြည်ကြီး၏ အရေးကိုသာ နှလုံးသွင်းလျက် အဆောတလျင်ပင် လိုက်လာလေသည် }}

]] ပုဂံသို့ရောက်လျှင် အမတ်ကြီး ရာဇသင်္ကြီ သည် နန်းတော်သို့ ဝင်ရောက်၍ မုတ္တမကို အောင်မြင်ခဲ့ကြောင်း လျှောက်ထားပြီးလျှင် ဖမ်းယူလာသော မုတ္တမစားနှင့် သားမယား သုံ့ပန်း လက်ဆောင် လက်နက်များစွာတို့ကို မင်းကြီး အားရဝမ်းသာအောင် ဆက်လိုက်လေသည်}}

တပ်မှာ မစ္ဆဂီရိသို့ မရောက်မီပင် အစီအမံ ပေါ့လျော့၍ ညအချိန်တပ်လန့်၍ ပျက်လေသည်။ ရာဇသင်္ကြီ မူကား တပ်စဉ်မပျက် အချက်ကျကျ စီရင်ခန့်ရန်၍ ချီတက်ကာ မုတ္တမမြို့ကိုဝိုင်းရံထားရာရက် သတ္တတစ်ပတ်ခန့်တွင်ပင် မြို့တွင်းသားတို့ လက်နက်ချလေသည်။ ရာဇသင်္ကြီ အောင်ပွဲယူ၍ ပြန်လာရာ တပ်ပျက်၍ ထွက်ပြေးလာသော သရေပစ္စုပတ္တေနှင့် မင်းဘူးတွင်တွေ့ကြ၍ ရာဇသင်္ကြီက “အဆွေ ပစ္စုပတ္တေ ... စစ်ပျက်သားနာလှသည်။ အကြောင်းကို မင်းကြီးအား အလျင် မကြားစေလေနှင့်ဦး။ ငါ စစ်နိုင်သည့်အဖြစ်ကို လျှောက်၍ လက်ဆောင် လက်နက် ဆက်ပြီးမှ နှလုံးတော်ဝမ်းမြောက်ဝမ်းသာ ရွှင်တော်မူသည့်အခိုက်တွင် အမျက်တော်ပြေမည့်အကြောင်း နားတော်လျှောက်မည်” ဟု မှာကြား၍ အလျင်ချီတက်သွားလေသည်။

သို့သော် သရေပစ္စုပတ္တေ တပ်ပျက်ကြောင်း တရုတ်ပြေးမင်း ကြားသိပြီးဖြစ်သည်။ “ရန်သူနှင့် တစ်ဖက်တစ်ချက် မထိုးမပစ်မလိုက်လံဘဲ စစ်ပျက်သော စစ်သူကြီးမည်သည်ကား လူပြည်တွင် ရှိရာသလော” ဟုဆိုကာ ရာဇသင်္ကြီ ၏သား ညောင်ဦးအုတ်လှကို သတ်ချေ ဟု စေလိုက်လေသည်။ ညောင်ဦးအုတ်လှလည်း အမိန့်တော်အတိုင်း သရေပစ္စုပတ္တေကို စီရင်ရန် စုန်ဆင်းလာရာ ကူးခန်းငယ်မြို့တွင် အဖနှင့် အခန့်သင့်တွေ့၍ အကျိုးအကြောင်းကို ရာဇသင်္ကြီ သိလျှင် ငါ့သားကောင်း ငါ့ထံမှ စေသူမရောက်ဘဲ လက်ခြေမလွန်စေနှင့် ဟု မှာကြားလိုက်ပြီးလျှင် ပုဂံမြို့သို့ အဆောတလျင် ချီသွားလေသည်။

ပုဂံသို့ရောက်လျှင် အမတ်ကြီး ရာဇသင်္ကြီ သည် နန်းတော်သို့ဝင်ရောက်၍ မုတ္တမကို အောင်မြင်ခဲ့ကြောင်း လျှောက်ထားပြီးလျှင် ဖမ်းယူလာသော မုတ္တမစားနှင့် သားမယားသုံ့ပန်း လက်ဆောင် လက်နက်များစွာတို့ကို မင်းကြီး အားရဝမ်းသာအောင် ဆက်လိုက်လေသည်။ မင်းကြီးလည်း ရာဇသင်္ကြီ အား ဆုလာဘ်များစွာ ပေးလေသည်။ ဤသို့ မင်းကြီး နှလုံးရွှင်ပျအောင် ပြုပြီးမှ သရေပစ္စုပတ္တေအား အပြစ်မှလွတ်ရန် အကျိုးအကြောင်း ပြသလျှောက်ရာတွင် မင်းကြီးလည်း သရေပစ္စုပတ္တေကို

သတ်ရန် ညောင်ဦးအုတ်လှကို စေလွှတ်လိုက်ပြီး ဖြစ်သည်။ မသေသေးသော် လွှတ်စေဟု အမိန့်ချမှတ်လေသည်။ သရေပစ္စုပတ္တေ့အား ထိုသို့ အသက်ကိုသာ ကယ်ဆယ်သည်မဟုတ်။ မူလရာထူးအတိုင်း မနိမ့်မကျရှိအောင်လည်း ကူညီ ပြုစုပေးလေသည်။

ထို့နောက် ဆက်လက်ထောင်ထားမြဲတိုင်း ထောင်ထားနေသော မစ္ဆာဂီရိအရေး မပြီးမပြေ ရှိနေသေးသဖြင့် အမတ်ကြီး ရာဇသင်္ကြီ၊ သရေဒုနာ၊ စစ်တုရင်ဗိုလ်၊ စစ်တုရင် စစ်သူကြီး လေးဦးတို့ကို ဗိုလ်ပါများစွာဖြင့် စေလွှတ်လေသည်။ စစ်သူကြီး လေးဦးလည်း မစ္ဆာဂီရိအရောက် ချီတက်၍ မြို့ကို ဝန်းရံပိတ်ဆို့ထားကြရာ တွင်းသားတို့ ငတ်ပြတ်သဖြင့် ကြာရှည်စွာမခုခံနိုင်သောကြောင့် မစ္ဆာဂီရိစား အရှုံးပေး၍ အသက်ချမ်းသာရာ ရပါမည့် အကြောင်း သိန်းခိုရောက်မဟာထေရ်ကို စေလွှတ်တောင်းပန်လေသည်။ ဤသို့ မစ္ဆာဂီရိကို အောင်မြင်ကြောင်း၊ မစ္ဆာဂီရိစားက နောက်တစ်ဖန် ရိုင်းပျထောင်ထားမပြုဝံ့တော့ပါ။ အသက်ကို ချမ်းသာ ပေးပါဟု တောင်းပန်ကြောင်းများကို ပုဂံပြည်မင်းကြီးထံ အလျင်အမြန်သွားရောက် လျှောက် ကြားရန် ရာဇသင်္ကြီ က သားဖြစ်သူ ညောင်ဦးအုတ်လှအား စေလွှတ်လေသည်။ (ရာဇသင်္ကြီ ၏ အမတ်ကြီးတွင် သူရဲကောင်း သား နှစ်ယောက် ညောင်ဦးအုတ်လှ၊ ပုဂံအုတ်လှ ဟူ၍ ရှိသည်။ ဤတွင် မှန်နန်းရာဇဝင်တော်ကြီးက မည်သည့် အုတ်လှဖြစ်သည်ဟု ခွဲခြား၍ မ ဆို ချေ ။ အု တ် လှ ကို စေ လွှ တ် သ ည် ဟု သာ မ န် သာ ဆို သ ည် ။ ဦး ကု လား ရာဇဝင်တော်ကြီးကမူကား ညောင်ဦးအုတ်လှဟု ဆိုသည်။)

အုတ်လှလည်း အဖစစ်သူကြီးက ခိုင်းစေလိုက်သည့်အတိုင်း နေ့ညမသိ၊ မရပ်မနား တောတောင်ခရီးကြမ်းများကို ဖြတ်သန်းလာခဲ့၍ စလင်းသို့ရောက်သည်တွင် လှေလျင်စီး၍ မရပ်မနားအပြင်းသွားရောက်လေသည်။

တရုတ်ပြေးမင်းလည်း စစ်သူကြီးများထွက်ခွာသွားသည့် နေ့မှစ၍ စစ်ရေး မည်သို့ ရှိသည်၊ ရှုံးလေသလော၊ နိုင်လေသလော သိရှိလိုသောဇောဖြင့် စောင့်စားနေရာ နေ့ရက် ရှည်ကြာစွာ သတင်းစကား တစ်ခွန်းတစ်စ မကြားရရှိသဖြင့် တစိုးရိမ်ရိမ် တကြောင့်ကြကြ ဖြစ်နေခိုက် တစ်နေ့သော နံနက် နန်းတော်လေသာတံခါးကို ဖွင့်၍ မျှော်မိသည်တွင် လောက နန္ဒာဆိပ်ကမ်းဘက်မှ လင်းယဉ်တဖွေးဖွေး လွှင့်၍ လှေတစ်စင်းဆန်တက်လာသည်ကို မြင် လေသည်။ ဤလှေမှာ စစ်မြေပြင်မှလာသော လှေ ဖြစ်တန်ရာသည်ဟု တွေးတောလျက် အလျင်အမြန် လူလွှတ်၍မေးစေရာ လှေပေါ်မှအုတ်လှက စစ်သတင်းနှင့် ပတ်သက်၍ တစ်စုံ တစ်ရာမပြောလိုက်ဘဲ "ကျွန်တော်အုတ်လှလာသည်" ဟုသာ လျှောက်လိုက်လေသည်။

ဤသို့ အုတ်လှက လျှောက်လိုက်ကြောင်း မင်းကြီးကြားသိလျှင် ငါ အလျင်အမြန် သိလို၍ မေးစေသည်ကို အုတ်လှသည် စစ်မြေပြင်ကပါလာသော သတင်းစကားများကိုကား မလျှောက်၊ ကျွန်တော်လာသည်ဟုသာ မလေးမခန့် လျှောက်သည်။ မလေးမစားပြုရာသလော ဟု ဒေါသအမျက် ခြောင်းခြောင်းထွက်ကာ "အုတ်လှကိုသတ်" ဟု သူသတ်တို့ကို စေလွှတ် လေသည်။ သူသတ်တို့လည်း မင်းကြီးဆိုသည့်အတိုင်း အုတ်လှကို သတ်အံ့ဟု ဓားဖွေးဖွေး ကိုင်လျက် လှေသို့တက်လေသည်။ အုတ်လှက ဆီးကြို၍မေးရာ မင်းကြီး၏အမိန့်ဖြင့် သတ် ရန်လာကြောင်းပြောရာ အုတ်လှက စစ်ပွဲအောင်မြင်ကြောင်း မင်းကြီးအား လျှောက်ပါရစေ ဦးဟု ခွင့်တောင်းလေသည်။ သူသတ်တို့လည်း အုတ်လှအားမသတ်သေးဘဲ မင်းကြီးထံ

ပြန်ကြားလျှောက်ထားရာ သို့ဖြစ်၍ အုတ်လှကို ရှေ့တော်သို့ ဝင်စေဦးဟု ခွင့်ပေးလေသည်။

အုတ်လှသည် မင်းကြီးရှေ့တော်သို့ ရောက်လျှင် ခေါင်းဥပေါင်းထားသော ဦးဗောင်းကို ဖွင့်လေသည်။ ဆံများလည်း ဆွေးမြည့်လှသည်နှင့် သျှောင်ထုံးနှင့်တကွ အထွေးထွေး ကျလေသည်။ ဤသို့သောအဖြစ်ကိုမြင်စေပြီးမှ "အရှင့်အမှုတော်ကို ဦးဆွေးဆံမြည့်ထမ်း ရွက်ပါသည်ကို အရှင်မြင်တော်မမူ၊ လွယ်လင့်တကူ မလျှောက်သာသောကြောင့် ကျွန်တော် မလျှောက်လိုက်ပေသည်" ဟု ဆိုပြီးမှ စစ်မြေပြင်မှပါလာသော သတင်းကောင်းတို့ကို စုံစေ့စွာ လျှောက်ကြားလေသည်။ ထိုအခါ တရုတ်ပြေးမင်းလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက် အုတ်လှအား ချက်ချင်းပင် ပြုစုပေးစေလျက် ဆုလာဘ်ကြီးစွာ ပေးလေသည်။ ထို့နောက်လည်း မစ္ဆာဂီရိစားနှင့်တကွ တစ်မြို့လုံးကို သစ္စာပေးစေ၊ သားနှင့်ညီကိုသာ အာမခံအဖြစ် ခေါ်ခဲ့ဟူသော အမိန့်တော်ဖြင့် အုတ်လှကိုယ်တိုင်ပင် မစ္ဆာဂီရိသို့ အပြင်းပြန်သွား၍ ပြေလည်အောင် ဆောင်ရွက်ခဲ့လေသည်။

အမတ်ကြီး ရာဇသကြီ် သည် မစ္ဆာဂီရိသို့ ချီတက်တိုက်ခိုက်သောအခါ အသက် ၆၂ နှစ်ရှိပြီဖြစ်၏။ မစ္ဆာဂီရိကို မအောင်လျှင် မပြန်ဟူသော ဇွဲသတ္တိဖြင့် နေ့ညမနား အပြင်းအထန် လုပ်ကြံရာ ဝီရိယလွန်သဖြင့် ကျရိယာပုတ်ပျက်ကာ မကျန်းမမာဖြစ်၍ သမားဆရာတို့ဖြင့် ကုသစေသော်လည်း ရောဂါမှမလွတ်၍ ဒလမြို့သို့အရောက်တွင် အနိစ္စရောက်လေသည်။

အမတ်ကြီး ရာဇသကြီ် မရှိပြီဟု ကြားလျှင် တရုတ်ပြေးမင်းသည် ရှေးကြောင်းနောက်ကြောင်းများကို ပြန်လည်သတိရလျက် များစွာကြေကွဲဝမ်းနည်း နှမြောတသတော်မူသည်။ ရာဇသကြီ် ၏သား နှစ်ယောက် အုတ်လှတို့ကိုလည်း အုတ်လှအကြီးအား အနန္တပစ္စည်း၊ အငယ်ကို ရန္တပစ္စည်းဟု ဘွဲ့အမည် အရည်များဖြင့် ချီးမြှောက်ပြုစုလေသည်။ ထို့နောက် တရုတ်စစ်ကြီးကျရောက်လာရာ အနန္တပစ္စည်း၊ ရန္တပစ္စည်းမည်သော အုတ်လှကြီး အုတ်လှငယ်တို့ပင် ငဆောင်းချမ်းသို့ တက်၍ တရုတ်စစ်ကြီးကို သုံးလတိုင်တိုင် မဆုတ်မနစ် ခုခံတိုက်ခိုက်သော်လည်း ပုဂံပြည်ကြီး ပျက်စီးချိန် ရောက်ပြီဖြစ်၍ အရေးနိမ့်ကျရလေသည်။ အုတ်လှကြီး၊ အုတ်လှငယ်တို့သည် ငဆောင်ချမ်း ပျက်စီးသည့်နောက် ဆက်လက်၍ တိုက်ခိုက်ရလေသေးသလော၊ သေဆုံးကြလေသလော စသည်တို့ကိုကား ဤမျှပင် ရာဇဝင်စကား ပြတ်သွားသဖြင့် မသိရတော့ချေ။

သို့သော် ဤမျှလောက်ဖြင့်ပင် သူရဲကောင်းကြီး မြန်မာ ပထမစစ်သတင်းထောက်ကြီးဖြစ်သော ညောင်ဦးအုတ်လှသည် ကျွန်ုပ်တို့၏ အမျိုးသားသမိုင်း၌ မီးရှူးတန်ဆောင်ကြီးသဖွယ် တင့်တယ်ခမ်းနား မားမားရပ်တည်နေပေလိမ့်မည် ဖြစ်ကြောင်း။

ဇေယျ

၁၉၅၈ ခုနှစ် အောက်တိုဘာ မြဝတီမဂ္ဂဇင်းမှ ကောက်နုတ်ဖော်ပြပါသည်။

ကုမ္ပဏီများရဲ့ လူမှုရေးဆိုင်ရာတာဝန်ရှိခြင်း

a'ufvmcifarmifhd

“ရွှေတူးဖော်ခြင်း မြစ်ချောင်းများမှာ
ရွှေကျင်ခြင်းလုပ်ငန်းတွေဟာလည်း
သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေတာအမှန်ပါပဲ။
ဒီလိုဆိုရင် အဲဒီလုပ်ငန်းတွေကို မလုပ်ရတော့ဘူးလား၊
ရပ်ပစ်လိုက်ရမှာလား။
ဒီလိုလည်းမဟုတ်ပါဘူး”

သဘာဝပတ်ဝန်းကျင်သဘောထားအမြင် (Environmental Issue)

"ကိုဘသစ်ရေ ... ယနေ့သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်တဲ့ Issue (သဘောထားအမြင်) အမျိုးမျိုး ကြားနေရတယ်။ ဘာကြောင့်လဲ"

"ဒီလိုဗျ၊ ကျွန်တော်တို့လူသားတွေဟာ သဘာဝကို ခိုင်းစားလာကြတယ်။ ဥပမာဗျာ ရေနံတွင်းတွေ တူးတယ်၊ ရေနံကရတဲ့ လောင်စာတွေနဲ့ စက်တွေကိုမောင်းရတယ်၊ အဲ့ဒီလို ရေနံတွေတူး သန့်စင်တာတွေလုပ်၊ စက်တွေကို မောင်းတော့ သဘာဝပတ်ဝန်းကျင်အနည်းနဲ့ အများဆိုသလို ထိခိုက်တာပဲ"

"ဟုတ်ကဲ့။ စက်မှုတော်လှန်ရေးဆိုတာ ကြားဖူးပါတယ်"

"မှန်တာပေါ့ဆရာညို။ ရေနံထက် ကျောက်မီးသွေးက ပိုပေါပြန်တယ်။ သူ့ကိုသုံးတော့ သဘာဝ ပတ်ဝန်းကျင် ပိုထိခိုက်တယ်"

"ဘာလို့လဲ"

"သူက အမှုန်တွေလွင့်တယ်။ ဆာလဖာလို ညစ်ညမ်းတဲ့ပစ္စည်းတွေ မီးရှို့လိုက်တဲ့အခါ အဆိပ်ဓာတ်ငွေ့တွေဖြစ်လာလို့ပါပဲ"

"ဒါပေမဲ့ ကျွန်တော်တို့အားလုံး သုံးခဲ့တာပဲမဟုတ်လား"

"ဟုတ်ပါတယ်။ ဒါတွေကိုလျော့ချဖို့လိုတယ်၊ ကျောက်မီးသွေး လုံးဝမသုံးသင့်ဘူးဆိုပြီး ကမ္ဘာ့နိုင်ငံအတော်များများက အဆိုပြုတယ်။ ဒါပေမဲ့ မဖြစ်နိုင်သေးဘူး"

"ဘာလို့လဲ"

"တစ်ဖက်က တိုးတက်ဖို့လည်းရှိသေးတယ်။ တိုးတက်ချင်ရင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုရှိတယ်ဆိုတာကို သူတို့က ပြောကြတယ်"

"ခက်တာပဲ"

"ခုတော့ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာဆိုသလို ကျောက်မီးသွေးအသုံးကို တဖြည်းဖြည်းလျော့ကြဖို့ သဘောတူညီလာကြတယ်"

"စိတ်ဝင်စားစရာပါပဲ ကိုဘသစ်အနေနဲ့ သဘာဝပတ်ဝန်းကျင်အကြောင်း လိမ့်ပတ်လည်အောင် ရှင်းပြပါလား"

သဘာဝပတ်ဝန်းကျင်သိပ္ပံပညာ (Environmental Science)

"ကောင်းပြီလေ။ ၁၉၇၃ ခုနှစ်က ကျွန်တော် အင်္ဂလန်မှာ ပညာသင်သွားခဲ့ပါတယ်၊ အဲဒီမှာ ဓာတုဗေဒပညာကို သွားရောက်သင်ယူပါတယ်။ တကယ်တော့ကျွန်တော်ဟာ ၁၉၆၄ ခုနှစ်ကတည်းက တက္ကသိုလ်မှာ ဆရာဖြစ်ခဲ့ပြီး ဓာတုဗေဒဘာသာရပ် မဟာသိပ္ပံစာမေးပွဲကိုလည်း အောင်မြင်ခဲ့သူဖြစ်တယ်။ ဒီအတွက် ဆဲလ်ဖို့ဒ်တက္ကသိုလ် (University of Salford at Greater Manchester) မှာ ဓာတ်ခွဲဓာတုဗေဒအသင်း အတွင်းရေးမှူးတာဝန်ကို လက်ခံရရှိပါတယ်။ ဒီအသင်းဟာ ဓာတု ဗေဒကျောင်းသူကျောင်းသားတွေရဲ့ လိုအပ်တဲ့ ပညာရေးမှာ သာမက လူမှုရေးတွေမှာပါ ဖြည့်ဆည်းပေးဖို့တာဝန်ရှိတယ်။ အဲဒီကာလက မဟာသိပ္ပံတန်းမှာ Environmental Science ကိုသင်ရတယ်"

"အင်း ... စိတ်ဝင်စားစရာပဲ"

"ဟုတ်ပါတယ်။ အရှေ့နိုင်ငံတွေကလာတဲ့ ကျောင်းသူကျောင်းသားအများဟာ ဒီဘာသာရပ်ကို မကျွမ်းကျင်ပါဘူး။ သင်တဲ့ဆရာလည်း ဘာသာရပ် အသစ်ဖြစ်လို့ ကျွမ်းကျင်ဟန် မတူပါ။ ဒီအတွက် ကျောင်းသူ ကျောင်းသားများက ကျွန်တော့်ထံ အကူ အညီတောင်းတော့ သူတို့ကို ကျောင်းမှာပဲ သင်ပေးရပါ တယ်"

"ကိုဘသစ်က ကျွမ်းကျင်တာပေါ့"

"ကျွန်တော်လည်း သူတို့နားလည်အောင် ကြိုးစားသင်ရတာပေါ့။ ဘာသာရပ်အသစ် ဖြစ်တဲ့ Environmental Science ကို လေ့လာဖတ်ရှုရပါတယ်။ စီးပွားရေးလုပ်ငန်းတွေလုပ် လို့ သဘာဝပတ်ဝန်းကျင် အဓိကပျက်စီးရတာတော့ အမှန်ပါပဲ။ ဒါပေမဲ့ နားမလည်၊ တာဝန်မယူတာကြောင့် ဆိုးဆိုးရွားရွားတွေဖြစ်လာ တာကို တွေ့ရတယ်။ ဒီလိုမဖြစ်လာဖို့ ကာကွယ်တဲ့ ပညာရပ်ဟာ Environmental Science ဖြစ်တယ် ဆိုတာကို လေ့လာတွေ့ရှိ ရတယ်"

ကမ်းလွန်ပင်လယ်

စိတ်ဝင်စားစရာကောင်းပါတယ်။

"သူတို့က တကယ့်ဖြစ်ရပ်တွေကို ဥပမာအနေနဲ့ ဖော်ပြမှာပေါ့"

"အဲဒီအချိန်က အင်္ဂလန်မှာ Fog နဲ့ Smoke ပေါင်းစပ်ကာ Smog တွေဖြစ်လာတဲ့ အကြောင်းတွေ ပါတယ်။ Smog ဆိုတာနှင်းမြူအမည်းတွေပေါ့။ အနံ့တွေလည်းဆိုးတယ်၊ အင်မတန် ဒုက္ခပေးတယ်"

"ဟုတ်ကဲ့"

"အဲဒီအချိန်က ပင်လယ်ထဲမှာ ဖြစ်တဲ့ပြဿနာ ကို ဥပမာပေးကြတယ်။ ပထမတစ်ခုက ဆီတွေတင်တဲ့ သင်္ဘော (Oil Tankers) တွေ လေလွင့်ဖိတ်စဉ်တာတွေနဲ့ အဲဒီသင်္ဘောတွေ တိမ်းမှောက်တာကို ဥပမာပေးကြ တယ်"

"မာတ်ပုံတွေတွေ့ဖူးတယ်"

"ပင်လယ်က ရေနေသတ္တဝါတွေ (Marine Animals) တွေ သေကျေပျက်စီးတာတွေ ၄င်္ကတွေ

]] ပင်လယ်က ရေနေသတ္တဝါတွေ (Marine Animals) တွေ သေကျေပျက်စီးတာတွေ ၄င်္ကတွေ ရေနံလူးပြီး သေတာတွေကို လေ့လာထားကြတယ်။ ကမ်းခြေတွေ ပျက်စီးပြီး ညစ်ပေတာ တွေကိုလည်း တွေ့ရပါတယ် }}

ရေနံလူးပြီး သေတာတွေကို လေ့လာထားကြတယ်။ ကမ်းခြေတွေပျက်စီးပြီး ညစ်ပေတာတွေကိုလည်း တွေ့ရပါတယ်။ ဒုတိယအချက်ကတော့ ကမ်းလွန်ပင်လယ်ထဲ ရေနံနဲ့ သဘာဝဓာတ်ငွေ့ တူးဖော်တာပါပဲ။ ဒီလိုတူးဖော်တဲ့အခါ ရေနံတူးစင်မြင့် ပေါက်ကွဲလောင်ကျွမ်းတာတွေကို ဥပမာ ပြတယ်။ ကျွန်တော် သင်ရတဲ့စာအုပ်ထဲမှာ မြန်မာ့ကမ်းလွန်ပင်လယ် ရေနံတူးစင်ပေါက်ကွဲ မီးလောင်တဲ့ အကြောင်းပါလာတယ်။ ပင်လယ်ထဲ မှာ ဒီလိုမီးလောင်နေတာကို ဓာတ်ပုံနှင့်တကွ ဖော်ပြထားတယ်။ နှစ်ပေါင်းများစွာ မငြိမ်းသတ်တာကို တင်ပြထားတယ်”

“မြန်မာလည်း ထင်ရှားလာတာပေါ့”

“ဟုတ်တယ်။ တကယ်တော့ ရေနံတူးသူတွေဟာ ဒီလိုဖြစ်တဲ့အခါ ပစ်ထားလို့မရဘူး။ မီးငြိမ်းသတ်ဖို့ တာဝန်ရှိတယ်။ ဒါတွေကို စပြီးဝေဖန်ပြောဆိုကြတယ်”

“ဒီဘိတ်ပေါ့ဟုတ်လား”

“ဟုတ်တယ်။ သဘာဝပတ်ဝန်းကျင်နဲ့ တိုးတက်မှုတွေ လွန်ဆွဲတဲ့ကာလဖြစ်တယ်”

မိနမာတာပင်လယ်ကွေ့ (Minamata Bay)

မိနမာတာပင်လယ်ကွေ့ဆိုတာ တစ်ချိန်က ဂျပန်ကျွန်း၏ ညစ်ပေတဲ့ ကမ်းခြေတစ်ခုပါပဲ။ အဲဒီတစ်ဝိုက်မှာစက်ရုံတွေအများကြီးရှိတယ်။ အထူးသဖြင့် ပလတ်စတစ်စက်ရုံတွေက စွန့်ပစ်တဲ့ မီသိုင်းမာကျူရီဆိုတဲ့ ပြဒါးဖြေပ်ပေါင်းဟာ လူတွေကို ဒုက္ခအပေးဆုံးဖြစ်ခဲ့တယ်။ ဒီပြဒါး ဖြေပ်ပေါင်းကို ပင်လယ်ရေမှော်တွေက စုပ်ယူလိုက်တယ်။ အဲဒီရေမှော်တွေကို ငါးတွေက စားသုံးတယ်။ ငါးတွေကို လူတွေက စားသုံးကြပြန်တယ်။ အထူးသဖြင့် ငါးစိမ်းစားတဲ့ ဓလေ့ရှိတဲ့ ဂျပန် တစ်သောင်းကျော်ဟာ ဆိုးဆိုးရွားရွားပြဿနာတက်တော့တာပါပဲ။ ဒီကိစ္စကို လေ့လာထားတဲ့ အစီရင်ခံစာထဲမှာ ပထမခံစားရတာက ကြောင် တွေပါပဲ”

“Pussy Cat တွေပေါ့ဟုတ်လား”

“ဟုတ်တယ်။ လူတွေက ငါးစားပေမယ့် ငါးခေါင်းတွေကို ကြောင်ကိုကျွေးကြတယ်။ တကယ်တော့ ငါးခေါင်းထဲမှာ စောစောကပြောတဲ့ အဆိပ်အတောက်ဖြစ်တဲ့ မီသိုင်းမာကျူရီတွေရောက်နေတယ်။ ခေါင်းကိုစားတဲ့ကြောင်တွေဟာ အဲဒီအဆိပ်ကို လက်ခံရရှိသွားတော့တယ်။ သူတို့ နည်းတူလူတွေလည်း အဆိပ်သင့်တာပဲပေါ့။ ဒါပေမဲ့ ကြောင်က အကောင်သေးတယ်။ ဦးနှောက်ကလည်းသေးတယ်။ ဒီတော့အဆိပ်သင့်မှု ပိုများတာပေါ့။ ကြောင်တွေရဲ့ ဦးနှောက်ထဲ မီသိုင်း မာကျူရီရောက်သွားတဲ့အခါ ကြောင်တွေဟာ မူမမှန်တော့ဘူး။ ထ,ကသလို ခုန်ဆွခုန်ဆွ ဖြစ်နေတယ်၊ ပြီးတော့ရေထဲခုန်ချကြတယ်။ (ကြောင်တွေဟာ ရေကိုအင်မတန် ကြောက်တယ်)

ဒီရောဂါကို Cat-dancing-disease လို့မည်ပေးထားတယ်။ ကြောင်က တဲ့ရောဂါပေါ့။ လူတွေကတော့ တဖြည်းဖြည်းနဲ့ ရောဂါရတယ်။ အထူးသဖြင့်အမျိုးသမီးတွေဟာ ရူးကြောင်ကြောင်ဖြစ်ကုန်ကြတယ်။ မိနမာတာက အမျိုးသမီးတွေဆိုရင် ဂျပန်အမျိုးသားတွေ လက်မထပ်ကြတော့ဘူး။ ရှောင်ကြတယ်။ ပထမက ပြဿနာအရင်းအမြစ်ကိုမသိကြဘူး”

“အဲဒါ ဘယ်ခေတ်ကလဲ”

"စဖြစ်တာက ၁၉၆၀ ပြည့်နှစ်လောက်မှာဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်လွန်ကာမှ အဖြေရှာတွေ့တယ်။ စက်ရုံတွေက ဒီအတွက် ဒေါ်လာသန်းပေါင်းများစွာ ဒဏ်ဆောင်လိုက်ရတယ်။ ၂၀၀၆ ခုနှစ်က ပင်လယ်ပြင်ကို သန့်စင်ပြီးကြောင်း ကြေညာတယ်"

EIA နဲ့ SIA

ကိုဘသစ်က သူသိထားတဲ့ ပတ်ဝန်းကျင်ပြဿနာတွေကို ရှင်းပြတယ်။

"ကျွန်တော်တို့ကမ္ဘာကြီးဟာ တစ်စစနဲ့တိုးတက်လာပါတယ်။ ဒါဟာ မြေပေါ်မြေအောက် သယံဇာတတွေကို သုံးလာကြလို့ပါပဲ။ ဒီလိုသယံဇာတတွေကို အသုံးဝင်လာတဲ့အထိဖြစ်အောင် တူးဖော်ရယူပြီး သန့်စင်ရတာတွေရှိတယ်။ဥပမာအားဖြင့် နမ္မတူဘော်တွင်းမိုင်းတို့၊ လက်ပံတောင်းတောင်ကြေးနီမိုင်းတို့ဟာ ဒီလိုသတ္တုတွေကို ထုတ်လုပ်တာပါပဲ။ ဒီအတွက် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုတွေရှိတယ်ဆိုတာကိုတော့ ငြင်းလို့မရနိုင်ပါဘူး။ ဒီအတိုင်းပဲ၊ ရွှေတူးဖော်ခြင်း မြစ်ချောင်းများမှာ ရွှေကျင်ခြင်းလုပ်ငန်းတွေဟာလည်း သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေတာအမှန်ပါပဲ။ ဒီလိုဆိုရင် အဲဒီလုပ်ငန်းတွေကို မလုပ်ရတော့ဘူးလား၊ ရပ်ပစ်လိုက်ရမှာလား။ ဒီလိုလည်းမဟုတ်ပါဘူး။ ပထမအချက်အနေနဲ့ ဒီလိုလုပ်တော့မယ်ဆိုရင် ပတ်ဝန်းကျင်ထိခိုက်မှုကိုလေ့လာရတယ်။ ဒီလေ့လာမှုကို EIA နဲ့ SIA လို့ဆိုပါတယ်။ EIA ဆိုတာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လေ့လာခြင်းဖြစ်ပြီး SIA ကတော့ လူမှုဝန်းကျင်ထိခိုက်မှုလေ့လာခြင်းဖြစ်တယ်။ ဒီလိုမိုင်းတွေတူး စက်ရုံတွေ ဆောက်၊ အဆောက်အဦတွေဆောက်မယ်ဆိုရင် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ကြိုးစားလုပ်ဆောင်ဖို့ EIA နဲ့ SIA ကို ဆောင်ရွက်ရတာ ဖြစ်တယ်။ EIA နဲ့ SIA အစီရင်ခံစာတွေကိုရမှ လုပ်ငန်းများကိုလုပ်ရင် အထိခိုက်မှုနည်းတာကို တွေ့ရပါတယ်။ ဘယ်လောက်လုပ်မလဲ၊ ဘယ်လိုလုပ်မလဲ ဆိုတာကနေ စရတာဖြစ်တယ်။

လူမှုရေးအတွက်တာဝန်ရှိခြင်း

ဒီတော့ ထိခိုက်မှုတွေ အနည်းအများရှိတဲ့အခါ လုပ်ငန်းလုပ်ဆောင်သူတွေက တာဝန်ရှိတာကို ပထမလက်ခံဖို့လိုတယ်။ တို့ဒီလိုပရောဂျက်တွေလုပ်တဲ့အတွက် အနီးအပါးမှာ ထိခိုက်တယ်။ လူမှုဘဝတွေ ထိခိုက်တယ်။ ပတ်ဝန်းကျင်ကို ထိခိုက်တယ်။ ဒီပတ်ဝန်းကျင်ဟာ မူလနေထိုင်ကြသူတွေ ပိုင်ဆိုင်တာတွေပဲ မဟုတ်ပါလား။ သူတို့ရဲ့လူနေမှုဘဝကို ပရောဂျက်က အနှောင့်အယှက်ပြုလိုက်တာ အသေအချာပါပဲ။ ဒီတော့လုပ်ငန်းလုပ်သူတွေက တို့မှာ တာဝန်ရှိတယ်။ ဒီအတွက် သူတို့ကို ကျောင်းဆောက်ပေးမယ်၊ ရေတွင်းရေကန်တွေ တည်ဆောက်ပေးမယ်၊ သစ်ပင်တွေ စိုက်ပေးမယ်၊ ပန်းဥယျာဉ်တွေ လုပ်ပေးမယ်စသဖြင့် လုပ်ဆောင်တာကို CSR လို့ ခေါ်တယ်။ ၁၉၇၅ ခုနှစ်က ကျွန်တော်ကိုယ်တိုင် ဝေလနယ် (Wales) မှာ ရှိတဲ့ ကြေးနီ သတ္တုမိုင်းကို သွားရောက် လေ့လာဖူးတယ်။ ကျွန်တော်တို့ရောက်တော့ ကြေးနီမိုင်းမရှိတော့ဘူး။ အပေါက်ကြီးပဲကျန်နေပါတယ်။ (မုံရွာတစ်ဖက်ကမ်းက စပယ်တောင်မှာလည်း တွင်းတွေ၊ ချိုင့်တွေ ကျန်ခဲ့တာကို သွားရောက်လေ့လာဖူးတယ်) ဝေလနယ်က တွင်းကြီးချိုင့်ကြီးကို ကုမ္ပဏီက ပြည်သူတွေအတွက် အပန်းဖြေစခန်းဖြစ်

အောင် ဆောင်ရွက်ပေးခဲ့ပါတယ်။

CSR ဟာ စက်ရုံအများနဲ့လည်း သက်ဆိုင်ပါတယ်။ ဥပမာ ကိုကာကိုလာစက်ရုံဆိုရင် ပြည်သူတွေရဲ့လမ်းတံတားတွေကို သုံးတယ်၊ ရေတွေကို အသုံးပြုတယ်။ သူ ဒီလိုသုံးတာ အခွန်ပေးရုံနဲ့ တာဝန်ကျေတယ်လို့မဆိုနိုင်ဘူး။ သူ့မှာ တာဝန်ရှိသေးတယ်။ CSR ကို သူ အလေးထားရမှာဖြစ်တယ်”

နိဂုံး

ကိုဘသစ် ပြည့်စုံစွာပြောပြသွားပါပြီ။ ဒီတော့နိဂုံးချုပ်ချင်ပါတယ်။

ကျွန်တော်သိသလောက်တော့ ယနေ့ခေတ်မှာလုပ်ငန်းတစ်ခု လုပ်မယ်ဆိုတိုင်း EIA, SIA တွေ လုပ်ရပါတယ်။ ရှောင်လွှဲသူနည်း လာပါတယ်။ အစိုးရကလည်း EIA, SIA မပါရင် ဆက်လက်လုပ်ကိုင်ရန် ခွင့်မပြုတတ်ပါဘူး။ သို့သော် အချို့ကတော့ ထုံးစံအတိုင်း EIA, SIA တွေကို အလိမ်တွေလုပ်လာတာလည်း ရှိပါတယ်။ သို့သော် ဒီလိုလိမ်တာတွေဟာ ရေရှည်မှာ မိမိကိုယ်ကိုပဲ ထိခိုက်တာကို တွေ့လာကြတယ်။

ဒါ့အပြင် CSR ကိုလည်း အလေးထားလာကြပါတယ်။

ဆိုလိုတာက လူအချင်းချင်း အလေးထားခြင်းပါပဲ။

စက်ရုံ အလုပ်ရုံတွေဟာ သဘာဝပတ်ဝန်းကျင်ထိခိုက်ပါတယ်။ သို့သော် တစ်ဖက်က အလုပ်အကိုင် အခွင့်အလမ်းတွေကို ဖန်တီးပေးတယ်၊ တိုင်းပြည်ကို တိုးတက်စေတယ်။ ဒီတော့ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ကြိုးစားလုပ်ဆောင်ရကြမှာပါပဲ။

ဒီလိုလုပ်တဲ့အတွက် ကုမ္ပဏီများ အမြတ်နည်းသွားတာကို မမြင်ကြဖို့လိုတယ်။ ရေရှည်အတွက် ကြည့်ပါ။

မလျှုတတ်ရင် စွေးရောင်းပါဆိုတဲ့ စကားရှိတယ်။ ယခုလည်း ပရောဂျက်တွေလုပ်ငန်းတွေကို လုပ်တဲ့အခါ CSR ဆိုတဲ့ ပရဟိတဆိုတဲ့ ပြည်သူကိုမျက်နှာမူတဲ့ အလှူအတန်းတွေနဲ့တကွ တိုးတက်အောင်ကြိုးစားတတ်ဖို့လိုကြောင်း တင်ပြအပ်ပါတယ်၊

ဒေါက်တာခင်မောင်ညို

ကိုဗစ်-၁၉ အလွန် ရင်းနှီးမြှုပ်နှံမှု မူဝါဒအပြောင်းအလဲများ

a t m i E k D

"နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဟာ နိုင်ငံတစ်နိုင်ငံရဲ့
စီးပွားရေးအရ ခံနိုင်ရည်ရှိမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုပုံစံ
ပြောင်းလဲဖော်ဆောင်ရာမှာ မဟာဗျူဟာကျတဲ့အခန်းကဏ္ဍ
တစ်ရပ်အဖြစ် အခိုင်အမာ မြင့်တင်ပေးနိုင်တာကို
ကမ္ဘာ့နိုင်ငံများက လက်ခံထားပြီး ဖြစ်ပါတယ်"

ရာစုနှစ်အစပိုင်းတွေမှာ ဖြစ်ပေါ်လေ့ရှိတဲ့၊ မရှောင်လွှဲနိုင်တဲ့ ကမ္ဘာ့ကပ်ရောဂါ၊ ကမ္ဘာ့အကျပ်အတည်းမျိုးနဲ့ ကမ္ဘာ့စီးပွားရေးပျက်ကပ် နှစ်မျိုးစလုံးက ယနေ့ကမ္ဘာကြီးကို တစ်ဖန်ရိုက်ခတ်လာပြန်ပါတယ်။ ယခင်က ဒီလိုအကျပ်အတည်းမျိုးကို တစ်နှစ်၊ နှစ်နှစ်လောက် အချိန်ယူပြီး အနံတုကျော်လွှားနိုင်ခဲ့ပေမယ့် ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းမှာ စတင်ခဲ့တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါရိုက်ခတ်မှုကတော့ ကမ္ဘာ့ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတို့ကို အဓိက လည်ပတ်စေတဲ့ ကမ္ဘာ့ထုတ်လုပ်မှုကွင်းဆက်တစ်ခုလုံး ပြတ်တောက်သွားတဲ့အထိ ရိုက်ခတ်ခဲ့ပြီး ယခု ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းအထိ နိမ့်တုံ မြင့်တုံ ချော့တစ်ခါ ခြောက်တစ်လှည့်နဲ့ ကြာရှည်စွာ ရိုက်ခတ်နေဆဲပါပဲ။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာ့စီးပွားရေးမှာ ဘာတွေကို အဓိကထိခိုက်စေခဲ့သလဲ...

ကိုဗစ်-၁၉ ကပ်ရောဂါဟာ ကမ္ဘာ့ဂျီဒီပီရဲ့ ပင်မထောက်တိုင်တွေဖြစ်တဲ့ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနဲ့ စားသုံးမှုတို့ကို သိသိသာသာ ကျဆင်းစေခဲ့ပြီး ကမ္ဘာ့အစိုးရများရဲ့ အသုံးစရိတ်ကို မြင့်တက်စေပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာ့ကုန်စည်နှင့် ဝန်ဆောင်မှုကုန်သွယ်ရေးကို ကြည့်မယ်ဆိုရင် ၂၀၂၀ ပြည့်နှစ်မှာ အမေရိကန်ဒေါ်လာ ၂၂ ထရီလီယံ ရှိခဲ့ပြီး ၂၀၁၉ ခုနှစ်နဲ့နှိုင်းယှဉ်ရင် ၁၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်[၁]။ ကမ္ဘာ့နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဟာလည်း ၂၀၂၀ ပြည့်နှစ်မှာ ၁ ထရီလီယံအထိ သိသိသာသာ ကျဆင်းခဲ့ပြီး ၂၀၁၉ ခုနှစ်နဲ့နှိုင်းယှဉ်ရင် ၃၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ခြင်းဖြစ်ပါတယ်။ ယခုလို ကျဆင်းမှုဟာ ၂၀၀၉ ခုနှစ် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းပြီးနောက် ရောက်ရှိခဲ့တဲ့ အခြေအနေအောက် ၂၀ ရာခိုင်နှုန်းနီးပါး ကျဆင်းသွားခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီလိုကျဆင်းမှုဟာ ၂၀၂၁ ခုနှစ်မှာ ၅-၁၀ ရာခိုင်နှုန်းအထိ ထပ်မံကျဆင်းနိုင်ခြေရှိပြီး ၂၀၂၂ ခုနှစ်ရောက်မှ ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့နိုင်ဖို့ ခြေလှမ်းသစ်တွေ စတင်နိုင်မယ်လို့ နိုင်ငံတကာအဖွဲ့အစည်းတော်တော်များများက ခန့်မှန်းထားကြပါတယ်။[၂] [၃]

ကမ္ဘာ့နိုင်ငံတွေအနေနဲ့ အခု ဒီခြေလှမ်းသစ်တွေကို ဘယ်လိုစတင်နေလဲ ...

ကမ္ဘာ့နိုင်ငံတွေအနေနဲ့ မိမိနိုင်ငံရဲ့ အခြေအနေပေါ် မူတည်ပြီး ကျင့်သုံးတဲ့ နည်းလမ်းတွေက ကွဲပြားပေမယ့် ဘုံတူညီတဲ့မူဝါဒတွေကိုသာ အခြေခံပြီး ကျင့်သုံးလျက်ရှိတာကို တွေ့မြင်နိုင်ပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါကို ကနဦးတွန်းလှန်နိုင်ဖို့ ချမှတ်ဖော်ဆောင်ခဲ့တဲ့ ပထမဆုံးခြေလှမ်းသစ်ကတော့ ကိုဗစ်-၁၉ ရောဂါကို တားဆီးကာကွယ်နိုင်မယ့် ကျန်းမာရေးဆိုင်ရာ မူဝါဒနဲ့အတူ စီးပွားရေးလုပ်ငန်းတွေရဲ့ ထိခိုက်မှုအပေါ် ကုစားပေးနိုင်မယ့် ဘဏ္ဍာရေး နဲ့ ငွေကြေးပိုင်းဆိုင်ရာ ထောက်ပံ့အားဖြည့်မှုအစီအစဉ် (Stimulus Policy) ကို ရင်းနှီးမြှုပ်နှံမှုနဲ့ဆက်စပ်တဲ့ ကဏ္ဍတွေမှာ ယှဉ်တွဲလျက် ကျင့်သုံးခဲ့ကြခြင်းဖြစ်ပါတယ်။

---

[၁] https://www.wto.org/english/rese/statiswts2021e/wt2021_e.pdf

[၂] https://unctad.org/system/files/official-document/wir2021en.pdf

[၃] https://unctad.org/system/files/official-document/wir2020overviewen.pdf

တစ်နည်းအားဖြင့် ဒီအစီအစဉ်တွေက ရင်းနှီးမြှုပ်နှံမှုနဲ့ ဆက်စပ်နေတဲ့ ကျန်းမာရေးကဲ့သို့သော မဟာဗျူဟာကျတဲ့ကဏ္ဍတွေမှာ သွင်းကုန်ဆိုင်ရာဆောင်ရွက်ချက်ကို လွယ်ကူချောမွေ့စေခြင်း၊ ဘဏ္ဍာရေးနဲ့ ဘဏ်လုပ်ငန်းဆိုင်ရာတွေမှာ ဖြေလျှော့ပေးခြင်း၊ အဓိကထိခိုက်တဲ့လုပ်ငန်းများအတွက် အခွန်ဆိုင်ရာယာယီကင်းလွတ်ခွင့်နဲ့ သက်သာခွင့်တွေ ပံ့ပိုးပေးခြင်း၊ ကျန်းမာရေးနဲ့ဆက်စပ်ပစ္စည်းများ ထုတ်လုပ်မှုများကို တွန်းအားပေး ဆောင်ရွက်စေခြင်း၊ အဓိကစီးပွားရေးလုပ်ငန်းကဏ္ဍတွေ လုံလုံခြုံခြုံရှိစေဖို့နဲ့ ဆေးဘက်ပစ္စည်းများ တင်သွင်းရာမှာ လိုအပ်တဲ့သုတေသနနဲ့ တီထွင်ဆန်းသစ်မှု၊ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်နဲ့ ဆက်စပ်တဲ့ လိုင်စင်ရယူခြင်းဆိုင်ရာကိစ္စရပ်တွေကို လျင်မြန်လွယ်ကူစေဖို့အစရှိတဲ့ ဆောင်ရွက်ချက်တွေကို အလေးပေးဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါတယ်။

အဓိကကျတဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒတွေကိုရော ဘယ်လိုကျင့်သုံးနေကြလဲ ...

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရရှိခဲ့တဲ့အတွေ့အကြုံတွေနဲ့ ယခင်ဖြစ်ပွားခဲ့တဲ့ ကမ္ဘာ့ စီးပွားရေးအကျပ်အတည်းတွေကနေ ရရှိခဲ့တဲ့ အတွေ့အကြုံတွေကနေတစ်ဆင့် နောင်မှာ တွေ့ကြုံနိုင်မယ့် မည်သည့် အကျပ်အတည်းကိုမဆို ခံနိုင်ရည်ရှိနိုင်မယ့် ရင်းနှီးမြှုပ်နှံမှု မူဝါဒတွေကို ချမှတ်ဖို့ လိုအပ်လာပြီဆိုတာကို ကမ္ဘာ့နိုင်ငံများအနေနဲ့ သိမြင်လာကြပါပြီ။ ဒါကြောင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်တဲ့ ရင်းနှီးမြှုပ်နှံမှု မူဝါဒတွေကို ကိုဗစ်-၁၉ ကပ်ရောဂါအတွင်းနဲ့ ၎င်းအလွန်မှာ အလေးပေးဖော်ဆောင်နိုင်ဖို့ နောက်ထပ်ခြေလှမ်းသစ်တစ်ရပ်အနေနဲ့ အနှေးနဲ့အမြန်ဆိုသလို ကြိုးပမ်းလာကြတာကို တွေ့ရမှာပါ။

ယေဘုယျအားဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေ ဝင်ရောက်မှုနဲ့ လုပ်ငန်း လည်ပတ်ဆောင်ရွက်မှုတွေကို တိုက်ရိုက်သက်ရောက်မှုရှိစေနိုင်မယ့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ မူဝါဒများကို ပိုမိုချမှတ်

“ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရရှိခဲ့တဲ့ အတွေ့အကြုံတွေနဲ့ ယခင် ဖြစ်ပွားခဲ့တဲ့ ကမ္ဘာ့စီးပွားရေး အကျပ်အတည်း တွေကနေ ရရှိခဲ့တဲ့ အတွေ့အကြုံ တွေကနေ တစ်ဆင့် နောင်မှာ တွေ့ကြုံနိုင်မယ့် မည်သည့် အကျပ်အတည်းကိုမဆို ခံနိုင်ရည် ရှိနိုင်မယ့် ရင်းနှီးမြှုပ်နှံမှု မူဝါဒတွေကို ချမှတ်ဖို့ လိုအပ်လာပြီ ဆိုတာကို”

ဆောင်ရွက်ခဲ့တဲ့အပြင် ပြည်တွင်းလုပ်ငန်းတွေကို အကာအကွယ်ပေးသည့် မူဝါဒကို ကျင့်သုံးခဲ့တာကို တွေ့ရပါတယ်။ အထူးသဖြင့် ကျန်းမာရေးနဲ့ဆက်စပ်တဲ့၊ ဆန်းသစ်တီထွင်မှုကို ဦးတည်တဲ့ မဟာဗျူဟာကျတဲ့ လုပ်ငန်းကဏ္ဍတွေမှာ ကန့်သတ်ချက်များနဲ့ အကာအကွယ်ပေးမှုတွေ ပြုလုပ်လာတာကို တွေ့ရပါတယ်။

တစ်ဖက်မှာလည်း တည်ရှိဆဲ ရင်းနှီးမြှုပ်နှံမှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ဖို့နဲ့ ရင်းနှီးမြှုပ်နှံမှု အသစ်တွေကို ဆွဲဆောင်နိုင်ဖို့အတွက် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး နည်းလမ်းများကို နိုင်ငံတွင်းနဲ့ ဒေသတွင်းမူဝါဒတွေအဖြစ် ကျင့်သုံးလာတာကို တွေ့ရပါတယ်။ အဲဒီနည်းလမ်းတွေကတော့ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ လွယ်ကူချောမွေ့စေခြင်း၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ဆက်စပ်တဲ့ စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်တွေမှာ အီလက်ထရောနစ်နဲ့ အွန်လိုင်းဝန်ဆောင်မှုတွေကို ယခင်ကထက် ပိုမိုထိရောက် တွင်ကျယ်စွာ အသုံးပြုလာခြင်း၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီများက ကိုဗစ်-၁၉ အထူးဝန်ဆောင်မှုအစီအစဉ်များ ဆောင်ရွက်ခြင်း၊ ကျန်းမာရေးနဲ့ ဆက်စပ်တဲ့သုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အားပေးခြင်း၊ ဆေးဘက်ဆိုင်ရာပစ္စည်းများ ထုတ်လုပ်ခြင်း၊ ထုတ်လုပ် မှု ကွင်းဆက်များတစ်လျှောက် အဓိကပါဝင်နေသူများကို အာမခံပေးမှု အစီအစဉ်များ ဆောင်ရွက်ပေးခြင်း စသည်တို့ပဲ ဖြစ်ပါတယ်။

“နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု အဆင့်အတန်းနှင့် ကျင့်သုံးတဲ့ စနစ်အပေါ် မူတည်ပြီး မူဝါဒပိုင်းဆိုင်ရာ ရေးဆွဲမှုနဲ့ လက်တွေ့ အကောင်အထည် ဖော်မှုတွေကတော့ ကွဲပြားပေမယ့် ဘုံတူညီတဲ့ အချက်ကတော့”

ဘယ်လောက်အတိုင်းအတာအထိ အကျိုးသက်ရောက်မှု ရှိစေနိုင်လဲ ...

နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအဆင့် အတန်းနှင့် ကျင့်သုံးတဲ့စနစ်အပေါ် မူတည် ပြီး မူဝါဒပိုင်းဆိုင်ရာရေးဆွဲမှုနဲ့ လက်တွေ့အကောင်အထည် ဖော်မှုတွေကတော့ ကွဲပြား ပေမယ့် ဘုံတူညီတဲ့အချက်ကတော့ နိုင်ငံအလိုက် ပြည်တွင်းလုပ်ငန်းတွေအပေါ် အတိုင်းအတာတစ်ခုအထိ အကာအကွယ်ပေးခြင်းကို ကနဦး ဦးတည်တာပဲဖြစ်ပါတယ်။ မိမိနိုင်ငံရဲ့ စီးပွားရေးပြန်လည် ဦးမော့စေရေးအတွက် ချမှတ်တဲ့မူဝါဒတွေ

အတိုင်း နိုင်ငံအားလုံးနီးပါး ဆောင်ရွက်လျက်ရှိပေမယ့်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကူးစက် ပြန့်ပွားမှုကို ကောင်းကောင်း ထိန်းချုပ်နိုင်တဲ့ နိုင်ငံတွေရဲ့ တိုးတက်မှုဟာ V-shaped Recovery[၄] ပုံစံကို ဦးတည်နေပြီး ထိန်းချုပ်မှု အားနည်းတဲ့နိုင်ငံတွေမှာ W-shaped Recovery[၅] ပုံစံအတိုင်း အတက်အကျ ရှိနေတာပဲ ဖြစ်ပါတယ်။ ISEAS-YUSOF ISHAK INSTITUTE က ရေးသားဖော်ပြခဲ့တဲ့ စာစောင် (၂၆/၂၀၂၁) အရ အာဆီယံ အဖွဲ့ဝင်နိုင်ငံတွေကို ကြည့်မယ်ဆိုရင် ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ စင်ကာပူနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတို့ကတော့ V-shaped Recovery ပုံစံကို ရောက်ရှိနေပြီး ဖိလစ်ပိုင်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ကတော့ W-shaped Recovery မှာ ရှိနေဆဲဖြစ်ပါတယ်။[၆]

တချို့သော နိုင်ငံတွေကတော့ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု စိစစ်ရေးနည်းလမ်းကို အလေးထားဆောင်ရွက်လာတာကို တွေ့ရပါတယ်။ ဥပမာပေးရရင်တော့ ဥရောပသမဂ္ဂက ၂၀၁၉ ခုနှစ် မတ်လမှာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စိစစ်ရေး စည်းမျဉ်းစည်းကမ်းကို ထုတ်ပြန်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှ စတင်ကျင့်သုံးခဲ့တာ ဖြစ်ပါတယ်။ ယင်းစည်းမျဉ်းစည်းကမ်းထဲမှာ မဟာဗျူဟာအရ အရေးပါသည့် အခြေခံအဆောက်အအုံနှင့် နည်းပညာများကို စာရင်းပြုစု၍ ထည့်သွင်းထားခြင်းဖြစ်ပြီး အဓိကကျတဲ့ ပြဋ္ဌာန်းချက်ကတော့ အဖွဲ့ဝင်နိုင်ငံရဲ့ လုံခြုံရေးကို ထိန်းသိမ်းကာကွယ်ရန်နဲ့ ဥရောပသမဂ္ဂ တစ်ခုလုံးရဲ့ အကျိုးစီးပွားအတွက် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုဟာ လုံခြုံရေးအရ ထိခိုက်နိုင်ခြေ ရှိ မရှိ၊

"ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ စီမံအုပ်ချုပ်မှုကို ပြုပြင် ပြောင်းလဲရာမှာလည်း နှစ်နိုင်ငံ/ နိုင်ငံအများ အကြား စည်းနှောင်မှု ရှိနေတဲ့ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်များ (International Investment Agreements – IIAs) ကို ချန်လှပ်ထားလို့ မရပြန်ပါဘူး"

---

[၄] A V-shaped recovery means the economy quickly reverts to the trend of absoulte GDP.

[၅] A W-shaped recovery is a form of economic recovery where the economy cycles in and out recessionary periods. The up and down recovery pattern is graphically represented by changes in certain economic indicators like industrial output, Gross Domestic Product (GDP), employment, etc.

[၆] https://www.iseas.edu.sg/wp-content/uploads/2021/02/ISEAS Perspective 2021 26.pdf

သို့မဟုတ် အများပြည်သူအကျိုးငှာ ထိန်းသိမ်းရန် လိုအပ်သည့်အခြေအနေ ရှိ မရှိ စိစစ်ရမှာပဲ ဖြစ်ပါတယ်။ အဲဒီလိုစိစစ်ရာမှာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်စေရေး၊ ပြည်တွင်းအကျိုးစီးပွားကို အကာအကွယ်ပေးရေးနဲ့ ဥရောပသမဂ္ဂဒေသတွင်း ညီညွတ်မှု ရှိစေရေး စသည့်အချက်များကိုလည်း ထည့်သွင်းစဉ်းစားထားတာ ဖြစ်ပါတယ်။[၇]

ရေရှည်/စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနဲ့ စီးပွားရေးအရ ကာလရှည်ခံနိုင်ရည်ရှိစေဖို့ ဘယ်လိုမူဝါဒတွေ လိုအပ်မလဲ ...

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဟာ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးအရ ခံနိုင်ရည်ရှိမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုပုံစံ ပြောင်းလဲဖော်ဆောင်ရာမှာ မဟာဗျူဟာကျတဲ့အခန်းကဏ္ဍာ တစ်ရပ်အဖြစ် အခိုင်အမာ မြင့်တင်ပေးနိုင်တာကို ကမ္ဘာ့နိုင်ငံများက လက်ခံထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့နိုင်ငံများအနေနဲ့ နောင်လာမယ့် ဘယ်အကျပ်အတည်းမျိုးကိုမဆို ခံနိုင်ရည်ရှိမယ့်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုတဲ့ ဒီဂျစ်တယ်ကဏ္ဍ၊ အစိမ်းရောင် ရင်းနှီးမြှုပ်နှံမှု၊ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများ တိုးတက်မှုကဏ္ဍတို့ကို မူဝါဒတစ်ရပ်အနေနဲ့ ဦးစားပေးမြှင့်တင်ခြင်း ဖြစ်ပါတယ်။

ဥပမာပေးရရင် ကိုရီးယားနိုင်ငံအနေနဲ့[၈] အားလုံးပါဝင်နိုင်တဲ့ အစိမ်းရောင်နဲ့ ဒီဂျစ်တယ် စီးပွားရေးကို ဦးတည်နိုင်မယ့် 'Korean New Deal' (KND) ကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လမှာ ထုတ်ပြန်ခဲ့ပါတယ်။ KND မှာ Digital New Deal၊ Green New Deal နဲ့ Stronger Safety Nets ဆိုပြီး မဏ္ဍိုင် ၃ ရပ်ပါဝင်ပြီး ၂၀၂၅ ခုနှစ်မှာ အပြီးအကောင်အထည်ဖော် ဆောင်ရွက်မယ့် စီမံကိန်း ၂၈ ခု ပါဝင်ပါတယ်။ KND အရ အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁ ဒသမ ၉ သန်း ဖန်တီးပေးနိုင်ဖို့၊ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများအထိ 5G နဲ့ AI တို့ကို ချိတ်ဆက်အသုံးပြုနိုင်ဖို့၊ သန့်ရှင်းသောစွမ်းအင်နဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တို့နဲ့ အကောင်အထည်ဖော်နိုင်မယ့် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်နိုင်ဖို့၊ ဒီဂျစ်တယ် နည်းပညာအသုံးပြုသုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်မှုတို့မှာ ရင်းနှီးမြှုပ်နှံနိုင်ဖို့ စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အဲဒီလိုမြှင့်တင်နိုင်ဖို့ အဓိက လိုအပ်တဲ့မူဝါဒတစ်ရပ်ကတော့ နိုင်ငံတွင်းနဲ့ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံအုပ်ချုပ်မှုပုံစံကို ပြုပြင်ပြောင်းလဲဖို့ လိုအပ်လာခြင်းပဲ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံအုပ်ချုပ်မှုကို ပြုပြင်ပြောင်းလဲရာမှာလည်း နှစ်နိုင်ငံ/နိုင်ငံအများအကြား စည်းနှောင်မှုရှိနေတဲ့ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်များ

---

[၇] https://ccsi.columbia.edu/sites/default/files/content/docs/publications/No%20284%20-%20Velten%20-%20FINAL.pdf

[၈] https://investmentmonitor.ca/insights-reports/investment-monitor-2021-report-post-covid-recovery-and-foreign-direct-investment#chapter-5

(International Investment Agreements – IIAs) ကို ချန်လှပ်ထားလို့ မရပြန်ပါဘူး။ ယခင်က IIA တွေဟာ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း၊ အကာအကွယ်ပေးခြင်း၊ ဖြေလျှော့ပေး ခြင်း၊ လွယ်ကူချောမွေ့စေခြင်းနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်းတို့ကိုသာ ထင်ဟပ်စေတဲ့ အချက်များကိုသာ အလေးပေးပြဋ္ဌာန်းထားပေမယ့် ယခုအခါမှာတော့ အဆိုပါအချက်တွေ အပြင် ကိုဗစ်-၁၉ အလွန်မှာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်နိုင်ဖို့အတွက် အားလုံးပါဝင်တဲ့၊ ပွင့်လင်းမြင်သာတဲ့၊ ညီညွတ်မှု ရှိတဲ့၊ တာဝန်ယူမှုရှိတဲ့ ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ပေးနိုင်မယ့် ပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်ဖို့ ဦးတည်လာခြင်းပဲ ဖြစ်ပါတယ်။ ဒီလိုပြုပြင်ပြောင်းလဲမှုကို ၂၀၁၂ ခုနှစ်နောက်ပိုင်းကစပြီး အချို့သော IIA တွေမှာ တစ်စိတ် တစ်ပိုင်း ပါဝင်လာတာကို တွေ့မြင်နေရပါတယ်။ အပြည့်အဝပါဝင်ဖို့ကိုတော့ ပြုပြင်ပြောင်းလဲမှုတွေ လိုအပ်နေဆဲပဲ ဖြစ်ပါတယ်။

နောက်ထပ် ရင်းနှီးမြှုပ်နှံမှု မူဝါဒအပြောင်းအလဲကတော့ နိုင်ငံပြင်ပ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (Outward FDI) ဆိုင်ရာ မူဝါဒပဲဖြစ်ပါတယ်။ Outward FDI ကတော့ သွားရောက်ရင်းနှီးမြှုပ်နှံတဲ့နိုင်ငံ (Home Country) နဲ့ ရင်းနှီးမြှုပ်နှံမှုကို လက်ခံတဲ့ အိမ်ရှင်နိုင်ငံ (Host Country) တို့အကြား နှစ်ဖက်အပြန်အလှန် ကောင်းကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေပါတယ်။ Home Country မှ နိုင်ငံစုံလုပ်ငန်းကြီးများအနေနဲ့ ကိုဗစ်-၁၉ ရဲ့ သက်ရောက်မှုကို အလျင်မြန်ဆုံး ထိန်းညှိနိုင်ကြောင်း တွေ့ရပါတယ်။ ၎င်းတို့ရဲ့ စီးပွားရေး ဆောင်ရွက်ချက်များကြောင့် အိမ်ရှင်နိုင်ငံအတွက် ဝင်ငွေတိုးတက်ရရှိမှု၊ ပို့ကုန်တိုးမြှင့်မှု၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှု တိုးတက်စေမှု/လွယ်ကူချောမွေ့စေမှု၊ နည်းပညာနဲ့ အသိပညာ လွှဲပြောင်းမှု၊ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်မှု စတဲ့ အပြုသဘောဆောင်တဲ့ ရေရှည်အကျိုးရလဒ်တွေကတစ်ဆင့် အိမ်ရှင်နိုင်ငံရဲ့ စီးပွားရေး တိုးတက်မှုကို ပေးစွမ်းနိုင်ပါတယ်။ Home Country

“နောက်ထပ် ရင်းနှီးမြှုပ်နှံမှု မူဝါဒ အပြောင်းအလဲကတော့ နိုင်ငံပြင်ပ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု (Outward FDI) ဆိုင်ရာ မူဝါဒပဲ ဖြစ်ပါတယ်”

အနေနဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်တဲ့ Outward FDI ဆိုင်ရာ မူဝါဒတွေကို ဦးတည်ချမှတ်ဖို့ လိုအပ်ပြီး နိုင်ငံရဲ့ Outward FDIကို မြှင့်တင်ရမှာ ဖြစ်သလို Host Country အနေနဲ့လည်း နိုင်ငံစုံ လုပ်ငန်းကြီးတွေရဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ် မြှင့်တင်နိုင်မယ့် မဟာဗျူဟာကျတဲ့ မူဝါဒတစ်ရပ်ကို မဖြစ်မနေ ချမှတ်ဆောင်ရွက်ဖို့ လိုအပ် နေတာ တွေ့ရပါတယ်။

ရင်းနှီးမြှုပ်နှံမှု မူဝါဒတွေကို ပုံသေဆုပ်ကိုင်ထားတဲ့ အခင်းအကျင်းထက် ကမ္ဘာလုံး ဆိုင်ရာ ဖြစ်ပေါ်ပြောင်းလဲမှုတွေအပေါ် လိုသလို ပြောင်းလွယ်ပြင်လွယ် ကျင့်သုံးနိုင်မှုက နိုင်ငံရဲ့ စီးပွားရေးတစ်ခုလုံးအပေါ် များစွာအထောက်အပံ့ဖြစ်စေတာ တွေ့ရပါတယ်။ ရင်းနှီး မြှုပ်နှံမှုနဲ့ပတ်သက်ရင် နိုင်ငံအများစုမှာ မူဝါဒတွေက နှစ်စဉ်လိုလို အပြောင်းအလဲအနည်းနဲ့ အများ ရှိတတ်ကြတာလည်း တွေ့ရပါတယ်။ ကိုဗစ်-၁၉ အလွန် ရင်းနှီးမြှုပ်နှံမှုမူဝါဒ အပြောင်းအလဲတွေကတော့ ယခင်ယခင် အပြောင်းအလဲတွေထက် အရှိန်အဟုန်ရော၊ အလုံးအထည်ရော ကြီးမားခဲ့တာကတော့ မှတ်သားဖွယ်ပါပဲ။

အောင်နိုင်ဦး

အိတ်စပို့ သို့မဟုတ် ဒိုင်း **(Export or Die)**

apmEikft ojkdabm*aA')

“ပို့ကုန် ဟုပြောလိုက်သည်နှင့် နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်အလွန်တွင်ရှိသော နိုင်ငံတကာ ဈေးကွက်များကို ပြေးမြင်မိလိမ့်မည်။ ဘောဂဗေဒဘာသာရပ်အားဖြင့် နိုင်ငံတကာ ကုန်သွယ်ရေး သို့မဟုတ် အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး (international trade) ဟု ခေါ်သည်။ တစ်နည်းဆိုသော် နိုင်ငံတကာ ဈေးကွက်ထဲတွင် ရောင်းချခြင်း၊ ဝယ်ယူခြင်းတို့ ပြုလုပ်ခြင်း ဖြစ်သည်”

မြန်မာဘာသာဖြင့် အဓိပ္ပာယ်ဖွင့်၍ ခေါင်းစဉ်တင်ရန် အဆင်မပြေနိုင်ဟု ယူဆသောကြောင့် အဓိက ဝေါဟာရ နှစ်လုံးဖြစ်သည့် Export နှင့် Die ၏ အသံထွက်ကိုပင် တိုက်ရိုက် ယူ၍ အိတ်စပို့ သို့မဟုတ် ဒိုင်း ဟု ခေါင်းစဉ်တပ်လိုက်သည်။ အိတ်စပို့ အော် ဒိုင်း (Export Or Die) ဆိုသည်ကို တိုတိုတုတ်တုတ်ဖြင့် တိုက်ရိုက်ဘာသာပြန်ရလျှင် “ တင်ပို့ပါ ဒါမှ မဟုတ်ရင် သေပါ” ဟု အဓိပ္ပာယ် ထွက်လာသည်။

နိုင်ငံတစ်နိုင်ငံအနေဖြင့် ပြည်တွင်း၌ ထုတ်လုပ်မှုများ ပိုမိုပြုလုပ်၍ ထုတ်ကုန်များကို နိုင်ငံရပ်ခြားသို့ တင်ပို့နိုင်အောင် ကြိုးစားရန်လိုအပ်သည်။ ထိုသို့ မကြိုးစားနိုင်ခဲ့ပါက နိုင်ငံ၏ စီးပွားရေးအတွက် အခက်အခဲများ ရှိလာမည်။ ရေရှည်၌ နိုင်ငံတကာဝန်းကျင်တွင် ရပ်တည်နိုင်စွမ်း ရှိတော့မည်မဟုတ်ဟု သဘောပေါက်ရသည်။ “ပို့ကုန် တင်ပို့ခြင်း” နှင့် “သေဆုံးခြင်း” အခြေအနေ နှစ်ရပ်တွင် ပထမအခြေအနေကို လုပ်နိုင်ရန် လိုသည်၊ မလုပ်နိုင်ပါက ဒုတိယ အခြေအနေနှင့် လုံးဝကြုံ တွေ့ရမည့်သဘောဖြစ်သည်။ ထုတ်လုပ်နိုင်စွမ်းမရှိ၊ ပို့ကုန်တင်ပို့နိုင်စွမ်းမရှိ၊ နိုင်ငံခြား ဝင်ငွေ မရရှိ၍ နိုင်ငံ့စီးပွားရေးလှုပ်ရှားစွမ်းဆောင်နိုင်မှု မရှိသော အခြေအနေကို “သေဆုံးသွားသည့် အခြေအနေ” နှင့် နှိုင်းယှဉ်တင်စား၍ ပြောထားခြင်း ဖြစ်သည်။

ပို့ကုန် ဟုပြောလိုက်သည်နှင့် နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်အလွန်တွင်ရှိသော နိုင်ငံတကာ စျေးကွက်များကို ပြေးမြင်မိလိမ့်မည်။ ဘောဂဗေဒဘာသာရပ်အားဖြင့် နိုင်ငံတကာ ကုန်သွယ်ရေး သို့မဟုတ် အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး (international trade) ဟု ခေါ်သည်။ တစ်နည်းဆိုသော် နိုင်ငံတကာ စျေးကွက်ထဲတွင် ရောင်းချခြင်း၊ ဝယ်ယူခြင်းတို့ ပြုလုပ်ခြင်း ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံအနေဖြင့် အခြားသော နိုင်ငံများနှင့် ကုန်သွယ်မှုပြုနိုင်မှ မိမိနိုင်ငံ ထွက်ကုန်များကို ရောင်းချနိုင်မည်။ နိုင်ငံခြားဝင်ငွေရလာနိုင်မည်။ ထိုဝင်ငွေဖြင့် မိမိနိုင်ငံက လိုအပ်သော ကုန်ပစ္စည်းများကိုလည်း ဝယ်ယူ တင်သွင်းနိုင်မည်။ တစ်ကမ္ဘာလုံး အဆက်အစပ် အားကောင်းနေပြီဖြစ်သော ဂလိုဘယ်

“စဉ်းစားစရာများစွာရှိသည်။ နိုင်ငံတကာကုန်သွယ်ရေးတွင် ပို့ကုန်တင်ပို့မှုနှင့် သွင်းကုန်တင်သွင်းမှု အပိုင်းနှစ်ပိုင်း ရှိနေသော်လည်း ပို့ကုန်တင်ပို့နိုင်မှု အဓိကကျသည့်ကဏ္ဍ ဖြစ်သည်။ ပို့ကုန် တင်ပို့နိုင်ရန်အတွက် နိုင်ငံတွင် အားကောင်းသော ထုတ်လုပ်မှု ကဏ္ဍ ရှိနေရမည်”

လိုက်ဖေးရှင်း ဖြစ်စဉ်ထဲတွင် နိုင်ငံတကာ စျေးကွက်များနှင့် ချိတ်ဆက်ရေး၊ နိုင်ငံတကာ ကုန်သွယ်ရေး နယ်ပယ်တွင် ကျွမ်းကျင်စွာ ဆက်စပ်ပတ်သက်လုပ်ဆောင်နိုင်ရေးသည် နိုင်ငံတစ်နိုင်ငံအတွက် လွန်စွာအရေးကြီးသည့်ကိစ္စ ဖြစ်လာနေသည်။

စဉ်းစားစရာ များစွာရှိသည်။ နိုင်ငံတကာကုန်သွယ်ရေးတွင် ပို့ကုန်တင်ပို့မှုနှင့် သွင်းကုန်တင်သွင်းမှု အပိုင်းနှစ်ပိုင်းရှိနေသော်လည်း ပို့ကုန်တင်ပို့နိုင်မှုအဓိကကျသည့် ကဏ္ဍဖြစ်သည်။ ပို့ကုန် တင်ပို့နိုင်ရန်အတွက် နိုင်ငံတွင် အားကောင်းသော ထုတ်လုပ်မှု ကဏ္ဍ ရှိနေရမည်။ နိုင်ငံအများစုတွင် စျေးကွက်စီးပွားရေးစနစ် ပိုမိုကျင့်သုံးလာနေသော ယနေ့အချိန်ကာလ၌ နိုင်ငံ၏ကုန်သွယ်မှုကဏ္ဍအားကောင်းလာစေရန် အစိုးရတစ်ဖွဲ့တည်းနှင့် အလုပ်မဖြစ်။ ပုဂ္ဂလိကကဏ္ဍ စွမ်းဆောင်ရည်ကိုလည်း ထည့်သွင်းစဉ်းစားရမည်။ ထို့ကြောင့် အစိုးရအနေဖြင့် ငါတကောကော လုပ်ဆောင်ပါက အောင်မြင်မှု မရနိုင်ဘဲ နိုင်ငံတွင်းရှိ ပုဂ္ဂလိကကဏ္ဍလုပ်ငန်းရှင်များကို စီးပွားရေးမိတ်ဖက်အဖြစ် သဘောထား လုပ်ဆောင်မှသာ ဖြစ်နိုင်ပေမည်။

အစိုးရအနေဖြင့် မူဝါဒပိုင်းဆိုင်ရာ ဖြည့်ဆည်းမှုအပါအဝင် အခြားသော ပံ့ပိုးထောက်ကူမှုများအတွက် အရေးကြီးသောအခန်းကဏ္ဍတွင် ရှိနေသကဲ့သို့ ပုဂ္ဂလိကကဏ္ဍရှိ လုပ်ငန်းရှင်များသည်လည်း ထုတ်လုပ်မှုဆိုင်ရာ အရည်အသွေး၊ စျေးနှုန်းယှဉ်ပြိုင်နိုင်စွမ်း၊ စဉ်ဆက်မပြတ် တီထွင်မှုစွမ်းရည်၊ နိုင်ငံတကာစျေးကွက်အခြေအနေ လေ့လာနိုင်စွမ်းနှင့် သုတေသနပိုင်းဆိုင်ရာတို့တွင် အရေးပါသည့် ပလေယာများဖြစ်နေသည်။ ပြည်တွင်း၌ အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအကြား ဟန်ချက်ညီသော ပူးပေါင်းဆောင်ရွက်မှုတို့ ရှိနေရမည်။ နိုင်ငံတကာ နယ်ပယ်၌လည်း အစိုးရ၏သဟဇာတဖြစ်စွာ ဆက်ဆံနိုင်စွမ်း ရှိနေရမည်။

ပို့ကုန်ကဏ္ဍမြှင့်တင်ခြင်းသည် နိုင်ငံအဆင့်စျေးရောင်းခြင်းကို ဦးစားပေး လုပ်ဆောင်ခြင်း ဖြစ်သည်။ ထိုသို့ရောင်းချရာတွင် မိမိတို့နိုင်ငံ၏ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေသော၊ အနာဂတ်မျိုးဆက်များ၏ အကျိုးစီးပွားကို မထိခိုက်နိုင်သော ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများ ရောင်းချခြင်းသာ ဖြစ်သင့်သည်။ သဘာဝသယံဇာတများ တူးဖော်ထုတ်လုပ်ရောင်းချခြင်း၊ ကုန်ကြမ်းပစ္စည်းများသာ ရောင်းချခြင်းတို့သည် အနာဂတ်မျိုးဆက်များ၏ အကျိုးစီးပွားကို ထိခိုက်စေသော၊ နိုင်ငံအတွက် ရေရှည်အကျိုးစီးပွားကို မဖော်ဆောင်နိုင်သော ပို့ကုန်ပစ္စည်းများသာဖြစ်သည်။

ယနေ့အချိန်အခါသည် ကိုဗစ်ကပ်ရောဂါကြောင့် တစ်ကမ္ဘာလုံး စီးပွားရေး ကျဆင်းနေသည့်အချိန် ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများအားလုံး စီးပွားရေးကျဆင်းမှု ဝဂ်ယက်ထဲ ပါမသွားစေရေးအတွက် အစွမ်းကုန် အားထုတ်နေကြရသည်။ နိုင်ငံ့စီးပွားရေးပြန်လည်နာလန်ထနိုင်ရေးအတွက် နိုင်ငံတကာထက် ပြည်တွင်းအခြေအနေကို ပိုမိုအာရုံစိုက် လုပ်ဆောင်နေကြရသည်။ သို့သော် နိုင်ငံများအကြား ကူးလူးဆက်သွယ်မှုမှာ ယခင်ကာလများကဲ့သို့ မဟုတ်ပေ။ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာအပါအဝင် အဆင့်မြင့်တီထွင်မှုများကြောင့် တစ်ကမ္ဘာလုံးရှိ နိုင်ငံများကြား အပြန်အလှန်ကူးသန်းသွားလာ၊ ရောင်းဝယ် ဖောက်ကားမှု

> “ပြည်တွင်း
> ကုန်ထုတ်လုပ်မှုတွင်
> နည်းပညာ၊
> သွင်းအားစု
> ကုန်ကြမ်း၊
> စက်ကိရိယာ စသဖြင့်
> လိုအပ်သောအရာ
> များစွာအတွက်
> သွင်းကုန်ပေါ်တွင်သာ
> မှီခိုအားထားနေရသော၊
> သွင်းကုန်များ
> ဝယ်ယူနိုင်ရေးအတွက်
> ပို့ကုန်ဒေါ်လာငွေအပေါ်
> များစွာ မှီခိုနေရသော
> ဖွံ့ဖြိုးဆဲ
> နိုင်ငံများမှာမူ ...”

မှာ ပိုမိုများပြားလျက်ရှိနေသဖြင့် နိုင်ငံတစ်နိုင်ငံချင်း၏ စီးပွားရေးအရ ရပ်တည်မှုကို လေ့လာကြည့်ပါက နိုင်ငံတကာစီးပွားရေးဝန်းကျင်၊ နိုင်ငံတကာ ကုန်သွယ်ရေးနှင့် ကင်းလွတ်၍ မရသည့် အခြေအနေတွင် ရှိသည်။ ထို့ကြောင့် နိုင်ငံများသည် ပြည်တွင်းစီးပွားရေးအခြေအနေကို အာရုံစိုက်နေရသည့်တိုင် နိုင်ငံတကာနှင့် စီးပွားရေး၊ ကုန်သွယ်ရေးအခြေအနေများနှင့် အဆက်ပြတ်၍ မရသည့် အခြေအနေမျိုးဖြစ်နေသည်။

ပြည်တွင်းကုန်ထုတ်လုပ်မှုတွင် နည်းပညာ၊ သွင်းအားစုကုန်ကြမ်း၊ စက်ကိရိယာ စသဖြင့် လိုအပ်သောအရာများစွာအတွက် သွင်းကုန်ပေါ်တွင်သာ မှီခိုအားထားနေရသော၊ သွင်းကုန်များ ဝယ်ယူနိုင်ရေးအတွက် ပို့ကုန်ဒေါ်လာငွေအပေါ် များစွာမှီခိုနေရသော ဖွံ့ဖြိုးဆဲနိုင်ငံများမှာမူ ပြည်တွင်းဖူလုံရေး၊ ပြည်တွင်းစီးပွားရေးသာ အာရုံထား၍ မရပေ။ (နိုင်ငံတကာ စျေးကွက်များထဲ၌ ပို့ကုန် ဝယ်လိုအား ကျဆင်း၍ ကုန်သွယ်ရေးအခြေအနေ ဆိုးရွားနေသည့်တိုင်) တည်ရှိနေပြီးသား စျေးကွက်ဝေစုများ၊ ကုန်သွယ်ရေး မိတ်ဖက်နိုင်ငံများနှင့် အဆက်အစပ်မပြတ် ရှိနေရန်လိုအပ်သည်။

ပြည်တွင်းစားသုံးမှုကို အလေးထား၍ ထုတ်လုပ်ကဏ္ဍကို လုပ်ဆောင်နေချိန်နှင့်တစ်ပြိုင်နက် ပို့ကုန်ကဏ္ဍအတွက်လည်း ဆက်လက်အားထုတ်နေရန်လိုသည်။ ချမ်းသာကြွယ်ဝသည့် ဖွံ့ဖြိုးပြီး နိုင်ငံများပင်လျှင် ပြည်တွင်းစားသုံးမှုအတွက်သာမက ပို့ကုန်စျေးကွက် ဝေစုတိုးချဲ့နိုင်ရေးအတွက်ပါ ထုတ်လုပ်မှုများ မြှင့်တင်ရန် ပြည်တွင်းထုတ်လုပ်မှု လုပ်ငန်းများကို တွန်းအားပေးလုပ်ဆောင်လျက်ရှိသည်ကို သတင်းများတွင် ဖတ်ရှုနေရသည်။

ထို့ကြောင့် စီးပွားရေးအဆောက်အအုံအတွင်း တည်ငြိမ်နေသော အခြေအနေ တစ်ရပ်ကို ထိန်းသိမ်းထားနိုင်ရေးမှာ အရေးတကြီး လိုအပ်လာသည်။ ကိုဗစ်ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသော နယူးနော်မယ်လ် အခြေအနေနှင့် လိုက်လျောညီထွေ လှုပ်ရှားနိုင်သည့် စီးပွားရေး ဝန်းကျင်ကို ဖန်တီးထားနိုင်ရမည်။ သို့သော် ကိုဗစ်ကပ် ရောဂါကာလအတွင်းမှာပင် နိုင်ငံရေးအကျပ်

အတည်း ကြုံတွေ့လာရသည့် တစ်ပူပေါ် နှစ်ပူဆင့်ဖြစ်နေသော စီးပွားရေးအဆောက်အအုံ ထဲတွင်မူ အခြေအနေအရပ်ရပ်ကို မျှော်မှန်းရန် မလွယ်ကူပေ။

မည်သို့ပင်ဆိုစေကာမူ ကုန်သွယ်ရေးကို စီးပွားရေးဖွံ့ဖြိုးရေးအင်ဂျင်ဟု သဘောထား လာနေသော ယနေ့အချိန်တွင် "အိတ်စပို့ သို့မဟုတ် ဒိုင်း" ဟူသော စကားသည်လည်း နိုင်ငံစီးပွားရေး ဖွံ့ဖြိုးရေးအတွက် ကုန်သွယ်ရေးကဏ္ဍကို ဆက်လက်အလေးထားရန် လိုအပ်နေဆဲဖြစ်ကြောင်း မီးမောင်းထိုးပြထားခြင်း ဖြစ်သည်။

လွန်ခဲ့သော ၁၆ ရာစု၊ ၁၇ ရာစုများကတည်းက မာကန်တဲလစ်ဇင်(Mercantilism) ဟုခေါ်သည့် ကုန်သည်ဝါဒဖြင့် နိုင်ငံချမ်းသာကြွယ်ရေးအတွက် လုပ်ဆောင်ခဲ့ကြဖူးသည်။ ကမ္ဘာ့စီးပွားရေး သမိုင်းတစ်လျှောက် စီးပွားရေးဖွံ့ဖြိုးမှု အယူအဆများ၊ နည်းလမ်းများတွင် ကုန်သွယ်ရေးသည် တစ်နည်းမဟုတ် တစ်နည်းဖြင့် ဆက်စပ် ပတ်သက်မှုရှိခဲ့သည်။ စုဆောင်းမှု၏အခန်းကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုများ၏အခန်းကဏ္ဍတို့ကို အသုံးပြု၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး နည်းလမ်းများကို လုပ်ဆောင်ရာတွင်လည်း ကုန်သွယ်ရေးကဏ္ဍကို ထည့်သွင်းစဉ်းစားခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး ကာလများ၌ ဖွံ့ဖြိုးဆဲနိုင်ငံအများစု၏ သွင်းကုန် အစားထိုးပေါ်လစီများဖြင့် စက်မှုနိုင်ငံတည်ဆောက်ရေးတွင် အခက်အခဲများ ကြုံတွေ့ခဲ့ပြီးနောက်ပိုင်းတွင်လည်း ပို့ကုန်ဦးစားပေး ပေါ်လစီကို ပြန်လည်အာရုံစိုက်လာခဲ့ကြသည်။ ၁၉၆၀၊ ၁၉၇၀ ပြည့်နှစ်ကာလ များက အရှေ့တောင်အာရှနိုင်ငံများ၏ အတွေ့အကြုံများတွင်လည်း အပြင်ကြည့် ပေါ်လစီ (Outward Looking Policy) ခေါ် ပို့ကုန် ဦးစားပေးပေါ်လစီသည် အထူးရေပန်းစားလာသည် ကိုတွေ့ခဲ့ရ၏။

မြန်မာ့နိုင်ငံရေးဘောဂကို လေ့လာရာတွင် ပို့ကုန်အလေးထားပေါ်လစီသည် မြန်မာ့စီးပွားရေး အဆောက်အအုံနှင့် မစိမ်းသည်ကို တွေ့ရလိမ့်မည်။ မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ခြေရာကောက်သည့်အခါလည်း ပို့ကုန်ကဏ္ဍကို ဦးစားပေးပေါ်လစီများ၊ မဟာဗျူဟာများအကြောင်း ရောက်လာတိုင်း ကမ္ဘာသိ မြန်မာ့စီးပွားရေး ပညာရှင် ဆရာကြီး ဒေါက်တာလှမြင့်၊ ဒေါက်တာရော်နယ်ဖင်လေးတို့ကို သတိတရရှိကြလိမ့်မည်။ ဆရာကြီးတို့၏ ရေးသားမှုများ၊ ဟောပြောမှုများကို ဖတ်ရှုရတိုင်း၊ နားထောင်ရတိုင်း ဂုဏ်ယူစိတ် ဖြစ်ရသကဲ့သို့ မြန်မာ့စီးပွားရေး အဆောက်အအုံအတွက် စိတ်မကောင်း ဖြစ်ကြရ၏။ မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နှမြောတသခံစားကြရလိမ့်မည်။ ဆရာကြီးတို့၏အိုင်ဒီယာအယူအဆများကို ကမ္ဘာက အသိအမှတ်ပြု၏။ နိုင်ငံများကလည်း လက်တွေ့ကျကျ ကျင့်သုံးခဲ့ကြ၏။ မြန်မာနိုင်ငံကမူ လိုက်နာကျင့်သုံးခြင်းမရှိခဲ့ပေ။ ၁၉၆၀ ပြည့်နှစ်များက ဖွံ့ဖြိုးတိုးတက်မှုအားဖြင့် မြန်မာနိုင်ငံ၏အနောက် ခပ်လှမ်းလှမ်းတွင်ရှိခဲ့သော မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်းကဲ့သို့ အရှေ့တောင်အာရှနိုင်ငံအချို့သည် မြန်မာနိုင်ငံသား စီးပွားရေး ပညာရှင်ကြီးများ၏ အတွေးအခေါ်၊ အယူအဆတို့ကို လက်တွေ့ကျင့်သုံး၍ ၎င်းတို့နိုင်ငံစီးပွားရေးအတွက် အားထုတ်ခဲ့ကြသည်။

အတိတ်ကို တမ်းတသတိရနေသည် မဟုတ်ပေ။ နိုင်ငံတကာကုန်သွယ်မှုကို အလေးထားရန် လိုအပ်ဆဲဖြစ်ကြောင်း ညွှန်းဆိုခြင်းဖြစ်သည်။ ယခုကဲ့သို့ ကိုဗစ်ကပ်ရောဂါ

ကြောင့် ဂလိုဘယ်လိုက်ဇေးရှင်းလှိုင်း မတည်ငြိမ်ဖြစ်နေချိန်တွင် ဖွံ့ဖြိုးဆဲနိုင်ငံတို့အနေဖြင့် ပြည်တွင်းစားသုံးမှုကို ဦးတည်၍ ထုတ်လုပ်မှုကဏ္ဍကို အာရုံစိုက်ရင်း နိုင်ငံတကာ တင်ပို့မည့် ကုန်စည်အရည်အသွေးမျိုး၊ နိုင်ငံတကာ စျေးကွက်ပေါက်စျေးနှင့် ကွာဟမှု မရှိသည့် စျေးနှုန်း အဆင့်မျိုးဖြင့် ထုတ်လုပ်နိုင်ရေးကို အားထုတ်လုပ်ဆောင်နေဖို့လိုပေသည်။ "ဒူးလောက်တင်မှ ရင်လောက်ကျသည်" ဟူသောစကားအတိုင်း ယခုကဲ့သို့ အခြေအနေမျိုး ဖြစ်နေချိန်ကတည်းက ကြိုတင်ပြင်ဆင်ထားနိုင်မှသာ စျေးကွက်ချိတ်ဆက်မိ၍ ပို့ကုန်တင်ပို့ခွင့်ရသည့်အခါ များစွာ အထောက်အကူရပေမည်။

ဒေသဆိုင်ရာလွတ်လပ်သော ကုန်သွယ်ရေးအုပ်စုများ ပေါ်ထွန်းလာခြင်းသည် ကမ္ဘာ့စီးပွားရေး နယ်ပယ်ထဲတွင် ကုန်သွယ်မှုအခန်းကဏ္ဍ ပိုမိုကြီးမားလာခြင်းကို ထပ်မံဖော်ပြနေပေသည်။ မည်သည့်အခြေအနေမျိုးပင်ဖြစ်ပါစေ ကုန်သွယ်ရေးအစီအစဉ် အမျိုးမျိုးအောက်တွင် နိုင်ငံများသည် ကိုယ်ကျိုးစီးပွားများအတွက် နည်းလမ်း အမျိုးမျိုးဖြင့် အားထုတ်နေကြသည်။ ထုတ်လုပ်မှုစွမ်းရည်မြှင့် တင်နေကြလိမ့်မည်။ ပို့ကုန်ပမာဏ အားကောင်းရေး ပြင်ဆင်နေကြလိမ့်မည်။ စျေးကွက်ဝေစု တိုးချဲ့နိုင်ရေး မပြတ်အားထုတ်နေကြလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ၂၁ရာစု ဂလိုဘယ်လိုက်ဇေးရှင်း စီးပွားရေး ဝန်းကျင်တွင်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများသည် အိတ်စပို့ သို့မဟုတ် ဒိုင်း အခြေအနေမျိုးကို ရင်ဆိုင်နေရသောကြောင့် ဖြစ်သည်။ ပို့ကုန်တင်ပို့နိုင်စွမ်းကျလေလေ နိုင်ငံ့စီးပွားရေးသည် အသက်ရှူမမှန် ဆန့်ငင်ဆန့်ငင် ဖြစ်လေလေပင်။

စောနိုင်(အသုံးချဘောဂဗေဒ)

ပညာလိုလား ကြိုးစားကြပါစို့

c:pEkdpdwfynm)

“ဉာဏ်ပညာ အသုံးချတတ်အောင်
စာများများ ဖတ်ကြမှ ဖြစ်မည်။
သို့မှသာလျှင် အမှန်မြင်ကြမည်”

“ဖတ်ရှုခြင်းက ပြည့်ဝစေသည်။

ဆွေးနွေးနှီးနှောတိုင်ပင်ခြင်းက အသင့်ဖြစ်စေသည်။

ရေးသားခြင်းဖြင့် တိကျမှုကို အလေ့အထရစေသည်။

သိချင်တယ်၊ စူးစမ်းတယ်၊ တွေးတယ်ဆိုတာ ပညာရဖို့ မျိုးစေ့ပါပဲ။”

ဖရန်ဆစ်ဘေကန်(၁၅၆၁-၁၆၂၆)

“လွန်ခဲ့သော နှစ်ပေါင်း ၆၇၀ ကျော် ၇၀၀ နီးပါးဆီက အင်းဝခေတ် စာဆိုအကျော် ဆရာတော် ရှင်မဟာရဋ္ဌသာရ (၁၄၆၈-၁၅၃၁)၏ ပညာရှာမှီးရာတွင် လိုက်နာကျင့်သုံး ရမည့်အချက် ရှစ်ချက်သည် ယနေ့ထိ ချီးကျူးအံ့ဩဖွယ်ရာ နည်းနာများပင် မဟုတ်ပေလော”

ရှင်မဟာရဋ္ဌသာရ

ဥရောပညာဏ်သစ်အရေးတော်ပုံ၏ ရှေ့ပိုင်းကာလတွင် ထင်ရှားကျော်ကြားသော အင်္ဂလိပ် အတွေးအခေါ်ပညာရှင် ဆာဖရန်ဆစ်ဘေကန်သည် တော်သည်။ ဉာဏ်အလင်း ပွင့်အောင် လမ်းညွှန်မီးတိုင်ထွန်းကိုင်ပြခဲ့သူတစ်ဦးလည်း ဆိုကောင်းဆိုနိုင်သည်။ အင်္ဂလိပ်စာပေတွင် သူ၏အဆိုအမိန့်များကို ဆိုရိုးစကားပမာ ကိုးကားရေးသားလေ့ရှိကြကြောင်းလည်း တွေ့ရ၏။

သူ့ထက် ရာစုခေတ်တစ်ခေတ်စာ နှစ်ပေါင်း ၁၀၀လောက်စောခဲ့ဖွားတော်မူပြီးရဟန်းစာဆိုအကျော်လည်း ဖြစ်တော်မူသော ရှင်မဟာရဋ္ဌသာရ၏ စာပေပို့ချသင်ကြားခြင်း အတွေ့အကြုံနှင့် ပညာရှာရာတွင် မရှိမဖြစ် အသုံးပြုရမည့် နည်းနာနိဿယကို ဖော်ပြရာ၌ ဘေကန်ထက်ပို၍ တိလည်းတိကျ၊ ပြည့်လည်းပြည့်စုံ၊ လက်တွေ့ကျ၍ ပိုပြီးထိရောက်သည့် နည်းစနစ်ကို ပိုမို၍ နှစ်သက်ဖွယ်ဖြစ်သည်ဟု စာရေးသူက ထင်မိသည်။

ဘေကန်သည် မျိုးကောင်းရိုးကောင်းသူကောင်းမြို့စား ဆွေကြီးမျိုးကြီးထဲမှ လန်ဒန် ရွှေမြို့တော်တွင် မွေးဖွားသကဲ့သို့ ရှင်မဟာရဋ္ဌသာရလောင်းလျာ မောင်မောက်သည်လည်း နန်းတော်တွင်းသို့ တံခါးမရှိ ဓားမရှိ ဝင်ထွက်ခွင့်ရသည့် မှူးကြီးမတ်ရာ ရာထူးကြီးမြင့်သူ၏ သားရတနာပင်ဖြစ်၏။ ဘေကန်က “ဆာ” ဘွဲ့ချီးမြှင့်ခံရသကဲ့သို့ ရှင်မဟာရဋ္ဌသာရသည်လည်း အင်းဝခေတ်မှာ ထင်ရှားကျော်ကြားသော မင်းဆရာသံဃာတော်တစ်ပါးပင်။

ဘေကန်သည် အရာရှိကြီး ဝန်ထမ်းဘဝတွင် အခိုက်မသင့်စွာ လာဘ်စားမှုဖြင့် နာမည်ပျက်ကာ အရေးယူခံရဖူး၏။ သိက္ခာကျရဖူး၏။ ဆရာတော် ရှင်မဟာရဋ္ဌသာရကား ပြစ်မှုပြစ်ဒဏ် တစ်စုံတစ်ရာ အပြစ်မဖြစ်ဖူးခဲ့ပေ။ မိမိထက် အသက်အားဖြင့်လည်းကောင်း၊ ရဟန်းဝါအားဖြင့်လည်းကောင်း၊ သက်တော်ဝါတော် ပိုကြီးသော ရှင်မဟာသီလဝံသကို မာန်မာနဖြင့် ယှဉ်ဖူးပြိုင်ဖူးသည်တော့ ရှိသည်။ သက်တော်ကြီးလာသောအခါ ထိုသို့ အသက်အရွယ်ငယ်ခဲ့စဉ်က ပညာမာနဖြင့် မောက်မာထောင်လွှားမိခဲ့သည်ကို ရိုကျိုးမာန်လျှော့ ကန်တော့တောင်းပန်ပါသည်ဟု ကဗျာထဲတွင် ပွင့်လင်းစွာ အပြစ်ချွတ်ယွင်းချက်ကို ဖော်ထုတ်ဝန်ခံရသည့် သံဃာတော်အရှင်မြတ်ဖြစ်သည်။ ပညာမုန်ယို၊ အရွယ်ပျိုကာ၊ မဆိုစလောက်၊ မာန်မောက်ခဲ့မိခြင်းကို ဆင်ခြင်သင်ခန်းစာယူနိုင်စွမ်း ရှိသည်ကပင် စိတ်ခွန်အား ကြီးမားမြင့်မြတ်ခြင်း လက္ခဏာအဖြစ် ထင်ရှား၏။

လွန်ခဲ့သော နှစ်ပေါင်း ၆၇၀ ကျော် ၇၀၀ နီးပါး ဆီက အင်းဝခေတ် စာဆိုအကျော် ဆရာတော် ရှင်မဟာရဋ္ဌသာရ (၁၄၆၈–၁၅၃၁)၏ ပညာရှာမှီးရာတွင် လိုက်နာကျင့်သုံးရ မည့်အချက် ရှစ်ချက်သည် ယနေ့ထိ ချီးကျူးအံ့သြဖွယ်ရာ နည်းနာများပင် မဟုတ်ပေလော။

“သု စိ ပု ဘာ၊ ဝိ လိ သိ ဓာ
အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို
သီကုံးပန်းသွင် နေ့တိုင်းဆင်လော့” တဲ့။

ထိုကဗျာစာလုံးများကို စာရေးဆရာ ရန်ကုန်ဘဆွေက မည်မျှနှစ်သက်စွဲလမ်းလေသလဲ ကြည့်ပါဦး။ ကဗျာရေးနည်း စာရေးနည်း သူ၏စာအုပ်အထူကြီး နှစ်အုပ်ကို ဤသို့စာအုပ်အမည်ပင် ပေးထားခဲ့ပါသေး၏။

၁။ “ပန်းသွင်သီကုံး၊ ရေးနည်းထုံးကား”
၂။ “သီကုံးပန်းသွင်၊ ရေးဖွဲ့ချင်သော်”

ရန်ကုန်ဘဆွေ

အတန်းကျောင်း လုံးဝမတက်ခဲ့ဖူးတဲ့၊ အစ်ကို က အိမ်မှာ သင်ပုန်းကြီး အခြေခံ ရေးတတ်၊ ဖတ်တတ်

“မရှိခဲ့သည်ကတော့
စည်းလုံး ညီညာမှုပင်
ဖြစ်၏။
တစ်ဗိုလ် တစ်မင်း
လုပ်ချင်သည်။
တစ်တော
တစ်ကြက်ဖ
တွန်ချင်သည်။
ကုန်းချောလျှင်
သွေးကွဲလွယ်သည်။
ခါးသက်သော
အမှန်တရားကို
တင်ပြရသည်ကိုတော့
စိတ်မသက်သာလှပါ”

ရုံမျှ သင်ပြခြင်းခံခဲ့ရသော လူပေလူတေ အိမ်ပြေး (အိမ်မှ နှစ်ကြိမ်တိုင်တိုင် ထွက်ပြေးပြီး လေလွင့်ခဲ့သူ) မောင်လှမောင်သွင်သည် နောင်အခါ ပန်းချီဆရာ၊ ဖက်ဆစ်တော်လှန်ရေးမှာ မြောင်းမြခရိုင် ခေါင်းဆောင်၊ စာရေးဆရာ၊ ပြဇာတ်ဆရာ ရန်ကုန်ဘဆွေ (၁၉၁၆–၁၉၈၆) အဖြစ် ထင်ရှားသူဖြစ်လာခဲ့သည်။ စာအုပ်စာပေထဲက ရှင်မဟာရဋ္ဌသာရ၏ ဆုံးမစာသည် ကျောင်းသင်ပညာ လုံးဝမနေခဲ့ရဘူးသော လူငယ်လေးကိုပင် အောင်မြင်သော စာရေးဆရာတစ်ဦး ဖြစ်လာအောင် နှစ်ပေါင်း ၆၀၀ ကျော်ကို ဖြတ်သန်းကျော်လွှား၍ ဖန်တီးနိုင်စွမ်း ရှိပေသည်။ စာပေအစွမ်း အံ့မခန်းလေ။ တစ်ခုတော့ရှိသည်။ ဆင်းဆင်းရဲရဲ ပေပေတေတေ ဘဝကို ဖြတ်သန်းခဲ့သော်လည်း ကိုလှမောင်သွင်သည် စာအုပ်ထဲက စာကို ဖတ်ရုံသက်သက် ဖတ်ခြင်းမဟုတ်။ ကြိုက်လျှင် ကျက်ရုံကျက်မှတ်ခြင်း မဟုတ်။ ဘဝထဲမှာ လက်တွေ့တကယ် လိုက်နာကျင့်သုံးသူဖြစ်၏။

သု – သုဏောယျ = ကြားနာ၊ လေ့လာ၊ ဖတ်ရှုရာ၏။
စိ – စိန္တေယျ = ကြံစည်တွေးတော စိတ်ကူးထုတ်ရမည်။
ပု – ပုaပäဇျ = မေးမြန်းရမည်။ သိအောင် ရှာဖွေရမည်။
ဘာ – ဘာသေယျ = ဆွေးနွေးရမည်။ တိုင်ပင်ရမည်။ အပြန်အလှန် သဘော ပေါက်အောင် ပြောဆိုရမည်။
ဝိ – ဝိစာရေယျ = စူးစမ်းရမည်။ သုတေသန ပြုရမည်။ ဖတ်ရုံမက စမ်းသပ် ဖော်ထုတ်ရမည်။ တွေ့ရှိချက်များအရ ဖော်ထုတ်ရမည်။ (တက္ကနည်းပညာ စနစ်တကျ သုံးရမည်)
လိ – လိခေယျ = ရေးမှတ်ရမည်၊ ရေးသားရမည်။
သိ – သိက္ခေယျ = လေ့ကျင့်ရမည်။ ကျွမ်းကျင်အောင် အခါခါ လေ့ကျင့်ရမည်။ တတ်မြောက်အောင် အကြိမ်ကြိမ် လက်တွေ့လုပ်ရမည်။
ဓာ – ဓာရေယျ = ဆောင်ရမည်။ ကျက်မှတ်ရမည်။ အလွတ် အာဂုံ ရအောင် ဆောင်ရမည်။

မြန်မာလို **"ကြားကြံမေး၊ ဆွေးစူးရေးလေ့ကျက် ဟူသော ရှစ်ချက်"** ဖြစ်ပေသည်။ လက်တွေ့လိုက်နာ ကျင့်သုံးသူများမှာမူ တကယ်ပင် ထူးခြားအောင်မြင်ခဲ့ကြသည်။ ရေတွက်၍ပင် မကုန်နိုင်ပါပေ။ ပညာသည်ကား သမုဒ္ဒရာထက်ပင် ကျယ်ပြောပေစွ၊ နက်ရှိုင်းပေစွ၊ ပညာကို လိုလားစွာ ကြိုးစားရပါမည်။

ပညာသမာ အာဘာနတ္ထိ။
ပညာနှင့်တူသော အလင်းရောင်သည် မရှိ။
နိတ္ထိသမံ ဝိဇ္ဇာ မိတ္တံ။
အသိဉာဏ်ပညာနှင့်တူညီသော မိတ်ဆွေဟူ၍ မရှိ။ ပညာဉာဏ်က အကောင်းဆုံး မိတ်ဆွေဖြစ်၏။

စည်းလုံးမှ အင်အား

ရှေးရှေးသော မြန်မာလူမျိုးများသည် လူဦးရေ သိပ်သည်းမှု အနည်းငယ်မျှနှင့် အင်္ဂလန်ကျွန်းထက်လည်း နှစ်ဆ၊ ဂျပန်နိုင်ငံထက်လည်း နှစ်ဆကျော် ပိုမိုကျယ်ဝန်းသော (အာဆီယံ ၁၁ နိုင်ငံတွင် ကျွန်းပေါင်းများစွာရှိသော အင်ဒိုနီးရှားမှအပ) ဒုတိယအကျယ်ဝန်းဆုံးသော နိုင်ငံဖြစ်၏။ ကမ္ဘာ့နိုင်ငံများ အရွယ်အစားအစဉ်တွင် မြန်မာနိုင်ငံသည် အလယ်အလတ်၏ အထက်ပိုင်းမှာရှိ၏။ လူဦးရေလည်း မျှတ၏။ နည်းလွန်းသော နိုင်ငံမျိုးမဟုတ်။ များလွန်းသော နိုင်ငံမျိုးလည်း မဟုတ်။ (အချို့က ဘာမသိ ညာမသိ။ မိမိနိုင်ငံကို နိုင်ငံငယ် နိုင်ငံငယ် ဟု ခေါ်ဝေါ်သုံးစွဲသတ်မှတ်နေကြ၏။ စင်ကာပူမည်မျှကျယ်၍ ဘရူနိုင်း မည်မျှ သာရှိသည်ဟု သိပုံမရပေ။ မြန်မာသည် မငယ်ပေ) ထိုက်သင့်သော နယ်မြေကျယ်ဝန်းမှု ရှိ၏။ ထိုက်သင့်သော လူဦးရေ ရှိပေ၏။

မရှိခဲ့သည်ကတော့ စည်းလုံးညီညာမှုပင် ဖြစ်၏။ တစ်ဗိုလ်တစ်မင်းလုပ်ချင်သည်။ တစ်တောတစ်ကြက်ဖ တွန်ချင်သည်။ ကုန်းချောလျှင် သွေးကွဲလွယ်သည်။ ခါးသက်သော အမှန်တရားကို တင်ပြရသည်ကိုတော့ စိတ်မသက်သာလှပါ။

ဤကဲ့သို့ သဘောထားနုခြင်း၊ စိတ်ထားမရင့်ကျက်ခြင်းသည် မေတ္တာအင်အား နည်း၍ ဒေါသမာနလွန်ကဲခြင်းကြောင့်ပင် ဖြစ်၏။ မိမိကိုယ်ကို အထင်ကြီး၏။ ဘဝမြင့်၏။ သူတစ်ပါးကို အထင်သေး၏။ ပူးပေါင်း ဆောင်ရွက်လိုစိတ် သိပ်မရှိ။ ငါပြောတာ နားထောင်၊ ငါပဲ ခေါင်းဆောင်။ ဗိုလ်လုပ်ချင်၏။ ဗိုလ်ကျချင်၏။ ထင်ရှားအောင် သာဓကဆောင်ပါရစေ။

သခင်သန်းထွန်း၊ သခင်စိုးမှမဟုတ် သခင်နုလည်း လက်နက်ကိုင်ပုန်ကန်ပြီး အာဏာယူ၍ ရလိမ့်မည် ထင်ခဲ့သေး၏။ စမ်းကြည့်သေး၏။ ပြည်တွင်းပဋိပက္ခများသာ ရေရှည်လာခဲ့ရလေ၏။

ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဇေယျ(ဗကပ)

ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လက်ျာ(ပြည်ပြေး)

ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ကျော်ဇော(ဗကပ)

အသက် ၂၀ ဝန်းကျင်က လွတ်လပ်ရေးအတွက် အသက်စွန့်၍ ကြိုးပမ်းခဲ့ကြသော လူငယ်များဖြစ်ကြပါသော်လည်း နိုင်ငံရေးဝါဒလမ်းစဉ်နှင့် အာဏာရယူရေးအတွက် လွဲမှားစွာပဲ လက်နက်ကိုင်ပဋိပက္ခကို သေသည်ထိ ဖက်တွယ်သွားခဲ့ကြ၏။ အစွဲအလွဲကြောင့် ပေးဆပ်ရသော သွေးစက်များ၊ အစွဲများခြင်း၊ လွဲမှားခြင်းသည် ပွင့်လင်းစွာ သုံးသပ်ဝေဖန်ရလျှင် ဥဏှာအမြော်အမြင် နည်းခြင်းသာပင်။ နိုင်ငံလူမျိုး ကောင်းကျိုးရှေးရှုကာ ကမ္ဘာကြည့် ကြည့်မြင်နိုင်ပါစေ။

အနာဂတ်ခရီး

လာမည့်ရှေ့နှစ် ၂၀၊ ၃၀ အနာဂတ်ကို ကျေးဇူးပြု၍ မြော်ခေါ်ကြည့်လိုက်ပါ။ ဘာမြင်ရသလဲ။

ပညာခေတ်ဖြစ်နေသည်။ နည်းပညာခေတ်ဖြစ်ပေသည်။ အနောင့်အယှက်၊ အဖျက်အမှောက်၊ အတားအဆီး၊ အခက်အခဲ ဘာပဲတွေ့ရတွေ့ရ အာရုံသည် နိုးထလာခဲ့ပြီ။ ကြွယ်ဝ

ချမ်းသာသော အနာဂတ်တစ်ခုဆီသို့ အရှိန်အဟုန်ပြင်းစွာ ပြေးလွှားရွေ့လျားနေပြီကို သတိထားကြည့်လိုက်ပါ။ အာရှတိုက်၏ ထိပ်တန်းအဆင့် စီးပွားရေးကောင်းမွန်သော အောက်ပါခုနစ်နိုင်ငံက "အာရှ ၂၀၅၀" မျှော်မှန်းချက်ကို ဦးဆောင် အကောင်အထည်ဖော်ကြပါလိမ့်မည်။ စိတ်ကူးယဉ်မဟုတ်၊ လက်တွေ့မျက်မြင် စီးပွားရေးအရှိန်ကောင်းကောင်းနှင့် လျင်မြန်စွာ ပြိုင်မြင်းများ ပြေးနေသကဲ့သို့ ချီတက်နေသည့် (ကိန်းဂဏန်းဒေတာများကို ကြည့်စေလို) အခြေအနေကို သတိပြုပါ။

၁။ တရုတ်

၂။ အိန္ဒိယ

၃။ အင်ဒိုနီးရှား

၄။ ဂျပန် (မြန်မာထက်နယ်မြေငယ်၏)

၅။ တောင်ကိုရီးယား (မြန်မာထက်နယ်မြေငယ်၏)

၆။ ထိုင်း (မြန်မာထက်နယ်မြေငယ်၏)

၇။ မလေးရှား (မြန်မာထက်နယ်မြေငယ်၏)

ဂျပန်၊ ကိုရီးယား၊ ထိုင်းနှင့် မလေးရှားတွင် လွန်ခဲ့သော အတိတ် ဆယ်စုနှစ်မှာ လက်နက်ကိုင်ဆူပူသူပုန် မရှိခဲ့ချေ။ မြန်မာက သောင်းကျန်းသူလက်နက်ကိုင်များ မီးရှို့ခြင်းနှင့် ရှေ့တက်မလာနိုင်ခဲ့။ မြင်ကြပြီလား။

ဉာဏ်ပညာအသုံးချတတ်အောင် စာများများ ဖတ်ကြမှ ဖြစ်မည်။ သို့မှသာလျှင် အမှန်မြင်ကြမည်။

လက်နက်ကိုင်ပုန်ကန်ခြင်း နည်းသည် နိုင်ငံရေးအရ မည်သို့မျှ ဆက်လက်ဖြေရှင်း၍ မရမှသာ ကျင့်သုံးရသည်မဟုတ်လား။ ထပ်ကာထပ်ကာ မမှားမိအောင် ရှောင်စရာသင်ခန်းစာများ။

ရွေးချယ်စရာ အခြေအနေများ ရခဲ့ဖူး၏။

ဖြစ်နိုင်ဖွယ်ရှိသော နည်းလမ်းများ ရှိခဲ့ဖူး၏။

စစ်ကို ရှောင်လွှဲနိုင်သည့် အခွင့်အရေးများပေးခဲ့ဖူး၏။

ပစ်ပယ်ခဲ့၏။ ပညာဆိုသည်ကား အမှန်အမှား၊ အကောင်းအဆိုး၊ အကြောင်းအကျိုး၊ အရင်းအဖျား စသည်တို့ကို ဝေခွဲပိုင်းခြား၍ အမှန်ဆုံး၊ အကောင်းဆုံးကို သိမြင်နိုင်စွမ်းရှိခြင်းမဟုတ်ပါလား။ ပကတိ အခြေအနေမှန်ကို မြင်ကွင်းကျယ် သိမြင်ပါစေ။

ပြည်ပက မှိုင်းတိုက်သမျှ အဟုတ်ထင်၏။

သူတစ်ပါးက မြောက်ပင့်သည်နှင့် ဘဝင်မြင့်၏။

ဘေးလူက သွေးခွဲစကားဆို၍ သွေးကွဲတော့၏။

ပညာနှင့်သာ ချင့်ချိန်ပါ။

သင်ခန်းစာ

ဤမြေအတူနေ၊ ဤရေအတူသောက်၊ ဤအမိုးတစ်မိုးအောက်တွင် အတူမွေးဖွားခဲ့ကြသော သွေးချင်းသားချင်းများထက် ဟိုအဝေးက ဘယ်သူဘယ်ဝါသည် ပို၍ ကောင်းကျိုး

တကယ်ဆောင်ပါမည်နည်း။

သွေးကွဲသော အလွဲများကြောင့် ဆယ်စုနှစ်များစွာ မိမိတို့ မငြိမ်းချမ်းသဖြင့် မတည်ဆောက်နိုင်ခဲ့သော နှစ်ကာလများတွင် ပတ်ဝန်းကျင်နိုင်ငံများဝယ် နတ်ဘုံနတ်နန်းသဖွယ် တိုးတက်ဖွံ့ဖြိုးသွားခဲ့ကြပြီကို မြင်တွေ့နေကြရပြီ မဟုတ်လား။

အကောင်းအဆိုး၊ အကျိုးအပြစ်ကို ပညာဉာဏ်ဖြင့် သင့်၊ မသင့် ရွေးချယ်ဆုံးဖြတ် နိုင်မည်ဆိုပါက ယနေ့သည်လည်းနောက်မကျသေးပါ။ နည်းပညာခေတ်က မြန်ဆန်၏။

ပညာနှင့် ကိုယ်ကျင့်တရားသည် ကွဲပြားခြားနား၏။

ပညာသည် အသိဉာဏ်ရင့်သန်မှု၊ သိမြင်နားလည်မှု။

ကိုယ်ကျင့်တရားသည် စောင့်စည်းထိန်းသိမ်းနိုင်မှု။

အကျိုးအပြစ်ဖြစ်လာမည့် အကျိုးဆက်ကို သိမြင်နားလည်ပြီး (စိတ်ကို ချိုးနှိမ်ဆုံးမကာ အလိုမလိုက်ဘဲ) စိတ်ကို ကြည်လင်တည်ငြိမ်အောင် ထိန်းကျောင်းနိုင်မှုဖြစ်၏။

ပညာမြင့်သော် ကိုယ်ကျင့်ကောင်းစေသည်။ သီလမှာ အညစ်အကြေးထင်သော် တစ်ဖက်က ပညာရေဖြင့် ဆေးပေးရသည်။

ကိုယ်ကျင့်ဖြူစင်သော် သမာဓိအားရှိသောကြောင့် မြော်ခေါ်သိမြင်စေသည်။ ထို့ကြောင့် သီလပြည့်စုံသူသည် အသိဉာဏ်ပညာကိုပါ မြင့်မားစေလေသည်။ အပြန်အလှန် အကျိုးပြုပုံ။

ဆက်နွယ်မှု

သီလ၊သမာဓိ၊ပညာဟူသောသိက္ခာသုံးပါးသည် တစ်ခုနှင့်တစ်ခု ဆက်နွယ်၍ အကျိုးပြုနေကြ၏။

ကောက်ကျစ်ညစ်ပတ်သော ပြည်ပအကျင့်ဆိုးရှိသူတို့၏ ဖျက်ဆီးနှောင့်ယှက် အစီအမံတို့ကို လျှပ်ပေါ်လော်လည်သော အကျင့်သိက္ခာမဲ့သူတို့က အလိုတူအလိုပါ ပေါင်းစပ်၍ နိုင်ငံတော်ကို ပြိုကွဲမွဲတေ ပျက်စီး

"အကောင်းအဆိုး၊ အကျိုးအပြစ်ကို ပညာဉာဏ်ဖြင့် သင့်၊ မသင့် ရွေးချယ် ဆုံးဖြတ်နိုင်မည် ဆိုပါက ယနေ့သည်လည်း နောက်မကျသေးပါ။ နည်းပညာခေတ်က မြန်ဆန်၏"

အောင် လုပ်ဆောင်ခဲ့ခြင်းများသည် ကျွန်ုပ်တို့လူမျိုး၏ သီလရှိခြင်း၊ စိတ်ရှည်သည်းခံခြင်း၊ မေတ္တာရှေးရှုခိုက်ရန်ပြန်မပြုခြင်း၊ ဖြောင့်မှန်ခြင်း တန်ခိုးစွမ်းအားများကြောင့် ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ မကြာမီကာလတွင် ပါပဂြိဟ် နိမိတ်ဆိုး၊ အရိပ်ဆိုး၊ အညှဉ်းကာလတို့မှ ကင်းစင်လွင့်ပျောက် ချမ်းသာတိုးတက်ခြင်းသို့ ရောက်ကြပါလိမ့်မည်။ ခေတ်သစ် ၂၁ ရာစု အာရှခေတ်ကောင်းမှာ မိမိတို့ နောက်ကျမကျန်စေရပါ။

နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့သည် ပညာဥာဏ်အမြင် ဆင်ခြင်တုံတရား ရှေ့ထား၍ စဉ်းစားသုံးသပ်ကြပါကုန်။ ပညာ၏တန်ခိုးစွမ်းအားသည် အလွန်တရာကြီးမား၏။ ပညာစွမ်းအားကို အသုံးပြုကြစေလို၏။

သီလတန်ခိုးသည်လည်း အထူးပင် ထိရောက်၏။

လာမည့်ဘေး ဝေးစေမည်။

တိုက်မည့်ခလုတ် မြုပ်စေမည်။

ကပ်ဆိုး၊ ဘေးဆိုး၊ အန္တရာယ်ဆိုး၊ ရန်စွယ်အမျိုးမျိုးကို မိမိတို့၏ စိတ်ကောင်း၊ စိတ်မြတ် သီလစွမ်းအားဖြင့် ငြိမ်းချမ်းသာယာသော နိုင်ငံတော်ကြီးကို ဝပြောစည်ပင် ပျော်ရွှင်တိုးတက်အောင် စွမ်းဆောင်နိုင်ကြပါလိမ့်မည်။ ကောင်းရာမှန်ရာကိုသာ တွေးပါ။

နိဂုံး

သီလနှင့် ပညာပြည့်စုံကြစေရန်သာ မိမိတို့ကိုယ်စီ ကိုယ်စီ တစ်ဦးချင်းက စိတ်ရောကိုယ်ပါ လိုက်နာကျင့်သုံးလိုက်ကြပါက ထူးခြားစွာ ပြောင်းလဲနိုင်သည်။ အောင်မြင်သည်ကို မျက်မြင်မုချတွေ့မြင်ကြရပေမည်။

ပညာပြည့်ဝ နှလုံးလှကြပါစေ။

သီလဝသော စေတော ပဏိမိ ဝိသုဒ္ဓတ္တာ။

သီလဖြူစင်သူအား ကြံစည်သမျှ အောင်မြင်ရသည်သာ။

ချစ်နိုင်(စိတ်ပညာ)

လွတ်လပ်သည့် အရည်အသွေးမြင့် ရန်ကုန်တက္ကသိုလ်ဆီသို့

(ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့်လွန် ဂုဏ်ပြုဆောင်းပါး)

a'gufwmarmifbif

“ယနေ့ခေတ်လို “တက္ကသိုလ် ဝင်ခွင့် ရွေးချယ်ရေးအဖွဲ့” က
ရွေးချယ်ပေးသမျှ
လက်ခံသင်ကြားရတာမျိုး မဖြစ်သင့်ပါ။
နိုင်ငံတကာမှာလို
ကိုယ့်ကျောင်းသားကို
ကိုယ့်တက္ကသိုလ်က
ရွေးချယ်သည့် စနစ်သာ အကောင်းဆုံးပါ”

]] ရန်ကုန် တက္ကသိုလ်သည် သမိုင်းကြောင်းအရ မြန်မာ့ လူ့အဖွဲ့အစည်း၏ တစ်ချိန်က အဓိက တောင်းဆိုမှု ဖြစ်သည့် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုတွင် ထိပ်ဆုံးမှ ပါဝင်ခဲ့ပေသည်။ ထိုသမိုင်းရေးရာ အစဉ်အလာ ကောင်းကို ဆက်လက် ထိန်းသိမ်းရင်း...}}

မြန်မာ့လွတ်လပ်ရေး သန္ဓေကိုစတင် တည်ပေးခဲ့သည့် ရန်ကုန်တက္ကသိုလ်သည် ဘဝလှိုင်း ဒဏ် အမျိုးမျိုးကို ကြံ့ကြံ့ခံရင်း ရာပြည့်ကို ကျော်၍ တစ်နှစ်ကျော်ကျော်ပင် စွန်းခဲ့ပါပြီ။ ၁၉၂၀ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့က ဖွင့်ရန် စီစဉ်ခဲ့ပါသည်။ ဖွင့်ပွဲ အခမ်းအနား ကျင်းပခဲ့သည့် မှတ်တမ်း စာရေးသူ မတွေ့မိပါ။ ဖွင့်ပွဲ ကြေညာရမည့် ရက်မတိုင်မီ နှစ်ရက် အလိုတွင် ဥပဒေကို ကျောင်းသားများ သပိတ်မှောက်ခဲ့ ကြပါသည်။ ထိုသပိတ်ကြောင့် မြန်မာ့လွတ်လပ်ရေး ရောင်နီစတင်သန်းခဲ့ပါသည်။ ကျွန်ဘဝတွင် ထိုင်းမှိုင်း နေသည့် မြန်မာတိုင်းရင်းသားများ၏ ဦးနှောက်ကို အမျိုးသားရေးအလင်းရောင် စတင်ထွန်းညှိပေးခဲ့ခြင်း ပါ။ ထိုအလင်းရောင်မှတစ်ဆင့် တက္ကသိုလ်ကျောင်းထွက် များ ဦးဆောင်သည့် အမျိုးသားကျောင်းများ ပေါ်ထွန်း လာကာ လွတ်လပ်ရေးခေါင်းဆောင် မျိုးဆက်များ မွေးဖွားပေးခဲ့ပါသည်။ ထိုပုဂ္ဂိုလ်များက ဦးဆောင်ကာ မြန်မာ့လွတ်လပ်ရေးကို တိုက်ယူခဲ့သည်။ ထိုအချိန်က မြန်မာတိုင်းရင်းသားများ၏ ရင်တွင်းမှ တောင်းဆိုချက် သည်ကား "လွတ်လပ်ရေး" ပင် ဖြစ်ပါသည်။ ကျွန်ဘဝ ရောက်နေသည့် မြန်မာ့လူ့အဖွဲ့အစည်း၏ သခင်မြန်မာ တိုင်းရင်းသား ဘဝ ပြန်လည်ရောက်ရှိရေးဆန္ဒကို ရန်ကုန်တက္ကသိုလ်က ရှေ့ဆုံးမှ တိုက်ပွဲဝင် ဖြည့်ဆည်း ခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ်က ရာပြည့်ပွဲတော်ကြီးကို ကိုဗစ်ကပ်ရောဂါကြားမှ စာတမ်းဖတ်ပွဲများ၊ ပျော်ပွဲရွှင်ပွဲ များ၊ အာစရိယပူဇော်ပွဲများ၊ မိတ်ဆုံစားပွဲများ၊ ရာပြည့် မဂ္ဂဇင်းများ၊ စာစောင် ထုတ်ဝေမှုများ ပါဝင်ခဲ့သည်။ ရာပြည့်ပွဲနီးသည့် အချိန်တွင် စာစောင်များ၊ သတင်းစာ များတွင် ဆောင်းပါး အစုံစုံ အဖုံဖုံကို တွေ့ရ ဖတ်ခဲ့ ရသည်။ ပျော်ကြ၊ ရွှင်ကြ၊ လွမ်းကြတဲ့ အကြောင်းတွေက အဓိကပါ။ တချို့သောသူများ၏ ရန်ကုန်တက္ကသိုလ် ပညာရေးနိမ့်ကျသည်ကို အပြစ်တင်ကြတာလည်း ပါသေးသည်။ ပျော်ကြ၊ ရွှင်ကြ၊ အတိတ်ကိုလွမ်းနေ၊ အပြစ်တင်နေ ကြရုံဖြင့် မပြီးသေးပါ။ ဆက်၍ နိုင်ငံနှင့် တက္ကသိုလ် ဖွံ့ဖြိုးတိုးတက်ရေး ခရီးစဉ်က ရှိပါသေး

သည်။ နိုင်ငံတကာ တက္ကသိုလ်အဆင့်သို့ ရောက်ရန်လည်း ကြိုးပမ်းရပေဦးမည်။

သို့ပါ၍ ရာပြည့်အလွန် ရန်ကုန် တက္ကသိုလ်ကို ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရန် မည်သို့ ပြန်လည်ထူထောင်ကြမည် ဆိုတဲ့ ဆွေးနွေးမှု၊ ရေးသားမှု၊ အကြံပြုမှုတွေ၊ စီစဉ်ထားမှု ရှိရပါလိမ့်မည်။ ထို့အတူ နိုင်ငံဖွံ့ဖြိုးမှု မည်သို့ ဆောင်ရွက်မည်၊ နိုင်ငံတစ်လွှား အမြဲပေါ်ပေါက် လျက်ရှိသည့် ငြိမ်းချမ်းရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး ကဏ္ဍများ၏ စိန်ခေါ်မှုများနှင့် ပြဿနာများအပေါ် ပညာစွမ်းအားဖြင့် နိုင်ငံတကာတက္ကသိုလ်များကဲ့သို့ မည်သို့ ပါဝင်ရင်ဆိုင် ဖြေရှင်းမည် ဆိုသည်တို့ ပါဝင်ရပါမည်။ ရန်ကုန်တက္ကသိုလ်သည် သမိုင်းကြောင်း အရ မြန်မာ့လူ့အဖွဲ့အစည်း၏ တစ်ချိန်က အဓိက တောင်းဆိုမှုဖြစ်သည့် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုတွင် ထိပ်ဆုံးမှ ပါဝင်ခဲ့ပေသည်။ ထိုသမိုင်းရေးရာ အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းရင်း ယနေ့နိုင်ငံဖွံ့ဖြိုးရေးတွင် ကြုံတွေ့ရမည့် စိန်ခေါ်မှုများတွင်လည်း ရှေ့တန်းက ပါဝင်သင့်ပါသည်။ ရာပြည့်ပွဲတော်တွင် ရန်ကုန်တက္ကသိုလ် စဖွင့်သည့် အချိန်မှ သည် ၁၉၆၄ ခုနှစ် အထိ နိုင်ငံတကာတွင် ကျင့်သုံးနေသည့် အော်တိုနိုမတ် တက္ကသိုလ် အကြောင်းနှင့် တစ်ကျော့ပြန်လည် ထွန်းကားအောင် မည်သို့ဆောင်ရွက်သင့်ကြောင်း မပါဝင်ပေ။ အရေးကြီးဆုံးအချက်က ရန်ကုန်တက္ကသိုလ်၏ အက်ဥပဒေကို ပြန်လည်ရေးဆွဲ နေသည် သို့မဟုတ် စီစဉ်နေသည် ဆိုတာလည်း မတွေ့ရပါ။ ရန်ကုန်တက္ကသိုလ်သည် ၁၉၂၀ ပြည့်နှစ် ကိုယ်ပိုင် ဥပဒေဖြင့် စတင်ဖွင့်လှစ်ခဲ့တာပါ။ ၁၉၆၄ ခုနှစ်မှာတော့ ထိုဥပဒေကို ရုပ်သိမ်းခဲ့ပါသည်။ နှစ် ၆၀ ခန့် ရှိပါပြီ။ အမျိုးသား ပညာရေး ဥပဒေ (၂၀၁၄) ကလည်း တက္ကသိုလ် ဥပဒေရေးဆွဲခွင့် ပြုခဲ့ပါပြီ။ သို့ပါ၍ ယနေ့ မြန်မာတက္ကသိုလ် ပညာရေးတွင် ရှေ့ဆုံးက ဆောင်ရွက်ရမည့် အချက်သည် ရန်ကုန်တက္ကသိုလ် အပါအဝင် မြန်မာတက္ကသိုလ် များတွင် တက္ကသိုလ် အက်ဥပဒေ ကိုယ်စီ ပေါ်ထွန်းရေးပင် ဖြစ်ပါသည်။

ရန်ကုန်တက္ကသိုလ် ဥပဒေ ရေးဆွဲမည်ဆိုလျှင် စီမံခန့်ခွဲရေးနှင့် ပတ်သက်၍ အခြေခံ အချက် နှစ်ချက်ကို ထိပ်ဆုံးက စဉ်းစားရေးဆွဲရပါလိမ့်မည်။

(က) ယနေ့လို အစိုးရ၏ လက်အောက်ခံ တက္ကသိုလ် သို့မဟုတ် ဗဟိုထိန်းချုပ်ခံ တက္ကသိုလ် အဖြစ် ဆက်လက်ရပ်တည်မှာလား သို့မဟုတ် ...

(ခ) တက္ကသိုလ်ပညာရှင်များသာ လွတ်လပ်စွာ စီမံခန့်ခွဲခွင့်ရ တက္ကသိုလ်အဖြစ် ရေးဆွဲ ကြမလား ဟူသည်တို့ကို စဉ်းစားလိုပေသည်။ ကမ္ဘာတစ်လွှား အောင်မြင်နေသည့် တက္ကသိုလ်များသည် ဒုတိယအမျိုးအစားဖြင့် မိမိတို့တက္ကသိုလ်ကို စီမံခန့်ခွဲကြသည်။

သမိုင်းထဲက လွတ်လပ်စွာ စီမံခန့်ခွဲခွင့်ရ ရန်ကုန်တက္ကသိုလ်

၁၉၂၀ ပြည့်နှစ်မှာ ရန်ကုန်တက္ကသိုလ်ကို စတင်ဖွင့်လှစ်မယ်လုပ်တော့ အဲဒီအချိန်က နိုင်ငံတကာတက္ကသိုလ်ကြီးတွေရဲ့ ရည်မှန်းချက် (၄) ရပ်ကို အခြေပြုပြီး ဖွင့်လှစ်ခဲ့တာပါလို့ ဆိုကြပါသည်။

၁။ ကမ္ဘာက လက်ခံထားသည့် နည်းစနစ်အတိုင်း သင်ကြားပို့ချမှုနှင့် လေ့လာမှုရှိ၍ ကျောင်းသားများ အတူတကွ နေထိုင်သော လူမှုဆက်ဆံရေးလောက ရှိခြင်း၊

၂။ ပညာရေး သက်သက် ကိစ္စရပ်များတွင် ပညာရေးသမားများသာ ပါဝင်သည့် အဖွဲ့အစည်းက ဆုံးဖြတ်စီစဉ်ကာ အုပ်ချုပ်ရေး အဖွဲ့အစည်းတွင် ပညာရေးသမားများနှင့် ပညာရေးသမား မဟုတ်သူများ ပါဝင်နိုင်သော တက္ကသိုလ် ဖွဲ့စည်းပုံ ဥပဒေရှိခြင်း၊

၃။ အုပ်ချုပ်ရေးနှင့် ပညာရေးဆိုင်ရာ အဖွဲ့အစည်းများသည် တန်ခိုးအာဏာနှင့် လုပ်ငန်းများတွင် လုံလောက်စွာ ဖြန့်ဖြူး ခွဲဝေမှုနှင့် ဆက်သွယ်မှုရှိခြင်း၊

၄။ တက္ကသိုလ်ရေးရာများကို အစိုးရလက်အောက်တွင် သီးခြားကင်းလွတ်သည့် အဖွဲ့အစည်း တစ်ရပ်အနေဖြင့် ဆောင်ရွက်ခွင့် ရှိခြင်း တို့ ဖြစ်ပါသည်။

တက္ကသိုလ်စတင်တည်ထောင်သူတို့က ရန်ကုန်တက္ကသိုလ် အက်ဥပဒေနှင့် ဖွဲ့စည်းပုံသည် ဤမူ (၄) ရပ်နှင့် ကိုက်ညီသည်ဟု ဆိုကြပါသည်။ အထက်ပါ အကြောင်းအရာများသည် ဆရာကြီး ဒေါက်တာညီညီ၏ "ရန်ကုန်တက္ကသိုလ် နှစ် ၄၀ ခရီး (၁၉၂၀ – ၁၉၆၀)" တွင် ပါရှိသည့် အော်တိုနိုမတ် ရန်ကုန်တက္ကသိုလ်အကြောင်း ဖြစ်ပါသည်။ အထက်ပါ မူ (၄) ရပ်အနက်မှ အမှတ် (၂) (၃) (၄) တို့သည် ယနေ့ နိုင်ငံတကာ တက္ကသိုလ်တိုင်းတွင် ကျင့်သုံးနေသည့် အခြေခံမူများ ဖြစ်ပေသည်။

အော်တိုနိုမတ်တက္ကသိုလ် ဆိုတာ

၁၉၂၀ ပြည့်နှစ် အက်ဥပဒေဖြင့် ဖွင့်လှစ်ခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ကို "အော်တိုနိုမတ် တက္ကသိုလ်" (Autonomous University : Auto = Self, Nomos = Law, having a Self–Governance) တစ်ခုအဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။ "ပညာရှင်များသာ လွတ်လပ်စွာ စီမံခန့်ခွဲခွင့်ရ တက္ကသိုလ်" ဟု မြန်မာမှုပြုလျှင် အဆင်ပြေလိမ့်မည်ထင်ပါသည်။ လွတ်လပ်သည့် တက္ကသိုလ်ဆိုတာ ဗဟိုချုပ်ကိုင်မှု သို့မဟုတ် အစိုးရ ထိန်းချုပ်မှု လွတ်ကင်းသည့် တက္ကသိုလ် ဖြစ်ပါသည်။ ယနေ့ ကမ္ဘာအဆင့်မီ တက္ကသိုလ်များ၏ လွတ်လပ်စွာ စီမံခန့်ခွဲမှုတွင် –

(၁) သင်ကြားရေး လွတ်လပ်မှု (Academic Autonomy)

(၂) လွတ်လပ်စွာ ဘဏ္ဍာငွေ ရှာဖွေသုံးစွဲမှု (Financial Autonomy)

(၃) လွတ်လပ်သော ဖွဲ့စည်းပုံနှင့် စီမံခန့်ခွဲမှု (Organizational Autonomy)

(၄) လွတ်လပ်စွာ ဝန်ထမ်း စီမံခန့်ခွဲမှု (Staffing Autonomy) ဟူ၍ အဓိက ပါဝင်ပါသည်။ ထိုကဲ့သို့ အော်တိုနိုမီ တက္ကသိုလ်မျိုးကို ရန်ကုန်တက္ကသိုလ် သမိုင်းတွင် နှစ်ပေါင်း ၄၀ ကျော် ကြာသည့်တိုင်အောင် ကျင့်သုံးခဲ့ပါသည်။ ယခုလို ရာပြည့်အကျော်တွင် ကမ္ဘာ့အဆင့်မီ တက္ကသိုလ်များကဲ့သို့ တူတူတန်တန် ရပ်တည်နိုင်ရန်အတွက် လွတ်လပ်သည့် အော်တိုနိုမီ တက္ကသိုလ်အဖြစ် ပြန်လည်ကျင့်သုံးရန် အချိန်တန်ပါပြီ။

၁။ သင်ကြားရေး လွတ်လပ်မှု

သင်ကြားရေးလွတ်လပ်မှုတွင် သင်ကြား သင်ယူမှု၊ သုတေသနနှင့် နိုင်ငံတကာ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ ပါဝင်ပါသည်။ သင်ကြားသင်ယူမှုတွင်

(က) ပညာရပ် သင်ကြားခွင့်

မိမိတက္ကသိုလ်မှာ မည်သည့် ဘာသာရပ်တွေ သင်မယ်ဆိုတာကို ကိုယ့် တက္ကသိုလ် အတွင်းရှိ ပါမောက္ခများဖြင့် ဖွဲ့စည်းထားသည့် ပညာရေးအဖွဲ့ သို့မဟုတ် ဆီးနိတ် (Senate) ကသာ ဆုံးဖြတ်ရပါသည်။ သင်ကြားသည့် ဘာသာရပ်၏ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာကိုလည်း သက်ဆိုင်ရာဌာန၏ ပါမောက္ခကသာ ဆုံးဖြတ်ပါသည်။ ယခုလို တစ်တိုင်းပြည်လုံး တက္ကသိုလ်များအတွက် သင်ရိုးညွှန်းတမ်း ညှိနှိုင်းရေးအဖွဲ့ (Board of Studies = BOS) က ညှိနှိုင်းဆုံးဖြတ်တာကိုသာ သင်ရမည်ဆိုတာမျိုး မဟုတ်ပါ။ ပြဋ္ဌာန်းစာအုပ် မရှိပါ။ ကိုးကားစာအုပ်၊ ရည်ညွှန်းစာအုပ်သာ ရှိပါသည်။ တစ်အုပ်မကပါ။ အများကြီးပါ။ တစ်တိုင်းပြည်လုံးရှိ တက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်းသည် ကျွန်တော်တို့ဆီမှာလို တူစရာမလိုပါ။ ရည်ညွှန်းစာအုပ် တစ်အုပ်တည်းကိုင်ပြီး တစ်တိုင်းပြည်လုံး သင်ကြားနေခြင်းသည် အခြေခံပညာအထက်တန်းကျောင်းနှင့် အတူတူပင် ဖြစ်ပါသည်။ သင်ရိုးညွှန်းတမ်း လွတ်လပ်မှု ကင်းခြင်းပါ။ ဆရာသည် ကိုးကားစာအုပ်၊ ရည်ညွှန်းစာအုပ်အများကြီးထဲမှ သက်ဆိုင်ရာအတန်း၊ အဆင့်နှင့် သင့်တော်တာ၊ ကိုက်ညီတာကို ထုတ်နုတ်သင်ကြားပေးပါသည်။ ခေတ်အမီဆုံး စာအုပ်များ၊ သုတေသန ဂျာနယ်များကို ကိုးကားသင်ကြားပေးနေတာမျိုးသာ ဖြစ်ရန် လိုပါလိမ့်မည်။

(ခ) ကျောင်းသားရဲ့ ရွေးချယ်ခွင့်

ယခု တစ်ပြည်လုံးရှိ တက္ကသိုလ်များအတွက် "တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရေးအဖွဲ့" က ရွေးချယ်ပေးသမျှ တက္ကသိုလ် သို့မဟုတ် အထူးပြုဘာသာရပ်တွေကို ကျောင်းသားက တက်ရသင်ရပါတယ်။ ကိုယ်ကြိုက်တဲ့

]] မိမိတက္ကသိုလ်မှာ မည်သည့် ဘာသာရပ်တွေ သင်မယ်ဆိုတာကို ကိုယ့်တက္ကသိုလ် အတွင်းရှိ ပါမောက္ခများဖြင့် ဖွဲ့စည်းထားသည့် ပညာရေးအဖွဲ့ သို့မဟုတ် ဆီးနိတ် (Senate) ကသာ ဆုံးဖြတ်ရပါသည် }}

တက္ကသိုလ် ကျောင်းတက် ခွင့်၊ ကိုယ်ကြိုက်တဲ့ အထူးပြုဘာသာရပ် ယူခွင့် မရှိပါ။ တက္ကသိုလ်ဝင် စာမေးပွဲ ဝင်ခွင့်ရမှတ်ဖြင့် ဆုံးဖြတ်တာပါ။ ထို့အတူ တက္ကသိုလ် ဝင်တန်း စာမေးပွဲ ဖြေရာဒေသ သို့မဟုတ် ယင်းဒေသနှင့် အနီးဆုံးရှိ တက္ကသိုလ်မှာ တက်ခွင့်ရှိတာပါ။ မိမိစိတ်ကြိုက် တက္ကသိုလ်ကို တက်ခွင့် မရှိပါ။ ဖြစ်သင့်တာက ယနေ့တွင် တက္ကသိုလ်ပေါင်း ၂၀ ခန့် (ဥပမာ သစ်တောတက္ကသိုလ်၊ စိုက်ပျိုးရေး တက္ကသိုလ်) ကဲ့သို့ သက်ဆိုင်ရာ ကျောင်းတိုင်းတွင် ဝင်ခွင့် ဖြေဆိုရတာမျိုးပါ။ ပြီးလျှင် ဒီနှစ် ဝင်ခွင့်မရလည်း နောက်နှစ် ဆက်ကြိုးစားခွင့် ပေးသင့်ပါသည်။ ထို့အပြင် မိမိ တက္ကသိုလ်အတွင်းမှာပင် စိတ်ကြိုက် ဘာသာတွဲတွေ သင်ယူခွင့်ကို ယခင်က ရန်ကုန် တက္ကသိုလ်မှာ ယူခွင့်ရှိပါသည်။ ယခုလို ပုံသေ မယူမနေရ မဟုတ်ပါ။ စာရေးသူတို့ မမီခဲ့ပါ။ ကျွန်တော်တို့ ဆရာကြီး၊ ဆရာမကြီးများ ပြန်ပြောပြလို့ သိခဲ့ကြရတာပါ။ ကျွန်တော်တို့ မမီတဲ့ မိမိစိတ်ကြိုက် ဘာသာရပ် ရွေးချယ်သင်ယူခွင့် (Learner autonomy) သမိုင်းပါ။ သင်ယူသူ ကျောင်းသားများ၏ လွတ်လပ်စွာ သင်ယူခွင့် ပြန်လည် ပေါ်ထွန်းသင့်ပါပြီ။

(ဂ) ကျောင်းသားအရေအတွက် သတ်မှတ်ခြင်း

မိမိတက္ကသိုလ်တွင် ကျောင်းသားအရေအတွက် မည်မျှ လက်ခံ သင်ကြားမည် ကို မိမိရဲ့ ဆီးနိတ်ကသာ ဆုံးဖြတ်ပါသည်။ ဆရာနှင့် ကျောင်းသားအချိုး၊ စာသင်ခန်းနှင့် လက်တွေ့ခန်း ဝင်ဆံ့အား၊ သင်ထောက်ကူ ပစ္စည်းအသုံးပြုနိုင်မှုတို့ကို တွက်ချက်ပြီး အကောင်းဆုံး သင်ကြား သင်ယူမှုနှင့် အရည်အသွေး အာမခံနိုင်မှုတို့ကို ရှေးရှုပြီး လက်ခံသင်ကြားတာပါ။ ယနေ့ခေတ်လို “တက္ကသိုလ် ဝင်ခွင့် ရွေးချယ်ရေးအဖွဲ့” က ရွေးချယ်ပေးသမျှ လက်ခံသင်ကြားရတာမျိုး မဖြစ်သင့်ပါ။ နိုင်ငံတကာမှာလို ကိုယ့် ကျောင်းသားကို ကိုယ့်တက္ကသိုလ်က ရွေးချယ်သည့် စနစ်သာ အကောင်းဆုံးပါ။ ဝါရင့်၊ သမ္ဘာရင့် ရန်ကုန်တက္ကသိုလ်အနေဖြင့် သင်ကြားသူရဲ့ လွတ်လပ်ခွင့် (Academic Freedom) နှင့် ကျောင်းသားရဲ့လွတ်လပ်ခွင့် (Learner Autonomy) ပြန်လည် ထွန်းကားအောင် အကောင်အထည်ဖော်ခြင်းဖြင့် နိုင်ငံတကာ တက္ကသိုလ် အဆင့် ခြေလှမ်း စတင် လှမ်းသင့်ပါပြီ။

(ဃ) နိုင်ငံတကာ တက္ကသိုလ်များနှင့် ပူးပေါင်း ဆောင်ရွက်မှု

တံခါးပိတ်ဝါဒ ကျင့်သုံးကာ နိုင်ငံတကာ တက္ကသိုလ်များနှင့် အဆက်ပြတ် ခြင်းသည်လည်း မြန်မာ့တက္ကသိုလ်ပညာရေး နိမ့်ကျရခြင်း အကြောင်းတစ်ရပ် ဖြစ် ခဲ့ပါသည်။ နိုင်ငံတကာ တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတွင် ပညာသင် စေလွှတ်ခြင်း၊ ပညာရှင် ဖိတ်ကြားခြင်းနှင့် သုတေသန ပူးပေါင်းဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် တက္ကသိုလ်အချင်းချင်း ပူးပေါင်း ဆောင်ရွက်မှု စာချွန်လွှာများ ရေးထိုးထားကြပါသည်။ အဆိုပါ လုပ်ငန်းကို အကောင် အထည်ဖော်မှုကို တက္ကသိုလ် အာဏာပိုင်ကသာ ဆုံးဖြတ်သည်။ ယနေ့ ကျွန်တော်တို့

ဆီတွင် ပညာသင်စေလွှတ်ရန်၊ သုတေသန ကွန်ဖရင့်တက်ရန်၊ မိမိတက္ကသိုလ်တွင် ဒေသတွင်း သို့မဟုတ် နိုင်ငံတကာ သုတေသန ဆွေးနွေးပွဲ ကျင်းပရန်၊ မိမိတက္ကသိုလ်သို့ ပညာရှင် သို့မဟုတ် ဧည့်ပါမောက္ခ လာရောက်ရန် ပညာရေးဝန်ကြီးဌာနကို ခွင့်ပြုချက်တင်ရသည်။ ခွင့်ပြုမှု အထက်ပါကိစ္စအားလုံး ဆောင်ရွက်ရသည်။ "ပညာရှင်များ၏ လွတ်လပ်စွာ ပညာရပ်ဖွံ့ဖြိုးရေး ဆောင်ရွက်သည့် ယဉ်ကျေးမှု" (Academic Autonomy Culture) ပျောက်ကွယ်နေသည့် သဘောပါ။ ရန်ကုန်တက္ကသိုလ်အနေဖြင့် နှစ်ပေါင်း ၁၀၁ နှစ် အကျော်မှာ ထိုယဉ်ကျေးမှု ပြန်လည်ထွန်းတောက်အောင် ဆောင်ရွက်ရင်း နိုင်ငံတကာတက္ကသိုလ်များနှင့် တူတူတန်တန်ကူးလူးဆက်ဆံနေသည့် တက္ကသိုလ်အဖြစ် လျှောက်လှမ်းရန် လိုအပ်သည်ဟု မြင်မိပါသည်။

၂။ လွတ်လပ်စွာ ဘဏ္ဍာငွေ ရှာဖွေ သုံးစွဲမှု

အဓိက ဆွေးနွေးလိုသည့် အချက်က တက္ကသိုလ်ဟာ မိမိကိုယ်ပိုင် ရန်ပုံငွေ ရှိနေရပါမည်။ ပြီးလျှင် မိမိရန်ပုံငွေဖြင့် လွတ်လပ်စွာ လည်ပတ်နိုင်မှု ရှိရပါမည်။ ဆိုလိုတာက ယခုလို တစ်နှစ်စာ ဘတ်ဂျက်ကို အစိုးရထံမှသာ တောင်းခွင့် ရှိတာမျိုးသာဖြစ်ပြီး အခြားမည်သည့်နေရာမှ ရယူခွင့် မရှိတာမျိုး မဟုတ်ပေ။ ဘတ်ဂျက်နှစ်ကုန်လျှင် အကုန်သုံး၊ မသုံးနိုင်လျှင် ပြန်အပ်တာမျိုးလည်း မဖြစ်သင့်ပါ။ ပြည်ထောင်စုအစိုးရနှင့် ဒေသန္တရအစိုးရအဖွဲ့များထံမှ ပုံမှန်ရန်ပုံငွေ၊ ထောက်ပံ့ငွေအဖြစ်လည်းကောင်း၊ အလှူရှင်များထံမှလည်းကောင်း၊ သုတေသနရန်ပုံငွေ ပေးသည့် အဖွဲ့အစည်းများထံမှလည်းကောင်း နည်းမျိုးစုံဖြင့် ရန်ပုံငွေကို ရှာဖွေရပါသည်။ ထို့အတူ ကျောင်းလခ၊ စာမေးပွဲကြေး၊ ဘွဲ့ကြေးနှင့် တခြားနည်းလမ်းများဖြင့် ကျောင်းသားဆီမှလည်း တောင်းခံနိုင်ပါသည်။ ရသမျှကို ရန်ပုံငွေထဲထည့်၍ သုံးစွဲရပါသည်။ ယခုလို ကျောင်းလခနှင့် အခြားဝင်ငွေအားလုံးကို အစိုးရသို့ ပြန်အပ်ရတာမျိုး မဟုတ်ပါ။ ထို့အတူ တက္ကသိုလ်မှ ဝင်ငွေ အားလုံးသည် အကျိုးအမြတ်ရယူသည့် စီးပွားရေးလုပ်ငန်း မဟုတ်ပါ။ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် သုံးစွဲခြင်းဖြစ်သဖြင့် အခွန်ပေးဆောင်ရခြင်းမှ ကင်းလွတ်သည့် အဖွဲ့အစည်း (Charity Institutions) ဖြစ်ပါသည်။ ရငွေများကို အဆောက်အဦ၊ လစာ၊ ထောက်ပံ့ကြေး၊ ပင်စင်၊ သင်ထောက်ကူပစ္စည်း၊ အားကစားနှင့် သင်ကြား၊ သင်ယူမှုဆိုင်ရာ ကိစ္စရပ်များတွင်သာ သုံးစွဲရပါသည်။ တစ်စုံတစ်ဦး၏ ကိုယ်ကျိုးအတွက် သုံးစွဲခွင့် မရှိပေ။ ထိုသို့ သုံးစွဲရန်အတွက် ယခင်က ရန်ကုန်တက္ကသိုလ် အက်ဥပဒေနှင့် စတက်ကျူ ဥပဒေ (Statute Law) များတွင် တက္ကသိုလ်ရန်ပုံငွေ သုံးစွဲရန် နည်းလမ်း (University Fund Rules) ကို အတိအကျ ပြဋ္ဌာန်းထားပါသည်။ ယင်းတွင် စာရင်းစစ်၏ အစစ်အဆေး ခံပိုင်ခွင့်အထိ ပါဝင်ပါသည်။ ၁၉၆၄ ခုနှစ် တော်လှန်ရေးကောင်စီက ရုပ်သိမ်းသည့် ရန်ကုန်တက္ကသိုလ် ဥပဒေထဲတွင် ပါသွားပါသည်။ ဥပဒေတွင် ထည့်သွင်း၍ ပြန်လည် အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။

၃။ လွတ်လပ်သည့် ဖွဲ့စည်းပုံနှင့် စီမံခန့်ခွဲမှု

တက္ကသိုလ် ကောင်စီ၊ ပါမောက္ခများအဖွဲ့ (ဆီးနိတ်)၊ ဝန်ထမ်းဖွဲ့စည်းပုံတို့ကို ဖွဲ့စည်းခွင့်နှင့် ခန့်အပ်ခွင့်၊ လုပ်ပိုင်ခွင့်အာဏာ၊ နည်းဥပဒေပြဋ္ဌာန်းပိုင်ခွင့်၊ တက္ကသိုလ်ကောင်စီ ရွေးချယ်တင်မြှောက်မှု၊ မဟာဌာနများတည်ထောင်ခွင့်စသည်တို့ကို တက္ကသိုလ်အာဏာပိုင်အဖွဲ့ကသာ လွတ်လပ်စွာ စီမံခန့်ခွဲ ပိုင်ခွင့် ရှိပါသည်။ ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် အက်ဥပဒေပုဒ်မ (၇) တွင် တက္ကသိုလ်အာဏာပိုင်များမှာ ကောင်စီနှင့် ဆီးနိတ်တို့ ဖြစ်ပါသည်။ ကောင်စီတွင် ပါဝင်ရမည့် ပုဂ္ဂိုလ်များနှင့် ပတ်သက်၍ ပါမောက္ခများအဖွဲ့ (ဆီးနိတ်) ရွေးကောက်ထားသည့် ပါမောက္ခ ၈ ဦးဟု ပါရှိပါသည်။ ယနေ့ မြန်မာ့တက္ကသိုလ်များတွင် လုပ်သက်အရင့်ဆုံး ၃ ဦးကို ဦးစီးဌာနက ခန့်အပ်သည်။ ပါမောက္ခများက မဆိုထားနှင့်၊ ပါမောက္ခချုပ်ကပင် ရွေးချယ်ခွင့် မရှိပေ။ ထို့အတူ ပါမောက္ခချုပ်ကိုလည်း ပါမောက္ခများက ရွေးချယ်ခွင့် မရှိ၊ အစိုးရအဖွဲ့ကသာ တိုက်ရိုက်ခန့်အပ်သည်။ ယခင် ရန်ကုန်တက္ကသိုလ်တွင် လွတ်တော် ကိုယ်စားလှယ်များ၊ ဆရာများအဖွဲ့နှင့် ကျောင်းသားများက အမည်စာရင်းတင်သွင်း သူ၊ ပညာရေးနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနတို့မှ အတွင်းဝန်များ ပါဝင်ပါသည်။ အလွှာစုံမှ ကိုယ်စားပြုသူများဖြင့် ဖွဲ့စည်းထားပါသည်။ ပညာရေးဝန်ကြီးဌာနက သူပြောချင်တာကို သူ့ရဲ့ကိုယ်စားလှယ်မှတစ်ဆင့် တင်ပြခြင်းပါ။ ယခုလို ညွှန်ကြားမှုမျိုး မဟုတ်ပေ။ စုပေါင်းဆွေးနွေးပြီး မဲဖြင့် ဆုံးဖြတ်သည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးခြင်း ဖြစ်ပါသည်။ ထို့အပြင် ကောင်စီသည် ဆီးနိတ်၏ ထောက်ခံချက်ဖြင့် မဟာဌာန (Faculty) များ တိုးချဲ့ဖွင့်လှစ်နိုင်သည်။ ရန်ကုန်တက္ကသိုလ် စတင်ဖွင့်လှစ်စဉ်က သိပ္ပံနှင့် ဝိဇ္ဇာ မဟာဌာနများသာ ရှိခဲ့ပြီး နောက်ပိုင်းတွင် ဆေးပညာ၊ ပညာရေး၊ အင်ဂျင်နီယာ၊ စိုက်ပျိုးရေး၊ လူမှုသိပ္ပံနှင့် ဥပဒေ မဟာဌာနများ တိုးချဲ့ဖွင့်လှစ်ခဲ့သည်။ ၁၉၆၄ ခုနှစ် တက္ကသိုလ် ပညာရေးဥပဒေအရ မဟာဌာနများ ကွယ်ပျောက်ခဲ့သည်။ တချို့သီးခြားတက္ကသိုလ်များ (ဆေး၊ စက်မှု၊ ပညာရေး၊

]] ပညာရေး ဝန်ကြီးဌာနက သူပြောချင်တာကို သူ့ရဲ့ ကိုယ်စားလှယ်မှ တစ်ဆင့် တင်ပြခြင်းပါ။ ယခုလို ညွှန်ကြားမှုမျိုး မဟုတ်ပေ။ စုပေါင်း ဆွေးနွေးပြီး မဲဖြင့် ဆုံးဖြတ်သည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးခြင်း ဖြစ်ပါသည် }}

စီးပွားရေးနှင့် စိုက်ပျိုးရေးတက္ကသိုလ်များ) အဖြစ် ပေါ်ပေါက်ခဲ့သည်။ နိုင်ငံတကာ တက္ကသိုလ်များသည် မဟာဌာနများဖြင့် ဖွဲ့စည်းထားသဖြင့် ရန်ကုန်တက္ကသိုလ်ကိုလည်း တူတူတန်တန် တက္ကသိုလ်ဖြစ်စေရန်အတွက် ရေးဆွဲမည့် ရန်ကုန်တက္ကသိုလ် ဥပဒေတွင် မဟာဌာနများဖြင့် ဖွဲ့စည်းခွင့်သည် မဖြစ်မနေ ပါသင့်ပါသည်။

၄။ လွတ်လပ်သည့် ဝန်ထမ်း ဖွဲ့စည်းခွင့်

၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် အက်ဥပဒေ ပုဒ်မ (၁၂) တွင် "တက္ကသိုလ်အတွက် လိုအပ်သော ပါမောက္ခ ရာထူးများ၊ ကထိက ရာထူးများနှင့် အခြားတက္ကသိုလ် ရာထူးများ စီမံထားရှိရန်နှင့် တက္ကသိုလ်ဆရာ ရာထူးတွင် ခန့်အပ်ခြင်းကို အတည်ပြုရန်ဟု ပါရှိပါသည်။ ထိုပုဒ်မ အပိုဒ်ခွဲ (ဖ) တွင် ပါမောက္ခမှတစ်ပါး မဟာဌာနမှူးများနှင့် တက္ကသိုလ်ဆရာများကို ခန့်ထားရန် ထိုပုဂ္ဂိုလ်များ၏ လစာနှင့် အခြားစရိတ် ငွေကြေးများကို သတ်မှတ်ရန်၊ ထိုပုဂ္ဂိုလ်များ၏ တာဝန်ဝတ္တရားများနှင့် အမှုထမ်း စည်းကမ်းများကို သတ်မှတ်ရန်" ဟု ဆက်လက်ဖော်ပြထားပါသည်။ ထိုဥပဒေအရ တစ်ချိန်က ရန်ကုန်တက္ကသိုလ် ဆရာများသည် ယနေ့လို အစိုးရ ဝန်ထမ်းများ မဟုတ်ကြပါသဖြင့် ပညာရေး ဝန်ကြီးဌာန လက်အောက်က မဟုတ်ပါ။ ရန်ကုန်တက္ကသိုလ် တစ်ခုတည်းနှင့်သာ ဆိုင်သည့် "ရန်ကုန်တက္ကသိုလ် ဝန်ထမ်း" ပါ။ သို့ပါ၍ ယနေ့လို ပညာရေးဝန်ကြီးဌာနက ရန်ကုန်တက္ကသိုလ်မှ ဆရာ၊ ဆရာမများအား နယ်တက္ကသိုလ်သို့ ပြောင်းရွှေ့အမှုထမ်းရန် အမိန့်ထုတ်၍ မရပါ။ သမိုင်းဆရာကြီး ဒေါက်တာသန်းထွန်းကို ရန်ကုန်တက္ကသိုလ် မြန်မာရာဇဝင် ဌာနတွင် "ကထိက" အဖြစ် ကောင်စီက ခန့်ထားခဲ့ပါသည်။ ပညာရေးဝန်ကြီးဌာနတွင် တက္ကသိုလ် ဆရာ၊ ဆရာမများနှင့် အခြားဝန်ထမ်းများကို ယနေ့လို ခန့်ပိုင်ခွင့် မရှိပေ။ စစ်ပြီးခေတ် မန္တလေးကောလိပ် (ထိုစဉ်က ရန်ကုန်တက္ကသိုလ် လက်အောက်ခံ ကောလိပ်အဆင့်သာ ရှိသေး) ပြန်လည် ဖွင့်လှစ်ရန် ဆရာကြီး ဦးကိုလေးကို ကျောင်းအုပ်ကြီးအဖြစ် ပညာရေးဝန်ကြီး ဦးရာဇတ်က ခန့်အပ်ခဲ့သည်ကို ဥပဒေအရ ခန့်အပ်ခွင့် မရှိကြောင်း ရန်ကုန် တက္ကသိုလ်က ကန့်ကွက်ခဲ့ပါသည်။ အထက်ပါကဲ့သို့ ရန်ကုန်တက္ကသိုလ် ကောင်စီတွင် မဟာဌာနမှူး၊ ပါမောက္ခ အပါအဝင် သင်ကြားရေးနှင့် အခြားဝန်ထမ်း ရာထူးများ ခန့်ထားရေး လုပ်ပိုင်ခွင့်ကို အပ်နှင်းရန် အသစ် ရေးဆွဲမည့် ရန်ကုန်တက္ကသိုလ် ဥပဒေတွင် ထည့်သွင်းကာ ပြန်လည်ဖော်ထုတ်နိုင်ပါမှ တူတူတန်တန် နိုင်ငံတကာနှင့် ယှဉ်သည့် ရန်ကုန်တက္ကသိုလ်ဘဝ ပြန်လည်ရောက်ရှိနိုင်မှာပါ။

ရန်ကုန်တက္ကသိုလ်ကို ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ရ အော်တိုနိုမီ တက္ကသိုလ်အဖြစ် ပြန်လည်ပေါ်ထွန်းလာရေးကို တိုက်တွန်းနေရခြင်းကို ပိုမိုသဘောပေါက်နိုင်ရန်အတွက် ဥရောပ တက္ကသိုလ်များအဖွဲ့ (EUA = European Universities Association) အကြီးအကဲ ဂျင်းမတ်ရက်(ပ) (Jean–Marc Rapp) ရဲ့ ဥရောပတွင် အော်တိုနိုမီ တက္ကသိုလ်များ၏ အရေးပါသည့်ကဏ္ဍ၊ ဖော်ညွှန်းချက်များကို ကိုးကားတင်ပြအပ်ပါသည်။ သူရဲ့ အဆိုမှာ "တက္ကသိုလ်ရဲ့ သမားရိုးကျလုပ်ငန်းများဖြစ်သည့် သင်ကြားရေး၊ သုတေသနနှင့် အယူအဆအသစ်များ၊ နည်းပညာ အသစ်အဆန်းရှာဖွေခြင်းတို့အပြင် ကမ္ဘာတစ်ခွင် အမြဲပေါ်ပေါက်လျက်ရှိသည့် ကဏ္ဍသစ်များတွင် ပါဝင်ရပေလိမ့်မည်။ လုပ်ငန်းအသစ်များကို ဖော်ဆောင်ပေးရလိမ့်မည်။

စိန်ခေါ်မှု အသစ်များကို ပါဝင်တုံ့ပြန်ပေးရလိမ့်မည်ဟု မျှော်လင့်ထားပြီး အဲဒီအတွက် ပညာစွမ်းအားဖြင့် ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း အပြည့်ဖြင့် အသင့်အနေအထားတွင် ရှိနေရမည်။ တက္ကသိုလ်များတွင် အော်တိုနိုမီကျင့်စဉ် ရှင်သန်နေခြင်းသည် ကမ္ဘာ့လူ့အဖွဲ့အစည်းက အထက်ပါကဲ့သို့ တောင်းဆိုမှုမျိုးကို တက္ကသိုလ် အသိုင်းအဝိုင်းက လျင်လျင်မြန်မြန် တုံ့ပြန်နိုင်မှုကို ဖြစ်ပေါ်စေပါသည်။ ထို့အတူ တက္ကသိုလ်များ၏ ထွန်းတောက်မှုသည်လည်း ယင်းတက္ကသိုလ်များတွင် အော်တိုနိုမီ ကျင့်စဉ် ရှင်သန်ခိုင်မာမှုကြောင့်ဟု EUA က ယုံကြည်ပါသည်" တဲ့။

သို့ပါ၍ "ရာပြည့်လွန် ရန်ကုန်တက္ကသိုလ်" အပါအဝင် မြန်မာ့တက္ကသိုလ်အားလုံးတွင် အော်တိုနိုမီ ယဉ်ကျေးမှု ထွန်းတောက်နေပါမှ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း အမြဲမပြတ် ပေါ်ပေါက်လျက်ရှိသည့် ကဏ္ဍအသစ်များကို မြန်မာ့တက္ကသိုလ်များက ဦးဆောင်ဖြေရှင်းပေးနိုင်သည့်အဆင့် ရှိနေနိုင်သည်ဟု ယုံကြည်မိပါသည်။ နိုင်ငံလွတ်လပ်ရေးကို ထိပ်ဆုံးမှ ပါဝင်ခဲ့သည့် လွန်ခဲ့သော နှစ်ပေါင်း ၁၀၁ နှစ်ကျော်က သမိုင်းအစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းသင့်ပါသည်။ ရှောင်လွှဲမနေသင့်ပါ။ ယနေ့မှာလည်း နိုင်ငံတိုးတက်ရေးကိုလည်း မိမိတက္ကသိုလ်နှင့် သက်ဆိုင်ရာပညာရပ်များအား ဖွံ့ဖြိုးအောင် ဆောင်ရွက်ရင်းဖြင့် ရှေ့တန်းမှ ပါဝင်ဆောင်ရွက်သင့်ပါသည်။ မြန်မာတက္ကသိုလ်များသည် သင်ကြား၊ သင်ယူခြင်းနှင့် သုတေသနလုပ်ရုံအဆင့်တွင် ကျေနပ်နေရမည့်ခေတ် မဟုတ်တော့ပါ။ မြန်မာ့လူ့အဖွဲ့အစည်းကလည်း ပညာတတ်များ မွေးထုတ်ရာ ပရဝုဏ်လောက် ဟုသာ မြင်သည့် အမြင်ကို ပြင်သင့်ပါပြီ။ မြန်မာ့လူ့အဖွဲ့အစည်း၏ အားကိုးအားထားပြုရာ ပညာဝန်းကျင် ဖြစ်သင့်ပါပြီ။ ပတ်ဝန်းကျင်က ထိုသို့မြင်ပြီး လက်ခံလာအောင်လည်း မြန်မာတက္ကသိုလ်များရှိ ပညာရှင်များကလည်း မိမိတို့၏ အရည်အသွေးကို အရှိန်ဖြင့် မြှင့်တင်စွမ်းဆောင်ရမည့် အချိန်ရောက်ပါပြီ။ ထိုသို့ ပါဝင်ကြိုးပမ်း စွမ်းဆောင်နိုင်ရန် ရန်ကုန်တက္ကသိုလ်သည် နိုင်ငံတကာအဆင့်မီ လွတ်လပ်စွာ စီမံခန့်ခွဲခွင့်ရှိသည့် တက္ကသိုလ်မျိုး ထိပ်ဆုံးမှဖြစ်ရန် လိုအပ်သည်ဟု ခံယူမိပါ၍ ရာပြည့်အလွန် ရန်ကုန်တက္ကသိုလ်ကို တစ်ကျော့ပြန် အော်တိုနိုမီ တက္ကသိုလ်အဖြစ် ပေါ်ထွန်းလာအောင် ဝိုင်းဝန်းကြိုးပမ်းပေးကြပါဟု တိုက်တွန်း ရေးသားအပ်ပါသည်။

ဒေါက်တာမောင်သင်း

ကျမ်းကိုး

– **ဒေါက်တာကျော်ထင် (၂၀၁၇) ကံ့ကော်မြေမှ ရာပြည့် ရန်ကုန်တက္ကသိုလ်။**

ကိုဗစ်ကောက်ကြောင်း

orm; tkd

“၂၀၂၀ ပြည့်နှစ်တစ်ခုလုံး ကိုဗစ်ကပ်ရောဂါကို
ရှောင်ရှားနိုင်ခဲ့တဲ့ ညီငယ်ဟာ ၂၀၂၁ နှစ်ဆန်းမှာ
နှလုံးရောဂါနဲ့ ဆေးရုံတက်ရတယ်။ အဲဒီမှာ ကိုဗစ်-၁၉
ကူးပြီဆိုပြီးတော့ သီးသန့်လူနာခန်းကို ပို့လိုက်တယ်။ ဒါပေမဲ့
စောင့်ရှောက်ကုသပေးမယ့် ဆရာဝန် ပညာရှင်တွေ
မရှိတော့ပါဘူး။ သူတို့တစ်တွေဟာ သူတို့ကို
ချစ်ခင်ယုံကြည်အားကိုးနေတဲ့ လူနာတွေကို
စွန့်ခွာသွားခဲ့ပါပြီ။ သူတို့ မကျေနပ်ချက်က တခြား၊
သူတို့ သွယ်ဝိုက်ပြီး အသေသတ် သွားတာက လူနာတွေ
ဖြစ်သွားပါတယ်”

ကူးစက်မြန်ပြင်းထန်အဆုတ်ရောင်ရောဂါများ

"Severe Acute Respiratory Syndrome – SARS" ခေါ် ကူးစက်မြန်ပြင်းထန်အဆုတ်ရောဂါကို လွန်ခဲ့တဲ့နှစ် နှစ်ဆယ်က ကြုံတွေ့ခဲ့ကြရပါတယ်။ ဟောင်ကောင်မှာစတွေ့ပြီး ဗီယက်နမ်၊ စင်ကာပူအပါအဝင် အာရှနိုင်ငံအချို့ကို ပျံ့နှံ့ခဲ့ရုံမက အမေရိကတိုက်မြောက်ပိုင်းမှာရှိတဲ့ ကနေဒါနိုင်ငံအထိ ရောက်သွားခဲ့ပါတယ်။ ကူးစက်တာလည်း မြန်တယ်။ ရောဂါကလည်း ပြင်းထန်တဲ့အတွက် အသေအပျောက်ရာနှုန်း ဆယ်ရာနှုန်းလောက် ရှိခဲ့ပါတယ်။

SARS ရောဂါဟာ ဘာကြောင့်ဖြစ်သလဲဆိုတာကို အဖြေရာကြည့်တော့ ကိုရိုနာဗိုင်းရပ်(စ်) (Corona Virus) ကြောင့်ဖြစ်ကြောင်း သိခဲ့ရတယ်။ ဗိုင်းရပ်(စ်)ပိုးကြောင့်ဆိုတော့ ဆေးမရှိပါဘူး။ အသက်ရှူလမ်းကြောင်းကနေတစ်ဆင့် အဆုတ်ထဲအထိ နက်ရှိုင်းစွာဝင်သွားပြီး ပြင်းထန်တဲ့ အဆုတ်ရောင်ရောဂါဖြစ်စေပါတယ်။ ဒါကြောင့် ကူးစက်တဲ့နေရာမှာလည်း ချောင်းဆိုးတာ၊ နှာချေတာကနေတစ်ဆင့် ဗိုင်းရပ်(စ်)တွေဟာ အမှုန်အမွှားတွေအဖြစ်နဲ့အပြင်ကို ထွက်လာကြပါတယ်။ ဟောင်ကောင်မှာ ရောဂါကူးပုံကတော့ လူနာဟာ ဓာတ်လှေကားထဲမှာ နှာချေ၊ ချောင်းဆိုးရာက တခြားလူတွေဆီကို ကူးစက်စေလို့ပဲ ဖြစ်ပါတယ်။

ကူးစက်ခံရပြီး သေဆုံးသွားတဲ့သူတွေထဲမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization) (WHO) ရဲ့ ပါရဂူတစ်ယောက်ပါ ကွင်းဆင်းလေ့လာရင်းနဲ့ ကွယ်လွန်ခဲ့ရပါတယ်။ ဗီယက်နမ်မှာတော့ SARS ရောဂါလူနာတွေ ရှိနေတဲ့ ဆေးရုံကို အလုံပိတ်လိုက်ပြီး ကျန်းမာရေးဝန်ထမ်းတွေဟာ အသေခံပြီး 'ဆား(စ်)ရောဂါ' မပြန့်ပွားအောင် အပြတ်ရှင်းလိုက်ကြတယ်။ ဝန်ထမ်းတွေလည်း အသေအပျောက် ရှိခဲ့ပါတယ်။ အချိန်တိုအတွင်းမှာ ဟောင်ကောင်ကနေပြီး ကနေဒါနိုင်ငံအထိ ရောက်သွားပြီး အသေအပျောက်များခဲ့တဲ့အတွက် ကမ္ဘာပေါ်မှာ တုန်လှုပ်ချောက်ချားမှု ဖြစ်ခဲ့ရပါတယ်။ ဒါပေမဲ့ WHO ရဲ့ ကပ်ရောဂါသတ်မှတ်ချက်နဲ့မညီတဲ့အတွက် ကမ္ဘာ့ကပ်ရောဂါ (Pandemic) လို့ မသတ်မှတ်ခဲ့ပါဘူး။

SARS မှ COVID–19 သို့

ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း အတော်လေးစိုးရိမ်တကြီး ရှိခဲ့ရတယ်။ လေဆိပ်၊ ရေဆိပ်တွေနဲ့ နယ်စပ်ဝင်ပေါက်တွေမှာ ရောဂါကူးစက်ဝင်လာမှု မရှိအောင် သတိပေးကာကွယ်မှုတွေလည်း အသင့်အတင့် လုပ်ခဲ့ကြပါတယ်။ ကံအားလျော်စွာပဲ မြန်မာနိုင်ငံထဲကို SARS ရောဂါ ဝင်မလာခဲ့ပါဘူး။ ကျန်းမာရေးဌာနနဲ့ ဝန်ထမ်းတွေအတွက် အတွေ့အကြုံအရ ကပ်ရောဂါကာကွယ် ပြင်ဆင်ခြင်းလုပ်ငန်းတစ်ခု (Pandemic Preparedness) ကို လုပ်ဖြစ်သွားပါတယ်။

ဒီအတွေ့အကြုံတွေက ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်နေ့မှာ စတင်ဝင်ရောက်လာတဲ့ ကိုဗစ်–၁၉ (Covid–19) ရောဂါပိုးကို ကာကွယ်ဖို့အတွက် အထောက်အကူဖြစ်ခဲ့ပါတယ်။ ပထမအကြိမ် SARS ရောဂါဖြစ်တုန်းက ကိုရိုနာဗိုင်းရပ်(စ်)နဲ့မတူ ဆန်းသစ်လာတဲ့အတွက် (SARS Cov–2) လို့ သတ်မှတ်ကြပါတယ်။ ကိုရိုနာဗိုင်းရပ်(စ်)တစ်မျိုးကြောင့် ဖြစ်လာတဲ့

ရောဂါမို့ (Covid–19) လို့ အမည်ပေးခဲ့တယ်။ 19 ဆိုတာက ၂၀၁၉ ခုနှစ်မှာ စတင်တွေ့ရှိတဲ့ အတွက် အမှတ်အသားပြုခဲ့တာပါ။

ကိုဗစ်–၁၉ လို့ ကမ္ဘာပေါ်မှာ နာမည်ထွက်သွားတာဟာလည်း ပြဿနာရှင်းရှင်း လွတ်လွတ်ကင်းကင်း ဖြစ်သွားတဲ့သဘောပါပဲ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့မှာ စတင်တွေ့ရှိလို့ ဝူဟန်ဗိုင်းရပ်(စ်)လို့ ခေါ်ရာကနေ တရုတ်ဗိုင်းရပ်(စ်) (China Virus) လို့ သုံးလာကြတော့ ပြဿနာတွေ ရှိလာခဲ့တယ်။ အမေရိကန်သမ္မတဟောင်း မစ္စတာထရမ့်(ပ်) ကတော့ တစ်လျှောက်လုံး (China Virus) လို့ပဲ ခေါ်ခေါ်သုံးစွဲခဲ့ရုံမကဘဲ တရုတ်ပြည်အပေါ်မှာ တရားခံအဖြစ် စွပ်စွဲတာတွေ လုပ်လာခဲ့တဲ့အထိပါပဲ။ စဖြစ်ကတည်းက ကိုဗစ်–၁၉ဟာ နိုင်ငံရေး ကစားစရာ ဘောလုံးကလေး (ကိုရိုနာဗိုင်းရပ်စ်က အလုံးလေးပါ) တစ်လုံးဖြစ်သွားခဲ့ရပါ တော့တယ်။

Pandemic အကြိုကာလ

၂၀၁၉ နှစ်ကုန်ခါနီးကတည်းက SARS Cov–2 ကို ရောဂါလက္ခဏာတွေအနေနဲ့ တွေ့ခဲ့ကြပေမယ့် ၂၀၂၀ နှစ်ဆန်းကာလမှာမှ ကိုရိုနာဗိုင်းရပ်(စ်)ပိုးကြောင့် ဖြစ်တဲ့ ရောဂါလို့ ဖော်ထုတ်နိုင်ခဲ့ကြတာပါ။ တရုတ်ပြည် ဝူဟန်မြို့မှာ ရောဂါပြင်းထန်ပြီး ကူးစက်ခံရကာ သေကျေသူတွေများလာတဲ့အတွက် မြို့တစ်မြို့လုံးကို ပိတ်ချ (Lock down) လုပ်လိုက်ရပါတယ်။ ကူးစက်ခံရတဲ့လူနာတွေ ခွဲထားဖို့ (Quarantine) လုပ်တဲ့နေရာ၊ ကုသဖို့လုပ်တဲ့ နေရာတွေကိုလည်း သာမန်ဆေးရုံတွေနဲ့ မလောက်တော့လို့ တစ်ပတ်အတွင်းပြီး ဆေးရုံကြီးတွေ တည်ဆောက်ပြီး ထိန်းချုပ်ကုသခဲ့ကြရပါတယ်။

ရောဂါစဖြစ်တယ်လို့ သတင်းကြီးတဲ့ ဝူဟန်မြို့က ငါးဈေးကြီးကိုလည်း ပိတ်ချလိုက်ပါတယ်။ ကိုရိုနာဗိုင်းရပ်(စ်)ဟာ တောရိုင်းသတ္တဝါတစ်ကောင်ကောင်ကနေပြီး ခုန်ကူးလာတယ်ဆိုတဲ့ တွေးခေါ်ချက်တစ်ရပ်အပေါ် အခြေခံပါတယ်။ ဘာကြောင့်လဲဆိုတော့ ကိုရိုနာဗိုင်းရပ်(စ်)တွေ ပူးတွဲနေထိုင်တဲ့ လင်းနို့တွေကနေတစ်ဆင့် လူသားတွေဆီ ကူးစက်တာဖြစ်နိုင်တယ်။ ဝူဟန်ဈေးထဲမှာတော့ လင်းနို့သာမက သင်းခွေချပ်တွေ၊ အခြားတောရိုင်းသတ္တဝါအရှင်တွေ တင်ရောင်းနေကြတယ်။ တရုတ်ပြည်တစ်ပြည်လုံးက ဈေးတွေမှာ တောရိုင်းတိရစ္ဆာန်တွေ တင်ရောင်းတာကို ထိန်းချုပ်လိုက်တယ်။

ဝူဟန်က ဗိုင်းရပ်(စ်)ပိုး နမူနာကို WHO ဓာတ်ခွဲခန်းကို ပေးပို့ခဲ့တယ်။ ဝူဟန်မြို့က လေကြောင်းသွားလာမှုတွေ ပိတ်ပင်ခဲ့တယ်။ ဒါပေမဲ့ SARS Cov–2 ပိုးတွေဟာ အီတလီ၊ စပိန်၊ ပြင်သစ်၊ အင်္ဂလန် စတဲ့ ဥရောပနိုင်ငံတွေရယ်၊ အမေရိကန်နဲ့ ဘရာဇီးနိုင်ငံတွေရယ်ကို အချိန်တိုအတွင်းပဲ ပြန့်ပွားခဲ့ပြီဖြစ်ပါတယ်။

အဲဒီအချိန်က အမေရိကန်သမ္မတ ထရန့်(ပ်)နဲ့ ဘရာဇီးသမ္မတ ဘိုဆိုနာရိုတို့ကတော့ ဒါဟာ တုပ်ကွေးအကြီးစားတွေပါ။ မကြာခင် လျော့ပါးသွားလိမ့်မယ်လို့ ယုံကြည်ပြောဆိုခဲ့ကြတယ်။ အင်္ဂလန်နဲ့ ပီရူးနိုင်ငံတွေမှာတော့ တရုတ်ပြည်က (5G) ကွန်ရက်တာဝါတိုင်တွေက နေထွက်လာတဲ့ရောဂါလို့ ယုံကြည်ပြီး တာဝါတိုင်တွေကို ဖျက်ဆီးမှုတွေ လုပ်ခဲ့ကြတာတွေ့ရတယ်။

Pandemic ဖြစ်ပြီ

WHO ဟာ ၂၀၂၀ ဇန်နဝါရီလကတည်းက အလုပ်တွေ ရှုပ်နေတယ်။

- SARS Cov–2 ဆိုတဲ့ ကိုရိုနာဗိုင်းရပ်(စ်) ဒုတိယမျိုးဆိုတာ သေချာသလား။
- ဒီဗိုင်းရပ်(စ်)တွေဟာ တိရစ္ဆာန်ကနေ လူကို ခုန်ကူးတာ ဟုတ်သလား။
- ကမ္ဘာ့ကပ်ရောဂါ (Pandemic) သတ်မှတ်ဖို့ အချိန်ကျပြီလား။
- နိုင်ငံတကာကူးစက်ရောဂါဆိုင်ရာ ဥပဒေတွေကို ဘယ်လိုကျင့်သုံးမလဲ။
- ကမ္ဘာ့အဆင့်နဲ့ ထိန်းချုပ်ဖို့ တူညီတဲ့ သဘောထားတွေ ရှိသလား

ဆိုတဲ့မေးခွန်းတွေရဲ့ အဖြေကို နိုင်ငံတကာ ပညာရှင်တွေက WHO မှာ ရှာဖွေလာခဲ့ကြပါတယ်။

သက်ဆိုင်ရာနိုင်ငံတွေကိုတော့ နိုင်ငံအလိုက် ကျန်းမာရေးဆိုင်ရာ ကာကွယ်ထိန်းချုပ်မှုဆိုင်ရာ ညွှန်ကြားချက်တွေ ပေးပို့ပြီး ဖြစ်ပါတယ်။

- ပါးစပ်နှာခေါင်းစည်း (Masks) တွေ စနစ်တကျ တပ်ဆင်ဖို့၊
- လူတစ်ယောက်နဲ့တစ်ယောက် ၃ ပေ ခွာနေထိုင်ဖို့၊ နောက်တော့ ၆ ပေ၊
- လူစုလူဝေးဖြစ်အောင် မလုပ်ဖို့၊
- မလိုအပ်ဘဲ အပြင်မထွက်ဘဲ အိမ်ထဲမှာပဲ နေထိုင်ဖို့၊
- လက်တွေကို ဆပ်ပြာနဲ့ရေနဲ့ စက္ကန့်နှစ်ဆယ်ကြာ ခဏ ခဏ ဆေးကြောဖို့

ဆိုတဲ့အချက်တွေကို နိုင်ငံတိုင်းက လူတိုင်းမှာ ဆောင်ရွက်ဖို့ တွန်းအားပေးခဲ့ကြပါတယ်။

အခြေခံစဉ်းစားတဲ့အချက်တွေကတော့ ကိုရိုနာဗိုင်းရပ်(စ်)ပိုးဟာ လူ့ကိုယ်ထဲကို ဝင်ပြီး ပွားတယ်။ လူကို ရောဂါဖြစ်စေတယ်။ အခြားလူတွေကို ပျံ့နှံ့ကူးစက်စေတယ်။ လူ့ကိုယ်ထဲမှာ နှစ်ပတ်လောက်နေနိုင်ပြီး လူမှာ ကိုယ်ခံအားတွေ ဖြစ်လာရင် ဒါမှမဟုတ် လူနာသေသွားရင် ဗိုင်းရပ်(စ်)မျိုးတုံးသွားဖို့ပါပဲ။ WHO နဲ့အပေါင်းအပါ ကျန်းမာရေးဌာနတွေက အဲဒီတွေးခေါ်မှုမျိုးကို ကိုင်စွဲပြီး "နှစ်ပတ်ပဲ သည်းခံပါ" ဆိုတဲ့စကားသံတွေ ကျယ်လောင်လာခဲ့တယ်။ "တွက်ရေးတော့ စက်သူဌေး"ပေါ့။ တကယ့်အဖြစ်အပျက်က ဗိုင်းရပ်(စ်)ဟာ ကမ္ဘာ့ကပ်ရောဂါဖြစ်စေဖို့ အခွင့်အရေးကောင်း ရသွားတယ်။ လူတွေကလည်း ကျန်းမာရေးဌာနတွေက သတ်မှတ်ထားတဲ့ စည်းကမ်းတွေကို တိကျစွာလိုက်နာမှု မရှိခဲ့ပါဘူး။

ဒါကြောင့် ၂၀၂၀ ပြည့်နှစ် မတ်လ ၁၁ ရက်နေ့မှာ ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါကြီး ဖြစ်ပြီလို့ WHO က ကြေညာခဲ့ရတယ်။

ရွှေတိုဠိပြည်မှာ ဘာတွေဖြစ်ခဲ့သလဲ

ကိုဗစ်–၁၉ ကပ်ရောဂါ စမဖြစ်ခင်ကတည်းက မြန်မာပြည်မှာ ကူးစက်ရောဂါတိုက်ဖျက်ရေးဆိုင်ရာဥပဒေ မူကြမ်းတစ်ခုကို ပြုစုပြီး သတင်းစာတွေကနေ လူထုကို ချပြခဲ့တယ်။ ဒါပေမဲ့ ဥပဒေကြမ်းထဲမှာပါတဲ့ အချက်အလက်တချို့ဟာ မီဒီယာသမားတွေအတွက် အခက်အခဲဖြစ်စေတယ်။ မီဒီယာသမားတွေထဲက အသံတွေ ထွက်လာခဲ့ပေမယ့် အချိန်တိုအတွင်းမှာပဲ လွှတ်တော်တင်ပြီး အတည်ပြုခဲ့တာတွေ့ရတယ်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလထဲမှာ တရုတ်ပြည် ဝူဟန်မှာ ပညာတော်သင်ရောက်နေတဲ့ မြန်မာပညာတော်သင် လေယာဉ်တစ်စီးတိုက်စာကို ဝူဟန်ကနေ မန္တလေးကို ပြန်ခေါ်

ပြီး ကွာရန်တင်း (Quarantine) နှစ်ပတ်ထားခဲ့တယ်။ နှစ်ပတ်ကြာပြီး ကျန်းမာရေးကောင်းတဲ့ အတွက် နေရပ်ဒေသတွေကို ပြန်လွှတ်ပေးခဲ့ပါတယ်။ "နှစ်ပတ်ပဲစောင့်" ဆိုတဲ့ သီအိုရီနဲ့ အတော်ပဲ ဟန်ကျနေခဲ့တယ်။

ကိုဗစ် ပညာပေးလုပ်ငန်းတွေကိုလည်း တွင်တွင်ကျယ်ကျယ် လုပ်ခဲ့တယ်။ ကော်မတီ အဆင့်ဆင့်တွေ ဖွဲ့ပြီး ဌာနဆိုင်ရာ ပူးပေါင်းဆောင်ရွက်တဲ့ "အစည်းအဝေး" တွေ၊ သတင်း ထုတ်ပြန်ချက်တွေ လုပ်ခဲ့ကြတယ်။ လူထုကလည်း အိမ်နီးနားချင်း တရုတ်ပြည်က စတဲ့ ကူးစက်ရောဂါဆိုတော့ သတိထားမိပြီး လက်တွေ့လိုက်နာကြတဲ့သူတွေ များပါတယ်။

ဒါပေမဲ့ လက်တွေ့မှာတော့ WHO က မတ်လ ၁၁ ရက်နေ့မှာ ကမ္ဘာ့ကပ်ရောဂါ (Pandemic) ဖြစ်နေပါပြီလို့ ကြေညာထားတာတောင် တာဝန်ရှိတဲ့လူအချို့ဟာ လူစုလူဝေး ကြီးနဲ့ သွယ်ဝိုက်မဲဆွယ်ပွဲတွေ လုပ်ခဲ့ကြပါတယ်။ ခြိမ့်ခြိမ့်သဲပါပဲ။

ရွှေတို့က ခေတ်မီမီ ကမ္ဘာကြည့်ကြည့်ခဲ့ကြတယ်။ အီရန်မှာ ကိုဗစ်ရောဂါမဖြစ်အောင် အရက်သောက်ကြတာကိုလည်း အတုခိုးကြတယ်။ မာဒါဂါစကာပြည်က သမ္မတလုပ်ပြသလို ပဲ ဆေးမြီးတိုတွေ သောက်ကြတယ်။ ဩစတြေးလျက ဘာသာရေးဂိုဏ်းဆရာကြီး ပြော သလို ပိုးသတ်ဆေးတွေ ဖျော်ထားတဲ့ ရေမန်းမျိုးကိုလည်း သောက်ကြတယ်။ ချင်းပြုတ်ရည် ကအစ ရောဂါကာကွယ်ရန်နိုးနိုး ကြိုးစားသောက်ခဲ့ကြတာပဲ။

ဒီလိုနဲ့ ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်နေ့မှာ မြန်မာပြည်ထဲကို ပထမဆုံး ဗိုင်းရပ်(စ်) ပိုးတွေ့လူနာ ရောက်လာခဲ့ပါတယ်။

ယုန်တောင်ပြေး ခွေးမြောက်လိုက်

အထိရောက်ဆုံး ဥပမာပေးရရင်တော့ ကိုဗစ်-၁၉ ဟာ ယုန်ဖြစ်ခဲ့ရင် 'ကမ္ဘာ့ရှေ့ဆောင် ပညာရှင်' တွေက အမဲလိုက်ခွေးဆိုပါတော့။ ယုန်ကလေးတွေဟာ တောထဲမှာ မြက်ခင်းထဲ မှာ ပြေးရင်း၊ တွင်းတူးခိုအောင်းရင်း မျိုးပွားနေကြတယ်။ အမဲလိုက်ခွေးနဲ့တူတဲ့ ပညာရှင် တွေကတော့ ကိုဗစ်-၁၉ ဗိုင်းရပ်(စ်)ပိုးဟာ "စွေးထဲကလာတယ်" "ဓာတ်ခွဲခန်းထဲက လာ တယ်" ဆိုတာ အငြင်းပွားနေတာ အချိန်နှစ်နှစ်ကျော်သွားပေမယ့် အဖြေမရသေးပါဘူး။

၂၀၂၀ နှစ်ဦးပိုင်းက ထုတ်ပြန်ခဲ့တဲ့ WHO ရဲ့ လမ်းညွှန်ချက်ထဲမှာ တိရစ္ဆာန်တွေနဲ့ နီးနီးကပ်ကပ်မနေဖို့၊ တောရိုင်းတိရစ္ဆာန်တွေကို လူတွေနေရာထဲ ဆွဲမသွင်းလာဖို့ ပညာ ပေး လမ်းညွှန်ခဲ့ပါတယ်။ အဲဒီကိစ္စကို လိုက်နာကျင့်သုံးတဲ့သူလည်း နည်းလှပါတယ်။ စီးပွားရေးလုပ်ငန်းအဖြစ်နဲ့ လုပ်နေကြတဲ့ မွေးမြူရေးလုပ်ငန်းရှင်ကြီးတွေက ဂရုမစိုက်ခဲ့ ကြပါဘူး။ ဥရောပမှာတော့ နယ်သာလန်နိုင်ငံမှာ သားမွေးထုတ်တဲ့ မြွေပါကောင် (Minks) တွေမှာ လူတွေဆီက ဗိုင်းရပ်(စ်)ပိုး ကူးပြီး ရောဂါပြန့်နေလို့ သတ်ပစ်လိုက်ရတာပဲ ရှိတယ်။ ဒေါ်လာသန်းနဲ့ချီပြီး ဆုံးရှုံးသွားခဲ့ရပါတယ်။

လေကြောင်းပျံသန်းမှုတွေလည်း ဖွင့်လိုက် ပိတ်လိုက်၊ စက်ရုံအလုပ်ရုံတွေလည်း ဖွင့်လိုက်ပိတ်လိုက်၊ တိုးရစ်(စ်)ခရီးသွားလုပ်ငန်းတွေလည်း ဖွင့်လိုက်ပိတ်လိုက်၊ စားသောက် ဆိုင်တွေ၊ ကုန်တိုက်တွေ၊ အရက်ဆိုင်တွေကိုလည်း ဖွင့်လိုက်ပိတ်လိုက်၊ နိုင်ငံရေးမဲဆွယ်ပွဲ တွေကိုလည်း ပေါ်တင်တစ်မျိုး၊ အတွင်းကျိတ်တစ်မျိုး လုပ်ကြပြီး မူဝါဒတွေကိုလည်း လို

]] ကိုဗစ်-၁၉ ထိန်းချုပ်ရေး ကွာရင်တင်းစခန်းတွေ၊ ယာယီ ကုသဆောင်တွေ၊ သေကောင်ပေါင်းလဲ ဖြစ်နေတဲ့ လူနာတွေကို ကုသတဲ့ ဆေးရုံတွေကို စွန့်ခွာရုံမက မနိုင်ဝန်ထမ်းပြီး ကျန်နေရတဲ့ ကျန်းမာရေး ဝန်ထမ်းတွေကိုပါ ထပ်ဆင့်ဖိအားတွေ ပေးလာ ခဲ့ကြပါတယ်]]

တစ်မျိုး၊ မလိုတစ်မျိုး ထုတ်ခဲ့ကြတဲ့ နိုင်ငံရေးသမား တွေနဲ့ စီးပွားရေးသမားတွေကို 'ကမ္ဘာ့ ရှေ့ဆောင် ပညာရှင်' ဆိုသူတွေက လက်မှိုင်ချရလုနီးနီးပါပဲ။

အဲဒီအချိန်မှာ ကိုဗစ်-၁၉ ဗိုင်းရပ်(စ်)ပိုးကတော့ မှန်မှန်နဲ့ မြန်မြန်ကြီး ကူးစက်ပျံ့နှံ့သွားခဲ့ပါတယ်။ နှစ်ပတ်အတွင်း နှိမ်နင်းဖို့မပြောနဲ့ နှစ်နှစ်ကျော်ကြာလာ တဲ့တိုင် ကမ္ဘာ့ လူဦးရေရဲ့ သန်းပေါင်းသုံးရာကျော်မှာ ရောဂါကူးစက်ပြီး လူပေါင်း ခြောက်သန်းလောက် ဘုမသိ ဘမသိ သေခဲ့ကြရပါပြီ။ နောက်ထပ်လည်း အလွန်များပြားစွာ ရောဂါရ၊ သေကျေကြဦးမှာ အမှန် ပါပဲ။

ကိုဗစ်ကိုယ်တွေ့

ကိုဗစ်-၁၉ ရောဂါဖြစ်ရတဲ့ဒုက္ခကို သတင်းစကား၊ နားအကြားနဲ့ ဆိုရှယ်မီဒီယာ တွေထဲမှာ ပြည့်လျှံ နေတာတွေ့နိုင်ပါတယ်။ သမားအိုကတော့ ကိုယ်တွေ့ ပဲ ရေးပြချင်ပါတယ်။ ကိုဗစ်-၁၉ ကြောင့် ကြုံရတဲ့ဒုက္ခ တွေကို ခံရင်း မြန်မာတွေ အသုံးများတဲ့ 'ကိုယ်ဖြစ် ကိုယ်ခံ' ဆိုတဲ့စကားကိုပဲ သတိရမိပါတယ်။

၂၀၂၀ ပြည့်နှစ်တစ်ခုလုံး ကိုဗစ်ကပ်ရောဂါကို ရှောင်ရှားနိုင်ခဲ့တဲ့ ညီငယ်ဟာ ၂၀၂၁ နှစ်ဆန်းမှာ နှလုံးရောဂါနဲ့ ဆေးရုံတက်ရတယ်။ အဲဒီမှာ ကိုဗစ်-၁၉ ကူးပြီဆိုပြီးတော့ သီးသန့်လူနာခန်းကို ပို့လိုက်တယ်။ ဒါပေမဲ့ စောင့်ရှောက်ကုသပေးမယ့် ဆရာဝန် ပညာရှင် တွေ မရှိတော့ပါဘူး။ သူတို့တစ်တွေဟာ သူတို့ကို ချစ်ခင်ယုံကြည်အားကိုးနေတဲ့ လူနာတွေကို စွန့်ခွာ သွားခဲ့ပါပြီ။ သူတို့ မကျေနပ်ချက်က တခြား၊ သူတို့ သွယ်ဝိုက်ပြီး အသေသတ် သွားတာက လူနာတွေ ဖြစ်သွားပါတယ်။

ကိုဗစ်-၁၉ ထိန်းချုပ်ရေး ကွာရင်တင်းစခန်းတွေ၊ ယာယီကုသဆောင်တွေ၊ သေကောင်ပေါင်းလဲဖြစ်နေတဲ့ လူနာတွေကို ကုသတဲ့ ဆေးရုံတွေကို စွန့်ခွာရုံမက မနိုင်ဝန်ထမ်းပြီး ကျန်နေရတဲ့ ကျန်းမာရေးဝန်ထမ်း တွေကိုပါ ထပ်ဆင့်ဖိအားတွေ ပေးလာခဲ့ကြပါတယ်။ အဲဒီအချိန်မှာ စိတ်ကောင်းရှိတဲ့သူတွေ သိအောင်

ဆေးပညာရှင်တွေရဲ့ ကျင့်ဝတ် (Ethics) တွေ၊ သူနာပြုတွေရဲ့ ကျင့်ဝတ်တွေ ပြန်လည်မှတ်မိပြီး မှန်ကန်တဲ့ဆုံးဖြတ်ချက်တွေ ချလာ အောင် စည်းရုံးဖို့တာဝန် 'သမားအို' ရဲ့ခေါင်းပေါ်ကို ရောက်လာခဲ့ပါတယ်။

ကျန်းမာရေးဝန်ထမ်း လက်ကျန်အင်အားတွေ၊ ပြန်လည်ပူးပေါင်းလာတဲ့ မေတ္တာရှင်တွေရဲ့ အကူအညီနဲ့ အသက်ကယ်တဲ့လုပ်ငန်းတွေ လည်ပတ်အောင် ဆောင်ရွက်လာကြရပြန်ပါတယ်။

ဒါပေမဲ့ ရွှေတို့ရဲ့ကံကတော့ ဆိုးပြီးရင်း ဆိုးနေတော့တာပါပဲ။

အလွန်ပြင်းထန်တဲ့ ကိုဗစ်-၁၉ မျိုးကွဲ ဒယ်လတာ (Dalta) ဟာ တတိယလှိုင်းအဖြစ် ဆိုက်ရောက်လာခဲ့ပါတယ်။

တတိယလှိုင်းလုံးကြီးရဲ့အောက်မှာ

ကျွန်တော်တို့ ကြုံခဲ့ရသမျှ ကပ်ရောဂါဆိုးတွေထဲမှာ ကိုဗစ်-၁၉ ဟာ အဆိုးဆုံးပဲ ဖြစ်ပါတယ်။ အဆိုးထဲကမှ ပိုဆိုးတဲ့ (ဒယ်လတာ) ဗိုင်းရပ်(စ်)မျိုးကွဲကြောင့် ဖြစ်လာတဲ့ တတိယလှိုင်းကြောင့် အတုံးအရုံးသေကျေခဲ့ရပါတယ်။ ဒယ်လတာမျိုးကွဲ (Delta Variants) တွေဟာ အိန္ဒိယမှာ စတွေ့ခဲ့တယ်လို့ဆိုပါတယ်။ ရှေးပိုင်းကတွေ့ခဲ့တဲ့ အယ်လဖာမျိုးကွဲ (Alpha) ဟာ အင်္ဂလန်နိုင်ငံကဖြစ်ပြီး နောက်ပိုင်းမှာ တောင်အာဖရိကနိုင်ငံက ဘီတာ (Beta) မျိုးကွဲ၊ ဘရာဇီးနိုင်ငံက ဂါမာ (Gamma) မျိုးကွဲတွေရဲ့နောက်က လိုက်လာပြီး တစ်ကမ္ဘာလုံးကို ဒုက္ခပေးခဲ့၊ ဒုက္ခပေးနေဆဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံထဲကို ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းကတည်းက တစိမ့်စိမ့်ဝင်ရောက်လာပြီး ၂၀၂၁ ခုနှစ် ဇွန်၊ ဇူလိုင်လတွေမှာတော့ အဆိုးဆုံးဖြစ်ခဲ့ပါတယ်။ မမျှော်လင့်ထားတာ မဟုတ်ပေမယ့် ဒီလောက်ဆိုးရွားလိမ့်မယ်လို့ မထင်ခဲ့ပါဘူး။ ၂၀၂၁ ခုနှစ် နှစ်ဆန်းမှာ ညီငယ်ဆုံးစဉ်ကတော့ မိသားစုတွေ မလိုက်ရဘဲ အိတ်နဲ့စွပ်ပြီး အသုဘချခဲ့ကြပါတယ်။ လူနာစောင့်လုပ်နေတဲ့ သူ့ဇနီးက ကွာရန်တင်းတစ်နေရာ၊ အိမ်မှာ ကျန်နေတဲ့သားသမီးတွေက ကွာရန်တင်းတစ်နေရာ နေကြရပေမယ့် စောင့်ရှောက်မယ့်သူ မရှိခဲ့ပါဘူး။

တတိယလှိုင်းအရှိန်ကောင်းလာတဲ့ ဇူလိုင်လဆန်းမှာတော့ နောက်ထပ် ညီငယ် (ယောက်ဖ)က ဒယ်လတာနဲ့ တွေ့ရပါတော့တယ်။ သူဟာ ကျန်းမာရေးဌာနက အကြံပြုတဲ့ အတိုင်း အိမ်ထဲမှာနေပြီး ဘယ်မှမထွက်တာ တစ်နှစ်ခွဲအကြာမှာ သူ့အိမ်ထဲကို ဒယ်လတာ ပိုးဝင်ပြီး ရောဂါရခဲ့တာပါ။ ဆေးရုံတင်ဖို့ အသည်းအသန် ကြိုးစားရင်း ဆေးရုံကြီးကို ပို့ဖို့ အချိတ်အဆက် ရသွားပါတယ်။

ဆေးရုံကြီးကိုရောက်တော့ ဘယ်အပေါက်က ဝင်ရမှန်းမသိလို့ တလည်လည်။ ဝင်လာပါဆိုတဲ့အပေါက် ရောက်တော့လည်း ပိတ်ဆို့ထားသူတွေအပြည့်။ ဆေးရုံကြီးဝင်းထဲက ကတ္တရာလမ်းမပေါ်မှာ၊ မွန်းတည့်နေရောင်အောက်မှာ လူနာတင်ကပ်ပေါ်က လူနာဟာ ဖုတ်လှိုက်ဖုတ်လှိုက်နေရပေမယ့် သူ့ကို ဆေးရုံတင်ရင် ဓာတ်ပုံရိုက်ပြီး ဖေ့စ်ဘွတ်တင်မယ်လို့ ကြုံးဝါးနေတဲ့ ပြည်သူပြည်သား သတင်းသမားတွေကလည်း တစ်အုပ်တစ်ခဲ။

ကံကောင်းလို့ ဆေးရုံထဲ ဝင်ခွင့်ရပြီး တစ်ညအိပ်လိုက်ရပါတယ်။ အရုဏ်တက်မှာပဲ အသက်ဆုံးရှာတယ်။ ကျွန်တော့်ညီနှစ်ယောက်စလုံး အိတ်ထုပ်အသုဘ ဖြစ်ကြရရှာတယ်။

အလှည့်ကျတော့ မနွဲ့ကြစတမ်း

ယောက်ဖ ရက်လည်တဲ့နေ့မှာ ကျွန်တော် ဆေးရုံပေါ် လူနာအဖြစ်နဲ့ ရောက်နေပါပြီ။ သမားအိုတစ်ယောက်အနေနဲ့ မသေခင် လူနာဖြစ်ရတဲ့ အတွေ့အကြုံကတော့ ပြန်မပြောချင်လောက်အောင် ခါးသီးလွန်းလှပါတယ်။ မပြောချင်ပေမယ့် ပြောရတဲ့အကြောင်းရင်းကတော့ လာမယ့်ကပ်ဆိုးတွေမှာ ကျွန်တော့်လိုမကြုံရအောင် အချိန်မီ ပြုပြင်နိုင်ဖို့ပဲ ဖြစ်ပါတယ်။

၂၀၂၁ ခုနှစ် ဧပြီလမှာ Covidshield ကာကွယ်ဆေး ပထမအကြိမ်၊ မေလမှာ ဒုတိယအကြိမ် ထိုးထားပြီးပါပြီ။ ၂၀၂၀ ကနေ ဒီနေ့အထိလည်း ကိုဗစ်-၁၉ စည်းကမ်းတွေအတိုင်း အတိအကျနီးပါး လိုက်နာခဲ့ပါတယ်။ တစ်ကြိမ်တည်းပါပဲ။ ပါးစပ်နှာခေါင်းစည်း ဖြုတ်ပြီး ရုပ်/သံ အင်တာဗျူးလုပ်ရာကနေ ဒယ်လတာမျိုးကွဲ ကူးစက်ခံခဲ့ရတယ်။ ဘယ်လိုမှ မထင်ထားဘူး။ ရောဂါဝေဒနာကို အပြင်းအထန်ခံစားရတယ်။

နောက်ထပ် ဘယ်လိုမှမထင်ထားတဲ့ အတွေ့အကြုံတစ်ခုကိုလည်း ရပြန်ပါတယ်။ သမားအိုတစ်ယောက်အနေနဲ့ မကျန်းမာတဲ့အခါမှာ သမားပျိုတို့ရဲ့ စောင့်ရှောက်မှုကို ခံယူရမယ်လို့ ထင်ခဲ့ပေမယ့် ဆေးရုံတက်တဲ့နေ့ကနေ ဆေးရုံဆင်းတဲ့နေ့အထိ ဆရာဝန်ဆိုတာ တစ်ယောက်မှ မမြင်ရဘူး။ သူတို့ကတော့ (CCTV) နဲ့ ကြည့်နေတာမို့ ကျွန်တော့်ကို မြင်ရမှာပါ။ လူနာ ၂၀၊ လူနာစောင့် ၂၀၊ ဟိုလိုလို ဒီလိုလို လူ ၂၀ လောက် ပေါင်း လူ ၆၀ လောက် ရှိတဲ့ အခန်းထဲမှာ အကာအရံမပါဘဲ လူနာခုတင်ပေါ်မှာ မစင်စွန့်ရတဲ့၊ ဆီးသွားနေရတဲ့ ကျွန်တော့်ကိုတော့ သူတို့မြင်နေမှာ သေချာပါတယ်။

ဆေးလာထိုးပေးတဲ့ သူနာပြုရယ်၊ သန့်ရှင်းရေးလုပ်သားရယ်တော့ နေ့စဉ် မြင်ရပါတယ်။ အောက်ဆီဂျင် မှန်မှန်ရှူရတယ်။ ဆေးကောင်းဝါးကောင်းနဲ့ ကုသမှုခံရတယ်။ အနီးကပ် ပြုစုစောင့်ရှောက်ပေးနေတဲ့ ဇနီးသည်မှာ ရောဂါတက်လာပြီး အောက်ဆီဂျင်တွေ ကျနေတဲ့အချိန် ပြုစုကုသမယ့်လူ မရှိဘူး။ ဆေးရုံကနေ ရုစ်ရက်မြောက်နေ့မှာ ဆင်းလာတော့ ဆေးရုံတက်စဉ်က လမ်းလျှောက်ဝင်ခဲ့တဲ့ ကျွန်တော်ဟာ ချည့်နဲ့သွားပြီး လမ်းမလျှောက်နိုင်တော့ဘူး။ တွန်းလှည်းနဲ့ ပြန်ခဲ့ရတယ်။ လင်မယားနှစ်ယောက် တွန်းလှည်းလေးတွေကိုယ်စီနဲ့ စုံတွဲပေါ့။ ဆေးရုံထဲမှာ နေ့လား၊ ညလား မသိဘဲ ဝေဒနာခံစားနေရချိန်မှာ သမားအို ဆိုတာ မရှိပါလား။ "ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ဆိုတာ မမြဲပါလား" ဆိုတဲ့ မရဏာနုဿတိကို ဆင်ခြင်ခွင့်ရခဲ့ပြီး သတိနဲ့ အသက်ရှည်ခဲ့ပါတယ်။

နှစ်ယောက်စလုံး လူနာအဖြစ်နဲ့ အိမ်ပြန်ရောက်တဲ့အချိန်မှာ ပြုစုစောင့်ရှောက်မယ့်သူ မရှိပါဘူး။ သူနာပြုမဟုတ်၊ သူနာပြုအကူမဟုတ်၊ ဘာမှမလုပ်တတ်တဲ့သူတွေက လာရောက် ပြုစုတာပဲ ခံရတယ်။ ကိုဗစ်-၁၉ လူနာမို့ ပြုစုခ တစ်နေ့ နှစ်သိန်းကျပ်ပါ။

တောကြောင်ကြီးတွေ

တကယ်တော့ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာကြီးမှာ မီးလောင်နေပါပြီ။ "တောမီးလောင် တောကြောင် လက်ခမောင်းခတ်" ဆိုတဲ့စကားလိုပါပဲ။ ကိုဗစ်-၁၉ ကို အကြောင်းပြုပြီး လက်ခမောင်းခတ်လာတဲ့ တောကြောင်ကြီးတွေကို အထင်းသား မြင်လာရပါတယ်။ ဒုက္ခတွေ အထုအထည်နဲ့ ပြေးလွှားပြီး အသက်ကလေးရှင်ဖို့ ကြိုးစားနေရတဲ့သူတွေရဲ့ ဒုက္ခကို ရင်းပြီး အမြတ်ကြီးကြီးစားနေကြတယ်။

၁။ လူနာစောင့်ဆိုတာတွေကလည်း ကိုဗစ်-၁၉ အသံကြားတာနဲ့ တနင့်တပိုး တောင်းကြတယ်။

၂။ ဆေးသည်တွေကလည်း ဆေးဈေးတွေ ခေါင်ခိုက်တင်လိုက်တယ်။ ဆေးမဟုတ်တဲ့ ငှက်သိုက်တို့၊ ပဲမှုန့်ရည်လိုဟာမျိုးတွေကို ဈေးကြီးမြှင့်လိုက်တယ်။

၃။ အောက်ဆီဂျင်လိုတယ်ဆိုတဲ့ဘေးတီးစကားတွေကြောင့် အောက်ဆီဂျင် ပြတ်လပ်ပြီး အတုလုပ်ရောင်းတဲ့လူတွေပါ ပေါ်လာခဲ့တယ်။

၄။ ကျန်းမာရေးအထောက်အကူ ပစ္စည်းတွေဖြစ်တဲ့ သွေးတိုး၊ ဆီးချို၊ အဖျားတိုင်းကိရိယာတွေလည်း ရှာမရ။ အရည်အသွေးမမီတဲ့ ပစ္စည်းတွေရယ်၊ လုံးဝပစ္စည်းအတုတွေကိုလည်း ကိုယ်တိုင်တွေ့ခဲ့ရတယ်။ (ဆေးအတုအကြောင်းတော့ မပြောချင်ပါ)

၅။ ကျန်းမာရေးဝန်ထမ်းတွေ၊ ဆေးကုဌာနတွေမှာ ဝန်နဲ့အား မမျှတော့ဘူး။

၆။ ကမ္ဘာပေါ်မှာ ရှိရှိသမျှ ပြည်သူ့ကျန်းမာရေးစနစ်တွေ ပြိုလဲသွားတယ်။

၇။ ခေါင်းဆောင်မှု အရည်အသွေး မပြည့်မီတဲ့ နိုင်ငံရေးလုပ်စားသူတွေဟာ မိုးဦးကျဖားတွေလိုပဲ မမှန်တဲ့အသံတွေကို ကျယ်ကျယ်ဟစ်ပြီး တာဝန်ခံမှု၊ တာဝန်ယူမှု မရှိကြတာလည်း တွေ့ရတယ်။

၈။ သတင်းအတုတွေ၊ သတင်းမှားတွေကို တွင်တွင်ကျယ်ကျယ် ဖြန့်ရင်း ဆိုရှယ်မီဒီယာသူဌေးကြီးတွေဟာ ငွေတွေ ထားစရာမရှိအောင် ချမ်းသာကုန်ကြတယ်။

၉။ ဆန်စင်ရာ ကျည်ပွေ့လိုက်နေရဆဲဖြစ်တဲ့ ကာကွယ်ဆေးထုတ်လုပ်တဲ့ ကုမ္ပဏီတွေမှာ အစုရှယ်ယာဈေးတွေ မြင့်တက်ချမ်းသာသွားကြတယ်။

၁၀။ ကျန်းမာရေးစည်းကမ်းချက်တွေကို မလိုက်နာတဲ့လူတွေကြောင့် ကပ်ရောဂါဖြစ်ပေမယ့် နောက်ထပ် ကပ်ရောဂါမဖြစ်အောင် ပြုပြင်ရမယ့်၊ ကျန်းမာရေးထိခိုက်စေမယ့် အပြုအမူတွေကို စနစ်တကျ ပြောင်းလဲဖို့ ကြိုးစားတဲ့သူတွေ မပေါ်သေးတာလည်း တွေ့ရတယ်။

ဒီလောက်ဆို ကိုဗစ်ကောက်ကြောင်းကိုတော့ သိနိုင်ပါမယ်။ သမားအို မသေသေးလို့ ရေးခွင့်ရတာ ကျေးဇူးတင်ပါတယ်။

တာဝန်သိသူများ

သာမန်လူနာကို ဆေးကုတာက အဲဒီလူနာနဲ့ သူ့ကို ကုတဲ့ဆေးဆရာနဲ့ နှစ်ဦးသားကိစ္စပါ။ ရောဂါ ဘာကြောင့်ဖြစ်သလဲဆိုတဲ့အကြောင်းကို ရှာရင်တော့ အဲဒီလူနာနဲ့ သူ့မိသားစုရဲ့ နေထိုင်မှုဘဝဟန် (Life Styles) တွေကို ကြည့်ရပါတော့မယ်။ ရောဂါမဖြစ်အောင်

ကာကွယ်တော့မယ်ဆိုရင်တော့ ပတ်ဝန်းကျင်အသိုက်အဝန်း၊ ရပ်ရွာလူ့အဖွဲ့အစည်းသာမက လွှမ်းခြုံ စဉ်းစားရပါတော့တယ်။ လူတစ်ဦးချင်းရဲ့ ကျန်းမာရေးသာမက လူထုတစ်ရပ်လုံးရဲ့ ကျန်းမာရေးအတွက် (Public Health) လုပ်ပြီဆိုရင်တော့ ဆေးရုံဆေးခန်းထဲကနေ လုပ်ရုံနဲ့ မရတော့ပါဘူး။

တိုင်းပြည်နဲ့ချီပြီး အမျိုးသားရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရတော့ မယ်ဆိုရင်တော့ အစိုးရရဲ့ ဦးဆောင်မှုနဲ့ မူဝါဒ (Policy) ချမှတ်ပြီး ဘက်စုံက ပူးပေါင်း ဆောင်ရွက်ဖို့ လိုအပ်တယ်။ လွယ်လွယ်နဲ့မပြီးပါဘူး။

ကိုဗစ်-၁၉ ကပ်ရောဂါနဲ့ ပတ်သက်ပြီး လက်ရှိအစိုးရက မူဝါဒနှစ်ရပ်ကို ရှေ့လုပ်ငန်း စဉ် (၅) ရပ်ထဲမှာ အတိအလင်းပြဋ္ဌာန်းထားတယ်။

"လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်း များကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားမည်" ဆိုတဲ့ ရှေ့လုပ်ငန်းစဉ်အတွက် ကျန်းမာရေးဝန်ထမ်းတွေရဲ့ တာဝန်သိမှုအပေါ် အခြေခံပြီး ဘက်စုံ ထောင့်စုံက လုပ်နေကြ တာတွေ့ရပါတယ်။

"ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင် သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်" လို့ သတ်မှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ် အောင်မြင်ဖို့ အစိုးရနဲ့ ပုဂ္ဂလိက တာဝန်သိသိ ပူးပေါင်းဆောင်ရွက်မှုကြောင့် တတိယလှိုင်း တုန်းက ကြုံခဲ့ရတဲ့ အခက်အခဲတွေကို ကျော်လွှားနိုင်ခဲ့တယ်။

အခုလာမယ့် စတုတ္ထလှိုင်းကို ကျော်လွှားဖို့ကတော့ တာဝန်သိပြည်သူတစ်ရပ်လုံး က တက်ကြွစွာ ပါဝင်ဖို့၊ အသိနဲ့အလုပ်ကို တွဲလုပ်ဖို့ လိုအပ်လာပါတယ်။

တာဝန်သိသိနဲ့ မြန်မာလူထုအတွက် အရေးပေါ်လိုအပ်တဲ့ အသက်ကယ်အောက်ဆီဂျင် တွေကို တတိယလှိုင်းတုန်းက ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံက အိမ်နီးချင်းကောင်းဝီသစွာ ထောက်ကူခဲ့တယ်။ အသက်ကယ်ကာကွယ်ဆေးတွေကိုလည်း အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံတို့က လှူဒါန်းပေးခဲ့တယ်။ ရောင်းပေးခဲ့တယ်။ ကမ္ဘောဒီးယားလည်း ပါတယ်။

စာရင်းချရေးရာရင် "တာဝန်သိသူ" တွေလည်း လွန်စွာများပြားလှပါတယ်။

"တာဝန်သိသူမှာ တာဝန်ရှိသည်" လို့ ဆောင်ပုဒ်ပြုထားတဲ့ မင်းကွန်းဆရာတော်ကြီး ရဲ့ ဩဝါဒအတိုင်းပါပဲ။ လာမယ့်ကပ်ဘေးတွေကို တာဝန်သိသိ ပြေးတွေ့ကြစို့။

သမားအို

သောက်သုံးရေဖူလုံရေးနှင့်မြန်မာ

au;smOD

"နိုင်ငံတစ်နိုင်ငံ၏ သောက်သုံးရေဖူလုံမှုကို
တိုင်းတာနည်းတစ်ခုမှာ သုံးစွဲလိုက်သော
ရေပမာဏနှင့် ပြန်လည် ပြည့်တင်းနိုင်သည့်
ရေအရင်းအမြစ်တို့၏အချိုး ဖြစ်သည်။
ပြန်လည်ပြည့်တင်းနိုင်သော ရေဆိုသည်မှာ
သဘာဝအလျောက် ပြန်ပြည့်သော မြစ်ချောင်း
အင်းအိုင်ရေများနှင့် မြေအောက်ရေအချို့ ဖြစ်ကြသည်"

အာကာသထဲမှ ရိုက်ယူထားသော ကမ္ဘာလုံးကြီး၏ပုံကို ကြည့်လျှင် မျက်နှာပြင်၏ ၇၀ ရာခိုင်နှုန်းကို ရေက ဖုံးလွှမ်းထားသည်ကို မြင်နိုင်ရာ အကယ်၍ အခြားဂြိုဟ်သား တစ်ယောက် ကမ္ဘာအနီးသို့ ရောက်လာလျှင် ကမ္ဘာသူ ကမ္ဘာသားအများစုတို့ ရေမလုံလောက်သောအဖြစ်နှင့် ရင်ဆိုင်နေရမည်ဟု လုံးဝ ထင်မှတ်မည် မဟုတ်ချေ။

လူဦးရေသန်း ၄၀၀၀ (ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ကျော်)သည် တစ်နှစ်လျှင် အနည်းဆုံး တစ်လခန့် ရေရှားပါးသော ဒုက္ခနှင့် ရင်ဆိုင်တွေ့နေကြသည်။ ဤအခြေအနေတွင် လွန်ခဲ့သော နှစ်ပေါင်း ၄၀ ခန့်မှစကာ တစ်နှစ်လျှင် တစ်ရာခိုင်နှုန်းဖြင့် တိုးတက်လာနေသည့် ရေသုံးစွဲမှုသည် ၂၀၅၀ ပြည့်နှစ်အထိ အဆိုပါနှုန်းအတိုင်း ဆက်လက်တိုးတက်နေမည်ဟု ခန့်မှန်းရသည်။ ထို့ကြောင့် ၂၀၅၀ ပြည့်နှစ်အရောက်တွင် ရေသုံးစွဲမှုသည် လက်ရှိထက် ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ မြင့်မားလာမည်။ ရေအရေးကို ပေါ့ပေါ့တွေး၍ မရတော့သည့် အခြေအနေဖြစ်သည်။

ကမ္ဘာပေါ်တွင် ၃၅၂ဒသမ၅သန်းကုဗမိုင်မျှသော ရေထုကြီးရှိသော်လည်း အများစု သည် ပင်လယ်ရေနံများ ဖြစ်နေ၍ သောက်သုံး၍ မရချေ။ တောင်ထိပ်ရေခဲ၊ ရေခဲမြစ်နှင့် အမြဲဆီးနှင်းခဲတို့သည် ရေချိုများဖြစ်ကြသော်လည်း လူတို့လက်လှမ်းမမီ၊ မြေအောက်ရေ အချို့နှင့် ကန်ရေအချို့သည်ပင် ရေငန်များဖြစ်နေသည်။ ထို့ကြောင့် ကျန်မြေအောက်ရေ အချို့၊ ကန်ရေအချို့နှင့် မြစ်ရေအတော်များများသည်သာ လူတို့သောက်သုံး၍ရသော၊ လက်လှမ်းမီနိုင်သော ရေများဖြစ်ကြသည်။

အထက်ပါ ရေချိုသုံးမျိုး၏ အချိုးအဆကို လေ့လာလျှင် မြေအောက်ရေ(ရေချို) သည် ကမ္ဘာပေါ်ရှိရေစုစုပေါင်း၏ ဝ ဒသမ ၇၆ ရာခိုင်နှုန်း၊ ရေကန်(ရေချို) သည် ဝ ဒသမ ဝဝ၇ ရာခိုင်နှုန်းနှင့်မြစ်ရေသည် ဝ ဒသမ ဝဝဝ၂ ရာ ခိုင်နှုန်းအသီးသီး ဖြစ်ကြသည်။ သုံးခုပေါင်းသည် ဝ ဒသမ ၇၆၇၂ ရာခိုင်နှုန်းဖြစ်ပြီး ပကတိကိန်းနှင့် ဖော်ပြရလျှင် ၂၅၄၈၃၃၉ ကုဗမိုင်မျှ ဖြစ်သည်။

]] ပျမ်းမျှကိန်းအရ ရေချိုပမာဏ များသည် ဆိုနိုင်သော်လည်း တစ်နိုင်ငံချင်းစီ လေ့လာလျှင်မူ ရေချိုပိုင်ဆိုင်မှု ကွာဟချက် အလွန် ကြီးမားလှကြောင်း တွေ့ရသည်။ ကမ္ဘာ့ရေချို စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းသည် ကိုးနိုင်ငံတွင် စုဝေးတည်ရှိသည်}}

အဆိုပါပမာဏကို လက်ရှိ ကမ္ဘာ့နိုင်ငံ ၁၉၅ နိုင်ငံနှင့် အချိုးချလျှင် တစ်နိုင်ငံ လျှင် ပျမ်းမျှရေချို ၁၃၀၀၀ ကုဗမိုင်စီ ပိုင်ဆိုင်သည်။

ရေချိုများလှသည်ဟု ထင်ရသော်လည်း

ပျမ်းမျှကိန်းအရ ရေချိုပမာဏများသည်ဆိုနိုင်သော်လည်း တစ်နိုင်ငံချင်းစီ လေ့လာလျှင်မူ ရေချိုပိုင်ဆိုင်မှု ကွာဟချက် အလွန်ကြီးမားလှကြောင်း တွေ့ရသည်။ ကမ္ဘာ့ရေချိုစုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းသည် ကိုးနိုင်ငံတွင် စုဝေးတည်ရှိသည်။ ယင်းနိုင်ငံတို့မှာ ဘရာဇီး၊ ရုရှား၊ ကနေဒါ၊ အင်ဒိုနီးရှား၊ တရုတ်၊ ကိုလံဘီယာ၊ အမေရိကန်၊ ပီရူးနှင့် အိန္ဒိယတို့ ဖြစ်ကြသည်။

ထို့ကြောင့် အဆိုပါနိုင်ငံသားအားလုံးသည် ရေကို ဖူလုံလောက်ငစွာ သုံးစွဲနေကြရသည်ဟု ထင်စရာ ရှိသည်။ လက်တွေ့တွင်မူ ထင်သလို မဟုတ်ပြန်ချေ။

ယင်းကိုးနိုင်ငံတို့အနက် တရုတ်၊ အမေရိကန်၊ ပီရူးနှင့် အိန္ဒိယနိုင်ငံများ၏ အချို့သော အစိတ်အပိုင်းများ၌ ရေမလုံလောက်မှု ရှားပါးမှုတို့ကို ရင်ဆိုင်ဖြေရှင်း နေကြရသည်။ အကြောင်းမှာ နိုင်ငံကျယ်ပြန့်ခြင်း၊ လူဦးရေများခြင်း၊ ရေအသုံးများခြင်း စသည်တို့ကြောင့် ဖြစ်သည်။ အထူးသဖြင့် ယင်းအချက်ကို တရုတ်နှင့်အိန္ဒိယ နိုင်ငံတို့တွင် ထင်ရှားစွာမြင်နိုင်သည်။ နိုင်ငံအနေနှင့်ကြည့်လျှင် ရေချိုပမာဏများ လှသော်လည်း ကမ္ဘာ့လူဦးရေ စုစုပေါင်း၏ ၃၅ ရာခိုင်နှုန်းခန့် နေထိုင်သော တရုတ်နှင့် အိန္ဒိယ နှစ်နိုင်ငံပေါင်း၏ ရေအရင်းအမြစ်ပမာဏမှာ ကမ္ဘာ့စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းသာ ရှိသည်။

အဆိုပါနှစ်နိုင်ငံတို့သည် ဧရိယာကျယ်ဝန်းသည့်အတွက် ရေအရင်းအမြစ်တည်ရှိပုံမညီမျှသော ပြဿနာနှင့် ရင်ဆိုင်နေရသည်။ အိန္ဒိယအရှေ့မြောက်ပိုင်းတွင် ရှာသော မိုးရေချိန်သည် နိုင်ငံအနောက်ပိုင်း သဲကန္တာရတွင် ရှာသောမိုးထက် အဆပေါင်း တစ်ရာကျော်ပိုသည်။ ထို့ကြောင့် တစ်နိုင်ငံလုံးအနေနှင့်ကြည့်လျှင် အိန္ဒိယတွင် ရေအရင်းအမြစ် မရှားပါးသော်လည်း ပြည်နယ်အလိုက်ကြည့်လျှင် ရေအတွက်အခက်ပွေနေသူ အများအပြား ရှိနေသည်။

အလားတူ တရုတ်နိုင်ငံတောင်ပိုင်းတွင် ရေပိုရေလျှံရှိသော်လည်းနိုင်ငံမြောက်ပိုင်းတွင်မူ ရေရှားသဖြင့် ဧရာမရေလွှဲပြောင်းခြင်း စီမံကိန်းကြီးဖြင့် ရေလွှဲပြောင်း ပေးပို့နေရသည်။

မြန်မာ့အခြေအနေ

မြန်မာနိုင်ငံတွင်လည်း အိန္ဒိယနှင့်တရုတ်တို့ နည်းတူ တစ်နိုင်ငံလုံးခြုံကြည့်လျှင် ရေအရင်းအမြစ် ပေါများသော်လည်းဒေသအလိုက် ရေရှားပါးမှုများပေါ်ပေါက်နေသည်။

နိုင်ငံတစ်နိုင်ငံ၏ သောက်သုံးရေဖူလုံမှုကို တိုင်းတာနည်းတစ်ခုမှာ သုံးစွဲလိုက်သော ရေပမာဏနှင့် ပြန်လည် ပြည့်တင်းနိုင်သည့်ရေအရင်းအမြစ်တို့၏အချိုး ဖြစ်သည်။ ပြန်လည်ပြည့်တင်းနိုင်သော ရေဆိုသည်မှာ သဘာဝအလျောက် ပြန်ပြည့်သော မြစ်ချောင်းအင်းအိုင်ရေများနှင့် မြေအောက်ရေအချို့ ဖြစ်ကြသည်။

မြန်မာနိုင်ငံရှိ တစ်နှစ်အတွင်း ပြန်လည် ပြည့်တင်းနိုင်သောရေပမာဏသည် ၂၇၀

ကုဗမိုင်ရှိပြီး သုံးစွဲမှုသည် ၈ ကုဗမိုင်သာရှိသည်။ မြန်မာတို့သည် သဘာဝက ပြန်ဖြည့်ပေးနိုင်သည့် ရေပမာဏ၏ သုံးရာခိုင်နှုန်းနှင့် လေးရာခိုင်နှုန်းအတွင်း၌သာ သုံးနေသည့် သဘော ဖြစ်သည်။ ပကတိကိန်းဖြင့် ဆိုလျှင် ပြန်လည် ပြည့်တင်းနိုင်သော ရေအရင်းအမြစ် တစ်နှစ်လျှင် ၁၀၄၅၆၀၀ သန်း ကုဗမီတာကို ပိုင်ဆိုင်သည်။

သို့သော် တရုတ်နှင့်အိန္ဒိယစသည်တို့နည်းတူ မြန်မာနိုင်ငံတွင် ရေပေါများသော်လည်း အချိန်ကာလအားဖြင့်ရော၊ နေရာအားဖြင့်ပါ မိုးရွာသွန်းမှု မညီမျှခြင်းကြောင့်ပါ နွေရောက်တိုင်း ရေအခက်အခဲ ဖြစ်ပေါ်နေသည်။ တစ်နှစ်တွင် သုံးလကျော် လေးလခန့်သာ မိုးရွာပြီး ကျန်လများတွင် ခြောက်သွေ့နေခြင်းသည် အချိန်ကာလအားဖြင့် မညီမျှခြင်းပင် ဖြစ်သည်။ နေရာအားဖြင့် မိုးမညီမျှခြင်းမှာ ကမ်းရိုးတန်းဒေသများတွင် မိုးများကာ ကျန်ဒေသများ၌ မိုးနည်းခြင်းကို ဆိုလိုသည်။ မြန်မာနိုင်ငံတွင် မိုးအများဆုံးဒေသနှင့် အနည်းဆုံးဒေသတို့အကြား မိုးရရှိမှုသည် ဆယ်ဆနီးပါး ကွာခြားသည်။

မိုးရွာသည့်လထက် မိုးပြတ်သောလကများနေခြင်း၊ နိုင်ငံဧရိယာကျယ်ဝန်းနေခြင်းတို့အပေါ် ရာသီဥတုပြောင်းလဲမှုကထပ်ဆင့် သက်ရောက် ထိခိုက်လာသောအခါ (မိုးမှန်သောနှစ်များမှအပ) ရေရှားပါးဒေသ တစ်နှစ်ထက်တစ်နှစ် တိုးပွား ဆိုးရွားလာရသည်။ ရာသီဥတုပြောင်းလဲမှု၏ ရိုက်ခတ်မှုကိုခံရမည့်နိုင်ငံများထဲတွင် ထိပ်ပိုင်းမှ ပါဝင်သည့် မြန်မာတွင် လောလောဆယ် မိုးမှန်နေသော်လည်း နှစ်စဉ်မိုးမှန်နေမည်ဟု ပုံသေတွက်၍ မရနိုင်တော့ချေ။ ယခုနှစ်များတွင် မိုးမှန် မိုးကောင်းနေသော်လည်း နှစ်ရှည်မိုးနည်းလာခဲ့လျှင် မည်သို့လုပ်ဆောင်မည်နည်းဆိုသည်ကို ယခုကတည်းက ကြိုတင် စဉ်းစားပြင်ဆင်ထားဖို့ လိုအပ်သည်။

ခြောက်သွေ့ဒေသ ရေအခက်အခဲကိုဖြေရှင်းရန်

တရုတ်နိုင်ငံတောင်ပိုင်းမှ ရေကို နိုင်ငံမြောက်ပိုင်းသို့ လွှဲပြောင်းပေးသည့် နည်းအတိုင်း မြန်မာနိုင်ငံ ခြောက်သွေ့ဒေသ၏ ရေအခက်အခဲကို ယင်းဒေသသို့ သံလွင်မြစ်ရေကို လွှဲပြောင်းပေးခြင်းဖြင့် ဖြေရှင်းနိုင်သည်။

၁၉၈၁ ခုနှစ် ဖေဖော်ဝါရီက ဆည်မြောင်း အင်ဂျင်နီယာတို့လေ့လာပြုစုတင်ပြခဲ့သော "သံလွင်မြစ် ဆည်မြောင်းစီမံကိန်း ပဏာမ စူးစမ်းလေ့လာမှုအစီရင်ခံစာ" အရ ရှမ်းပြည်နယ် မြောက်ပိုင်းတန့်ယန်းမြို့နယ်အတွင်း၌ ရေလွှဲအဆောက်အအုံ တည်ဆောက်ပြီး သံလွင်မြစ်ရေကို ၂၂ မိုင်ရှည်ဥမင်ဖြင့် မြစ်ငယ်မြစ်တွင်းသို့ထည့်ကာ ပြင်ဦးလွင်မှတစ်ဆင့် မြန်မာပြည်အလယ်ပိုင်း ခြောက်သွေ့ဒေသသို့ သွယ်ယူရန်ဖြစ်သည်။ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်း လယ်မြေ၈က ၁၅ သိန်းကို ရေပေးရန် လျာထားသည်။

အခြားနိုင်ငံများရှိ မြစ်ဝှမ်းဒေသတစ်ခုမှတစ်ခုသို့ ရေလွှဲစီမံကိန်းများတွင် ရေတွန်းစက်များကို သုံးရသောကြောင့် လျှပ်စစ်စွမ်းအင်အမြောက်အမြားလိုသော်လည်း သံလွင်က မြင့်၍ မြစ်ငယ်က နိမ့်နေသဖြင့် စွမ်းအင်မလိုဘဲ အလိုအလျောက် စီးဝင်မည် ဖြစ်သောကြီးမားသည့် အားသာချက်ရှိသည်။

စွမ်းအင်မလိုသည်သာမက မြစ်ငယ်မြစ်တွင် ရေစီးပိုလာသဖြင့် လက်ရှိရဲရွာ ရေအားလျှပ်စစ်စီမံကိန်းအပြင် နောက်ထပ်ရေအားလျှပ်စစ်စီမံကိန်းနှစ်ခု ထပ်မံတည်ဆောက်ကာ လျှပ်စစ်ပိုထုတ်နိုင်မည်။

သံလွင်ရေဖြင့် လယ်မြေများကို ရေပေးသည့်အပြင် နောက်ဆုံးဧရာဝတီထဲသို့ စီးဝင်မည်ဖြစ်ရာ ဧရာဝတီမြစ်တွင်း ရေကြောင်းသွားလာရေးကို အထောက်အကူ ပြုမည်။ ဧရာဝတီမြစ်တွင်း ရေစီးပိုလာသဖြင့် မြစ်ဝကျွန်းပေါ်၌ ဆားငန်ရေတိုးဝင်လာနေခြင်းကို တားဆီးနိုင်မည်။

သံလွင်ရေကို မြစ်ညာပိုင်းမှ ထိန်းချုပ်ရယူထားသဖြင့် နှစ်စဉ်ကြုံတွေ့နေရသော သံလွင်အောက်ပိုင်း ရေလျှံမှုကို အထိုက်အလျောက်ကာကွယ်နိုင်မည်။

မိုးနည်းရေရှားဒေသတွင် ယခုထက် မိုးပိုရွှယ် မရှိ၊ မြေအောက်ရေကိုလည်း အကန့်အသတ်နှင့်သာယူနိုင်၊ ချင်းတွင်းရေ ဧရာဝတီရေများကလည်း ယခုထက် ပိုနည်းသွားနိုင်သည့်အခြေအနေနှင့် ကြုံနေရရာယင်းဒေသအတွက် သံလွင်ရေရယူရန် ပြန်လည်စဉ်းစားအကောင်အထည်ဖော်သင့်သည်။

ရေချိုချောက်စက်ရုံ

ထိုင်းနိုင်ငံ ဖူးခက်၊ စမ္မိစသည့်ကျွန်းများတွင် မြေပေါ်မြေအောက် ရေအရင်းအမြစ်ကြွယ်ဝသော်လည်း လာရောက်အပန်းဖြေသည့် ကမ္ဘာလှည့်ခရီးသည် များလှသဖြင့် ရေလောက်ငစွာပေးနိုင်စေရန် ရေချိုချောက် စက်ရုံငယ်များကို တည်ဆောက် လည်ပတ်နေရသည်။

မြန်မာနိုင်ငံတွင်လည်း တနင်္သာရီတိုင်းဒေသကြီး ကမ်းလွန်ကျွန်းတစ်ကျွန်းတွင် တည်ဆောက်မည့် ဟိုတယ်လုပ်ငန်းတစ်ခုအတွက် ရေချိုချောက်စက်ရုံ တည်ဆောက်ရန် စီစဉ်ခဲ့သော်လည်း ကိုဗစ်ရောဂါ ထချိန်မှစ၍ ရပ်ဆိုင်းထားရသည်ဟု သိရသည်။ အလားတူ ကမ်းရိုးတန်းတစ်လျှောက် ထွန်းကားလာမည့် ဟိုတယ်လုပ်ငန်းများ၊ စက်မှုဇုန်များ၏ ရေလိုအပ်ချက်အတွက် ရေချိုချောက်စက်ရုံများ တည်ဆောက်ရန် စဉ်းစားခြင်းသည် မှန်ကန်သော စီမံချက်ဖြစ်သည်။

မိုးရေ

မိုးရေများကို အလဟဿစီးမသွားစေဘဲ သိုလှောင်ထားကာ မိုးပြတ်ချိန်တွင် ထုတ်ယူ သုံးစွဲနိုင်သည့်အပြင် မြေအောက်သို့ စိမ့်ဝင်စေကာ မြေအောက်ရေကို ပြန်လည် ပြည့်တင်းစေနိုင်သဖြင့် မိုးရေသည်လည်း ရေ အရင်းအမြစ် တစ်မျိုးပင် ဖြစ်သည်။ မိုးရေကို ရယူရန် ငွေလုံးငွေရင်း အမြောက်အမြား မလိုသကဲ့သို့ နည်းပညာမှာလည်း ရှုပ်ထွေးနက်နဲခြင်း မရှိပေ။ မူဝါဒချမှတ်သူများ၊ ဦးဆောင်သူများ၏ အမြော်အမြင်၊ ပြည်သူတို့၏ ပူးပေါင်း ပါဝင်ခြင်းတို့နှင့် ပြည့်စုံလျှင် အောင်မြင်နိုင်သည်။

အလေအလွင့်လျှော့၊ ချွေတာသုံး

ကမ္ဘာ့နိုင်ငံများသည် တစ်ဖက်က ရေအရင်းအမြစ်အသစ်များကို ငွေကုန်ကြေးကျခံ၍ ရှာဖွေရင်း ရေ အလေအလွင့်ကို ထိန်းနိုင်၊ လျှော့နိုင်ရန်လည်း လုပ်ဆောင်နေကြသည်။

ခန့်မှန်းတွက်ချက်မှုတစ်ခုအရ တစ်ကမ္ဘာလုံးရှိ ရေပေးရေးစနစ်များမှ ပေးဝေနေသော ရေများအနက် တစ်ရက်လျှင် ရေလီတာ ဘီလျံပေါင်း ၃၅၀၀ ခန့်သည် ပိုက်လိုင်းယိုစိမ့်မှု၊ ဖြုန်းတီးမှု စသည့် အကြောင်းအမျိုးမျိုးကြောင့် လေလွင့်ဆုံးရှုံးနေသည်ဟု ဆိုသည်။ ယင်းသည် ရန်ကုန်မြို့ကို တစ်နှစ်ကြာပေးဝေနေသော ရေပမာဏနှင့် အကြမ်းအားဖြင့် တူညီသည်။

ဂျာမနီ၊ ဒိန်းမတ်တို့ကဲ့သို့ ပြုပြင်ထိန်းသိမ်းမှု ကောင်းသောနိုင်ငံများတွင်ပင် လေလွင့်ဆုံးရှုံးသော ရေပမာဏသည် ပေးဝေပမာဏ၏ ခုနစ်ရာခိုင်နှုန်း၊ ကနေဒါနိုင်ငံ မွန်ထရီယယ်နှင့် အီတလီနိုင်ငံ နေပယ်လ်မြို့တို့တွင် ၃၀ ရာခိုင်နှုန်းကျော်ရှိနေသည်။

ရန်ကုန်တွင် တစ်ရက်တာ ပေးဝေသော ရေဂါ လန် ၂၀၅ သန်းအနက် လေလွင့်ဆုံးရှုံးမှု ၃၀ ရာခိုင်နှုန်းနှင့် တွက်လျှင်ပင် တစ်ရက် ရေဂါလန်သန်း ၆၀ ကျော် ဆုံးရှုံးသည်။ ရန်ကုန်ရေပေးရေး ကန်လေးကန်အနက် ဖူးကြီးကန်မှ တစ်ရက်လျှင် ရေဂါလန် ၅၄ သန်းပေးနိုင်ရာ ရေဂါလန်သန်း ၆၀ ကျော်ကို မဆုံးရှုံးအောင် စီမံနိုင်ခြင်းသည် ဖူးကြီးကန်ကဲ့သို့သော ရေအရင်းအမြစ်တစ်ခုကို ရှာဖွေသုံးစွဲနိုင်ခြင်းနှင့် အတူတူပင် ဖြစ်သည်။

ရန်ကုန်၌ တကယ်လေလွင့်နေသော ရေပမာဏသည် ထို့ထက်များနိုင်ရာ အမှန်နှင့် အနီးစပ်ဆုံး ကိန်းဂဏန်းကိုလေ့လာတွက်ချက်၍ အများသိအောင် ထုတ်ပြန်ပေးလျှင် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာကာ ဆုံးရှုံးပမာဏကို အထိုက်အလျောက် လျှော့ချနိုင်သည့်အပြင် ရေချွေတာသုံးစွဲတတ်သည့် အလေ့အကျင့်များ တိုးပွားလာနိုင်သည်။

စင်ကာပူနိုင်ငံသားတို့၏ တစ်ဦးချင်း ရေသုံးစွဲမှု နှုန်းမှာ ၂၀၀၀ ပြည့်နှစ်က ၄၃ ဂါလန်ခန့် ရှိခဲ့ရာမှ ရေ ချွေတာရေးပညာပေးလှုံ့ဆော်ချက်များကြောင့် ၂၀၁၈ ခုနှစ်တွင် ၃၇ ဂါလန်အထိ လျော့ကျလာခဲ့သည်။ ၂၀၃၀ ပြည့်နှစ်တွင် တစ်ရက်လျှင် ၃၄ ဂါလန်ခန့်အထိ လျှော့ချရန် စီမံထားသည်။

နိုင်ငံသားတိုင်းရေချွေတာရေး နိုင်ငံအဆင့် ကြိုးပမ်းချက်တွင် နောက်ဆုံးပါဝင်လာသည့်နိုင်ငံမှာ ဆော်ဒီအာရေဗျ ဖြစ်သည်။ ဆော်ဒီအာရေဗျသည် နိုင်ငံတွင်း ရေသုံးစွဲမှုကို ထိရောက်စွာလျှော့ချမည့် အစီအစဉ်ကို ၂၀၁၉ ခုနှစ်က စတင်ခဲ့သည်။ လူဦးရေ ၃၃ သန်းကျော် နေထိုင်သည့် ဆော်ဒီ အာရေဗျသည် တစ်ဦးလျှင် ရေ ဂါလန် ၇၀ သုံးနေခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်အကုန်တွင် ဂါလန် ၅၀ အထိ လျှော့ချနိုင်ခဲ့ပြီး ၂၀၃၀ ပြည့်နှစ်တွင် ၄၀ အထိလျှော့ချရန် ရှိသည်။

ရေချိုပေါများသော မြန်မာနိုင်ငံတွင် ရေဘက်ဆိုင်ရာ စီမံခန့်ခွဲမှု ကောင်းလျှင် ရေ အခက်အခဲ တွေ့စရာအကြောင်းမရှိပေ။

ကျော်ဦး

Gen Y နှင့် Gen Z တို့၏ အမူအကျင့်များ

au smfau smfvdf (SMART)

“၁၉၉၇ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း မွေးဖွားသူများကို Gen Z မျိုးဆက်ဟု ခေါ်ပါသည်။ ကမ္ဘာပေါ်တွင် Gen Z ဦးရေ ၂ ဒသမ ၀ ဘီလီယံ ရှိပြီး ကမ္ဘာ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်း ရှိပါသည်။ Gen Z တို့သည် အသက် ၁၀ နှစ်မှ ၂၅ နှစ်အတွင်းရှိသော လူငယ်များ ဖြစ်ပါသည်”

Gen Y ဆိုတာ

၁၉၈၁ မှ ၁၉၉၆ ခုနှစ်အတွင်း မွေးဖွားသူများကို Gen Y မျိုးဆက်ဟု ခေါ်ပါသည်။ Gen Y မျိုးဆက်ကို မီလီနီယဲလ်စ် Millennials ဟုလည်းခေါ်ပါသည်။ အင်တာနက် ပေါ်ပေါက်သည့်အချိန်မှာ မွေးဖွားလာသူ များ ဖြစ်၍ အင်တာနက်၊ မိုဘိုင်းဖုန်း ၊ ဒီဂျစ်တယ် နည်းပညာများကို ကျွမ်းကျင်သူများ ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် Gen Y ဦးရေ ၁ ဒသမ ၈ ဘီလီယံ ရှိပြီး ကမ္ဘာ့လူဦးရေ၏ ၂၃ ရာခိုင်နှုန်းရှိပါသည်။ Gen Y တို့သည် အသက် ၂၆ နှစ်မှ ၄၁ နှစ်အတွင်းရှိသော လူလတ်ပိုင်းများ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် Gen Y ဦးရေသည် ၁၄ သန်းရှိပြီး ဒုတိယ လူဦးရေ အများဆုံး မျိုးဆက်ဖြစ်ပါသည်။ Gen Y အများစုသည် Baby Boomers မျိုးဆက်များ၏ သားသမီးများဖြစ်ပါသည်။

Gen Z ဆိုတာ

၁၉၉၇ မှ ၂၀၁၂ ခုနှစ်အတွင်း မွေးဖွားသူများကို Gen Z မျိုးဆက်ဟု ခေါ်ပါသည်။ ကမ္ဘာပေါ်တွင် Gen Z ဦးရေ ၂ ဒသမ ၀ ဘီလီယံ ရှိပြီး ကမ္ဘာ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်း ရှိပါသည်။ Gen Z တို့သည် အသက် ၁၀ နှစ်မှ ၂၅ နှစ်အတွင်းရှိသော လူငယ်များ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် Gen Z ဦးရေသည် ၁၇ သန်းရှိပြီး လူဦးရေ အများဆုံး မျိုးဆက်ဖြစ်ပါသည်။ မွေးဖွားစဉ်ကပင် ဒီဂျစ်တယ် နည်းပညာဖြင့် အကျွမ်းတဝင်ရှိသူများ ဖြစ်ကြသဖြင့် ဒီဂျစ်တယ် နိုင်ငံသားများ Digital Native ဟု လည်းခေါ်ကြပါသည်။ Gen Z အများစု သည် Gen X မျိုးဆက်များ၏ သားသမီးများဖြစ်ပါသည်။

Baby Boomers ဆိုတာ

၁၉၄၆ မှ ၁၉၆၄ ခုနှစ် အတွင်း မွေးဖွားသူများကို Baby Boomers မျိုးဆက်ဟု ခေါ်ပါသည်။ ၁၉၄၅ ခုနှစ် ဒုတိယ ကမ္ဘာစစ်အပြီး ၁၉၄၆ မှ ၁၉၆၄ ခုနှစ်အတွင်း အမေရိကန် နိုင်ငံတွင် ကလေးမွေးဖွားနှုန်း အလွန်မြင့်မားခဲ့သဖြင့် ယင်းနှစ်များအတွင်း မွေးဖွားသူများကို Baby Boomers မျိုးဆက်ဟု ခေါ်ခြင်းဖြစ်ပါသည်။ ပုံ ၁ ကို ကြည့်လျှင် Y ဝင်ရိုးမှာ တစ်နှစ်အတွင်း လူဦးရေ နှင့် X ဝင်ရိုးမှာ နှစ်ကို ဖော်ပြပါသည်။ ၁၉၄၆ ခုနှစ် မှ ၁၉၆၄ ခုနှစ်အတွင်း ကလေး မွေးဖွားနှုန်း မြင့်တက်နေသည်ကို မျဉ်းနီဖြင့် ပြထားပါသည်။ မြန်မာနိုင်ငံရှိ အစိုးရဝန်ကြီး ဌာနများတွင် တာဝန်ထမ်းဆောင်နေသော အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူး အများစုသည် Baby Boomers မျိုးဆက်များ ဖြစ်ပါသည်။

ပုံ ၁။ နှစ်အလိုက် ကလေးမွေးဖွားနှုန်း

Baby Boomers များသည်

၁။ ကိုယ်ထူးကိုယ်ချွန် သမားများဖြစ်သည်။
၂။ ဇွဲရှိရှိဖြင့် အလုပ်ကြိုးစားသူ များဖြစ်သည်။
၃။ ဥပဒေ နှင့် ကျင့်ဝတ်ကို တန်ဖိုးထားသည်။
၄။ ပြိုင်ဆိုင်ရမှာ ကို မကြောက်။
၅။ ရည်မှန်းချက်ကြီးသည်။

Apple ကိုတည်ထောင်သူ Steeve Job နှင့် Microsoft တည်ထောင်သူ Bill Gates တို့သည် Baby Boomers မျိုးဆက်များ ဖြစ်ပါသည်။ အမေရိကန်နိုင်ငံ၏ ချမ်းသာကြွယ်ဝမှု ၅၁ ရာခိုင်နှုန်းကို Baby Boomers များပိုင်ဆိုင်ပါသည်။

Gen X ဆိုတာ

၁၉၆၅ မှ ၁၉၈၀ ခုနှစ်အတွင်း မွေးဖွားသူများကို Gen X မျိုးဆက်ဟု ခေါ်ပါသည်။ Gen X တို့သည် အသက် ၄၂ နှစ် မှ ၅၇ နှစ် အတွင်းရှိသူများ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် Gen X ဦးရေသည် ၁၀ သန်း ရှိပါသည်။ Google ကိုတည်ထောင်သူ Larry Page နှင့် Sergey Brin တို့သည် Gen X မျိုးဆက် ဖြစ်ပါသည်။ မြန်မာနိုင်ငံမှ ၈၈ ကျောင်းသားများ မျိုးဆက်သည် Gen X ဖြစ်ပါသည်။

ကွဲပြားသည့် အမူအကျင့်များ

မျိုးဆက် တစ်ခုစီတိုင်းတွင် ကွဲပြားသည့် အမူအကျင့်များ ရှိပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး ၊ လူမှုရေးတို့တွင် ထိပ်ပိုင်းဦးဆောင်နေသူများနှင့် အကြီးတန်း

မန်နေဂျာများသည် Baby Boomers များနှင့် Gen X များဖြစ်ပြီး၊ အလယ်တန်း မန်နေဂျာ အများစုသည် Gen Y ဖြစ်ပါသည်။ အလုပ်ခွင်အတွင်း ဝင်ရောက်လာသော၊ လာမည့် လူငယ်စွမ်းအားစုသည် Gen Z မျိုးဆက် ဖြစ်ပါသည်။ မျိုးဆက်တစ်ခုစီတိုင်း၏ အမူအကျင့်များကို သိပြီး မိမိနှင့် ကွဲပြားနေသည့် အမူအကျင့်များကို နားလည်ပေးခြင်း၊ စာနာပေးခြင်း၊ လေးစားခြင်းများ ရှိမှသာ ပူးပေါင်းလုပ်ဆောင်မှုများ အောင်မြင်ပါမည်။ အထူးသဖြင့် Baby Boomers နှင့် Gen X မျိုးဆက်များသည် Gen Y နှင့် Gen Z တို့၏ အမူအကျင့်များကို ကောင်းစွာ နားလည်မှသာ ထိရောက်သည့် ဦးဆောင်မှုကို ပေးနိုင်မည် ဖြစ်ပါသည်။

Gen Y ၏ အမူအကျင့်များ

ကိုယ်ပိုင်ဆုံးဖြတ်ခွင့် လိုချင်သည်။ လွတ်လပ်မှုကို မြတ်နိုးသည်။ မိမိ လမ်းကြောင်းအတိုင်း မိမိ သွားချင်သည်။ ဥပမာ ဘယ်လမ်းကနေ ဘယ်လိုသွားဟု အသေးစိတ် ညွှန်ကြားသည်ကို မကြိုက်။ ဘယ်ကို သွားရမည်ဟု ပြောလျှင် ရောက်အောင်သွားနိုင်သည့် မျိုးဆက် ဖြစ်သည်။ ဝိရောဓိအားဖြင့် Baby Boomers များက အသေးစိတ် ညွှန်ကြားလိုသည်။ Gen Y မျိုးဆက်သည် စူးစမ်းလေ့လာလိုစိတ်ရှိသည်။ ခရီးသွားခြင်းကို ဝါသနာပါသည်။ စိတ်ထဲမှာရှိတာကို ပြောသည်။

အဖွဲ့အစည်းနှင့် လုပ်ရသည်ကို နှစ်သက်သည်။ (Baby Boomers များက တစ်ဦးချင်း အစွမ်းပြချင်သည်။) စိတ်ဓာတ်တက်ကြွအောင် စည်းရုံးနိုင်လျှင် ပူးပေါင်းပါဝင်သည်။ သို့သော် ရွေးချယ်မှုတွေတော့ ရှိရမည်။ အမိန့်နှင့် စေခိုင်းသည်ကို မနှစ်သက်။ နှလုံးသားနှင့် နားလည်အောင်ပြောဆိုခြင်းကို အလိုရှိသည်။ စိန်ခေါ်မှုကို သဘောကျသည်။ စည်းကမ်းသတ်မှတ်ချက်များခြင်းကို မကြိုက်။ အလုပ်ချိန် အကြာကြီး လုပ်ရသည်ကို မနှစ်သက်ပါ။ Baby Boomers များက "ဒို့ငယ်ငယ်က တစ်နေ့ ၁၄ နာရီ၊ ၁၅ နာရီ လုပ်ခဲ့ရသည်" ဟု ပြောလေ့ရှိပါသည်။ ဤစကားသည် Gen Y များနှင့် ဝိရောဓိ ဖြစ်နိုင်ပါသည်။ Gen Y

"ကိုယ်ပိုင်ဆုံးဖြတ်ခွင့် လိုချင်သည်။ လွတ်လပ်မှုကို မြတ်နိုးသည်။ မိမိ လမ်းကြောင်း အတိုင်း မိမိ သွားချင်သည်။ ဥပမာ ဘယ်လမ်းကနေ ဘယ်လိုသွားဟု အသေးစိတ် ညွှန်ကြားသည်ကို မကြိုက် ..."

များ က အလုပ်နှင့် ကိုယ်ပိုင်အချိန်ကို ခွဲခြားထားသည်။ မျှမျှတတ သုံးချင်သည်။

လေ့လာတွေ့ရှိချက်အရ Gen Y ၏ ၇၄ ရာခိုင်နှုန်းသည် လခ အမြဲတိုးလိုချင်နေသည်။ Gen Y ၅၁ ရာခိုင်နှုန်းသည် တစ်နှစ်အတွင်း ရာထူးတိုးချင်သည်။ ၅၀ ရာခိုင်နှုန်း Gen Y က ကိုယ်ပိုင်အချိန်တွေ ပိုလိုချင်သည်။ ၆၁ ရာခိုင်နှုန်း Gen Y တွေက Flexible Schedule ခေါ် ပြောင်းလဲလို့ရသည့် အလုပ်ချိန်နှင့် လုပ်ချင်သည်။ ၃၇ ရာခိုင်နှုန်းက နည်းပညာမြင့်သည့် ရုံးလုပ်ငန်းသုံးပစ္စည်းများကို သုံးချင်သည်။

Gen Z ၏ အမူအကျင့်များ

Gen Z အများစုသည် ကိုယ်ပိုင်စီးပွားရေး လုပ်ရန် စိတ်ဝင်စားသည်။ ၆၂ ရာခိုင်နှုန်းသော Gen Z များသည် ကိုယ်ပိုင်စီးပွားရေးကို စတင်နေပြီဖြစ်သည်။ Gen Z များသည် နည်းပညာ ခေတ်တွင် မွေးဖွား ကြီးပြင်းလာသူများဖြစ်သဖြင့် ဒီဂျစ်တယ် နည်းပညာကို ကျွမ်းကျင်သည်။ မိဘိုင်း စမတ်လက်ကိုင်ဖုန်းသည် Gen Z ၏ ဘဝ ဖြစ်သည်။ အချိန် အများဆုံးကို စမတ် လက်ကိုင်ဖုန်းအတွက် သုံးသည်။



Baby Boomers နှင့် Gen X တို့က Gen Z ကို “တစ်ချိန်လုံး ဖုန်းသုံးနေသည်” ဟု ဆိုသဖြင့် ဝိရောဓိ ဖြစ်ရသည်။ Baby Boomers နှင့် Gen X တို့ က “ယနေ့ လူငယ်တွေ စာမဖတ်” ဟု ကောက်ချက်ချသည်။ Gen Z တို့က အသိပညာကို Youtuber မှ လေ့လာသင်ယူသည်။ ပုံနှိပ်စာအုပ် ဖတ်ရှုခြင်း နည်းမည် ဖြစ်သော်လည်း အသိပညာရရန် အင်တာနက် သုံး၍ စာဖတ်နေသည်ကို သတိပြုရပါမည်။ ၇၇ ရာခိုင်နှုန်း Gen Z သည် နေ့စဉ် Youtube သုံးသည်။ Gen Y ၏ ၇၅ ရာခိုင်နှုန်း ၊ Gen X ၏ ၆၁ ရာခိုင်နှုန်းနှင့် Baby Boomers ၏ ၄၄ ရာခိုင်နှုန်း သာ Youtube ကို နေ့စဉ် သုံးစွဲသည်။

အပန်းဖြေ ဖျော်ဖြေရေးနှင့် ပတ်သက်၍ စစ်တမ်းကောက်ရာ ၂၆ ရာခိုင်နှုန်းသော Gen Z တို့အတွက် နံပါတ် ၁ ဖျော်ဖြေရေးမှာ ဗီဒီယိုဂိမ်း ကစားခြင်းဖြစ်သည်ကို တွေ့ရသည်။ ၁၄ ရာခိုင်နှုန်း သော Gen Z တို့က သီချင်း နားထောင်ပြီး၊ ၁၂ ရာခိုင်နှုန်းက အင်တာနက်

သုံးစွဲခြင်းနှင့် ၁၁ရာခိုင်နှုန်းက ဆိုရှယ်မီဒီယာကို သုံးပါသည်။

တီဗီကို ၁၀ရာခိုင်နှုန်းသော Gen Z များကသာ အပန်းဖြေရန်၊ အသိပညာရရန် ကြည့်ရှုပါသည်။ ဤအချက်သည် အခြားမျိုးဆက်များနှင့် အလွန်ကွာခြားပါသည်။ Gen Y ၏ ၈ရာခိုင်နှုန်း၊ Gen X ၏ ၂၉ရာခိုင်နှုန်း နှင့် Baby Boomers ၏ ၃၉ရာခိုင်နှုန်း သည် အပန်းဖြေရန်၊ သတင်းနှင့် အသိပညာ ရရန်အတွက် တီဗီကြည့်ရှုခြင်းက နံပါတ် ၁ နေရာတွင် ရှိနေပါသည်။ Gen Z တို့ကို အသိပညာပေးရန်၊ ပေးလိုသည့် သတင်းများ Gen Z တို့ဆီ ရောက်ရှိရန်အတွက် တီဗီသည် အကောင်းဆုံး မီဒီယာ မဟုတ်သည်ကို သတိပြုရပါမည်။

Gen Z များသည် မတူကွဲပြားမှုကို လက်ခံ ဦးစားပေးသည်။ လူသားကို လူသား အဖြစ်ပဲမြင်သည်။ လွတ်လပ်မှုကို မြတ်နိုးပြီး၊ မိမိအနာဂတ်ကို မိမိကိုယ်တိုင် ပုံဖော်လို စိတ်ရှိသည်။ အသိပညာ၊ ဗဟုသုတနှင့် သတင်းအချက်အလက်များစွာကို ရရှိထားသဖြင့် Gen Z တို့သည် သူတို့၏ ထင်မြင်ယူဆချက်များကို ထုတ်ဖော်ပြောဆိုလိုသည်။ အသိအမှတ်ပြု စေလိုသည်။ သို့သော် အတွေ့အကြုံသည် ဂူဂယ်ပေါ်က မရနိုင်ဆိုသည့်အချက်ကို Gen Z တို့ သိရန် အချိန်ယူရမည် ဖြစ်သည်။ Gen Z တို့သည် ပြောင်းလဲခြင်းကို အလိုရှိပြီး၊ ကမ္ဘာကြီးကို ပြောင်းလဲနိုင်မည် ဟု ယုံကြည်ကြသည်။ အသက် ၁၅ နှစ်မှ စပြီး ကမ္ဘာကြီးပူနွေးလာခြင်း၊ ရာသီဥတု ပြောင်းလဲခြင်းများအတွက် တက်ကြွစွာ ဆန္ဒပြခဲ့သည့် ဆွီဒင်သူ ဂရိတာ သန်ဘတ် (Greta Thunberg) လို လူငယ်များသည် Gen Z များ၏ သူရဲကောင်းဖြစ်လာသည်။ Gen Z များသည် ထင်ပေါ်ကျော်ကြားလိုသည်။ တစ်နည်းမဟုတ် တစ်နည်းဖြင့် သူရဲကောင်း များ ဖြစ်လိုသည်။

နိဂုံးချုပ်

လာမည့် ဆယ်စုနှစ်အတွင်း တိုင်းပြည်၏ အရေးပါသည့် နေရာများတွင် ဝင်ရောက် လာမည့် Gen Y နှင့် Gen Z မျိုးဆက်တို့၏ အမူအကျင့်များကို ဖော်ပြခဲ့ပါသည်။ ဤဆောင်းပါး ကို ဖတ်ရှုပြီး Baby Boomers နှင့် Gen X တို့သည် Gen Y နှင့် Gen Z တို့ကို စည်းရုံး ဦးဆောင် ပြီး၊ နိုင်ငံဖွံ့ဖြိုးရေးအတွက် ပူးပေါင်း လုပ်ဆောင်နိုင်အောင် ကြိုးစားကြပါ ဟု တိုက်တွန်း လိုပါသည်။

ကျော်ကျော်လှိုင် (SMART)

မြန်မာ့ခေါင်းပေါင်းဓလေ့

apmrkdif

"ဇာတ်သဘင် ပညာရှင်များရဲ့ ခေါင်းပေါင်း ပုံစံကတော့
သီးခြားလို့ ဆိုရမယ်ထင်ပါတယ်။
ခေါင်းပေါင်းစက တွဲလောင်းမကျဘဲ
ခပ်ထောင်ထောင် ခပ်ကားကားကြီး ဖြစ်နေလို့
တချို့ ငှက်ပျောတောမင်းသားလုပ်တဲ့
အပျော်မင်းသားတွေကတော့ စက္ကူယပ်တောင်ကြီးကို
စိုက်ပြီး ပွဲထွက်လေ့ရှိကြပါတယ်"

ခေါင်းပေါင်းဟာ မြန်မာယောကျ်ားများရဲ့ခေါင်းမှာ ဆင်မြန်းရတဲ့ အဆင်တန်ဆာပဲ ဖြစ်ပါတယ်။ ဦးခေါင်းကို ရစ်ပတ်ပြီးပေါင်းရတဲ့အတွက် ဦးရစ်လို့လည်း ခေါ်ပါတယ်။ မြန်မာလူမျိုးတို့ ခေါင်းပေါင်းပေါင်းတဲ့ အလေ့အထဟာ နှစ်ပရိapaäကြာလှပါပြီ။ မြတ်စွာဘုရားရဲ့ ဓာတ်တော်များခွဲဝေပွဲမှာ ဒေါနပုဏ္ဏားဟာ ဓာတ်တော်တွေကို ဦးရစ်ကြားမှာ ဝှက်ထားတယ်ဆိုတာ ကျမ်းဂန်မှာလာရှိတဲ့အတွက် အလွန်ရှေးကျတယ်လို့ အကြမ်းအားဖြင့် ဆိုရပါမယ်။

ပုဂံခေတ်ကပဲ ခေါင်းပေါင်း ပေါင်းနေကြပြီဆိုတာကိုလည်း နရသီဟပတေ့မင်းကြီး လက်ထက် ရာဇသေကြ်နရဲ့သား အုတ်လှငယ်ဟာ အမှုတော်ကိုဦးဆွေးဆံမြည့် ထမ်းရွက်ကြောင်း ဖော်ပြလိုတဲ့အတွက် ခေါင်းကခေါင်းပေါင်းထုပ်ကို ချွတ်ချလိုက်တဲ့အခါ ဆံပင်တွေ အထွေးလိုက် ကျလာတယ်လို့ အဆိုရှိခဲ့ပါတယ်။

ဆင်းရဲသား၊ အရပ်သားကစပြီး ဘုရင်အထိ ခေါင်းပေါင်းကို အမြတ်တနိုးထားပြီး ဆင်မြန်းခဲ့ကြတာဟာ ဗမာ့ထုံးတမ်းစဉ်လာတစ်ခုလို့ ဆိုရပါမယ်။ ရှေးကအမျိုးသားများဟာ ဆံပင်အရှည်ထား:ပြီး သပ်သပ်ရပ်ရပ်ထိပ်လယ်နှင့် ချိုစောင်းမှာ ထုံးထားလေ့ရှိပါတယ်။ ဆံပင်ရှည်တာချင်းတူလို့ ကျား၊မ မခွဲခြားနိုင်ဘူးလို့တောင် နိုင်ငံခြားသားအချို့ ရေးထားတဲ့ စာများကို တွေ့ရပါတယ်။

ခေါင်းပေါင်း ပေါင်းတဲ့အခါ သျှောင်ထုံးကိုအုပ်ပြီး ပေါင်းတာလည်း ရှိပါတယ်။ ဆံပင်ကို ဖော်ပြီး ပေါင်းတာလည်းရှိပါတယ်။ နန်းတွင်းသားများရဲ့ ခေါင်းပေါင်းကို တော့ “ဗောင်းတော်” လို့ ခေါ်ကြပါတယ်။ ရွှေကျင်ခတ်ပဝါကို ပေါင်းကြတာမို့ ဖိတ်ဖိတ်တောက်နေမှာပေါ့လေ။ ဆင်းရဲသားများကတော့ “မယ်က ရက်တဲ့ ပိုးသေးမဲပါ၊ ခေါင်းပေါင်းပြာလည်မှာရစ်လို့”လို့ အိုင်ချင်းတစ်ပုဒ်မှာ ပါတဲ့အတိုင်း ရက်လုပ်ထားတဲ့ ခေါင်းပေါင်းဟာ အပြာအစ ဖြစ်လိမ့်မယ် ထင်ပါတယ်။ သူ့ချစ်သူက အမြတ်တနိုး ရက်လုပ်ပေးထားတာပါ။ ရွှေကျင် ခတ်ပဝါလို တန်ဖိုးမကြီးပေမယ့် ချစ်သူမောင်ကြီးအဖို့တော့ ရွှေတွေငွေတွေနှင့်တောင် လဲလိမ့်မယ် မထင်ပါဘူး။ အဲဒီမောင်ကြီးဟာ ခေါင်းပေါင်းကို လည်မှာရစ်ထားတယ်ဆိုတော့ ပွဲလမ်းသဘင် သွားတာတော့ မဖြစ်နိုင်ဘူး။ အလုပ်ဆင်းတဲ့အချိန် လည်ပင်းမှာ ပတ်ထားတာပဲ ဖြစ်ပါလိမ့်မယ်။

ရှေးက မြန်မာယောကျ်ားများဟာ ခေါင်းပေါင်းကို မြင်းစိုင်းရာမှာလည်း ပေါင်းကြတာတွေ့ရပါတယ်။ ကျွန်မတို့ ငယ်စဉ်က မိုးမိတ်မြို့မှာ ညနေ ၃ နာရီလောက်ဆိုရင် အမျိုးသားတွေ ခေါင်းပေါင်းစ တထောင်ထောင်နှင့် မြင်းအပြိုင်စီးဖို့ လမ်းမကြီးပေါ် ထွက်လာကြပါပြီ။ အားလုံးမြန်မာ့ကုန်းနီးတွေကိုပဲ သုံးကြပါတယ်။ ခြေနင်းကွင်းမှာရော၊ မြင်းရဲ့ ထိပ်အုပ်မှာရော သိုးမွေးချည် ရောင်စုံပန်းပွားလေးတွေ အလှအပ ခြယ်ထားတာ တွေ့ရပါတယ်။

အဲဒါကို တစ်မြို့လုံးက ထွက်ပြီးကြည့်ကြပါတယ်။ ဝိုင်းပြီး အားပေးကြ၊ ရယ်စရာတွေ စကြနှင့် တချို့မြင်းတွေကတော့ လည်ဆံတမော့မော့နှင့် ပြည့်ဖြိုးကြော့ရှင်းသလောက် တချို့ မြင်းပိန်လေးတွေ ကျတော့လည်း သနားစရာပေါ့လေ။ အဲဒီမြင်းပိန်ကို စီးရသူဟာ လူရယ်စရာ ဖြစ်ရပါတယ်။ ဒါပေမဲ့ မြင်းပိန်တာ ညောင်တာဟာ အရေးမဟုတ်ပါဘူး။ အပြေးလှဖို့သာ လိုရင်းမဟုတ်လား။ သူလည်း အများလိုပဲ ခေါင်းပေါင်းစ တထောင်ထောင်နှင့်ပါ။

"ထောင်သင်းအိမ်၊ တင်တိမ်နှင့်ဗျား" လို့ စာစပ်သွားတဲ့သူကို "ရောင်ဖျင်းသိမ်၊ မြင်းပိန်နှင့်လား" လို့ လက်တန်းပြန်ပြီး စပ်ဆိုခဲ့တယ်ဆိုတာ အားလုံးကြားဖူးပြီးသား ဖြစ်ပါလိမ့်မယ်။ သျှောင်ထုံးက သေးလို့ မြင်းပိန်နှင့် လိုက်ဖက်တာကို စာချိုးတာပဲ ဖြစ်ပါတယ်။ ခေါင်းပေါင်းနှင့် လူကို လွှားစကြီး တထောင်ထောင်နှင့် ပါလားလို့လည်း အချင်းချင်း ပြောင်လှောင်လေ့ ရှိကြပါတယ်။

သျှောင်ထုံးကို အုပ်ပြီးပေါင်းရင် အုပ်ပေါင်းပေါင်းတယ်လို့ ခေါ်ပါတယ်။ ရှေးလူကြီးများဟာ မှန်မကြည့်ဘဲ သပ်သပ်ရပ်ရပ်ပေါင်း တတ်ကြသူတွေပါ။ ခုခေတ် မောင့်ကျက်သရေ ဆိုတဲ့ အဆင်သင့်စွပ်ဖို့ ကြိမ်ခြင်းခံပြီး ပတ်ထားတဲ့ခေါင်းပေါင်းမျိုး မပေါ်သေးခင်ကပဲ ပညာသားပါပါ ပေါင်းတတ်ကြတာတွေ့ ရပါတယ်။ ဆံပင်ကို မဖုံးဘဲ ရှေ့က အပြားကြီးကြီး နောက်က ခပ်သေးသေးပေါင်းပြီး အမြီတ်ချတာကို တော့ ဘီအေပေါင်းလို့ ခေါ်ကြပါတယ်။ တက္ကသိုလ်ကျောင်းသားများပေါင်းတဲ့ ပုံစံပဲပေါ့။

"ကိုဘီအေအုပ်ပေါင်းပေါင်းလို့တုတ်တစ်ချောင်းနှင့်လမ်းကိုလျှောက်တယ်။ကိုဘီအေမြို့အုပ်လောင်းက တုတ်တစ်ချောင်းနှင့် လမ်းကိုလျှောက်တယ်၊ ခေါင်းပေါင်းစ ရှည်လွန်း ရှည်လွန်းတယ်။ ဟိုက်စကူး ကျောင်း ကျောင်းသား ရယ်။ ကောလိပ်ကျောင်း ကျောင်းသား ရယ်၊ နေရှင်နယ်ကျောင်းသား ရယ်၊ အောဘီစီဒီ မတတ်ဘဲနှင့် အရပ်ထဲကိုလည် မောင်ရယ်ကြောက်တယ် လန့်တယ်" ဆိုတဲ့ ကိုလေအိုး သီချင်းကို ခေါ်ကြည့်အောင်က ဆိုခဲ့ဖူးပါတယ်။ ကောလိပ်ကျောင်းသားတို့၊ မြို့အုပ်လောင်းတို့ဟာ ခေါင်းပေါင်းပေါင်းပြီး တုတ်ကောက်နှင့် လမ်းလျှောက်ပုံကို အောဘီစီဒီ စာမတတ်တဲ့ ကိုလေအိုးက အတုခိုးတဲ့အတွက် လှောင်လိုက်တာပါပဲ။

ဇာတ်သဘင် ပညာရှင်များရဲ့ ခေါင်းပေါင်းပုံစံကတော့ သီးခြားလို့ ဆိုရမယ်ထင်ပါတယ်။

]] ခုခေတ် မောင့်ကျက်သရေ ဆိုတဲ့ အဆင်သင့် စွပ်ဖို့ ကြိမ်ခြင်းခံပြီး ပတ်ထားတဲ့ ခေါင်းပေါင်းမျိုး မပေါ်သေးခင်ကပဲ ပညာသားပါပါ ပေါင်းတတ်ကြတာ တွေ့ရပါတယ်။ ဆံပင်ကို မဖုံးဘဲ ရှေ့က အပြားကြီးကြီး နောက်က ခပ်သေးသေး ပေါင်းပြီး အမြီတ်ချတာကိုတော့...}}

]]ပြည်ထောင်စုဖွား တိုင်းရင်းသား အားလုံးဟာ သူ့ပုံစံနှင့် သူ့ခေါင်းပေါင်း ရှိကြပါတယ်။ ခေါင်းပေါင်းဟာ အမျိုးသား ဝတ်စုံထဲမှာ တစ်ခု အပါအဝင်ပါ။ ယဉ်ကျေးမှု သရုပ်ဖော်ပစ္စည်း ဖြစ်တဲ့အတွက် ပွဲနေ့ပွဲထိုင် အခမ်းအနားတွေမှာ မပျက်မကွက် ဆင်မြန်း ကြရပါတယ်}}

ခေါင်းပေါင်းစက တွဲလောင်းမကျဘဲ ခပ်ထောင်ထောင် ခပ်ကားကားကြီး ဖြစ်နေလို့ တချို့ ၄င်္ကျောတော မင်း သား လုပ်တဲ့ အ ပျော် မင်း သား တွေ က တော့ စက္ကူယပ်တောင်ကြီး ကို စိုက်ပြီး ပွဲထွက်လေ့ရှိကြပါ တယ်။ ရယ်စရာသက်သက်ပေါ့လေ။ ဦးဖိုးစိန်ကြီးရဲ့ နာမည်ကို ယူပြီး "ဖိုးစိန်ခေါင်းပေါင်း' ဆိုတဲ့ ရွက်လှ တစ်မျိုးကိုလည်း တွေ့ဖူးကြလိမ့်မယ် ထင်ပါတယ်။ တကယ်တော့ ခေါင်းပေါင်းဆိုတာ မောင့်ကျက်သရေ ပုံ စံ လော က် ဆို ရ င် တော် ပါ ပြီ ။ လှ နေ ပါ ပြီ ။ မောင့်ကျက်သရေဆိုတဲ့အတိုင်း ကျက်သရေ ရှိနေပါပြီ။ ဇာတ်မင်းသားများရဲ့ ခေါင်းပေါင်းစ ဟာ မလိုအပ်ဘဲ ပြန့်ကားနေတာမို့ လှသင့်သလောက်လှပါရဲ့လားလို့ ထင်မိပါတယ်။ အဲဒီ အထဲ ပန်းတွေကို ဘယ်ရောညာရော အရောင်စုံအမျိုးစုံ ဝေနေအောင်ပန်ကြတာကတော့ ခေါင်းပေါင်းရဲ့ အလှကို ထိခိုက်စေမယ်လို့ ထင်ပါတယ်။

ရှမ်းတိုင်းရင်းသားများရဲ့ ခေါင်းပေါင်းဟာ ရှေးကဆိုရင် ၁၂ တောင် သို့မဟုတ် အတောင် ၁၅ လောက်ရှည်ပါတယ်။ ပိုးပဝါက ပါးလွန်းလို့ နဖူးပေါ်မှာ အထပ်ကလေးတွေ ၁၂ ထပ်လောက် ပေါ်အောင်ပတ်ပြီး ပေါင်းရပါတယ်။ တောင်ကြီးမြို့ ရှမ်းစော်ဘွားကျောင်း မှာဆိုရင် ခေါင်းပေါင်းပေါင်းနည်းကို လူငယ်လေးတွေက အစ သင်ထားရပါတယ်။ အထပ် ကလေးတွေ ပေါ်ရမယ်။ ခေါင်းရဲ့နောက်ကျောဘက်မှာ ပဝါကိုလိမ်ပြီး ပတ်ရပါ တယ်။ ခေါင်းပေါင်းစဟာ လည်း အပွင့်ကလေးပုံလို ခပ်သေးသေး ခပ်ထောင်ထောင်လေး အတွန့်ပေါ်အောင် ချရပါတယ်။ ပန်ချာပီဗောင်းထုပ်လိုလည်း ဆံပင်ကို မအုပ်ရပါဘူး။ အခုခေတ် ရှမ်း ခေါင်းပေါင်းထက် ရှေး တု နဲ့ က ပေါ် ငး် တာ က ပို ပြီး လှ ပါ တ ယ် ။ စနစ်တကျရှိပါတယ်။ ရှမ်းခေါင်းပေါင်းစက အထက်ကို ထောင်ပါတယ်။ မြန်မာခေါင်းပေါင်းစက အောက်ကို ချပါတယ်။ အဲဒါ ခြားနားမှုပါပဲ။

ဒီလိုပါပဲ၊ ပြည်ထောင်စုဖွား တိုင်းရင်းသား အားလုံးဟာ သူ့ပုံစံနှင့် သူ့ခေါင်းပေါင်း ရှိကြပါတယ်။

ခေါင်းပေါင်းဟာ အမျိုးသားဝတ်စုံထဲမှာ တစ်ခုအပါအဝင်ပါ။ ယဉ်ကျေးမှု သရုပ်ဖော်ပစ္စည်းဖြစ်တဲ့အတွက် ပွဲနေ့ပွဲထိုင် အခမ်းအနားတွေမှာ မပျက်မကွက် ဆင်မြန်းကြရပါတယ်။ ခေါင်းပေါင်းကို အမြတ်တနိုးထားကြတဲ့အတိုင်း နိုင်ငံခြားမှာ သွားရောက် ခိုလှုံခဲ့တဲ့ မြင်ကွန်းမင်းသားကြီးဆိုရင် ဘောင်းဘီနှင့် ကုတ်အင်္ကျီနှင့် နက်ကတိုင် လည်စီးတပ်ပြီး ရှူးဖိနပ် စီးထားပေမယ့် ခေါင်းပေါင်းတော့ မဖြုတ်ဘူး။ ကြည့်ရတာ အဆင်မပြေကာမှနေရော့ အဲဒီလောက်တန်ဖိုးထားခဲ့တာတွေ့ရပါတယ်။ ခေါင်းပေါင်းဟာ မြန်မာ့ ယဉ်ကျေးမှု အဆောင်အယောင်တစ်ခုဖြစ်တာမို့ မပေါင်းချင်လည်း ပေါင်းရမှာပဲ၊ ပေါင်းချင် ရင်တော့ အံကိုက်ပဲပေါ့လေ။

ရှေးက မြန်မာကြီးများဟာ ဆံပင်ကိုဖုံးတဲ့အုပ်ပေါင်းအပြင် ဖော့လုံးများလည်း ပေါင်းကြပါတယ်။ မြန်မာပညာရှိကြီးမှော်ဘီဆရာသိန်းကြီးတို့၊ဦးကျော်ရန်တို့၊ ဆရာပွားကြီး တို့ကို ဖော့လုံးများနှင့် တွေ့ရပါတယ်။ နန်းတွင်းမှာတော့ ဗောင်းတော်လို့ ခေါ်ရတာပေါ့လေ။ နဝရတ် ဗောင်းတော်၊ ရွှေသားဗောင်းတော်ဆိုပြီး ကြယ်ပွင့်လေးများလည်း ကပ်ထားတာ ရှိပါတယ်။ ဗောင်းတော်ဆောင်ရယ်လို့လည်း သီးသန့်ရှိပါတယ်။ မှူးကြီးမတ်ကြီးများကတော့ ပိတ်ဖြူကို ပေါင်းချောင်မှာ ပတ်သလို လုံးကျစ်နေတဲ့ဗောင်းကို ခွေရစ်ပြီးသားအတိုင်း ခေါင်းမှာ စွပ်ရပါတယ်။ နောက်ဘက်မှာ အစတစ်စထောင်ရင် ရှင်ဘုရင်၊ နှစ်စထောင်ရင် မင်းညီမင်းသား မှူးမတ်ရယ်လို့ စနစ်ဇယားထားတာကို မှတ်သားရပါတယ်။

“စလွယ်သောင်းပြောင်း ဗောင်းနားတောင်း” ဆိုတာမှာ ရွှေချည်ထိုး ပညာရဲ့ ဖန်တီးမှုတွေကို တွေ့နိုင်ပါတယ်။ ဇာတ်ပွဲများက ဝန်ဗောင်းတွေကတော့ ကတ္တီပါ အနီ၊ အစိမ်းအရောင် များပါပဲ။ ဝန်ဗောင်းမှာ နောက်က ချိုင့်ထားရပါတယ်။ ဒေါက်ချာလို ပြားချပ်ချပ်မဟုတ်ပါဘူး။ ခေါင်းနှင့်စွပ်လို့ရအောင် အံကျလုပ်ထား

]] ခေါင်းပေါင်းစကိုလည်း တချို့က နားမှာကပ်ပြီး ချကြပါတယ်။ တချို့ကတော့လည်း နောက်ကျကျချတာ တွေ့ရပါတယ်။ ရုပ်သေးမင်းသား အရုပ်တွေကျတော့ ကားကားကြီးနှင့် မုန့်လေပွေ ထောင်ထားသလိုလည်း တွေ့ရပါတယ် }}

]] လူရွှင်တော်တွေ ကျတော့လည်း မရယ်ရ ရယ်ရအောင် ခေါင်းပေါင်းကို တမင်ငိုက်စိုက်ကြီး စွပ်ထားတတ် ကြပြန်ပါတယ်။ ဘာပဲဖြစ်စေ မြန်မာဝတ်စုံ ပုဆိုးတောင်ရှည်နှင့် ခေါင်းပေါင်း မဖြုတ်ကြသေးတဲ့ သဘင်ပညာရှင်များကိုတော့ ချီးကျူးကြရမှာပါ }}

တဲ့ ဦးခေါင်းအဆင်တန်ဆာပဲဖြစ်ပါတယ်။ ပြောရမယ် ဆိုရင် ဒေါက်ချာဆိုတာလည်း ရသေ့များရဲ့ ခေါင်းပေါင်း ပဲလို့ ဆိုရမှာပါ။

နန်းတွင်းသားများဟာ ကိုယ့်အဆင့်အတန်းနှင့် ကိုယ် ဝတ်ဆင်ရာမှာ စည်းကမ်းလိုက် နာရပါတယ်။ ကိုယ်နှင့်မတန်ဘဲဝတ်မိရင် အပြစ်သင့်တတ်ပါတယ်။ အိမ်ရှေ့မင်း၊ မင်းသားကြီး၊ မင်းသားလတ်၊ မှူးမတ်၊ တော်နေရာတော်၊ ဒူးနေရာဒူး၊ ကတ္တီပါအနီ၊ ကတ္တီပါ အစိမ်း၊ ကမာ ရွက်ထောင် မည်မျှစသည်ဖြင့် ခေါင်း အဆင်တန်ဆာများကို စည်းကမ်းတကျ ဆင်မြန်းကြရ တာကို ထောက်ပြီး မြန်မာတို့ရဲ့ ယဉ်ကျေးမှု အတိုင်း အတာကို ခန့်မှန်းကြည့်နိုင်ကြပါတယ်။

ဘကြီးတော်ဘုရားလက်ထက်က တရုတ်ပြည် သွားရတဲ့ သံအမတ်ကြီး နေမျိုးမင်းလှရဲ့ အဆောင် အယောင်များအကြောင်းကို ဝက်မစွပ်နဝဒေးကြီးက အကျယ်တဝင့် ရေးသားခဲ့ရာမှာ ဗောင်းကို ဆင်ယင်ပုံ လည်း ပါရှိပါတယ်။

ခုခေတ်မှာတော့ ဒီအဆောင်အယောင်တွေကို သိကြဖို့ဝေးလို့ "ခေါင်းပေါင်းဖြူဖော့လုံးနှင့် နန်းသုံးတဲ့ အဖေ" လို့ မင်းသမီးက ဝန်ကြီးကို ခေါ်သံမျိုးတောင် မကြားရတော့ပါဘူး။ ဇာတ်စာပေမှ မရွှတ်ကြတော့ဘဲ ကိုး။ ဇာတ်စာပေမပြောနှင့် ဇာတ်ပန္နက်ရိုက်မယ့် အခန်း လည်း မထည့်ကြတော့ဘူး။

ခေါင်းပေါင်းစကိုလည်း တချို့က နားမှာကပ်ပြီး ချကြပါတယ်။ တချို့ကတော့လည်း နောက်ကျကျ ချတာ တွေ့ရပါတယ်။ ရုပ်သေးမင်းသား အရုပ်တွေကျ တော့ ကားကားကြီးနှင့် မုန့်လေပွေ ထောင်ထား သလိုလည်း တွေ့ရပါတယ်။ မျက်ခုံးတစ်ဖက်ကို အုပ်ပြီး ပေါင်းတဲ့ ခေါင်းဆောင်ကြီးတစ်ဦးလည်း ရှိခဲ့ပါတယ်။ အလင်္ကာကျော်စွာ ဆရာကြီးဦးဟန်ပတို့၊ ဦးဖူးညိုတို့၊ အချုပ်တန်းဆရာဖေတို့၊ ဖိုးဝဇီရတို့ ခေါင်းပေါင်းတွေ ကျတော့လည်း ပုံစံတစ်မျိုးစီ တွေ့ရပါတယ်။

ဆာဂျော့စကော့က မြန်မာလူငယ်များကို ဘောလုံးအသင်း ထောင်ပေးစဉ်က ရိုက်ထားတဲ့ ဓာတ်ပုံများမှာဆိုရင် ပုဆိုးခါးတောင်းကျိုက်နှင့် ဆေးမင်ကြောင် ထိုးထားတဲ့ မြန်မာ ဘောလုံးသမားတွေဟာ ခေါင်းပေါင်းတွေနှင့် ဖြစ်ပါတယ်။ ဆာဂျော့စကော့က အလယ်က ဘောလုံးအင်္ကျီအကျားနှင့် ရိုက်ထားတဲ့ပုံပါ။ မြန်မာတွေ ခေါင်းပေါင်းမဖြုတ်တဲ့ အကျင့်ကို အဲဒီနေရာမှာတောင် တွေ့ရပါတယ်။ လူအိုတွေကျတော့လည်း ခပ်ပြေပြေ လေးပတ်ပေါင်း ပေါင်းကြတာပေါ့လေ။ ဝန်းသို စော်ဘွားကြီး ဦးအောင်မြတ်တို့၊ ဖိုးဝဇီရတို့ ပုံတွေကိုပဲ ကြည့် ကြပါတော့။

ရှေးက ဘွဲ့နှင်းသဘင်မှာ ဘွဲ့ယူကြတယ်ဆိုရင် ခေါင်းပေါင်း ပေါင်းရတာပေါ့။ ဒါပေမဲ့ မပေါင်းချင်ဘဲ အင်္ကီလိပ်ဦးထုပ်ကတ် (Cap) ဆိုတာ ဆောင်းမှ ဂုဏ်ရှိသလိုလို တချို့က ထင်ခဲ့ကြတာလည်း ရှိပါတယ်။

လူရွှင်တော်တွေကျတော့လည်း မရယ်ရ ရယ်ရအောင် ခေါင်းပေါင်းကို တမင်ငိုက်စိုက် ကြီးစွပ် ထားတတ်ကြပြန်ပါတယ်။ ဘာပဲဖြစ်စေ မြန်မာဝတ်စုံ ပုဆိုးတောင်ရှည်နှင့် ခေါင်းပေါင်း မဖြုတ်ကြသေးတဲ့ သဘင်ပညာရှင်များကိုတော့ ချီးကျူးကြရမှာပါ။ အမျိုးသားဝတ်စုံနှင့် ကြွပါဆိုမှ ခေါင်းပေါင်း မပေါင်း ချင်တဲ့ လူတွေကလည်း ရှိသေးတယ် မဟုတ်ပါလား။

ရှေးသူဟောင်းတို့ကတော့ ဘာပဲလုပ်လုပ်၊ အဓိပ္ပာယ် ရည်ရွယ်ချက် တစ်ခုခုတော့ ရှိတာပါပဲ။ ရှင်ဘုရင်ရဲ့ဖော့လုံးအနောက်က တစ်စတည်း ထောင်တာဟာ ဖြောင့်မှန်တည့်မတ်တဲ့ သဘောဖြစ်ပြီး၊ ဖော့လုံးဖြူဆိုတာဟာ စိတ်နှလုံးဖြူစင်သန့်ရှင်းတဲ့ အဓိပ္ပာယ်ဆောင်တယ်လို့ သိရပါတယ်။ "ဗောင်းတော်ညိတ်၊ စိတ်တော်သိရတယ်" ဆိုတဲ့ စကားပုံလည်း ရှိခဲ့ပါတယ်။ ကုန်းဘောင်ခေတ်နောက်ပိုင်းမှာ ပြည်ပက ရောက်လာတဲ့ပဝါများရဲ့ ဆန်းပြားမှုကြောင့် ခေါင်းပေါင်းတွေဟာ ပြောင်အဆင်မဟုတ်ဘဲ အပြောက်အကျား ပန်းပွင့်ပန်းခက်များနှင့် ဖြစ်လာပါတယ်။ "နေမှိန်မှိန်၊ ဆင်ဗောင်းတော် ရွှေပုသိမ်နှင့်၊ လာချိန်တန်ပေါ့" လို့ မိဖုရား မမြကလေး ရေးတာဟာ ပုသိမ်ဘက်မှာ ဆိုက်တဲ့ သင်္ဘောများနှင့် ပါလာတဲ့ ပုသိမ်ပဝါများကို ဆိုလိုခြင်းပါပဲ။

ကျေးတစ်ရာ ခေါင်းပေါင်းဆိုတာလည်း ကျေးရုပ်ကလေးတွေ ပါတဲ့ ပိုးပဝါခေါင်းပေါင်းပဲ ဖြစ်ပါတယ်။ "ပျိုစိုက်တဲ့ လယ်ကန်သင်းမှာ မြင်းနီနဲ့ ညနေဆီကို စိုင်းသီလို့ ပြေးလေ့။ မြင်လိုက်ကဲ့နော်၊ ခေါင်းပေါ်မှာ တစ်ရာကျေးနှင့် ထူးလို့ ယဉ်ကျေးလေ့" လို့ ဆောမြို့စားမင်းက ဗုံကြီးသံရေးခဲ့တဲ့အတိုင်း ကျေးတစ်ရာရုပ်ပါတဲ့ ခေါင်းပေါင်းကြီးကိုပေါင်းပြီး မြင်းစိုင်းနေတဲ့ အမျိုးသားရဲ့ ပုံပန်းကို မျက်စိထဲမှာ မြင်ကြည့်ကြပါတော့။

"အိမ်ကြီးပေါ်က ကျောင်းဒကာ၊ ခင်ဗျားသမက် မော့လို့လာ၊ ဖဲပဝါနှင့် ဆီးလို့ကြိုလိုက်" လို့ သံချပ်ထိုးတဲ့ အထဲမှာလည်းပဝါ ပါပါတယ်။ ကြက်ဝိုင်းမှာလည်း ခေါင်းပေါင်းချွတ်ပြီး လောင်းသူတွေ ရှိတာသိရပါတယ်။ လယ်သမားခေါင်းဆောင်ကြီး ဆရာစံဟာ နောက်ဆုံးကြိုးတိုက်က ထွက်လာတဲ့အထိ ခေါင်းပေါင်းမချွတ်ခဲ့ပါဘူး။ ပြီးတော့ အငြိမ့်မင်းသမီးကို

ခေါင်းပေါင်းချုတ်ပြီး ဆုချတဲ့ လူတွေဟာလည်း ပွဲလာကြည့်တာတောင် ခေါင်းပေါင်းကြီးနှင့် ပါပဲ။ နတ်တင်တဲ့အခါ ဗောင်းတော်ဆက်ကြတဲ့ အလေ့အထလည်း ခုထိရှိသေးတာ တွေ့ရပါ တယ်။ အစည်းအဝေးများမှာ ခေါင်းပေါင်းတွေစုနေရင် (The sea of gaung baung) ခေါင်း ပေါင်း ပင်လယ်ကြီးရယ်လို့ တင်စားတာလည်း တွေ့ဖူးပါတယ်။ ခေါင်းပေါင်းတွေ စုပြီးနေ တော့ ပန်းန၊ ဝါန၊ စိမ်းန လေးတွေမို့ လှတာ အမှန်ပဲပေါ့။

အခုခေတ်မှာ ကြိမ်ခြင်းလေးတွေနှင့် ပတ်ထားတဲ့ခေါင်းပေါင်းမှာ အနုစိတ်တဲ့ မြန်မာ့ ကြိမ်ထိုးလက်ရာကို တွေ့နိုင်ပါတယ်။ ခေါင်းပေါင်းထည့်တဲ့ စက္ကူဖာလေးတွေကို တချို့က သားရေသေတ္တာလေးနှင့်တောင်ထည့်ပြီး မှန်ကားရဲ့ နောက်မှာ တင်သွားကြတာ တွေ့ရပါ တယ်။

အဲဒီလို ခေါင်းပေါင်းသေတ္တာလေးတွေ တကိုင်ကိုင်နှင့်ဆိုရင် ဧကန္တရှေ့နေရှေ့ရပ်တွေပဲ လို့ သိသာနိုင်တဲ့အကြောင်းတင်ပြရင်း မြန်မာ့ခေါင်းပေါင်းအကြောင်း နိဂုံးချုပ်ခဲ့ပါတယ်။

စောမုံညင်း

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလထုတ် စောမုံညင်း(စည်သူဒေါ်ရင်ရင်)၏ "မြတ်နိုးစရာမြန်မာ့ရိုးရာများ" စာအုပ်မှ ကူးယူဖော်ပြထားပါသည်။

အနန္တသူရိယကျောက်စာကပြောသောသမိုင်း

wkdvS

“အနန္တသူရိယကျောက်စာကို လေ့လာသောအခါ
ရှေးယခင်လေ့လာခဲ့ရသော ကျောက်စာများနှင့် မတူသည်ကို
အထင်အရှားတွေ့ရသောအချက် ရှိသည်။
ထိုအချက်ကား သာသနာတော်အတွက်
ကျွန်များ မလှူခြင်း ဖြစ်သည်။
လူ့စွမ်းအားရင်းမြစ်ကို နိုင်ငံအင်အားအတွက်
ထိန်းသိမ်းရန် သိမြင်လာခြင်းသဘော ဖြစ်နိုင်သည်”

ပုဂံခေတ်နောက်ပိုင်း အေဒီ ၁၂၄၄-၁၃၃၅ ကာလများအတွင်းက 'အနန္တသူရကျောက်စာလေ့လာချက်' ကို ရေးသားဖော်ပြခဲ့သည်။ ကျောက်စာပေါ် အခြေပြုလျက် ထိုခေတ်သမိုင်းကိုလည်း ဆွေးနွေးခဲ့ပါသည်။

ယခု အဝ(အင်းဝ)ခေတ်နောက်ပိုင်း အေဒီ ၁၄၄၈-၆၈ က အနန္တသူရိယအမတ်ကြီး၏ ကျောက်စာ လေ့လာချက်ကိုလည်း ဆက်လက်တင်ပြပါမည်။ ဦးကုလားအစရှိသော တွင်းသင်းတိုက်ဝန် မဟာစည်သူမတိုင်မီက ရှေးရာဇဝင်ဆရာကြီးများသည် ခေတ်ပြိုင် ကျောက်စာများကို သူတို့ ရေးသားသည့် ရာဇဝင်ကျမ်းများအတွက် ဖတ်ဖူးကြ၊ လေ့လာဖူးကြမည်ဟု တွေးကြည့်မိပါသည်။ သို့သော် မဖြစ်မနေကျောက်စာရှိရာများကို သွားရောက်လေ့လာကြမည် မထင်ပေ။ ဘုရားဖူးရင်း ကြုံကြိုက်သဖြင့် အချို့ကျောက်စာများကိုလေ့လာမိနိုင်ကြမည် ထင်ပါသည်။ သူတို့က ရာဇဝင်ကျမ်းရေးကြသောအခါ အစဉ်အလာပြောနှင့် နန်းတွင်းမှတ်တမ်းများ၊ ဇနီးစာပေများ၊ လျှောက်ထုံးများ၊ အရေးတော်ပုံကျမ်းများလောက်ကိုသာ အဓိက အားထားရေးသားခဲ့ကြမည်ဟု ထင်ပါသည်။

အဝ(အင်းဝ)ခေတ်တွင်လည်း လေ့လာစရာ ကျောက်စာအများ ရှိပါသည်။ ထိုကျောက်စာများကို အခြေတည်လျက်လည်း စာတမ်းများရေးခဲ့ကြသည်။ ယခုစာတမ်းရေးသားပြုစုတင်ပြလိုသည်က အနန္တသူရိယကျောက်စာပါ သမိုင်းအကြောင်းဖြစ်သည်။ ထိုအမတ်ကြီးက ကျောက်စာနှစ်ချပ် ရေးထိုး စိုက်ထူခဲ့သည်။ သက္ကရာဇ် ၈၁၀ (၁၄၄၈) ထိုး ကျောက်စာနှင့် သက္ကရာဇ် ၈၃၀ (၁၄၆၈) ကျောက်စာတို့ ဖြစ်သည်။ ထိုခေတ်ပြိုင်မှတ်တမ်းပါအချက်များကို အခြေတည်ပြီး 'ရာဇဝင်ထဲကသမိုင်း' ကို ခြေရာခံကြည့်ခြင်း ဖြစ်သည်။

ပထမကျောက်စာတွင် ရှေ့မျက်နှာ၌ စာကြောင်း ၃၂ ကြောင်း၊ နောက်မျက်နှာ စာကြောင်း ၃၇ ကြောင်းရှိသည်။ ဒုတိယကျောက်စာတွင် ပထမမျက်နှာ၌ စာကြောင်းရေ ၃၃ ကြောင်းရှိပြီး ကျောဘက်မျက်နှာတွင် ၃၇ ကြောင်းရှိပါသည်။ သို့သော် ပထမကျောက်စာကျောဘက်ကြောင်း ၁၅ 'တပ်ကြီးသူကြီးတည်း' အထိ စာသားကို ဒုတိယကျောက်စာတွင် ကျောဘက်ကြောင်းရေ ၁၇ အထိ ကူးယူဖော်ပြခဲ့သည်။ ထို့နောက် သက္ကရာဇ် ၈၃၀ (အေဒီ ၁၄၇၈) ကစပြီး အကြောင်းအရာအသစ် ဖော်ပြခဲ့သည်။ ဒုတိယကျောက်စာတွင် ကျိန်စာဆုတောင်းစာများ မပါချေ။

အမတ်ကြီးက သူ့ကျောက်စာနှစ်ချပ်တွင် မင်းကြီး၏ ဘုန်းလက်ရုံးတော်အကြောင်းကို ဖော်ပြထားသည်။ နန်းဓလေ့များ သိရှိခွင့်ရခဲ့သည်။ နိုင်ငံရေး၊ စစ်ရေးသမိုင်းကို သိခွင့်ရသည်။ မင်းအကြောင်း ပြောကြလျှင် ဘုန်းကံပါရမီတန်ခိုး ဆိုသည်များ ပါရမြဲဖြစ်သည်။ သို့သော် ဘုန်းလက်ရုံးတော်ဆိုသည် အလုပ်မရှိဘဲ ဖော်၍ ရသောအရာမဟုတ်ချေ။

ဘုန်းလက်ရုံး

ဘုန်းလက်ရုံးရည်သည် နယ်ချဲ့နိုင်ခြင်း၊ ပတ်ဝန်းကျင် ပဒေသရာဇ်မင်းများက ခန့်ညားသဖြင့် လက်ဆောင်သမီးကညာဆက်ခြင်းတို့ကို ရှေးကုသိုလ်ကံဖြင့် ရောလျက်ရည်ညွှန်းပြောဆိုကြသည်။ မင်းနှားနေသူများက မင်း၏ဘုန်းတော်ဘွဲ့ကို အနုလုံပဋိလုံရွတ်ဆိုနေကြရသည်။ ထိုသဘောကို အနန္တသူရိယကျောက်စာဖတ်သောအခါ ပိုမို

သဘောပေါက်လာခဲ့သည်။ အဖြစ်အပျက်က အမှန်လည်း ဖြစ်သည်။ ကျောက်စာက ဘုရားတည်၊ ကျောင်းဆောက် ကုသိုလ်ပြုအကြောင်းအရာဖြစ်သည်။

ကျောက်စာကို ခွဲခြမ်းစိတ်ဖြာကြည့်သောအခါ သုံးပိုင်းတွေ့ရသည်။ ခေတ်နိုင်ငံရေး စစ်ရေး၊ ဘုရားတည်ကျောင်းဆောက် မြေလှူခြင်းနှင့် ကျိန်စာဆုတောင်းဟူ၍ မြင်ရသည်။ နိုင်ငံရေး၊ စစ်ရေးအကြောင်းက ဖော်ပြမှုများလွန်းနေသည်။ သမိုင်းလေ့လာသူအတွက် အချက်အလက်ပိုရသည်ဟု မြင်မိသည်။ ကျောက်စာမူရင်းကို စစ်ကိုင်းထူပါရုံ ကျောက်စာတိုက်မှ တိုင်အမှတ် ၂၂ ဖြစ်သည်။ ကျောက်စာ ရေးထိုးနှစ်မှာ သက္ကရာဇ် ၈၁၀ ခု ကဆုန်လဆန်း ၁၃ ရက် (၁၇ ဧပြီ ၁၄၄၈) ဖြစ်သည်။ ထိုကျောက်စာကို အဝနရပတိမင်းလက်ထက်တွင် ရေးထိုးစိုက်ထူခဲ့သော ကျောက်စာဖြစ်သည်။ အဦးအစကျောက်စာက မင်း၏ ဘုန်းတော်ဘွဲ့ကိုကာရန်နဘေတို့ဖြင့် ဖော်ပြထားသည်။

> ရတနာ ၃ ပါး၏ အပေါင်နှိုက်လေည်
> အလွန်တြာရိုင်သေထွာ၊ ယုံမ်ကြည်စွာ
> ထသော သဒ်ရာက ပါသည်ရိုက်ရိုဝ်
> ကောင်မွှ်ကျိုဝ်ဖွင် ဖုန်တန်ခိုဝ်
> အသရေတ်(တော်)တိုဝ်နှင်တမူလေည်
> ပြည်စုံမ်စွာထသော ကေသရာမည်
> ရင်ခြင်သေမင်သိုဝ်ရဲခြင်အလွန်
> သထွာထန်ရူယ် ရန်မာန်ခပ်သိမ်
> တိုဝ်ကိုဝ် တမူလေည် ဩင်စင်ပြီထသော
> ('အနန္တသူရိယကျောက်စာ'၊ ကြောင်း
> ၁-၃၊ ငြိမ်း (ထုတ်ဝေနှစ်မပါ)၊ ပဉ်၊ ၄၃)

ပဒေသရာဇ်ခေတ်က ဘုန်းတန်ခိုးဆိုသည် နိုင်ငံကို မည်မျှစည်းရုံးသိမ်းပိုက်နိုင်ခဲ့ပါသနည်းဟူသော အချက်ကို ပဓာနထားသည်။ မည်သို့သောစစ်ပွဲများ အောင်မြင်ခဲ့သနည်း ဟူသော အချက်သည် အဓိကလို ဖြစ်သည်။ ဘုန်းဆိုသည်နှင့်တွဲလျက် လက်ရုံးဟူသည်လည်း ပါရသည်။ စစ်ရေးကောင်းသူ၊ စစ်ရေးကျွမ်းကျင်သူ ဆိုနိုင်သည်။ အနန္တသူရိယက သူ့သခင် မင်းကြီးနရပတိလက်ရုံးကို ဤသို့ ကျောက်စာတွင် ရေးထိုးဖွဲ့

]] ကျောက်စာကို ခွဲခြမ်းစိတ်ဖြာကြည့်သောအခါ သုံးပိုင်း တွေ့ရသည်။ ခေတ်နိုင်ငံရေး စစ်ရေး၊ ဘုရားတည် ကျောင်းဆောက် မြေလှူခြင်းနှင့် ကျိန်စာ ဆုတောင်းဟူ၍ မြင်ရသည်။ နိုင်ငံရေး၊ စစ်ရေးအကြောင်းက ဖော်ပြမှု များလွန်းနေသည်}}

ဆိုဂုဏ်တင်ထားရှိခဲ့သည်။

> မိ ၂ ၏ ရှေ့ဖုန် ရွှေလက်ရုံမ်ဖြင် ကျွန်လုံမ်သပြေ ရေမြေနံမျှကျ်(ကျော်) စောထသော အရိမဒ္ဒန ပုဏ္ဏကါမ ဇေယျပုရ ပြည်ပင်ယနှင် အဝစစ်ကိုင် နန်တိုင်ပွင်လင် အထိပ်နင်ရုယ် မိုဝ်ညင်ကာလေ ရှေနိုင်ငံက အကုန်စသ ရခိုင်သတွဲ ပုသိမ် ရောင်မြ တိုဝ်ကိုဝ်တမူလေည် အစိုဝ်ရစင်ပြိသော တြုက်ခန်ကိုဝ် ခင်ပွန်အန်တူ ထိုဝ်ဖက်မူသော မောမင်ကြီသိုဝ်ငံဖွာ လေည်မကွာကျွန်ဖွစ်လှာ၏ (‘အနန္တသူရိယကျောက်စာ’၊ ငြိမ်း၊ ပဉ်၊ ကြောင်း ၃-၆၊ စာ ၄၃)

ပုဂံကို တရုတ်တို့ ဖျက်ခဲ့ကြသည်။ ဤသို့ပင် ရာဇဝင်ဆရာများကရော ပြည်သူတို့က ပါ နားလည်လက်ခံထားသည်။ စင်စစ် တရုတ်ပြည်ကြီးကို မွန်ဂိုများက သိမ်းပိုက်ထားခဲ့ကြပြီး ထိုမွန်ဂိုတို့ကပင် တရုတ်တပ်သားများကို အသုံးပြုပြီး မြန်မာပြည် ပုဂံကိုလာရောက်ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။ ထိုစစ်သည် အဝခေတ်တိုင် တရုတ်တို့ မြန်မာနိုင်ငံထဲ ခေတ်ကာလတိုင်းမှာ ဝင်ရောက်ခဲ့ကြသည်။ မြန်မာရာဇဝင်ဆရာများက တရုတ်နိုင်ခြင်းကို အလွန်ခွန်အားတက်ကြ၊ ဂုဏ်ယူကြသည်။ အနန္တသူရိယက ယင်း၏ကျောက်စာတွင် တရုတ်နှင့် ပတ်သက်ပြီး နှစ်ကြိမ် ဟိတ်ဟန်အကြီးဆုံးဖြင့် ဖော်ပြခဲ့သည်။

> တြုက်ခန်(တရုတ်မင်း ကူဘလိုင်ခန်)ကိုဝ် ခင်ပွန်အန်တူ ထိုဝ်ဖက်မူသော မောမင်ကြီ သိုဝ်ငံဖွာလေည် ထံပါမကွာ ကျွန်ဖွစ်လှာ၏။ ထိုဝ်မင်၏သာ သိုဝ်ကီဖွာနှင် သိုဝ်ပုံမ်ဖွာလေည် မြေသာကစ တကွ မျက်မှောက်ခြေရင် ရောက်၏။ ငါသိန်မကသ တြုက်စစ်သည်ကိုဝ် အကြီမူသော စစ်သူကြီ ဆင်သွေသည် မိုက်မာန်အာလျင် ထိပါလှသောကြောင် လက်ရုံမ်ပြည်ညာ အဆင်အခြင်ဟူသ အာတိုင်ဖွင်နိုပ်နင်နိုင်သည်တမူလေသည်ဖွစ်ထသော (‘အနန္တသူရိယကျောက်စာ’၊ ငြိမ်း၊ ပဉ်၊ ကြောင်း ၅-၇၊ စာ ၄၃)

ထိုအဖြစ်အပျက်က မြန်မာအဝမင်းနှင့် တိုက်ရိုက်ဖြစ်သော စစ်မဟုတ်ချေ။ မောရှမ်းတို့ နှင့်ဖြစ်သော စစ်ဖြစ်ပြီး နောက်ဆုံးမောမင်းကြီးက မြန်မာမင်းထံ လာရောက်ခိုလှုံသည်ကို ဖော်ပြခြင်းဖြစ်သည်။ စစ်သူကြီးဆင်သွေနှင့်တိုက်ရသည်မှာကား အဝခေတ် နရပတိ လက်ထက်တော်တွင် ဖြစ်သည်။ မြန်မာစစ်တပ်ကို ဦးဆောင်တိုက်ခဲ့သော စစ်သူကြီးကား ယခု ကုသိုလ်ပြုလုပ်နေသော အနန္တသူရိယပင်ဖြစ်သည်။ ယင်းသို့ ကျောက်စာတွင် မှတ်တမ်းတင်ထားရှိခဲ့၏။

> တြာမင်ကြီ၏အထိန်တ် (တော်) သာ ငါးသိန်သတြုက် စစ်သည်ကိုဝ် အကြီမူသ စစ်သူကြီ ဆင် (သွေ) စသစစ်သူကြီး စင်သောင်ပိန်ကိုင် (လှော) စစ်နိုင်တိုက်ရုယ်သတ်ရသော အမတ်ကြီ အနန်တသူရိယ (‘အနန္တသူရိယကျောက်စာ’၊ ငြိမ်း၊ ပဉ်၊ ကြောင်း ၂၈-၂၉၊ စာ ၄၅)

ဆိုထားသည်။ အဝခေတ်တွင် တွေ့ရသော တရုတ်ကျူးကျော်မှုဖြစ်သည်။ လူသည် တစ်ယောက်တည်း နေမရသကဲ့သို့ နိုင်ငံသည်လည်း တစ်နိုင်ငံတည်း ရပ်တည်မရချေ။ မင်းမဟာမိတ်၊ နိုင်ငံမဟာမိတ် ရှိကြရမြဲဖြစ်သည်။ စင်စစ် ဘုန်းလက်ရုံးသည် နိုင်ငံ၏ နိုင်ငံရေး

ဖြစ်သောကြောင့် မင်းဘုန်းကြီးရန်သည် ခေတ်အခါအလျောက် လိုလည်း လိုအပ်ပါသည်။ ထိုဘုန်းလက်ရုံးက ငြိမ်းချမ်းခြင်း၊ ကြီးပွားတိုးတက်ခြင်းတို့နှင့်လည်း ဆိုင်နေပါသည်။

မြန်မာနိုင်ငံအပြင်ဘက်ရှိ အခြားသောမင်းများ နိုင်ငံများနှင့် ထိတွေ့ဆက်ဆံရပုံ အကြောင်းလည်း ဖော်ပြပါရှိသည်။ ထိုခေတ်က တရားဝင်မင်းဖြစ်ဖို့ဆိုလျှင် ရာဇဘိသေက မုဒ္ဓါဘိသောကခံကြရသည်။ ထိုသို့ မင်းပွဲခံသောအခါ ဦးခေါင်းထက်သို့ လက်ယာရစ် ခရုသင်းမှ ရေဖြင့်သွန်းလောင်းရသည်။ ပုဂံခေတ်ဦးမင်းများ လက်ထက်လောက်ကသာ ခရုသင်းဖြင့် ဘိသိက်ခံနိုင်ခဲ့ကြပြီး အလောင်းစည်သူ ခေတ်လွန်မင်းများလက်ထက်တွင် လက်ယာရစ် ခရုသင်း မရှိ ပျောက်ကွယ်သွားခဲ့ရကြောင်း ဆိုသည်။

အဝနရပတိမင်းလက်ထက်တွင် ဟံသာဝတီပြည်၊ ဝိဇ္ဇာနဂရပြည်၊ သုရတန်ပြည်တို့မှ ဆက်သဖြင့် လက်ယာရစ်ခရုသင်း ပြန်ရရှိကြောင်း၊ ထိုခရုသင်းသုံးလုံးဖြင့် ရေသဖန်းသား ရာဇပလ္လင်ထက်တွင် ဘိသေကခံကြောင်း ဆိုသည်။ ('အနန္တသူရိယ ကျောက်စာ'၊ ငြိမ်း၊ ပဉ်၊ ကြောင်း ၉-၁၀၊ စာ ၄၄) နရပတိမင်း၏ ဘိသေကခံဘွဲ့နာမတော်သည် "သိရိတြိဘုဝနာဒိတျာဓိကနရပတိ ပဝရမဟာဓမ္မရာဇာဓိရာဇာဓိပတိ" ဟူ၏။ ('အနန္တသူရိယ ကျောက်စာ'၊ ငြိမ်း၊ ပဉ်၊ ကြောင်း ၁၂-၁၃၊ စာ ၄၄) မိမိနားလည်သကဲ့သို့ ပြန်ဆိုကြည့်ရလျှင် "ကျက်သရေရှိသော၊ သုံးလောက၏ နေမင်းသဖွယ်ဖြစ်သော၊ လူအပေါင်းတို့၏ အရှင်သခင် နာယကဖြစ်သော တရားသောမင်းကြီးအပေါင်းတို့၏ (အထက်မှ) မင်းမြတ်ကြီး" ဟု သဘောရရှိသည်။ "မနောရသောမင်း" ဟုလည်းဆိုသည်။ ('အနန္တသူရိယ ကျောက်စာ'၊ ငြိမ်း၊ ပဉ်၊ ကြောင်း ၁၁၊ စာ ၄၄) မိဖုရားခေါင်ကြီး၏ဘွဲ့နာမံတော်မှာ "အတုလသီရိ မဟာဓမ္မဒေဝီ တောင်မိဖုရာစ်(စော)" ဟု ဖော်ပြသည်။ ('အနန္တသူရိယ ကျောက်စာ'၊ ငြိမ်း၊ ပဉ်၊ ကြောင်း ၂၆-၂၇၊ စာ ၄၅)

အဝနန်းတွင် မိဖုရားတို့ ဆင်ယင်ထုံးဖွဲ့မှုနှင့် အသုံးအဆောင် သုံးဆောင်နေထိုင်ပုံကိုလည်း တွေ့ရသည်။ ခေတ်အခါအလျောက် နှိုင်းယှဉ်ဖက်ကင်းနေရခြင်း ဖြစ်သည်။ ထို အသုံးအဆောင်များတွင် မနောလင်ပန်း၊ ရတနာတလား၊ ရတနာသံလျင်း၊ ရတနာက၊ ရတနာထမ်းစင် တို့ကား မိဖုရားကြီး၏ အသုံးအဆောင်များအဖြစ် ဖော်ပြသည်။ ('အနန္တသူရိယ ကျောက်စာ'၊ ငြိမ်း၊ ပဉ်၊ ကြောင်း ၁၄-၁၅၊ စာ ၄၃) ရွှေငွေကျောက်သံပတ္တမြား ပြောင်ပြောင်လက်လက်ကို နန်းအသုံးအဆောင်များအဖြစ်ဖြင့် လက်ဝတ်ရတနာ အဆင်တန်ဆာအဖြစ် သုံးနိုင်ခြင်းကို ဘဝကုသိုလ်အဖြစ် မြင်နေကြသောခေတ် ဖြစ်သည်။ သုံးကြသည်။

ထို့ကြောင့် ရွှေငွေကျောက်မြတ်ရတနာများ၊ အဆင်တန်ဆာများ သုံးခဲ့သည်ကို ဂုဏ်ယူဖော်ပြသည်လည်း တွေ့ရသည်။ ယင်းတို့တွင် မိဖုရားခေါင်ကြီး၏ ဦးခေါင်းအလှဆင် မြီရစ်၊ ရွှေခရုချောင်၊ ရွှေဆံထုံမ်၊ ရွှေယကင် တို့ ပါသည်။ ဆံထုံးနည်း ၅၅ မျိုးအပါအဝင် အလှပြင်ဆင်မှုအတတ်ပညာတစ်မျိုး ဖြစ်သည်။ တရုတ်နှင့် ဆက်ဆံရသဖြင့် တိုးပွားလာသော ယဉ်ကျေးမှုတစ်မျိုး ဖြစ်နိုင်သည်။ အခြားသော မင်းခမ်းမင်းနား အဆောင်အယောင်များမှာ ကြာ (ကွမ်းချပ်)၊ ကွံ(မ်း) ချပ်၊ ကွံ(မ်း)ချပ်နိမ်၊ ကွံ(မ်း) ချပ်မြင်၊ ကွံ(မ်း) လောင်၊ ယှစ် (ရှစ်) ထောင့် လက်တင်၊ လက်တင်ကြာ၊ သောက်ရေတော်တင် တို့ကိုလည်း တွေ့ရသည်။ ('အနန္တသူရိယ ကျောက်စာ'၊ ငြိမ်း၊ ပဉ်၊ ကြောင်း ၁၇-၁၈၊ စာ ၄၄) ရွှေနန်းသုံး အဆောင်

အယောင်များကို ရာဇပရိက္ခရာအခေါ်ကလည်း မှတ်သားဖွယ်ဖြစ်သည်။ ('အနန္တသူရိယ ကျောက်စာ'၊ ငြိမ်း၊ ပဉ်၊ ကြောင်း ၁၈၊ စာ ၄၄) ရွှေနန်းတွင်းသုံးသမျှတို့ကို ရတနာအပြည့် စီပြီး အသုံးပြုတတ်ကြသည်။ မည်သည့်အသုံးအဆောင်မျှ ပြည်သူနှင့်မတူကြောင်း ပေါ်လွင်စေသည်။

သားတော်၏အဆင်တန်ဆာအဝတ်အထည်ကိုလည်း ဖော်ပြခဲ့သည်။ ရွှေသင်ကျပ်၊ ရွှေဥဿျောင်၊ ရွှေအင်ကျီ၊ ပုလဲသန္တာစီသော ရွှေအင်ကျီတို့ဖြစ်သည်။ ('အနန္တသူရိယ ကျောက်စာ'၊ ငြိမ်း၊ ပဉ်၊ ကြောင်း ၁၇-၁၈၊ စာ ၄၄) ပန်းကုံးများ၊ ပန်းခက်များကိုလည်း ရွှေဖြင့်၊ ပုလဲဖြင့်၊ သန္တာဖြင့်၊ ပတ္တမြားဖြင့်၊ ရတနာခုနစ်ပါးဖြင့် ပြုလုပ်ဆင်ယင်ကြသည်။ ရွှေ လည်မာလည်း ဆင်၏။ ပတ္တမြားနားတောင်း ဝတ်သည်။ ('အနန္တသူရိယ ကျောက်စာ'၊ ငြိမ်း၊ ပဉ်၊ ကြောင်း ၂၀-၂၃၊ စာ ၄၄-၄၅) မိဖုရားကြီး ဝတ်ဆင်သော ထဘီကလည်း ရတနာစီခြယ်ထားသဖြင့် အဖိုးတစ်သိန်း ထိုက်သည်ဆိုသည်။ ('အနန္တသူရိယ ကျောက်စာ'၊ ငြိမ်း၊ ပဉ်၊ ကြောင်း ၂၂၊ စာ ၄၄)

ကျောက်စာတွင် ရွှေနန်းတွင် မင်းမိဖုရားအစမူသော အရာအထူးကြီးသူတို့ ကိုယ်ပိုင် ဖျော်ဖြေမှုကိုလည်း မင်းက ခွင့်ပြုခဲ့သည်။ မင်းမိဖုရားအတွက် ဖျော်ဖြေမှုအတွက် အမျိုးသမီးများ တူရိယာအဖွဲ့ကိုလည်း တွေ့ရ၏။ သူတို့တီးသော တူရိယာမှာ လေးမျိုးသာတွေ့ရသည်။ စည်ကြီး၊ နောင်နင်း၊ ခွက်ခွင်းနှင့် နရည် တို့ဖြစ်သည်။ ('အနန္တသူရိယ ကျောက်စာ'၊ ငြိမ်း၊ ပဉ်၊ ကြောင်း ၂၅-၂၆၊ စာ ၄၅)။ တူရိယာပစ္စည်းအမျိုးအမည်နည်းလွန်းလှသည်။ သားရေတူရိယာမှာ စည်ကြီးတစ်လုံးသာ ပါသည်။ စောင်းတူရိယာ၊ ဗုံတူရိယာ၊ နဲ့တူရိယာတို့၊ လင်းကွင်းတူရိယာ မပါသည်ကိုလည်း တွေ့ရသည်။

>]] ဘုရင်က ရေမြေပိုင်သူ ဖြစ်သည်။ ထို့ကြောင့် သာသနာအတွက် မြေလှူချင်လျှင် မြေရှင် ဖြစ်သော ဘုရင့်ထံမှ မြေလှူခွင့် တောင်းကြရမြဲ ဖြစ်သည် }}

မြေပန်ခြင်းဓလေ့

ဘုရင်က ရေမြေပိုင်သူဖြစ်သည်။ ထို့ကြောင့် သာသနာအတွက် မြေလှူချင်လျှင် မြေရှင်ဖြစ်သော

ဘုရင့်ထံမှ မြေလျှောင့်တောင်းကြရမြဲဖြစ်သည်။ ကုသိုလ်ရှင် အနန္တသူရိယ အမတ်ကြီးနှင့် ဇနီးတို့တည်း။ နရပတိမင်းကြီး၏ အထိန်းတော်၏ သားဖြစ်သည်။ သူ့ဇနီးက လည်း အတုလမဟာဒေဝီ တောင်နန်းမိဖုရားကြီး၏ အထိန်းတော်သမီး၊ ရတနာဂိရိဘုရား နှင့် ရွှေကျောင်းသုံးဆောင် ဒါယကာရွှေတောင် ကိုယ်တော်ကြီးသမီးဖြစ်သည်။ နှစ်ဖက် စလုံးသည် မင်းနှင့်မိဖုရားတို့၏ အထိန်းတော်တို့ သားနှင့်သမီးတို့မှ ဆင်းသက်လာကြသူ များချည်း ဖြစ်ကြသည်။

သူတို့မောင်နှံသည် အရှင်သခင်နရပတိတည်ထားခဲ့သော ထူပါရုံအရံတွင် ရွှေကျောင်း ဆောက်လှူခဲ့သည်။ ရတနာဂိရိဘုရားနှင့် ကျောင်းတော်တို့ကို ဆောက်လုပ်မြေယာများ လှူခဲ့ကြသော အကြောင်းအရာမှတ်တမ်း ဖြစ်သည်။ လယ်ယာများ၊ ကျောင်း၊ ဘုရားတို့သို့ လှူနိုင်ရန် ဘုရင်မင်းမြတ်ထံသို့ လက်ဆောင်တော်များ ဆက်ကာ မြေများရယူကြရသည်။ ထို့ကြောင့် ယင်းတို့ဆက်သခဲ့သော လက်ဆောင်တော်များကို ဖော်ပြပါမည်။

ရွှေလက်ကောက် ၄၅ ကျပ်သားခုတ်	၂ ခြည်
၃၅ ကျပ်သား ခုတ်ရွှေဖလား	၂ လုံး
ငွေလင်းပန်း ၃၀၀ ခုတ် (ရွှေဖြင့် ၃၀)	၂ ချပ်

ထိုသုံးမျိုးလက်ဆောင်တော် ဆက်ပြီး မြေပန်ခဲ့ကြသည်။ ရရှိသောမြေ ၁၁၀ ပဲ ရှိသည်။ အရောင်းအဝယ်သဘောဖြင့်ဆိုလျှင် မြေပယ် ၁၁၀၀ အတွက် ရွှေ ၁၁၀ ပေးရသည် ဆိုနိုင် သည်။ ထိုခေတ်က ရွှေ ၀ သားလျှင် ငွေ ၁၀ နှုန်းရှိပါသည်။ ('အနန္တသူရိယ ကျောက်စာ'၊ ဌိမံး၊ ပဉ်၊ ကြောင်း ၁-၂၊ စာ ၄၇) လက်ကောက် နှစ်ခြည်သည် လက်ကောက်လေးကွင်းကို ဆိုလိုခြင်း ဖြစ်မည် ထင်သည်။ ထိုခေတ်က ရွှေစျေးသည် ငွေ ၁၀ လျှင် ရွှေ ၁ ကျပ်နှုန်း ဖြစ် သည်။ ထို့ကြောင့် လင်းပန်းခုတ်ငွေ ၃၀၀ သည် ရွှေ ၃၀ တန်ဖိုး ရှိသည်။ ရွှေဖြင့် စံထားလျှင် အားလုံးရွှေ ၁၁၀ ကျပ်သား ရရှိသည်။

အနန္တတို့ဇနီးမောင်နှံသည် ယင်းတို့၏ဒုတိယကျောက်စာတွင် ကျောဘက်ကြောင်းရေ ၁၇ မှသည် ၃၇ တိုင် အကြောင်းအရာသစ်များကို ဖော်ပြထားသည်။ ပထမကျောက်စာဖြင့် ကာလအားဖြင့် အနှစ်နှစ်ဆယ် ကွာခြားခဲ့သည်။ ထိုအချိန်တွင် အမတ်ကြီးအနန္တသူရိယ သည် "မလွန်နိုင်သောအနာဆိုဝ်ရောက်" သောကြောင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့ သည်။

၁။ ပုဂံတွင် ဥမင်တစ်ခု
၂။ စစ်ကိုင်းတွင် မဏိဂိရိစေတီတစ်ဆူနှင့်
၃။ ငလျင်ကွဲတွင် ဇေတဝန်ကျောင်းတစ်ဆောင်

တို့ကို ၈၃၀(၁၄၆၈) တွင် တည်ဆောက်လှူဒါန်းခဲ့သည်။ (ကျော-ကြောင်းရေ ၂၄-၂၆၊ ဌိမံး၊ ပဉ်၊ ၅၄)

ကုသိုလ်ကောင်းမှုနှင့်လည်း မဆိုင်သော အခြားသမိုင်းအဖြစ်အပျက်များကိုလည်း မှတ်တမ်းတင်ထားသည်ကို သတိထားမိသည်။ ပထမဖော်ပြချက်မှာ ကတွန်အသည်တို့ နှင့် ကူနီသူကြီးတို့ထိသော အမှုအခင်းဖြစ်သည်။ ကူနီနှင့်ကတွန်တို့ မြေယာအငြင်းအခုံ၊ သို့မဟုတ် ရွာ မြေဆက်စပ်အငြင်းအခုံဖြစ်မည် ထင်သည်။ ထိုအမှုကို မင်းကြီးသို့ လျှောက်ထား

တင်ပြသောအခါ မင်းကြီးက ထောင်သင်းမင်းကို စစ်ဆေးရန် လွှဲလိုက်သည်။ စစ်ဆေးပြီး ထောင်သင်းမင်းက "မထိသင့်" ဟု ဆုံးဖြတ်ခဲ့သည်။ ဆုံးဖြတ်ချက်အတည်ပြုရန် ဘုရင့် နရပတိထံ တင်သောအခါ မင်းကြီးကလည်း ထောင်သင်းမင်းဆုံးဖြတ်သည့်အတိုင်း "မထိသင့်" ကို အတည်ပြုခဲ့သည်။ (ကျော-ကြောင်းရေ ၁၇-၁၉၊ ငြိမ်း၊ ပဉ်၊ ၅၄) ထိမှု မထိမှုတွင် မထိမှုဘက်မှ အနိုင်ရသည်ဆိုလိုခြင်းဟု ထင်သည်။

နောက်အဖြစ်အပျက်တစ်ခုက မင်းကြီးနရပတိသည် ၈၂၈ တွင် ကံဇာတာ မသန့်သဖြင့် ၈၂၈ ခု နယုန်လပြည့်နေ့ (၂၈ မေ ၁၄၆၆) တွင် ဆင်ဖြူတက်အရပ်၌ "ယတြာကျိမ်ပြုရယ်နေကြောင်"။ (ကျော-ကြောင်းရေ ၂၃၊ ငြိမ်း၊ ပဉ်၊ ၅၄) ဆိုသည်။ ယတြာချေခြင်း ဖြစ်သည်။

မြေပန်ပွဲတက်ရောက်ကြသူများ

အမတ်ကြီး မြေပန်သောအခါ ဘုရင့်ရှေ့တော်မှောက်တွင် မင်းမှူးမတ်တို့ ရှိနေကြသည်။ သဃ်ရာဇာနှစ်ပါးလည်း ရှိနေသည်။ မြေလှူပွဲလက်ခံတော်မူရန် ရဟန်းတော်များ ရောက်ရှိနေခြင်းဖြစ်သည်။ ထိုသူများရှိနေခြင်းသည် သမိုင်းအတွက် များစွာ ပြောစရာ ဆွေးနွေးစရာဖြစ်ပါသည်။ ထိုခေတ် နိုင်ငံရေး(အခြေအနေ)ကိုလည်း မြင်မိလိုက်သည်။ မူရင်းကျောက်စာမှ ထုတ်နုတ်ဖော်ပြပါမည်။ အားလုံးသည် ဘုရင့်ရှေ့တော်မှောက် ပုဆစ်တုပ်ထိုင်ကြရသည်။ မင်းကြီးရှေ့တော်မှောက် ရှိနေကြသူတို့ကား -

သားတော်ဂျိမ်ရှေ့မင်းကြီးမဟာသီဟသူရ
သမက်တ်(တော်)မင်ဥစ္စနာ
တလိုင်(မွန်)မင်ပညာကျန်ထောရာဇာဓိရာဇ်
အစ်ကိုပညာပြတဇရမန်
ပန်ညာပန်ကျ(ကျော်)
အမတ်ကြီနတောင်မျာ
အမတ်ကြီမဟာရာဇသင်ကြံ
အဘယကာမနီ(ဇာ)
ပျံချီ
စကြဝတေ(း)
လက်ယာဖရစ်
ပင်(း) ယစံကာ(း) သဃ်ရာဇာ
ပင်(း) ယကြည်သဃ်ရာဇာ

တို့ ပါဝင်သည်။ ('အနန္တသူရိယ ကျောက်စာ'၊ ၂၂-က၊ ငြိမ်း၊ ကျော၊ ကြောင်းရေ၊ ၁၂-၁၄၊ စာ ၄၈) အလှူဒကာက အသိသက်သေအဖြစ် ဖော်ပြခြင်းဖြစ်သည်။ သို့သော် မွန်မင်းနှင့် နောက်ပါတို့ကိုလည်း တွေ့ရသည်။

သံဃရာဇာတို့ ရောက်ရှိနေခြင်းကား မြေအလှူတော်ကို လက်ခံရန်ဖြစ်သည်။ မွန်မင်းကိုလည်း မြန်မာနန်းတွင်း၌ မှူးမတ်များနှင့်အတူ ရှိနေသည်ကို တွေ့နေရသည်။ ထက်

အောက်နှစ်နိုင်ငံ စည်းလုံးနေကြောင်း အထောက်အထားဖြစ်သည်။ မြန်မာရာဇဝင်တွင် မင်းနှစ်ပါး နန်းတွင်းတစ်ခုၵ္ဍ ယခုကဲ့သို့ ချစ်ချစ်ကြည်ကြည်တွေ့ရသည်မျိုး မရှိခဲ့ဖူးချေ။

အိမ်နီးချင်းဆက်ဆံရေး

ကျောက်စာပါအချက်များအရ အိမ်နီးချင်းများနှင့် ဆက်ဆံရေးရှိကြောင်း တွေ့ရသည်။ ရန်လိုသော ဆက်ဆံရေးရှိသကဲ့သို့ ချစ်ကြည်သောဆက်ဆံရေးမျိုးလည်း ရှိခဲ့သည်။ နိုင်ငံအမည်အချို့ကိုလည်း ကျောက်စာတွင် တွေ့ရှိရသည်။ မကြည်သောဆက်ဆံရေးမှာ တရုတ်နိုင်ငံနှင့် ဖြစ်သည်။ ထိုအချိန်က တရုတ်သည် မွန်ဂိုတို့လက်အောက်ခံ တယ်တူနန်းတော်ကို မွန်ဂိုတို့ သိမ်းပိုက်စိုးစံနေသဖြင့် တရုတ်နှင့်ဆက်ဆံရေးဆိုသည်ထက် မွန်ဂိုနှင့် ဆက်ဆံရေးဟု ဆိုနိုင်သည်။ သို့သော် ကျောက်စာက ကြုတ်(တရုတ်)ဟု ရေးသောကြောင့် ထိုအတိုင်းပင် သုံးလိုက်ပါသည်။ ဝိဇ္ဇာနဂရပြည်၊ သူရတန်ပြည် ဆိုသည်တို့မှာ အိန္ဒိယမှ ဖြစ်ပါသည်။ အရေးမပါကြချေ။ သီဟိုဠ်(သီရိလင်္ကာ)ဖြင့် ဘာသာရေးဆက်ဆံမှု အားကောင်းသည်။

> တြုက် ('အနန္တသူရိယ ကျောက်စာ'၊ ၂၂-က၊ ငြိမ်း၊ ကျော၊ ကြောင်းရေ၊ ၅၊ စာ-၄၃)
>
> ဝိဇ္ဇာနဂရပြည် ('အနန္တသူရိယ ကျောက်စာ'၊ ၂၂-က၊ ငြိမ်း၊ ကျော၊ ကြောင်းရေ၊ ၁၀၊ စာ-၄၄)
>
> သုရတန်ပြည် ('အနန္တသူရိယ ကျောက်စာ'၊ ၂၂-က၊ ငြိမ်း၊ ကျော၊ ကြောင်းရေ၊ ၁၀၊ စာ-၄၄)
>
> သီဟိုဠ် (သီရိလင်္ကာ) တို့ ဖြစ်သည်။

ဆက်ဆံရေးဆိုသဖြင့် ခေတ်အမြင်ဖြင့် ကြည့်၍ မရပါ။ တရုတ်နှင့်လွဲပြီး အခြားဆက်ဆံရေးတို့က ကုန်ကူးရင်း ရောက်လာကြသူများကို ဖော်ပြသဖြင့် အနည်းအကျဉ်းဆက်ဆံရေးရှိသည်ဆိုရုံမျှသာ ဖြစ်သည်။ အစိုးရချင်း၊ မင်းချင်းဆက်ဆံသည်မျိုး မဟုတ်ချေ။ အစိုးရချင်း မင်းချင်းဆက်ဆံရေးက တရုတ်နှင့်သာ ရှိသည် ဆိုနိုင်သည်။

ကျောက်စာက အဓိကဖြစ်သော စေတီပုထိုးတည်ထားခြင်း၊ ကျောင်းဆောက်လုပ်ခြင်း၊ မြေယာများလှူဒါန်းခြင်းများကို ပုံပေါ်ရုံသာဖော်ပြပြီး မင်းကြီး ဘုန်းတန်ခိုး လက်ရုံးတော်အကြောင်းနှင့် ကျိန်စာဆုတောင်းတို့ကို အသားပေးရေးနေသကဲ့သို့ အချိုးအစား မညီဖြစ်နေသည်။ နိဒါန်းနှင့် နိဂုံးက အားကောင်းပြီး စာကိုယ်က အားနည်းနေသလို မြင်မိသုံးသပ်မိသည်။ ထို့ကြောင့် ဘုရားကျောင်းများနှင့် လှူသည်များအကြောင်းကို တင်ပြပါမည်။ ကျောက်စာကျောဘက် ကြောင်းရေ ၂မှ ၁၆ အထိသည် အလှူအကြောင်း တင်ပြသည်။ (ကြောင်းရေ ၁၇ မှ ၃၈ အထိသည် ၈ စာကြောင်း ၂၂) က ကျိန်စာနှင့် ဆုတောင်းဖြစ်သည်။

အနန္တသူရိယဇနီးသည် ထူပါရုံကျောင်းတော်အရံတွင် ရွှေကျောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့သည်။ ('အနန္တသူရိယ ကျောက်စာ'၊ ကြောင်းရေ ၃၁၊ ငြိမ်း၊ ပဉ်၊ စာ- ၄၅)

စစ်ကိုးမြောက်ဘက် ရတနာဂီရိဘုရားနှင့် မဟာဝိဟာရကျောင်းတော်ကိုလည်း ဆောက်လှူခဲ့သည်။ ('အနန္တသူရိယ ကျောက်စာ'၊ ကြောင်းရေ ကျော-၁၊ ငြိမ်း၊ ပဉ်၊ စာ-၄၇)

ထိုဆောက်လုပ်ခဲ့သမျှသော ကုသိုလ်ကောင်းမှုတို့ အတွင်အနန္တသူရိယ ဇနီးမောင်နှံတို့ သည် နရပတိမင်းထံ ၄၅ ကျပ်သား ရွှေလက်ကောက် နှစ်ခြည်၊ ၃၅ ကျပ်သား ရွှေဖလား နှစ်လုံး၊ ငွေ ၃၀၀ ကျပ် (ထိုအချိန်က ရွှေ ၁ ကျပ်သား ငွေ ၁၀ ကျပ်တန်ဖိုးရှိသောကြောင့် ငွေ ၃၀၀ သည် ရွှေ ၃၀ သားနှင့်ညီမျှသည်။ ထို့ကြောင့် မင်းမောင်နှံတို့သည် ရွှေ ၁၁၀ နှင့် မင်းကြီးကို လက်ဆောင်တော်ဆက် လှူသော မြေယာသီးပင်တို့ကို ဖော်ပြပါမည်။

မြေယာထန်းဥယျာဉ်လှူစာရင်း

စဉ်	မြေ	ရေ	အကိုးမှတ်ချက်
၁	ထူပါရုံအရံရွှေကျောင်းအတွက်လှူမြေ	၅၅၅ပဲ	၂၂(ခ)ကျော၃၊ငြိမ်းပဉ်စာ-၄၇
၂	ရတနာဂီရိနှင့်ရွှေကျောင်းတော် အတွက်လှူမြေ	၅၅၅ပဲ	၂၂(ခ)ကျော၃-၄၊ငြိမ်းပဉ်စာ-၄၇
၃	မြောက်ဘက်လယ်	၁၀၁	၂၂(ခ)ကျော၁၀၊ငြိမ်းပဉ်စာ-၄၈
၄	နွားစားကျက်တိုက်ပဲလယ်	၃.၅ပဲ	၂၂(ခ)ကျော၁၁၊ငြိမ်းပဉ်စာ-၄၇
၅	ပွတ်တိုင်မြောက်ရွာနှင့်လယ်	၃ပဲ	၂၂(ခ)ကျော၇၊ငြိမ်းပဉ်စယ-၄၇
၆	ငရွှေတုံမြေ	၅စိတ်	၂၂(ခ)ကျော၈၊ငြိမ်းပဉ်စာ-၄၇
၇	ထန်းမြေ	၁၀ပဲ	၂၂(ခ)ကျော၉၊ငြိမ်းပဉ်စာ-၄၇
၈	ထန်းပင်ရေ	၁၅၀၀	၂၂(ခ)ကျော၁၀၊ငြိမ်းပဉ်စာ-၄၇
၉	နွားစားကျက်တိုက်ထန်းပင်ရေ	၁၀၀၀	၂၂(ခ)ကျော၁၁၊ငြိမ်းပဉ်စာ-၄၇
၁၀	လင်းလျင်တိုပမ္ဗဒေဝဝိနှင့် ဝယ်ထန်းပင်ရေ	၇၄၀	၂၂(ခ)ကျော၁၂၊ငြိမ်းပဉ်စာ-၄၈
၁၁	ကွမ်းပင်	၁၀၀၀	၂၂(ခ)ကျော၈၊ငြိမ်းပဉ်စာ-၄၇
၁၂	အင်တောင်တိုက်(ကွမ်း)ပင်	၄၀၀	၂၂(ခ)ကျော၁၀၊ငြိမ်းပဉ်စာ-၄၈
၁၃	ကွမ်းပင်	၃၀၀	၂၂(ခ)ကျော၈၊ငြိမ်းပဉ်စာ-၄၇
၁၄	ပိန္နဲ၊ သရက်အုန်း(ပင်ရေမဖော်ပြ)		၂၂(ခ)ကျော၁၁၊ငြိမ်းပဉ်စာ-၄၈
၁၅	ပင်ရင်း။ အနန္တသူရိယ	၈၁၀	ထိုကျောက်စာ၊ ငြိမ်းပဉ်၊ကျောစာ ၄၇-၄၈

"ဥုန် သရက် ပိန်ပင်" များလည်း ပါသည်။ လှူသောအခါ အချို့ရွာနှင့် ဟု ဖော်ပြသည်။ တစ်ရွာလုံးလုပ်မြေဖြစ်သောကြောင့် ထိုသို့လှူသည် ထင်သည်။ ကျွန်အဖြစ် လှူသည့် သဘောမျိုး မဟုတ်ဘဲ လှူမြေကို ဆက်လက်လုပ်ခွင့်ရသူ ဆိုလိုမည်ထင်သည်။ သီးနှံရရှိမှုကို အချို့တြိဘာဂသုံးပုံခွဲကြရသည်။ လယ် ၁၀ ပဲ နှင့် ထန်း ၁၅၀၀ ကို ကျောင်းဖာ ပိဋ္ဌကတ် ဖာထား၏ ဟု ဆိုသည်။ အလှူသည် ရတနာသုံးပါးကို ရည်စူးလှူကြောင်း သိသာသည်။ လုပ်သူတို့ တစ်ပုံပါသည်ဟုလည်း တွက်ဆနိုင်သည်။

ကျောက်စာတွင် လှူသည်ကို ရည်ရွယ်ချက်ဖြင့် ခွဲတမ်းကိုပါ ဖော်ပြလှူခဲ့သည်ကို လည်း တွေ့ရသည်။

> ဤ ငါလွှုသော တူပါရုံမ်ဝဲ ရွှေကျောင်ဖိုဝ် မြေ ၅၅၅ နှင့် ကွဲ ၃၀၀ (ကာ) ပုကိုဝ်နှင့် အရာကိုဝ် တြိဘာဂလှူ၏။ (၈၁၀ ထိုကျောက်စာ၊ ကျော၊ ကြောင်း ၁၅-၁၆၊ ငြိမ်း၊ ပဉ်၊ စာ ၄၈)
>
> လဲ(လယ်) ၁၀ ပဲနှင်အကွ ထန် ၁၅၀၀ ကာ ကျောင်ဖာ ပိဋ္ဌကတ်ဖာထာ၏။ (၈၁၀ ထိုကျောက်စာ၊ ကျော၊ ကြောင်း ၁၆၊ ငြိမ်း၊ ပဉ်၊ စာ ၄၈)

တြိဘာဂ လှူဆိုသည်က ဘုရားတစ်ပုံ၊ ထေရ်မြတ် တစ်ပုံနှင့် (လုပ်သူတစ်ပုံ) ဆိုလိုချင် သလော ဟု တွေးမိသည်။ သို့သော် လုပ်သူအတွက် သီးခြား ဖော်ပြမထားခဲ့ချေ။

လယ် ဆယ်ပယ်နှင့် ထန်း ၁၅၀၀ က ရသမျှကိုမူ ကျောင်းပျက်လျှင် ပြင်ရန်နှင့် ပိဋ္ဌကတ်တော်များ လိုလျှင် ဖြည့်ဆည်းနိုင်ရန် လျာထားသဖြင့် ပညာရေး အတွက် အကျိုးဖြစ်ထွန်းစရာ မြင်ပါသည်။ ရဟန်းသည် ပညာသင်ပေးသူ ဆရာ ဖြစ်သည်။ ကျောင်းသား ရှင်ရဟန်းသည် စာသင်သားဖြစ်သောကြောင့် သင်စရာ စာပေအတွက် လယ်နှင့်ထန်းခဖြင့် နှစ်စဉ် ဖြည့်ဆည်း နိုင်ပါမည်။ ထို့ကြောင့်လည်း ဗုဒ္ဓသာသနာနှင့် စာပေ ပညာ ဖွံ့ဖြိုးတိုးတက်လာခြင်းတွင် ထိုသို့သော ဒါယကာ များ ရှိခဲ့သောကြောင့်သာ ဖြစ်ပေသည်။

အနန္တသူရိယအမတ်ကြီးသည် မလွန်နိုင်သော အနာကြီးကျရောက်သဖြင့် မသေမီ ကုသိုလ်ကောင်းမှု ကို ပြုလုပ်သွားခဲ့ရာ၌ ပုဂံတွင် ဥမင်း၊ စစ်ကိုင်းတွင် မဏိဂိရိစေတီနှင့် ငလျင်ကွဲတွင် ဆေဇတဝန် ရွှေကျောင်းတို့ ဆောက်လုပ်ခဲ့ပြီး မြေယာများလည်း လှူခဲ့ပြန် သည်။ ထိုကုသိုလ်တို့ပြုနိုင်ရန် သူစီးသောမြင်းကို ရွှေဖြင့်ရုပ်တုလုပ်ပြီး ရွှေဖြင့်လုပ်သော က၊ စေည်ဖောင်၊ မျက်နှာလွှမ်း၊ ပြီပျံ(မြီးပြမ်း)၊ ကြေမုံ၊ ငွေဆက်တို့ဖြင့် ထီးနှင့်တကွ မင်းသို့ ဆက်ကာ မြေပန်လေသည်။ ရရှိသော မအုပ်တိုက်ယာမြေကို ပုဂံဥမင်းသို့ လှူ၏။

]] အနန္တသူရိယ အမတ်ကြီးသည် မလွန်နိုင်သော အနာကြီး ကျရောက်သဖြင့် မသေမီ ကုသိုလ် ကောင်းမှုကို ပြုလုပ်သွားခဲ့ရာ၌ ပုဂံတွင် ဥမင်း၊ စစ်ကိုင်းတွင် မဏိဂိရိစေတီနှင့် ငလျင်ကွဲတွင် ဆေဇတဝန် ရွှေကျောင်းတို့ ဆောက်လုပ်ခဲ့ပြီး }}

သက္ကရာဇ် ၈၂၈ ထိုးကျောက်စာအရ နောက်လှူသော မြေယာများကို ပယ်ဖြင့် မဖော်ပြပါ။ နယ်နိမိတ်ဖြင့် ဖော်ပြသောကြောင့် မြေယဉ်များထက် မခုတ်ထွင်ရသေးသော မြေရိုင်းများဖြစ်နိုင်ပါသည်။ ပုဂံ ဥမင်အတွက် လှူသောမြေယာတို့ကို အောက်ပါအတိုင်း မှတ်တမ်းတင် ဖော်ပြထားသည်။

> ပုကံဥမင်ကောင်မှုတ်ကိုဝ်လှူသောမြေ၏ အခြာကာ အရှေ့မြောက်အင်နာကောက် ၂ စင် ၂၊ အရှေ့ တောင်ဆောင် ကာ မြစ်ငယ်အင်နာ။ တောင်ကာ သုံမ်ကျောင် မြေလျှင်အခြာ၊ အနောက်တောင်ထောင်ကာကျည် ပင်နာလျှင်အခြာ၊ အနောကိမြစ်မလျှင်အခြာ၊ အနောက်မြောက်ဆောင်ကာ ငလိတ်တက်မြေလျှင်အခြာ၊ မြောက်သိလာအင်နာလျှင်အခြာ၊ ('အနန္တသူရိယ ကျောက်စာ'၊ ၈၂၈၊ ကျော၊ ကြောင်း ၃၂၊ စာ ၅၅)

ဟု ဖော်ပြမြေလှူခဲ့သည်။ မည်မျှကျယ်မည်ကို မခန့်မှန်းနိုင်ချေ။ မဏိဂိရိစူဠာနှင့် ဇေတသန်ရွှေကျောင်းတော်ကို ပေါင်းလှူသောမြေကိုလည်း ထိုသို့ပင် ဖော်ပြခဲ့သည်။

> စုံမ်တိုက်မြေ၏အခြာကာ အရှေကာ တပြောင်မိပ်၊ တောင်ကာ ညောင်အုပ်မြေ၊ မထည်ဆြိုဝတ်ငယ်သင်ဆြိုဝ ဝတ်လျှင်အခြာ၊ အနောက်ကကွန်သာယာ ကလာသ့မစ်ငဲ၊ အနောက်က တည်၊ မြောက်ာ (မူ) ပြောမောက်ပပ်ပါဝတ်လျှင် အခြား ('အနန္တသူရိယ ကျောက်စာ'၊ ၈၃၀၊ ကျော၊ ကြောင်း ၃၂၊ ၃၄၊ စာ ၅၅)

ဟု ဖော်ပြသည်။ မြောက်ဘက်ကျောက်တိုင်အပြင်က "ရွာသူကြီ တြာ (တစ်ရာ) ကွံ" လှူကြောင်းလည်း တွေ့ရသည်။ ထိုအရပ်ဒေသသည် ကွံ(ကွမ်း) စိုက်ပျိုးမြေ အဓိကဖြစ်ကြောင်း တွေးဆရသည်။

ကူညီကြသူများ

အနန္တသူရိယအမတ်ကြီး ကုသိုလ်ပြုရာတွင် ကူညီခဲ့ကြသူများကိုလည်း ကျောက်စာတွင် တွေ့ရသည်။ မြေများလှူစဉ်က မှတ်တမ်းရေးပေးသူမှာ အချို့တတ်စွမ်းသမျှ ကူညီလှူဒါန်းခဲ့ကြသည်။ မြေယာ၊ အုန်း၊ ထန်း၊ ကွမ်း စသည်တို့ ဖြစ်သည်။ တပ်ကြီးသူကြီ ဖြစ်သည်။ (ကြောင်းကျော ၁၅၊ ငြိမ်း၊ ပဉ်၊ စာ ၄၈)

တိုက်နှင့် ရွာများ

တိုက်သည် နိုင်ငံရော+အုပ်ချုပ်ရေးအပေါင်း ၈ကမူတစ်ခု ဖြစ်၏။ နိုင်ငံရေးဆက်စပ်ပုံမှာ လုံခြုံမှုအတွက် အားကြီးရာကို ခိုမှီလာသောကြောင့် အစောင့်အရှောက်ခံဖြစ်လာခဲ့ရသည်။ တိုင်းနိုင်ငံ ပျက်သောအခါ ရပ်တည်နိုင်ရေးအတွက် ခေါင်းဆောင်သစ်ရှာကာ ထိုခေါင်းဆောင်သစ်အောက် ခိုဝင်နေကြခြင်းဖြင့် ခေါင်းဆောင်သူ၏ အင်အားကြီးလာသလို အုပ်ချုပ်တာဝန်ယူရာ နယ်မြေလည်း ကျယ်ပြန့်လာခဲ့သည်။ သို့ဖြင့် တိုက်များ ပေါ်ပေါက်လာခဲ့သည်။

တိုက်အမည်များသည် ခေါင်းဆောင်ရွာအမည်ကို ရွာနေရာ တိုက်ဟု ပြောင်းခေါ်လိုက်ခြင်းဖြစ်သည်။ ဥပမာ မုဆိုခြံရွာသည် ကျေးရွာအချို့၏ ခေါင်းဆောင်ဖြစ်လာသော အခါ သူ့ဂုဏ်ဒြပ်သည် ရွာနေရာ တိုက်ကို ပြောင်းလဲခေါ်ဆိုလာရသည်။ သို့ဖြင့် မုဆိုးခြံတိုက် ဖြစ်လာသည်။ တိုက်များအကြောင်းကို "ပုဂံလွန်ခေတ်နိုင်ငံရေး" အခန်းတွင် ဖော်ပြခဲ့သည်။ ထိုစာရင်းတွင် ယခုဖော်ပြသည့်တိုက်များ မပါသေးသဖြင့် ထပ်လောင်းထည့်သွင်းကာ တိုက်စာရင်းသစ် ပြုလုပ်ရပါမည်။ ထူးခြားချက်မှာ တိုက်အများစုသည် သုနာပရန္တတိုင်းအတွင်းမှာ အများဆုံးဖြစ်သည်။ အထူးသဖြင့် ဧရာနှင့်ချင်းတွင်းကြားမှ မြစ်ဝှမ်းတွင် အများဆုံး တွေ့ရသည်။ ဒုတိယချင်းတွင်းဖြစ် အနောက်ခြမ်းဘက်တွင် အတွေ့ရများသည်။

စုံမ်တိုက် ('အနန္တသူရိယကျောက်စာ'၊ ၈၃၀၊ ကျော၊ ကြောင်း ၃၂၊ စာ ၅၅)
ကတွန်တိုက် (ကြောင်းကျော ၃၊ ငြိမ်း၊ ပဉ်၊ စာ-၄၇)
နွားစာကျက်တိုက်း (ကြောင်းကျော ၁၁၊ ငြိမ်း၊ ပဉ်၊ စာ-၄၈)
မတဲတိုက် (ကြောင်းကျော ၂၊ ငြိမ်း၊ ပဉ်၊ စာ-၄၇)
မုန်ပေါင်တိုက် (ကြောင်းကျော ၈၊ ၉၊ ငြိမ်း၊ ပဉ်၊ စာ-၄၇)
မဥ္ဇုတ်တိုက် (ကြောင်းကျော ၂၊ ငြိမ်း၊ ပဉ်၊ စာ-၄၇)
လင်လျင်တိုက် (ကြောင်းကျော ၁၁၊ ငြိမ်း၊ ပဉ်၊ စာ-၄၈)၊ လင်းယင်တိုက်
အင်တောင်တိုက် (ကြောင်းကျော ၈-၉၊ ၁၀၊ ငြိမ်း၊ ပဉ်၊ စာ-၄၇)

တို့ကို တွေ့ရှိရသည်။ မိမိရွာအပြင်အခြားခိုဝင်ရာ ရွာနီးချုပ်စပ်ကိုပါ တာဝန်ယူရသော ဗဟို ရွာ ဖြစ်သည်။ ထိုသို့သော အခြေအနေများက နိုင်ငံပျက်သောအခါတိုင်း၊ ငတ်မွတ်ခေါင်းပါးမှု ဖြစ်သည့်အခါတိုင်း ရွာငယ်များက နီးစပ်ရာရွာကြီးများကို ခိုဝင်နေကြပြီး နိုင်ငံတည်ငြိမ်သွားသောအခါ ကျေးလက် ထိုအနေအထားကို ဗဟိုမင်းများက ဆက်လက်အသိအမှတ်ပြုပေးခြင်းဖြင့် တိုက်သည် အရေးပါလာခဲ့သည်။ ပုဂံသည် ဆယ့်ကိုးရွာအားဖြင့် တည်ထောင်ခဲ့သလို အလောင်းဘုရားလည်း ကုန်းဘောင်မင်းဆက်ကို ပတ်ဝန်းကျင်ရွာများအားဖြင့် ထူထောင်ခဲ့ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် တိုက်သည် ရွာဧကမူထက်ပိုကြီးလာသော (တိုက်) ဧကမူကြီး ဖြစ်လာခဲ့သည်။ ထိုတိုက်ကို နောက်သောအခါတွင် ဗဟိုက ဝန်းခန့်ထား စီမံကိုင်တွယ်လာခဲ့သည်။

တိုက်သည် သြဇာအာဏာကြီးသော ရွာတစ်ရွာ၏ အကြီးအကဲပေါ် အခြေတည်ရသည်ဖြစ်သည်။ ထို့ကြောင့် တိုက်သည် ရွာကြီးတစ်ရွာပင် ဖြစ်သည်။ တိုက်နှင့်မတွဲသော ရွာများလည်း ရှိသည်။

ငမြိစောက်ရွား (ကြောင်းကျော ၁၀၊ ငြိမ်း၊ ပဉ်၊ စာ-၄၈)
တဖက်ကာရွား (ကြောင်းကျော ၃၊ ငြိမ်း၊ ပဉ်၊ စာ-၄၇)
ပွဲခွဲ (ကြောင်းကျော ၁၀၊ ငြိမ်း၊ ပဉ်၊ စာ-၄၇)
မအူပင် (ကြောင်းကျော ၆၊ ငြိမ်း၊ ပဉ်၊ စာ-၄၇)
မဥ္ဇုတ်ရွား (ကြောင်းကျော ၄၊ ငြိမ်း၊ ပဉ်၊ စာ-၄၇)
သုံးပယ်စားရွား (ကြောင်းကျော ၇၊ ငြိမ်း၊ ပဉ်၊ စာ-၄၇)

အင်းများ

စစ်ကိုင်းမြောက်ဘက် ကောင်းမှုတော်နှင့် စစ်ကိုင်းတောင်ကြားတွင် အင်းကြီးတစ်အင်းရှိသည်။ ရေမြက်ကြီးအင်းဟု ခေါ်သည်။ အတော်လေးကျယ်သော အင်းကြီး ဖြစ်သည်။ ရှေးကျောက်ခေတ်လူသားတို့ နေထိုင်ရန် ကောင်းသောနေရာဖြစ်သည်။ နေခဲ့ကြောင်း အထောက်အထားများလည်း ထိုအင်းကြီး ပတ်ဝန်းကျင်မှ ရရှိခဲ့ဖူးသည်။ မာလဲတောရွာမှ ဦးထွန်းသိန်းအမည်ရှိ ပုဂ္ဂိုလ် ထိုဝန်းကျင်မှ စုခဲ့သည်များကို ယခုအခါ စစ်ကိုင်းတက္ကသိုလ်တွင် လေ့လာနိုင်ပါသည်။

အနန္တသူရိယကျောက်စာဖတ်သောအခါ ထိုနယ်မှ အင်းအတော်များများကို ပိုမို သတိထားမိလာခဲ့သည်။ သို့သော် ထိုအင်းအမည်ကိုကား မတွေ့ရချေ။ ဆင်ဆင်တူသော အခြားအမည်များကိုကား တွေ့ရသည်။ ဥပမာ ယင်မြန်အင်းနှင့် ရေမြိန်အင်းတို့ ဖြစ်သည်။ တစ်ခုတည်းလော၊ သီးခြားတစ်ခုစီလော စဉ်းစားမိသည်။ ထိုကမှ ရေမြက်အင်းဖြစ်လာသည် လေ့ဆိုသည်ကို ကွင်းဆင်းလေ့လာနိုင်မှ ရရှိပါမည်။ တွေ့ရသမျှအင်းများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

ကံတောင်ရဲအင်း (၈၁၀ ထိုးကျောက်၊ ကြောင်းကျော ၅။ ငြိမ်း၊ ပဉ်၊ စာ-၄၇။ ၈၃၀ ထိုးကျောက်၊ ကျော၊ ကြောင်း ၇။ ငြိမ်း၊ ပဉ်၊ စာ-၅၃)

ငရုံပိုဝ်အင်း (ကြောင်းကျော ၅၊ ငြိမ်း၊ ပဉ်၊ စာ-၄၇)

မြစ်ငယ်အင်း ('အနန္တသူရိယကျောက်စာ၊ ၈၃၀၊ ကျော၊ ကြောင်း ၃၈၊ စာ-၅၅)

မြောက်အင်း ('အနန္တသူရိယကျောက်စာ၊ ၈၃၀၊ ကျော၊ ကြောင်း ၃၂၊ စာ-၅၄)

ယင်မြန်အင်း (ကြောင်းကျော ၂၊ ငြိမ်း၊ ပဉ်၊ စာ-၄၇)

ရေမြိန်အင်း (ကြောင်းကျော ၄၊ ငြိမ်း၊ ပဉ်၊ စာ-၄၇)

သိလာအင်း ('အနန္တသူရိယကျောက်စာ၊ ၈၃၀၊ ကျော၊ ကြောင်း ၃၂၊ စာ-၅၅)

ရာပေါက်ချောင်း (ကြောင်းကျော ၅၊ ငြိမ်း၊ ပဉ်၊ စာ-၄၇)

အင်းများရှိခြင်းသည် လူနေမှုအတွက် များစွာအဆင်ပြေသည်။ သီးနှံစိုက်ပျိုးရေး၊ အုန်းငှက်ပျောလို ဥယျာဉ်စိုက်ပျိုးရေးတို့ ဖြစ်ထွန်းနိုင်သည်။ ရေလုပ်ငန်းအတွက် အားထားရာ ဖြစ်လာနိုင်သည်။ အုတ်လုပ်ငန်း၊ အိုးလုပ်ငန်းလည်း ဖြစ်ထွန်းနိုင်ပေသည်။

စိုက်ပျိုးပင်များ

ပဒေသရာဇ်ခေတ်တွင် အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်သည်။ ဆန်၊ စပါး၊ ပြောင်း၊ လူး၊ ဆပ် တို့ကို အဓိကထားစိုက်ပျိုးကြပြီး ပဲ၊ နှမ်း၊ ဝါ တို့ကိုလည်း စိုက်ပျိုးကြသည်။ မိသားစု ဖူလုံဖို့အတွက် စိုက်ပျိုးခြင်းသာ ဖြစ်သည်။ နှစ်ရှည်ပင်များလည်း အုပ်ချုပ်သူ ကျေးလက်အကြီးအကဲများ၊ အချို့ငွေကြေးပိုလျှံသူတို့က ဥယျာဉ်အဖြစ် စိုက်ပျိုးသည်။ အုန်း၊ သရက်နှင့် ပိန္နဲတို့ စိုက်ပျိုးကြောင်း တွေ့ရသည်။ (၈၁၀ ထိုး ကျောက်စာ၊ ၂၂ (ခ)၊ ကျော၊ ကြောင်း ၁၁၊ ငြိမ်း၊ ပဉ်၊ စာ-၄၈) ယခု ကျောက်စာတွင် သီးနှံများများစားစား မတွေ့ရချေ။ ကျောင်းဘုရားလှူသည်ဖြစ်သောကြောင့် လယ်ယာထန်းကိုသာ အဓိကထား လှူဒါန်းခဲ့ကြသည်။ ထို့ကြောင့် စီးပွားအကြောင်း ထိုကျောက်စာ နှစ်ချုပ်ဖြင့် ပြောနိုင်လောက်အောင်

မရနိုင်ချေ။ ကိုင်းကျွန်းတွင် အသီးအရွက်ကို စိုက်ပျိုးခဲ့ကြသည်။ လယ်စပါး (ကြောင်းကျော ၇၊ ငြိမ်း၊ ပဉ်၊ စာ-၄၇) ကွံ (ကွမ်း) (ကြောင်းကျော ၈၊ ငြိမ်း၊ ပဉ်၊ စာ-၄၇) ကွမ်းစိုက်ပျိုးမှု ဖြစ်ထွန်းကြောင်း တွေ့ရသည်။ ထုံးလည်း စစ်ကိုင်းမှ ထွက်သည်။ ထန်းမြေ ၁၀ ပဲ၊ ထန်း ၁၅၀၀၊ ၁၀၀၀၊ ၇၅၀ (ကြောင်း ကျော ၉၊ ၁၁၊ ၁၂၊ ငြိမ်း၊ ပဉ်၊ စာ-၄၇၊ ၄၈) မဠုတ်တိုက်၊ မတဲတိုက်၊ ကတွန်တိုက် ပဲမြေအပေါင်း ၁၁၁၀ ပဲ (ကြောင်းကျော ၂၊ ငြိမ်း၊ ပဉ်၊ စာ-၄၇) ပဲလယ် ၁၀ ပဲ (ကြောင်းကျော ၁၀၊ ၁၁၊ ငြိမ်း၊ ပဉ်၊ စာ-၄၇၊ ၄၈) ဖော်ပြခဲ့သည့် ပဲမြေ၊ ပဲလယ် ဆိုသည်များသည် လွယ်လွယ်ပဲစိုက်ပျိုးသောမြေ၊ လယ် ဟု ထင်မိလိုက်သည်။ ထိုသို့ဟုတ်ဟန် မတူချေ။ ပယ်သည် (၈က) လို မြေယာအတိုင်းအတာ စံတစ်ခုကို ရည်ညွှန်းပြောခြင်းသာ ဖြစ်နိုင်ပါမည်။

ပိန္နဲ (ကြောင်းကျော ၁၁၊ ငြိမ်း၊ ပဉ်၊ စာ-၄၈)
သရက် (ကြောင်းကျော ၁၀၊ ၁၁၊ ငြိမ်း၊ ပဉ်၊ စာ-၄၇၊ ၄၈)
ဥုန်(အုန်း) (ကြောင်းကျော ၁၁၊ ငြိမ်း၊ ပဉ်၊ စာ-၄၈)

ထန်း ၇၅၀ ၌ ၁၀၀ (ကြောင်းကျော ၁၁-၁၂၊ ငြိမ်း၊ ပဉ်၊ စာ-၄၈)။ ထန်း လုပ်ငန်းသည် ထန်းလျက်ချက်သည့်အဆင့်ထိ ရှိကြောင်း ပီသသော အထောက်အထား မတွေ့ရသေးချေ။ အရည်သောက်ကြသည်ကိုသာ အတွေ့ရများသည်။ ကိုင်းကျွန်းသီးနှံ စိုက်သည့် အထောက်အထား မတွေ့ရချေ။

စီးပွားရေး

အနန္တသူရိယကျောက်စာကို လေ့လာသောအခါ ရှေးယခင်လေ့လာခဲ့ရသော ကျောက်စာများနှင့် မတူသည်ကို အထင်အရှားတွေ့ရသောအချက် ရှိသည်။ ထိုအချက်ကား သာသနာတော်အတွက် ကျွန်များ မလှူခြင်း ဖြစ်သည်။ လူ့စွမ်းအားရင်းမြစ်ကို နိုင်ငံအင်အားအတွက် ထိန်းသိမ်းရန် သိမြင်လာခြင်းသဘော ဖြစ်နိုင်သည်။ ထို့ပြင် ဗုဒ္ဓသာသနာတော်၏ အဆုံးအမနှင့် ဆန့်ကျင်သော ကျွဲ၊ နွား တိရစ္ဆာန်များ လှူခြင်းနှင့် ပြီသေပြီးသား စားသောက်ကြခြင်းတို့ကိုလည်း မပြုလုပ်တော့ခြင်းကို တွေ့လာရသည်။ ထူးခြားချက်ဖြစ်သည်။ လူတို့စီးပွားတိုးတက်လာစေနိုင်ကြောင်း အထောက်အကူများစွာ ပြုသည်။ ထို့ကြောင့်လည်း အဝနရပတိမင်းလက်ထက်နိုင်ငံကို အနိရုဒ္ဓလက်ထက် နယ်နိမိတ်တိုင် ပြန်လည်ထိန်းသိမ်းနိုင်ခဲ့ခြင်း ဖြစ်သည်ဟု ကောက်ယူနိုင်ပါသည်။

ထိုဒေသ၏ ပဓာနစီးပွားရေးမှာ စိုက်ပျိုးရေးသာ ဖြစ်သည်။ သို့သော် အဓိကသီးနှံဖြစ်သော ဆန်စပါးစိုက်ပျိုးရေးကား အားနည်းသည်။ ဆန်စပါးစိုက်ပျိုးနိုင်လောက်သော မြေအမျိုးအစား မကောင်းခြင်း၊ ရေအခက်အခဲရှိခြင်းတို့ကြောင့်လည်း ဖြစ်နိုင်သည်။ သို့သော် အင်းများရှိခြင်း၊ အင်းဝန်းကျင်တွင် စိုက်ပျိုးခြင်းဖြစ်နိုင်ကောင်းသည်။ အထူးသဖြင့် ဥယျာဉ်ခြံမြေသီးနှံနှင့် ဟင်းသီးဟင်းရွက်ပင်များ စိုက်ပျိုးကြမည် ထင်သည်။ တစ်ဖက်တွင် တောင်စဉ်တောင်ရိုးများရှိသောကြောင့် တောင်ကျချောင်းများဖြင့် တစ်ဖက်ဆည်ကန်များ ပြုလုပ်ကာ ဆည်ရေသောက် စိုက်ပျိုးရရှိနိုင်သည်။ ထိုနေရာမျိုးတွင် စပါးသီးနှံ အဓိကထား စိုက်ပျိုးမည်

ထင်သည်။ တစ်ဖက်ကာရွာ အဓိပ္ပာယ်သည် ဆည်ရှိခြင်းကို ပြပေသည်။ တစ်ဖက်ကာရွာရှိခြင်းတို့က ရေအတွက် စိုးရိမ်ရမှု လျော့ကျနိုင်သော်လည်း ယာစိုက်ပျိုးရေးကသာ လွှမ်းမိုးနေသည်။ ယာသီးနှံတွင် ပဲကို အများဆုံးစိုက်သည်ဟု ယုံကြည်ရသည်။ သာသနာတော်ကို လှူသောမြေယာများတွင် ပဲစိုက်မြေက များပြီး၊ စပါးစိုက်မြေက နည်းလေသည်။ ပဲစိုက်မြေ ၁၁၁ စရှိသော်လည်း လယ်ယာလှူသည်က လယ် ၃၀ ပဲသာ တွေ့ရသည်။ သာသနာအတွက် မြေလှူစာရင်းတွင် စိုက်ပျိုးမြေ ၁၁၁၀ ပယ်ကို လှူကြောင်း ဖော်ပြသည်။ လယ်လော ယာလော ဟု သီးသန့်မဖော်ပြချေ။ နှစ်မျိုးပါဝင်နိုင်သည်။ အချို့ကို ပဲမြေဟုဆိုသည်။ မြေအတိုင်းအတာ ပယ်နှင့်ရောနိုင်သည်။ ယခုဆိုလိုသည်က ပဲစိုက်သောမြေဟု ဆိုလိုခြင်းဖြစ်ပါမည်။

အနန္တသူရိယကျောက်စာနှစ်ချပ်ကို လေ့လာသောအခါ နိုင်ငံရေးပိုင်းတွင် အတော်များများ သိခွင့်ရသည်။ ထူးခြားသိရသည်များမှာ ဧရာဝတီကို စစ်သည်ဗိုလ်ခြေများ ဆင်၊ မြင်း၊ ရထားများ၊ မှူးမတ်၊ ပြည်သူ၊ ရဟန်းများ ထောင်သောင်းချီ ဖြတ်သန်းနိုင်အောင် လှေတံတား တည်ဆောက်ခြင်း (Ponton Bridge) တည်ဆောက်နိုင်ခဲ့ခြင်း ဖြစ်သည်။ နတ်ရွာစံသောအခါလည်း အရိုးစေတီတည်ထားကာ သာသနာတော် ၅၀၀၀ တည်အောင် ဓာတုစေတီတည်တော်မူခဲ့ခြင်းတို့ကား မြန်မာ့သမိုင်းတွင် မရှိခဲ့ဖူးသောအကြောင်းအရာများတည်း။ ဒုတိယကနိုင်ငံနယ်နိမိတ်များကို သိမ်းသွင်းပြီး လုံခြုံရေးအတွက် နယ်ခြားအုပ်ချုပ်ရေးတိုင်းများ တည်ဆောက်ခြင်း ဖြစ်သည်။ ထိုဆောင်ရွက်ချက်ကလည်း မြန်မာ့သမိုင်းတွင် ရှေးက မရှိခဲ့ဖူးသည်သာတည်း။ အဦးအစတိုင်းများဖွဲ့ကာ နိုင်ငံရေးအုပ်ချုပ်ရေးအတွက် ထူးခြားသောလုပ်ဆောင်ချက် ဖြစ်သည်။ ထို့အတူ ဓာတုစေတီတည်ခြင်းကလည်း ပဒေသရာဇ်စနစ်ကြီး ပျက်သုဉ်းသွားသည့်တိုင် ထိုမင်းတစ်ပါးသာ လုပ်ဆောင်ခဲ့သည်။ ထို့ကြောင့် အနန္တသူရိယသည် ထိုသို့သောမင်းလက်ထက်တွင် စစ်သူကြီးအဖြစ် တရာတ်(မွန်ဂို)တို့ကို နိုင်အောင်တိုက်ခဲ့သော အမတ်ကြီး၏ကျောက်စာကို ဗဟိုပြုလျက် ရာဇဝင်ဆရာကြီး ဦးကုလားက ပုဂံခေတ်နရပတိမင်းလက်ထက်က မျက်ဖြေလက်ံာ ရေးသူအဖြစ် ထွင်ခဲ့လေသလောဟု တွေးစရာဖြစ်ခဲ့ရသည်။

တိုးလှ

ကနောင်မင်းသားကြီး ဆမားဒူဝါဆင်ဝါးနောင်တို့နှင့်
စက်မှုနိုင်ငံတော်အိပ်မက်

[elfvwf

“ဗမာတစ်ပြည်လုံး ကောင်းစားဖို့ဟာ တစ်ပြည်လုံးမှာရှိတဲ့
တိုင်းရင်းသားအားလုံး ဝိုင်းလုပ်ကြမှ ဖြစ်မယ်။
ဗြိတိသျှသွေးခွဲတာ မခံနိုင်ဘူး” ဟု
ပြတ်ပြတ်သားသား ပြောခဲ့သည်။
ဆမားကြီး၏ စိတ်ဓာတ်ကို သဘောကျသဖြင့်
ဗိုလ်ချုပ်အောင်ဆန်းက သူ့ကို ဆက်သွယ်၏”

မြန်မာနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံကြီးတစ်ခုအဖြစ် စတင်ကြိုးပမ်းခဲ့သူမှာ 'ကနောင်မင်းသားကြီး' ဖြစ်သည်။ ကနောင်မင်းသားကို ခရစ်သက္ကရာဇ် ၁၈၂၀ ပြည့်နှစ် ဇန်နဝါရီ ၃၁ ရက်နေ့တွင် အမရပူရမြို့တွင် မွေးဖွားခဲ့သည်။ ကနောင်မင်းသားကြီးသည် မင်းတုန်းမင်းကြီး၏ ညီတော်အရင်း ဖြစ်သည်။ ကုန်းဘောင်မင်းဆက်သည် သက္ကရာဇ် ၁၇၅၂ မှ ၁၈၈၅ ခုနှစ်အထိ သက်တမ်း ၁၃၃ နှစ်ကြာခဲ့သည်။ ကုန်းဘောင်မင်းဆက်ကား မြန်မာဘုရင်တို့၏ နောက်ဆုံးမင်းဆက်ပင် ဖြစ်သည်။

မင်းတုန်းမင်း ဘုရင်ဖြစ်သည့်အခါ ကနောင်မင်းသားက အိမ်ရှေ့မင်းဖြစ်၏။ အိမ်ရှေ့မင်းဖြစ်သော်လည်း လွတ်တော်ကို ဦးဆောင်ခဲ့သူမှာ ကနောင်မင်းသားပင် ဖြစ်သည်။ ကနောင်မင်းသားသည် နောင်တော်မင်းတုန်းမင်းကို တရားဓမ္မနှင့် အေးချမ်းစွာ စိုးစံစေပြီး နိုင်ငံ့အရေး ကိစ္စအဝဝကို သူပင်လျှင် ဦးဆောင်စီမံအုပ်ချုပ်ခဲ့သည်။

မြန်မာဘုရင်များ စိုးစံသောနှစ်ကာလများထဲတွင် ဝန်ထမ်းများ လစာစနစ်ကို ပထမဆုံး ပြဋ္ဌာန်းခဲ့သူမှာ ကနောင်မင်းပင် ဖြစ်၏။ နိုင်ငံခြားမှ တင်သွင်းသော သွင်းကုန်ပစ္စည်းများ၊ ပြည်တွင်းမှ ထုတ်လုပ်သော ပို့ကုန်ပစ္စည်းများအတွက် အကောက်ခွန်နှုန်း ပတ်သက်သော အရေးကိစ္စများတွင် ကနောင်မင်းက ကုန်သွယ်မှု အဆီးအတားဖြစ်မည့် အရာမှန်သမျှကို ဖယ်ရှားကာ လွတ်လပ်သော ကုန်စည်စီးဆင်းမှုကို စတင်ခဲ့သည်။ ထို့ပြင် ဘုရင့်တပ်မတော် ခေတ်မီပြီး နိုင်ငံတကာ တပ်ဖွဲ့များနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် ခေတ်မီလက်နက်တပ်ဆင်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ ပထမဦးဆုံးအနေဖြင့် မြန်မာသက္ကရာဇ် ၁၂၁၅ ခုနှစ်တွင် မန္တလေးမြို့ 'အမရစံခေါင်ရပ်ကွက်' ၌ လက်နက်စက်ရုံတစ်ခု စတင်တည်ဆောက်ခဲ့သည်။ ထိုစက်ရုံမှ ရိုင်ဖယ်သေနတ်ကို စတင်ထုတ်လုပ်ခဲ့သည်။ ယခင်က မြန်မာ့တပ်မတော်သည် အမြဲတမ်းတပ်မတော် မဟုတ်။ စစ်ချီရန် လိုအပ်သောအခါကျမှ စစ်သားစုဆောင်းပြီး တိုက်ပွဲဝင်ခဲ့သော အစဉ်အလာရှိ၏။ ကနောင်မင်းသားကြီးက လိုမှဖွဲ့သော စစ်တပ်အစား အမြဲတမ်းတပ်ကို ဖွဲ့စည်းပုံစနစ်တကျ ရေးဆွဲပြီး တည်ထောင်ခဲ့သည်။

ကနောင်မင်း၏လက်နက်စက်ရုံမှ ရေမြှုပ်ဗုံးကိုပါ တီထွင်ထုတ်လုပ်နိုင်ခဲ့သည်။ ရေမြှုပ်ဗုံးကို မန္တလေးမြို့ 'အောင်ပင်လယ်' ရပ်ကွက်တွင် စတင်စမ်းသပ်ရာ အောင်မြင်မှုရခဲ့သည်။ သို့သော် ရေမြှုပ်ဗုံးကို ရေကန်များတွင် စမ်းသပ်သောအခါ ထိုရေကန်တွင် မှီတင်းနေထိုင်သော ငါး၊ ပုစွန် စသော ရေနေသတ္တဝါများ သေကျေကြသည်ကို ဘာသာတရားကိုင်းရှိုင်းသော မင်းတုန်းမင်းက သဘောမကျ။ ထိုကိစ္စသည် အကုသိုလ်များသော လုပ်ရပ်ဟု သတ်မှတ်ကာ ရေမြှုပ်ဗုံးစမ်းသပ် တီထွင်မှုကို ဘုရင့်အမိန့်ဖြင့် ပိတ်ပင်ခဲ့သည်။

အမှန်စင်စစ်မူ ဗြိတိသျှနယ်ချဲ့တပ်များ မြန်မာနိုင်ငံကို ရေတပ်အင်အား အလုံးအရင်းဖြင့် လွယ်လွယ်ကူကူ ချီတက်တိုက်ခိုက်နိုင်ခြင်းမှာ ရေကြောင်းတွင် အတားအဆီးဖြစ်သည့် ရေမြှုပ်ဗုံးတွေ မရှိတာလည်း အဓိကအကြောင်းအချက်များထဲတွင် တစ်ကြောင်း အပါအဝင် ဖြစ်၏။

ကနောင်မင်းသားသည် အမြဲတမ်း တပ်မတော်အပြင် ရဲတပ်ဖွဲ့ကိုပါ စတင်တည်ထောင်ဖွဲ့စည်းနိုင်ခဲ့သူ ဖြစ်၏။

အမြော်အမြင် ကြီးမားသော ကနောင်မင်းသား ကြီးသည် မြန်မာနိုင်ငံကို စိုက်ပျိုးရေးနိုင်ငံမှ စက်မှုနိုင်ငံသို့ ပြောင်းလဲရန် စိတ်ကူးကိုပါ စတင်အကောင်အထည် ဖော်ခဲ့သည်။ ထို့ကြောင့် မြန်မာသက္ကရာဇ် ၁၂၂၂ ခုနှစ်တွင် မြန်မာပြည်မှ ပညာတော်သင် ၉၀ ကျော်ကို ဗြိတိန်၊ ပြင်သစ် စသော နိုင်ငံများသို့ စေလွှတ်ခဲ့၏။ ထိုပညာတော်သင်များထဲတွင် ထင်ရှားသူများမှာ ဖန်ချက်ဝန်ဦးဖန်၊ မြင်းဝန်ဦးအောင်သူ၊ ကျောက်မြောင်းဝန်ဦးရွှေအိုး စသူတို့ ပါဝင်ကြသည်။

ပညာတော်သင်များ ပြန်လာကြသည့်အခါ သံဖိုစက်ရုံ တည်ထောင်ကာ ဒေါင်းဒင်္ဂါး စက်ရုံလုပ်ပြီး ငွေကြေးသွန်းလောင်းကာ ငွေကြေးစနစ်ကို စတင်ကျင့်သုံးခဲ့သည်။ ထို့နောက် ပန်းကန်စက်ရုံ၊ ကော်ဇော စက်၊ လွှစက်၊ သကြားစက်၊ ဖန်ချက်စက်၊ ရက်ကန်းစက်ကြီးများ တည်ခဲ့သည်။ ဤသည်မှာ မြန်မာနိုင်ငံကို ခေတ်မီတိုးတက်သော စက်မှုနိုင်ငံဖြစ်ထွန်းလာစေရန် စတင်ကြိုးပမ်းမှုပင် ဖြစ်၏။

ကနောင်မင်းကား ရည်ရွယ်ချက် အလွန်ကြီးမားသူဖြစ်၏။ သူက နယ်ချဲ့အင်္ဂလိပ်တို့ကို အခဲမကျေ။ ပုဂံမင်းလက်ထက် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲဖြစ်ပွားစဉ်က အင်္ဂလိပ်တို့ သိမ်းပိုက်ခဲ့သော နယ်မြေများကို အကုန်ပြန်ရနိုင်ဖို့ရာ အပတ်တကုတ် ကြိုးစားခဲ့သည်။ ထို့ကြောင့် အင်္ဂလိပ်တွေ လာတိုက်ခိုက်လျှင် ခုခံရန် ပုသိမ်ကြီးမြို့နယ်တွင် ထန်းလုံး ခံတပ်ကြီးတစ်ခု တည်ဆောက်ရန် ပြင်ဆင်ခဲ့သည်။ ထိုသို့ တည်ဆောက်ရန်အတွက် ထန်းတောကြီးတစ်ခုကို အကြီးအကျယ် စိုက်ပျိုးခဲ့သည်။ ပြင်သစ်နှင့်အီတလီမှ စစ်ပညာရှင်များကို ခေါ်ယူကာ တပ်မတော်သားများကို စစ်ပညာ သင်ပေးခဲ့၏။

ကနောင်မင်းသည် တစ်နေ့တာလုံး နိုင်ငံတော်အုပ်ချုပ်ရေး၊ ကာကွယ်ရေးဆိုင်ရာ ကိစ္စများကို လုံးပန်းလုပ်ဆောင်ခဲ့သည့်အပြင် ညဘက်တွင်လည်း ရုပ်ဖျက်ကာ ရပ်ထဲ ရွာထဲတွင် စနည်းနာတတ်၏။

တစ်ခါတွင် တမံတုတ်ရန် လုပ်အားပေးခေါ်ထားသော လူတစ်စုထံ ရောက်သွားသည်။ သူတို့နှင့်အတူ

“အမြော်အမြင် ကြီးမားသော ကနောင်မင်းသားကြီးသည် မြန်မာနိုင်ငံကို စိုက်ပျိုးရေးနိုင်ငံမှ စက်မှုနိုင်ငံသို့ ပြောင်းလဲရန် စိတ်ကူးကိုပါ စတင် အကောင်အထည် ဖော်ခဲ့သည်။ ထို့ကြောင့် မြန်မာသက္ကရာဇ် ၁၂၂၂ ခုနှစ်တွင် ...”

မီးပုံဘေးတွင်ထိုင်ကာ ရေနွေးကြမ်းသောက်ရင်း စကားစမိသည်။

"အဆွေတော်တို့ နေရ ထိုင်ရ အဆင်ပြေရဲ့လား"

ထိုသို့ တီးခေါက်ကြည့်သောအခါ သူ့ကို ကနောင်မင်းသားမှန်း မသိကြသူများက ပွင့်ပွင့်လင်းလင်းပင် ပြန်ပြောကြသည်။

"ဘယ်အဆင်ပြေမလဲဗျာ။ ပင်ပင်ပန်းပန်းလည်း လုပ်ရ။ အိုးပစ်အိမ်ပစ်လည်း လာရ။ လုပ်အားခလည်း တစ်ပြားမှ ရတာ မဟုတ်ဘူး" ဟု ညည်းညူကြသည်။ ထိုစကားကို ကြားရတော့ ကနောင်မင်းက ထပ်ကွန့်ကြည့်သည်။

"ဒါက မင်းတုန်းမင်းလက်ထက်မို့ပါဗျာ။ သူ့ညီ ကနောင်မင်း နန်းတက်ရင် ဒီလို ဖြစ်မတဲ့လား"

ထိုအခါကျမှ ညည်းသူတွက ပြန်ပက်ကြသည်။

"ဒီသောက်မျိုးတွေ တူတူပါပဲ။ ဘယ်အကောင်တက်တက် မထူးပါဘူး"

ရုပ်ဖျက်လာသော ကနောင်မင်းလည်း ကြာရှည်မနေရဲတော့ဘဲ ကုပ်ကုပ်လေး ပြန်ထွက်လာခဲ့ရသည်။ သို့သော် နောက်နေ့ကစပြီး လုပ်အားပေးများကိုလည်း ထိုက်သင့်သော လုပ်အားခပေးစေ ဆိုသော အမိန့် ထွက်လာ၏။

ကနောင်မင်းသည် မြန်မာနိုင်ငံတွင် စီးပွားရေးနှင့် စစ်ရေးကို ရှေးရိုးပုံစံအတိုင်း လုပ်၍ မရတော့သည်ကို သိ၏။ ဖြိတိသျှနယ်ချဲ့များ ထပ်မံကျူးကျော်လာလျှင် ခေတ်မီလက်နက်၊ ခေတ်မီသေနင်္ဗျူဟာသုံးပြီး တိုက်ခိုက်မည်။ ကုန်ထုတ်လုပ်ငန်းတွင်လည်း စက်မှုတပ်ဆင်ရန် ပြင်ဆင်သည်။ နိုင်ငံခြားကို ပညာသင်များ စေလွှတ်သည်။ နိုင်ငံခြားမှ အတတ်ပညာရှင်များကို ဖိတ်ခေါ်သည်။ စက်ကိရိယာများ မှာယူတင်သွင်းသည်။ ဆက်သွယ်ရေးကောင်းစေရန် ကြေးနန်းစနစ် တီထွင်လုပ်ဆောင်သည်။ စက်ရုံသစ်တွေ ထပ်တည်၏။

မြန်မာနိုင်ငံ ခေတ်မီတိုးတက်လာမည့်အရေးကို ဖြိတိသျှတို့က ကြိုတွေးကာ စိတ်ပူ၏။ ဖြိတိသျှတို့က ကနောင်မင်း၏ အစီအစဉ်များ ပျက်ပြားစေရန် နည်းမျိုးစုံဖြင့် နှောင့်ယှက်ကြသည်။ မင်းတုန်းမင်း၏ သားတော်၊ ကနောင်မင်း၏တူတော်များကို သွေးထိုးပေးကြသည်။ သို့ဖြင့် သူ၏တူတော် မြင်ကွန်းမင်းသား၊ မြင်းခုံတိုင်မင်းသားတို့ လုပ်ကြံသတ်ဖြတ်၍ ကနောင်မင်း ကံတော်ကုန်ရရှာ၏။

စင်စစ်ကား ကနောင်မင်း အလုပ်ကြံရခြင်းသည် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် အရှိန်ယူစပြုပြီဖြစ်သော မြန်မာနိုင်ငံ အထိနာခဲ့ခြင်းပင် ဖြစ်၏။ ကနောင်မင်းသား အလုပ်ကြံခံရသည်က ၁၈၈၆ ခုနှစ် ဩဂုတ် ၁၂ ရက်နေ့။ ထိုစဉ်က ကနောင်မင်းသား၏ သက်တော်က ၄၇ နှစ်သာ ရှိသေးသည်။ မြန်မာနိုင်ငံကို ပြုပြင်ပြောင်းလဲရန် အားသစ်လောင်းပြီး အကြံသစ် ဉာဏ်သစ်များဖြင့် လုပ်ရည်ကိုင်ရည် ရှိလှသော ခေါင်းဆောင်တစ်ဦး ကျဆုံးရခြင်းသည်ကား မြန်မာနိုင်ငံအတွက် ကြမ္မာဆိုးငင်သည်ဟုပင် ဆိုရမည်။

လွတ်လပ်ရေးကာလတွင် မြန်မာနိုင်ငံကို စက်မှုနိုင်ငံဖြစ်ရန် ကြိုးစားလုံးပန်းသူ ကနဦးခေါင်းဆောင်တစ်ဦး ရှိသေးသည်။ သူကတော့ ဆမားဒူးဝါဆင်ဝါးနောင်။ ဆမားဒူးဝါဆင်ဝါးနောင်ကို ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ဆမားနယ်တွင် မွေးဖွားသည်။ သူ၏ဘိုးဘေးများက 'ဆမား' နယ်ကို ထူထောင်ခဲ့ကြ၍

သူ၏နာမည်ရှေ့တွင် 'ဆမား' ဟူသော စာလုံးကပါနေခြင်းဖြစ်၏။ ရှစ်နှစ်၊ ကိုးနှစ်သားလောက်တွင် မိုးကောင်းမြို့အလယ်ကျောင်းမှ ဆရာတော် ဦးသူရိယ ထံတွင် သုံးလေးနှစ်ကြာ စာသင်ခဲ့သည်။ မြန်မာစာနှင့် သချိုကို သင်ယူပြီး လက်လှမ်းမီသမျှ စာအုပ်တွေ ရှိရှိသမျှ အကုန်ဖတ်၏။ ဘုန်းတော်ကြီးကျောင်းမှလွဲ၍မည်သည့်အတန်း ကျောင်းမှ မနေခဲ့။ သို့သော် သူ၏အပြင်းအထန် ကြိုးစားမှုကြောင့် အခြားသူများ ဆယ်နှစ် တက်ခဲ့ရသော ဆယ်တန်းစာကို သူက သုံးလေးနှစ်နှင့် ဖတ်တတ်သည်။ ထို့ကြောင့် သူ၏ ပညာအရည်အချင်း ကို ဖော်ပြရာတွင် 'ခေသူမဟုတ်' ဟု ရေးခဲ့ခြင်း ဖြစ် သည်။

နောက်ပိုင်းတွင် သူက နိုင်ငံရေးလောကတွင် ထင်ရှားလာသော တိုင်းရင်းသားခေါင်းဆောင်ဖြစ်လာ ပြီးနောက် မြန်မာနိုင်ငံ၏ စတုတ္ထမြောက် သမ္မတလောင်း အဖြစ် တညီတညွတ်တည်း အရွေးခံရသောအခါ သမ္မတလောင်းကိုယ်ရေးရာဇဝင် ဖြည့်စွက်ရာ၌ ပညာအရည်အချင်း ကွက်လပ်တွင် သူကိုယ်တိုင်က 'ခေသူမဟုတ်' ဟု ရေးခဲ့သည်မှာ မှတ်မှတ်ရရပင် ဖြစ်၏။

'ဆမားကြီး'က အတန်းကျောင်းမနေခဲ့ရသော် လည်း စာဖတ် အလွန်ဝါသနာပါ၏။ အထူးသဖြင့် နိုင်ငံရေးစာအုပ်များ ဖတ်၏။ အင်္ဂလိပ်လက်အောက်က မြန်မာနိုင်ငံလွတ်လပ်ရေးရအောင် ဘယ်လိုလုပ်ရမလဲ ဆိုတာနှင့် ပတ်သက်သော စာအုပ်တွေ ဖတ်သည်။ စက်မှုလက်မှုလုပ်ငန်းနှင့် ပတ်သက်သော စာအုပ်တွေ ဖတ်သည်။ ဥရောပမှ စက်မှုတော်လှန်ရေးကို သူ အလွန် စိတ်ဝင်စားသည်။

သူက မြန်မာနိုင်ငံလွတ်လပ်ရေးရရန် မြစ်ကြီးနားခရိုင် နေရာအနှံ့ သွားကာ နိုင်ငံရေးစည်းရုံး၏။ ၁၉၃၆ ခုနှစ်တွင် 'ကုန်းဖန်းဖုန်' ခေါ်ပြည်သူ့ယဉ်ကျေးမှုနှင့် တိုးတက်ကြီးပွားရေးအဖွဲ့ကို သူပင် ဦးဆောင်ဖွဲ့စည်း၏။ ထိုအဖွဲ့ထဲတွင် ကချင်တိုင်းရင်းသားများသာမက ရှမ်းနှင့် ဗမာတို့လည်း ပါသည်။

၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် နယ်ခြားဒေသဆိုင်ရာ မင်းကြီး 'အိပ်ချ်အင်ဝီစတီဗင်ဆင်' နှင့် ကချင်တိုင်းရင်းသားများ ဆွေးနွေးရာ ဆမားကြီးက "ကချင်အရေးက ကမ္ဘာ့အရေးပဲ" ဟုဆိုကာ ဦးဆောင်ဆွေးနွေးခဲ့၏။

"ဗမာတစ်ပြည်လုံး ကောင်းစားဖို့ဟာ တစ်ပြည်လုံးမှာရှိတဲ့ တိုင်းရင်းသားအားလုံး ဝိုင်းလုပ်ကြမှ ဖြစ် မယ်။ ဗြိတိသျှသွေးခွဲတာ မခံနိုင်ဘူး" ဟု ပြတ်ပြတ် သားသား ပြောခဲ့သည်။ ဆမားကြီး၏ စိတ်ဓာတ်ကို သဘောကျသဖြင့် ဗိုလ်ချုပ်အောင်ဆန်းက သူ့ကို ဆက်သွယ်၏။ ဆမားကြီးက ရန်ကုန်ဆင်းလာကာ ဖဆပလ အဖွဲ့ချုပ်နှင့် ဆက်သွယ်၏။ ဗိုလ်ချုပ်အောင်ဆန်း ကချင်ပြည်နယ်လာတော့လည်း ဆမားကြီး ခေါင်းဆောင်သော ကချင်တိုင်းရင်းသားများနှင့် ဆွေးနွေးသည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရှမ်းပြည်နယ် ပင်လုံမြို့တွင် ဗိုလ်ချုပ်အောင်ဆန်းအပါ အဝင် တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ် ၂၃ဦး တို့သည် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးကြသည်။ ကချင်တိုင်းရင်းသားကိုယ်စားလှယ် ငါးဦး လက်မှတ်ရေးထိုးကြရာ ဆမားဒူးဝါဆင်ဝါးနောင်လည်း အပါ အဝင် ဖြစ်၏။ ဆမားကြီးသည် အသက်သုံးဆယ်ကျော် အရွယ်တွင် ကချင်ပြည်နယ် ဝန်ကြီးဌာန၏ ဝန်ကြီး ဖြစ်လာသည်။

လွတ်လပ်ရေးရခါစ မြန်မာနိုင်ငံတွင် ရောင်စုံသူပုန်များကြောင့် တိုင်းပြည် မငြိမ်မသက် ဖြစ်ချိန်တွင် ဆမားကြီးကို ဝန်ကြီးချုပ် ဦးနုက ကာကွယ်ရေး ဝန်ကြီးတာဝန် ပေးကာ သူပုန် တို့ကို တိုက်ခိုက်ရန် အာဏာကုန်လွှဲပေး၏။ ဆမားကြီးက ကချင်ရိုင်ဖယ် တပ် (၃) နှင့် (၄) ဖွဲ့ကာ သောင်းကျန်းသူများကို နှိမ်နင်းခဲ့သည်။

"ဗမာပြည်ကြီး ချောက်ထဲကျဖို့ လက်တစ်လုံး အလိုမှာ ဆမားကြီးက ကယ်တင်ပေး ခဲ့တယ်" ဟု ဝန်ကြီးချုပ်ဦးနုက ချီးကျူးပြီး ဆမားကြီးကို အမျိုးသား စည်းလုံးညီညွတ်ရေး ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ် ၏။

ဆမားကြီးက မြန်မာပြည်ကို စက်မှုနိုင်ငံ ထူထောင်ချင်သည်။ ထို့ကြောင့် သူ၏ အကြံဉာဏ်ဖြင့် မြန်မာနိုင်ငံ၏ ပထမဆုံး မော်တော်ကားထုတ်လုပ်စေ၏။ နိုင်ငံတကာ စက်မှုလုပ်ငန်းများကို ကိုယ်တိုင်လေ့လာကာ မြန်မာနိုင်ငံကို စက်မှုနိုင်ငံဖြစ်စေရန် သူက အပတ်တကုတ် ကြိုးစားခဲ့၏။ သူ၏ဦးဆောင်မှုဖြင့် ထုတ်လုပ်ခဲ့သော မော်တော်ယာဉ်မှာ အခက်အခဲမျိုးစုံကြားမှ လမ်းပေါ်တွင် မောင်းနှင်ပြနိုင်လောက်သည့် အဆင့်အထိ အောင်မြင် ခဲ့၏။ သို့သော် ငွေရေးကြေးရေး ထောက်ပံ့မှု အခက်အခဲကြောင့် ဆက်လက်အကောင် အထည်မဖော်နိုင်ခဲ့။ သို့သော် ပါလီမန်ဒီမိုကရေစီခေတ် နိုင်ငံရေးသမားအချို့၏ အတွန်း အတိုက်များကြားတွင် ပံ့ပိုးထောက်ပံ့မှု အခက်အခဲများဖြစ်ကာ မော်တော်ကား ထုတ်လုပ် မှုမှာ လမ်းခုလတ်တွင် တစ်ဇာတ်သိမ်းခဲ့ရ၏။

ဆမားကြီးက ဝန်ကြီးပင်ဖြစ်သော်လည်း မည်သည့်အဆောင်အယောင် ပကာသန ကိုမှ မမက်မောသူဖြစ်၏။ ဝန်ကြီးချုပ်က ထမင်းစားဖိတ်သည်ကိုပင် "ကျုပ် လမ်းဘေး တရုတ်ဆိုင်မှာ ခုပဲ ထမင်းစားပြီးပြီ" ဆိုတာ ငြင်းခဲ့သော လူမျိုးက ဝန်ကြီးမှ အငြိမ်းစား ယူပြီးသည့်အခါ ပိုက်ဆံမရှိ။ ကချင်တိုင်းရင်းသား ရိုးရာဝတ်စုံတွင် ပါဝင်သော အဆောင် အယောင်ဖြစ်သည့် ဓားလွယ်တွင် ဓားအိမ်မဝယ်နိုင်သဖြင့် သူ၏ဓားကို ဝါးလုံးတွင် စွပ်ပြီး လွယ်သူဖြစ်၏။

၁၉၇၁ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် သမ္မတလောင်း "ဆမားဒူးဝါဆင်ဝါး နောင်" သည် ရန်ကုန်မြို့လယ်ခေါင် တိုက်ခန်းကျဉ်းကျဉ်းလေးထဲတွင်ပင် နွမ်းနွမ်းပါးပါးဖြင့် ကွယ်လွန်သွားခဲ့ရှာသည်။ ကွယ်လွန်ချိန်တွင် သူ၏အသက်က ၅၆ နှစ်သာ ရှိသေးသည်။ ကွယ်လွန်ခါနီးတွင် ဆမားကြီး တဖွဖွပြောခဲ့သောစကားက –

"ငါ့တစ်သက်ကော၊ ငါ့သားသမီးတွေ လက်ထက်မှာကော မြန်မာပြည်ကြီး စက်မှု နိုင်ငံတော်ဖြစ်ဖို့ ဝေလာဝေးနေပါကလား"

ဆမားကြီး ကွယ်လွန်ခဲ့သည်မှာ ယခုဆိုလျှင် နှစ်ငါးဆယ်ကျော်လာခဲ့ပေပြီ။ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံကြီး ဖြစ်ထွန်းလာရန်ကား ယနေ့ မြန်မာလူငယ်ပညာတတ် များ၏ စည်းရုံးညီညာကြိုးပမ်းမှုပေါ်တွင် မူတည်နေပါသည်။

ဟိန်းလတ်

လက်ဆင့်ကမ်း မျိုးဆက်တာဝန်ဖြင့် အသွင်တင့်စေရမည့် အာဆီယံအမွေအနှစ်ဥယျာဉ် မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော

au;mEkdifwdefusif;

“မိန်းမလှကျွန်းဟု အမည်တွင်ခဲ့ခြင်းမှာ
ရေငန်ပိုင်ဦးရှင်ကြီးနတ်သမိုင်းကြောင်းအရ
မယ်ခနှင့်မယ်မြဟူသည့် နတ်သမီးနှစ်ပါးသည် ကျွန်းကို
ပိုင်ဆိုင်ခဲ့ခြင်းကြောင့်လည်းကောင်း၊ ထိုစဉ်အချိန်က
မြစ်ကမ်းပါးတစ်လျှောက် ပေါက်ရောက်နေသည့်
ကနစိုပင်နှင့်ဗြူးခြေထောက်ပင်များသည်
ညနေ နေဝင်ရီအချိန်၌ မိန်းမလှလေးများ
ရေခပ်ဆင်းသည့်အလား တူယောင်နေသဖြင့်လည်းကောင်း
မိန်းမလှကျွန်းဟုခေါ်ဆိုခဲ့ကြကြောင်း
မှတ်သားသိရှိရပါသည်”

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့၏တောင်ဘက် ရေမိုင် ၁၆ မိုင်ခန့် အကွာတွင် တည်ရှိသော မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော သည် အာဆီယံအဆင့် သဘာဝအမွေအနှစ်ဥယျာဉ် (ASEAN Heritage Park)တစ်ခုဖြစ်ပါသည်။ ထို့အပြင် ကမ္ဘာ့ရေဝပ်ဒေသ (Ramsar Site)တစ်ခုလည်းဖြစ်ပြီး ထူးခြားမှုမှာ ကမ္ဘာ့ဆောင်းခိုငှက်များ ပျံသန်းရာလမ်းကြောင်းဧရိယာ (Flyway Site Network, EAAF-140) တစ်ခုတွင် ကျရောက်နေသောကြောင့်ဖြစ်ပါသည်။

မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော သည် ဧရာဝတီတိုင်းဒေသကြီး၏ အဓိက ထုတ်ကုန်ဖြစ်သော ဆန်စပါးစိုက်ပျိုးရေးလယ်မြေများကို ပင်လယ်ဆားငန်ရေ ဝင်ရောက်ခြင်းမှ ဟန့်တားကာကွယ်ပေးခြင်း၊ မြေပြိုရေတိုက်စားမှုများကို ကာကွယ်ပေးခြင်း၊ နုန်းမြေပို့ချမှု ကို ထိန်းသိမ်းပေးခြင်း၊ ဧရာဝတီတိုင်းဒေသကြီး၏ ဒုတိယထုတ်ကုန်ဖြစ်သည့် ရေထွက်သယံဇာတများ မျိုးပွားခိုလှုံ ပေါက်ဖွားရာ ဒီရေတောဒေသဖြစ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ စုံလင်ပေါကြွယ်ဝခြင်း၊ ရေချိုရေငန်စပ်ဂေဟစနစ်ရှိခြင်း၊ ရာသီဥတုပြောင်းလဲမှုလျော့ချရေးအတွက် အထောက်အကူဖြစ်စေခြင်း စသည်တို့ကြောင့် အလွန်အဖိုးတန်အရေးပါလှသည့် နယ်မြေဒေသတစ်ခု ဖြစ်ပါသည်။

မိန်းမလှကျွန်းဟု အမည်တွင်ခဲ့ခြင်းမှာ ရေငန်ပိုင်ဦးရှင်ကြီးနတ်သမိုင်းကြောင်းအရ မယ်ခနွင့်မယ်မြဟူသည့် နတ်သမီးနှစ်ပါးသည် ကျွန်းကို ပိုင်ဆိုင်ခဲ့ခြင်းကြောင့်လည်းကောင်း၊ ထိုစဉ်အချိန်က မြစ်ကမ်းပါးတစ်လျှောက် ပေါက်ရောက်နေသည့် ကနစိုပင်နှင့်ဖြူးခြေထောက်ပင်များသည် ညနေနေဝင်ရီအချိန်၌ မိန်းမလှလေးများရေခပ်ဆင်းသည့်အလား တူယောင်နေသဖြင့်လည်းကောင်း မိန်းမလှကျွန်းဟုခေါ်ဆိုခဲ့ကြကြောင်း မှတ်သားသိရှိရပါသည်။

ဧရိယာအကျယ်အဝန်း၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင်

မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် တောင်မှမြောက်သို့ ၁၆ ဒသမ ၈၂ မိုင်၊ အရှေ့မှအနောက်သို့ ၄ ဒသမ ၈၈ မိုင် ရှည်လျားပြီး၊ ဧရိယာအားဖြင့် ၃၃၇၇၉ ဧက (၁၃၆၆၉ ဒသမ ၈၈ ဟက်တာ) ကျယ်ဝန်းပါသည်။ မိန်းမလှကျွန်း၏ (Ramsa Site) ဧရိယာသည် ၅၁၁၂ ဟက်တာ ကျယ်ဝန်းပါသည်။ နှစ်စဉ်ပျမ်းမျှမိုးရွာသွန်းမှုမှာ အနည်းဆုံး ၈၀ လက်မနှင့် အများဆုံး ၁၂၀ လက်မ ဖြစ်ပြီး နှစ်အလိုက်အပူချိန်မှာ အနိမ့်ဆုံး ၂၅ ဒီဂရီစင်တီဂရိတ်နှင့် အမြင့်ဆုံး ၃၅ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ ဘိုကလေးမြစ်ဝတွင် တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင် အထက် ၂ မီတာနှင့် ၃ မီတာအကြားတွင် တည်ရှိကာ ကျွန်းတစ်ခုလုံးသည် မြစ်ရေများနှင့်အတူ ပါလာသည့် ရွှံ့နုန်းအနည်အနှစ်များဖြင့် ဖွဲ့စည်းထားပါသည်။ ကျွန်းအတွင်း ချောင်းများနှင့် ရေလမ်းကြောင်းများ များပြားစွာယှက်နွယ်စီးဆင်းလျက်ရှိပြီး ၄၄းတို့သည် သဲသောင်များနှင့် လတာပြင်များကို ဖြစ်ပေါ်စေလျက်ရှိပါသည်။ ဒီရေအတက်အကျ အမြဲတမ်းရှိ၍ ကျွန်းပေါ်ရှိ မြေများသည် ရွှံ့နုန်းမြေအမျိုးအစားအဖြစ် ဖြစ်ပေါ်တည်ရှိနေပါသည်။

ဧဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝမှု

မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အတွင်း ဒီရေတောဂေဟစနစ် (Mangrove Forest Ecosystem)၊ ရွှံ့ညွန်တောဂေဟစနစ် (Swamp Forest Ecosystem)၊ မြက်ခင်းတောဂေဟစနစ် (Grassland Ecosystem)၊ သဲသောင်ပြင်ဂေဟစနစ် (Sand Beach Ecosystem)၊ ရေဝပ်ဒေသဂေဟစနစ် (Wetland Ecosystem) စသည်ဖြင့် ဂေဟ စနစ် ၅ မျိုးကို လေ့လာ တွေ့ရှိနိုင်ပါသည်။ ကျွန်းပေါ်၌ သစ်တောအမျိုးအစား ပုံစံ ၃ မျိုးဖြင့် တွေ့ရှိနိုင်ပြီး ၎င်းတို့မှာ ဒီရေတော (Mangrove Forest)၊ ချုံပုတ်တော (Shrub Forest) နှင့် ပင်လယ်ကမ်းစပ်မြက်ခင်းတော (Grassland Forest)များ ဖြစ်ကြပါသည်။

ဘေးမဲ့တောအတွင်း ကနစို၊ သမဲ့၊ သရော၊ ဖြူးခြေထောက်(ဖို/မ)၊ ဖြူးဗိုင်းတောင့်၊ လမု၊ လဘ၊ ပန့်သကော၊ ကန့်မလာ၊ ဇကလွန်း၊ သံသတ်၊ သခွတ်၊ ပင်လယ်အုန်း၊ ပျဉ်းမ၊ ခရား၊ ကျီး၊ သင်ဘောင်း စသည့် ဒီရေတော သစ်မျိုး ၂၉ မျိုး တွေ့ရှိနိုင်ပြီး ချုံပုတ် များအတွင်း တောင်တန်ကြီး၊ ဓနိ၊ ဗျိုက်၊ ငှက်ကျီးတောင် စသည့် ဆေးဘက်ဝင် ဘယဆေးပင် ၅၄ မျိုး နှင့် သစ်ခွ ၆ မျိုးတို့ကို လေ့လာတွေ့ရှိနိုင်ပါသည်။ တောရိုင်း တိရစ္ဆာန်များအနေဖြင့် နို့တိုက် သတ္တဝါ ၁၈ မျိုး၊ ကုန်းနေ ရေနေတွားသွားသတ္တဝါ ၃၈ မျိုး၊ ငှက်မျိုးစိတ်ပေါင်း ၁၉၂ မျိုး၊ ငါးမျိုးစိတ် ၁၁၂ မျိုး၊ ကဏန်း မျိုးစိတ် ၆ မျိုး၊ ပုစွန်မျိုးစိတ် ၁၄ မျိုး၊ လိပ်ပြာမျိုးစိတ် ၃၄ မျိုး စာရင်း ကောက်ယူတွေ့ရှိရကြောင်း သစ်တောဦးစီးဌာနတွင် မှတ်တမ်းတင်ထားရှိပါသည်။

မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော သတ်မှတ် ဖွဲ့စည်းခြင်းနှင့် ရည်ရွယ်ချက်

မိန်းမလှကျွန်းအား ၁၉၉၄ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် သစ်တောရေးရာဝန်ကြီး ဌာန သည် အမိန့်ကြော်ငြာစာအမှတ် ၁/၉၄ ဖြင့် တောရိုင်းတိရစ္ဆာန်

]] မိန်းမလှကျွန်းအား ၁၉၉၄ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် သစ်တောရေးရာ ဝန်ကြီးဌာနသည် အမိန့် ကြော်ငြာစာ အမှတ် ၁/၉၄ ဖြင့် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအဖြစ် ဖွဲ့စည်းသတ်မှတ်ခဲ့ခြင်း ဖြစ်သည်ကို သိရှိရပါသည် }}

]]မိန်းမလှကျွန်း ဘေးမဲ့တောအတွင်း ဆောင်းခိုငှက် မျိုးစိတ်ပေါင်း ၄၇ မျိုး ကျရောက် ကျက်စားကြောင်း မှတ်တမ်း တင်ထားချက်များအရ လေ့လာ သိရှိရပါသည်}}

ဘေးမဲ့တောအဖြစ် ဖွဲ့စည်းသတ်မှတ်ခဲ့ခြင်း ဖြစ်သည်ကို သိရှိရပါသည်။ ဒီရေတောဂေဟစနစ်ကို ထိန်းသိမ်းရန်၊ ရေနေသတ္တဝါမျိုးစိတ်များ မျိုးပွား ခိုလှုံရာဒေသများကို ထိန်းသိမ်းရန်၊ မျိုးသုဉ်းမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသော ရေချိုရေငန်စပ်မိကျောင်း (Crocodylus porosus)ကို သဘာဝ အနေအထား အတိုင်း ကာကွယ်ထိန်းသိမ်းရန်၊ ဒီရေတော သစ်မျိုးများအတွက် မျိုးစေ့ဘဏ်သဖွယ် ထိန်းသိမ်းဆောင်ရွက်ရန်၊ ဒီရေတောဒေသတွင် ကျက်စားသည့် ကမ်းခြေပျော်ငှက်များ မျိုးပွားခိုလှုံရန်နှင့် ဆောင်းခိုငှက်များအတွက် လုံခြုံသောဒေသတစ်ခုအဖြစ် ဖန်တီးရန်၊ မြစ်ဝကျွန်းပေါ်ဒေသရှိ လူအများ၏ ရိုးရာ ကိုးကွယ် ယုံကြည်ရာဒေသကို ထိန်းသိမ်းရန်၊ ဒေသနေ ပြည်သူများကို သဘာဝဘေးဒဏ်များမှ ကာကွယ်ပေးရန်၊ သဘာဝ အခြေခံ ခရီးသွားလုပ်ငန်း မြှင့်တင်ဆောင်ရွက်ရန် စသည့် ရည်ရွယ်ချက်ကောင်းများစွာဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ကြခြင်း ဖြစ်ပေသည်။

နိုင်ငံတကာအသိအမှတ်ပြု သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ခံရခြင်း

အာဆီယံဒေသတွင်းနိုင်ငံအသီးသီးရှိ သဘာဝထိန်းသိမ်းရေးနယ်မြေများကို ကမ္ဘာ့ အဆင့်မီ ဆောင်ရွက်နိုင်ရေးအတွက် ပထမအဆင့်အနေဖြင့် အာဆီယံအဆင့် သဘာဝ အမွေအနှစ်ဥယျာဉ်များ သတ်မှတ်ခဲ့ကြခြင်းဖြစ်ပြီး ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် အာဆီယံပတ်ဝန်းကျင်ဝန်ကြီးများ အစည်းအဝေးမှ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကို အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် အတည်ပြုထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အာဆီယံ အမွေအနှစ် ဥယျာဉ် ၇ ခု အတည်ပြုသတ်မှတ်ခဲ့ပြီး ဖြစ်ပါသည်။

အီရန်နိုင်ငံ ရမ်ဆာမြို့၌ ၁၉၇၁ ခုနှစ်တွင် ကျင်းပသော ရေဝပ်ဒေသထိန်းသိမ်း စောင့်ရှောက်ရေး

ဆိုင်ရာ သဘောတူညီချက်စာချုပ် (Ramsar Conservation on Wetland)ကို ချုပ်ဆိုခဲ့ကြပြီး မြန်မာနိုင်ငံသည် ၎င်းစာချုပ် အဖွဲ့ဝင်အဖြစ် ၈-၁၁-၂၀၀၄ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ကာ ၁၇-၃-၂၀၀၅ ရက်နေ့တွင် ရမ်ဆာကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ပါသည်။ အဆိုပါစာချုပ်ချုပ်ဆိုခဲ့သည် ရမ်ဆာမြို့ကိုအစွဲပြု၍ ကမ္ဘာ့ရေဝပ်ဒေသ များကို Ramsar Site ဟု ခေါ်ဝေါ်သတ်မှတ်ခဲ့ခြင်း ဖြစ်ပါသည်။ ကမ္ဘာ့ရေဝပ်ဒေသရုံးကို ဆွတ်ဇာလန်နိုင်ငံတွင် ဖွင့်လှစ်ထားရှိပြီး နှစ်စဉ် ဖေဖော်ဝါရီလ ၂ ရက်နေ့ကို ကမ္ဘာ့ရေဝပ် ဒေသများနေ့ (World Wetland Day) အဖြစ် သတ်မှတ်ခဲ့ကြပါသည်။ မြန်မာနိုင်ငံတွင် ရေဝပ်ဒေသ(Ramsar Site) သတ်မှတ်ခံထားရသည့်နယ်မြေ ၆ ခုရှိပြီး မိန်းမလှကျွန်းတောရိုင်း တိရစ္ဆာန် ဘေးမဲ့တော သည် တတိယမြောက် အမှတ်စဉ်(၂၂၈၀)ဖြင့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် သတ်မှတ်ခြင်း ခံခဲ့ရပြီးလည်း ဖြစ်ပါသည်။

ကမ္ဘာတစ်ဝန်းလုံးတွင်ဆောင်းခိုငှက်များပျံသန်းရာလမ်းကြောင်း ၉ ခု ရှိသည့် အနက် ဆောင်းခိုငှက်များသည် မြန်မာနိုင်ငံသို့ ဗဟိုအာရှလမ်းကြောင်း (Central Asian Flyway) နှင့် အရှေ့အာရှလမ်းကြောင်း (East Asian–Australasian Flyway)များဖြင့် ပျံသန်းကြပါသည်။ မိန်းမလှကျွန်းဘေးမဲ့တောအတွင်း ဆောင်းခိုငှက်မျိုးစိတ်ပေါင်း ၄၇ မျိုး ကျရောက်ကျက်စားကြောင်း မှတ်တမ်းတင်ထားချက်များအရ လေ့လာသိရှိရပါသည်။ ၎င်းတို့အနက် ကမ္ဘာ့ရှားပါးစာရင်း၀င် ငှက်မျိုးစိတ်များဖြစ်သည့် ရေညောင့်နှုတ်သီးဝိုင်းငှက် (Spoon-billed Sandpiper) နှင့် နော်မန်ခြေစိမ်း (Nordmann's Greenshank) တို့ ကျရောက်ကျက်စားမှုကို မှတ်တမ်းတင်ထားရှိပါသည်။ ၁၉-၁၁-၂၀၁၈ ရက်နေ့တွင် မိန်းမလှကျွန်း တောရိုင်း တိရစ္ဆာန်ဘေးမဲ့တောကို ကမ္ဘာ့ဆောင်းခိုငှက်များ

]] ကမ္ဘာတစ်ဝန်းလုံးတွင် ဆောင်းခိုငှက်များ ပျံသန်းရာ လမ်းကြောင်း ၉ ခု ရှိသည့်အနက် ဆောင်းခိုငှက်များသည် မြန်မာနိုင်ငံသို့ ဗဟိုအာရှလမ်းကြောင်း (Central Asian Flyway) နှင့် အရှေ့အာရှ လမ်းကြောင်း (East Asian–Australasian Flyway) များဖြင့် ပျံသန်းကြပါသည်။ }}

ပျံသန်းရာလမ်းကြောင်း ဇရိယာ(Flyway Site Network, EAAF–140) အဖြစ် သတ်မှတ်ခံခွဲရပါသည်။

သဘာဝအခြေခံရင်းမြစ်များလုပ်ငန်းအတွက် အခွင့်အလမ်းများ

ရေချိုရေငန်စပ်မိကျောင်းများ၊ ဇရာဝတီလင်းပိုင်၊ ကြောင်တံငါ၊ မျောက်တံငါ စသည့် ရှားပါးတောရိုင်းတိရစ္ဆာန်များကို လေ့လာနိုင်ခြင်း၊ ဘေးမဲ့တောအတွင်းရှိ ချောင်းများတွင် အပန်းဖြေလှေစီးရင်း ဒီရေတောနှင့် ဒီရေတော ဂေဟစနစ်များကို များကို လေ့လာနိုင်ခြင်း၊ မိန်းမလှကျွန်းအတွင်းပါဝင်သည့် ကတုံကလေးကျွန်း၊ ဂယက်ကြီးကျွန်းနှင့် ငါးမန်းသောင်တို့တွင် နှစ်စဉ်လာရောက် ဥ ဥလေ့ရှိသော ပင်လယ်လိပ်များ၊ ဘေးမဲ့တောသို့ နှစ်စဉ်လာ ရောက် ဆောင်းခိုလေ့ရှိသော ကမ္ဘာ့ရှားပါးငှက်မျိုးစိတ်များဖြစ်သည့် ရေညောင်နှုတ်သီးဝိုင်း၊ နော်မန်ခြေစိမ်း အပါအဝင် ဆောင်းခိုငှက်များနှင့် အခြားဌာနေငှက်များအား ကြည့်ရှုလေ့လာနိုင်ခြင်း၊ မျောက်တစ်ရာဘုရားနှင့် ဦးရှင်ကြီးနတ်နန်းတို့အား လေ့လာလည်ပတ်နိုင်ပြီး ဒေသခံများ၏ ကိုးကွယ်ယုံကြည်မှု ဓလေ့ထုံးတမ်းများကို လေ့လာနိုင်ခြင်း စသည့် သဘာဝ အခြေခံရင်းမြစ်သွား လုပ်ငန်းအတွက် အခွင့်အလမ်းများစွာရှိသော ဥယျာဉ်တစ်ခု ဖြစ်ပါသည်။

>]] မိန်းမလှကျွန်း အတွင်း ပါဝင်သည့် ကတုံကလေးကျွန်း၊ ဂယက်ကြီးကျွန်းနှင့် ငါးမန်းသောင်တို့တွင် နှစ်စဉ် လာရောက် ဥ ဥလေ့ရှိသော ပင်လယ်လိပ်များ၊ ဘေးမဲ့တောသို့ နှစ်စဉ်လာရောက် ဆောင်းခိုလေ့ ရှိသော ...}}

သုတေသနစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှု

အပြည်ပြည်ဆိုင်ရာတောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များအဖွဲ့ (Fauna & Flora International – FFI)၊ အာဆီယံဇီဝမျိုးစုံမျိုးကွဲများဗဟိုဌာန (ACB)၊ နော်ဝေနိုင်ငံပတ်ဝန်းကျင်ရေးရာအေဂျင်စီ (NEA)၊ မြန်မာ့သဘာဝပတ် ဝန်းကျင်ထူထောင် ထိန်းသိမ်းရေးကွန်ရက် (MERN) စသည့်အဖွဲ့များနှင့် ပူးပေါင်း၍ ဘေးမဲ့တောထိန်းသိမ်းရေးနှင့် ဒေသခံတို့၏ လူမှုဘဝဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဥယျာဉ်အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်များ ရေးဆွဲ ခြင်း၊ အသိပညာပေး

လုပ်ငန်းများဆောင်ရွက်ခြင်း၊ အထိမ်းအမှတ်အခမ်းအနားများ ဆောင်ရွက်ခြင်း၊ မြစ်ကမ်းထိန်းနံရံများ တည်ဆောက်ခြင်း၊ မိကျောင်းအန္တရာယ်ကင်းစင်ရေးခြံများ တည်ဆောက်ခြင်း စသည်တို့ကို ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

စီမံအုပ်ချုပ်မှုလုပ်ငန်းများ

မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးကို ဘိုကလေးမြို့တွင် ၁၉၉၄ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့၌ စတင်ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါရုံးတွင် လက်ရှိအချိန်၌ ဝန်ထမ်းအင်အား ၁၀ ဦးကျော်ရှိပြီး ဥယျာဉ်စီမံအုပ်ချုပ် လုပ်ကိုင်မှု ၅ နှစ် စီမံချက် (၂၀၁၈-၂၀၁၉ မှ ၂၀၂၀-၂၀၂၃) အထိ ရေးဆွဲ၍ ဘေးမဲ့တော လုံခြုံရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

လမ်းပန်းဆက်သွယ်ရေး

မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော သို့ သွားရောက်လည်ပတ်လိုပါက ဘိုကလေးမြို့မှ တစ်ဆင့် ရေလမ်း ခရီး/စက်လှေများဖြင့်သာ သွားရောက်နိုင်ပါသည်။ ရန်ကုန်မြို့မှ ဘိုကလေးမြို့သို့ ရောက်ရှိရန် ကုန်းလမ်းခရီးအနေဖြင့် ဒလ-ဖျာပုံကားလမ်းဘက်မှတစ်ဆင့် သွားရောက်ပါက ၈၄ မိုင်၊ မအူပင်-ဖျာပုံကားလမ်းဘက်မှတစ်ဆင့် သွားရောက်ပါက ၁၁၇ မိုင် ကွာဝေးပါသည်။ ရန်ကုန်မြို့မှ ဘိုကလေးမြို့သို့ ရေလမ်းခရီးအနေဖြင့် တိုက်ရိုက်သွားရောက်ပါက ရေမိုင် ၁၃၅ မိုင် ကွာဝေးပါသည် ။

မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော သည် နို့တိုက်သတ္တဝါ၊ ကုန်းနေရေနေ နှင့် တွားသွားသတ္တဝါ၊ ငှက်မျိုးစိတ်နှင့် ရေနေသတ္တဝါများ စသည်တို့ မှီခိုကျက်စားရာဒေသ ဖြစ်သဖြင့် မြန်မာနိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအတွက် အလွန်အရေးပါလှ

}} မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည် နို့တိုက်သတ္တဝါ၊ ကုန်းနေ ရေနေ နှင့် တွားသွား သတ္တဝါ၊ ငှက် မျိုးစိတ်နှင့် ရေနေသတ္တဝါများ စသည်တို့ မှီခို ကျက်စားရာဒေသ ဖြစ်သဖြင့် မြန်မာနိုင်ငံ၏ ဇီဝမျိုးစုံ မျိုးကွဲ ထိန်းသိမ်းရေးအတွက် အလွန်အရေးပါလှသည့် ဘေးမဲ့တောတစ်ခု ဖြစ်ပါသည် {{

သည့် ဘေးမဲ့တောတစ်ခုဖြစ်ပါသည်။ ၎င်းအပြင် ငါး၊ ပုစွန်၊ ကဏန်းတို့ သားပေါက်ရာ နေရာဖြစ်သဖြင့် ဒေသနေပြည်သူတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အလွန်အရေးကြီးလှပါသည်။ ဘေးမဲ့တောသည် သဘာဝဘေးအန္တရာယ်များ ကျရောက်လာခဲ့ပါက ဒေသနေပြည်သူများ ထိခိုက်မှု လျော့နည်းသက်သာစေရေးအတွက် သဘာဝ ခံတပ်ကြီးတစ်ခုအဖြစ် တည်ရှိလျက် ရှိနေပါသည်။

မြန်မာနိုင်ငံ၏ သဘာဝက ပေးထားသည့် လက်ဆောင်သဖွယ်ဖြစ်နေသည့် အဆိုပါ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကို ထာဝရထိန်းသိမ်းရေးမှာ အစိုးရ အဆက်ဆက်နှင့် သားစဉ်မြေးဆက်ပြည်သူများ၏ တာဝန်ဖြစ်ပါသည်။

ရေးဆွဲပြီးဖြစ်သော ရေတိုရေရှည်စီမံချက်များကို ပြန်လည်သုံးသပ်ခြင်း၊ ပြင်ဆင် စရာရှိသည်များ ပြင်ဆင်ခြင်းတို့ပြုလုပ်၍ အစိုးရဌာနများ၊ NGOs များ၊ INGOs များ၊ ဒေသနေ ပြည်သူများအပါအဝင် ပြည်သူတစ်ရပ်လုံးက ကျယ်ပြန့်ပြည့်စုံသောချဉ်းကပ်မှုနှင့် ထောက်ခံအားပေးမှုများဖြင့် "မိန်းမလှ"ကို အလှပေါ်အယဉ်ဆင့် အသွင်တင့်စေခြင်းသည် လက်ဆင့်ကမ်းသယ်ဆောင်ရမည့် မျိုးဆက်တာဝန်ကြီးတစ်ခုဖြစ်ပါသည်။

ကျော်နိုင်ဦး(ပတ်ဝန်းကျင်)

Reference :

(၁) သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန၊ သစ်တောဦးစီးဌာန၏ စာတမ်းများ

(၂) Internet

အုန်းအရက်

a'ujufvmrSdbefwif

“အုန်းအနို့ရည်တွင်
သကြားဓာတ် ၁၂ မှ ၁၈ ရာခိုင်နှုန်းခန့်ပါဝင်သဖြင့်
အရက်ဖောက်ရန် ကောင်းစွာလုံလောက်သော
သကြားဓာတ်ပါရှိနေရာ
အုန်းသီးထဲမှ အရည်ကဲ့သို့ ကျိုချက်ရန်မလိုဘဲ
တိုက်ရိုက်အရက်ဖောက်၍ရပါသည်”

မြန်မာနိုင်ငံသည် အုန်းပင်ပေါများစွာ ပေါက်ရောက်သောနိုင်ငံဖြစ်၏။ အုန်းပင်မှ အုန်းဆီ၊ အုန်းဆံ၊ အုန်းခွံမီးသွေး၊ အုန်းခွံအလှကုန်ပစ္စည်းစသည်များကို ထုတ်လုပ်လျက်ရှိကြသော်လည်း အုန်းမှ အရက်ထန်းလျက်တို့ကား ပြောရလောက်အောင် ထုတ်လုပ်မှုမရှိကြသေးပါ။ အုန်းသီးအတွင်းရည် (အုန်းရည်)မှ အရက်စမ်းသပ်ထုတ်လုပ်မှုကို ဆောင်ရွက်ခဲ့ဖူးပါသည်။ အုန်းရည်တွင် သကြားဓာတ် ၄-၅ ရာခိုင်နှုန်းခန့်ပါသဖြင့် အရက်ဖောက်ရာ၌ ပြင်ပမှ အချိုဓာတ် ထည့်သွင်းပေးရပြီး၊ အချိုဓာတ်တက်လာစေရန် ပျစ်အောင်ကျိုချက်ပါကလည်း လောင်စာလိုအပ်ချက် ကြီးမားသဖြင့် စီးပွားရေးတွင် တွက်ခြေမကိုက်ကြောင်း တွေ့ရှိခဲ့ရ၏။ အုန်း၏ အနှီ သို့မဟုတ် ပန်းခိုင်ဖုံး(Spathe) မှ ထွက်သောအရည်ကိုမူ မြန်မာနိုင်ငံ၌ အသုံးနည်းသေးသည်။ ထိုအရည်မှာ ကျွန်တော်တို့သိနေသော ထန်းအနှီမှထွက်သည့် ထန်းရည်ကဲ့သို့ပင် ချို၏။ သကြားဓာတ် ၁၄ ရာခိုင်နှုန်းခန့်အထိ ပါဝင်၏။ အုန်းသီးထဲမှ ရသော အုန်းရည်ထက်ပို၍ သကြားဓာတ်များသဖြင့် အရက်တန်းချက်၍ရ၏။ ထန်းလျက်ကဲ့သို့ "အုန်းလျက်"လည်းချက်လုပ်၍ ရ၏။ အုန်းအနှီရည်မှ အုန်းအရက်၊ အုန်းလျက်၊ ရှလကာရည်စသည်တို့ကို သီရိလင်္ကာ၊ ဖိလစ်ပိုင်နှင့် အိန္ဒိယနိုင်ငံတို့တွင် စီးပွားဖြစ် အများအပြားထုတ်လုပ်လျက် ရှိကြ၏။ သို့ပါ၍ မြန်မာနိုင်ငံတွင်လည်း အုန်းလျက်နှင့်အုန်းအရက်များ ထုတ်လုပ်လာနိုင်ရေးအတွက် ထုတ်လုပ်ပုံနည်းစနစ် များကို ဖော်ပြပါမည်။

အုန်းပင်(Cocos nucifera L) တစ်ပင်မှ တစ်နှစ်လျှင် အုန်းအနှီတံ ၁၂ ခုမှ ၁၆ ခုအထိ ထွက်လေ့ရှိ၏။ ထိုအနှီတံများထဲမှ အုန်းသီးအတင်ခံရန် ထားသင့်သလောက်ထားပြီး အုန်းအနှီ ရည်ထုတ်ရန်လည်း အချို့ကိုသုံးနိုင်သည်။ ဤသို့ ဆောင်ရွက်ခြင်းဖြင့် အုန်းပင်မှ အုန်းသီးလည်း သီးစေ။ အုန်းအနှီရည်လည်း ထွက်စေရန် ဆောင်ရွက်နိုင်ပါသည်။ အုန်းအနှီတံသည် အရွယ်ရောက်လာပါက ၃ ပေမှ ၄ ပေခန့်ရှည်ပြီး အကြီးဆုံးနေရာ၌ လုံးပတ်မှာ ၅ လက်မ မှ ၆ လက်မခန့်ရှိ၏။ ထိုအုန်းအနှီတံမှ အုန်းအနှီရည်မထုတ်ယူခင်က ပြင်ဆင်မှုများ ပြုလုပ် ရ၏။ ပြုလုပ်ပုံမှာ အုန်းအနှီတံ၏ထိပ်ဖျားမှ အရင်းပိုင်းရောက်အောင် မန်ကျည်းသားတုံးနှင့် အသာအယာထုပေး ရိုက်ပေးရသည်။ ထို့နောက် အုန်းအနှီတံပွင့်ကားလာစေရန် အုန်းဆံကြိုး သို့မဟုတ် အုန်းရွက်ဖြင့်ရစ်ပတ်ချည်နှောင် ပေးထားရသည်။ အုန်းအနှီတံထိပ်ဖျားအောက်သို့ ငိုက်ကျလာအောင် မကြာမကြာပြုပြင်ပေးရင်း ရက်သတ္တသုံးပတ်ခန့် ထားပြီးမှ ထိပ်ဖျားမှ နှစ်လက်မခန့်ခွာ၍ လှီးဖြတ်ပေးသည်။ ထို့နောက် ဝါးကျည်တောက်သို့မဟုတ် မြူအိုးကိုစွပ်ခံ၍ ထွက်ကျလာသောအနှီတံအရည်များကို စုဆောင်းသည်။ ပုံ(၁) တွင် ရှုပါ။ အုန်းအနှီတံအတွင်းသို့ အရည်များ ပြန်စီးမဝင်စေရန် လှီးထားသော အဝပတ်လည်တွင် ရွှံ့စေးဖြင့် မံထားလေ့ရှိ၏။ အရည်များ အနှီတံအတွင်းသို့ ပြန်ဝင်သွားပါက အနှီတံပျက်စီးရုံတင်မက အုန်းပင်ကိုပင် အန္တရာယ်ပေးနိုင်ပါသည်။

ပုံ(၁)

အုန်းအနှီရည်ထွက်ရှိမှုသည်တဖြည်းဖြည်းများလာ၏။ပုံမှန်ထွက်နှုန်းသို့ရောက် လာပါက တစ်ရက်တွင် အုန်းတစ်ပင်မှအုန်းအနှီရည် တစ်မှ နှစ်လီတာခန့် (၀ ဒသမ ၂၂ မှ ၀ ဒသမ ၄၄ ဂါလန်ခန့်) ထွက်၏။ တစ်ရက်လျှင် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် အုန်းပင်ပေါ် တက်၍ အုန်းအနှီရည် စုသည့်အိုးကို လဲပေးရ၏။ ထိုအခါ အနှီတံ၏ ထိပ်ဝကို ပါးပါးလေး တစ်လွှာစီ လှီးပေးရ၏။ အနှီတံကိုလည်း မန်ကျည်းတုတ်ဖြင့် အသာအယာ ထုရိုက်ပေးသည်။ထို့နောက် စပိုနင်(Saponin) ပါသော သစ်သီး (ဥပမာ ကင်ပွန်းသီး) ဖြင့် ထိပ်ဝကို ပွတ်ပေး၏။ ယင်းသို့ ပွတ်ပေးပါက အုန်းအနှီရည်ပိုထွက်သည်ဟု အယူအဆရှိကြ၏။ အုန်းတစ်ပင်မှ ဆက်တိုက် ရှစ်လမှ ဆယ်လ အထိအုန်းအနှီရည် စုယူရရှိနိုင်၏။ ပထမ ၄၅ ရက်တွင် အနှီရည်ထွက်ကာ တစ်နေ့တခြား များလာပြီး နောက်သုံးလအထိ တန်သွားကာ ခြောက်လကြာပြီး သောအခါ အထွက်လျော့လာလေ့ရှိ၏။ တစ်ကြိမ်လျှင် အုန်းပင်တစ်ပင်မှ အုန်းအနှီတံ သုံးခုအထိ အနှီရည်ထုတ်ယူရန် အသုံးပြုနိုင်၏။

ရေမြေနှင့် နေရာအနေအထားပေါ်လိုက်ပြီး အုန်းအနှီရည်ထွက်ရှိမှု အနည်းအများ ရှိ၏။ ယေဘုယျဆိုရသော် ရေနားနီးသောအပင်များ (ဥပမာ ပင်လယ်ကမ်းစပ်၊ မြစ်ကမ်းနား ဘေးစသည့်နေရာများ)သည် ပိုမိုထွက်နှုန်းကောင်း၏။ သို့သော် ကောင်းစွာပြုစုစောင့်ရှောက်ထားသော ကုန်းတွင်းပိုင်းမှအပင်သည် ပစ်စလတ်ခတ်ထားသော ရေနီးအပင်ထက် ပိုထွက်နိုင်၏။ နံနက်ပိုင်းထွက်နှုန်းသည် ညနေပိုင်းထက်

“ရေမြေနှင့် နေရာအနေအထားပေါ် လိုက်ပြီး အုန်းအနှီရည် ထွက်ရှိမှု အနည်းအများ ရှိ၏။ ယေဘုယျဆိုရသော် ရေနားနီးသော အပင်များ (ဥပမာ ပင်လယ်ကမ်းစပ်၊ မြစ်ကမ်းနားဘေး စသည့်နေရာများ)သည် ပိုမို ထွက်နှုန်း ကောင်း၏”

ပိုများ၏။

ပင်လယ်ကမ်းစပ်တစ်ဝိုက်ရှိ အုန်းပင်များမှ ဆိုပါက အများအားဖြင့် အုန်းတစ်ပင်မှ တစ်နှစ်လျှင် အုန်းအနှံရည် ၄၀၀ မှ ၅၀၀ လီတာခန့် (၈၈ ဂါလန်မှ ၁၁၀ ဂါလန်)အထိ ထွက်နိုင်၏။ အုန်းအနှံရည်၏ သိပ်သည်းဆသည် ရာသီဥတုနှင့်မြေနေရာပေါ်လိုက်၍ အနည်းအများရှိကြောင်းတွေ့ရ၏။ မိုးကာလသို့မဟုတ် ရေနီးအပင်များမှ စုဆောင်းရရှိသော အနှံရည်၏ သိပ်သည်းဆမှာ နည်းပြီး နွေနှင့်ကုန်းမှရရှိသော အနှံရည်၏ သိပ်သည်းဆမှာ ပိုများ၏။ မည်သို့ပင်ဆိုစေ အုန်းအနှံရည်၏ သိပ်သည်းဆမှာ ပျမ်းမျှ ၁ ဒသမ ၀၂ မှ ၁ ဒသမ ၀၄ ခန့် ရှိ၏။

အုန်းအနှံရည်အချို့တွင် စုစုပေါင်းသကြားဓာတ် ၁၂ မှ ၁၈ ရာခိုင်နှုန်းခန့် ပါဝင်လေ့ ရှိ၏။ အဓိကသကြားမှာ ဆူးခရို့ (Sucrose)သကြားဖြစ်ပြီး ဂလူးကို့စ် အနည်းငယ်ပါဝင်၏။ သကြားအပြင် အနှံရည်တွင် စိမ်ရည်မဖောက်နိုင်သော ပစ္စည်း ၂၅ ရာခိုင်နှုန်းခန့် အထိပါ၏။ ယင်းပစ္စည်းများတွင် ပြာဓာတ် ၀၅ ရာခိုင်နှုန်း၊ ဇီဝ အစိုင်အခဲ ၂ ရာခိုင်နှုန်း၊ ပရိုတိန်း ၀ ရာခိုင်နှုန်း၊ အဆီ၊ ကော်စေး စသည်တို့ပါ၏။ အနှံရည်တွင် သတ္တုဓာတ်ဆားအနည်းငယ်နှင့် ဗီတာမင်အချို့ ပါဝင်၏။ ထို့အပြင် အနှံရည် ၁၀ စီစီတွင် အက်စကောဘစ်အက်ဆစ် ၁၆-၃၀ မီလီဂရမ်ပါသည်ဟု သိရ၏။ အနှံရည်အချို့၏ pH မှာ ၇ ခန့်ဖြစ်၏။

]] အရက်ဖောက်ထားသော အုန်းအနှံရည်တွင်မူ အီသိုင်းအရက် ၅-၇ ရာခိုင်နှုန်းခန့် ပါဝင်၏။ စုစုပေါင်း အက်ဆစ်ဓာတ် ၀ ဒသမ ၇ ရာခိုင်နှုန်းခန့် ပါဝင်ပြီး၊ pH မှာ ၄ ခန့်ရှိ ၏။ အေမိုင် အရက်ကဲ့သို့သော အခြားအရက်များ ပါသည့် ဖျူဆယ်ဆီ(Higher Alcohol)မှာ ၀ ဒသမ ၀၄ ရာခိုင်နှုန်းခန့် ပါဝင်၏{{

အရက်ဖောက်ထားသော အုန်းအနှံရည်တွင်မူ အီသိုင်းအရက် ၅-၇ ရာခိုင်နှုန်းခန့် ပါဝင်၏။ စုစုပေါင်းအက်ဆစ်ဓာတ် ၀ ဒသမ ၇ ရာခိုင်နှုန်းခန့်ပါဝင်ပြီး၊ pH မှာ ၄ ခန့်ရှိ ၏။ အေမိုင်အရက်ကဲ့သို့သော အခြားအရက်များပါသည့် ဖျူဆယ်ဆီ(Higher Alcohol)မှာ ၀ ဒသမ ၀၄ ရာခိုင်နှုန်းခန့်ပါဝင်၏။ စုစုပေါင်း အစိုင်အခဲမှာ ၅ ရာခိုင်နှုန်း ခန့်ဖြစ်ပြီး ပြာဓာတ်မှာ ၀ ဒသမ ၂ ရာခိုင်နှုန်းခန့်ပါရှိသည်။ ဓာတ်ခွဲခန်းများတွင် စမ်းသပ်ချက်အရ အုန်းအနှံရည်ကို အရက် ၁၀ ရာခိုင်နှုန်း ရှိလာသည်အထိ စိမ်ရည်ဖောက်နိုင်ကြောင်း သိရသည်။

အုန်းအနို့ ရှလကာရည်တွင်မူ အီသိုင်းအရက် ၃ ဒသမ ၅ ရာခိုင်နှုန်းခန့်ပါဝင်ပြီး စုစုပေါင်း အက်ဆစ် (တာတာရစ်အက်ဆစ်) ၀.၈ ရာခိုင်နှုန်းခန့်နှင့် အငွေ့ပျံနိုင်သော အယ်လ်ဆစ် (အက်ဆီတစ် အက်ဆစ်) ၁ ဒသမ ၅ရာခိုင်နှုန်းခန့်ပါပြီး pH မှာ ၃ ခန့်ရှိ၏။ အေမိုင်အယ်ကိုဟောက္ဆဲသို့ အခြားအရက်များပါသည့် ဖျူဆယ်ဆီ (Higher alcohol) ၀ ဒသမ ၀၅ ရာခိုင်နှုန်းခန့်ပါဝင်သည်။ စုစုပေါင်းအစိုင်အခဲမှာ ၃၅ ရာခိုင်နှုန်းခန့် ပြာဓာတ် ၀ ဒသမ ၂၂ ရာခိုင်နှုန်း ပါဝင်ကြောင်း တွေ့ရ၏။

အုန်းလျက်ရလာအောင် အုန်းနို့ရည်ကို ကျိုချက်ထုတ်လုပ်နိုင်၏။ ထန်းလျက်ချက်သည့်နည်းနှင့် အလားတူချက်လုပ်နိုင်၏။ နံနက်ပိုင်းတွင် စုဆောင်းရရှိသော အုန်းအနို့အချိုရည်ကိုသာ အုန်းလျက်ချက်လေ့ရှိ၏။ အုန်းအနို့ရည် အရက်မပေါက်စေရန် (ခါးမသွားစေရန်) ထုံးထည့်ပေးထားလေ့ရှိ၏။ ထိုင်းနိုင်ငံတွင် အုန်းလျက်ချက်လုပ်နေရပုံကို ပုံ(၂)တွင် ဖော်ပြထားပါသည်။

ပုံ(၂)

စိမ်ရည်ဖောက်ခြင်း

ဤနေရာတွင် အုန်းအရက်အကြောင်း အဓိကထား၍ တင်ပြမည်ဖြစ်သဖြင့် အုန်းအနို့ရည်မှ အရက်ဖောက်သည့် အပိုင်းကို အသေးစိတ်ဖော်ပြပါမည်။

အုန်းအနို့ရည်တွင် သကြားဓာတ် ၁၂ မှ ၁၈ ရာခိုင်နှုန်းခန့်ပါဝင်သဖြင့် အရက်ဖောက်ရန် ကောင်းစွာလုံလောက်သော သကြားဓာတ်ပါရှိနေရာ အုန်းသီးထဲမှ အရည်ကဲ့သို့ ကျိုချက်ရန် မလိုဘဲ တိုက်ရိုက်အရက်ဖောက်၍ရပါသည်။ အုန်းအနို့ရည်သည် အနို့တံမှခံယူရရှိပြီးသည်နှင့် ပူပြင်းသောအရပ်ဆိုပါက တစ်နာရီ နာရီဝက်အတွင်း စတင်၍ အရက်ပေါက်လေ့ရှိ၏။ သို့သော် စနစ်ကျ၍ အရက်ကောင်းကောင်းထွက်ရန် မျိုးကောင်းတဆေး (Saccharomyces Cerevisiac) ကိုသုံးရပါမည်။

အုန်းအနို့ရည်ကို အမှိုက်သရိုက်များ ကောင်းစွာစင်ကြယ်အောင် ပိတ်ပါးဖြင့် အထပ်ထပ် စစ်ပြီးနောက် စိမ်ရည်ဖောက်အိုးတွင်းသို့ထည့်ရပါမည်။ အုန်းအနို့ရည်၏ pH မှာ ၇ ခန့်ရှိသဖြင့် pH ၄-၅ ခန့် ရရှိလာစေရန် အက်ဆစ်(ဟိုက်ဒရိကလိုရစ်အက်ဆစ် သို့မဟုတ် ဆာဖြူရစ်အက်ဆစ်)ဖြင့် ရောရပါမည်။ ၎င်းနောက် တဆေးများ၏ အစာအာဟာရ

ဖြစ်သော ဒိုင်ဆိုဒီယမ်ဖော့စဖိတ်နှင့် အမိုးနီးယမ်း ဆာဖိတ်တို့ကို အုန်းအနှီရည် တစ်လီတာတွင် ၀ ဒသမ ၂ မှ ၀ ဒသမ ၅ ဂရမ်ခန့် ထည့်၍ မွှေပေးပါ။ ထို့နောက် စိမ်ရည်၏ သိပ်သည်းဆကို ၁ ဒသမ ၀၆၀ မှ ၁ ဒသမ ၀၇၀ ခန့်တွင် ရှိစေရန်လိုအပ်ပါက ရေရောညှိနှိုင်းပြီး နောက် စိမ်ရည်တစ်လီတာတွင် တဆေး တစ်ဂရမ်နှုန်းထည့်၍အရက်ဖောက်ထားရမည်။အရက်စပေါက် သည်နှင့် စိမ်ရည်၏အပူချိန် တက်လာသဖြင့် စိမ်ရည် ၏အပူချိန်ကိုလည်း ၃၀ ဒီဂရီ – ၃၂ ဒီဂရီ တွင်ရှိအောင် ထိန်းပေးထားရပါမည်။ ထိုသို့ထိန်းရန် စိမ်ရည်အိုး ပတ်လည်မှ ရေအေးဖြင့် ဖျန်းပေးထားနိုင်၏။ သိပ်သည်းဆကိုလည်း ၂ နာရီတစ်ကြိမ်ခန့် တိုင်းထားပြီး စိမ်ရည်၏ pH ကိုလည်း ၄ ဒသမ ၅ မှ ၄ ဒသမ ၇ အတွင်းရှိနေစေရန် ထိန်းပေးထားရမည်။ စိမ်ရည် ဖောက်နေစဉ် ကာဘွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များ ထွက်လေ့ရှိသဖြင့် စိမ်ရည်မျက်နှာပြင်တွင် ပူဖောင်း ကလေးများ ပုစွန်ဆိတ်ခုန် ခုန်၍နေကြသည်ကို တွေ့နိုင် ၏။ ပုစွန်ဆိတ်ခုန် ခုန်နေသရွေ့ အရက်ဖောက်ခြင်း ဖြစ်ပေါ်နေကြောင်း မှတ်ယူရပါမည်။

စိမ်ရည်အိုးတွင် ပုစွန်ဆိတ်ခုန်မှုများ၊ ပလုံစီမှုများ မရှိတော့ဘဲ မျက်နှာပြင်ငြိမ်ကျသွားပြီး သိပ်သည်းဆ လည်း ဆက်လက်မကျဘဲ တည်ငြိမ်လာသည့်အခါတွင်မူ အရက်ဖောက်ခြင်းပြီးဆုံးပြီ မှတ်ယူရပါမည်။ ထိုအခါ စိမ်ရည်တွင် အရက် ၆ မှ ၇ ဒသမ ၅ ခန့်ဖြစ်ပေါ်နေပြီဟု မှတ်ယူနိုင်ပါသည်။ အရက်ဖြစ်ပေါ်မှုပမာဏသည် စိမ်ရည်တွင်ပါသော အချိုဓာတ်နှင့် သိပ်သည်းဆ၊ တဆေးသန့်စင်မှု၊ pH နှင့် အပူချိန်ထိန်းသိမ်းနိုင်မှု အပေါ်မူတည်၍ အနည်းအများဖြစ်ပေါ်နိုင်၏။ စိမ်ရည်မှ အရက်ဖောက်ပြီးစီးသည့်ကာလမှာ တစ်ရက်ခွဲမှ နှစ်ရက်ခန့် ကြာတတ်၏။

အရက်ချက်လုပ်ခြင်း

အုန်းအနှီရည်မှ အရက်ဖောက်ရာတွင် အုန်းခြံများတွင်သာ အုန်းအနှီရည်ရရခြင်း ချက်ရသဖြင့် တစ်နိုင်စိမ် ရည်ဖောက်လုပ်ငန်းအဖြစ်သာလက်တွေ့တွင် ဆောင်ရွက်နိုင်သည်။ ယင်းသို့ရရှိသော စိမ်ရည်များကိုမှ တစ်လုံးပေါင်းအိုး (Pot Still) ဖြင့် အရက်ချက်လုပ်ရပါသည်။ တစ်လုံးပေါင်းအိုးမှာ ဘရန်ဒီတို့၊ ရမ်တို့၊ ဝိစကီတို့ချက်သော ပေါင်းအိုးအမျိုးမျိုးကို သုံးနိုင်သည်။

ပေါင်းအိုးပုံစံကို ပုံ(၃)နှင့်(၄)တွင် ဖော်ပြထားပါသည်။ ပုံ(၃) တွင်ထင်းမီးသွေးစသည်တို့ဖြင့် အပူပေးသောနည်းဖြစ်ပြီး ပုံ(၄)တွင်မူ ရေနွေးငွေ့ဖြင့် အပူပေးသောနည်းဖြစ်၏။ ပေါင်းအိုးတွင်းသို့ မသွင်းမီ စိမ်ရည်တွင်းမှ တဆေးလက်ကျန်များကို စစ်ထုတ် ဖယ်ရှားပါသည်။ အနည်အဖတ်ကင်းသော စိမ်ရည်များကို သဘာဝပေါင်းအိုးအတွင်းသို့ ထည့်၍ ပေါင်းခံသည်။ ပေါင်းခံရာတွင် ပုံ(၃)တွင်ပြထားသော ဝိစကီပေါင်းခံနည်း သို့မဟုတ် ပုံ(၄) တွင် ပြထားသော ရမ်ပေါင်းခံနည်းကို ကြိုက်သလိုသုံးနိုင်၏။



ပုံ(၃)(၄)

ဝီစကီပေါင်းခံနည်းတွင် စိမ်ရည်ကို ပထမပေါင်းအိုးတွင်ထည့်ပြီး မီးဖြင့် အပူပေး၏။ ပေါင်းအိုး၏အပေါ်ပိုင်းတွင် ပလိတ်ပြား ၄-၅ ခုတပ်ထား၏။ ထိုပလိတ်ပြားတွင် ပူဖောင်းခွက် (Bubble Cap) များ တပ်ပေးထားနိုင်သည်။ ပထမပေါင်းအိုးမှ ထွက်လာသော အရက်ငွေ့များကို ငွေ့ရည်ဖွဲ့အအေးခံကာ ငွေ့ရည်ဖွဲ့ အအေးခံကိရိယာတွင် အရည်ဖြစ်စေကာ ဒုတိယပေါင်းအိုး အတွင်းသို့ပို့ပေး၏။ ယင်းသို့ရရှိလာသော အရက်ကြမ်းတွင် အီသိုင်းအရက်များ အပြင် ဖျူဆယ်ဆီ (Fusel Oil) များ၊ ပရိုပိုင်းအိုင်ဆိုဗျူတိုင်း အရက်များပါဝင်ပြီး အက်စတာနှင့် အောဒီဟိုတ် အနည်းငယ်စီပါဝင်၏။ ယင်းအရက်ကြမ်းမှာ ၃၅ မှ ၄၀ ထုထည်ရာခိုင်နှုန်း ပြင်းအား ရှိပါသည်။

ထိုအရက်ကြမ်းကို ဒုတိယပေါင်းအိုးတွင် ၈ ဒသမ ၅ ထုထည်ရာခိုင်နှုန်း ခန့် ရောက်အောင် ရေသန့်သန့်ဖြင့်ထပ်ရောပြီး အပူပေးကာ ထပ်မံပေါင်းတင်ရ၏။ ရေဖြင့်ရောရုံသာမက အခါအားလျော်စွာ ခေါင်ရည် သို့မဟုတ် နောက်ကျရည်တို့ဖြစ်ပါက အရက်ကြမ်းကို ဒုတိယပေါင်းအိုးတွင် ရောပေါင်းတင်ပါသည်။ ဒုတိယပေါင်းအိုးအပေါ်တွင်လည်း ပူဖောင်းခွက်များ ပါသော ပလိတ်ပြား တပ်ပေးထားနိုင်၏။ ထိုဒုတိယအိုးမှထွက်လာသော အရက်ငွေ့များကို အအေးခံကိရိယာတွင်းသို့ဖြတ်ကာ အရည်ဖွဲ့ပြီးနောက် လက်ခံအိုး(၃)လုံးဖြင့် ပထမဆုံးထွက်လာသောအရက်ကို ခေါင်ရည်အဖြစ်လည်းကောင်း၊ အလယ်ပိုင်းတွင် ထွက်လာသော အရက်ကို အုန်းအရက်အဖြစ်လည်းကောင်း နောက်ဆုံးမှ ကျလာသောအရက်ကို နောက်ကျရည်အဖြစ် လည်းကောင်း စွဲ၍လက်ခံရယူ၏။ ခေါင်ရည်နှင့်နောက်ကျရည်တို့ကို ဒုတိယပေါင်းအိုးသို့ ပြန်ပို့ကာ ပထမပေါင်းအိုးမှလာသော အရက်ကြမ်းဖြင့်ပေါင်း၍ ဆက်လက်ပေါင်းတင်၏။ အလယ်အိုးမှထွက်သောအရက်ကိုမူ အုန်းအရက်အဖြစ် ရယူ၏။ ဤသို့ရလာသောအုန်းအရက်တွင် အုန်းနံ့သင်းပြီးဖြစ်၍ အခြားအနံ့များ ရောစရာပင်မလိုပါ။ ထိုအရက်ကို ၂၅ ယူပီ (Unter Proof) ရအောင် (၄၂ ဒသမ ၈၂၅ ထုထည်ရာခိုင်နှုန်းရအောင်) ရေသန့်ဖြင့်ရောကာ လိုအပ်လျှင် ကာရမဲ (Caramel သကြားလှော်) အရောင်ဖြင့် အရောင်တင်ကာ ပုလင်းသွင်း ရောင်းနိုင်၏။

ရမ်ပေါင်းခံနည်းအတိုင်းချက်လိုပါကပုံ(၄)တွင်ဖော်ပြထားသည့်အတိုင်းပေါင်းအိုး(၃)လုံး ဖြင့်ချက်ကာ ပူဖောင်းခွက်များပါသော ပလိတ်ပြား ခုနစ်၊ ရှစ်ခုလောက်ပါသည့် ရက်တီဖိုင်းကော်လံမှ ဖြတ်၍ အအေးခံငွေ့ရည်ဖွဲ့ကာ ချက်နိုင်၏။ ပထမပေါင်းအိုးတွင် စိမ်ရည်ထည့်၍ ရေနွေးငွေ့ဖြင့်အပူပေးချက်သည်။ ယင်းသို့ချက်၍ရလာသော အရက်ကြမ်းကို ဒုတိယပေါင်းအိုးတွင် ရေသို့မဟုတ် ယခင်တစ်ပေါင်းက လက်ကျန်လိုးဝိုင် (low wine) ဖြင့်ရောချ၍ ပေါင်းခံသည်။ ထိုမှထွက်လာသော အရက်များကို တတိယပေါင်းအိုးတွင် ရေ သို့မဟုတ် ယခင်တစ်ပေါင်းက ဟိုက်ဝိုင် (high wine)ဖြင့် ရောချ၍ပေါင်း၏။ တတိယပေါင်းအိုးအပေါ်တွင်ရှိ ပူဖောင်းခွက်ပါ ပလိတ်ပြားမှဖြတ်ပြီး ငွေ့ရည်ဖွဲ့ကိရိယာတွင် အရည်ဖြစ်စေကာ စုဆောင်း ရယူနိုင်၏။ ယင်း အုန်းအရက်ကို လိုသလို ၂၅ ယူဝီရအောင်ရေရောချ၍ ကာရမဲဖြင့် အရောင်တင်ကာ ပုလင်းသွင်း ရောင်းနိုင်၏။ အုန်းနုံသင်းပြီး အဝင်ကောင်းသော အုန်းအရက်ကို ရရှိလာပါမည်။

ဤနေရာတွင် ကြံကြိုက်၍ ယူဝီ (under proof)ခေါ် အရက်ယူနစ်မှ ထုထည်ရာခိုင်နှုန်း သို့ ပြောင်းသည့်ဖော်မြူလာကို ဖော်ပြပါမည်။ အကယ်၍အရက်တွင် 'က' ယူ ပြောင်းသည့် ဖော်မြူလာကို ယူဝီရှိသည်ဆိုပါစို့။ ၎င်းကို အရက်ထုထည်ရာခိုင်နှုန်းပြောင်း လိုပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

က(ယူဝီ) = [(၁၀၀–က) x ၀.၅၇၁] ထုထည်ရာခိုင်နှုန်း။

ဥပမာ။ ။ ၂၅ ယူဝီကို ထုထည်ရာခိုင်နှုန်းသို့ပြောင်းလိုပါက

၂၅(ယူဝီ) = [(၁၀၀–၂၅ x ၀.၅၇၁] = ၄၂.၈၂၅ရာခိုင်နှုန်း ထုထည်။

အထက်ပါအတိုင်းထုတ်လုပ်သော အုန်းအရက် (Coconut Feni) ၏ စံချိန်စံညွှန်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

အရက်(ရာခိုင်နှုန်း ထုထည်) = ၄၄.၀၅ရာခိုင်နှုန်း

ပကတိအုန်းအရက်(Absolute alcohol) ၁၀၀ လီတာတွင် အောက်ပါဓာတ်ပစ္စည်းများ ပါဝင်ကြ၏။

စုစုပေါင်းအက်ဆစ်	=	၅၉.၈၇ ဂရမ်
အငွေ့ပျံနိုင်သော အက်ဆစ်	=	၄.၀၉ ဂရမ်
အက်စတာ	=	၅၉.၉၉ ဂရမ်
ဖျူဆယ်ဆီ(Heavy Alcohol)	=	၁၃၉.၉၀ ဂရမ်
အောဒီဟိုဒ်	=	၁၆.၀၀ ဂရမ်
ဖာဖာရယ်	=	၀.၄၅ ဂရမ်
ကြေးနီဓာတ်	=	၁၄.၂၅ ပီပီအမ်

အထက်ပါ အရည်အသွေးရှိသော အုန်းအရက်သည် ပြင်သစ်၊ အင်္ဂလန်၊ အမေရိကန်တို့မှ ထုတ်လုပ်သော ဘရန်ဒီ၊ ဝီစကီအရက်တို့ထက် စုစုပေါင်း အက်ဆစ်၊ အငွေ့ပျံလွယ်သည့် အက်ဆစ်၊ဖျူဆယ်ဆီ၊အောဒီဟိုဒ်နှင့် ကြေးနီဓာတ် ပါဝင်မှုနည်းသဖြင့် အရည်အသွေးပိုကောင်းသည်ဟုဆိုနိုင်၏။ သို့ပါ၍ အုန်းအရက်ကို ပြည်တွင်း၌သာမက နိုင်ငံခြားသို့ပင် တင်ပို့နိုင်ရန် အလားအလာကောင်းကြောင်း တင်ပြလိုက်ရပါသည်။

ဒေါက်တာမျိုးသန့်တင်

(အုန်းလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုရန် ဖော်ပြပါသည်။)

မြန်မာအထူးစီးပွားရေးဇုန်ဥပဒေအကြောင်း တစေ့တစောင်း

OD,Defarmif(ppfawG

“အထူးစီးပွားရေးဇုန် Special Economic Zone ဆိုသည်မှာ
မြန်မာအထူးစီးပွားရေး ဇုန်ဆိုင်ရာ ဗဟိုအဖွဲ့က
အမိန့်ကြော်ငြာစာထုတ်ပြန်၍ နယ်နိမိတ်ပိုင်းခြားသတ်မှတ်
တည်ထောင်သည့် ဇုန်နယ်မြေတစ်ခုဖြစ်သည်။
သို့သော် ဗဟိုအဖွဲ့က အထူးစီးပွားရေးဇုန် ဟု
တိုက်ရိုက်နယ်မြေ သတ်မှတ်ခွင့်မရှိဘဲ အစိုးရအဖွဲ့၏
သဘောတူညီချက်ရရှိရန် လိုပေသည်”

မြန်မာနိုင်ငံ၏စီးပွားရေးရာမူဝါဒသည် ၁၉၈၈ ခုနှစ်တွင် ဆိုရှယ်လစ်စီးပွားရေးစနစ်မှ တံခါးဖွင့်စီးပွားရေးမူဝါဒသို့ စတင်ပြောင်းလဲခဲ့သည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှု Investment ဟူသော ဝေါဟာရကို ဥပဒေများတွင် စတင်တွေ့ရှိလာရသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ၁၉၈၉ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်တို့တွင်လည်းကောင်း၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေကို ၁၉၉၄ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်တို့တွင်လည်းကောင်း အသီးသီးပြဋ္ဌာန်းခဲ့လေသည်။ နောက်ပိုင်းတွင် ယင်းသို့ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံသားရင်းနှီးမြှုပ်နှံမှုတို့ကို ခွဲခြားခြင်းမပြုတော့ဘဲ တစ်ပြေးညီစွာ တစ်ခုတည်းသော ဥပဒေအောက်တွင် လုပ်ဆောင်နိုင်ရန် မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေ ဟု ၂၀၁၆ တွင် ပြဋ္ဌာန်းလိုက်ပေသည်။

ထိုကဲ့သို့ ရင်းနှီးမြှုပ်နှံမှုများထက်ပိုမိုထိရောက်စေနိုင်သော ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများကို ကျယ်ဝန်းသော အစိမ်းသက်သက်မြေရိုင်းနေရာများ Green fields နှင့် အခြားသင့်လျော်သောနေရာများကို အထူးစီးပွားရေးဇုန်များအဖြစ် ရင်းနှီးငွေပမာဏကြီးမားစွာဖြင့် ဖော်ထုတ်စေလျက် အလုပ်အကိုင်အခွင့်အလမ်းများ မြောက်မြားစွာ ဖော်ထုတ်နိုင်မည့် ရင်းနှီးတည်ဆောက်ခြင်းကဏ္ဍ Development ကို အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အစိုးရလက်ထက် ၂၀၁၁ ခုနှစ်က မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ (၈/၂၀၁၁) နှင့် ထားဝယ်အထူးစီးပွားရေးဇုန်ဥပဒေ (၁၇/၂၀၁၁) နှစ်ရပ်တို့ကို ပြဋ္ဌာန်းလာခဲ့ပေသည်။

ပြည်ထောင်စုလွှတ်တော်ခေတ်အရောက် ၂၀၁၄ခုနှစ်တွင် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁/၂၀၁၄)ကို ထပ်မံပြဋ္ဌာန်းကာ ယခင်အထူးစီးပွားရေးဇုန် ဥပဒေနှစ်ရပ်တို့ကို ရုပ်သိမ်းလိုက်သည်။

ယင်း၂၀၁၄ ခုနှစ် ဥပဒေ၏ နည်းဥပဒေကို အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနက ၂၇-၈-၂၀၁၅ နေ့တွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ခဲ့သည်။

၁။ အထူးစီးပွားရေးဇုန် သတ်မှတ်ခြင်း

အထူးစီးပွားရေးဇုန် Special Economic Zone ဆိုသည်မှာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ နယ်နိမိတ်ပိုင်းခြားသတ်မှတ်တည်ထောင်သည့် ဇုန်နယ်မြေတစ်ခုဖြစ်သည်။ သို့သော် ဗဟိုအဖွဲ့က အထူးစီးပွားရေးဇုန် ဟုတိုက်ရိုက်နယ်မြေ သတ်မှတ်ခွင့်မရှိဘဲ အစိုးရအဖွဲ့၏ သဘောတူညီချက်ရရှိရန် လိုပေသည်။ ပုဒ်မ ၆(ဂ)အရ အထူးစီးပွားရေးဇုန်တည်ထောင်ရေးအတွက် အဆိုပြုချက်၊ သင့်လျော်သောနေရာ၊ လိုအပ်သည့် နယ်မြေဧရိယာ၊ အကျယ်အဝန်းနှင့် နယ်နိမိတ်ပိုင်းခြားသတ်မှတ်ချက်တို့ကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ သဘောထားရယူစိစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြ၍ သဘောတူညီချက် ရယူရပေသည်။

တစ်ဖန် ပြည်ထောင်စုအစိုးရအဖွဲ့သည်ပင်လျှင် အထူးစီးပွားရေးဇုန်အသစ်များ တည်ထောင်လိုခြင်း၊ လက်ရှိစက်မှုဇုန်တစ်ရပ်ကို အထူးစီးပွားရေးဇုန်အဖြစ်အဆင့်မြှင့်သတ်မှတ်လိုခြင်းတို့အတွက် သတ်မှတ်ထားသော အထူးစီးပွားရေးဇုန်အင်္ဂါရပ်များနှင့် ညီညွတ်ကြောင်း ပုဒ်မ ၆(ဏ)၊ ပုဒ်မ ၁၂ တို့နှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ အကျိုး

အကြောင်းတင်ပြကာ အတည်ပြုချက် ရယူရပေသည်။

မြန်မာနိုင်ငံတွင် ယခုအချိန်အထိ -

(၁) ထားဝယ်အထူးစီးပွားရေးဇုန်

(၂) သီလဝါအထူးစီးပွားရေးဇုန် နှင့်

(၃) ကျောက်ဖြူအထူးစီးပွားရေးဇုန် ဟူ၍ ဇုန်သုံးခု သတ်မှတ်ပြီးဖြစ်သည်။ ယင်းတို့အနက် ယခုအချိန်အထိ သီလဝါအထူးစီးပွား ရေးဇုန်တစ်ခုကိုသာလျှင် အကောင်အထည်ဖော်နိုင်သေးသည်။

၂။ အထူးစီးပွားရေးဇုန်၏ အင်္ဂါရုပ်များ

အထူးစီးပွားရေးဇုန်အဖြစ် တည်ထောင်ရန် လိုအပ်သည့် အခြေခံအင်္ဂါရုပ် ၈ ချက်အဖြစ် ပုဒ်မ ၁၂ တွင် ပြဋ္ဌာန်းထားသည်ကို အကျဉ်းချုပ်၍ ဖော်ပြရလျှင် -

(၁) နိုင်ငံတကာထွက်ပေါက်၊ အပြည်ပြည်ဆိုင်ရာနယ်စပ်၊ ပြည်တွင်းဈေးကွက်များနှင့် အလွယ်တကူ သွားလာဆက်သွယ်နိုင်ခြင်း၊

(၂) အစိုးရက ဒေသဖွံ့ဖြိုးရေးအတွက်ရွေးချယ်သည့် နယ်မြေဖြစ်ခြင်း၊

(၃) အခြေခံအဆောက်အဦများ တည်ရှိခြင်း သို့မဟုတ် ဖော်ဆောင်နိုင်သော အလားအလာ ရှိခြင်း၊

(၄) ရေနှင့်လျှပ်စစ်ရရှိနိုင်ခြင်း၊

(၅) စက်မှုလုပ်ငန်းများနှင့်ရင်းနှီးမြှုပ်နှံမှုများ ထူထောင်နိုင်ရန် လုံလောက်သော မြေရှိခြင်း၊

(၆) ကျွမ်းကျင်လုပ်သားများရရှိနိုင်ခြင်း၊ သင်ကြားလေ့ကျင့်ပေးနိုင်ခြင်း၊

(၇) ကျွမ်းကျင်လုပ်သားသင်တန်းများစီစဉ်ပေးနိုင်ခြင်း၊

(၈) လမ်းပန်းအဆက်အသွယ်နှင့်ဈေးကွက်အနေအထားအရ အချက်အချာကျခြင်း

တို့ဖြစ်ကြသည်။

အထူးစီးပွားရေးဇုန်ဧရိယာသည် အနည်းဆုံး ၁၀၀၀ ဟက်တာမှ အများဆုံး ၂၀၅၀၀ ဟက်တာအတွင်း အကျယ်အဝန်း ရှိရမည် ဟူ၍ အထူးစီးပွားရေးဇုန် နည်းဥပဒေ ၃၉ အရ သတ်မှတ်ထားသည်

အထူးစီးပွားရေးဇုန်ဇရိယာသည် အနည်းဆုံး ၁၀၀၀ ဟက်တာမှ အများဆုံး ၂၀၅၀၀ ဟက်တာအတွင်း အကျယ်အဝန်းရှိရမည်ဟူ၍ အထူးစီးပွားရေးဇုန်နည်းဥပဒေ ၃၉ အရ သတ်မှတ်ထားသည်။

၃။ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေ ခြားနားခြင်း

ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံခြင်းတွင် မတူညီသောလမ်းကြောင်း နှစ်ခုဖြစ်သည့် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ (၂၀၁၄) နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆) တို့၏ အဓိကခြားနားချက်များမှာ -

(၁) ဥပဒေအကောင်အထည်ဖော်သည့် ယန္တရားအရ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေတွင် အမြင့်ဆုံးအဖြစ် ဗဟိုအဖွဲ့၊ ဒုတိယအမြင့်ဆုံးအဖြစ် ဗဟိုလုပ်ငန်းအဖွဲ့တို့ကို ဖွဲ့စည်းထားပြီး အထူးစီးပွားရေးဇုန်အလိုက် စီမံခန့်ခွဲရေး ကော်မတီတစ်ခုစီကို ဖွဲ့စည်းသည်။ ဗဟိုအဖွဲ့ကို နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယသမ္မတက ဦးဆောင်သည်။ ဗဟိုလုပ်ငန်းအဖွဲ့ကို ဒုတိယသမ္မတ သို့မဟုတ် ပြည်ထောင်စုဝန်ကြီးအဆင့် က ဦးဆောင်သည်။ မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကို ဖွဲ့စည်းထားပြီး ပြည်ထောင်စုဝန်ကြီးအဆင့်က ဦးဆောင်သည်။ ကော်မရှင်သည် နိုင်ငံတော်အစိုးရကို တာဝန်ခံရသည်။

(၂) မြန်မာအထူးစီးပွားရေးဇုန်ဥပဒေတွင် ရင်းနှီးတည်ဆောက်သူ Developer နှင့် ရင်းနှီးမြှုပ်နှံသူ Investor ဟူ၍ နှစ်ဆင့် သတ်မှတ်ထားသည်။ မြန်မာ့ရင်းနှီးမြှုပ်နှံမှု ဥပဒေတွင်မူ ရင်းနှီးမြှုပ်နှံသူတစ်မျိုးတည်းအတွက်သာ ပြဋ္ဌာန်းထားသည်။

(၃) မြန်မာအထူးစီးပွားရေးဇုန်ဥပဒေအရ အထူးစီးပွားရေးဇုန်အဖြစ် နိုင်ငံတော်အစိုးရနှင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရသည်။ ယင်းဇုန်နယ်နိမိတ်အတွင်းတွင်သာ လုပ်ဆောင်ခွင့်ရှိသည်။ မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေအရမူ ရင်းနှီးမြှုပ်နှံမှုကို ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က သတ်မှတ်ထားသော ဇုန်ဒေသအလိုက် မည်သည့်နေရာဒေသတွင်မဆို ခွင့်ပြုပေးနိုင်သည်။

(၄) မြေအသုံးပြုခွင့်ကို မြန်မာအထူးစီးပွားရေးဇုန်ဥပဒေတွင် မူလအားဖြင့် ခွင့်ပြုကာလ အနှစ် ၅၀ သတ်မှတ်ကာ လိုအပ်လျှင် နောက်ထပ် ၂၅ နှစ် တစ်ကြိမ် ဆက်လက်ခွင့်ပြုနိုင်သည်။ မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေတွင်မူ မူလခွင့်ပြုကာလကို အနှစ် ၅၀ သတ်မှတ်ကာ လိုအပ်လျှင် နောက်ထပ် ၁၀ နှစ်စီ နှစ်ကြိမ် ဆက်လက်ခွင့်ပြုနိုင်သည်။

(၅) နိုင်ငံသားကျွမ်းကျင်လုပ်သားများခန့်အပ်ခြင်းနှင့်ပတ်သက်၍ မြန်မာအထူးစီးပွားရေးဇုန် ဥပဒေအရ လုပ်ငန်းစတင်ချိန်မှ ၂ နှစ်အတွင်း အနည်းဆုံး ၂၅ ရာခိုင်နှုန်းကို ခန့်ထားရမည်။ နောက် ၂ နှစ်တွင် နိုင်ငံသားကျွမ်းကျင်

လုပ်သားများကို အနည်းဆုံး ၅၀ ရာခိုင်နှုန်း၊ နောက်ထပ် ၂ နှစ်တွင် နိုင်ငံသားကျွမ်းကျင် လုပ်သားများကို အနည်းဆုံး ၇၅ ရာခိုင်နှုန်းစီ တိုးမြှင့်ခန့်ထားရမည်။ မြန်မာ့ရင်းနှီးမြှုပ်နှံမှု ဥပဒေတွင်မူ ယင်းသို့ သတ်မှတ်ချက်ကို မထည့်သွင်းထားချေ။

(၆) ရင်းနှီးမြှုပ်နှံလိုသူ၏လျှောက်ထားချက်ကို မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ အရ ရက် ၃၀ အတွင်း ခွင့်ပြုမိန့်ထုတ်ပေးရမည်။ မြန်မာ့ရင်းနှီးမြှုပ်နှံမှု ဥပဒေတွင်မူ အရေးကြီးသော လုပ်ငန်းများအတွက် အဆိုပြုလွှာတင်သွင်းရန်နှင့် အရေးမကြီးသော လုပ်ငန်းများအတွက် အတည်ပြု လျှောက်ထားလွှာတင်သွင်းရမည်။

(၇) အလုံးစုံဝန်ဆောင်မှုပေးသည့်ဌာန (one–stop service centre) များ ဖွင့်လှစ်ရန် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေတွင် ပြဋ္ဌာန်းထားသော်လည်း မြန်မာ့ရင်းနှီးမြှုပ်နှံမှု ဥပဒေတွင်မူ ထိုသို့ မပါရှိပေ။

(၈) ဝင်ငွေခွန်ကင်းလွတ်ခွင့်အတွက် အထူး စီးပွားရေးဇုန်ဥပဒေတွင် ရင်းနှီး တည်ဆောက်သူကို ၈ နှစ်၊ ရင်းနှီးမြှုပ်နှံသူကို ၇ နှစ်ခွင့်ပြုသည်။ မြန်မာ့ရင်းနှီးမြှုပ်နှံမှု ဥပဒေတွင် ရင်းနှီးမြှုပ်နှံမှု ဇုန် ၃ ဆင့် ခွဲခြားထားကာ ဝင်ငွေခွန်ကင်းလွတ်ခွင့်များကို ဇုန်(၁)အတွက် ၇ နှစ်၊ ဇုန်(၂)အတွက် ၅ နှစ်၊ ဇုန် (၃) အတွက် ၃ နှစ် အသီးသီးခွင့်ပြုပေးသည်။

(၉) ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရမည့်ကိစ္စအနေဖြင့် အထူးစီးပွားရေးဇုန်ဥပဒေအရ အထူးစီးပွားရေးဇုန်အသစ်ထူထောင်မည်ဆိုပါက ပြည်ထောင်စုလွှတ်တော်တွင် တင်ပြ အတည်ပြုချက်ရယူရမည်။ မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေအရကား နိုင်ငံတော်လုံခြုံရေး၊ သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် အမျိုးသားအကျိုးစီးပွားကို ကြီးမားစွာအကျိုးသက်ရောက်မှု ဖြစ်စေနိုင်သော ရင်းနှီးမြှုပ်နှံမှုမျိုးဖြစ်ပါက ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် ပြည်ထောင်စုအစိုးရမှ တဆင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရမည်။

(၁၀) နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများကို မိမိနိုင်ငံသားနှင့်တန်းတူအခွင့်အရေးနှင့် တန်းတူ ဆက်ဆံရေးပေးရေး National Treatment နှင့်ပတ်သက်၍ အထူးစီးပွားရေးဇုန် ဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိသော်လည်း မြန်မာ့ရင်းနှီးမြှုပ်နှံမှု ဥပဒေတွင်ကား နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူကို နိုင်ငံသားရင်းနှီးမြှုပ်နှံသူနှင့်တန်းတူ ပြုမူဆက်ဆံရမည် ဟု အတိအလင်းဖော်ပြ ပြဋ္ဌာန်းထားသည်။

၄။ ရင်းနှီးတည်ဆောက်သူ နှင့် ရင်းနှီးမြှုပ်နှံသူ

မြန်မာအထူးစီးပွားရေးဇုန်ဥပဒေတွင် ရင်းနှီးတည်ဆောက်မှု Development နှင့် ရင်းနှီးမြှုပ်နှံမှု Investment ကို ခွဲခြားထားသည်။ ယင်းအချက်သည် မြန်မာ့ရင်းနှီးမြှုပ်နှံမှု ဥပဒေ Myanmar Investment Law နှင့် အဓိကကွဲပြားသောအချက်တစ်ရပ်ပင် ဖြစ်သည်။

ရင်းနှီးတည်ဆောက်မှုဆောင်ရွက်သူကို ရင်းနှီးတည်ဆောက်သူ Developer ဟု ခေါ်ဆိုပြီး ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်သူကို ရင်းနှီးမြှုပ်နှံသူ Investor ဟု ခေါ်ဆိုသည်။

ယင်းတို့နှင့် ပတ်သက်၍ အဓိကမှတ်သားရန်အချက်များမှာ –

(၁) ရင်းနှီးတည်ဆောက်သူတိုင်းသည် ရင်းနှီးမြှုပ်နှံသူ ဖြစ်နိုင်သော်လည် ရင်းနှီးမြှုပ်နှံသူတိုင်းသည် ရင်းနှီးတည်ဆောက်သူ မဖြစ်နိုင်။ တစ်နည်းအားဖြင့် ဆိုသော် ရင်းနှီးမြှုပ်နှံသူသည် ဥပဒေပါ ရင်းနှီးတည်ဆောက်သူ၏တာဝန်များအားလုံးကို လိုက်နာရန် မလိုသော်လည်း ရင်းနှီး တည်ဆောက်သူသည် ရင်းနှီးမြှုပ်နှံသူတစ်ဦး၏တာဝန်များကိုလည်း လိုက်နာရမည် ဖြစ်သည်။

(၂) ဗဟိုအဖွဲ့က ရင်းနှီးတည်ဆောက်သူကို တင်ဒါ သို့မဟုတ် အခြားနည်းဖြင့် ခေါ်ယူ ရွေးချယ်သည်။ **ပုဒ်မ ၁၄(က)(ခ)**

(၃) ရင်းနှီးမြှုပ်နှံသူက စီမံခန့်ခွဲမှုကော်မတီထံ လျှောက်ထားပြီး ခွင့်ပြုချက် ရယူရသည်။ **ပုဒ်မ ၁၁(ဂ)/၃၀**

(၄) ရင်းနှီးတည်ဆောက်သူသည်သာ ယေဘုယျအားဖြင့် စီမံခန့်ခွဲမှုကော်မတီနှင့် မြေငှားစာချုပ်ကို ချုပ်ဆိုသည်။ **ပုဒ်မ ၃၉**

(၅) ရင်းနှီးတည်ဆောက်သူသည်သာ မြေအသုံးပြုခွင့်အတွက် စီမံခန့်ခွဲမှု ကော်မတီနှင့်စာချုပ် ချုပ်ဆိုကာ အဖိုးအခကို သက်ဆိုင်ရာဌာနသို့ ပေးသွင်းရသည်။ **ပုဒ်မ ၄၃**

(၆) ရင်းနှီးတည်ဆောက်သူက မြေကြမ်းအနေအထားမှ စတင်ဖော်ထုတ်ကာ ရင်းနှီးမြှုပ်နှံသူအတွက် အခြေခံအဆောက်အအုံများကို တည်ဆောက်သည်။

(၇) ရင်းနှီးတည်ဆောက်သူထံမှ ရင်းနှီးမြှုပ်နှံသူက ထပ်ဆင့်မြေငှားကာ စက်ရုံ အလုပ်ရုံအတွက် နေရာ ရယူသည်။ **ပုဒ်မ ၃၉/၄၂**

(၈) ရင်းနှီးတည်ဆောက်ခွင့်ကာလသည် ရင်းနှီးမြှုပ်နှံခွင့်ကာလထက် ရှည်ကြာသည်။

(၉) အခွန်ကင်းလွတ်ကာလမှာ ရင်းနှီးတည်ဆောက်သူအတွက် ၈ နှစ်ဖြစ်ကာ ရင်းနှီးမြှုပ်နှံသူအတွက် ၇ နှစ် ဖြစ်သည်။ **ပုဒ်မ ၄၀/၃၂**

၅။ အထူးစီးပွားရေးဇုန်ဥပဒေနှင့် ဆက်စပ်သော အခြားဥပဒေများ

အထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော်ရာတွင် သက်ဆိုင်သူများသည် အောက်ပါကဏ္ဍအလိုက် တည်ဆဲဥပဒေအချို့တို့ကိုလည်း လိုက်နာရန်လိုအပ်သဖြင့် လေ့လာထားသင့်ပေသည် –

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ

(၁) Embankment Act (1909)

(၂) အလုပ်ရုံများအက်ဥပဒေ (၁၉၅၁)

(၃) ပြည်ထောင်စုမြန်မာနိုင်ငံပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ (၁၉၇၂)

(၄) ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ (၁၉၉၀)
(၅) တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေ (၁၉၉၄)
(၆) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ (၂၀၀၆)
(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂)
(၈) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေးဥပဒေ (၂၀၁၃)
(၉) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ (၂၀၁၃)
(၁၀) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေ (၂၀၁၅)
(၁၁) မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆)
(၁၂) တာတမံဥပဒေ (၂၀၁၇)
(၁၃) ဆည်မြောင်းဥပဒေ (၂၀၁၇)
(၁၄) လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေ (၂၀၁၈)
(၁၅) သစ်တောဥပဒေ (၂၀၁၈)

မြေယာကဏ္ဍ

(၁) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ (၂၀၁၂)
(၂) လယ်ယာမြေဥပဒေ (၂၀၁၂)
(၃) တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ (၂၀၁၃)

အလုပ်သမားရေးရာကဏ္ဍ

(၁) အလုပ်သမားအဖွဲ့အစည်းဥပဒေ (၂၀၁၁)
(၂) အလုပ်သမားအငြင်းပွားမှုဖြေရှင်းရေးဥပဒေ (၂၀၁၂)
(၃) လူမှုဖူလုံရေးဥပဒေ (၂၀၁၂)
(၄) အနည်းဆုံးအခကြေးငွေဥပဒေ (၂၀၁၃)
(၅) အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးရေးဥပဒေ (၂၀၁၃)
(၆) အခကြေးငွေပေးချေရေးဥပဒေ (၂၀၁၆)
(၇) ဆိုင်များနှင့်အလုပ်ဌာနများဥပဒေ (၂၀၁၆)

ကုန်သွယ်ရေးနှင့် စီးပွားရေးရေးရာကဏ္ဍ

(၁) အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေ (၂၀၁၂)
(၂) ပို့ကုန်သွင်းကုန်ဥပဒေ (၂၀၁၂)
(၃) စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ (၂၀၁၄)
(၄) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၅)
(၅) ယှဉ်ပြိုင်မှုဥပဒေ (၂၀၁၅)

(၆) အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ (၂၀၁၆)
(၇) မြန်မာနိုင်ငံကုမ္ပဏီဥပဒေ (၂၀၁၇)
(၈) စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉)
(၉) လူမွဲခံယူခြင်းဆိုင်ရာဥပဒေ (၂၀၂၀)

၆။ အခြားမှတ်သားဖွယ်အချက်များ

ရေနက်ဆိပ်ကမ်းစီမံကိန်းပါဝင်မည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေ (၂၀၁၅) ပုဒ်မ ၃(ငဃ)တွင် ပြဋ္ဌာန်းထားသည့် "ရေနက်ဆိပ်ကမ်း" ဟူသည် ရေအနက် အနည်းဆုံး ၁၃ ဒသမ ၇၂ မီတာ ရှိရမည် ဟူ၍ သတ်မှတ်ထားသည်ကို သတိပြုသင့်ပေသည်။

နိုင်ငံခြားသားများသည် အထူးစီးပွားရေးဇုန်များအတွင်း စီမံခန့်ခွဲမှုကော်မတီက ခွင့်ပြုသော မည်သည့်လုပ်ငန်းကိုမဆို ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့်ဖြစ်စေ၊ နိုင်ငံသားနှင့်ဖက်စပ် ဖြစ်စေ လုပ်ကိုင်နိုင်သည်။

အထူးစီးပွားရေးဇုန်တွင် ကင်းလွတ်ဇုန်၊ လုပ်ငန်းမြှင့်တင်ရေးဇုန်နှင့် အခြားဇုန်များဟူ၍ ခွဲခြား သတ်မှတ်ထားနိုင်သည်။

ကင်းလွတ်ဇုန် ဟူသည် ဇုန်အတွင်းတည်ရှိသောကုန်စည်များနှင့် ဇုန်အတွင်းသို့ တင်သွင်းသည့် ကုန်စည်များအပေါ် အကောက်ခွန်နှင့်အခြားအခွန်အခများ ကင်းလွတ်ခွင့် ရှိသည့် နိုင်ငံတော် ပြင်ပတွင် ရှိသည်ဟု မှတ်ယူရမည့် နယ်မြေကို ဆိုပေသည်။

လုပ်ငန်းမြှင့်တင်ရေးဇုန်တွင်မူ အကောက်ခွန်နှင့်အခြားအခွန်အခများ ကင်းလွတ်ခွင့် မရှိဘဲ ကင်းလွတ်ဇုန်လုပ်ငန်းများတွင် အကျုံးမဝင်သောလုပ်ငန်းများ လုပ်ဆောင်သော နယ်မြေဖြစ်သည်။

အခြားဇုန်များဟူသည် ကင်းလွတ်ဇုန် နှင့် လုပ်ငန်းမြှင့်တင်ရေးဇုန်မှအပ နိုင်ငံတော် အစိုးရက အခါအားလျော်စွာသတ်မှတ်သော နယ်မြေကို ဆိုပေသည်။

၇။ အချုပ်

ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးတွင် နိုင်ငံ၏စီးပွားရေးနှင့်ကုန်ထုတ်စွမ်းအားကို အရှိန်အဟုန် ကြီးမားစွာဖြင့် စုစည်းမောင်းနှင်နိုင်မည့် လွတ်လပ်သော အထူးစီးပွားရေးဇုန်များကို အပြိုင်အဆိုင် တည်ထောင်လုပ်ဆောင်နေကြသည်။ မိမိတို့မြန်မာနိုင်ငံသည် ကမ္ဘာ့ပထဝီနိုင်ငံရေးအရ အချက်အချာကျသည့် ရေခံမြေခံကောင်းများရှိပါလျက် အထူးစီးပွားရေးဇုန်များကို ဖော်ထုတ်အကောင်အထည်ဖော်ရန် နောက်ကျကျန်နေပါက အခြားနိုင်ငံများနှင့် ယှဉ်လျှင် တစ်ရက်ဆိုလျှင်တစ်ရက် နစ်နာ ဆုံးရှုံးနေကြရတော့မည်ဖြစ်ရာ အထူးစီးပွားရေးဇုန်များသည် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေး အရှိန်အဟုန်မြင့်မားစေရေးအတွက် အလွန်အရေးပါသော တွန်းအားစုကြီးများ ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

ဦးသန်းမောင်(စစ်တွေ)

မြန်မာရေးရာ နေ့စွဲမှတ်တမ်းများ

ouf&m;o&ef

"၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ
၂၀၂၂ ခုနှစ် မတ်လ ၁၅ ရက်အတွင်း
မြန်မာနိုင်ငံတွင် အထင်ကရရှိခဲ့သော
အဖြစ်အပျက်နှင့် အကြောင်းအရာများကို
နေ့အလိုက် ရက်စွဲမှတ်တမ်းအဖြစ်
ဖော်ပြထားသည်များ ..."

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ

ဖေဖော်ဝါရီ ၁

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၁/၂၀၂၁) ဖြင့် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် ထုတ်ပြန်။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် "အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ" အစည်းအဝေး ကျင်းပပြုလုပ်။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များနှင့် တရားသူကြီးများ၊ အဂတိ တိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌတို့အား အမိန့်ကြေညာစာများ ထုတ်ပြန်ခန့်အပ်။

ဖေဖော်ဝါရီ ၂

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက အမိန့်အမှတ် (၉/၂၀၂၁) ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဖွဲ့စည်း။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်ထောင်စု ရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယရှေ့နေချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဗဟိုဘဏ်ဥက္ကဋ္ဌ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံ အုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့အား အမိန့်ကြေညာစာများ ထုတ်ပြန်ခန့်အပ်။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့်အမှတ် (၅/၂၀၂၁) ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်အား ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ပြောင်းရွှေ့တာဝန်ပေး။

ဖေဖော်ဝါရီ ၃

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်သူများ အနေဖြင့် ငွေကြေးနှင့်ဘဏ်လုပ်ငန်းများ ဆောင်ရွက်မှုများအပေါ် စိုးရိမ်မှုများမရှိဘဲ ယုံကြည်စိတ်ချစွာဖြင့် ဆက်လက်သုံးစွဲနိုင်ကြောင်း အသိပေးကြေညာချက်ထုတ်ပြန်။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီးများအား အမိန့်ကြေညာစာထုတ်ပြန်ခန့်အပ်။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြည့်စွက်ဖွဲ့စည်း။

ဖေဖော်ဝါရီ ၄

- ငွေကြေးဆိုင်ရာ ကောလာဟလများနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်က သတင်း ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီးများ၊ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးများအား အမိန့်ထုတ်ပြန် ခန့်အပ်။

ဖေဖော်ဝါရီ ၅

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော် သမ္မတရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့၏ အမည်များအား အမိန့်ထုတ်ပြန် ပြင်ဆင် သတ်မှတ်။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့် ကြေညာစာထုတ်ပြန်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့ ဖွဲ့စည်း။

ဖေဖော်ဝါရီ ၇

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်ထောင်စု ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီးများ၊တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးများ၊

မန္တလေးတိုင်း ဒေသကြီး စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန်နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်တို့အား အမိန့်ထုတ်ပြန်ခန့်အပ်။

ဖေဖော်ဝါရီ ၈

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်၏ အခြေအနေ အရပ်ရပ်အား ပြည်သူလူထုသို့ မိန့်ခွန်း ပြောကြား။
- တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိ မြို့နယ်များ၌ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ -၁၄၄ အရ အမိန့်ထုတ်ပြန်။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း ဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၏ စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတို့အား အမိန့်ထုတ်ပြန်ခန့်အပ်။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအား အမိန့်ထုတ်ပြန်ခန့်အပ်။

ဖေဖော်ဝါရီ ၁၀

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရန်ကုန် မြို့တော်စည်ပင်သာယာရေးဥပဒေနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေတို့ကို ပြင်ဆင်သည့်ဥပဒေများ အမိန့်ထုတ်ပြန် ပြဋ္ဌာန်း။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဗဟိုဘဏ် အဖွဲ့ဝင်များ အမိန့်ထုတ်ပြန်ခန့်အပ်။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီတို့ကို အမိန့် ထုတ်ပြန်ဖွဲ့စည်း။

ဖေဖော်ဝါရီ ၁၁

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်၏ အခြေအနေ အရပ်ရပ်အား ပြည်သူလူထုသို့ မိန့်ခွန်း ပြောကြား။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံခြား ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်

များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဝင်များ၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဝင်များနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များအား အမိန့်ထုတ်ပြန်ခန့်အပ်။

ဖေဖော်ဝါရီ ၁၂

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လွတ်ငြိမ်းချမ်းသာခွင့်အမိန့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်များ ထုတ်ပြန်။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆောက်လုပ်ရေး၀န်ကြီးဌာန၊ ဒုတိယ၀န်ကြီး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ အမိန့်ထုတ်ပြန် ခန့်အပ်။

ဖေဖော်ဝါရီ ၁၃

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေနှင့် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေတို့ကို ပြဋ္ဌာန်း။

ဖေဖော်ဝါရီ ၁၄

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရာဇသတ် ကြီးကို ပြင်ဆင်သည့်ဥပဒေနှင့် ရာဇဝတ်ကျင့်ထုံးကို ပြင်ဆင်သည့် ဥပဒေတို့ကို ပြဋ္ဌာန်း။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ အမိန့်ထုတ်ပြန် ဖြည့်စွက်ဖွဲ့စည်း။

ဖေဖော်ဝါရီ ၁၅

- မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သဝဏ်လွှာပေးပို့။

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း။

ဖေဖော်ဝါရီ ၁၆

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပညာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးများ၊ ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များအား အမိန့်ထုတ်ပြန်ခန့်အပ်။

ဖေဖော်ဝါရီ ၁၈

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဗဟိုဘဏ် အဖွဲ့ဝင်များ အမိန့်ထုတ်ပြန်ခန့်အပ်။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအား အမိန့်ထုတ်ပြန်ခန့်အပ်။

ဖေဖော်ဝါရီ ၂၀

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့အား အမိန့်ထုတ်ပြန်၍ တာဝန်မှရပ်စဲ။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အဂတိ လိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များအား အမိန့်ထုတ်ပြန် ခန့်အပ်။

ဖေဖော်ဝါရီ ၂၁

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့အား အမိန့်ထုတ်ပြန် ခန့်အပ်။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနက နိုင်ငံခြားသံရုံးအချို့၊ ပြည်ပနိုင်ငံအချို့နှင့် ကုလသမဂ္ဂအဖွဲ့အစည်းတို့အား ၁၉၆၁ ခုနှစ် မိယင်နာကွန်ဗင်းရှင်း၊ အပိုဒ် ၄၁ တွင် သံတမန်များသည် နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း မပြုသင့်ဘဲ လက်ခံသည့်နိုင်ငံ၏ ဥပဒေနှင့်

စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်နှင့်ပတ်သက်၍ သတင်း ထုတ်ပြန်ချက် တစ်ရပ် ထုတ်ပြန်။

ဖေဖော်ဝါရီ ၂၃

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ အမိန့်ထုတ်ပြန် ခန့်အပ်။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုသည့် ဆန္ဒမဲလက်မှတ်ရိုက်နှိပ်မှုနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက် ထုတ်ပြန်။

ဖေဖော်ဝါရီ ၂၄

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များအား အမိန့် ထုတ်ပြန် ဖြည့်စွက်ဖွဲ့စည်း။

ဖေဖော်ဝါရီ ၂၅

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လွှတ်တော် ကိုယ်စားပြုကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေမှုအပေါ် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာ။

ဖေဖော်ဝါရီ ၂၆

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ အမိန့်ထုတ်ပြန်ခန့်အပ်။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကယား ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ အမိန့်ထုတ်ပြန် အစားထိုးခန့်အပ်။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်။

ဖေဖော်ဝါရီ ၂၇

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနက မြန်မာအမြဲတမ်း ကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်မိုးထွန်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်တို့အား ၂၇-၂-၂၀၂၂ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအရ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ် (Dismiss) ခဲ့ပြီးဖြစ်ကြောင်း သတင်းထုတ်ပြန်ချက် တစ်ရပ် ထုတ်ပြန်။

၂၀၂၁ ခုနှစ်၊ မတ်လ

မတ် ၁

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်များအား အမိန့် ထုတ်ပြန်ခန့်အပ်။

မတ် ၄

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဒုတိယ ရှေ့နေချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်များအား အမိန့်ထုတ်ပြန် ခန့်အပ်။

မတ် ၅

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော် သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH ကဖွဲ့စည်းသည့် အဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက် တစ်ရပ် ထုတ်ပြန်။

မတ် ၈

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြန်ကြားရေးဝန်ကြီးဌာနက သတင်းဌာန ၅ ခုအား ထုတ်ဝေခြင်းလုပ်ငန်း ပိတ်သိမ်းကြောင်း အမိန့်ထုတ်ပြန်။

မတ် ၁၁

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟို အဖွဲ့က United league of Arakan (ULA) / Arakan Army (AA)

လက်နက်ကိုင်အဖွဲ့အား အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားခြင်းမှ ပြန်လည်ရုပ်သိမ်း။

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီး ဌာနများတွင် ဒုတိယဝန်ကြီးများအမိန့်ထုတ်ပြန်ခန့်အပ်။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန် ရေးအဖွဲ့က သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်။

မတ် ၁၄

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးအား လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်များအတွင်း အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေးအာဏာ အပ်နှင်း။

မတ် ၁၅

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စစ်အုပ်ချုပ်ရေး အမိန့်အမှတ် (၂/၂၀၂၁) နှင့် (၃/၂၀၂၁) တို့အား ထုတ်ပြန်။

မတ် ၁၇

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဒေါက်တာ ဗညားအောင်မိုးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်အဖြစ် အမိန့်ထုတ်ပြန် ခန့်အပ်။

မတ် ၂၁

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ပြည်ထဲရေးဝန်ကြီးဌာနကပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw–CRPH) အား မတရားအသင်းအဖြစ် အမိန့်ထုတ်ပြန်ကြေညာ။

မတ် ၂၄

- လူ့အခွင့်အရေးကောင်စီ၏ (၄၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အီးယူမှ တင်သွင်းသည့် ဆုံးဖြတ်ချက်အဆိုမူကြမ်းကို မြန်မာနိုင်ငံက ပါဝင်ပတ်သက်ခြင်းမပြုဘဲ ပယ်ချ။

မတ် ၃၀

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေး အဖွဲ့ အဖွဲ့ဝင်တို့အား အမိန့်ထုတ်ပြန်ခန့်အပ်။

၂၀၂၁ ခုနှစ်၊ ဧပြီလ

ဧပြီ ၂

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မန္တလေး မြို့တော် စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး။

ဧပြီ ၆

- အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်တို့အား ခန့်အပ်တာဝန်ပေး။
- ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီက ဖွဲ့စည်းသည့် အမျိုးသားညီညွတ်ရေးအစိုးရ အဖွဲ့ (national Unity Government– NUG) နှင့် ယင်းအဖွဲ့တွင် ပါဝင်သူများသည် မတရား အသင်းနှင့် မတရားအသင်းဝင်များဖြစ်ကြောင်း သတင်းထုတ်ပြန်။

ဧပြီ ၂၀

- ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အရ အရေးယူခံထားရသည့် ဆရာဝန်များအား နိုင်ငံကူး လက်မှတ်များ ပယ်ဖျက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာ။

ဧပြီ ၂၃

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးများ အမိန့်ထုတ်ပြန် ခန့်အပ်။

ဧပြီ ၂၄

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံနိုင်ငံခေါင်းဆောင်များအစည်းအဝေးသို့ တက်ရောက်။

ဧပြီ ၂၆

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က အာဆီယံနိုင်ငံခြေခြင်းဆောင်များ အစည်းအဝေးဆိုင်ရာ သတင်းထုတ်ပြန်ချက် ထုတ်ပြန်။

ဧပြီ ၂၉

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပြဋ္ဌာန်း။

၂၀၂၁ မေ

မေ ၃

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စက်မှု ဝန်ကြီးဌာနတို့အဖြစ် ပြင်ဆင်ဖွဲ့စည်း။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအား စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ပြောင်းရွှေ့တာဝန်ပေးအပ်။

မေ ၅

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအား ပြည်ထဲရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ပြင်ဆင်ဖွဲ့စည်း။

မေ ၈

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw–CRPH)၊ ယင်းကဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government–NUG)၊ ယင်းကဖွဲ့စည်းသည့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force–PDF) နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းအားလုံးကို အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာ။

မေ ၁၁

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား အမိန့်ထုတ်ပြန်ခန့်အပ်။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအား ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေး။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကာကွယ် ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအား အမိန့်ထုတ်ပြန်ခန့်အပ်။

မေ ၁၂

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်အား အမိန့်ထုတ်ပြန်ခန့်အပ်။

မေ ၁၃

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မင်းတပ်မြို့နယ်အတွင်း စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၄/၂၀၂၁ ထုတ်ပြန်။

မေ ၂၀

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်အား အမိန့်ထုတ်ပြန်ခန့်အပ်။

မေ ၂၂

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စက်မှုဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီးအား အမိန့်ထုတ်ပြန်ခန့်အပ်။

မေ ၂၄

- နိုင်ငံတော်သမ္မတ(ဟောင်း) ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်(ဟောင်း) ဒေါ်အောင်ဆန်းစုကြည်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ(ဟောင်း) ဒေါက်တာမျိုးအောင်တို့အပေါ် စွဲဆိုထားသည့်အမှုများကို သီးသန့်တရားရုံး၌ တရားစီရင်ရေးလုပ်ငန်းများ စတင် ဆောင်ရွက်။

၂၀၂၁ ခုနှစ်

ဇွန် ၄

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ ဘရူနိုင်းဒါရုဿလမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E. Dato Erywan Pehin Yusof နှင့် အာဆီယံ အတွင်းရေးမှူးချုပ် H.E. Dato Lim Jock Hoi တို့အား လက်ခံတွေ့ဆုံ။

ဇွန် ၅

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာတရုတ်သံအမတ်ကြီး H.E. Mr. Chen Hai အား လက်ခံတွေ့ဆုံ၍ တရုတ်-မြန်မာချစ်ကြည်ရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး။

ဇွန် ၉

- နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်(ဟောင်း) ဒေါ်အောင်ဆန်းစုကြည်၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် (ဟောင်း) ဒေါက်တာ မျိုးအောင်၊ ဒုတိယ မြို့တော်ဝန် (ဟောင်း) ဦးရဲမင်းဦး၊ နေပြည်တော်စည်ပင် သာယာရေးကော်မတီဝင် (ဟောင်း) ဦးမင်းသူတို့အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူ။

ဇွန် ၁၀

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပဲခူးတိုင်း ဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တနင်္သာရီတိုင်း ဒေသကြီး တရားလွှတ်တော် တရားသူကြီးနှင့် ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးတို့အား အမိန့်ထုတ်ပြန် ခန့်အပ်။

ဇွန် ၁၄

- နိုင်ငံတော်သမ္မတ(ဟောင်း) ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် (ဟောင်း) ဒေါ်အောင်ဆန်းစုကြည်တို့အား ဇမ္ဗူသီရိမြို့နယ်၊ သီးသန့်တရားရုံး၌ စစ်ဆေးမှု စတင် ဆောင်ရွက်။

ဇွန် ၁၇

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ပြဋ္ဌာန်း။

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအား အမိန့်ထုတ်ပြန်ဖွဲ့စည်း။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပညာရေး ဝန်ကြီးဌာနအား ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနများ အဖြစ် ပြင်ဆင်ဖွဲ့စည်း။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား အမိန့်ထုတ်ပြန်ခန့်အပ်။

ဇွန် ၂၀

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ (၉) ကြိမ်မြောက် နိုင်ငံတကာ လုံခြုံရေး ဆိုင်ရာညီလာခံသို့တက်ရောက်ရန် ရုရှားနိုင်ငံသို့ ထွက်ခွာ။

ဇွန် ၂၁

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီ အတွင်းရေးမှူးနှင့် Rosoboronexport ကုမ္ပဏီ၊ ညွှန်ကြားရေးမှူးချုပ်တို့အား သီးခြားစီတွေ့ဆုံဆွေးနွေး။

ဇွန် ၂၃

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၉) ကြိမ်မြောက် မော်စကိုနိုင်ငံတကာ လုံခြုံရေးဆိုင်ရာ ညီလာခံ (MCIS–2021) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဆွေးနွေး။

ဇွန် ၂၄

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စစ်ဘက်ဆိုင်ရာတက္ကသိုလ်မှ “ဂုဏ်ထူးဆောင် ပါမောက္ခ” ဘွဲ့ ပေးအပ်ချီးမြှင့်။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သမ ဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား အမိန့်ထုတ်ပြန် ခန့်အပ်။

ဇွန် ၂၈

- အနုပညာရှင် ၂၄ ဦးအား ပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ်ထားခြင်းမှ ရုပ်သိမ်းပေးလိုက်ကြောင်း သတင်းထုတ်ပြန်။

၂၀၂၁ ဇူလိုင်
ဇူလိုင် ၁၄

- အာဆီယံ-အမေရိကန် နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေး Video Conferencing ဖြင့် ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင် တက် ရောက်။

ဇူလိုင် ၂၀

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကြားနာ စစ်ဆေးဆဲပြစ်မှုဆိုင်ရာ အမှုများပိတ်သိမ်း။

ဇူလိုင် ၂၆

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲရလဒ်များပယ်ဖျက်ကြောင်း ကြေညာချက်ထုတ်ပြန်။

၂၀၂၁ ဩဂုတ်
ဩဂုတ် ၁

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌများအား တာဝန်မှ အနားယူခွင့်ပြု။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) နှင့်၊ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂)၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနအား အလုပ်သမားဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအား ကျန်းမာရေးဝန်ကြီးဌာနနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနများအဖြစ် ပြင်ဆင်ဖွဲ့စည်း။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁)၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂)၊ အလုပ်သမား ဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားနှင့်လူငယ်ရေး

ရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးများအား အမိန့်ထုတ်ပြန် ခန့်အပ်။

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ် တာဝန်ပေး။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ ပြင်ဆင်ဖွဲ့စည်း။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ အမိန့်ထုတ်ပြန်ခန့်အပ်။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီးပွားရေးရာဝန်ကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သယံဇာတရေးရာဝန်ကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုရေးရာဝန်ကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးများ အမိန့်ထုတ်ပြန်ခန့်အပ်။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့အဖြစ် ပြင်ဆင်ဖွဲ့စည်း။

ဩဂုတ် ၄

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးများ အမိန့်ထုတ်ပြန်ခန့်အပ်။

ဩဂုတ် ၅

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား အမိန့် ထုတ်ပြန်ခန့်အပ်။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အဂတိ လိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် သူရဦးဘိုနီအား ပြည်ထောင်စုရာထူးဝန် အဖွဲ့၊ အဖွဲ့ဝင်အဖြစ် အမိန့်ထုတ်ပြန်ခန့်အပ်။

ဩဂုတ် ၈

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ (၅၄) နှစ်မြောက် အာဆီယံနှစ်ပတ်လည် နေ့တွင် ပြည်သူများသို့ သဝဏ်လွှာပေးပို့။

ဩဂုတ် ၁၁

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအား အမိန့်ထုတ် ပြန် ခန့်အပ်။

ဩဂုတ် ၂၄

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေနှင့် ရာဇဝတ်ကျင့်ထုံးကို ပြင်ဆင်သည့် ဥပဒေများအား ပြဋ္ဌာန်း။

ဩဂုတ် ၂၅

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအား အမိန့်ထုတ်ပြန်ခန့်အပ်။

ဩဂုတ် ၃၀

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်ထောင်စု ရှေ့နေချုပ်ရုံးအား ဥပဒေရေးရာဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်း။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဥပဒေရေးရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်တို့အား အမိန့်ထုတ်ပြန်ခန့်အပ်။

၂၀၂၁ စက်တင်ဘာ

စက်တင်ဘာ ၁

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကချင်ပြည်နယ် အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအား အစားထိုးခန့်အပ်။

စက်တင်ဘာ ၇

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၁၈ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း။

စက်တင်ဘာ ၉

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ အိမ်စောင့် အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သတ္တမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး (7th Greater Mekong Sub-region Summit) သို့ Video Conference စနစ်ဖြင့် တက်ရောက်မိန့်ခွန်းပြောကြား။

စက်တင်ဘာ ၁၀

- မြန်မာနိုင်ငံက အလှည့်ကျသဘာပတိအဖြစ် ဆောင်ရွက်သည့် (၁၃) ကြိမ်မြောက် ကမ္ဘောဒီးယား၊ မြန်မာ၊ လာအို၊ ဗီယက်နမ် စီးပွားရေးဝန်ကြီးများအစည်းအဝေး အောင်မြင်စွာ ကျင်းပ။

စက်တင်ဘာ ၂၅

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံအပေါ် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ချမှတ်ထားသည့် လူ့အခွင့်အရေးယန္တရားများနှင့် ကျင့်ဝတ်ပျက်ပြား သောကောက်ချက်ချမှုများကို ပယ်ချ။

စက်တင်ဘာ ၂၇

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ - ၂၀၂၁ အထိမ်းအမှတ်အခမ်းအနားသို့ အမှာစကား ပေးပို့။

စက်တင်ဘာ ၂၈

၁။ အပြောင်းအလဲကပေးသည့် အခွင့်အလမ်းများကို ရှာဖွေမည့် မြန်မာ-ရုရှား စီးပွားရေး လုပ်ငန်းရှင်များ ဆွေးနွေးပွဲကျင်း။

၂၀၂၁ အောက်တိုဘာ

အောက်တိုဘာ ၃

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပို့ကုန်တင်ပို့သူက ပို့ကုန်ရငွေကို ပို့ကုန်တင်ပို့သည့်နေ့မှ သတ်မှတ်ကာလ အတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် မပျက်မကွက် ထည့်သွင်းရမည် ဖြစ်ကြောင်း အမိန့်ကြော်ငြာစာထုတ်ပြန်။

အောက်တိုဘာ ၅

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ သဝဏ်လွှာပေးပို့။

အောက်တိုဘာ ၆

- တပ်မတော်(ရေ)နှင့်အတူပိုင်နက်ပင်လယ်ပြင်နှင့်ရေကြောင်းအကျိုးစီးပွားများ၊ ရေကြောင်းသယံဇာတများကို ကာကွယ်စောင့်ရှောက်ရန်နှင့် ရေကြောင်းလုံခြုံရေး (Maritime Security) ထိန်းသိမ်းစောင့်ရှောက်ရန် မြန်မာနိုင်ငံကမ်းခြေ စောင့်တပ်ဖွဲ့အား စတင်ဖွဲ့စည်း။

အောက်တိုဘာ ၁၅

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည် နေ့တွင် သဝဏ်လွှာပေးပို့။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များနှင့် ဆက်စပ်ပါဝင်သူ ၁၁၄ ဦးတို့အား အမှုမှပိတ်သိမ်း။

အောက်တိုဘာ ၁၆

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံခြားရေးဝန်ကြီးဌာနက အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ အထူးအစည်းအဝေးတွင် အာဆီယံ အဖွဲ့ဝင်နိုင်ငံအချို့က ဆွေးနွေးပြောကြားခဲ့သည့် အာဆီယံအစည်းအဝေးများ တက်ရောက်ရေးကိစ္စအပါအဝင် ကိုယ်စားပြုမှု ဆိုင်ရာကိစ္စများနှင့် တူညီဆန္ဒ မရှိဘဲ ဆောင်ရွက်ခဲ့မှုများသည် အာဆီယံ၏ ပဋိညာဉ် စာတမ်းနှင့် အခြေခံ

မူများတွင် ပြဋ္ဌာန်းထားမှုမရှိခြင်း၊ အာဆီယံ၏ ရည်ရွယ်ချက်တို့နှင့် ဆန့်ကျင်ကြောင်း တွေ့ရှိရသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် လွန်စွာ စိတ်ပျက်မိပြီး ပြင်းထန်စွာကန့်ကွက်ကြောင်း သတင်းထုတ်ပြန်။

အောက်တိုဘာ ၁၈

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်သူလူထုသို့ မိန့်ခွန်းပြောကြား။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၁၈ ခုနှစ်၊ မြန်မာသမိုင်းဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း။
- တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးမှ အကျဉ်းကျခံနေရသော အကျဉ်းသား/သူ ၁၃၁၆ ဦးတို့ကို ပြစ်ဒဏ်များလျှော့ပေါ့၍ လွတ်ငြိမ်း သက်သာခွင့်ပြု။

အောက်တိုဘာ ၂၄

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ (၇ဖြ) နှစ်မြောက် ကုလသမဂ္ဂနှစ်ပတ်လည်နေ့သို့ သဝဏ်လွှာပေးပို့။
- ကုလသမဂ္ဂအဖွဲ့၏ ရည်ရွယ်ချက်၊ မူဝါဒများနှင့် ဆန့်ကျင်သည့် အစီရင်ခံစာနှင့် ဆွေးနွေးမှုများကို မြန်မာနိုင်ငံက ပယ်ချ။

အောက်တိုဘာ ၂၆

- မြန်မာနိုင်ငံအနေဖြင့် တူညီဆန္ဒ (၅) ချက် အကောင်အထည်ဖော်ရာတွင် အာဆီယံနှင့် အပြုသဘော ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းထုတ်ပြန်။

အောက်တိုဘာ ၂၈

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးအသင်း ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း။

၂၀၂၁ နိုဝင်ဘာ

နိုဝင်ဘာ ၁

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဥ လပြည့် နိုင်ငံတော်တာဝန် ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိန့်ခွန်းပြောကြား။
- ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ ပြဋ္ဌာန်း။

နိုဝင်ဘာ ၂

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း မစ္စတာ ဘီလ်ရစ်ချက်ဆန်အား လက်ခံတွေ့ဆုံ။

နိုဝင်ဘာ ၅

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲ စနစ် ဆွေးနွေးပွဲကျင်းပ။

နိုဝင်ဘာ ၁၂

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူး ကြီး မင်းအောင်လှိုင် ရုရှား-မြန်မာ စစ်ဘက်နည်းပညာ ပူးပေါင်း ဆောင်ရွက်ရေး ပူးတွဲကော်မရှင်ဥက္ကဋ္ဌ၊ FSMTC of Russia ၏ ဒုတိယ ညွှန်ကြားရေးမှူးနှင့် JSC “Rosoboronexport” ကုမ္ပဏီမှ ဒုတိယညွှန်ကြားရေး မှူးချုပ်တို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ။

နိုဝင်ဘာ ၁၃

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေး ဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ H.E.Mr.Yohei SASAKAWA အား လက်ခံတွေ့ဆုံ။

နိုဝင်ဘာ ၁၅

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ဗီနေးကူးမားအား ခန့်အပ်ရန် သဘောတူ။

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ မြန်မာနိုင်ငံဆိုင်ရာ တီမော လက်စ်တေ ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ အန်တိုနီတို ဒဲ အာရာဝီဂျူအား ခန့်အပ်ရန်သဘောတူ။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား လက်ခံတွေ့ဆုံ။

နိုဝင်ဘာ ၁၆

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ (National Development and Peace Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင် ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်း။

နိုဝင်ဘာ ၁၈

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနက မြန်မာ နိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏အဆိုကို နိုင်ငံရေး သွတ်သွင်းနေမှုထက် ပို၍ မည်သည့်အကြောင်းပြချက်မျှ မရှိဟု ရှုမြင်ကြောင်း သတင်းထုတ်ပြန်။

နိုဝင်ဘာ ၂၂

- စတုတ္ထအကြိမ်မြောက်ကမ္ဘာ့မီဒီယာထိပ်သီးဆွေးနွေးပွဲသို့မြန်မာကိုယ်စားလှယ် အဖွဲ့ ပါဝင် တက်ရောက်။

နိုဝင်ဘာ ၂၄

- မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များ ကတိသစ္စာပြုခြင်း အခမ်းအနား ကျင်းပ။

နိုဝင်ဘာ ၂၇

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ် မှူးကြီး မင်းအောင်လှိုင်ထံမှ (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားသို့ သဝဏ်လွှာပေးပို့။
- အမေရိကန်ပြည်ထောင်စုအပါအဝင် နိုင်ငံအချို့က ၂၆-၁၁-၂၀၂၁ ရက်က ထုတ်ပြန်ကြေညာခဲ့သည့် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ပူးတွဲကြေညာချက် ကို မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်စွာကန့်ကွက်ကြောင်း သတင်းထုတ်ပြန်။

နိဝင်ဘာ ၃၀

- နိုင်ငံတော်သမ္မတ(ဟောင်း) ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံ(ဟောင်း) ဒေါ်အောင်ဆန်းစုကြည်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူ။

၂၀၂၁ ဒီဇင်ဘာ

ဒီဇင်ဘာ ၃

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သံအမတ်ကြီး ဦးလွင်ဦး ရုရှား ဖက်ဒရေးရှင်း နိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်။

ဒီဇင်ဘာ ၆

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဦးဝင်းမြင့်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့အား ဇမ္ဗူသီရိမြို့နယ်(သီးသန့်) တရားရုံးက ချမှတ်ထားသော သတ်မှတ်ပြစ်ဒဏ်များအား လျှော့ပေါ့ လွှတ်ငြိမ်းသက်သာခွင့်ဆောင်ရွက်ပေး။

ဒီဇင်ဘာ ၈

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားဘုရင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General VONG PISEN တို့ Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေး။

ဒီဇင်ဘာ ၉

- ပြည်တွင်းရေးစွက်ဖက်မှုများနှင့် သတင်းမှားအပေါ် အခြေခံသည့် ထုတ်ပြန်ချက်များအား ကန့်ကွက်ကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်။

ဒီဇင်ဘာ ၁၀

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ (၇၃) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ သဝဏ်လွှာ ပေးပို့။

ဒီဇင်ဘာ ၁၄

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က တရုတ်-မြန်မာ နှစ်နိုင်ငံနယ်စပ်ဒေသတွင် ယွမ်/ ကျပ် တိုက်ရိုက်အသုံးပြုပေးချေဆောင်ရွက်ခွင့်နှင့် ပတ်သက်၍ အမိန့်ကြော်ငြာစာတစ်ရပ် ထုတ်ပြန်။

ဒီဇင်ဘာ ၁၆

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ။

ဒီဇင်ဘာ ၁၇

- ကုလသမ္မဂအထွေထွေညီလာခံ၏ တတိယကော်မတီတွင် "မြန်မာနိုင်ငံရှိ "ရိုဟင်ဂျာ" ဆိုသူ မွတ်စလင်များနှင့် အခြားလူနည်းစုများ၏လူ့အခွင့်အရေးအခြေအနေ" ဟု ခေါင်းစဉ်တပ်ထားသည့် ဆုံးဖြတ်ချက်အဆိုကို အတည်ပြုခဲ့သည့်အပေါ် မြန်မာနိုင်ငံက ပြင်းထန်စွာကန့်ကွက်။

ဒီဇင်ဘာ ၂၃

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန၊ နိုင်ငံခြားရေးအတွင်းဝန် ရှရီ ဟာ့ရှ် ဗာ့ဒ်ဟန် ရှရင်ဂလာအား လက်ခံတွေ့ဆုံ။
- မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့က ဦးဆောင်၍ (၁၂) ကြိမ်မြောက် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့ အစည်းအဝေး ကျင်းပ။

ဒီဇင်ဘာ ၂၄

- (၇၄) နှစ်မြောက် တပ်မတော်(ရေ) နေ့ အထိမ်းအမှတ် ရေငုပ်သင်္ဘော စစ်ရေယာဉ် (မင်းရဲကျော်ထင်) အပါအဝင် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားကျင်းပ။

ဒီဇင်ဘာ ၂၈

- ယူအေအီးနိုင်ငံ၊ ဒူဘိုင်းမြို့မှ Relief Flight ဖြင့် ပြန်လည်ဝင်ရောက်လာသူ မြန်မာနိုင်ငံသား (၄) ဦး၏ ဓာတ်ခွဲနမူနာများတွင် SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုး စတင်တွေ့ရှိ။

၂၀၂၂ ဇန်နဝါရီ

ဇန်နဝါရီ ၁

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၂ ခုနှစ် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြား။

ဇန်နဝါရီ ၃

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့။

ဇန်နဝါရီ ၄

- (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့၊ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကျင်းပ။

ဇန်နဝါရီ ၇

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ်တို့ ဦးဆောင်၍ မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ။

ဇန်နဝါရီ ၁၀

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နယ်စပ် ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအား အမိန့်ထုတ်ပြန်ခန့်အပ်။
- မြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အစီအမံများအပေါ် လိုက်နာရန်ပျက်ကွက်ခဲ့သည့် အမေရိကန်နိုင်ငံသား နှစ်ဦးနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်။

ဇန်နဝါရီ ၂၅

- ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ဟောင်း) ဦးမင်းသူအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ။

ဧန်နဝါရီ ၂၆

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN တို့ Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေး။

ဧန်နဝါရီ ၂၇

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒုတိယအကြိမ် အာဆီယံဒီဂျစ်တယ်ဆိုင်ရာဝန်ကြီးများ အစည်းအဝေးသို့ အဖွင့်အမှာစကားပေးပို့။

ဧန်နဝါရီ ၂၉

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေပွဲတော် တက်ရောက်ဖွင့်လှစ်။

ဧန်နဝါရီ ၃၁

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ် ပုဒ်မ ၄၅ နှင့်အညီ နိုင်ငံ တစ်ဝန်းလုံး အရေးပေါ် အခြေအနေ ကြေညာထားသည့်ကာလအား ခြောက်လသက်တမ်းတိုးမြှင့်ကြောင်း ကြေညာချက်အမှတ် (၁/၂၀၂၂) ထုတ်ပြန်။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး (၁/၂၀၂၂) ကျင်းပ။

၂၀၂၂ ဖေဖော်ဝါရီ

ဖေဖော်ဝါရီ ၁

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရန်ကုန် တိုင်းဒေသကြီးနှင့် ကယားပြည်နယ်ဝန်ကြီးချုပ်များ အမိန့်ထုတ်ပြန် ခန့်အပ်။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်တစ်ဦး အမိန့်ထုတ်ပြန် ခန့်အပ်။

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၁) နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိန့်ခွန်းပြောကြား။

ဖေဖော်ဝါရီ ၃

- နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်(ဟောင်း) ဒေါ်အောင်ဆန်းစုကြည်အပေါ် အဂတိ လိုက်စားမှုတိုက်ဖျက်ရေး ဥပဒေဖြင့် ထပ်မံဖွင့်လှစ်အရေးယူ။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် အမိန့်ထုတ်ပြန်ခန့်အပ်။

ဖေဖော်ဝါရီ ၅

- (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် ရန်ကုန်-စစ်တွေ လမ်းပေါ်ရှိ ရာမောင်တံတားဖွင့်ပွဲ ကျင်းပ။

ဖေဖော်ဝါရီ ၆

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားသို့ ဖိတ်ကြားခြင်း ကြေညာချက်ထုတ်ပြန်။

ဖေဖော်ဝါရီ ၈

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအား အမိန့်ထုတ်ပြန် ခန့်အပ်။
- (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနား၌ အလေးပြုခြင်းခံယူမည့် ပြည်ထောင်စုအလံတော်အား ရန်ကုန်မြို့မှ နေပြည်တော်သို့ သယ်ဆောင်။

ဖေဖော်ဝါရီ ၁၂

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အကျဉ်းသား (၈၁၄) ဦးနှင့် သီရိလင်္ကာနိုင်ငံသား (၇) ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုပြီး AA အဖွဲ့ဝင်များနှင့် ဆက်စပ်သူ ၄၆ ဦး၏ စစ်ဆေးဆဲအမှုများကို ပိတ်သိမ်း။

ဖေဖော်ဝါရီ ၁၃

- အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တွေ့ဆုံ။

ဖေဖော်ဝါရီ ၁၄

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဘက်စုံ ပို့ဆောင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း။

ဖေဖော်ဝါရီ ၂၀

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနက အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများ၏ သီးသန့်အစည်းအဝေးကျင်းပခြင်းအပေါ် သတင်းထုတ်ပြန်။

ဖေဖော်ဝါရီ ၂၁

- အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) တွင် မြန်မာနိုင်ငံက တင်သွင်းခဲ့သော ကနဦး ကန့်ကွက်လွှာဆိုင်ရာ ကြားနာပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်။

ဖေဖော်ဝါရီ ၂၈

- ကယားပြည်နယ်ဝန်ကြီးချုပ်(ဟောင်း) ဦးအယ်လ်ဖောင်းရှိနှင့် စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီး(ဟောင်း) ဦးအောင်ကျော်ဌေးတို့အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ။

၂၀၂၂ မတ်

မတ် ၁

- အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၅ အရ တရားစွဲဆိုခံရသည့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးဟောင်း ဒေါ်နီလာကျော်အပေါ် စီရင်ချက်အမိန့်ချမှတ်။
- ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ ပြဋ္ဌာန်း။

မတ် ၂

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ တောင်သူလယ်သမားနေ့ အခမ်းအနားသို့ သဝဏ်လွှာပေးပို့။
- နိုင်ငံတော်၏ တည်ဆဲဥပဒေများကို ကျူးလွန်ဖောက်ဖျက်မှုကြောင့် ပြစ်ဒဏ် ကျခံလျက်ရှိသော အနုပညာရှင်အချို့အား နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်နိုင်စေရေးအတွက် ၎င်းတို့ကျခံရန်ရှိသည့် ပြစ်ဒဏ်များကို လွှတ်ငြိမ်းခွင့်ပြု။

မတ် ၃

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထိုင်း-မြန်မာ နှစ်နိုင်ငံ နယ်စပ်ဒေသတွင် ဘတ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေမှုကို ဆောင်ရွက်ခွင့်ပြု။

မတ် ၄

- နိုင်ငံတော်၏ တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်ပြီး ပြည်ပနိုင်ငံများသို့ တရားမဝင် ထွက်ခွာသွားသော ပုဂ္ဂိုလ် (၁၁) ဦးအား နိုင်ငံသားအဖြစ်မှ ရပ်စဲ။

မတ် ၆

- အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) တွင် ကျင်းပပြုလုပ်ခဲ့သည့် ကနဦးကြုံတင် ကန့်ကွက်ခြင်း ကြားနာပွဲသို့ တက်ရောက်ခဲ့သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုမှတ်တမ်းတင်။

မတ် ၇

- နိုင်ငံတော်၏ တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်ပြီး ပြည်ပနိုင်ငံများသို့ တရားမဝင် ထွက်ခွာသွားသော ပုဂ္ဂိုလ် (၅) ဦးအား နိုင်ငံသားအဖြစ်မှ ရပ်စဲ။

မတ် ၈

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ Video Message အဖွင့်မိန့်ခွန်းပေးပို့။

မတ် ၉

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mrs. Suphatra Srimaitreephithak အား လက်ခံတွေ့ဆုံ။

မတ် ၁၅

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအား အမိန့်ထုတ်ပြန်ခန့်အပ်။

သက်ထားသူရိန် စုစည်းတင်ပြသည်။

မြန်မာရေးရာလေ့လာရေးအဖွဲ့၏ နိဒါန်းစကား

- မြန်မာနှင့် အာဆီယံ ဆက်ဆံရေး ရှေ့ခရီး

မျက်နှာဖုံးဆောင်းပါးများ

၁။ ယနေ့ မြန်မာ အာဆီယံဆက်ဆံရေးအပေါ် ပထဝီနိုင်ငံရေး သမိုင်းနောက်ခံ ရှုမြင်ချက်နှင့် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံမှ ချဉ်းကပ်ခြင်း

၂။ ပြောင်းလွယ်ပြင်လွယ်သော ထိတွေ့ဆက်ဆံမှုကိုဦးတည်လာသည့် အာဆီယံ

၃။ အရှေ့တောင်အာရှနိုင်ငံများအသင်းနှင့် မြန်မာ၏ဆက်ဆံရေး လုံခြုံရေးရှုထောင့်မှ သုံးသပ်ချက်

၄။ ဘူးသီးဖို့ကအရင် အရိုးတော်ဖို့ကနောက်

နိုင်ငံရေး

၅။ သမိုင်းအတွေ့အကြုံများမှ သင်ခန်းစာယူတတ်ရမည်

၆။ မျိုးချစ် ပြည်ချစ် စိတ်ဓာတ် (သို့မဟုတ်) ပြည်ထောင်စုစိတ်ဓာတ်

၇။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ PR နှင့် မြန်မာ့အနာဂတ်

၈။ ကြွက်ထောင်ချောက်

၉။ Principle (ခေါ်) စည်းမျဉ်းဥပဒေ လွမ်းမိုးမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် မြန်မာနိုင်ငံ

၁၀။ မြန်မာ့သမိုင်းမှပြောသော မြန်မာ့နိုင်ငံရေးအတွေးအခေါ်

စာကောင်းပေမွန်

၁၁။ တပ်မတော်ဖြိုခွဲရေးအစီအစဉ်

၁၂။ တာရေသွန်းမြူး လတန်ခူး

၁၃။ မြန်မာပထမစစ်သတင်းထောက်

စီးပွားရေး

၁၄။ ကုမ္ပဏီများရဲ့ လူမှုရေးဆိုင်ရာ တာဝန်ရှိခြင်း

၁၅။ ကိုဗစ် - ၁၉ အလွန် ရင်းနှီးမြှုပ်နှံမှုမူဝါဒ အပြောင်းအလဲများ

၁၆။ အိတ်စပို့ သို့မဟုတ် ဒိုင်း (Export or Die)

လူမှုရေးနှင့်အထွေထွေ

၁၇။ ပညာလိုလား ကြိုးစားကြပါစို့

၁၈။ လွတ်လပ်သည့်အရည်အသွေးမြင့် ရန်ကုန်တက္ကသိုလ်ဆီသို့

၁၉။ ကိုဗစ်ကောက်ကြောင်း (ကူးစက်မြန်ပြင်းထန်အဆုတ်ရောင်ရောဂါများ)

၂၀။ သောက်သုံးရေ ဖူလုံရေးနှင့် မြန်မာ

၂၁။ Gen Y နှင့် Gen Z တို့၏ အမူအကျင့်များ

ယဉ်ကျေးမှု

၂၂။ မြန်မာ့ခေါင်းပေါင်းဓလေ့

၂၃။ အနုပ္ပသူရိယကျောက်စာကပြောသော သမိုင်း

၂၄။ ကနောင်မင်းသားကြီး၊ ဆမားဒူးဝါဆင်ဝါးနောင်တို့နှင့် စက်မှုနိုင်ငံတော်အိပ်မက်

၂၅။ လက်ဆင့်ကမ်း မျိုးဆက်တာဝန်ဖြင့် အသွင်တင့်စေမည့် အာဆီယံအမွေအနှစ်ဥယျာဉ်မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်သောမဲ့တော

နည်းပညာ

၂၆။ အုန်းအရက်

ဥပဒေ

၂၇။ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေအကြောင်း တစေ့တစောင်း

အထူးကဏ္ဍ

၂၈။ မြန်မာရေးရာ နေ့စွဲမှတ်တမ်းများ